# ရှုခင်ညွန့်ဖူး



## ယဉ်ကျေးမှုဆောင်းပါးများ

# ရခိုင်ညွန့်ဖူး

အမှတ်(၁)+အမှတ်(၂)

## ယဉ်ကျေးမှုဆောင်းပါးများ

ဖြန့်ချိရေး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓါနကျသောတာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| - နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။<br>- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။<br>- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။<br>- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။ | - စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။<br>- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။<br>- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။<br>- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။ | - တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။<br>- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။<br>- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။<br>- တမျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။ |

# ပုံနှိပ်ထုတ်ဝေမှုမှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | ■ | ၅၁၇/၂၀၀၀(၉) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | ■ | ၅၄၀/၂၀၀၀(၁၀) |
| မျက်နှာဖုံးအကြောင်းအရာ | ■ | သျှစ်သောင်းဘုရားနံရံရှိ ရခိုင်တူရိယာတီးမှုတ်နေသော ရုပ်ကြွပုံများ နှင့် ရခိုင်ညွှန့်ဖူးပုံ |
| ထုတ်ဝေသူ | ■ | ဒေါ်ရွှေအိမ်<br>တိုင်းလင်းစာပေ<br>၈/၆၅၊ အုပ်စု(၃)၊ အောင်သိဒ္ဓိလမ်း၊ အင်းစိန် |
| ပုံနှိပ်သူ | ■ | ဒေါ်ခင်ခင်ဝင်း<br>ကလျာအော့ဖ်ဆက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသည့် ကာလ | ■ | ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | ■ | ၁၀၀၀ |
| တန်ဖိုး | ■ | ၅၀၀ ကျပ် |
| အတွင်းဖလင် | ■ | အောင်တင်အေးနှင့် သမီးများ<br>၃၃ လမ်း၊ ရန်ကုန်မြို့။ |
| စာစီစာပြု | ■ | ရခိုင်သားကြီးကွန်ပျူတာ |
| စာပြင် | ■ | ဆရာထွန်း(မြောက်ဦး) |
| မျက်နှာဖုံးဒီဇိုင်း | ■ | ကိုမြင့်ဇော် (CallMe Graphic) |
| စာမျက်နှာဖွဲ့စည်းမှု | ■ | ဦးခင်မောင် |

# မာတိကာ


၁။ ရက္ခိုင်စကားပြင် ကျောက်စာတစ်ချပ်
**ဦးဥက္ကာမင်းညို** -------------------------------- ၁၄

၂။ ရခိုင်စကားပုံများ
**အေးကြာညွန့်** ---------------------------------- ၁၇

၃။ ရခိုင်ပြည်နယ်က ပြည်သူ့ကဗျာများ
**အောင်မြ** ------------------------------------ ၂၀

၄။ ရခိုင်အမျိုးသားတို့၏ တရောတူရိယာ
**နတ်မြစ်စန်းအောင်** ------------------------------ ၂၇

၅။ သင်းကြန်လ ရခိုင်အမျိုးသားတို့၏ လှိုပြိုင်ပွဲသဘင်
**အစံမောင်** ------------------------------------ ၃၃

၆။ ဆင်အောင်းမအသင်း
**အသျှင်စက္ကိန္ဒ** --------------------------------- ၄၀

၇။ အရှေ့တောင်အာရှတိုက် ဒဂါးသမိုင်း
**ဒင်္ဂါးသမိုင်း လေ့လာသူတစ်ဦး** ---------------------- ၅၁

၈။ ဝေသာလီမြို့တော်ဟောင်းမှတွေ့ရှိသော ကြေးဆီမီးခွက်
**သဇင်နွယ်** ------------------------------------ ၆၀

၉။ ရခိုင်ဇာတိဝံသ မော်ကွန်းစာ
**နတ်မြစ်ညိုဇံမောင်ကျော်ရွှေ** ------------------------ ၆၅

၁၀။ အာကျတ်မဟုတ် အနက်ကျိမ်းမြို့တော်မြို့
**ကောင်းမြတ်သူ** --------------------------------- ၈၁

၁၁။ စစ်တွေမြို့သမိုင်း အကျဉ်း (၁၈၂၄–၁၉၄၇)
**မြထွန်းအောင်** ---------------------------------- ၈၇

၁၂။ သီရိသုဓမ္မရာဇာခေတ် ရခိုင်စီးပွားရေးရာ
**စောသိန်းတန်** ---------------------------------- ၁၀၇

၁၃။ ခန့်မှန်းမိသော ရှေးခေတ် ရခိုင်သယ်ယူပို့ဆောင်ရေး
**အထွန်း** ---------------------------------- ၁၁၃

၁၄။ ရခိုင်လက်ရာ စာပေများ
**ညေဝတီအရှင်ရဝိန္ဒ** ---------------------------- ၁၂၂

၁၅။ ရခိုင်ယာဥ်းသာခြင်း
**ညေဝတီအရှင်ရဝိန္ဒ** ---------------------------- ၁၃၃

၁၆။ ရခိုင်စကားပုံနှင့် စကားစုများ
**ထွန်းအောင်(ဘောင်းဒွတ်)** ------------------------ ၁၄၃

၁၇။ အဥ နနဒီမှ မြို့သာယာ
**လေးမြို့မောင်** -------------------------------- ၁၅၉

၁၈။ အဘာဝါ
**မသဇင်(မောင်တော)** ---------------------------- ၁၆၆

၁၉။ ရခိုင်အစိန္တေယျဟိတသိဒ္ဓိ ဘုရားကိုးဆူပူဇော်နည်း
**နတ်မြစ်မာဃ** -------------------------------- ၁၇၀

၂၀။ ဥက ၁၈စ်
**မောင်စံဖော်** -------------------------------- ၁၈၁

၂၁။ ဝေသာလီခေတ် ဗုဒ္ဓဝင်အုတ်ခွက်များ
**ဒေါက်တာစောထွန်းအောင်** ----------------------- ၁၉၀

၂၂။ ပေါက်တောမြို့နယ်မှ
ဝေသာလီခေတ် အထောက်အထားများ
**မောင်ဗသိန်း** -------------------------------- ၂၀၀

၂၃။ မြောက်ဦးခေတ်မှ စာတန်းထိုး ကြေးခေါင်းလောင်းငယ်
**ရွှေခိုင်ကျော်(မြောက်ဦး)** ------------------------ ၂၀၇

၂၄။ စေတီအကြောင်း
**သူမြတ်(မဟာအောင်မြေ)** ------------------------ ၂၁၀

၂၅။ မြောက်ဦးခေတ် နန်းတွင်းညီလာခံသဘင်မှ
ရခိုင်ဘွဲ့ထူးဂုဏ်ထူးများ
**မောင်ဒေဝ(မြောက်ဦး)** ------------------------- ၂၁၅

၂၆။ မြောက်ဦးခေတ် စမ္ပဒဏ်စာထိုး ဗုဒ္ဓဆင်းတုတော်များ
**စောမင်းနွယ်(မြောက်ဦး)** ------------------------ ၂၂၃

၂၇။ ရခိုင်ငိုးရာ သမက်တက်ပွဲနှင့် ပန်းတျားစည်
**လေ့လာသူတစ်ဦး** ---------------------------- ၂၂၈

၂၈။ ရခိုင်ပန်းထိမ်လုပ်ငန်းကို ရှာဖွေသော်
**ပန်းထိမ်ချေ(ရခိုင်သား)** ------------------------ ၂၃၄

၂၉။ ကျွန်တော်နန့် ကျတွိနတွိ (ကျွဲတွိ၊နွားတွိ)
**မြောက်ဦး(မောင်ထွန်း)** --------------------------- ၂၄၀

၃၀။ ပိုးဝါဘွဲ့
**ပြန်လည်တင်ပြသူ – မောင်စံဖော်** -------------- ၂၅၃

၃၁။ ဗြိတိသျှကိုလိုနီခေတ် ပညာရေးမျက်နှာစာမှ
တိုက်စစ်မှူးကြီး ဦးစံဦးခိုင်
**မြထွန်းအောင်** ------------------------------- ၂၆၄

၃၂။ ရခိုင်အက္ခရာ ရခိုင်သင်ပုန်းကြီး
**မောင်ဗသိန်း** ------------------------------- ၂၇၈

၃၃။ ရတနာရွှေပြည်
**ညီညီထွန်း** -------------------------------- ၃၀၀

၃၄။ ရခိုင်တိုင်း စာပေထုတ်လုပ်မှု
**စစ်တွေနောင်လတ်** ---------------------------- ၃၀၄

၃၅။ တောင်ရင်းကျွန်း
**အောင်လှသိန်း** ------------------------------ ၃၀၉

# ရခိုင်ညွန့်ဖူးနှင့် ကျွန်တော်

နိဒ္ဒါန်းက ၂၂–၁၂–၂၀၀၀ ပြည့်နှစ်။

ရက်က သောကြာ။

နိန်ရာက အမှတ်(၅၄၆)၊ ရွှေယင်းမာလမ်း၊ ဒဂုံမြောက်၊ ရန်ကုန်မြို့။ ဆရာဦးမြထွန်းအောင်အိမ်။

လူက သုံးယောက်။

ဆရာရို့နှစ်ယောက် ရှိဖြစ်နောက်ဖြစ်နန့်အတူ ရခိုင်စာပီ၊ ရခိုင်သမိုင်း၊ အနာဂတ် ရခိုင်အကြောင်းတိကို အင်တာန်သျှေပြောပြီးခါ

'ဆရာ၊ ရခိုင်ညွန့်ဖူးစာအုပ် ဇာပိုင်ထွက်လာရေ အကြောင်းအရာတိကို သိချင်ပါရေ'

'ကိုဗသိန်း ပြောပြလိုက်ပလင်'

ဆရာဦးမြထွန်းအောင်က လမ်းစဖော်ပီးလိုက်တေ။ ယေခါ ဆရာက ..

'ရခိုင်ညွန့်ဖူးစာအုပ်အကြောင်းကို ပြောပြဖို့ဆိုကေ ရခိုင်စာအုပ်တချို့ သမိုင်းကြောင်းကိုလေ့ တစ်သျှေပြောပြဖို့ လိုလိမ့်မေထင်ရေ။ ၁၉၄၇–၄၈ လောက်က စစ်တွေမြို့မှာ ဘဝသစ်စာစောင်ရေ ဒေခေတ်ဂျာနယ်ပုံစံပိုင် ထွက်လာရေ။ ၁၉၄၉–၅၀ လောက်မှာ ရန်ကုန်မြို့ ၃၄–လမ်း ရခိုင်လူငယ်အသင်းက အရဏ်ဦးစာစောင် ထွက်လာရေ။ ယင်း ၁၉၅၀–ခုနှစ်မှာဗျာယ် တက္ကသိုလ်ကျောင်းသားတိဦးစီးပြီးကေ လွတ်လပ်ရေးစာစောင် ထွက်လာရေ။ ဓညဝတီမဂ္ဂဇင်းကိုလေ့သော့ ထုတ်ကတ်သိရေလတ်။ ပြီးခါ ၁၉၅၁ ခုနှစ်မှာ ရခိုင့်တန်ဆောင်မဂ္ဂဇင်းထွက်လာရေ။ ယင်းမဂ္ဂဇင်းနောက်ပိုင်းမှာ တက်နေသစ်စာစောင်၊ ဓညစာစောင်၊ ခေတ်ရှိစာစောင်ရို့ကို လေ့ စစ်တွေမြို့က ကလောင်သျှင်တိ ထုတ်ဝီကတ်တေ ရခိုင့်ဇာနည်ဂျာနယ်တစ်စောင်ကို လူငယ်တိစုပေါင်းဗျာယ် ရန်ကုန်မြို့မှာ ထုတ်ဝီကတ်တေ'

'၁၉၆၆–ခုမှာ ဆရာကြီးဦးအောင်သာဦးရီးရေ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ်စာအုပ်ကို တက္ကသိုလ်ကျောင်းသားတိက ထုတ်ဝီခရေ။ ယင်းစာအုပ်ကို ရောင်းရရေ

ဖေသာနန့် ရခိုင့်တန်ဆောင်မဂ္ဂဇင်းလေ့ မထွက်နိုင်လို့ နောက်ထပ်စာအုပ်တစ်အုပ် အစားထိုးရေသဘောနန့် ထုတ်ဖို့ကြိုးစားကတ်တေ။ ယေဒါလေ့ ရံပုံငွေမလုံလောက်တေအတွက် ရန်ကုန်မြို့က ရန်ကင်း၊ကျောက်ကုန်းရို့မှာနိန်ရေ ရခိုင်အိမ်တိကို တစ်အိမ်တက်ဆင်း ကြိုရောင်းရေသဘောလေ့ဖြစ်၊ အလှူခံရေ သဘောမျိုးလေ့ဖြစ်တေပုံစံမျိုးနန့် ဖေသာရှာကတ်တေ။ စာအုပ်ထွက်တေခါ စာအုပ်လာပီးပါမေ။ ကြိုတင်ဖေသာပီးကတ်ပါလို့ တောင်းပန်ရေအတွက် တချို့လေ့ ဖေသာထည့်ကတ်တေ။ တချို့ကလေ့ မထည့်ကတ်။ ယေကေလေ့ ၁၉၆၈–ခု၊ ဂျူလိုင်လမှာ ရခိုင်ညွန့်ဖူးဆိုရေ ရခိုင်ယဉ်ကျေးမှုများဆိုင်ရာဆောင်းပါးစာအုပ်တစ်အုပ် ထွက်ဖြစ်အောင်ထွက်လာလတ်တေယေ။ ဒေစာအုပ်နာမည်ရေ ရခိုင်မင်းသမီးခြေင်း(ချင်း)က ‘ရခိုင်ညွန့်ဖူး’ဆိုရေနာမည်ကို စီစဉ်ထုတ်ဝေရေလူတိ တညီတညွတ်တည်း ဆုံးဖြတ်ကတ်စွာဖြစ်တေ။ ဒေရခိုင်ညွန့်ဖူးစာအုပ်ကို ရောင်းလို့ရရေငွေနန့် အသျှင်စက္ကိန္ဒရာဗွိစုဆောင်းရေ ရခိုင်ဆို အရွေ့သာခြင်းများဆိုရေစာအုပ်ကို ထုတ်ဝီဖို့လို့ ကြိုတင်စီစဉ်ထားကတ်ပြန်သိရေ။ ကျန်ရေအပိုင်းကို ကိုမြထွန်းအောင် ပြောပြလိုက်ပလင်’

‘ဟုတ်တေ။ ကိုဗသိန်း ရခိုင်ပြန်လားပြီးရေခါ ကျွန်တော်ရို့ လူငယ်တစ်စု ယင်းရခိုင်ဆိုအရွေ့သာခြင်းများဆိုရေ စာအုပ်ကိုထုတ်ကတ်မေလို့ တိုင်ပင်ကတ်ခါ တက်ကြွရေ လူငယ်တချို့က ရခိုင်ညွန့်ဖူးကဗျာဆိုရေ ခေတ်သစ်ရခိုင်ကဗျာစာအုပ်ကိုထုတ်ဝီဖို့ တင်ပြကတ်တေ။ ယေနန့် ယင်းကဗျာစာအုပ်ကို ထုတ်ဖြစ်လာကတ်တေ။ ယင်းစာအုပ်ကို ကျွန်တော်ရို့ ၁၉၆၉–ခုမှာ ထုတ်ဖြစ်ခစွာမနား။ ယင်းချင့်ထုတ်ပြီးမှ ရခိုင်စာပေကော်မတီ(ရန်ကုန်)ကို ဖွဲ့စည်းဖြစ်စွာ။ ဒေရခိုင်စာအုပ်ထုတ်ဝီရေးအကြောင်းအရာတိရေ အဂုကျွန်တော် ရီးထားရေ ရခိုင်စာအုပ်စာတမ်းပြပွဲစာအုပ်မှာ အတိအကျပါလားယင့်။ ကိုလှမြင့်က ဇာဖြစ်လို့ သိချင်စွာလေ’

‘ကျွန်တော် သိချင်စွာက ဒေပိုင်ပါဆရာ။ ဆရာရို့ထုတ်ခရေ ၁၉၆၈–ခုနှစ်က ရခိုင်ညွန့်ဖူးစာအုပ်ကို ကျွန်တော် ၁၉၉၄–ခုနှစ်ကထုတ်ခရေ ရခိုင်ညွန့်ဖူးစာအုပ်နန့် ပေါင်းပြီးကေ ရခိုင်ညွန့်ဖူးအမှတ်(၁)+အမှတ်(၂)လို့ နာမည်ပီးဗျာယ် ထုတ်ဝီဖို့လို့ လုပ်နိန်ပါရေ ဆရာ’

‘ရောင်းလို့ စွံနိုင်ဖို့လားချင့်။ ကျွန်တော်ရို့ထုတ်တေခါ ရောင်းမစွံလို့ စာအုပ်တိအများကြီးကျန်နိန်ရေ။ ယင်းခါက တစ်အုပ်ကို (၃)ပြားရာ ရောင်းခရေ။ အဂုမှရာ စာအုပ်တိ ဇာကိုရောက်လားမှန်းမသိ။ ကုန်လားခရေ’

‘ကျွန်တော် ဒေစာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝီနိုင်ဖို့အတွက် လေးနှစ်လောက်

ကြိုးစားခရပါရေဆရာ။ မစွဲကေလေ့ မတတ်နိုင်ပါဗျာယ်'

'ကိုလှမြင့်ကြိုးစားစွာကို ကျွန်တော်ရို့အပြစ်မပြော။ ဖေသာပြန်မရဖို့စွာကို စိုးရိမ်စွာရာ။ ယေနန့် ၁၉၆၈–ခုနှစ် ကျွန်တော်ရို့ရခိုင်ညွန့်ဖူးထွက်တေအချိန်ကခါ ကိုလှမြင့်အသက် ဇာလောက်ဟိဗျာယ်လေ'

'ကျွန်တော် အသက်ရှစ်နှစ်သားဟိပါဖို့ကာ။ ၁၉၆၈–ခုနှစ်မှာ ကျွန်တော်ရို့မိသားစု ကျောက်ဖြူမြို့မှာ ဟိနိန်ပါရေ'

'သြော် ကိုလှမြင့် ကျောက်ဖြူဇာတိလား'

'မဟုတ်ပါ။ ကျွန်တော့်ကို စစ်တွေမြို့မှာ ၁၉၆၀–ခုနှစ်မှာ မွီးစွာပါ။ ကျွန်တော့်ဘာဘာက လျှပ်စစ်ဌာနမှာ မီးစက်မောင်းပါရေ ဆရာ။ ယင်းကြောင့် ဘာဘာရေ ရခိုင်ပြည်အနှံ့ ဝန်ထမ်းဘဝနန့် ပြောင်းပြီးနိန်ထိုင်ခဖူးပါရေ။ ယင်းပိုင်နိန် ထိုင်ခဖူးရေမြို့တိမှာဆိုကေ ၁၉၆၁–ခုက ၆၃ ထိ ဘူးသီး တောင်၊ ၁၉၆၃–က ၁၉၆၄ ထိ မာန်အောင်၊ ၁၉၆၄ က ၁၉၆၅ ထိ စစ်တွေ၊ ၁၉၆၅ က ၁၉၆၈ ထိ ကျောက်ဖြူ ၁၉၆၈ က ၁၉၆၉ ထိ သံတွဲ၊ ၁၉၆၉ က ၁၉၇၁ ခုထိ တောင်ကုတ်၊ ၁၉၇၁ ခုက ၁၉၇၂ ခုထိ စစ်တွေ၊ ၁၉၇၂ က ၁၉၇၉ ထိ မြောက်ဦး၊ ၁၉၇၉ က ၁၉၈၀ ခုထိ စစ်တွေ၊ ၁၉၈၀ ခုက ၁၉၉၁ ခုထိ မောင်တော၊ ၁၉၉၁ က ဒေဂနိန့်ထိ ရန်ကုန်လို့ ဆိုပါဖိဆရာ'

'ယင်းပိုင်ဆိုကေ ရခိုင်ပြည်နယ် မြို့တိအများကြီးမှာ နိန်ထိုင်ခဖူးစွာရာမနား။ ညီအစ်ကိုမောင်နမဝါ ဇာနှစ်ယောက်လဲ'

'ညီမနှစ်ယောက်၊ ညီငါးယောက်။ စုစုပေါင်းရှစ်ယောက်ပါ။ ကျွန်တော်အကြီးဆုံးပါ ဆရာ'

××××

ပုံနှိပ်ဖို့စီစဉ်နိန်ရေ ရခိုင်ညွန့်ဖူး(၁)(၂)ကိုဖတ်ယင်း အိမ်သားတိကြည့်နိန်ရေ တိုက်တန်းနစ်ကားကို ကြည့်ချင်စိတ်ပေါ် လာလို့ တီဗွီရှိမှာ လဲလို့ကြည့်နိန်ယင်းနန့်

'ယာ တစ်ပင်လေ့ စိုးရိမ်ကြောင့်ကြစိတ်မဟိကတ်ကာ။ အေးအေးဆေးဆေးနန့် စားလိုက်သောက်လိုက် ပျော်နိန် ကတ် စွာကိုရာတချက်ကြည့်။ ပြောနိန်ကတ်စွာကိုရာ တချက်နားထောင်။ ရောင်းရောင်းသတ်လို့ထော'

'------'

'သောက်လိုက်စားလိုက် မယားချစ်၊ မသောက်မစား လူ့ငနွား'

'အဝေး အဝေ နတ်ပြည်နန့်ငရဲပြည်ရို့မှာ အရက်မဟိလတ်။ ပြောသံကြားရေ။

လှူပြည်မှာ ဝအောင်သောက်ထား။ ငါလေ့ အေအရက်ကို တိုင်းချစ်ပြည်ချစ်စိတ်နန့် သောက်ထားစွာဗျာယ်ယေ။ ငါရို့ရာ မသောက်ကေ ငါရို့ပြည်မှာ အရက်တိ ပွားကျန်ခဖို့။ ယေခါ နောင်လာနောင်သားတိ ပျက်စီး လီကတ်ဖို့ယာ။ ယင်းပိုင် နောင်လာနောင်သားတိ ပျက်စီးဖို့စွာကိုကြောက်လို့ ငါရို့ အားပြုလို့သောက်လားကတ်ရဖို့'

အားလုံးယစ်နိန်ကတ်ပျာယ် ထင်ရေ။ ချင်ဆီပြောဗျာယ် ယစ်ချင်ဆီယစ်နိန်ကတ်စွာ။ ထိုလူကတော့ ကောင်းကောင်း သောက်ထားပုံမရ။ သူ့ကို အကျိုးအကြောင်းတစိသျှေသိအောင်မိန်းကြည့်ကေ ကောင်းဖို့ထင်ရေ။

'အကိုး ... ဇာဖြစ်နိန်ကတ်စွာလေ'

'ငါရို့လား ဇာဟိဖို့လဲဝေ။ ကြိုးစားကေလေ့ ထူးဖို့စွာကားမဟုတ်'

'ကြိုးစားကေလေ့ ထူးဖို့စွာကမဟုတ်  ဇာကိုပြောစွာလေ မင်းကို ရှင်းပြနိန်လို့လေ့ မထူး။ ငါရို့လေ့ ကောင်းကောင်း စိတ်ကူးကြည့်ဗျာယ်။ ယင်းပိုင်အတူတူ ပျော်ပျော်ပါးပါး သောက်လိုက်စားလိုက်နန့်နိန်စွာရာကောင်းဖို့။ ထိုလူတိကို ချက်ကြည့်စမ်။ မျက်နှာသပြီသီးရောင်တောက်မနိန်လာ'

အေးကာ။ ပေါက်ကျဖို့ပျင်နိန်ရေမျက်နှာနန့် ခြီသျှေလက်သျှေသောင်ဗျာယ် ဇောင်ပင်လေ့ ကြည့်လို့မကောင်းကာ။

သောက်နိန်စားနိန်ရေလူတိကို  မျှော်စပ်လို့ကြည့်နိန် ကတ်တေလူတိလေ့ အများကြီးကာ။ သြော် သူရို့လေ့ သောက်ချင်စားချင်ပုံပေါ်ရေ။ ယာ ... ကြည့်စမ်ချက်၊ကြည့်စမ်။ ငတ်နိန်ရေလူအချင်းချင်းလေ့ ရန်ဖြစ်ဖို့ပျင်နိန်ကတ်ဗျာယ်ထော။ မဖြစ် ငါပါရောပါလားလိမ့်မေ။

ဒေမှာလေ့လူတိ အစုလိုက်အစုလိုက် ဇာပျင်နိန်ကတ်လေချင့်။ ဗူးသျှေ၊ တောင်းသျှေခွက်သျှေတိနန့် အိုင်ပစ်ဖို့ပိုင် ပျင်နိန်ကတ်ကာ။ ထိုနိန်ရာကဆီး၊ ဒေနိန်ရာကဖာ။ ကြိုးစားပျာယ် အလုပ်လုပ်နိန်ကတ်စွာရာမနားဂု။

'အကိုး အကိုး .. ဇာပျင်နိန်ကတ်လေ'

'အဝေး နိုင်သလောက်လုပ်နိန်စွာဝေး။ ကိုယ်နိုင်သလောက် ကိုယ်လုပ်နိန်စွာ။ မင်းမမြင်လာ။ ပစ်ထားလိုက်ကေ လားလီဖို့ဗျာယ်ဝေ။ ခွက်သျှေနန့်ဖြစ်ဖြစ်၊ ဒုံသျှေနန့် ဖြစ်ဖြစ် ရသလောက်အလုပ်လုပ်နိန်ကေ အသက်ရှူပေါက် တစ်ခုချောင်လာဖို့လားလို့ ကြိုးစားနိန်ကတ်စွာရာဝေး'

'အကိုရို့လုပ်တေအလုပ်ကို ကျွန်တော်တစ်ခုလေ့ နားမလည်ကာ'

'ကောင်းကောင်းဂွကျရေရာမနားဂု။ အလုပ်လုပ်တေလူကို ထိုမိန်းဒေမိန်းနန့် အီးအီး

ချမ်းချမ်းမနိန်၊ မင်းဝါ ဝင်လုပ်ဖို့လားဂု’

ထားဖိ။ ဒေလူနန့်ပြောနိန်ကေလေ့ ပြဿနာဖြစ်ဖို့ရာ ထင်ယင့်။ ယာ ... အေမှာလေ့တစ်ခုထော။ ရောင်းရောင်း သတ်နိန်ကတ်ဗျာယ်။

‘မင်းရို့ကို ငါပြောရေမနား။ ပြောရေပိုင်လေ့မလုပ်။ မဖြစ်ဝေး မဖြစ်။ မင်းရို့စွာမင်းရို့ ချင်ဆိဖြစ်လီကတ်ဖိ။ ငါ ထားပစ်ခဖို့ဒေ’

‘မဟုတ်လေအကို။ ယင်းသူလေ့ ကောင်းဖို့ထင်လို့ လုပ်ကြည့်စွာရာမနား။ မှားရေမနားယေ၊ သူမှားရေ။ သူ့အမှားကို သူသိကေ အစ်ကိုကျေနပ်ဖိပလင်’

‘မရဝေး ယင်းပိုင်မရ။ ငါက ဗူးဆိုကေဖရုံမသိ။ မရဆိုကေပင် မရ။ ကိုယ့်ထိုက်နန့်ကိုယ့်ကံ။ ခံချင်ဆိခံလီကတ်ဖိ’

‘အကိုး .. ထိုလူဇာဖြစ်လို့ ယင်းလောက်မာန်ပါနိန်ရစွာလေ’

‘သိချင်လာ။ သိချင်ကေ ကိုယ့်စွာကိုယ်မိန်းကြည့်ခီ။ ယြော် သတိတစ်ခုပီးလိုက်အုံးမေ။ ယင်းသူနန့်စကားပြောကေ သူ့ကို ဆရာလို့အယင်ခေါ်လီနန်း ....’

‘-------------’

‘ဆရာ ... ဇာဖြစ်လို့ အေလောက်ထိမာန်ပါနိန်ရစွာလေ’

‘မင်းအသူလေ၊ ဇာကြောင့် ငါရို့အကြောင်းကို သိချင်နိန်ရစွာလေ။ ကိုယ်ရို့လေ့သိစွာ၊တတ်စွာမဟုတ်။ ပြောကေလေ့ နားမထောင်။ ချင်ဆိလုပ်ကတ်တေ။ ယင်းပိုင်လူတိနန့် ဇာခါလုပ်လို့ အောင်မြင်ဖို့လဲ’

‘ဇာလုပ်ကတ်စွာပါလေ ဆရာ’

‘ငါရို့လား သဘော်သားဝေး သဘော်သား၊ အေသဘော်က သဘော်သား။ အယင်ခါဆိုကေ အေသဘော်စွာ ကမ္ဘာတလွှား ဟိုးဟိုးကျော်ရေသဘော်။ မာဇီကောင်းကောင်းနန့်လား နိန်လို့ ကောင်းကောင်းဟန်ကျခရေ သဘော်။ အဂုတော့ခါ ယင်းပိုင် မာဇီကောင်းကောင်းလေ့ မဟိဗျာယ်’

‘ယေကေ မာဇီကောင်းကောင်းတစ်ယောက် ရှာပလင်။ မဟုတ်ကေ တတ်တေလူတစ်ယောက် မာဇီလုပ်ကေဝါ’

‘အေး မင်းပြောကေတော့လွယ်ရေ။ မင်းဦးဇျောက် ဇီးစိလောက်နန့် လာပြောမနိန်ကေ။ လားလား တုတ်လီ’

‘ယာ ... ပြဿဒါးကာ။ အေနိန့်ပြောလို့ဆိုလို့ တစ်ယောက်နန့်လေ့ အဆင်မပြေချင်။ အေနိန်ရာကလားကေ ကောင်းဖို့။

ဒေအဆောက်အဦးတိ ကောင်းကောင်းကြီးကျယ်ခပုံပေါ် ရေ၊ အဟောင်းတိတောင်

အေလောက်ကြီးကျယ်ခပုံပေါ်ကေ အယင်ခါက အေထက်ကြီးကျယ်ခဖို့ကာ။ ထိုနားက လူတစ်ကျိုင် အထုပ်အပိုးနန့် ဇာကိုလားဖို့ပျင်နိန်လေချင့်။

'အဝေး မင်းမှာက တစ်ခုလေ့မပါကာ။ ကျန်ခဖို့လား'

'ဇာကိုလားကတ်ဖို့စွာပါလေ'

'ယာ ...၊ တစ်ခုလေ့မသိပိုင်ကာ အေသူ'

'ဝေး ... အေသဘော်မြုပ်ဖို့ဗျာယ်။ ငါကတော့ သဘော်နန့်အတူတူ အမြုပ်မခံနိုင်။ ဖြစ်ချင်ပိုင်ဖြစ်၊ ရောက်ချင်စွာရောက် ကူးဖို့ဗျာယ်။ ရသလောက်ပစ္စည်းသျှေယက်သျှေယူ ဗျာယ် မိသားစုနန့်အတူတူ လိုက်ချင်ရေဆွေမျိုးတိကိုပါခေါ်လို့ လားလီဖို့ဗျာယ်။ မင်းဝါ ဇာပိုင်လေ။ စဉ်းစားမနိန်ကေ့ ဝေ။ တီဖြစ်လားလိမ့်မေမင်း။ ကမ္ဘာမီးလောင် သားကောင် တက်နင်းမကြားဖူးလား။ ကိုယ့်ကိုရာချစ်။ သူများအတွက် စဉ်းစားမနိန်ကေ့။ မင်း ဇာ ယက်မေသေယူဖို့လဲ။ ပြီးဗျာယ်လားလို့ ယူပစ်ခိ'

'ဟုတ်ပါယင့် '

ဇာယူလားကေ ကောင်းဖို့လဲချင့်။ အဝတ်အစားယူလားလို့မဖြစ်။ အိုးခွက်ပန်းကန် ယူလားလို့လေ့ အဆင်မပြေ။ အန်ဒမာရီထဲက စာအုပ်တစ်အုပ်အုပ်ယူလားရဖို့ဟန်။ မေည်ရာဇဝင်ကို ယူလားကေကောင်းဖို့လား။ မဟာရာဇဝင်ကြီးကို ယူလားကေ ကောင်းဖို့လား။ တောင်ကျော်း ရခိုင်ရာဇဝင်သစ်ယူလားကေကောင်းဖို့လား။ ယာ .. ရခိုင်ညွန့်ဖူးစာအုပ်ကိုရာ ယူရဖို့ဟန်။ ယာ .. ယာ .. စဉ်းစားလို့ တောင်မဆုံး။ ရီ ငြီ မျက်စိမြုပ်လာဗျာယ်ကာ။ အန်ဒမာရီလေ့ လဲကျဖို့တောင် ပျင်နိန်ဗျာယ်ထော'

'ဝုန်း ... ဒုန်း ...'

ဘုရား ဘုရား၊ တီဗီကြည့်နိန်ယင်း အိပ်ငိုက်ပနာ အိပ်မက်မက်ပြီးကေ ခြီရင်း က ပန်ကာကို အိပ်မှုန်စုန့်မွှားနန့် အက်ပစ်ခိစွာရာမနားဂု။ လက်ထဲမှာလေ့ ဖတ်လက် စ ရခိုင်ညွန့်ဖူးစာအုပ်က တန်းလန်း ...။

**ရခိုင်လှမြင့်**

# မိတ်ဆက်စကား

အညွှန့်အဖူးတို့သည် သစ်လွင်နုပျိုသောအသွင်ကို ဆောင်တတ်ကြသည်၊ ရှေ့သို့လှမ်းတက်ကြသည်။

လူငယ်တို့ကား အညွှန့်အဖူးများဖြစ်ကြသည်၊ သူတို့မှာ အားသစ်အင်သစ်ရှိကြသည်။ အမျိုးသားယဉ်ကျေးမှုနှင့်သမိုင်းရေးရာပိုင်းကိုတတ်စွမ်းသမျှလေ့လာကြပြီး ရရှိသောအသိအမြင်တို့ကို ပြည်သူတို့ထံတင်ပြလိုကြသည်။ စာအုပ်ပါဆောင်းပါးအများစုမှာ ရခိုင်ယဉ်ကျေးမှုကို လေ့လာလိုက်စားသူ လူငယ်တို့၏တင်ပြချက်များ ဖြစ်ကြပါသည်။ ယင်းကြောင့် စာအုပ်ကိုလည်း လူငယ်ဘဝနှင့်ကိုက်ညီအောင် 'ရခိုင်ညွှန့်ဖူး' ဟူ၍ အမည်ပေးလိုက်ပါသည်။

'ရခိုင်ညွှန့်ဖူး' ၏ရည်ရွယ်ချက်မှာ တိမ်မြုပ်နေသောရခိုင်ယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး၊ အဟောင်းစံတင်၊ အသစ်ထွင်ရန်ဖြစ်ပါသည်။

ရည်ရွယ်ချက်ကို ဆောင်ရွက်အကောင်အထည်ဖော်ရာ၌ လူငယ်များမှာ အဓိကဖြစ်ပေသည်။ လူကြီးတို့၏ သွန်သင်ထိန်းကွပ်ပေးမှုကိုလည်း မျှော်လင့်တောင့်တပါသည်။

ဤစာအုပ်တွင်ပါရှိသော ဆောင်းပါး၊ စာတမ်းများအနက်သုတေသီပညာသျှင်တို့၏စာများမှာ ဆိုဘွယ်ရာ မရှိသော်လည်း လူငယ်အညွှန့်အဖူးတို့၏လက်ရာများမှာကား အပိုအလို၊ အနာအဆာများ ကင်းစင်နိုင်မည်မဟုတ်ပါ။ လူငယ်တို့၏ ယဉ်ကျေးမှုရေးရာ အားထုတ်ချက်များသာဖြစ်သည်ဟု မှတ်ယူကြစေလိုပါသည်။

ရခိုင်ညွှန့်ဖူး တည်တံ့ရေးမှာ ရခိုင်လူထုအပါအဝင် ပြည်ထောင်စုသားအပေါင်းတို့၏ အားပေးမှုပေါ်၌ တည်ပါသည်။ ပြည်ထောင်စုသားအပေါင်း အားပေးခြင်းဖြင့်သာ လူမျိုးစုတို့၏ ယဉ်ကျေးမှုများ ဝေဆာလန်းဆန်းနိုင်မည် ဖြစ်ပါသည်။ ပြည်ထောင်စု ပန်းမြိုင်ကြီးတွင် ပန်းတိုင်းဖူးပွင့်လန်းဆန်းနိုင်ကြပါစေဟူ၍ ဆန္ဒပြုပါသည်။

**ရခိုင်ညွှန့်ဖူး**

# ရက္ခိုင်စကားပြင် ကျောက်စာတစ်ချပ်

ရက္ခိုင်စာပီတွင် ရတု၊ ဘွဲ့၊ ဧခြင်း၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းရို့ အများကြီးဟိသည့်ပိုင်ယှောင် ရက္ခိုင်စကားပြင် အရီးအသားဖြင့်ရီးထားသော ဓာတ်တော်များ၊ နိပါတ်တော်များ၊ ကျောက်စာ၊ မော်ကွန်းစာများ ဟိနီပေသည်။ ရက္ခိုင်ရို့တွင် မြန်မာရို့က ‘စကားပြေ’ဟုခေါ်သော ကဗျာ၊လင်္ကာကဲ့သို့ ကာရန်ယူရန် မလိုသော အစီအကုံးမျိုးကို ‘စကားပြင်’ဟုခေါ်ကြောင်း လူကြီးသူမများပြောစကားကို ကြားဘူးပါသည်။

သို့သော် ယခုအခါ၌မူ မြန်မာစာပီနှင့် အက္ခရာအရေးအနှော ဟိလာသည် ကတကြောင်း၊ ကိုယ်ရို့ ရက္ခိုင်စာပီကဏ္ဍကို သမိုင်းဝင်မသုံးနိုင်သည်က တကြောင်း ရို့ကြောင့် ‘စကားပြင်’ဟုမခေါ်ကြဘဲ ‘စကားပြေ’ဟုပင် ပြောနီလေ့ဟိကြပါသည်။

ရက္ခိုင်ရှီးမူအရ ပြောသောစကားရို့ကို အကျွန်ရို့သည် ကိုယ်ရို့စာပီအတွက် ခိုင်မာစွာ ဘောင်သတ်မြှင့်တင်လာသည့်အခါ ပြန်၍သုံးနိုင်အောင် ကြိုးစားရမည်ပင် ဖြစ်သည်။

ထို့ပြင် အကျွန်ရို့ ရက္ခိုင်ယဉ်ကျေးမှုတွင် အမျိုးခြားရို့စာပီယဉ်ကျေးမှု အများကြီးဝင်ရောက်လျက် ဟိနီသိမေဖြစ်သည်။ ၁၃၂၃–ခု၊ ဒုတိယ တန်ခူးလထုတ် (၁၉၆၁–ခု၊ မေလထုတ်) ခေတ်ရှေ့ဆောင်စာစောင်အတွဲ(၁)၊ အမှတ်(၂)၊ စာမျက်နှာ (၅)တွင် မောင်တန်ရှင်ရီးသော ‘ဖေါက်ပြန်နီသော ရခိုင်စကားအချို့’ ဆောင်းပါး၌ ဖေါ်ပြထားသကဲ့သို့ ‘ရခိုင်စကားပြောလောက’တွင် ‘ဖေါက်ပြန်နီသော စကားများဟိနီရာ အကျွန်ရို့အဘို့ ယင်းသို့သောစကားများကို ရှာ၍စီစစ်ကာ ပယ်ထုတ်သင့်က ပယ်ထုတ်ပစ်ရတော့မည်ဖြစ်၏။ တဆက်တည်း၌ ထိုသို့ပစ်လိုက်သောနီရာတွင် ‘မူမှန်သော’စကားများကို အစားထိုးရမည်ဖြစ်၏။ သို့သော် စာပီနယ်မြီ ကျယ်ပြန့်စီ

ရန်အတွက် သိမ်းသွင်းရန် လိုအပ်မည့်စကားများကိုမူ ဆင်ဆင်ခြင်ခြင်စဉ်းစား၍ လက်ခံသိမ်းယူရမည်ဖြစ်၏။

ယခု အကျွန်တင်ပြမည့် ရက္ခိုင်စကားပြင် ကျောက်စာမှာ မြောက်ဦးခေတ် အလယ်ပိုင်း၌ ရိုးထိုးထားသော ကျောက်စာတချပ်ဖြစ်ပါသည်။ ယင်းကျောက်စာတွင် ရိုးထွင်းထားသော အက္ခရာပုံစံမှာ ရက္ခဝဏ္ဏအက္ခရာပုံစံမှ တရွိရွိပြောင်းလာလတ်သော အက္ခရာပုံစံပင်ဖြစ်၏။ အချိန်ကာလမှာလည်း ယခုခေတ်တွင် သုံးနီသောရက္ခိုင် အက္ခရာပုံစံဘက်သို့ တစ်ရက်ထက်တစ်ရက် တစ်နိထက်တစ်နိ ပြောင်းနီတုံးကာလ ဖြစ်ပေသည်။ ရ၊ န၊ အ၊ စ စသော အက္ခရာတစ်လုံးနှစ်လုံးမှလွဲ၍ ကျန်အက္ခရာများ မှာ အခုခေတ်သုံး အက္ခရာနှင့်တူနီပြီဟု ဆိုနိုင်ပြီဖြစ်သည်။

ကျောက်စာ၏ စကားပြင်အရိုးအသားကို မူရင်းအတိုင်းတင်ပြဆိုခဲ့လျှင် ဤကဲ့ သို့ ဖြစ်ပေသည်။

'သက္ကရာဇ် ၁၉၅၅–ခု၊ တပို့တွဲလဆန်းငါးရက် ၄–နိ၊ နရာဓိပတိ ရွှေနန်းသျှင် မိန့်တော်မူသော ဝါဆိုဝ်လတွင် အလိုတော်ပြည့်မည်ဟူ၍ ဆိုသည်မှန်သောကြောင့် ပုဏ္ဏမဏိခေါ်တ်ကို ကင်ပြင်ရွာတွင် ဟိန်ဒုသော ရေမောနော့အဝင်၅သျှည်း ၃ပုဝ်ါ လှူတော်ပြု၊ လယ်ကိုသော စိုင်မြီဆက်စာစီဟူ၍ ကိပဲထာည်၊ ရေတော်ခံရှေအ၊ ငရဲက္ကနှစ်ယောက် အသံချည်၊ သံကျအပေါက်ထက် ပြင်အတောင်အမှက်မယူ၊ ပီ၏ '

ထိုမူရင်းကို ရက္ခိုင်စကားပြင်ဖြင့် တဖန်ဖေါ်ပြရမည်ဆိုပါလျှင် သကြစ် ၆၅၅–ခု၊ တပို့တွဲလဆန်း ငါးရက် ၄–နိ၊ နရာဓိပတိရွှေနန်းသျှင် မိန့်တော်မူသော ဝါဆိုလတွင် အလိုတော်ပြည့်မည်ဟု ဆိုသည်မှန်သောကြောင့် ပုဏ္ဏားမဏိခါတ်ကို ကင်းပြင်ရွာတွင် ဟိန်ဒူသော ရေမောနော့အဝင်ငါးသျှည်း၊ ၃ပဝါလှူတော်ပြုသည်၊ လယ်ကိုသားစိုင်မြီဆက် စားသည်ဟူ၍ ကမ္ပည်းထားသည်။ ရေ့တော်ခံရှုံးအာ၊ ငရဲက္ကနှစ်ယောက် အသံချသည်။ သံကျအပေါက်ထက်ပြင် အတောင်းအမှက်မယူ၊ ပီး၏'ဟူ၍ ဖြစ်ပေသည်။

စာအရိုးအသားမှာ ရက္ခိုင်စကား၊ ရက္ခိုင်အက္ခရာအရဖြစ်သည်။ 'သားစိုင်မြီး ဆက် စားစီဟူ၍' 'အတောင်းအမှက်မယူ၊ ပီး၏'စသည်ဖြင့် ရက္ခိုင်အသုံးအနှုန်း၊ ရက္ခိုင်မူ မှန်မှန်ရိုးထားသော အရိုးအသားဖြစ်ပေသည်။

(ဤကျောက်စာကို ၁၉၅၂–၅၃–ခုထုတ် ရခိုင့်တန်ဆောင်မဂ္ဂဇင်း၌ မြောက်ဦး မြို့ ကျောက်စာပညာဟိ ဦးဦးသာထွန်းက ဆောင်းပါးရိုး၍ တင်ပြဘူးပါသည်။ ယင်းဆောင်းပါးတွင် ဤကျောက်စာကို 'နရာဓိပတိမော်ကွန်း'ဟု နာမည်ပီးထားခ ပါသည်။ ဤမော်ကွန်း၏အဓိပ္ပါယ်မှာ သကြစ် ၉၅၅–ခုနှစ်၊ ဘဝသျှင်နရာဓိပတိ

မင်းဖလောင်းကြီးသည် ပုဏ္ဏားမဏိခေါ်တပ်ပုရောဟိတ် ဟောကြားချက်အတိုင်း ဝါဆိုလတွင် အလိုတော်ပြည့်လီသဖြင့်ပုရောဟိတ်အား ကင်းပြင်ရွာတွင် လယ်အ ပိုင်စားပီးသည်။ 'ပုဏ္ဏားအားပီးသောလယ်ကို ပုဏ္ဏား၏ သားစိုင်မြီးဆက်တိုင်အောင် စားစီရမည်။ လယ်မှရသော ကောက်ပဲသီးနှံရို့ကိုလည်း ရှေ့တော်ခံသူရဲ 'ငရှူးအာ၊ ငရဲက္က' နှစ်ယောက်ကကောက်ခံ၍ ပုဏ္ဏားအားအပ်ရမည်။ ထိုသူရဲရှေ့တော်ခံ နှစ်ယောက်သည် သံတော်ချသည်ထက်အပြင် တခြား အတောင်းအမှတ် လာဘ် စားခြင်း၊ တံစိုးလက်ဆောင်ယူခြင်း မလုပ်ရ'ဟု အမိန့်ကိုပါ ထုတ်ထားခြင်းကို ရီးထိုးထားသော မော်ကွန်းကျောက်စာပင် ဖြစ်လီသည်။

ဤကျောက်စာကို လေ့လာခြင်းအားဖြင့် ရခိုင်သကြစ် ၉၅၅–ခု မြောက်ဦး ခေတ် အလယ်ပိုင်းကာလက ရက္ခိုင်စာကို အခိုင်အမာသုံးလျက်ဟိနီကြောင်း၊ အက္ခရာပုံစံရို့မှာလည်း အခုခေတ်သုံး ရက္ခိုင်အက္ခရာနှင့် အလွန်တူနီပြီဖြစ်ကြောင်း၊ အခုခေတ်သုံး ရက္ခိုင်အက္ခရာမှာ ယင်းအက္ခရာမှပြောင်းလာသော အက္ခရာဖြစ် ကြောင်းကို သိနိုင်မည်ပင်ဖြစ်ပါသည်။

ထိုမှ တဆက်တည်းတွင်လည်း အခုခေတ်သုံးအက္ခရာမှာ၊ ရှီးရက္ခိုင် အစု အစဉ်ကပင် သုံးလာလတ်သော 'ရက္ခိုင်စာပီအက္ခရာ'ဖြစ်ကြောင်းကို သိနိုင်လိမ့်မည် ဖြစ်ပါသတည်း။

**ဥက္ကာမင်းညို**

*မှတ်ချက်။ ။ဤဆောင်းပါးကို ခေတ်ရှေ့ဆောင်စာစောင် (အတွဲ–၁၊ အ မှတ်(၃) ၁၉၆၁ ခုနှစ်လ)တွင် ဖော်ပြဘူးသည်။*

# ရခိုင်စကားပုံများ

အောက်တွင်ဖော်ပြထားသော စကားပုံရို့ကားရခိုင်အမျိုးသားရို့ အသုံးများသော စကားပုံများဖြစ်ပါသည်။ နိစဉ်ပြောဆိုနီကြသော စကားများတွင် အမှတ်မထင် သုံးစွဲခိုင်းနှိုင်းပြောဆိုကြသည်ရို့ကို မှတ်သားကူးယူပြီး တင်ပြလိုက်ခြင်း ဖြစ်ပါသည်။ အကျွန်မသိသော၊ သတိမထားမိ၍ မမှတ်သားမိသော စကားပုံများလည်း အများအပြား ဟိနီပါဦးမည်။ သုတေသီအပေါင်းရို့က ဖြည့်စွက်ဖော်ထုတ် တင်ပြကြပါရန် တိုက်တွန်းလိုပါသည်။

၁။ ကိုယ့်ထမင်းကိုယ်စားပြီး ယောက္ခမနွားကိုကျောင်းရေ၊
၂။ ကိုယ်ကောင်းသကောင်း(သူကောင်း)ဝါးကောင်းဝါးတောင်း၊
၃။ ကိုယ်မွီးရေမျောက်၊ ကိုယ့်ကိုခြောက်၊
၄။ ကျမကောက်၊ ပျောက်မရှာ၊
၅။ ကလားခတ်တေရီ၊ ကလားဖင်ဆီးဖို့တောင်မလောက်၊
၆။ ကြောင်ကကြီစပ်(ကျီစယ်)၊ ကြွက်သီတတ်၊
၇။ ချခြောက်ကို၊ ချစိမ်းမလုပ်ကဲ့၊
၈။ ချီးစစ်သူမရှက်၊ မြင်သူရှက်၊
၉။ ချပုံမှာ၊ ချလောက်ပျော်ရေ၊
၁၀။ ခွတ်တတ်လီယင့်၊ ပြတ်လီယင့်၊ ပြောတတ်လီယင့်၊မြတ်လီယင့်
၁၁။ ငါးမဟိလို့၊ မှျိုင်စွန်ရေ၊
၁၂။ ငါ့သမီးလှရေဆိုကေ၊ ယောက်မမြင်းစီးထွက်တေ၊
၁၃။ ငါ့သမီးလှရေဆိုကေ၊ ကော့ပြရေ

၁၄။ စာပါးသျှင်ကို၊ မျောက်နှင်ရေ။
၁၅။ စားခါင/ကျော်၊ ယော်ခါင/ကျီး၊ ခံလီရေခါ င/ကန်းကြီး
၁၆။ စကားကြီးကေလူမယုံ၊ ချီးတုံးကြီးကေခွီးမစား
၁၇။ စိတ်ကောင်း အခေါင်းကျန်
၁၈။ စံဂိုးပြင်မှာ ကြွက်ပြီးပြီးလို့
၁၉။ ဆင်လားကေ လမ်းမလို
၂၀။ ဆူအောင်ကားစောင့်ယင့်၊ နပ်အောင်ကားမစောင့်လား
၂၁။ ဆိတ်မသီခင်ကပင် ဥကိုဖောက်တေ
၂၂။ ချီးပွဲမှာ လူမွဲလာရေ
၂၃။ တနှစ်လုံးလယ်ထွန်ရေ နွားထီးမှန်း နွားမမှန်းမသိ
၂၄။ တဖေါင်ဝါးကို တစ်လုံးထဲနန့်ကန်ဘို့
၂၅။ တောင်းတတ်မှက်တယ် သူတော်မြတ်၊ မပီးပါလိုသဝန်တို၊
၂၆။ တသက်လုံးစားကွမ်း၊ သံဖရာတခြမ်း၊
၂၇။ ဒေါသကြီး၊ အရီး(အရေး)ကိုယ့်ဖို့၊
၂၈။ ခါတ်ချင်းခိုက်မ(မှ)၊ နတ်ချင်းကြိုက်တေ၊
၂၉။ နတ်ကြမ်းကို၊ ပတ်ကြမ်းနန့်လိုက်၊
၃၀။ နောက်ကျကေ၊ လဒမှာအရီး၊
၃၁။ ပြိန်းတောမာ(မှာ)ခါးကကလို့၊
၃၂။ ပန်းကိုအကြောင်းပြုလို့၊ ဝခြမ်းကိုခေါင်းမာတင်ရေ။
၃၃။ ပစ(ပါးစပ်)မှာ၊ ကြက်အိပ်–အိပ်လို့၊
၃၄။ ပန်းတန်ယောင်သမီး၊ ချတန်ယောင်ဖြစ်တေ၊
၃၅။ ပြိုင်းတိုင်မြှုပ်မြှုပ်လို့၊ စစုန်းမြှုပ်တယ်၊
၃၆။ ပေါ်စခရမ်းသီး၊ နပ်ချင်းညီး၊
၃၇။ ပစ(ပါးစပ်)ကပျား၊ ဝမ်းကမျှား၊
၃၈။ ဖိတ်ချင်းဖိတ်ကေ၊ ကိုယ့်အိတ်မှာဖိတ်၊
၃၉။ မြတ်ဖို့လားလို့နှင်းခံ၊ တသိုက်လျော့ရေ၊
၄၀။ မြစ်တဖက်မှာ ဝက်လက်တင်ရေ၊
၄၁။ မျောက်မာသပြာ၊ ဒုံးမာစည်ရ၊ တပြပြ၊
၄၂။ မစာရစ္စာထက်၊ မဝစ္စာကညှက်တေ၊
၄၃။ မျက်နှာကြီးရာ၊ ဟင်းဖတ်ပါ၊
၄၄။ မျက်နှာမရ၊ ပကျောကကျ၊

၄၅။ မယားဆရာ၊ လင်ပြော၊
၄၆။ မနာလိုသျှံသျှားဖက်၊ နာလိုကေဒဖြတ်ဖက်၊
၄၇။ ရှိမြင်မှ၊ လောပင့်ရေ၊
၄၈။ ရှိမမြင်ခင်ကပင် လောပင့်ရေ၊
၄၉။ ရင်လောက်တင်မ၊ ခါးလောက်ရာကျရေ၊
၅၀။ ရဲရေကျား၊ ခုတ်မှာကျရေ၊
၅၁။ ရှာသားညီ၊ နွားခွတ်စား၊
၅၂။ ရောက်မလက်ခြင်းကို၊ မှိုဟင်းရူးခါကပင်သိယင့်၊
၅၃။ လက်သာမြင်ကေ၊ သက်သဲရှည်ရေ၊
၅၄။ လပြဆွမ်းတင်၊
၅၅။ လူများကေ၊ ချီးများရေ၊
၅၆။ လူတေကျင်ကို၊ မခင်လီကေ့၊
၅၇။ လူနန့်ပေါင်း၊ ကောက်ညှင်းတောင်မကောင်း၊
၅၈။ လူမပေါ်ခင်ကပင်၊ ချီးပေါ်ရေ၊
၅၉။ လက်ညှိုးမကောင်း လက်ညှိုးဖြတ်၊ လက်မမကောင်းလက်မဖြတ်၊
၆၀။ သီဖို့နွား တောစပ်ကိုယောင်ရေ။
၆၁။ သီရာသီဖို့၊ ဝမ်းကျမတန့်၊
၆၂။ အဂ္ဂိမနိုင်၊ နရွက်ကိုကိုင်၊
၆၃။ အဖသျှစ်သောင်း၊ သားကိုးသောင်း၊
၆၄။ အကြီစပ်နန့်ကျင်ဖြစ်တေ၊
၆၅။ အရူးကို နှင်းတောတိုးရေ၊
၆၆။ ရူးကွန်ဆောင်လို့အိမ်ရှိမာချီးစစ်တေ၊
၆၇။ အသျှေကြီးစပ်ခေါင်းထက်၊ ခြီထက်၊ ခွီးကိုကြီစပ်ကေပါးယပ်နားယက်၊
၆၈။ အမောင်လှဲ့ရောက်၊ ငါ့နွားပျောက်၊
၆၉။ အမိ ကိုးရွာလည်ကေ၊ သမီးဆယ်ရွာလည်၊
၇၀။ အုန်းမာ(မှာ)အသပြာကပ်ကပ်လို့၊
၇၁။ အားကြီးရာ၊ အာပတ်မလာ၊
၇၂။ အားနာကေ၊ ဝမ်းကြီးရေ၊

အေးကြာညွှန့်
၁၃-၁၂-၆၇

# ရခိုင်ပြည်နယ်က ပြည်သူ့ကဗျာများ

ပြည်သူရို့အကြောင်းကို ရီးဖွဲ့ထားသော ကဗျာရေပြည်သူ့ကဗျာပင်ဖြစ်တေ။

ပြည်သူရို့ဆိုစွာ အရင်းမဲ့လူတန်းစားဖြစ်သော တိုင်းပြည်၏လူများစုကို ပြောလိုပါရေ။ ရခိုင်ပြည်နယ် ရေလယ်ယာနိုင်ငံတခုဖြစ်ပါရေ။ ရခိုင်ပြည်နယ်မာ နီကတ်တေတိုင်းရင်းသားတိအထဲက အများစုရေ လယ်သမား၊ ယာသမားတိဖြစ်ပါရေ။ ယေဇုနန့် လယ်သမားလူတန်းစားကို ရခိုင်ပြည်နယ်၏အခြီခံလူတန်းစားဆိုကေ မမှားနိုင်ပါ။ တမျိုးပြောရကေ ရခိုင်ပြည်နယ်သူဆိုစွာ၊ ရခိုင်လယ်သမားပင်ဖြစ်ပါရေ။ အကျွန်တင်ပြလိုသော ပြည်သူ့ကဗျာဆိုစွာလည်း လယ်သမားကဗျာပင်ဖြစ်ပါရေ၊ မင်းစိုးရာဇာခေတ်ကပေါ်ခရေ လယ်သမားကဗျာတိကို ဆိုလိုပါရေ။

သက်ဦးဆံပိုင် မြီသျှင်ပဒေသရာဇ်ခေတ်က ပေါ်ထွန်းခရေ ရခိုင်ကဗျာတိမာ၊ လယ်သမားပြည်သူရို့အကြောင်းကို ဖွဲ့ဆိုရီးသားစွာ အများအစား မတွိရပါ။ တစိတပေါက်တွိရစွာတိက ရှီးယူတင်ပြလိုက်စွာဖြစ်ပါရေ။

ယင်းတွိရရေ ကဗျာတိကို နှစ်မျိုးခွဲနိုင်ပါရေ၊ ပထမအမျိုးက လယ်သမားပြည်သူရို့အကြောင်းကို ပဒေသရာဇ်စာဆိုက ဖွဲ့ဆိုစွာပါ။ ဒုတိယအမျိုးက လယ်သမားပြည်သူရို့အကြောင်းကို လယ်သမားစာဆိုက ဖွဲ့ဆိုစွာဖြစ်ပါရေ။

ပြည်သူအကြောင်းကို ထည့်ဖွဲ့ရေအတွက် ပထမအမျိုးအစားကို ပြည်သူ့ကဗျာအစားထဲမာ သွင်းနိုင်ကေလည်း၊ ပြည်သူ့ကဗျာစစ်စစ်လို့ မဆိုနိုင်ပါ။ ဇာဖြစ်လို့လည်းဆိုကေ ယင်းကဗျာတိရေ၊ မင်းစိုးရာဇာလူတန်းစားကို ဖြေဖျော်ဖို့ ရည်စူးထားလို့ ဖြစ်ပါရေ။ ယင်းစာတိမာ ပြည်သူရို့၏ဘဝမှန်ကို မတွိရပါ၊ ပြည်သူရို့၏ခံစားမှုကိုလည်း ထင်ဟပ်မပြနိုင်ပါ။ သဲကန္တာရမာ ရီယှားစွာ မဆန်းရေပိုင်၊ ပဒေသရာဇ်စာဆို၏ကဗျာထဲမာ ပြည်သူရို့၏ ဘဝမှန်၊ ခံစားမှု၊ တောင့်တမှုစသည်ရို့ကို

မတွိရစွာလည်း၊ သဘာဝရာဖြစ်ပါရေ။

## ပထမအမျိုးအစား

စာဆိုတော် ဥက္ကာပျံ၏ ၁၂–ရာသီဥတုကြီးထဲမာတွိရရေ လယ်သမားဘွဲ့ကို ပထမအမျိုးအစားမာ သွင်းနိုင်ပါရေ၊ ဥက္ကာပျံက နံယုန်လဘွဲ့မာ

'သွန်ဆင်းကျရွာပြန်လှာ၊
သောင်းဇမ္ဗူဝယ်၊ သျှင်လူမျိုးလေးဖြာရို့၊
ထွန်သွားရာ ကျွဲနွားတပ်၊
လယ်ချောင်းတောတောင်၊
လုပ်ဆောင်မျိုးချလတ်က' ဆိုပြီးလယ်သမားပြည်သူရို့၊ လယ်လုပ်ဖို့ ပျင်ကတ်စွာကို စာစီထားပါရေ၊ ယင်းနောက်၊ တော်သလင်းလမာ တခါ–

'တော်သလင်းလည်း၊ ထွန်းဝင်းလှာ၊
မိုးကြွင်းရွာပါခီမူ၊
တောင်မြင့် ခေါင်ခေါင်၊
ခဖေါင်ဖေါင်သည်၊
ယာတောင် လုပ်သောသူရို့၊
ကြည့်ခီမူပျော်ဘွယ်တိ၊
ကျီးငှက်နှင်သည်၊ ယာစင်တောင်တိုင်းဟိခ၊
စိတ်သတိလွမ်းဘွယ်ပင်၊
ကောက်သီးဝင်းဝင်း
တော်သလင်းလည်း၊
လွမ်းတင်းဖို့သာ မြင်ခ၊
ကိုင်းတခွင်လယ်လုပ်သား
အသီးကောက်ပင်၊ မွမ်းဖျင်သား မယားနန့်' ဆိုပြီးကေ ယာအကြောင်း၊ လယ်အကြောင်းကို ဖွဲ့စီထားပါရေ။

အထက်ပေါ်ရီကြည့်ကေ၊ အေအဖွဲ့တိရေ လယ်သမားပြည်သူအကြောင်းကို ဖွဲ့စီထားစွာဖြစ်လို့ ပြည်သူ့ကဗျာလို့ ဆိုနိုင်ပါရေ၊ အတွင်းအနှစ်သာရကို ကြည့်ခါမရာ၊ ပြည်သူ့ကဗျာစစ်စစ် မဟုတ်ကြောင်း သိလာဖို့မလွဲပါ။ အေ ၁၂–ရာသီရတုကြီးကို၊ ဥက္ကာပျံ အသူ့အတွက် ရည်စူးဖွဲ့စီခလေဆိုစွာကို ကြည့်ပါကတ်မေ။

အေ ၁၂–ရာသီရတုကြီးကိုဖွဲ့စီသူ စိန်တင်စား စာဆိုတော်ဥက္ကာပျံရေ၊ မင်းရာဇာ (ရခိုင်၊ ၉၁၉–၉၇၄)၏သားတော် မင်းခမောင်း(ရခိုင်၊ ၉၃၉–၉၈၄)၏အမှုထမ်း

တစ်ယောက်ဖြစ်တေ။ ရခိုင်သက္ကရစ် ၉၅၉–ခုမာ၊ မြန်မာဘုရင် တောင်ငူမင်းနန့် သားတော်နတ်သျှင်နောင်(စာဆိုတော်)ရို့က ရခိုင်ဘုရင် မင်းရာဇာထံ စစ်ကူတောင်း ရေအတွက်၊ မင်းရာဇာနန့် သားတော်အိမ်ရှိမင်း၊ မင်းခမောင်းရို့ ဟံသာဝတီကို တိုက်ဖို့ စစ်ချီကတ်တေ။ အိမ်ရှိမင်းနန့်အတူ၊ ဥက္ကာပျံလည်း ပါပါရေ။ အိမ်ရှိမင်းနန့် ဥက္ကာပျံရို့ ဟံသာဝတီမာ၊ ၄–နှစ်လောက် ကြာလီရေလို့ အဆိုဟိပါရေ။ ယင်း ၄–နှစ်အတွင်းမာ၊ ကိုယ့်ရခိုင်ပြည်ကိုလွမ်းသော ရတုများကို ဥက္ကာပျံစီခပါရေ။ အေ ၁၂–ရာသီရတုကြီးလည်း တစ်ခုအပါအဝင် ဖြစ်ပါရေ။

ဥက္ကာပျံရေ၊ အေ၁၂ရာသီရတုကြီးကို၊ ရခိုင်ပြည်နယ်ကိုအောက်မိလို့၊ မြောက် ဦးမြို့တော်ကို ပြန်ချင်လို့၊ စီစွာရာဖြစ်တေ။ ကိုယ့်ပါးကို ပြန်ချင်ကေလည်း၊ မင်း မှုထမ်းဖြစ်တေအတွက် ကိုယ်ပြန်ချင်တိုင်း ပြန်လို့မရပါ။ ကိုယ့်အသျှင်၏ အလိုကို ကြည့်ရပါသီးရေ။ မင်းခမောင်း ဟံသာဝတီမာ ပျော်မွေ့နီစွာကို မြင်ရေခါ၊ ဥက္ကာပျံက သူ့ကဗျာ့စွမ်းရည်ကို အသုံးချပြီးကေ၊ မြောက်ဦးမြို့တော်ကို ပြန်ချင်အောင် ညှိုပါ ရေ။ ကဗျာပရိယာယ်မာ၊ မြောက်ဦးမြို့တော်မာ ကျန်လိုက်တေ၊ အိမ်ရှိမိဖုရားက သူ့မောင်တော်ကို ၁၂–ရာသီ သဘာဝကြောင့် အောက်မိဟန်၊ လွမ်းမျှော်ဟန်ဖြစ်တေ။ ၁၂–ရာသီ သဘာဝပတ်ဝန်းကျင်ကို စာစီရာမာ၊ သစ်ပင်ပန်းပင်အကြောင်း ကျီးငှက် အကြောင်း၊ ရာသီပွဲအကြောင်းရို့အပြင် လယ်သမားပြည်သူအကြောင်းကိုလည်း ထည့်စီပါရေ။ လယ်သမားပြည်သူရို့အကြောင်းကို ထည့်စီကေလည်း၊ သူ့အဓိက ရည်စူးစွာက ကိုယ့်အသျှင်ကို ဖြေဖျော်ဖို့အတွက်ရာ ဖြစ်ပါရေ၊ ယင်းအတွက်နန့် ကဗျာမာ၊ လယ်သမားပြည်သူရို့၏ ဘဝမှန် ခံစားမှု၊ တောင့်တမှုရို့ကို မဖေါ်ပြနိုင်ခ ပါ။

ယေဘုယျပြောရကေ၊ မိုးထဲရီထဲမာ ထွန်တုံး ထွန်တန်၊ ကျွဲနွားရို့နန့်ဖက်လို့ လုပ်တေ လယ်သမားအလုပ်ရေ ကကောင်းကြမ်းပါရေ။ ပင်ပန်းပါရေ။ ခက်ခဲပါရေ။ ယင်းထက် ယာခွပ် မီးတိုက်ပြီးကေ၊ စူးထိုးစိုက်ရရေ တောင်ယာအလုပ်က ပိုမလွယ် ပါ။ ယင်း ကြမ်းသော၊ ခက်ခဲသော ပင်ပန်းဆင်းရဲသော လယ်သမား၊ ယာသမားရို့ ၏ ယေဘူယျဘဝကို ဥက္ကာပျံ၏လယ်သမားဖွဲ့မာ မတွိရပါ။ ယင်းဘဝတိကို ရှု မြင်ခံစားပြီကေ၊ ကရုဏာသက်လို့ ဖွဲ့သောသဘောမျိုး ဘဝအခက်အခဲကို သတ္တိဟိဟိ ရင်ဆိုင်ဝံ့အောင် အားပီးလှုံ့ဆော်သော သဘောမျိုးရို့လည်း မပါပါ။

ဥက္ကာပျံက 'ကြည့်ခီမှုပျော်ဘွယ်တိ၊ ကျီးငှက်နှင်သည် ယာစင်တောင်တိုင်း ဟိခ'လို့ ဆိုပါရေ၊ အမှန်က တောင်ယာမာ ကျီးငှက်နှင်ရသော အလုပ်၊ တောဝက်၊ ဆင်၊ ဆတ်ရို့ ဝင်မစားရအောင် ညီအိပ်ပျက်ခံ စောင့်ရသောအလုပ်ရို့ရေ ပျော်ဖို့ ကောင်းသော အလုပ်မဟုတ်ပါ။ ကောင်းကောင်း ပင်ပန်းပါရေ။

နောက်ပြီးကေ 'စိတ်သတိ လွမ်းဘွယ်ပင်၊ ကောက်သီးဝင်းဝင်း၊ တော်သလင်း လည်း၊ လွမ်းတင်းဘို့သာမြင်ခ' လို့ စီပါရေ၊ လယ်သမားတစ်ယောက်အတွက် သဘာဝမကျပါ။ လူရို့မှာ ကိုယ့်အားထုတ်မှု အောင်မြင်စွာကိုမြင်ကေ ဝမ်းသာတတ် ပါရေ၊ အားတက်တတ်ပါရေ။ ဥက္ကာပျံက သူ့အသျှင်ကို ဖြေဖျော်ဖို့အတွက်ရာ ကြည့်လီရေအတွက် ကောက်သီးဝင်းဝင်းကို မြင်ရေခါပျော်ရဖို့၊ အားတက်ဝမ်းသာရ ဖို့အစား၊ လွမ်းဘွယ်အဖြစ်ရာ စာစီခပါရေ။

အတိုပြောရကေ လယ်သမားဘဝနန့်ပတ်သက်လို့ ဥက္ကာပျံ၏ ခံစားမှုရေ နက်နဲမှုမဟိပါ။ သူ့ကဗျာရေ သူ့အသျှင် မင်းခမောင်း ရခိုင်သို့ ပြန်ချင်အောင် ဆွဲဆောင်နိုင်စွမ်း ဟိချင်ဟိပါဖို့။ ပြည်သူကိုတော့ အကျိုးမပြုနိုင်ပါ။

## ဒုတိယအမျိုးအစား

လယ်သမားပြည်သူရို့၏ ဘဝမှန်ကို၊ လယ်သမားစာဆိုရို့ ဖွဲ့ဆိုသော ကဗျာ တိမာရာ တွိနိုင်ပါရေ။ ယင်းကဗျာတိမာရာ ပြည်သူရို့၏ ခံစားမှု၊ မျှော်လင့်မှုရို့ကို ပီပီသသ ထင်ဟပ်ပြနိုင်ပါရေ။ နာမည်မသိစာဆိုတစ်ဦး ရီးစီသော အောက်ပါသာ ခြင်းကဗျာကို ဖတ်ကြည့်ပါ။ အေကဗျာကို ပြည်သူ့စာဆိုတယောက် ဖွဲ့ဆိုလီစွာဖြစ် ရဖို့လို့ ယုံမိရေအတွက် ပြည်သူ့ကဗျာ ဒုတိယအမျိုးအစားထဲမှာ ထည့်လိုက်ပါရေ။ အေသာခြင်းကဗျာကို ပြည်သူရို့နှုတ်ဖျားက ကူးယူထားစွာဖြစ်ပါရေ။ အေဒီ–၁၆ –၁၇–ရာစုလောက်က စီခလီဖို့ထင်ပါရေ။

'ပိတောက်မယေဝင်းဝါ၊ ပန်းမာလာလေ၊
လွှမ်းကာပွင့်ပြီ၊ မိုးရာသီကို၊ အညီခေါ်လှမ်း၊
မေရို့မှာလေ၊ တောင်ယာစွမ်း၌၊
စိမ်းလန်းမြရောင်၊ ငှတ်ခါးတောင်သို့၊
ယာဖေါင်စပါး၊ မျိုးသခွားနန့်၊ စည်းကားလှရေ
မယ့်မြင်ထွေမှာ၊ စိတ်ခွေဝမ်းသာ
နောင်နှစ်ခါလေ၊ ကောင်းရာမျိုးစိ
အထွီထွီကို၊ မယ်ကသိမည်။
ဟန်စိလေ၊ ဟန်စွလေ'

အေကဗျာမှာ စာဆိုရေ၊ ပိတောက်ပန်းထက် မိုးကို စိတ်ဝင်စားပုံရပါရေ။ ယင်းအတွက် ပိတောက်ရွှေဝါက မိုးကိုမျှော်ခေါ်နီရေဆိုပြီးကေ တင်စားလိုက်ပါရေ။ မိုးရေ လယ်သမားတိအတွက် အားဆီးပင်မဟုတ်ပါလား။ မိုးကောင်းသောကြောင့် မေရို့တောင်ယာမှာ မြရောင်ပိုင် စိမ်းလန်းသော တောင်ယာစပါးခင်းနန့် သခွား

စရေ အသီးဖလံရို့ကို စည်စည်ကားကားမြင်ရရေခါ စာဆို ဝမ်းသာအားရ ဖြစ်ရပါရေ။ နောင်နှစ်အတွက် မျိုးစိကောင်းရဖို့စွာကို သိလို့လည်း အားတက်ပုံရပါရေ။

အေကဗျာရေ တောင်ယာအကြောင်းကို တောင်ယာသမားတိအတွက် ရည်စူးလို့ စိခစွာဖြစ်တေအတွက် ပြည်သူကို အကျိုးပြုနိုင်ပါရေ။ အေသာခြင်းသံကို ယာသူယာသားရို့ ကြားရကေ ဝမ်းသာသဘောကျဘို့ မလွဲပါ။ အထူးသဖြင့် ယာပျိုမေရို့ကို အားတက်စီပါဖို့။

တောင်ယာလုပ်စွာမာ မိန်းမအလုပ်အဖြစ် သတ်မှတ်ထားသော ပေါင်းသင်မြက်နှုတ်အလုပ်ရေ အရီးကြီးပါရေ။ စိတ်ရှည်လက်ရှည်လုပ်ရရေ အလုပ်မျိုးပါ။ လက်လည်းကောင်းကောင်း ဝင်ပါရေ။ ယင်းအလုပ်ကို တာဝန်ယူရရေ ပျိုမေရို့ရာ အေသာခြင်းသံကိုကြားရကေ၊ စိတ်တက်ကြွဖို့မလွဲပါ။ ကိုယ့်စပါးခင်း ဟင်းခင်းရို့ မြရောင်ပိုင် စိမ်းလန်းလာလိမ့်မည်လို့ ယုံလာပြီးကေ ပေါင်းသင်မြက်နှုတ်အလုပ်ကို ညောင်းရမှန်းမသိ မနားတန်း လုပ်ချင်လာဖို့မလွဲပါ။ ယင်းပိုင်လုပ်ကေ နောက်ဆုံးမာ ယာဖေါင်စပါး မျိုးသခွားရို့ စည်စည်ကားကားဖြစ်လာဖို့ မဟုတ်ပါလား။ အေသာခြင်းကဗျာ ယာသူယာသားရို့ကို ယင်းအထိ အကျိုးပြုနိုင်ရေလို့ဆိုက မှားဖို့မထင်ပါ။ အေ ကဗျာရာမဟုတ် ပြည်သူဖို့ရည်စူးသော ပြည်သူ့ဘဝကို တင်ပြသော ပြည်သူ့ခံစားမှုတောင်းတမှုရို့ကို ထင်ဟပ်ပြသော ကဗျာတိုင်း ပြည်သူကို တနည်းနည်းနန့် အကျိုးပြုနိုင်ပါရေ။

ပြည်သူ့ကဗျာ ဒုတိယအမျိုးအစားမာ ထည့်သင့်သော အောက်ပါ 'ကျွဲကျောင်းသား'ကဗျာကိုလည်း ကြည့်ပါအုံးသီး။

'မက်ကလာယေရိုင်ရိုင်
ကြိမ်သားဒုတ်ကို နနောင်းကိုင် ကယိုင်ကပါး
နှင်းမြိုင်မြိုင်ကေ တောင်ကျိုင်ကြားမှာ
ကျွဲကျောင်းလားရေ။
အစ်ကိုမပါ၊ ညီမပါ
ကြိမ်သား ဒုတ်ကိုနနောင်းကိုင်၊ ကယိုင်ကပါး
နှင်းမြိုင်မြိုင်ကေ၊ တောင်ကျိုင်ကြားမှာ
ကျွဲကျောင်းလားရေ၊ ဟူး ရေ ....ရေ ...ဟူး။
ထွေတောင်ဒေတောင်၊ ချောင်မြောင်တလွှား
ပိုးပစိုင်းသံ ညံသောသော
တောသံလီသံ မဆူညံ
နှင်းသံ ဖြောက်ဖြောက်၊ ပပေါက်ဖေါက်သို့

ကြားရရေ။
ဂြောင်တောင်ဂြောင် နက်ပြောင်ခလောင်း
တောင်ဘယ်မှာ သာငြိမ့်ညောင်းဗျာကြားရရေ၊
ဟူး ...ရေ ....ရေ ....ဟူး'

အေကဗျာကိုလည်း အသူဖွဲ့ဆိုမှန်း မသိပါ။ အညာကြပြည်သူ့စာဆိုထဲက တစ်ယောက်ယောက် ဖြစ်ရပါဖို့။ ပြည်သူရို့သီဆိုစွာက ကူးယူထားစွာ ဖြစ်ပါရေ။ အေဒီ ၁၇–၁၈–ရာစုလို့ ခန့်မှန်းကတ်ပါရေ။

ကျွဲကျောင်းသားဘဝရေ လယ်သမားပြည်သူရို့၏ ဘဝတစိတ်တပိုင်းပင်ဖြစ်ပါရေ။ အေကဗျာမာ စာဆိုရေ တောတောင်ထူထပ်ကြမ်းတမ်းရေ ရခိုင်သဘာဝ ပတ်ဝန်းကျင်ကို နောက်ဆုံးထားဗျာ ကျွဲကျောင်းပုံကို ဖွဲ့ပါရေ။ အေကြမ်းတမ်းရေ ပတ်ဝန်းကျင်နောက်ခံကားကြောင့် ကျွဲကျောင်းအလုပ်၏ ခက်ခဲမှု ပင်ပန်းမှုရို့ သွယ်ဝိုက်ပေါ်လာပါရေ။ ယင်းခက်ခဲပင်ပန်းမှုကို ထင်လင်းလာအောင် ဆက်ပြီးကေ ဖွဲ့ပါသီးရေ။ ယင်းပိုင်ဖွဲ့ရာမာ တိုက်ရိုက်မဆို၊ ကျွဲကျောင်းသား၏ အဖေါ်မပါ လုံးချင်းတည်း ကျွဲကျောင်းလားရပုံကိုပြဗျာ ကဗျာ့ပရိယာယ်နန့် အောက်ပါအတိုင်း ဖွဲ့ပါရေ–

'အစ်ကိုမပါ။ ညီမပါ
ကြိမ်သားဒုတ်ကို နနောင်းကိုင်၊ ကယိုင်ကပါး
နှင်းမြိုင်မြိုင်ကေ၊ တောင်ကျိုင်ကြားမှာ
ကျွဲကျောင်းလားရေ'

တောထဲတောင်ထဲမာ ဖြုတ်ကိုက်၊ ခြင်ကိုက်ခံဗျာ ကျွဲကျောင်းရသော အလုပ်ရေ ညီးဖို့ကောင်းပါရေ။ အဖေါ်မပါ လုံးချင်းတည်း လားရရေအတွက် ပျင်းဖို့လည်းကောင်း၊ အားငယ်ဖို့လည်း ကောင်းပါရေ။ ယေကေလည်း စာဆိုရေ လူ့ဘဝကို စိတ်ပျက်အားငယ်ဘွယ်အဖြစ် မြင်ပုံမရပါ။ လူ့ဘဝကို အကောင်းဖက်က တွက်ပြီးကေ အခက်အခဲတွိလာရေခါ သတ္တိအပြည့်နန့် ရင်ဆိုင်ဝံ့အောင်ရာ အားပီးချင်ပုံရပါရေ။ ယင်းကြောင့် နှင်းဝီနီသော တောထဲ၊ မြောင်ထဲ၊ တောင်ကျိုင်ထဲမာ၊ ပိုးသံပရစ်သံတိ နန့် သောသောညံနီကေလည်း ကျွဲကျောင်းသား စိတ်အားငယ်ရေလို့ အရိပ်အမြွက် တောင် မပြောပါ။ သူ့စိတ်ဓါတ် တည်ငြိမ်ခိုင်ခံ့စွာကို နှင်းသံကို ပေါက်ပေါက် ဖေါက်သံနန့် ဥပမာနှိုင်းပြီးကေ သွယ်ဝိုက်လို့ပြောပါရေ။

'ထွေတောင် ဒေတောင်၊ ချောင်မြောင်တလွှား
ပိုးပစိုင်းသံ၊ ညံသောသော
တောသံလီသံ မဆူညံ၊ နှင်းသံဖြောက်ဖြောက်

ပပေါက်ဖေါက်သို့ ကြားရရေ'
နောက်ပြီးကေ–
'ကြောင်တောင်ကြောင်
နက်ပြောင်ခလောင်း
တောင်ဘယ်မှာ၊ သာငြိမ့်ညောင်းဗျာ ကြားရရေ'

ဟူ၍ တောင်ဘယ်မာ ပဲ့တင်ထပ်နီရေ ကျွဲခလောက်သံကို ဂီတသံနန့်တင်စားဗျာ ဖွဲ့သီရေ။ အေပိုင်တင်စားဖွဲ့ဆိုရေအတွက် ခြောက်သွေ့သော၊ ပျင်းဖို့ညီးဖို့ကောင်းသော ကျွဲကျောင်းအလုပ် အသက်ဝင်လာပါရေ။ အေတင်စားမှု ခက်ခဲပင်ပန်းမှုကို အပြုံး မပျက်ရင်ဆိုင်ဝံ့သူ ကျွဲကျောင်းသား၏ ဘဝအားမာန်ကို ဖေါ်ကျူးစွာလည်း ဖြစ်ပါရေ။

အေတင်စားမှုကို ပြည်သူရို့၏ အနိုင်မခံအယှုံးမပီးတတ်သော ဘဝအားမာန်ကို ထင်ဟပ်ဖေါ်ပြထားချက် ဖြစ်တေလို့ဆိုကေ မှားပါဖို့လား။

ရခိုင်သမိုင်းကိုပြန်ကြည့်ပါ။ ခေတ်အမျိုးမျိုးနန့်အတူ မင်းလုပ်ခရေ လူတန်း စားအမျိုးမျိုးတိလည်း ပျက်သုဉ်းပြောင်းလဲလားခပါယာ။ အဖိနှိပ်ခံလယ်သမား ပြည်သူရို့ကား ဘဝရပ်တည်ရီးတိုက်ပွဲမာ အားမာန်အပြည့်နန့် ပါဝင်တုန်းပါသီး။

ကုလားတန်မြစ်နန့်၊ လေးမြို့မြစ်ရို့စွာ တစ်ခါလည်း ရီစီးမတန့်ရေပိုင်ယှောင် ရခိုင်ပြည်သူရို့၏ အားမာန်လည်း အမြဲတက်နီဖို့ အမှန်ဖြစ်ပါရေ။ ရခိုင်မြီပြင် တည်ဟိနီသရွီ ကာလပတ်လုံး၊ ရခိုင်လယ်သမား ပြည်သူရို့လည်း ရပ်တည်နိုင်ပါ လိမ့်မည်။ သူရို့၏ လယ်ယာစပါးခင်းတိလည်း စည်ကားပါလိမ့်မည်။

ဥက္ကာပျံ၏ ကဗျာတေးသံရို့ကား ခေတ်နန့်အတူ တိတ်လားခပါယာ။ ပြည် သူ့စာဆိုရို့၏ ကဗျာတေးသံကိုကား လယ်ခင်း၊ယာခင်းရို့မာ နာသောင့်နာသာ ကြားနီရပါသီးရေ။

**အောင်မြ**
**(၂၅–၁၂–၁၉၆၇)**

# ရခိုင်အမျိုးသားတို့၏ တရောတူရိယာ

‘မယားကျွေးမှု၊ သားကျွေးမှုကေ၊ တခုပညာ၊ ကိုယ်စီပါကေ
ဓမ္မတာသဘော၊ လောကတံထွာ၊ ကျွန်ုပ်မှာကား၊ ဥစ္စာရှာငြား၊
သူများဟန်လေ၊ အားအန်ထုတ်ကေ၊ မလုပ်ငြားဘဲ၊ တရောတလုံး၊
အများသုံးအောင်၊ အုံးသီးခွံနီ၊ ကြောင်ရီကိုကြက်၊ တရောတံ
ဟန်အောင်လုပ်ကေ၊ ကျေးရုပ်ငှက်နှင့်၊ အသက်မွေးရန်၊ ဉာဏ်
ဖြင့်ကြံကေ၊ အသံနှင့်ရင်း၊ အများတကာ၊ နားသောတာမှာ
နာပျော်ညှင်းအောင်၊ သာခြင်းကိုသင်၊ ဆရာသျှင်မှာ၊ စုံလင်ပြည့်ဝ၊
သင်ပြလေပြန်၊ စမကျန်ကို၊ အတန်ရကာ၊ ခနကြေးငွေ၊ ရချင်ပေ
၍၊ ပြည်ကိုလှည့် ပတ်၊ ညှိုးမသုံကေ၊ ဂုဏ်သတင်းနှင့်၊
သာခြင်းတတ်ဟု’

*(တန်းခိုးဆရာထွန်း တိုက်သာခြင်းမှ)*

လူမျိုးတိုင်း သီဆိုမှုရှိကြသည့်နည်းတူ တီးမှုတ်မှုသည်လည်း ရှိကြပေသည်။ ထိုသို့ သီဆိုတီးမှုတ်မှု ဂီတတူရိယာသည် လူမျိုးတိုင်း၏ ဘဝသာယာမှုကို ဖြစ်စေနိုင်လေသည်။ ကြည်နူးရွှင်မြူးစရာလည်း ဖြစ်ပေသည်။ ထိုဂီတတူရိယာသည် လူတစ်မျိုး၊တစ်နိုင်ငံတွင် မရှိမဖြစ်သော အရာဖြစ်၏။ ထိန်းသိမ်းထားအပ်သော အမွေအနှစ်လည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လောက၌ အနုပညာအတတ်မျိုးသည် အဆက်ဆက် အမွေအနှစ်ဖြစ်သဖြင့် ယဉ်ကျေးမှု၏ အစိတ်အပိုင်းလည်း ဖြစ်၏။ လူမျိုးတစ်မျိုး၏ ဘဝအသက်သွေးကြောသဘွယ်လည်း အရေးကြီးလှပေသည်။ ထို့ကြောင့် ရောမပြည်ရှင် နီရိုဘုရင်အား သူ၏အထိန်းတော် ဗီတာဂိုးယတ်စ်

က အနုပညာကိုမဖျက်ဆီးပါနှင့်ဟု သေခါနီးတွင် စာရေးမှာခဲ့ကြောင်းကို 'ကိုဖါးဒတ်' ဇာတ်ကား၌ ကြည့်ရှုလိုက်ရသည်။


ဤအနုပညာနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည်လည်း လူမျိုးတစ်မျိုးဖြစ်သော ရခိုင်အနုပညာများကို မဖျက်ဆီးကြပါနှင့်ဟု တောင်းပန်လိုက်ချင်ပေသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ရခိုင်မင်းများ ထီးနန်းစိုက်ခဲ့သော မြောက်ဦးမြို့တော်ဟောင်းသို့ ရောက်ခဲ့စဉ်က ရှာဖွေလေရာ ရခိုင်အနုပညာ အကြွင်းအကျန် အနည်းအပါးကို တွေ့မြင်ခဲ့ရသည်။ ယခုအခါ ရခိုင်အနုပညာများမှာ ဆွေးမြေ့ခြင်းအစ၊ တိမ်မြုပ်ပျောက်ကွယ်ခြင်းအဆုံးဖြင့် ရင်ဆိုင်တွေ့နေရာ၊ (ကျွန်ုပ်တို့နည်းတူ) သုတေသီများက တဖြည်းဖြည်း ရှာဖွေလေ့လာစုဆောင်းကြသဖြင့်၊ ကျေနပ်စွာ မရရှိစေကာမူ၊ လမ်းစပေါ်ပြီဆိုသကဲ့သို့ အစအနများကို တွေ့ရှိလာခဲ့ရပေသည်။

ထိုရခိုင် ဂီတတူရိယာများအနက် ယခုတွေ့ရှိရသော တူရိယာမှာ၊ ရှေးဟောင်းလက်ရာမှုဟောင်း မဟုတ်ဟုပင် စောဒကတက်စေဦး၊ ထို၏ လက်စလက်ငုတ်မကင်းသော၊ ရှေးဟောင်းလက်ရာမပျက်သော တူရိယာကား စောင်းညှင်းမျိုး အပါအဝင် 'တမရာ'ဟုခေါ်သော တူရိယာတမျိုးပင်ဖြစ်၏။ မြန်မာများက သရော(ဝါ) တယောဟု အခေါ်မှု၍ရှိကြသော်လည်း၊ ရခိုင်များကမူ တရောဟုပင် ခေါ်ကြတုန်းဖြစ်သည်။ တရောမှာ စောင်းအမျိုးဝင်ဖြစ်သော်လည်း၊ စောင်းကို လက်ဖြင့်တီးရ၍၊ တရောမှာ အခြားထိုးစရာ လက်တန်ဖြင့် ကူ၍ထိုးရလေသည်။ ထို့ကြောင့် တရောကို ထိုးသည်။ စောင်းကိုတီးသည်ဟု အခြင်းအရာအားဖြင့် ကွာခြားသည်။

စောင်းအမျိုးအစားကို 'ပကတိဝါဒ'မည်သော ဘင်္ဂလီအဘိဓါန်၌ ပုံစံနှင့်တကွ ပြသထားကြောင်းသိရသည်။ ထို့ပြင် ဥရောပစသော အနောက်နိုင်ငံတို့မှ စောင်းအမျိုးအစားတူရိယာများလည်း ပုံစံနှင့်တကွ တွေ့ဘူးနိုင်သည်။ မြောက်ဦးမြို့ သျှစ်သောင်းသိမ်တော်တွင်း၌ စောင်းတူရိယာတမျိုးကို တွေ့ရှိရသည်။ ထိုစောင်း၌ အသံကိုလိုက်၍၊ တရော၊ ဒုံမင်း၊ မီးကျောင်းစသည့် ကြိုးတပ်တူရိယာများ ကွဲပြားလေသလားဟု ယူဆရန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် မဂဓအဘိဓါန်များ၌ ဝီနာ၊ ဝလ္လကီပုဒ်များမှာ စောင်းသဒ္ဒါဖြစ်ကြ၏။ တရောမှာ သာရင်္ဂီ၊ ပိနာကီဟုပင်ဖြစ်၏။ 'ဝီနာ'ဟူသော စောင်းတွင် မြင့်သော(ပြင်းသော) တာရအသံ၊ ညှင်းသော(ချိုသာသော) ကလအသံ၊ နက်သော မန္ဒအသံဟု သုံးမျိုးပြားသည်။ ထိုတာရအသံကိုပင် တရောဟု တူရိယာအမည်ယူ၍၊ တရောဟူသော စောင်းတရောကို ဖန်တီးကြခြင်းပေလော စဉ်းစားနိုင်သည်။

ထို၏ ယုတ္တိကိုရှာရန်မှာလည်း ရိုးရိုးစောင်းတီးသံသည်၊ တရောထိုးသံလောက်မမြင့်(ဝါ)အသံမကျယ်သည်ကို တွေ့နိုင်ပါ၏။ ထို့ကြောင့်ပင်လျှင် မဂဓအဘိဓါန်၌

(ဥစ္စာတရေရတောရော)ဟု လာ၏။ တရောတာရသဒ္ဒါသည်၊ ဥစ္စတမရ အလွန်ပြင်း ကျယ်သော(မြင့်သော) ရဝေအသံ၌ ဥပ္ပဇ္ဇတိဖြစ်၏။ ထိုတရောကိုလည်း စောင်းမျိုး အပါအဝင် တူရိယာဟူ၍ သတ်မှတ်နိုင်သော်၊ အတီးအမှုတ်နှစ်မျိုးတွင် တီးအပ်သော တူရိယာတွင် အကျုံးဝင်၏။ ထိုစောင်းနှင့်တရောမှာ ဖေါ်ပြပါအသံကို လိုက်၍ငင်း၊ ကာလရွေ့လျားသဖြင့်၊ လူတို့အသုံးအဆောင် ပုံပန်းသဏ္ဍာန် ပြောင်းလဲခြင်းကို လိုက်၍၊ အပြုအမူရှိသဖြင့်လည်း ဖြစ်နိုင်ပေသည်။ တနည်းဆိုသော် တရောမှာ ကြိုးတပ်စေမှ စောင်းလောက် ကြိုတပ်မများပေ။ ကြိုးစောင်းများမှာ ၇–ပင်မှ၊ ၁၂ –၁၃–ပင်ထိ တပ်ဆင်ကြသော်လည်း တရောမှာ ထိုမျှလောက် တပ်ဆင်မှုမရှိပေ။



ထို့ကြောင့် စောင်းမှကွဲလာသော အမျိုးအစားတွင် ပါဝင်သင့်ကြောင်း ယူဆရပေသည်။ သို့မဟုတ်စေကာမူ စောင်းမှတဆင့် တရောသို့ ပြောင်းရွှေ့သစ်ဆန်းရပါမည် ဖြစ်ကြောင်း ယူဆနိုင်ပေသည်။

ဤရခိုင်တူရိယာဖြစ်သော တရောမှာ ကြိုးနှစ်ပင်ဖြင့် ထိုးရလေသည်။ အခြား လူမျိုးများ တရောနည်းတူ၊ တယောက်ချင်းငင်း(ဝါ) တဘာချင်းငင်း၊ စောင်းညှင်း ပြွေ(ပုလွေ)များစသည်ဖြင့်ငင်း ယှဉ်တွဲ၍လည်း တီးမှုတ်လေ့ရှိကြောင်း သိရသည်။

ထိုကြောင့် ရခိုင်များက,ပြသော ပင့်ကူဇာတ်ကပွဲသဘင်၌ တရောသည် အ ရေးပါကြောင်းကိုငင်း၊ တူရိယာနှင့် ယှဉ်တွဲတီးမှုတ်ကြကြောင်းကိုငင်း တွေ့ရှိနိုင်သည်။ တရောမှာ ရှေးဘုရင်ခေတ် မင်းခန်းမင်းနားတွင် အသုံးတော်ခံ ဖြစ်ခဲ့သည်မှန်၏။ သို့သော် ယခုအခါတွင် ဆင်းရဲချမ်းသာမရွေး ဖျော်ဖြေနိုင်သော ပျော်တော်ဆက်ပင်

ဖြစ်လေသည်။ ဤတရောကို မြေကြီး၌ထောက်ထား၍ လက်တဖက်ဖြင့် ကိုဝ်ကာငင်း၊ ပခုံးတွင်မှီလျက် အခြားလက်တဖက်ဖြင့်ထိန်းထားကာ ချီမ၍ငင်း တီးထိုးနိုင်သည်။ ယခု ကျွန်ုပ်တို့တွေ့ရသည်ကား တယောက်ချင်းသီဆိုကာထိုးရ၍ ထိုင်လျက်ပင် တရောကို မြေကြီး၌ တည့်တည့်မတ်မတ်တည်ဆောက်၍ ပခုံးတွင်မှီကာငင်း ထိုးကြလေသည်။

ဤရခိုင်တရောကို သီဆိုထိုးတတ်သူများ၊ မြောက်ဦးမြို့၌ရှိနေကြသေး၏။ ၎င်းတို့သည် ပိုးဝါဖွဲ့၊ စန္ဒရားဖွဲ့၊ ထမရာဖွဲ့၊ သာခြင်း၊ ယိုင်းခြင်း၊ ကလေးချော့၊ ပခက်လွှဲများကိုသာ ထိုးနေကြသော်လည်း ဤတရောနှင့် အသံချင်းလိုက်၍ ကိုက်ညီသော သျှိုးလိုက်သာစွလေ၊ ဓခြင်း၊ ကြိုးဖွဲ့၊ ဓမ်း၊ သာခြင်းဆန်း၊ ရတု စသည်များကိုလည်း ဥာဏ်ကွန့်မြူးသလို ထိုးနိုင်ပေရာသည်။ အထူးမှာ ရခိုင်တရောသည် ကျူးသံ၊ ငြိမ့်သံ၊ အေးသံ၊ အော်သံ၊ လှိုင်းသံ၊ ထပ်တွန့်သံများဖြင့် ပြည့်နှက်နေရာ၊ အသံကိုလိုသလိုငင်း၊ သီခြင်းအသံကိုလိုက်၍ငင်း တီးထိုးနိုင်ပါသည်။

တရောထိုးပုံ၌ကား သီခြင်းမဆိုမီ၊ တရောသံကို ခပ်များများတောပေးလျက်၊ အသံညှင်းညှင်းထားကာ ပထမသီခြင်းဆိုလိုက်သော အသံအဆုံးအထိ သီခြင်းပေါ်အောင်၊ အသံဖြင့် ပေါ်လွင်အောင်ဖေါ်၍ ထိုးလေသည်။ တဖန် ဒုတိယအသံဆက်လေ၍ သီခြင်းကိုဆိုလေရာ ထိုးထားရင်း ပထမသီခြင်းအသံကပင် ပြန်ဟပ်ဆက်စပ်၍ ထိုးရပေသည်။ ဤသို့ သီခြင်းအသံဆက်မှာလည်း သီခြင်းအသံအစမှပင် ဆက်ယူလျက် အသံကို ပြန်ဂဟပ်စပ်ထိုးသဖြင့် နားထောင်ရသူတိုင်း အသံမှာ ပြောင်းလွဲပြတ်သားမှုမရှိဘဲ အေးငြိမ့်လှသည့်အပြင် စိတ်နှလုံးကိုလည်း အာရုံမပြတ် အရသာခံစားခွင့်ကို ပေးလေသည်။

အထူးခြားဆုံးမှာ ရခိုင်သီခြင်းအဆုံးတွင် 'ရေ၊ တေ၊ လေ'ဟူသော အသံဆုံးများကို အသံရှည်သီဆိုကြရသည်အလိုက်၊ တရောသံကိုလည်း အစွမ်းကုန် တငြိမ့်ငြိမ့်မြင့်လျက် ညှင်းညှင်းနွဲ့ကာ၊ နောက်ဆုံးမှာ အေးနိုင်သမျှအေးချလျက်၊ အသံကိုဆွဲ၍ ထိုးပေးရလေသည်။ အခြား အိန္ဒိယတီးကွက်သံကဲ့သို့ငင်း၊ ဟာမိုနီယံသံကဲ့သို့ငင်း၊ အင်္ဂလိပ်တို့၏ ဝိုင်းဖွဲ့ဒန့်စ်ကပွဲတွင် တီးကွက်သံကဲ့သို့ငင်း၊ လက်သံအမျိုးမျိုး တီးထိုးနိုင်သည်ကို နားဆင်ခဲ့ရသည်။ ခေတ်ဆန်းထွင်လျက် တီးကွက်မှာ ထုံမွှမ်းနိုင်ရန်မှာလည်း ဥာဏ်မှီသလောက် ကွန့်မြူးပေးရသည်ကိုတွေ့ရ၏။

သို့သော် တရော၏ကောင်းခြင်းမာ ပုဂ္ဂိုလ်အားဖြင့်ငင်း၊ အစီအမံအားဖြင့်ငင်း၊ အပြုအမူသိပ်သည်းခြင်းဖြင့်ငင်း ဖြစ်ပေရာ၊ ဤသည်တို့ကို လိမ္မာတတ်ကျွမ်းသူများမှာမူ အဘယ်မှာ ပြောစရာရှိမည်နည်း။ ဤနေရာ၌ သုသေသီတို့ သိထားနှင့်စရာ တရောပြုလုပ်ပုံ အခြင်းအရာ၊ တရော၏ အစိတ်အပိုင်းများကို မှတ်မိတွေ့သိ

ကြားဘူးရှိသလောက် တင်ပြလိုပါသည်။

ဤတရော၌ ဖလားခေါ်တရောခွက်၊ လက်ရုံး၊ ဆွဲကြိုးလိပ်ခေါ်ခုတုံး၊ ကြိုးဆွဲရာဒလက်၊ အသံပေါက်ခေါ် နတ်သမီးပေါက်တရောအိုး၊ ညောင်ရွက်စသည့် အစိတ်အပိုင်းများ ရှိကြသည်။ ပထမတရောခွက်ကို အထူအပါး ဖလားသဏ္ဍာန်ညှိထွင်းပြီးလျှင် သားရေကြက်ရသည်။ ၎င်းနောက် လက်ရုံးသစ်ချောင်းကို ထိုးထည့်ပြီး၊ ဒလက်ပေါက်ဖေါက်လျက် ဒလက်တပ်ခြင်း ကြိုးဆွဲခြင်း၊ ကြိုး၏အခု ခုတုံး 'လိပ်'တပ်ခြင်း စသည်ဖြင့် အစီစဉ်တကျပြုလေသည်။

တရောခွက်ကို ပိန္နဲအနှစ်သားဖြင့် အသုံးပြုသည်။ သို့ရာတွင် ကြေးဖလားခွက်ကိုလည်း တရောခွက်အဖြစ် အသုံးပြု၍ ဖလားခွက်ဟူ၍လည်း ခေါ်ဟန်ရှိသည်။ ဘုရားရွာမှ တရောဆရာကြီးသည် ၎င်း၏တရောကို ကြေးဖလားခွက်ကို တပ်ဆင်လျက် ထိုးသွားကြောင်း မှီလိုက်သည့်ဘိုးဘွားများက ပြောပြ၍သိခဲ့ရသည်။ သစ်သားခွက်ထက်ပင် အသံပို၍ကောင်းသည်ဟုလည်း ၎င်းတို့က နာခံခဲ့ဘူးကြောင်း ပြောပြသည်။ အချို့က အပျင်းထူ၊ အသာတကူပင် အုန်းမှုတ်ခွက်ကို အသုံးပြုကြသဖြင့် ကလေးစကားသလို ရယ်စရာကြီးဖြစ်နေသည်။ မျက်ကန်းတရောထက်ပင် အဆင့်အတန်းညံ့သေးသည်ကား အဘယ်မှာ ချီးမွမ်းစရာ ရှိပါတော့မည်နည်း။ ထို့ကြောင့်–

'အုန်းသီးခွံနီ၊ ကြောင်ရီကိုကြက်၊ တရောတံနန့်နက်'ဟု ရခိုင်တွင် စကားဆိုရိုးရှိခဲ့ကြပေသည်။

လက်ရုံးကို ရှားသားဖြင့်ဖြစ်စေ၊ ကျွန်းသား၊ ပျဉ်းကတိုးသားဖြင့်ဖြစ်စေ ပြုနိုင်သည်။ တရောခွက်အပေါ်တွင် ကြက်ရာ၌ကားသမင်ရေ၊ ဆိတ်ရေ၊ ဂျီရေ၊ တို့ကို အသုံးပြုသည်။ ဘွဲ့ကြိုးကိုမူ ခြည်အကောင်းစားကို သုံးလွန်းတင်ကျစ်၍၊ လက်ရုံးအရင်းဖျားစွန်းကို ညောင်ရွက်ဟုခေါ်၍ ထိုမှအောက်နီးနီးတွင် လက်ရုံးကို ဘွဲ့ကြိုးအလိုက် ဖေါက်သည်။ ထိုအပေါက်ကို ဒလက်တပ်ရ၍၊ ဒလက်ပေါက်ဟုခေါ်သည်။ ဒလက်မှာ လက်ရုံးတဘက် တချက်ရင်းဖျား ပြန်တပ်ရသည်။ ဘွဲ့ကြိုးစွန်းကို ဒလက်ဖျားစွန်းတွင် ရစ်ချည်၍၊ ဘွဲ့ကြိုးကို အသံညီညှိပေးရန်ဖြစ်သည်။ ဘွဲ့ကြိုး၏ လက်ရုံးဖြင့် ထိတွေ့မနေရန် ခုတုံးခေါ်လိပ်ကို ခုပေးသဖြင့် ကွာ၍ရှိနေသည်။ ဒလက်ဖျားတွင် ချည်ထားသောဘွဲ့ကြိုးများ တပူးတည်းရှိစေရန် လက်ရုံးကို သိုင်း၍ချည်ကြိုးဖြင့် ထိန်းပေးထားရသည်။

ယခုထိုးနေကြသော ရခိုင်တရောများတွင် ကြိုးနှစ်ပင်တပ်ကသာ မူသေနည်းမှန်နေသည်။ ထိုသို့နှစ်ပင်ဖြင့် အသုံးပြုခြင်း၊ ထိုထက်ပို၍ မသုံးကြခြင်းများ၏ အကြောင်းကို ထိုဆရာကြီး တရောပညာရှင်များအား မေးကြည့်မိပါသည်။ ၎င်းတို့က ကြိုးနှစ်ပင်မှာ အသံလည်း ချိုအေးသာယာလှကြောင်း၊ ခြည်ကြိုးထက် သံကြိုးမှာ

အသံခြာ၍ မသာယာကြောင်းဖြင့် ပြောပြသည်။ ၎င်းဆရာကြီးများ ထိုတရော အမျိုးမျိုး လက်တွေ့စမ်းသပ်ကြပြီးသူများဖြစ်သဖြင့်၊ နည်းဟောင်းထက် နည်းသစ် အစီအမံကို မပြုနိုင်ဘဲ၊ မူမှန်ပင်ထိုးနေ၍ ကောင်းကြောင်း လက်တွေ့သိကြပေပြီ။

အသံပေါ်ရန် လက်နှိပ်ဖိရာကို လက်ရုံးတွင် မကွာမဝေးအညီအမျှ သတ်မှတ်လျက် အမှတ်အသား၊ အရေးအကြောင်း၊ အစက် စသည်ဖြင့် ထားပေးရလေသည်။ တရောအိုးတွင် သားရေကို ထိပ်ပြင်၏ ၃–ပုံ ၂–ပုံနီးတွင် နတ်သမီးပေါက်ခေါ်သော အပေါက်ကလေး မကြီးမငယ် တရောအိုးကိုလိုက်၍ ဖေါက်ပေးကြရပေသည်။ တရောအိုး၏ လံပိတ်ဖင်ဘက်(ဝါ) တရောခွက်ဖလားကိုလည်း နတ်သမီးပေါက်ထက် ခပ်ကြီးကြီး အလယ်တည့်တည့်ကျ ဖေါက်ပေးရလေသည်။ ဤသို့ ထက်အောက်ဖေါက်ပေးမှ အသံဆူညံစွာ မြည်ဟီးလာနိုင်ပေရာသည်။ တရောထိုးတန်ခေါ် တရောလက်ကိုင်တိုင်းတွင် တောင်လျှော်ခေါ်သော လျှော်တမျိုးကို ကြိုးအဖြစ် တပ်ဆင်ရ၍ တရော၏ဘွဲ့ကြိုးနှင့် ထိုးကြိုးနှစ်မျိုးလုံးကိုပင်၊ ချောမွတ်ညက်ညောစေရန်၊ မထိုးမီ ပျားဖယောင်းဖြူကောင်းကောင်းဖြင့် ပွတ်တိုက်ပေးရလေသည်။ ဤသို့ တရောလုပ်ပုံ အစီမံအမည်အခေါ်များကို ကျွန်ုပ်သိသမျှ လိုရင်းချက်ကို ဖေါ်ပြသိစေလိုက်သည်။

ဤသို့ လူမျိုးတစ်မျိုး ယဉ်ကျေးမှုအနုပညာ၊ ဂီတတူရိယာများသည် အမွေအနှစ်တမျှ ယဉ်ကျေးမှုရရှိလာခဲ့သည်ကို တင်ပြခြင်းဖြင့် ခန့်မှန်းနိုင်လောက်သည်။ ‘ယဉ်ကျေးမှုစံချိန်’ခေါ် အနုပညာတွင်ချိန်ထိုး၍ လူမျိုးတမျိုး၏ အလေးအပေါ့ကို ချိန်ဆနိုင်သဖြင့် သာလျှင်သာသလို အလေးတက်လာမည်ကား မုချဖြစ်ပေသည်ဟု အောက်မေ့အပ်ပေသတည်း။

ဂီတတူရိယာသံသည် လူ့လောက ဘဝတလျှောက်တွင် သဘာဝရသကို ဖြစ်စေပါလော့။ ဤဂီတတူရိယာသံဖြင့် လောကလူသားတို့အား သာယာပျော်ရွှင်မှု ကြေနပ်နှစ်သိမ့်မှုကို ပေးပါလော့။ ချမ်းသာဆင်းရဲမရွေး လူသားတိုင်း၏နှလုံးကို ပြုံးစေမည့် ဖြေဖျော်ရှင်သခင်အဖြစ် သင့်အား လူတိုင်းကလိုလားကြပါ၏။ သင်၏ သာယာမှုထံတျာသံကလေးဖြင့် ကျွန်ုပ်တို့၏စိတ်ကို နှစ်သိမ့်နိုင်ပါစေသတည်း။

**နတ်မြစ်စန်းအောင်**

*မှတ်ချက်။ ။ ဤဆောင်းပါးကို ရခိုင့်တန်ဆောင်မဂ္ဂဇင်း(၁၉၆၀–၆၁)တွင် ဖေါ်ပြဘူးသည်။*

# သင်္ကြန်လ
# ရခိုင်အမျိုးသားတို့၏ လှေပြိုင်ပွဲသဘင်

ရခိုင်အမျိုးသားတို့မှာ သင်္ကြန်လ၌ရေလောင်းပွဲကိုင်း၊ ကျင်ပွဲခေါ် နပန်းသတ်ပွဲကိုင်း၊ လှီပြိုင်ပွဲသို့မဟုတ် လောင်းပြိုင်ပွဲခေါ် လှေပြိုင်ပွဲကိုင်း၊ ရာသီပွဲများအဖြစ် ကျင်းပလေ့ရှိကြသည်။ ဤဆောင်းပါး၌ လှေပြိုင်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို တင်ပြလိုပါသည်။

## <u>သင်းကြန်လ လူထုပွဲ</u>

လှေပြိုင်ပွဲသဘင်ကို သင်္ကြန်လတွင်ကျင်းပကြောင်း စာဆိုဥက္ကာပျံ ရှုန်းလိုက်ရတု၌–

'ရက္ခမုန်ဖူး၊ မြောက်ဦး ရွှီပြည်သာ၌။
များစွာသည် ရှီလှီပေါင်း၊ သိင်္ဂနဒီ
နန်းတောင်ဆီဝယ်၊ ရွှီလှီမင်းဆိပ်ချောင်း၌
တသောင်းသောင်း ပျော်စဉ်တွင်း
တူစုံရှုကြည့်ချင်သည်။ သင်္ကြန်အခါတည်းလေ'

ဟု ဖွဲ့နွဲ့ထားသည်ကို တွေ့ရသည်သာမက တန်းခိုးဆရာထွန်းကြီးကလည်း

'လှီပွဲသဘင်၊ ရီထဲတွင်၌၊ ပျော်ရွှင်မြူးထူး၊ မင်းလွင်ကျူးလျက်၊ တန်းခူးခါမှီ၊ လရာသီဝယ်၊ လောကီဘာသာ၊ ဓမ္မတာဖြင့်၊ နာဝါချင်းယှဉ်၊ လောင်းချင်းပြိုင်လျက်၊ ငါနိုင်သူယုံး၊ တပြိုးပြိုးနန်၊ ဖက်နှန်းလှီလျော်၊

ရီအပေါ်၌၊ ရှင်ကာပျော်မွိ၊ လုပ်ကြံမိအောင်၊ လိုဖွဲ့သံချို၊ ဆိုသူတဖြာ၊
လှော်သူတ၀၊ ကသူအပေါင်း၊ တသောင်းသောင်းနန့်၊ မောင်းတဟီးဟီး၊
ခတ်တီးမည်၊ အောင်လံဝီဝီ၊ ပြိုင်လို ပြိုင်လောင်း၊ ရီချောင်းမလပ်၊
ပရိသတ်များ၊ ပွဲကြည့်သားရို့’

ဟူ၍ ဖွဲ့နွဲ့ထားခဲ့သည်။ လှေပြိုင်ပွဲကို သကြံန် သို့မဟုတ်၊ သကြံန်လွန်၍ ကဆုန်ညောင်ရေမသွန်းမီ ကာလအတွင်း ကျင်းပရခြင်း၏အကြောင်းမှာ လူထုပွဲလမ်းသဘင်အနေဖြင့်၊ လူထုအားလပ်ချိန်ကို ရွေးချယ်ရခြင်းဖြစ်သည်၊ လူထုဆိုသည်မှာလည်း တောင်သူလယ်သမား များသာလျှင်ဖြစ်သဖြင့် လယ်သမားတို့ တလင်းပွဲစပါးရောင်းပြီးချိန်၊ အားလပ်ချိန်ဖြစ်သည်။ ဤလှေပြိုင်ပွဲသည် ဆင်းရဲသားတို့၏ ပွဲလမ်းသဘင်တရပ်ဖြစ်ပြီး အများစုပေါင်း၍ အားကြိုးမာန်တက် လုပ်ဆောင်ရသည့် ကျန်းမာရေး၊ အားကစား ပျော်ရွှင်ပွဲတစ်ရပ်လည်း ဖြစ်ပေသည်။ ‘စုပေါင်းညီညာ အောင်ကြောင်းဖြာ’ဆိုသည့် ဆောင်ပုဒ်အတိုင်း ညီညွတ်ရေးကို ရှေးရှုသော ပွဲလမ်းသဘင်တရပ်လည်း ဖြစ်ပေသည်။

## ပြိုင်လောင်းလျှာ

လှေပြိုင်ပွဲကို ကျင်းပနိုင်ရန်အတွက် ‘ပြိုင်လို၊ပြိုင်လောင်း’ခေါ်သည့် ပြိုင်ပွဲဝင်မည့် လှေကောင်းရရှိရေးမှာ ပထမအရေးအကြီးဆုံးဖြစ်သလို လှေသစ်ကောင်းရရေးကိုရှေ့ရှု၍ သစ်ပင်ခုတ်လှဲရန် တစ်ရပ်လုံး တစ်ရွာလုံး ‘ရွာဟုံး’အားပေး ပါဝင်လေ့ရှိသည်။ သန်သန်မာမာရှိသော ယောကျာ်းများက ဦးဆောင်ပြီး၊ တောသုံးထောင်ကုန်အောင်သွားကာ သစ်ကောင်းရှာကြသည်။ သစ်ရှာမထွက်မီကပင် ဓလေ့အတိုင်း ဗေဒင်ဆရာနှင့် ရွာကျောင်းဆရာတော်တို့၏ ဩဝါဒကိုခံယူပြီး ရက်ကောင်းနေ့သာ ရွေးချယ်၍ သစ်ခုတ်ထွက်ကြသည်။ လိုက်ပါရသည့် သူများအထဲတွင် ကိုယ်အင်္ဂါချို့တဲ့သော မသန်စွမ်းသူများ မပါဝင်ရ။ အများအားဖြင့် ဆယ့်ခြောက်လံရှိသည့် ပြိုင်လှေများကို ပြိုင်ပွဲ၌ အသုံးချလေ့ရှိကြသဖြင့်၊ အဆမတန် အသက်ကြီးသည့် သစ်ပင်တို့ကို တွေ့အောင်ရှာကြသည်။ သစ်အကြောင်း ကောင်းစွာနားလည်သည့် ဆရာများနှင့်တိုင်ပင်ပြီး အနာအဆာမပါသောသစ်ကို ခုတ်ယူရသည်။ သစ်ပင်ခုတ်ကတည်းက သစ်ပင်လဲပုံကို နိမိတ်ကောင်းယူလေ့ ရှိကြပါသည်။ သစ်ပင်သည် သစ်ငုတ်နှင့် အနီးကပ်ဆုံးလဲကျလျှင် လှေလှော်၍သွားမည့် လှေလောင်းမဖြစ်ဟု ယူဆကြသည်။ သစ်ငုတ်နှင့်ဝေးရာသို့ လဲကျသည့်သစ်ကိုမှ ပိုပြီးနှစ်သက်ကြသည်။ အချို့ရွာများမှ ပြိုင်လောင်းများဆိုလျှင် တောင်တစ်လုံး၊နှစ်လုံးကိုပင် ကျော်၍လဲသည်ဟု အဆိုရှိကြသည်။ ထို့ကြောင့် ပြိုင်လောင်းရှာဖို့ ထွက်က

တည်းက–

'သုံးတောင်ကျော်လို့ လဲလတ်တေ၊ ထူးကဲလှရေ၊ ထိုနိမိတ်ကြောင့်၊ မောင်ရို့ ပြိုင်လောင်း၊ လော်ရေခါ လျင်မြန်ရာမှာ၊ အတုမဟိ၊ နီလရထား ပုံပမာ၊ ယုဇနာတာ လွန်မြောက်အောင်၊ တမဟုတ်ချင်း ရောက်နိုင်ရေ အမုန်ပြော မေ၊ မြင်းသိန္ဓော၊ တိမ်ညွန့်စားနန့် နှိုင်းစရာ၊ သုံးလူ့ဆရာ လောင်းသိဒ္ဓတ်က လေးတော်တင်လို့ ပစ်လွှတ်ရာ၊ မြှားတန်ပမာအဟုန်ပြင်း ဂဠုန်မင်းလဲ မတုနိုင်ပြိုင်ဘို့လာ လီတော်သားရို့ဝီးက ရောင်းယှားပါကပ်လီ၊ ဘာမထိ ဇာနီပြိုင်လောင်း'

ဟူ၍ မိမိတို့၏ပြိုင်လောင်းသည် သစ်ခုတ်ကတည်းက တောင်သုံးလုံးကျော်၍ လဲသည့်လောင်းလျှာကို ပြုလုပ်သောလောင်းဖြစ်သဖြင့်၊ နေလ ရထားကဲ့သို့ လျင်မြန်လှသည်ဟု မိမိတို့ပြိုင်လောင်းဂုဏ်ပုဒ်ကို ဖေါ်ထုတ်ပြီး တစ်ဖက်သား မခံချင်အောင် သံချပ်ကြီးထိုးကြသည်။

## ပြိုင်လောင်းပုံသဏ္ဍာန်

ရခိုင်တိုင်းမှာ ရေလမ်းခရီးသာများလှသဖြင့် လှေလောင်းကိုအသုံးများသလို ရှေးရခိုင်ဘုရင်များ လက်ထက်က လှေအမျိုးမျိုးရှိခဲ့သည်။ ဘားမဲ့၊ သက္ကဒါန်၊ ဂွတ်၊ ကရဝိတ်၊ ရေတော်စပ်တင်၊ လော်ကား၊ လွန်းကြင်၊ ပြာဿဒ်၊ ဖေါင်လီ၊ ရှိလောင်း၊ ရှိမီးကျောင်း၊ ရှိကြက်၊ ရှိကျီး၊ ရှိစာမရီတို့ဖြစ်ကြသည်။

ယခုအများသုံး လှေတို့မှာ 'တူးလောင်း၊ စပ်လောင်း'ဟူ၍ နှစ်မျိုးရှိသည်။ ယင်းတို့ကို အသုံးချသည် အတိုင်းပြိုင်လီ၊ စီးလီ၊ လီကြီးဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကြသည်။ ပြိုင်လီမှာ တူးလောင်းမျိုးဖြစ်သည်။ ပြိုင်လှေမှာ ၅–၆–လံမှ ၁၆–လံ အထိ အရှည်ရှိပါသည်။ 'ဦး၊ ပဲ့၊ ရီစား'ဟူ၍ အစိတ်အပိုင်းများ စနစ်တကျ အချိုးကျအောင် လုပ်ရသည်။ လောင်းကို ထွင်းတူးပြီးသောအခါ မီးပွတ်တိုက်၊ ဆီချောတိုက်၊ မိုဟင်းခေါင်းနှင့်တိုက် အစရှိသည့် ခြယ်သမှုများ ပြုလုပ်ရသည်။ ၁၆–လံရှိပြိုင်လီမှာ ဦးနှင့်ပဲ့ကို တလံလောက်စီ၊ အရှည်ထားရပါသည်။ ဦးက ပရိဝင်း၊ သပြီအိုးအပြင်၊ နဂါးရုပ်၊ ကိန္နရာရုပ်၊ နယားရုပ်၊ ဟသာၤရုပ်၊ ခြူးပန်းတို့ကို ပန်းထုပြီး တပ်ဆင်ထားသည်။ ဆေးရေး မွန်းမံထားသည်မှာ ကြည့်၍လှသည်။ ပဲ့မှာဆိုလျှင် 'မြာဒင်ခုံ'ခေါ် တက်မခုံကို ကျီး၊ ကျား၊ ငှက်ရုပ်၊ ကြာပန်းရုပ်တို့ဖြင့် မွန်းမံထားရသည်။ တက်မမှာဆိုလျှင် 'မြှားတန်းရှည်'ဟုခေါ်သော တက်မကို အသုံးချရသည်၊ လှေဝမ်းမှာဆိုလျှင် လှေလော်သားများထိုင်ရန် 'ဒဂုံ'တပ်ပြီး

'ပင်းကန်'တို့ကို ၂-လံလောက်မှာ ၃-ခုလောက် တပ်ဆင်ရသည်။ လှေကို လူက ထမ်းချ၊ ထမ်းတင်ရသည်။ အမျိုးသမီးများ ကျော်မတက်ရန် စည်းကမ်းသတ်မှတ်ထားသည်။

## လှေလှော်သားများ

ဆယ့်ရှစ်ယောက်စီးရသည့် ၆-လံလှေမှာဆိုလျှင်၊ နောက်ဆုံးက တက်မကိုတဦး၊ တက်မကိုင်ရှေ့က ပဲ့ထောင်နှစ်ဦး ရှေ့မှာ ဦးစီးဦးပေါက်ခေါ်သည့် ပန်းဆွဲတစ်ဦး၊ ဦးစီးနောက်က 'လိုင်ဆစ်တောင်ဖျန်'ခေါ်သည့် ဦးထောင်စီးနှစ်ဦး၊ ကျန်ဆယ့်နှစ်ဦးမှာ တပင်းကန် နှစ်ယောက်တစ်တွဲစီ အလှော်သမား-၆-ဆိုင်း ထိုင်ရသည်။ ၁၆-လံပြိုင်လှေမှာဆိုလျှင် လူလေးဆယ်လောက် စီးရပါသည်။ လှေလှော်သားတို့မှာ အဝတ်ဆင်တူ၊ ခေါင်းပေါင်းစွန်ထောင်၊ ရင်စည်း၊ စလွယ်သိုင်း၊ ရင်သိုင်းအမျိုးမျိုး ဝတ်ဆင်ရသည်။ လှေလှော်သူများသည် ဦးစီးတက်ချသည်ကိုကြည့်၍ တက်ညီအောင် လိုက်လှော်ရသည်။ ဦးစီးလုပ်သူက တက်လှော်သည်ကို ကြီးကြပ်ရသလို ပဲ့ကိုင်ကလည်း လောင်းတည့်တည့်သွားအောင် တာဝန်ယူရသည်။ ဦးစီးလုပ်သူက အလွန်တော်ဘို့ လိုပါသည်။ ကိုယ့်လောင်းအသွားကိုကြည့်ပြီး တက်ချရပါသည်။ ပြိုင်လောင်း တာကအထွက်မှာ တက်ကိုရေမြှုပ်ပြီး အရှည်ဆွဲ လှော်ခတ်ကာ၊ ပန်းဝင်မှာ တက်ကို သွက်သွက်မြန်မြန် လှော်ခတ်ရပါသည်။ တနည်းဆိုလျှင် ပြိုင်လောင်းသွားဘို့ အင်အားမှာ ဦးစီး၏လှုပ်ရှားမှုအပေါ်၌ တည်ပါသည်။ ပြိုင်လောင်းအရှိန်ယူ၍ တာထွက်သည့်အခါ မတိမ်းမစောင်းရန် အရေးကြီးပါသည်။ တာထွက်မှာ လောင်းဦးစီးလုပ်သူက စောင်းလိုက်မည်ဆိုလျှင် ပြန်၍ တည့်သွားအောင် လုပ်ရသဖြင့် အချိန်ကြာသွားတတ်ပြီး နောက်မှာကျန်ရစ်ခဲ့မည်ကို စိုးရိမ်ရပါသည်။ ပြိုင်လောင်းလှော်၍ အတော်လေး အရှိန်ရသည့်အခါ၊ အတော်လေး အပြေးမြန်၍ မှန်လာသည့်အခါ၊ တက်မကိုင်လုပ်သူက တက်မကို ရေထဲနစ်ရုံလောက်သာ ချထားလေ့ရှိသည်။ တော်သည့် တက်မကိုင်တို့မှာဆိုလျှင် တက်မကို ရေပေါ်မှဖော်၍ ယူလာကြသည်။ ထို့ကြောင့်-

> 'ကိုးစိပ်ကိုးလံ၊ ကိုးပင်းကန်၊ ကျင်သန်တိရာ
> တက်ပျာစီးလို့၊ မဟာလောင်းကြီးထွက်လို့လာ
> ဇမ္ဗူဒီပါ၊ လကျာကျွန်းမှာ
> ထွန်းရေနီလ ပုံပမာ၊ သတင်းကြေငြာ နာမည်ကြီး
> ပြိုင်လောင်းဦးစီး 'ဆရာအောင်'
> သူကရှိဆောင် လမ်းညွှန်ပြလို့

ပြိုင်လောင်းဝမ်းမ ပင်းကန်မှာ
ရှိနောက်ဘယ်ညာ၊ နီရာစိအောင်
လူစိဘက်စိ ထိုင်ပြီးကာ၊ ဦးစီးဆရာချ ရေတက်နန့်
မပျက်မကွက် ညီညီညာ၊ ရီပန်းဖွာအောင် တက်ကိုစွဲလို့
တဟုန်တည်းနန့် ထွက်လီခါ၊ ပြိုင်လောင်းပဲ့မှာ
'ဆရာထွန်း'က၊ ရပ်စောက်ထလို့ ရှိကိုမျှော်၊
သူ့လက်စွဲတော် ထိုတက်မကို၊ မြာဒင်ထက်က နောင်းနောင်းကိုင်
မယိမ်းမယိုင် လီမစောင်းအောင်၊ ဖြဖြောင့်တတန်း ကိုင်လို့လာ
ဇာသူတခါ ပြိုင်ဝံ့ဘို့လဲ'

ဟူ၍ 'ကျင်သန်'ခေါ် လူသန် နပန်းသမားများသာ စီးသော မဟာလောင်းကြီးမှာ နာမည်ကြီးသည့် ဆရာအောင်ကလေဦးစီး၍၊ ပဲ့ကိုင်က နာမည်ကျော် ဆရာထွန်းဖြစ်သည့်အကြောင်း၊ လူစေ့တက်စေ့ လှော်လာသည့် ဤမဟာလောင်းကြီးကို ဘယ်သူတခါ ပြိုင်ဝံ့ပါမည်နည်းဟု အရေးဆို သံချပ်ကြီးထိုးကြခြင်းဖြစ်သည်။

## လောင်းပြိုင်ပွဲ ကျင်းပပုံ

ပြိုင်လောင်းပွဲကို ရပ်ရွာအချင်းချင်း သို့မဟုတ် မြို့နယ်ခရိုင်အလိုက် ကျင်းပလေ့ရှိကြသည်။ ရာသီပွဲအဖြစ်သာမက ဘုရားပွဲ၊ မင်းပွဲစိုးပွဲများနှင့် တွဲဘက်၍လည်း ကျင်းပလေ့ရှိကြသည်။ ပြိုင်ပွဲဝင်မည်ဟုဆိုလျှင် လှီမပြိုင်ခင် ရပ်ရွာသျှင်၊ ချောင်းသျှင်များကို လောင်းဦးခိုက်ပြီး အတီးအမှုတ် အဆိုအကနှင့် ပသသော အလေ့အထရှိကြသည်။ လှီပြိုင်ပွဲကို ချောင်းများ၌ ကျင်းပလေ့ရှိကြပြီး၊ ဖြားရေကမ်းနဖူးထိ ပြည့်လျှံနေသည့် လဆန်းစ၊လဆုတ်စခါများမှာ ကျင်းပကြသည်။ လှီပွဲကိုဖြား တလက်ထောက်တက်သော နံနက်–၁၀–နာရီ၊ ၁၁–နာရီလောက် အစပြုပြီး၊ ဖြားရေကျချိန် ညနေ ၃–၄နာရီလောက် အဆုံးသတ်သည်။ ပွဲကို ၃–ရက်ထိ ကျင်းပကြသည်။ နိုင်သူအား နောက်ဆုံးနေ့မှာ ရွှေလောင်းနှင့် အောင်ဆုအောင်လံကို ချီးမြှင့်သည်။ ရပ်ရွာလူကြီးများကို ဒိုင်လူကြီးများအဖြစ် ရွေးချယ်တင်မြှောက်လေ့ ရှိကြပါသည်။ အချင်းမပွါးအောင် အရပ်ရပ်ကပြိုင်လာသည့် လှေလောင်းဦးစီးများ စုပေါင်းဆွေးနွေးပြီး စီစဉ်ရပါသည်။ ဆုံးဖြတ်ရပါသည်။ လှေပြိုင်ပွဲအတွက် တာအထွက်အစကပင် အဆုံးပန်းဖူး တိုင်အကွာအဝေးကို သတ်မှတ်ထားရပါသည်။ ပြိုင်သည့်အခါ ရိုးရာဓလေ့အတိုင်းဆိုလျှင် တာမကအညီထွက်နိုင်ရန် သံတုံးကိုစင်မြင့်က ကြိုးနှင့်ဆွဲပြီး ရေကိုချ၍ အချက်ပေးရသည်။ ယခုအခါ ခေတ်အလျောက် သေနပ်ပင်ဖေါက်ကြသည်။ ပန်းဖူးဝင်မှာလည်း အနိုင်

အရှူးကို စက်ဖြတ်ပန်းဆွဲနည်းဖြင့် ဆုံးဖြတ်လေ့ရှိကြသည်။ စက်ဖြတ်နည်းမှာ၊ လေ့ဦးက ဓါးကိုစိုက်ထားလျက်၊ ပန်းဖူးက တားထားသည့်ကြိုးကို အလိုအလျောက် ဖြတ်သွားသည်နှင့်တပြိုင်နက် ပန်းဖူးမှာ ညွတ်ကျလာပါသည်။ ပန်းဆွဲမှာ ဝါးလုံးကို ဖေါက်ပြီး ကြိမ်နွယ်သစ်ချောင်း တစ်ခုခု ထိုးသွင်းထားပါသည်။ ယင်းအချောင်း ကို ဦးစီးပန်းဆွဲအစ လှိုသမားတို့ထိ ဆွဲယူရပါသည်။ ဤသို့ပန်းဖူးကို စီစဉ်ထားပြီး အနိုင်အရှုံး ဆုံးဖြတ်ကြပါသည်။

## ပြိုင်လောင်းသံချပ်ကြီး

ပြိုင်လောင်းနေ့မှာ ချောင်းကမ်းပါး တစ်ဖက်တစ်ချပ်တွင် ရပ်ရွာအလိုက် မဏ္ဍပ်များထိုးပြီး ဧည့်ခံကျွေးမွေးကြပါသည်။ ကမ်းလုံးညွတ် ပရိတ်သတ် စည်ကားလှသည်။ မိမိတို့ရပ်ရွာမှာ ရှိသမျှလှေလောင်းတို့နှင့် ချောင်းရိုးတလျှောက်မှာ ပြည့်ကျပ်နေအောင် ပွဲကြည့်ပရိသတ် စည်ကားလှသည်။ အချို့မှာလည်း ငှက် ပျောပင်များကို ဖေါင်လုပ်၍ ကြည့်တတ်ကြသည်။ လှေပြိုင်ပွဲမစမီ ကိုယ့်ရွာကိုယ့် လောင်း ဂုဏ်ပုဒ်ကိုဖေါ်ထုတ်၍ သံချပ်ကြီးများ ထိုးကြပါသည်။ အိုးစည်ဗုံမောင်း များကိုတီးကြပြီး သံချပ်ကြီးများထိုးကြသည်မှာ အလွန်နာပျော်ဘွယ်ပင် ဖြစ်ပါသည်။ သံချပ်ကြီးများကို 'ပြိုင်လောင်းသံချပ်ကြီးများ'ဟု ခေါ်တွင်လာကြသည်။ သံချပ်ကြီး ပေါ်ပေါက်လာသည့် အခြေခံရေသောက်မြစ်ပင်ဖြစ်သည်ဟု ထင်ပါသည်။ ပြိုင်လောင်းမပြိုင်မီ 'လှေစိုင်း'လည်း ပြကြသည်။ မြင်းစိုင်းသည့် သဘောပင်။ နောက်ကမ်းရိုးတလျှောက် သံချပ်ကြီးများထိုးခါ အသာအညင် လူးလာခေါက်ပြန် ကခုန် တီးမှုတ်သွားကြသည်မှာလည်း အလွန်ပျော်စရာပင်ဖြစ်သည်။ နားထောင်၍လည်း စိတ်ကြွစရာပင်ဖြစ်သည်။ သံချပ်ကြီးများကို လှေသမားအချင်းချင်း မိမိဂုဏ်ပုဒ်ကို ဖေါ်၍ထိုးကြသည်ကို အနည်းငယ်ဖေါ်ပြပြီး ဖြစ်ပါသည်။ သံချပ်ကြီးများကို ပြိုင်လောင်းသမားအချင်းချင်းသာ ထိုးသည်မဟုတ်၊ ပြိုင်လောင်းပွဲကြည့် ပရိသတ်တို့ကိုပါ စောင်းချိတ်ကာ ဆိုလေ့ရှိကြသေးသည်။

'ခေါင်းပေါင်းတထီး၊ ဘကြီးလေ ကျန်းကန်သာ မာပါယင့်လား
မေတ္တာပဟိလို့၊ မိန်းစွာရာ၊ စိတ်ဆိုးမာန်ပါ၊ မဟိပါကဲ့၊
နှုတ်ခမ်း ဗက်လန်၊ ကန်တော်ကြီးနန့်၊
ပြိုင်လောင်းကြည့်ဖို့ လာလတ်တေ၊ မောင်ရို့လှော်မေ အားမငယ်ကဲ့၊
ပြိုင်လောင်းလှော်လို့ လက်မောင်းနာ၊ တချက်ဖျစ်ပါ အိုမမရို့၊
မက်ကလာကို ခေါင်းမှာဆောင်း၊ ကမ်းထောင်ထက်က အရီးလေ၊
သမက်လောင်းသျှေ နိုင်စီကြောင်းကို၊ ဆုမွန်တောင်းဖို့ ကောင်းပါရေ၊

ကညာပျိုသျှေ အိုမမရို့၊ ကမ်းထောင်းထက်က၊

လူးကျမယ်၊ စေတနာနန့်ပြောခပါယက်'

လက်လံအလိုက် ယှဉ်ပြိုင်ရေးအစီအစဉ်များကို လူကြီးများက စီစဉ်ပေးကြသည်။ အနိုင်ရသည့် ပြိုင်လောင်းများကို နောက်ဆုံးနေ့၌ ရွှေမောင်း၊ ငွေမောင်းများနှင့် အောင်ဆုအောင်လံကို ချီးမြှင့်ပါသည်။

နောက်ဆုံး၌ ဆုရသည့် ပြိုင်လောင်းဦးစီးက ရွှေမောင်းကိုဆွဲလို့ လှီတော်သားတို့က အောင်လံကိုင်ပြီးလျှင်၊ ချောင်းရိုးတလျှောက် စုံဆန်စိုင်းပြီး၊ ကခုန်တီးမှုတ်သီဆိုကာ၊ ပရိသတ်အား နှုတ်ဆက်ကြလေတော့သည်။

လူထု ပွဲလမ်းသဘင်၊ လယ်သမားလုပ်သားတို့ ပွဲလမ်းသဘင် စုပေါင်းလုပ်မှအောင်သည့် ပွဲလမ်းသဘင် ဖြစ်သည်။ ရခိုင်အမျိုးသားတို့၏ လှေပြိုင်ပွဲကို ရိုးရာမပျက် အမြဲတစေကျင်းပနိုင်ပါစေဟု တောင့်တမျှော်လင့်ကာ နိဂုံးချုပ်လိုက်ပါသတည်း။

အစ်မောင်

# ဆင်အောင်းမအသင်း

ရှေးမင်းတို့ လက်ထက်ဆင်သည် စစ်အင်္ဂါလေးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ယခုဆိုလျှင် သစ်ဝါးထုတ်လုပ်ရေး၌ ဆင်သည် အလွန်အရေးပါအရာ ရောက်လှသည်။ ရခိုင်မင်းလက်ထက်၌ ဆင်ကို မွေးမြူခြင်း၊ ဆင်ဖမ်းခြင်း၊ ဆင် ပွဲသဘင်ကျင်းပခြင်းများ ရှိခဲ့သည်။ ဆင်နီပိုင်သော၊ ဆင်ဖြူပိုင်သောမင်းများပင် ရှိခဲ့သည်။ ထိုမင်းတို့ဆိုလျှင် ဆင်ဖြူသခင်၊ ဆင်နီသခင်မင်းဟူ၍ အမြတ်တနိုး ဘွဲ့တံဆိပ် ခပ်နှိပ်ခဲ့ကြသည်။ ထိုဆင်နှင့်ပတ်သက်၍ အတတ်ပညာသည်များ၊ ဆင်အမှုထမ်းများပင် ထားရှိခဲ့ရသည်။

ဆင်နှင့်ပတ်သက်၍ လေ့လာစရာများကား အများအပြားရှိသည်။ ကျွန်းကမ်း ရပ်၊ တောတောင်ဒေသတို့၌ ဆင်နှင့်သက်ဆိုင်ရာ နေရာဌာနများပင် အမှတ်တရ ရှိနေသေးသည်။ ၎င်းတို့ကားသမိုင်းကို ညွှန်ပြပြောပြနေဘိသည်။ ဆင်မွေးမြူရေး နှင့်ပတ်သက်၍ ရခိုင်ရာဇဝင်တွင် ထင်ရှားသော ကျွန်းရပ်တခုရှိသည်။ ထိုကျွန်းမှာ ယခု စစ်တွေခရိုင်၊ မင်းပြားမြို့၊ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ လေးမြို့မြစ်ဝ ဖြစ်သော ရာမောင်မြစ်၏ တစ်ဘက်ကမ်းမှာပင်ဖြစ်သည်။ ထိုကျွန်းသည် ရာ မောင်ကျွန်း၊ ငစင်ရိုင်းချောင်းကျွန်းဟု ထင်ရှားသည်။ ထိုကျွန်းတွင် ဆင်မြောင်း၊ ဆင်လမ်းတို့သည် ဆင်နှင့်ပတ်သက်၍ သမိုင်းသက်သေခံတို့ပင်တည်း။

ထိုနေရာသို့ ကျွန်ုပ်သည် သမိုင်းတင်ရန် ကိုယ်တွေ့သွားရောက် ကြည့်ရှုလေ့ လာခဲ့သည်။ သင်္ကြန်အလွန်(သင်္ကြန်အပျံ)တွင် ထိုကျွန်း၌ မျက်မှောင်တော်ဘုရား ပွဲ ကျင်းပတိုင်းလည်း ဘုရားဖူးရင်း လေ့လာနိုင်သည်။ ရခိုင်ရာဇဝင်လာ ဆင်အောင်း မသင်း ဖွဲ့ခဲ့ကြောင်းကိုလည်း ထိုဒေသက အခိုင်အမာဖော်ပြနေသည်။ ကျွန်ုပ်တို့ သည် ရာဇဝင်မှတ်တမ်းနှင့်ချည်း ကျေနပ်၍မဖြစ်သေးချေ။ သမိုင်းဖြစ်ရပ် ဒေသဌာန များကိုပါ ကိုယ်တွေ့လေ့လာမှုများပြုရန် လိုအပ်ပေသည်။ သို့မှ ထိုနှစ်ရပ်ကို

ညှိနှိုင်းသုံးသပ်လျက် သုတေသနတင်၍ အခိုင်အမာ လက်ခံရန်ပင်ဖြစ်လေသည်။

ထိုကျွန်းကို သဘာဝအားဖြင့်၊ ဆင်မွေးမြူရန်၊ တောင်တန်းချိုင့်ဝှမ်း၊ အင်း၊ မြောင်းများက ဖန်တီးပေးထားသည်။ သို့မဟုတ် ပြုပြင်ပေးထားသည်။ နှစ်အကြာကပင် ဆင်မွေးမြူခဲ့သော အင်းအိုင်များဖြစ်ခဲ့သော်လည်း၊ ယခုထိပင် မတိမ်ကောသေးချေ။ ထို့ပြင် ယခုထိ နွေရာသီတိုင်အောင်ပင် ရေခန်းခြောက်ခြင်း လုံးဝမရှိချေ။ တောင်နံခြေတလျှောက်တွင် ဆင်သွားလာသော တောင်ကြား၊ လမ်းကျပ်များ၊ ဆင်ကိုရေချရသော ဆင်လမ်း၊ ရေချရာ ရေမြောင်းရေအိုင်များမှာလည်း အထင်အရှားပင် ရှိနေသေးသည်။

ဇေင်ရိုင်းချောင်းကျွန်းကို၊ ရခိုင်မင်းတို့လက်ထက် ဆင်မွေးမြူခြင်းမှုသာမကသေး၊ မြို့တော်၏ အကာအကွယ်အတွက်၊ အဥ္စနနဒီခေါ် လေးမြို့မြစ်တလျှောက်တွင်ချထားရာ၊ ထပ်တာနေရာအဖြစ်လည်း အသုံးပြုခဲ့ရသည်။ ဖါးပြိုကမ်းတွင်ဆိုလျှင် ရေတပ်၊ လေးတပ်၊ သစ်တပ်၊ ကင်းတပ်များပါ ချပေးထားခဲ့ရသည်။ ဖါးပြိုကမ်းဘုရားကျ ဝဲအနီးတလျှောက်တွင် သစ်တပ်များချထားခဲ့ရာ၊ မြေတပ်ဘောင်များ ယခုထိ အထင်အရှား ကျန်ရှိနေသေးသည်။

ထို့ကြောင့် ရခိုင်ရာဇဝင်လင်္ကာတွင် 'ဖပြိုကျွန်း၌၊ တပ်ဝမ်းတပ်ချောင်း၊ တည်ပြီး ယှောင်းမှ'ဟူ၍၎င်း၊ 'နေထတပ်တပ်၊ ဖပြိုတပ်ကို၊ ဝက်ဝက်ကျိုးနွံ၊ တိုက်အုံကြံ သော်'ဟူ၍၎င်း စပ်ဆိုခဲ့လေသည်။ ၎င်းပြင် ထင်ရှားသောဗုဒ္ဓဓါတ်တော်(သလုံးတော်၊ မျက်မှောက်တော်) ဘုရားစေတီမွေသရီများ၊ ကျွန်းဦးစေတီဘုရားအပြင်၊ ရာမောင်နတ်သျှင်မနှင့် ပတ်သက်ရာများပါရှိလေသည်။ ချင်းပျံ၏ဘခင် မြို့သူကြီးသံထွေသည် ဤကျွန်း၌ သူပုန်ဗိုလ်မင်းပြု၍ ခြားနားလျက်နေခဲ့ဘူးသည့် အဖြစ်သနစ်များပါရှိသည်။ ချင်းပျံမှာ ဤကျွန်းတွင် မွေးဖွားသွားသူပင်တည်း။ ချင်းပျံအကြောင်းကိုကား လူတိုင်း သိကြပြီလည်းဖြစ်သည်။

ဤကျွန်းတွင် ရခိုင်ရာဇဝင်၌ ဆင်အမှုထမ်းများကိုပါ၊ ဆင်အောင်းမအသင်းဖွဲ့၍ ချထားခဲ့သည်။ ထိုအသင်း အစုအဖွဲ့သားတို့နေခဲ့ရာ ရပ်ရွာများလည်း၊ မင်းရွာ၊ သင်းပေါင်းချောင်းရွာ၊ အဝရွာစသည့် အမည်ထင်ရှားရှိနေသည်။ ခွဆုံရွာအနောက်ဘက် ရမထော်ရွာ၊ အဝရွာအရှေ့ဘက် ကန်ရွာတို့ကား ရှေးကရပ်ရွာများပင်ဖြစ်သော်လည်း ပျက်ပြိုသွားခဲ့ပြီဖြစ်သည်။ ထိုရွာဟောင်းရာတို့မှ မြေအိုး၊ မြေခွက်၊ မြေဆေးတန်အိုး၊ မြေလင်ပန်းစသော ရှေးလူသုံးပစ္စည်းများ ရရှိကြသည်ဆို၏။ ဆင်အောင်းမသင်းမှာ ဘုရင်မင်း၏ ဌာနဆိုင်ရာအမှုထမ်း အသင်းအပင်း အစုံ့အစုများအနက် အရေးကြီးသော အစုံ့အသင်းတစ်ခုပင် ဖြစ်သည်။

ဤအသင်း၌၊ အရပ်ရပ်မှ ဖမ်းယူခေါ်ဆောင်လာသူ စစ်သုံ့ပန်းတို့အားလည်း

အသင်းတွင် ဖြည့်ထားခြင်းပြုခဲ့လေသည်။ ဥပမာ မြောက်ဦးခေတ် အရှေ့ဘင်္ဂါ၊ သောင်းတီး၊ ဟတ္တိယာစသော ကျွန်းများမှ ဖမ်းမိခံရသော ပေါ်တူဂီဘုရင် ဂျီဖလောင်းတို့အားလည်း တည်ချပေးထားခဲ့သည်။ ၎င်းတို့အား ရခိုင်တို့က 'ဂျိတ်ကေလူမျိုး'ဟုလည်းခေါ်သဖြင့်၊ ၎င်းတို့နေခဲ့ရာ နေရပ်ကိုအစွဲပြု၍၊ ယခုထိ ထိုကျွန်း၌ 'ဂျိတ်ကေတောင်'ဟု ခေါ်တွင်ရှိနေသေးသည်။ ထိုတောင်မှာ ယခု ငစင်ရိုင်းချောင်းကျွန်းရှိ ကျောင်းတောင်မြောက်ဘက် ဆင်မြောင်းအဆုံးတွင်ရှိနေသည်။ တဖန် မင်းစောမွန် (နရမိတ်လှ) အနောက်သူရတန်မှပြန်၍ ထီးနန်းပြန်ရပြီးနောက် ငစင်ရိုင်းချောင်းကျွန်းတွင် တည်ချပေးထားခဲ့သော ရွာများကိုမင်းရွာဟု အမည်တွင်ရှိသေးသည်။ ငစင်ရိုင်းချောင်းကျွန်းဘုရင် မင်း၏ဥယျာဉ်တော် ပါရှိခဲ့ဘူးသည်ဟု ပြောကြသည်။ မင်းစားဝါးဟူ၍ ဝါးတမျိုးပင် တွေ့မြင်လိုက်ရသေးသည်။ ထိုဝါးမှာ ကင်းပိတ်ဖြစ်၍ အလယ်တွင် အခေါင်းအပေါက်မပါဘဲ အသားတုံးအသားခဲပင် ဖြစ်သည်။ ထိုဝါး၏ မျှစ်တုတ်များကို ဟင်းချက်စားရလျှင် အလွန်အရသာသြဇာရှိသည်။ ထို့ကြောင့်ပင် အမြတ်တနိုးဖြင့် မင်းစားသုံးရန်ဟူ၍ ဘုရင်ဥယျာဉ်၌ စိုက်ချထားခဲ့ရသောကြောင့် 'မင်းစားဝါး'ဟူ၍ တွင်ခဲ့သည်။ ဘုရင်သည် ထိုဥယျာဉ်သို့ ခရီးလှည့်ချီရင်းရောက်စဉ်၊ ဥယျာဉ်ထွက်သီးနှံများကို ချက်ပြုတ်စေကာ၊ တည်ခင်းကျွေးမွေးသောတောင်ဖြစ်၍ 'ပွဲတင်တောင်'ဟုပင် ခေါ်တွင်ခြင်းဖြစ်သည်ဆို၏။

ဤကျွန်း၌ မည်သည့် မင်းလက်ထက်ကစ၍၊ ဆင်အောင်းမများ စတင်မွေးမြူခြင်း ပြုခဲ့သည်ကိုကား တပ်အပ်မသိရှိချေ။ သို့သော်လည်း ရခိုင်ရာဇဝင်တွင် မင်းရာဇာကြီး(သက္ကရာဇ်၉၅၅–မှ–၉၇၄)လက်ထက် ဟံသာဝတီပဲခူးကို ချီတက်ခဲ့ရာမှ သိမ်းယူခေါ်ဆောင်လာခဲ့သော တလိုင်းမွန်သုံးသောင်းအနက်မှ ဆင်အောင်းမအသင်းမှာဖြည့်တင်း၍ ငါးစင်ရိုင်းချောင်းကျွန်းတွင် ချပေးခဲ့လေသည်။ ထို့ကြောင့် တလိုင်းတို့ ရပ်ရွာတည်ချနေခဲ့ရာနေရာကို ၎င်းတို့ဘာသာဖြင့် 'ရမထော်ရွာ'ဟုခေါ်တွင်သည်။ ထိုရွာမှာ ယခု ပျက်ပြုသွားခဲ့ပေပြီးဖြစ်သည်။ ဂေါစာသက္ကရာဇ် ၁၀၇၀–တွင် ရခိုင်မင်းဖြစ်သော ကျိန်တုံးညိုမင်းခေါ် စန္ဒဝိဇယရာဇာ တန္တဗိုလ်မင်းလက်ထက်လည်း အရှေ့ပြည်သို့ ချီတက်တိုက်ခိုက်ရာမှ သိမ်းယူရရှိခဲ့သော တလိုင်း၊ မြန်မာတို့ကို ဤကျွန်း၌ရပ်ရွာတည်၍ အထိန်းထည့်ကာ ချပေးထားခဲ့ဘူးသည်။ ဤရခိုင်ရာဇဝင်အရ ကျွန်း၏လူနေရပ်ရွာမှုသည် ရခိုင်မင်းလက်ထက် အစီရင်ပင်ဖြစ်သည်။ ယခု ဤကျွန်းတွင် လူနေရပ်ရွာ ၁၆–ရွာထိရှိသည်။ ရခိုင်ရပ်ရွာများအပြင် ချင်းအမျိုးသားရပ်ရွာများလည်း တည်ရှိသည်။

## ဆင်အောင်းမသင်းဖွဲ့

ရခိုင်မင်းလက်ထက်၊ ဆင်ရိုင်းများကို ဖမ်းယူ၍ နိုင်ငံတော်ကာကွယ်ရေးအတွက် ဆင်တပ်ဖွဲ့ခြင်း၊ ဣန္ဒိယစသော နိုင်ငံများအား ဆင်များကိုရောင်းချခြင်းဖြင့် အသုံးပြုခဲ့သည်။ ဆင်ရိုင်းများကိုဖမ်းရန် တည်ဆင်အဖြစ် အောင်းမများကို မွေးမြူထားရသည်။ ၎င်းအောင်းမကို 'ပေါက်'ဟုလည်း ခေါ်သည်။ ယင်းသို့ ဆင်ရိုင်းကို တည်ယူရန် ယဉ်ပါးအောင်လုပ်ထားသော ဆင်မယဉ်သာအောင်းမတို့ကို ထိန်းကျောင်းမွေးမြူခဲ့လေသည်။ ယင်းသို့ မွေးမြူရသောအရပ်တို့တွင် ဤကျွန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဆင်နှင့်ပတ်သက်သော အခြားအလားတူဌာနများလည်းရှိသေးရာ လေ့လာသင့်ကြသေးသည်။

၎င်းဆင် ထိန်းကျောင်းသူများအား၊ မိသားစု အိမ်ထောင်သည်အလိုက် အစုအသင်းဖွဲ့၍ မင်း၏အမှုတော်ထမ်း ဖြစ်စေသည်။ ၎င်း အမှုတော်ထမ်း အသင်းဖွဲ့ကို 'ဆင်အောင်းမအသင်း'ဟုခေါ်သည်။ ထိုဆင်အောင်းမအသင်းဝင် အမှုထမ်းများသည် ဤငစင်ရိုင်းချောင်းကျွန်းစသော အသင်းအစုဖွဲ့ချရာဌာန၌ နေထိုင်ကြရပြီး ဆင်အောင်းမများကို ထိန်းကျောင်းမွေးမြူရခြင်း ပြုလေသည်။ ထို့ကြောင့် ဆင်အောင်းမများကို ရေချိုးရန်၊ ရေချရန်၊ ကျောင်းထိန်းရန် ယူသွားရသောလမ်းများကို 'ဆင်လမ်း'ဟူ၍ ယခုထိ ခေါ်တွင်ရှိသေးသည်။ ထိုလမ်းမှာ ရာမောင်တောင်တန်း တောင်ခြေရင်းတလျှောက် တောင်ကြားလမ်းပင်ဖြစ်သည်။

ထိုဆင်အောင်းမတို့ကို၊ ရေချိုးရန်၊ ရေချရန်၊ ရေတိုက်ရန်အတွက် တဖက်ဆည်မြောင်းကြီးများ၊ တောင်ကြားချိုင့်ဝှမ်းကြီးများလည်း ယခုထိ ရေပြည့်လျှံလျက်ရှိနေသေးသည်။ ကျောင်းတောင်အရှေ့ဖက် မြောင်းကြီးနှင့် မင်းရွာအရှေ့ဖက် သလုံးတော်ခါတ်ပတ်လည်ရှိ မြောင်းကြီးများမှာ၊ ဆင်များအတွက် အသုံးပြုခဲ့ရာဖြစ်ပေသည်။ တောင်ချိုင့်ဝှမ်းများကို သဘာဝအလျောက် တူးဖေါ်ဆည်ဖို့ ပြုပြင်ထား၍ ရေအိုင်ဝှမ်းကြီးများဖြစ်နေသည်။

ဆင်နှင့်ပတ်သက်၍ ဆင်အမျိုးအစား၊ ဆင်ဖမ်းပုံ၊ ဆင်ပွဲသဘင်စသည်တို့ကို အကျဉ်းဖေါ်ပြလိုသည်။ ဆင်သည် အမျိုးအစားအားဖြင့် ခွဲခြားလျက်ရှိလေသည်။

ဆင်မျိုးရိုးသည်-

| | |
|---|---|
| ၁။ ပေါက်မ(အောင်းမ) | ၃။ ဟန် |
| ၂။ ဟိုင်း | ၄။ တေ |

ယင်းသို့ ဆင်မျိုးရိုး ကွဲပြားလေသည်။

ပေါက်မခေါ် အောင်းမသည် ဆင်အရိုင်းကိုတည်ယူရန် ယဉ်ပါးအောင်လုပ်ထားသော၊ ဆင်မယဉ်သာ အမျိုးအရိုးဖြစ်သည်။

ဟိုင်းအမျိုးမှာ အစွယ်မထွက်။ ထွက်သော်လည်း၊ ပါးစပ်တွင်းထဲတွင်ပင် ငှက်ပျောဖူးငုံဟန် တည်ရှိသည်။

ဟန်အမျိုးအစားမှာ၊ အင်္ဂါလက္ခဏာပြည့်စုံသော မင်းစီးရန် လျောက်ပတ်သည့် ဆင်တော်မျိုးဖြစ်သည်။

တေအမျိုးကား– အစွယ်တစ်ချောင်းတည်းထွက်သော ဆင်မျိုးတည်း။

၎င်းပြင် ပါဠိတော်ကျမ်းဂန်တို့၌လာသော ကာဠာဝကဆင်၊ ဂင်္ဂေယျဆင်၊ ပဏ္ဍရဆင်၊ တမ္ဗရဆင်၊ မိင်္ဂလဆင်၊ ဂန္ဓဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆဒ္ဒန္တဆင်ဟူ၍ ဆင်ဆယ်မျိုးရှိသည်။

ယင်း 'ကာဠာဝက'သည် ဆင်မျိုးတို့တွင် ဥပပေါသထဆင်မျိုးနှင့် ဆဒ္ဒန္တမျိုးသည် ဆင်ဖြူမျိုးဖြစ်လေသည်။ ကျန်ဆင်ရှစ်မျိုးမှာကား–ဆင်မဲမျိုးဖြစ်လေသည်။

၎င်းဆင်မဲမျိုးအနက်မှ 'တမ္ဗ'ခေါ်ဆင်မျိုးသည် အသက်ရာကျော်လျှင် အမွေးဖြူ၍ ဆင်ဖြူအဖြစ်သို့ရောက်သည်။ ဥပမာ–လူတို့ဦးခေါင်းတွင် ဆံဖြူဘိသကဲ့သို့ ဖြူခြင်းဖြစ်သည်။ ယင်းသို့ဖြူခြင်းကို 'ဆင်နီ'ဟုခေါ်သည်။ ယင်းနောက် တမ္ဗမျိုးဆင်မျိုးတို့မှာ အိုမင်း၍ဖြူသော အရောင်အသွေးကဲ့သို့ ဆင်ဖြူခေါ် ဆင်နီမျိုးကို ရန်ဖန်ရန်ခါ မွေးဖွားလေ့ရှိသည်။ ၎င်းကို 'ဆင်နီစစ်စစ်'ဟုခေါ်သည်။ ဘုန်းကြီးသော မင်းတို့လက်ထက်ကျမှ ရေ့ဘုန်းရေ့ကံကြောင့် ဆင်ဖြူဆင်နီကို ခွဲခြမ်းသိ စိမ့်အံ့သောငှါ ပြိုင်၍ မွေးဖွားလေ့ရှိသည်။

## အရောင်အဆင်း

ဥပေါသထ၊ ဆဒ္ဒန္တတို့၏ အရောင်မှာ၊ နွားနို့သစ်အဆင်း၊ ခရုသင်းပွတ်သစ်စအဆင်း၊ ပျက်သစ်စပုလဲ အဆင်းတို့ကဲ့သို့၊ ဖြူဖြူဖွေးပြီး၊ အာဘောင်စွေးစွေးနီရဲခြင်း၊ ခြေသည်းလက်သည်းနီရဲခြင်း၊ ခြေဖဝါးလက်ဖဝါးနီရဲခြင်း၊ ဥကင်းရေကမုတ်ကဲ့သို့ကျခြင်း၊ နှာမောင်းနှစ်ခွေခံ၍ မြေသို့ထောက်ခြင်း၊ မြီးဆံကန်ကောက်မှ လွှတ်၍ကျခြင်း၊ မဲသောအမွေးမျိုး အမှင်ငယ်တမှင်မျှမပါရှိခြင်း၊ မျက်ရစ်နက်ခြင်း၊ မျက်တွင်းနီခြင်း၊ မျက်လုံးဖြူခြင်း၊ မျက်နှာမဲခြင်း။ ၁။လက်ခြေ။ ၂။ နှာမောင်း။ ၃။ ကိုယ်။ ၄။ အမြီး။ ၅။ အစွယ်။ ဤသို့ဖြိုးခြင်းငါးပါးတို့သည် အဖုအဆစ်မရှိ ဖြိုးဝေခြင်းရှိလေသည်။

ဆင်နီမျိုးတွင်၊ ကိုယ်လုံးကျွတ်ဖြူသော်လည်း၊ ချက်ပြီးသော နွားနို့အဆင်းရှိခြင်း။ ကြောမွေးအစရှိသော အမှင်ပေါက်ရာတို့၌၊ မဲသောအမွေးအမှင်ပေါက်ခြင်း၊ ခြေသည်းလက်သည်း မနီမြန်းခြင်း၊ ဖော်ပြပါလက်ခြေ၊ နှာမောင်း၊ ကိုယ်၊ အမြီး၊ အစွယ်ဟူသော အဖြိုးငါးပါးမညီခြင်း၊ သာမန်ဆင်တို့၏ ကိုယ်နှင့်တူခြင်း။ ဤသို့

အင်္ဂါလက္ခဏာ ကွဲပြားလေသည်။

## ခွန်အားနှင့်သတ္တိ

ဆင်ဖြူနှစ်မျိုးသည် ဆင်နက်ဆယ်စီးအားကို ဆောင်နိုင်လေသည်။ ဆင်နီတမျိုးသည် ဆင်နက်နှစ်စီးအားကို ဆောင်နိုင်လေသည်။ ဆင်ဖြူဆင်နီ နှစ်မျိုးစုံလုံးတို့သည် စစ်မြေပြင်အရပ်သို့ ရောက်သည်ရှိသော် ထောင်သောင်းမကသော စစ်အင်္ဂါလေးမျိုးတို့ကို ရင်ဆိုင်ဘိငြားရသော်လည်း ကြောက်ရွံ့ခြင်းစိတ် အလျဉ်းမရှိချေ။ မိမိအသျှင်ဦးစီးနှင့် ပဲ့ချိပ်နှစ်ဦးမှတပါး၊ မည်သည့်အခြားပုဂ္ဂိုလ်ကိုမှ စီးခွင့်မပြုပေ။ ဆင်ထိန်းကို ရခိုင်က 'ဒရကာ'ခေါ်ပါသည်။ ပေါင်းသင်းရာ၌လည်း မိမိအမျိုးမှတပါး အခြားဆင်မျိုးနှင့်မပေါင်းသင်း၊ ဆက်ဆံလည်းမပြု၊ ဝယ်ယူ၍လည်းမရ၊ ဖမ်း၍လည်း ရခဲသည်။ မည်မျှပင်ဆင်ကျုံးသွင်း၍ ဖမ်းမိငြားသော်လည်း၊ မစားမသောက်နေပြီးလျှင် မိမိနှာမောင်းကို မိမိနင်း၍ အသေခံသွားရာလေသည်။ ထို့ကြောင့် ဘုန်းကြီး၍တရားသော မင်းကောင်းစိုးကောင်းတို့ ပေါ်ပေါက်လာသောအခါမှသာလျှင် ဘုန်းကံအလျောက် ဤဆင်မျိုးတို့ပေါ်ရှိလာ တတ်နိုင်ပေရာသည်။

ရခိုင်ပညာရှိအမတ်ကြီး ဝိမလကျော်သည်၊ ဆင်ဖြူမျိုးဖြစ်သော ဆဒ္ဒန္တဆင်မျိုး၏ အရောင်အဆင်းလက္ခဏာ ဂုဏ်သတ္တိတို့ကို ဘုရင်မင်းဇာကြီးအား လင်္ကာဖြင့်လျှောက်ထုံးပြုခဲ့သော မှတ်တမ်းအထင်အရှားရှိသည်။ အောက်၌ ဖော်ပြပေအံ့။

'ကာဠာသက၊ ဂင်္ဂေယျနှင့်၊ ကဏ္ဍုရခေါ်၊ ပေါက်ကျော်တမ္ဗပိင်္ဂလဟု၊ စသည်ကျော်ဟိုး၊ ဆင်ဆယ်မျိုးထက်၊ တန်ခိုးအလွန်ဆဒ္ဒန်ပြောင်မြတ်၊ ပတ်ရတ်ညီစွာ၊ လက္ခဏာကား၊ သန္တာစွယ်ရောင်၊ အာဘောင်ဖွေးဖွေး၊ ဖွေးဖွေးဖြူစင်၊ ငွေသွင်အလား၊ စွယ်ဖျားအညီ၊ လကျ်ာရစ်၍၊ နာရီနှင့်ဖက်၊ နားရွက်နားနု၊ မစုမညွတ်၊ သရပတ်သို့၊ မပြတ်မစောက်၊ နောက်ရှေ့ဦးကင်း၊ မစင်းမကုန်း၊ ကိုယ်လုံးကျော့ရှင်း၊ ရေဆင်းညာတင်၊ လေးခွင်စက်ဝန်း၊ မချွန်းမပု၊ ရှစ်ခုအစွန်း၊ လဝန်းသဏ္ဌာန်၊ မင်ရေခံသို့၊ အသံသွန်နည်း၊ ရေကြည်နှစ်သွယ်၊ ညာဘယ်မရွေး၊ အပြေးအသွား၊ နဂါးဦးချီ၊ ရာသီသုံးမည်၊ ငါးတည်သုံးချက်၊ မုန်သက်မကြူး၊ ထိတ်ဦးလည်တိုင်၊ ကြံ့ခိုင်စွမ်းသွန်၊ ရဲမာန်တည်းတည်း၊ ခြေသည်းနေချက်၊ ကျောက်မျက်နီလာ၊ ပမာမခြား၊ နှာမောင်းဖျားတွင်၊ ပဒ္မမြားရိပ်၊ အရောင်ဖိတ်သို့၊ အအိပ်သုံးထွေ၊ အနေလေးပါး၊ အစားသုံးချက်၊ မကွက်မသန်း၊ တောင်ကျွန်းဇမ္ဗူ၊ ဆင်ဟူသမျှ၊ မာနမပြိုင်၊ ဦးဆိုင်မတန့်၊ ကြောက်လန့်ယှောင်ပြေး၊ မြသွေးနှာချပ်၊ ပြီးခပ်ရာဟု၊ စက္ခုတော်မြဲ၊ ပလဲအာနီ၊ စုံညီမယွင်း၊ ဆင်များမင်းကား၊ နေ့ချင်းမလောက်၊ ခြောက်ဆယ်ခန့်

ကွာ၊ ယူဇနာကို၊ မကြာလျှင်မြန်၊ နေ့ချင်းပြန်သည်’

## ဆင်ဖြူသခင်၊ ဆင်နီသခင်များ

ရခိုင်တွင် အထင်အရှားတွေ့ရသည်မှာ ငွေဒင်္ဂါးတို့တွင်၊ ဆင်ဖြူသခင်၊ဆင်နီသခင်ဟူ၍ အကြီးအကျယ်ခတ်နှိပ်ခဲ့သည်။ ရခိုင်ထိုးကျောက်စာတို့၌လည်း အများအပြားတွေ့ရှိရသည်။ ရှင်ထွေကောင်းမှုကျောက်စာတွင် ဆင်ဖြူသခင်၊ဆင်နီသခင်ဟူ၍ အထင်အရှား ရေးထိုးချက်တွေ့နိုင်၏။ ဆင်ကို ရခိုင်တွင် အကြီးအကျယ်အသုံးပြုခဲ့သဖြင့် ဆင်နှင့်ဆိုင်ရာ ဆင်ကြိန်ကျမ်းများ၊ ဆင်ကြိန်အင်လက္ခဏာကို တတ်ကျွမ်းသော မှူးကြီးမတ်ကြီးများနေရာ၊ ကျွန်းကမ်းကို ဆင်ကြိန်ကျွန်းဟု ယနေ့တိုင် ခေါ်တွင်ရှိသေးသည်။ ၎င်းဆင်တို့ကို ရခိုင်အဥ္စနနဒီခေါ် လေးမြို့မြစ်အရှေ့ဘက်ကမ်းခြေ၊ တောင်ရင်းကျွန်း၊ ပြားကျွန်းတို့၌တရပ်၊ ရိုးမတောင်ခြေ မော်တင်အနီး မော်ရုံတောကြီးမှစ၍ ရခိုင်ရိုးမတောင်တလျှောက် အရှေ့ဘင်္ဂလားနယ်တောင်တန်းအဆုံးအထိ၊ ဆင်နှင့်စပ်ဆိုင်သောရပ်ရွာ၊ တောတောင်အမည်နာမများမြောက်မြားစွာရှိသည်။ ဆင်အိုး၊ ဆင်ကူးလမ်း၊ ဆင်ချဆိပ်၊ အရပ်ဌာနအမည်များလည်း ယခုထိ ခေါ်တွင်ရှိသေး၏။ ရခိုင်ပြည်နယ်တွင် စိုပြေစိမ်းလန်းသောသစ်ဝါးတောကြီးများ ပြည့်နှက်နေသဖြင့် ဆင်စာရေစာလည်း ပေါများလှသည်ဖြစ်သဖြင့်၊ ဆင်များ အကြီးအကျယ်ဖြစ်ထွန်းခဲ့ရလေသည်။ အရှေ့ပါကစ္စတန်ကမ်းခြေအဝင်ဖြစ်နေသော နတ်မြစ်အနောက်ဘက်ကမ်း ဘင်္ဂလားကမ်းမြောင်တလျှောက်တောင်တန်းတို့မှ သုံးနှစ်တစ်ကြိမ်စသည်ဖြင့် အစိုးရကကုမ္ပဏီတို့အား ဆင်ဖမ်းခွင့်အမိန့်ပေး၍ ဖမ်းယူစေရာ၊ ဆင်အများအပြားကို ဖမ်းရလေသည်။ ထိုနယ်တွင်ဆင်များ ဤမျှ ဖမ်းမကုန်အောင် ပေါများခြင်းမှာလည်း ရခိုင်ကမ်းမှ(မယူတောင်၊ မင်္ဂလာကြီးတောင်၊ စိုင်းတင်တောင်စသည်) တောင်တောတို့က ဆင်များ မပြတ်ကူးသွား ပေါက်ရောက်ဆက်သွယ်နေလေ့ရှိသည်ဟု ထိုနယ်ရှိရခိုင်များက ပြောဆိုကြသည်။ ထိုကြောင့်ပင်လျှင် မည်မျှမကြီးမား မရှည်လျားလှသော ထိုတောတောင်တို့က မပြတ် ဆင်ဖမ်းရယူနိုင်ကြသည်ကို အံ့သြသင့်မိသည်။ ထိုကြောင့် ရခိုင်နယ်ဖက်မှဆင်များ မကူးမသွားနိုင်ရန်အပြင် ဆင်ထိန်းသိမ်းရေး၊ မွေးမြူရေးတို့ကို စနစ်တကျ ထိန်းသိမ်းမွေးမြူ စောင့်ရှောက်သင့်ပေပြီးဖြစ်သည်။ ဆင်များသည် အုပ်စုခေါင်းဆောင်ပြု၍ နယ်ပယ်ကျက်စားရာကိုရှာဖွေလျက် တာပိုင်၊တောပိုင်သဘောဖြင့် နေလေ့ရှိသည်။

## ဆင်ဖမ်းခြင်း

ဆင်ဖမ်းခြင်းကို ရခိုင်မင်းလက်ထက်ကပင် ပြုလုပ်ခဲ့လေသည်။ အောင်းမဝန်ကြီး၊ အမတ်တော်ဆင်ကဲကြီး၊ ဆင်ထိန်းအစရှိသောမှူးကြီးမတ်ရာတို့သည် ဆင်တပ်မတော်ကိုလည်း အုပ်ချုပ်ရသည်။ ဆင်ရိုင်းများကိုလည်းဖမ်းရသည်။ ရခိုင်ဇာတိဝံသမော်ကွန်းစာ၌ ဆင်ဝန်ကြီးမှာ၊ မင်းတိုင်ပင် အမတ်ကြီးလေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သည်ဟု ဖော်ပြထားသည်။ ဆင်ဖမ်းပုံမှာ အခြားသောမှူးကြီးမတ်ရာတို့ထက် အောင်းမဝန်ကြီးကဦးစီး၍ ဆောင်ရွက်ရသည်။ ၎င်းအောင်းမဝန်ကြီးကို 'အောင်းမချ'ဟူ၍လည်း ခေါ်တွင်သည်။ အောင်းမချသည် ကြီးစွာသောဆင်အိုးကိုပြုလုပ်ရသည်။

ဆင်အိုးဆိုသည်မှာ ပတ်ပတ်လည်ရံထားသော တောင်ကြားတခုကို နက်စွာတူးရသည်။ ထွက်ပေါက်ဝင်ပေါက်တို့တွင် ပြိုင်း၊ အင်ကြင်းအစရှိသော သစ်မာသစ်တိုင်ကြီးတို့ဖြင့် နှစ်ထပ်ကျ စိုက်ထူကာရံထားသည်။ ယင်းသို့သစ်တိုင်ကြီးတို့ကို တံခါးလုပ်၍၎င်း၊ တောခြုံရစ်၍၎င်း ဖုံးလွှမ်းထားရသည်။ အစောင့်အနေတို့သည် တောင်မြင့်တခုမှ ဦးမှင်ပြု၍ စောင့်ကြပ်နေရသည်။ ၎င်းတို့နေသောနေရာမှာ တောင်ကို ရှက်ထားသောနေရာဖြစ်သည်။ ဆင်ကျုံးသို့လာမည့် ခရီးတလျှောက်၊ တောင်ကြားတောင်ထပ်တို့တွင်လည်း ဆယ်ဖို့ရာကို ဆယ်ဖို့ထားရသည်။ တချို့နေရာတွင် ထွက်ပေါက်သဏ္ဍာန်ကဲ့သို့ တောင်ကြားလုပ်ထားသည်။ ၎င်းကို 'ဆင်ကျပ်'ဟုခေါ်သည်။ အောင်းမဖြင့်လှည့်စား၍ သွင်းယူသောဆင်တို့ကို ဆင်အိုးဆင်ကျုံးသို့မသွင်းမီ ပြင်ဆင်ထားသော တောင်ကြားတို့၌ လှောင်မိသောအခါ၊ အမတ်တော်ဆင်ကဲကြီးက အကဲခပ်ကြည့်ရှုရသည်။ သွင်းထားသော ဆင်တို့တွင် ကြမ်းသောဆင်မျိုးပါရှိခဲ့သော်၊ ဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သဖြင့်၊ ထိုဆင်မျိုးကို ကျုံးသွင်းရာတွင်မသွင်းစေလေ။ သွင်းခဲ့သော် ကျုံးတွင်းရှိ ဆင်အပေါင်းသေရမည်ဖြစ်သည်။

ယင်းသို့ ဆင်ကြမ်း၊ဆင်သွမ်းသည် တေအမျိုးဆင်မှ များစွာဖြစ်ထွန်းတတ်သည်။ တေအမျိုးကောင်းကို လူသုံးရန်ရသည်။ ကြမ်းတမ်းသော တေအမျိုးကို လူသုံးရန်မရသဖြင့်၊ ရှေးရခိုင်ကျမ်းတို့တွင် 'ဆင်တေလူး'ဟူ၍ ခေါ်သည်။ ၎င်းကို မှီငြမ်းပြု၍ ကျောက်မျက်ရတနာတွင်လည်း ကျောက်တေလူးကို၎င်း၊ ကြက်အမျိုးတွင်လည်း ကြက်တေလူးကို၎င်း မသုံးအပ်ဟု လာရှိသည်။ မြန်မာတို့တွင် ဦးချိုကုပ်ကွေ့သည့်ကျွဲနွားကို တေလူးဟုခေါ်သည်။ ရခိုင်တို့တွင် ဆိုးသွမ်းသည်ကိုသာ 'တေလူး'ဟုခေါ်သည်။

## ဆင်အိုး

ဆင်ဖမ်းရန်အတွက် ဆင်အိုးလည်းနှစ်မျိုးနှစ်စားရှိသည်။ တမျိုးမှာ အရိုင်းကို အောင်းမဖြင့်ကျော့သွင်းသော ဆင်အိုးများဖြစ်သည်။ မြို့ဟောင်းမြို့နယ် အဠုန နဒီ အရှေ့ဘက်ကမ်းခြေ ဂုံကျွန်းနှင့် ဖြုတ်ချောင်းရွာအကြားတွင် အောင်းမချပြင် အောင်းမကွင်းဟူ၍ ယနေ့ထိရှိသေး၏။

နောက်တမျိုးမှာကား ဖမ်းရှိပြီးသောဆင်များကို လှောင်၍ယဉ်ပါးအောင် လုပ်သောဌာနဖြစ်သည်။ ၎င်းတို့မှာ သစ်တိုင်ကြီးများဖြင့်ကာရံပြီးလျှင် မြေကို ကျင်းကြီးတူး၍ ထည့်ထားသည်။ ဆင်ကောင်ရေအရေအတွက်အလိုက် ကျင်းအိုးမှာ ကြီးလေသည်။ ထိုဆင်အိုးတို့၌ ဆင်များကိုယဉ်ပါးစေခြင်း၊ လုံဒါးပစ်ခံအတတ် စသည်များကို သင်ကြားပေးခြင်းတို့ ပြုခဲ့လေသည်။ ဆင်ဖမ်းပွဲသို့ ဘုရင်မင်း ကိုယ်တိုင်လည်း သွားရောက်ကြည့်ရှုလေ့ရှိသည်။ ယခုသံတွဲမြို့နယ်တို့တွင် ရိုး ရာဆင်အိုးငယ်များဖြင့် ဆင်ဖမ်းစနစ်မပျက် ပြုလေ့ရှိသေးသည်။

## ဆင်ပွဲသဘင်

ရခိုင်မင်းလက်ထက်တွင် ဆင်မြင်းအစရှိသည်တို့ကို သဘင်ပွဲကျင်းပပေးသည်။ နတ်တော်လတွင် ထိုသဘင်ပွဲကျင်းပ၍ ပြသလေ့ရှိသည်။ ဆင်ပွဲသဘင်သို့ ဘုရင်နှင့်တကွ ပြည်သူများ ကြည့်ရှုကြသည်။ ထိုသဘင်ပွဲ၌ အကောင်းဆုံး၊ ပညာအ သာဆုံးဖြစ်သူတို့အား မ,စချီးမြှောက်ကာ သူကောင်းပြုလေသည်။

ဤပွဲသဘင်မှ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ လေးအာဇာနည်၊ ဒိုင်းသူရဲ အာဇာနည်တို့ကို မွေးထုတ်ယူလေသည်။ ဤသဘင် ခင်းကျင်းပြသရာနေရာမှာ မြို့ဟောင်းမြို့အတွင်း ရတနာမာရ်အောင်ဘုရား အရှေ့ဖက်တွင်ရှိသည်။ ပွဲကြည့်စင် များလည်း ကျောက်ခင်း၍ အဆင့်ဆင့်စီတန်းကာ (အောင်ဆန်းကွင်း၊ ပွဲကြည့်စင် လှေခါးထစ် အဆင့်ဆင့်ပြုထားသကဲ့သို့) ယခုထိ လက်ရာတွေ့ရှိရသေးသည်။

ယင်းသို့ သဘင်သို့ဝင်ရန် ဆင်များကို နေ့စဉ်သင်ကြားထားသော ဆင်သျှင်၊ မြင်းသျှင်တို့က ကိုယ်တိုင်အတတ်ပညာစွမ်း ပြသရသည်။ ဆင်တိုက်ပွဲပြုနေပုံ၊ ပုံဟန်များကို သျှစ်သောင်းဘုရားသိမ်တွင် ထွင်းထုချက်တွေ့နိုင်သည်။ ရှေးခေတ် ရခိုင်တို့သည် အကြောင်းမဲ့ အလဟဿမနေခဲ့ကြ။ သွမ်းတီးသော ကစားခုန်စားမှု များကိုလည်း ပြုလေ့မရှိခဲ့။ နံနက်ညနေတိုင်းတို့တွင် မိမိတို့ဆင်မြင်းများကို ဓါး ပစ်၊လုံပစ်အတတ်တို့ဖြင့် သင်ကြားနေသည်။ ထိုသို့ သင်ကြားပြသရာဌာန မြောက် ဦးမြို့တော်(ယခု မြို့ဟောင်းမြို့) အရှေ့ဘက် လေသာတောင်ခံတပ်မှသည် မြောက် သို့၊ ပုဏ္ဏားမြောင်းထိ၊ တောင်အဘို့တွင် မောင်းဆွဲဓါတ်တော်တောင်ထိ၊ တောင်ကြား

တို့ကို ဆင်အိုးငယ်ပြုလုပ်၍ သင်ကြားလေ့ရှိကြသည်။

မိမိဆင်တို့အား လှံချက်၊ဓါးချက်ပစ် ခံနိုင်စွမ်းရှိစေရသည်။ လှံချက်၊ ဓါးချက် တခုမှသည် တစ်ဆယ်၊ တစ်ဆယ်မှသည် တစ်ရာ၊ တစ်ရာမှသည် ငါးရာ၊ တစ်ထောင်ထိ ပစ်နိုင်စွမ်းရှိခြင်း၊ ခံနိုင်စွမ်းရှိခြင်းဖြင့် ဆင်မျိုးတို့ကို တိုးတက်စေလာသည်။ မင်းထီး၏ စီးတော်ဆင်ငရဲခက်သည် လှံချက်တစ်ထောင်ပိုင်သည်။ မင်းဗာကြီး၏ စီးတော်ဆင်ဗိဝစိုးသည် လှံချက်ငါးရာပိုင်သည်။

၎င်းဆင်တို့သည် ရန်သူပစ်လိုက်သောလှံချက်တို့ကို ပဒေသာပင်တွင် ဖယောင်းတိုင် ဆွဲဘိသကဲ့သို့ တွဲရရွဲကျစေပြီးမှ မိမိနှာမောင်းဖြင့် ဆယ်စင်းဖြစ်စေ၊ သိမ်းကျုံး၍ယူပြီးလျှင်၊ တဖက်ရန်သူကို ပြန်လည်ပစ်နိုင်စွမ်းရှိလေသည်။ ယင်းသို့ အပစ်ခံနိုင်ရန်လည်း၊ ဆင်၏ ကိုယ်ခန္ဓာတွင် ကိုယ်ခံတပ်ဆင်ထားလေသည်။ ကိုယ်ခံအဖြစ် ဖေါ့လုံးဖေါင်းဝင်တို့ကို အတွင်းကခံ၍ ကိုယ်လွှမ်းချုံစေသည်။ ဆင်၏ အတပ်ပညာ ဆင်တပ်ကာ အင်အားတို့ကြောင့်လည်း ကုလားစူလတန် မဂိုမင်းများသည် ရခိုင်မင်းစစ်တပ်ကို အလွန်ကြောက်ရွံ့ခဲ့ကြလေသည်။ မင်းစောမွန် စူလတန်နေပြည်တွင်နေခဲ့စဉ် ဆင်ကို ကျုံးချခြင်း၊ ရေတိုက်ခြင်းစသော အတတ်ပညာများကို သင်ကြားပေးခဲ့ရသေးသည်။

ဖေါ်ပြပါဆင်နှင့်ပတ်သက်၍ ကြန်အင်လက္ခဏာ ဆင်ဖမ်းဆင်လိုက်ပုံ အခြင်းအရာတို့သည် အလွန်ကျယ်ဝန်းစွာ ဆိုထားချက်ရှိရာ ဆင်ကြန်ကျမ်းကို လေ့လာမှ ပိုမိုရှင်းလင်းမည်ဖြစ်သည်။ ယခုအခါတွင် သိပ္ပံပညာထွန်းကားလာသဖြင့် ဆင်ဖမ်းရန်လွယ်ကူလေပြီ၊ လျှပ်သွား မိုးကြိုးသွား တပ်ဆင်ထားသော ကိရိယာတို့ဖြင့် ဆင်ကိုပြရုံမျှနှင့် ဦးခေါင်းငိုက်ဆိုက်ကျတော့သည်။ ဖမ်းရန်မကြာခင် ဆေးဝါးဓါတုဗေဒ အစားအစာကျွေးခြင်းတို့ဖြင့်လည်း ယဉ်ပါးစေနိုင်လေသည်။ ဆင်ကိုအတိုင်းတိုင်းအပြည်ပြည်တွင် ဥပဒေပြုပြဋ္ဌာန်းထားရှိသည်။ အစိုးရအမိန့်အာဏာ အခွင့်မရဘဲ ဖမ်းဆီးခြင်း၊ ပစ်သတ်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်းမပြုရတော့ပြီ။ သစ်လုပ်ငန်းတို့၌ ဆင်သည် အရေးပါဆုံးပြုနေရသည်။ ဆင်တကောင်၏ တန်ဘိုးသည်လည်း များစွာရှိသည်။

ရခိုင်မင်းလက်ထက်–ဆင်ဖမ်းပုံ၊ ဆင်နှင့်အသုံးချပုံမှာ ဖေါ်ပြပါဆင်အောင်းမအသင်းက ဆင်မွေးမြူပေးခြင်း၊ ထိုအောင်းမတို့ဖြင့်လှည့်စား၍ ဖမ်းခြင်း၊ ဆင်ပွဲကျင်းပခြင်းဖြင့် ဆင်များ ဖွံ့ဖြိုးစွာပေါများရနိုင်ခြင်း၊ ဆင်အတတ် ဆင်နှင့်ဆိုင်ရာ ဗဟုသုတများ တိုးတက်လာခြင်းဖြစ်ခဲ့ရသည်။ ထို့ကြောင့် ရခိုင်မင်းလက်ထက်တွင် ဆင်အောင်းမအသင်းသည် သေးငယ်သောအသင်း မဟုတ်ချေ၊ ၎င်းတို့၏ လုပ်ငန်းတာဝန်မှာလည်း ကြီးလေးလှရာ ဌာနဆိုင်ရာလုပ်ငန်းရပ်တွင် အရေးပါပုံအသင်း

ဖြစ်ကြောင်း လေ့လာသိရှိနိုင်ပေသည်။ ၎င်းပြင် ယခုခေတ် အစိုးရလုပ်ငန်းဆိုင်ရာတို့၌ အမှုထမ်းဆိုင်ရာ ဌာနစိတ်ဖွဲ့စည်းလုပ်ကိုင်သကဲ့သို့ ရှေးရခိုင်မင်း လက်ထက်ကလည်း၊ အမှုထမ်းစိတ်၊ ဌာနစိတ်လုပ်ငန်းများရှိခဲ့ကြောင်း နှိုင်းယှဉ်သိသာနိုင်ပေသည်။ ပိုမိုစုံလင်သော ဘုရင်ခေတ် အမှုထမ်း အစို့အစုလုပ်ငန်းဆိုင်ရာ အဖွဲ့အသင်းများကို ကျွန်ုပ်လေ့လာရရှိသော 'ရခိုင်မင်းခေတ် အစို့အစုအသင်းအပင်း ဖွဲ့စည်းပုံများစာတမ်း'တွင် အကျယ်လေ့လာနိုင်ကြ ပေရာသတည်း။

အသျှင်စက္ကိန္ဒ
၂၅–၁၀–၁၉၆၇

# အရှေ့တောင်အာရှတိုက် ဒဂၢါးသမိုင်း

## အရှေ့တောင်အာရှတိုက်

မြန်မာနိုင်ငံ၊ မလေးရှား၊ စင်္ကာပူရ်၊ အင်ဒိုနီးရှား၊ ဖိလိပိုင်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်ပါဝင်သော အာရှတိုက်အရှေ့တောင်ပိုင်းကို လူ့သမိုင်းသုတေသီတို့သည် 'အရှေ့တောင်–အာရှတိုက်'ဟူ၍ သမုတ်ကြကုန်၏။ ထိုကြောင့် 'အရှေ့တောင်အာရှတိုက် ဒင်္ဂါးသမိုင်း'သည် ထိုကိုးနိုင်ငံ ပစ္စည်းဖလှယ်ရေးမဏ္ဍိုင်အဖြစ်ဖြင့် အလွန်ရှေးကျသောခေတ်ကပင် အသုံးပြုလာခဲ့ကြသော ခေတ်အဆက်ဆက်ပြောင်းလဲလာခဲ့ကြသော ဒင်္ဂါးအဖြစ်အပျက်၊ ဒင်္ဂါးမှတ်တမ်းပင်ဖြစ်သည်။ ဒင်္ဂါးသမိုင်းသည် လေ့လာသူမများလှသော ပညာတစ်ရပ်ဖြစ်သော်လည်း အလွန်စိတ်ဝင်စားဘွယ်ကောင်းသော လူ့သမိုင်း၏ အစိတ်အပိုင်းတခုဖြစ်သည်ကိုကား တင်ပြနေစရာ လိုအံ့မထင်ပေ။ အက္ခရာစာပေသည် လူ့သမိုင်း၏သော့ချက်၊ လူ့ယဉ်ကျေးမှု၏ ကြေးမုံဖြစ်ဘိသကဲ့သို့ ဒင်္ဂါးသည်လည်း ကူးသန်းရောင်းဝယ်ရေး၏သော့ချက်၊ လူ့စီးပွားရေး၏ ကြေးမုံပင်ဖြစ်ပေသည်။ လူ့ယဉ်ကျေးမှုနှင့်ခွဲခြား၍လည်း မရကောင်းပါပေ။ လူ့ဓလေ့ထုံးစံ၊ အတွေးအခေါ် အမြော်အမြင် ဉာဏ်ပညာများသည် ဒင်္ဂါးသမိုင်းကို မည်သို့ဖန်တီးပေးကြောင်း ကမ္ဘာ့သမိုင်း၌ တွေ့ကြရပေသည်။

## ကမ္ဘာ့ဒင်္ဂါးသမိုင်း

ကမ္ဘာ့သမိုင်းသည် ကျယ်ပြန့်လှ၏။ ကမ္ဘာသူကမ္ဘာသားတို့၏ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်အခြေအနေကို အကြောင်းပြု၍ ဒင်္ဂါးပေါ်ပေါက်လာခဲ့၏။ သို့သော် လူ့လာကတခုလုံး၌ 'ဒင်္ဂါး'ဟူ၍ တပြိုင်နက်ပေါ်လာသည်ကား မဟုတ်ပေ။ ယင်းသို့

တပြိုင်နက် မပေါ်ပေါက်နိုင်ခြင်းမှာလည်း ကမ္ဘာသူကမ္ဘာသားအားလုံးကို 'ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်အခြေအနေ'က တပြိုင်နက် တပြေးတည်း ခွင့်မပြုခြင်းကြောင့်ပင် ဖြစ်ပေသည်။ သို့ဖြစ်လျှင် ကမ္ဘာ၌ မည်သည့်တိုင်းပြည်များသည် ရှေးဦးစွာ ဒင်္ဂါးခတ်နှိပ်၍ အသုံးပြုခဲ့ကြပါသနည်း။ ယင်းအမေးကို အဖြေပေးနိုင်ရန်အတွက် ဒင်္ဂါးသမိုင်းသုတေသီတို့သည် ကမ္ဘာ၌ ရှေးဦးစွာယဉ်ကျေးမှုကို ရထားခဲ့ကြသည်ဟု ယုံကြည်ရသော တိုင်းပြည်နိုင်ငံများ၏ သမိုင်းအသီးသီးကို လေ့လာကြကုန်၏။ ယင်းသို့ လေ့လာပြီးနောက် အတိကျဆုံးသော အဖြေကိုပေးရန် ကြိုးစားကြ၏။ ပေးလည်း ပေးကြပါ၏။ သို့သော် သုတေသီတဦးနှင့်တစ်ဦး အဖြေပေးပုံ မတူကြချေ။

## ဂရိတ်ဒင်္ဂါး

တချို့သော သုတေသီတို့က ဂရိတ်ပြည်၊ အေဂျီနာသည်၊ မြေထဲပင်လယ်နှင့် ပတ်ဝန်းကျင်၌ ကူးသန်းရောင်းဝယ်ရေး အချက်အချာဒေသတစ်ခု ဖြစ်သည့်အားလျော်စွာ ပစ္စည်းဖလှယ်ရေးမဏ္ဍိုင်အဖြစ်ဖြင့် ငွေကို ဒင်္ဂါးခတ်နှိပ်၍ အသုံးပြုခဲ့ကြရာ၊ ယင်းဒင်္ဂါးမှာ နှစ်ပေါင်းနှစ်ရာခန့် ပုံသဏ္ဍာန်အမှတ်အသား တစ်စုံတစ်ရာ ပြောပလောက်အောင် ပြောင်းလဲမှုမယိုခဲ့ကြောင်း တွေ့ရသည်ဟု ထွက်ဆိုထားကြ၏။ ၎င်းဒင်္ဂါးကို စတင်ခတ်နှိပ်ခဲ့သော ခုနှစ်သက္ကရာဇ်ကို အတိအကျတင်မပြနိုင်ကြသော်လည်း ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀–မှ ၄၅၀–အတွင်း ခတ်နှိပ်ခဲ့ရမည်ဟု ယုံကြည်ကြ၏။ ယင်းယုံကြည်ချက်ကို လက်ခံကြသော သုတေသီတို့သည် ထိုခေတ်ထိုအချိန်၌ မည်သည့်တိုင်းပြည်မှာမျှ ဒင်္ဂါးခတ်နှိပ်အသုံးပြုသည်ကို မတွေ့ရသောကြောင့် ထိုဂရိတ်ဒင်္ဂါးကိုပင် ကမ္ဘာ၌ ရှေးအကျဆုံးဒင်္ဂါးဟု သတ်မှတ်ကြပေသည်။ ယင်းဒင်္ဂါးမှာ မျက်နှာတစ်ဖက်တည်း၌ ပင်လယ်လိပ်ပုံ ခတ်နှိပ်ထားသည်ကို တွေ့ကြရပေသည်။ အဘယ်ကြောင့် ထိုပုံကိုသာရွေးချယ်၍ ခတ်နှိပ်ရကြောင်းကိုကား ကျေနပ်ဘွယ်ရာကောင်းလောက်အောင် ထင်မြင်ချက်ပေးသည်ကို မတွေ့ရသေးချေ။

## အိန္ဒိယဒင်္ဂါး

များစွာသော သုတေသီတို့က ကမ္ဘာ့အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုသည် ကမ္ဘာ့အရှေ့နိုင်ငံများကို လွှမ်းမိုးလာခဲ့သည်ဟု ထွက်ဆိုကြ၏။ ယင်းထွက်ဆိုချက်အတိုင်း ခရစ်သက္ကရာဇ် ၁၆–ရာစုမှစ၍ ၂၀–ရာစုအတွင်း ဟုတ်မှန်ပါသည်ဟု လက်ခံနိုင်ကြသော်လည်း ရှေးခေတ်၊ အထူးသဖြင့် 'အလွန်ရှေးကျသော ခရစ်တော်

မပေါ်မီခေတ်ကပင် အနောက်ယဉ်ကျေးမှုသည် အရှေ့ကိုလွှမ်းမိုးခဲ့သည်’ဟူသော အယူအဆကို လက်မခံသောသုတေသီတို့လည်း အများအပြားယိုကြပါ၏။

အရုပ်ထုလုပ်ခြင်း၊ သွန်းလုပ်ခြင်း၊ ဒင်္ဂါးခတ်နှိပ်ခြင်းအတတ်ကို ဂရိတ်လူမျိုး အလက်ဇန္ဒာဘုရင်၊ အိန္ဒိယအနောက်မြောက်ပိုင်းဒေသကို ဝင်ရောက်တိုက်ခိုက်အောင် မြင်သော ခရစ်မပေါ်မီသက္ကရာဇ် ၃–ရာစုသို့ရောက်ပြီးမှ အိန္ဒိယပြည်တိုင်းရင်းသား တို့ တတ်မြောက်ရယူခဲ့ကြသည်ဟူသော အယူအဆကို အိန္ဒိယသမိုင်း ကွန်ဂရက် အဖွဲ့က လက်မခံကြချေ။ အဘယ်ကြောင့်ဆိုသော် အလက်ဇန္ဒာဘုရင် တက္ကသျှဆီ လာ(တက္ကသိုလ်)တိုင်းပြည်ကို သိမ်းသောအခါ တက္ကသျှဆီလာမင်းက လက်ဆောင် ပဏ္ဏာဆက်သရာ၌ ထိုတိုင်းပြည်၌ခတ်နှိပ်၍ ပစ္စည်းဖလှဲရေး မဏ္ဍိုင်အဖြစ်ဖြင့် အသုံးပြုသော ငွေဒင်္ဂါးရှစ်ဆယ်ခန့် ပါယိုကြောင်း တွေ့ရခြင်းကြောင့်ပေတည်း။ ယင်းဒင်္ဂါးများ ပါယိုခဲ့ကြောင်းကို ဂရိတ်သမိုင်း၌လည်း ဖေါ်ပြထားသဖြင့် ယုံမှား သံသယဖြစ်စရာ အကြောင်းမရှိချေ။

ယင်းဒင်္ဂါးများကိုလည်း တက္ကသိုလ်နယ်မြေမှ တူးဖေါ်ရယိုကြပြန်၏။ လေ့ လာကြသောအခါ အိန္ဒိယသမိုင်း သုတေသီကွန်ဂရက်အဖွဲ့က ယင်းဒင်္ဂါးများသည် ခရစ်တော်မပေါ်မီ သက္ကရာဇ် ၆–ရာစုကပင် အသုံးပြုလာကြသောဒင်္ဂါးများ ဖြစ်ရမည် ဟု အဆုံးအဖြတ်ပေးကြကုန်၏။ ဒင်္ဂါး၌ပါယိုသောပုံများမှာ တော၊ တောင်၊ ရေမြေ၊ ခြသေ့်၊ ဆင်ပုံသဏ္ဌာန်များပါယိုပြီးလျှင် စကြာတံဆိပ်ကိုပါ တွေ့ကြရ၏။ ယင်းတံဆိပ်၊ ယင်းပုံသဏ္ဌာန်များအကြောင်းနှင့်ပတ်သက်၍ ထင်မြင်ချက်ပေးထား ကြသော်လည်း သုတေသန ဆက်လက်ပြုလုပ်ရန်လိုဦးမည်ဟု သဘောရပေသည်။

## တရုပ်ဒင်္ဂါး

တရုပ်ပြည်သည်လည်း ကမ္ဘာ့အရှေ့ဖျား၌ အလွန်ရှေးကျသောခေတ်ကပင် ယဉ်ကျေးမှုကို ရယိုလာခဲ့သော တိုင်းပြည်တပြည်ဖြစ်၏။ ထို့ကြောင့် ၎င်းတိုင်းပြည် ၌အသုံးပြုသော ဒင်္ဂါးများသည်လည်း အလွန်ရှေးကျသော ဒင်္ဂါးများဖြစ်ရမည်ဟု သုတေသီပညာယိုများ ယူဆကြကုန်၏။ သို့ဖြစ်၍ တရုပ်ရှေးခေတ်ဒင်္ဂါးများကို ရှာဖွေစုဆောင်းကြ၏။ လေ့လာကြ၏။ ယင်းသို့ စုဆောင်းလေ့လာကြသောအခါ အလွန်ရှေးကျသော ချောင်ခေတ်(CHOU PERIOD)၌ ရွှေ၊ ငွေ၊ ကြေးစသော သတ္တုများကိုခတ်နှိပ်သော ဒင်္ဂါးကို တွေ့လာရ၏။ သမိုင်းအထောက်အထားအရ ယင်းဒင်္ဂါးများကို ခရစ်တော်မပေါ်မီ သက္ကရာဇ်–၂၅၀–ပတ်ဝန်းကျင်၌ ခတ်နှိပ်အ သုံးပြုခဲ့သည်ဟု ဒင်္ဂါးသမိုင်းသုတေသီတို့ ယူဆကြကုန်၏။

ဤသို့အားဖြင့် ဂရိတ်ဒင်္ဂါး၊ အိန္ဒိယဒင်္ဂါးနှင့် တရုပ်ဒင်္ဂါးများနှင့်ပတ်သက်၍

ဒင်္ဂါးသမား သမိုင်းသုတေသီတို့၏ တင်ပြချက်အသီးသီးကို တွေ့ကြရ၏။ ဒင်္ဂါးခတ်နိပ်ခြင်းနှင့်ပတ်သက်၍ တချိန်က သူသူငါငါ ခတ်နိပ်ချင်တိုင်း ခတ်နိပ်နိုင်ကြသည်ဟု တချို့သောသုတေသီတို့ ထင်မှတ်ခဲ့ကြသော်လည်း ဗဟိုအာဏာပိုင်၏ အမိန့်တံဆိပ်အမှတ်အသားမပါဘဲ မည်သူမျှ ခတ်နိပ်၍မရ။ ရသည့်တိုင်အောင်လည်း သက်ဆိုင်ရာအသုံးပြုသူများက ယုံကြည်စိတ်ချစွာနှင့် အသုံးမပြုလိုကြ။ ထို့ကြောင့် ဒင်္ဂါး၌ခတ်နိပ်ထားသော တံဆိပ်အမှတ်အသား၊စာတန်းများမှာ မည်သို့သောအဓိပ္ပါယ်ယိုစေကာမူ ဗဟိုအာဏာပိုင်များ၏ လိုလားချက်အတိုင်း ခတ်နိပ်ထားခြင်းသာဖြစ်ပါသည်ဟု သမိုင်းသုတေသီအားလုံးကပင် ယုံကြည်လာကြပေပြီ။

## အိန္ဒိယယဉ်ကျေးမှု ဩဇာလွှမ်းမိုးရာဒေသ

အိန္ဒိယပြည်သည် ဣန္ဒုမြစ်ဝှမ်းဒေသ၊ သိန္ဓုပြည်နှင့် ပန်ဂျပ်ပြည် မိုဟင်ဂျိုဒါရိုနှင့် ဟာရပ္ပမြို့တော်ဟောင်းနေရာကို တူးဖော်တွေ့ယိုရသော အလွန်ရှေးကျသောရုပ်ကြွင်းများ၏ အထောက်အထားပြုချက်အရ ခရစ်တော်မပေါ်မီ နှစ်ရာပေါင်းများစွာကပင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်နေပြီးသော တိုင်းပြည်တစ်ပြည်ဖြစ်၏။ ယင်းအိန္ဒုမြစ်ဝှမ်းဒေသ ယဉ်ကျေးမှုသည် အရှေ့ဘက်သို့ ဂင်္ဂါမြစ်ဝှမ်း ဘင်္ဂေါနယ်၊ (ရှေးရခိုင်တိုင်း၏ တစိတ်တဒေသ)နှင့် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ပြန့်နှံ့လာဘိသကဲ့သို့ အိန္ဒိယတောင်ပိုင်း၊ အန္ဓရ၊ ချိုလာ၊ ဒြာဗိဒ၊ ပန္ဒယစသော တိုင်းပြည်များနှင့် သီဟိုဠ်ကျွန်းတို့သို့လည်း ပြန့်နှံ့လာခဲ့ပေသည်။ တိုတိုနှင့်ပြောရလျှင် အိန္ဒိယမြောက်ပိုင်း ယဉ်ကျေးမှုသည် တနည်းအားဖြင့် အရိယံလူမျိုး၏ ယဉ်ကျေးမှုသည် အိန္ဒိယတောင်ပိုင်းယဉ်ကျေးမှု၊ တနည်းအားဖြင့် ဒြာဗီယံလူမျိုးတို့၏ ယဉ်ကျေးမှုကို လုံးချုံ လွှမ်းမိုးလိုက်သည်ဟု ဆိုရပေမည်။

ယင်းသို့ သဘောတရားယိုသော အိန္ဒိယယဉ်ကျေးမှုသည် ခရစ်သက္ကရာဇ်ပဌမရာစု၊ ဒုတိယရာစုနှင့် တတိယရာစုအတွင်း တနည်းအားဖြင့် ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း(၃၀၀)အတွင်း အိန္ဒိယကုန်သည်များ သယ်ဆောင်လာခဲ့ခြင်းကြောင့် အရှေ့တောင်အာရှတိုက်သို့ အနည်းနှင့်အများ ပြန့်နှံ့လာခဲ့သည်။ လွှမ်းမိုးလာခဲ့သည်ကို တွေ့ကြရပေသည်။ အထောက်အထားအနည်းငယ်မျှ ပြကြရမည်ဆိုလျှင် မြန်မာပြည်တောင်ပိုင်း သရေခေတ္တရာမြို့၌၎င်း၊ ယိုးဒယားတိုင်း၏ မြို့တော်ဟောင်းဖြစ်သော နာကိုပြတွမ်း(NAKOR PRATOM)မြို့၌၎င်း၊ ဂျာဗားကျွန်း၌ ဘိုရိုဘူဒို(BORO-BUDUR)၌၎င်း၊ ဗာလီကျွန်း၌၎င်း၊ မလေးကျွန်းဆွယ် သီရိဝိဇယ (SRIVIJHA YA)နှင့် မဒ်ဂျပဟိ(MADJAPAHIT)မြို့များ၌၎င်း၊ ဗီယက်နမ်၌ ဆိမ်ဟပူရ(SIMHA-PURA)နှင့် အိန္ဒြပူရ(TNDRAPURA)မြို့များ၌၎င်း၊ အိန္ဒိယယဉ်ကျေးမှု ဗိသုကာလက်

ရာများ၊ စာပေနှင့် ဝတ်စားဆင်ယင်မှုများကို တွေ့ရခြင်းပင်ဖြစ်ပေသည်။ ရှေးခေတ် ရခိုင်တိုင်းနှင့်မူကား အိန္ဒိယမြောက်ပိုင်း မာဂဓရေတိုင်းပြည်သည် ဂင်္ဂါမြစ်၏ ဤမှာ ဖက်ကမ်းမျှသာ နယ်နိမိတ်ဆက်စပ်လျက် ယှိနေခဲ့ခြင်းကြောင့် အိန္ဒိယယဉ်ကျေးမှုကို ရခိုင်ပြည်၌ အမြောက်အမြားတွေ့ကြရပေသည်။

## ရခိုင်ဒင်္ဂါး

ဓညဝတီခေတ်အတွင်း ခရစ်တော်မပေါ်မီ သက္ကရာဇ်(၃)ရာစုလောက်ကပင် (ရခိုင်ပြည်နယ်)၌ ဒင်္ဂါးခတ်နှိပ်ခဲ့သည်။ ပုံသဏ္ဌာန်မှာ လေးထောင့် သို့မဟုတ် ရှစ်ထောင့်၊ စတုဂံပုံသဏ္ဌာန်ဖြစ်သည်။ ငွေချောင်းကို အပြားလိုက်ခတ်၍ အလေးချိန်တူညီအောင် ဖြတ်ထားသည်။ မျက်နှာနှစ်ဖက်စလုံး သို့မဟုတ် တဖက်တည်း၌ တံဆိပ်အမှတ်အသားများ ပါယှိသည်ဟူ၍ ရှေးလူကြီးများ ပြောကြဘူးသော်လည်း အထောက်အထားခိုင်လုံစွာတင်ပြနိုင်ရန် ယင်းဒင်္ဂါးမျိုးကို တစ်ပြားတစ်လေမျှ ရှာ၍ မရသေးချေ။ အကယ်၍ယှိခဲ့လျှင် ယင်းဒင်္ဂါးသည် အိန္ဒိယ၊ မာဂဓတိုင်းပြည်၌ ဓမ္မာသောကမင်းကြီးလက်ထက် ခတ်နှိပ်ခဲ့သောဒင်္ဂါးနှင့် အသွင်အပြင်တူချိမ့်မည်ဟူ၍ စဉ်းစားရပေသည်။ သို့သော် ခတ်နှိပ်ထားသော တံဆိပ်အမှတ်အသားများမှာ တစ်ခုနှင့်တစ်ခု တူကြမည်မဟုတ်။ မည်သို့ဖြစ်စေ ယင်းဒင်္ဂါးကို ရှာမတွေ့ရသေးချေ။ 'ဓညဝတီခေတ်၌ ဒင်္ဂါးယှိပေလိမ့်မည်'ဟူ၍သာပြောနိုင်၍၊ ယှိသည်ဟူ၍ကား အတိအကျ မပြောနိုင်သေးချေ။

## ဝေသာလီခေတ်

ဤခေတ်၏ ကာလအပိုင်းအခြားကို ခရစ်သက္ကရာဇ်–၃၂၂–မှ–၉၅၇–ထိ ဖြစ်ကြောင်းတွေ့ကြရ၏။ စင်စစ်မှာ ဤဖော်ပြပါသက္ကရာဇ်သည် အလွန်ရှေးကျသော ရှေးဝေသာလီ၏ ကာလအပိုင်းအခြား မဟုတ်ပေ။ ဝေသာလီကျောက်လှေကားမြို့၏ ကာလအပိုင်းအခြားမျှသာ ဖြစ်ပေသည်။ ယင်းဝေသာလီကျောက်လှေကားမြို့ကို ဒွေင်စန္ဒြမင်း စတင်တည်ထောင်ခဲ့၏။ ထိုမင်းမှ စတုတ္ထမြောက်ဖြစ်သော ဒေဝစန္ဒြမင်းလက်ထက် ခတ်နှိပ်ခဲ့သောဒင်္ဂါးကိုသာ တွေ့ရသဖြင့် ယင်းဒင်္ဂါးကိုပင် 'ရခိုင်ပြည်နယ်၏ ရှေးအကျဆုံးသောဒင်္ဂါး'ဟူ၍ အခိုက်အတန့်အားဖြင့် သတ်မှတ်ရပေသည်။ ခရစ်သက္ကရာဇ်(၃၂၂)ခုနှစ်တွင် နန်းတက်သော ဒွေင်စန္ဒြမင်းသည် ဝေသာလီကျောက်လှေခါးမြို့ကို အုံသြဘွယ်ရာ မြို့အင်္ဂါနှင့်ညီညွတ်စွာ တည်ဆောက်ခဲ့၏။ ဝေသာလီဘုရားကြီး(ကျောက်ဆင်းတုတော်)ကို တည်ထားကိုးကွယ်ခဲ့၏။ ကျောက်စာတိုင်စိုက်ထူခဲ့၏။ နိုင်ငံခြားမှသင်္ဘောများ ဆိုက်ကပ်နိုင်စိမ့်သောငှာ တစ်မိုင်ခန့်ရှည်

လျှားသော ကျောက်လှေကားကြီးကို တည်ဆောက်နိုင်ခဲ့၏။ နိုင်ငံခြားများနှင့် ဆက်သွယ်၍ ကူးသန်းရောင်းဝယ်ခဲ့၏။ သို့ဖြစ်၍ ယင်းမင်းလက်ထက်ကပင် ဒင်္ဂါးခတ်နှိပ်ယိုသင့်ပါ၏။ သို့သော်လည်း မတွေ့ရသေးသဖြင့် ရှာဖွေတွေ့ယိုပြီး ဖြစ်သော နိုင်ငံခြားကမ္ဘာ့ပြတိုက်ကြီးများ၌ပင် အမွှန်တမြတ် သိမ်းဆည်းထားရှိသော ခရစ်သက္ကရာဇ်(၄၀၆)ခု၌ ခတ်နှိပ်ခဲ့သော ဒေဝစန္ဒြဒင်္ဂါးကိုပင် ယခုအခါ ရှေးအကျ ဆုံးဟု သတ်မှတ်ထားရခြင်းဖြစ်ပေသည်။

ဤဝေသာလီခေတ်ဒင်္ဂါးများကို အနောက်နိုင်ငံသား သုတေသီများသည် ခရစ် သက္ကရာဇ်(၇)ရာစုအထိသာ ရှာဖွေတွေ့ယိုကြ၍ (၁၀)ရာစု ဝေသာလီပျက်သော နောက်ဆုံးမင်း စူဠမဟာရာဇာခတ်နှိပ်ခဲ့သော ဒင်္ဂါးကိုမူ ရခိုင်ပြည်နယ်၌ ရှာဖွေတွေ့ ယိုချေပြီ။ ရင်ဖတ်၌ ရခိုင်အက္ခရာဖြင့် စူဠမဟာရာဇာဟု ရေးထိုးထား၍ ကျောဖက် ၌ ယင်းဘွဲ့ကိုပင် နာဂရီအက္ခရာဖြင့် ရေးထိုးထားသည်ကိုတွေ့ရ၏။ ယင်းဒင်္ဂါး သည်ပင် ဝေသာလီခေတ်ကို ဖုံးကွယ်ထားသော မိုးရိပ်မိုးသားကို ကင်းစင်စေသဖြင့် မည်၍မည်မျှ အရေးကြီးသည်ကို အထူးပြောနေစရာ လိုမည်မဟုတ်ပေ။ တဖန် ယင်းခေတ်မှ လေးမြို့ခေတ်သို့ပြောင်းလာခဲ့ရာ ထိုသုတေသီတို့ကပင် လေးမြို့ခေတ် ဒင်္ဂါးဟူ၍ မရှိကြောင်း ထွက်ဆိုထားကြပြန်၏။ မတွေ့ဘူး၍ မယိုကြောင်းပြော ခြင်းသာဖြစ်ပေသည်။ လေးမြို့ခေတ်၏ မင်းစံများကိုလည်း တူးဖေါ်မကြည့်ရသေး ချေ။ သို့စေကာလည်း မင်းထီးဒင်္ဂါးတစ်ပြားကိုကား တွေ့ရပေသည်။ မယိုခဲ့၊ မခတ်နှိပ်ခဲ့ကြခြင်းကား မဟုတ်ပါပေ။ ယင်းဒင်္ဂါးမှာလည်း ဝေသာလီခေတ်ဦး ဒင်္ဂါးများမှာကဲ့သို့ နွားလား၊ခရုသင်း၊ခက်ရင်းပုံသဏ္ဌာန်များ အလျှဉ်းမပါတော့ ချေ။

## မြောက်ဦခေတ်

ဤခေတ်ဒင်္ဂါးများကို တချို့က ဘင်္ဂလားနယ်၊ မဟာမေဒင်လူမျိုးများ ခတ် နှိပ်သော ဒင်္ဂါးကိုအတုယူ၍ ခတ်နှိပ်ခဲ့ကြသည်ဟု ထင်မှတ်ကြ၏။ စင်စစ်မှာ ရခိုင်ဒင်္ဂါးသမိုင်းနှင့် ဘင်္ဂလားနယ်၏ ထိုခေတ်(ခရစ်သက္ကရာဇ် ၁၅–ရာစုခေတ်) ၏ စီးပွားရေးအခြေအနေကို မသိကြ၍သာ ဖြစ်ပေလိမ့်မည်။ ဝေသာလီနှောင်းခေတ် မှစ၍ ဒင်္ဂါးရင်ဖက်၌ မင်း၏ဘွဲ့အမည်ကို ရက္ခိုင်အက္ခရာစာတန်း၊ ကျောဖက်၌ ယင်းမင်း၏ ဘွဲ့အမည်ကိုပင် နာဂရီအက္ခရာစာတန်း ရေးထိုးထားခဲ့ကြသည်မှာ အထင်အရှားပင်။ လေးမြို့ခေတ်၌လည်း ယင်းအတိုင်း ရေးထိုးလာခဲ့သည်ကို မ တွေ့ဘူးသူများ ထင်မြင်ချက်ပေးခြင်းမျှသာ ဖြစ်ပေသည်။ ဤမြောက်ဦခေတ်၌ ရခိုင်ပြည်နယ်သည် ၁၆–ရာစုနှင့် ၁၇–ရာစုအတွင်း အထွဋ်အထိပ်သို့ရောက်ခဲ့၏။

ဘင်္ဂလားပင်လယ်အော်တဝိုက်၌ အင်အားအကြီးမားဆုံး၊ အကြွယ်ဝဆုံး၊ အချမ်းသာဆုံးတိုင်းပြည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သို့ ရောက်လာကြသော ဥရောပတိုက်၊ အနောက်နိုင်ငံသားများကပင် ထွက်ဆိုထားသည်ကိုတွေ့ရ၏။ ယင်းအချိန်၌ ရခိုင်ဘုရင်များသည် ကုလားပြည်သို့လည်း ဩဇာပြန့်နှံ့ကြောင်း သိကြရ၏။

ယင်းကြောင့်လည်း ထိုသို့ ဩဇာကြီးမားခဲ့သော ရခိုင်ဘုရင်များ၏ ဘွဲ့အမည်ကို ကုလားဘွဲ့အမည်ဖြင့်ပူးတွဲ၍ ဒင်္ဂါးရင်ဖက်၌ ရက္ခိုင်အက္ခရာ၊ ကြောဖက်၌ နာဂရီနှင့် ပါသျှန်အက္ခရာများဖြင့် ခတ်နှိပ်ခဲ့ကြပေသည်။

ရခိုင်ပြည်နယ်၏အခြေအနေမှာ သီရိသုဓမ္မရာဇာ နတ်ရွာစံ၍ နရပတိကြီး (ငကုသလကြီး)နန်းတက်သော ခရစ်သက္ကရာဇ် ၁၆၃၈–ခုမှအစပြု၍ ဆုတ်ယုတ်လာသည်ဟု ဆိုရသော်လည်း သိသိသာသာ ဆုတ်ယုတ်လာသော သက္ကရာဇ်မှာ–ခရစ်(၁၇၃၁)ခုမှ အစပြုခဲ့၏။ ၁၇၈၄–ခု၌၊ ဘိုးတော်ဘုရားသိမ်းပိုက်ခဲ့၏။ ယင်းသို့ ဘိုးတော်ဘုရားသိမ်းပိုက်သည်ထိ၊ မြောက်ဦးမင်းအဆက်ဆက်သည် ဒင်္ဂါးခတ်နှိပ်ခဲ့ကြပေသည်။ ဘိုးတော်ဘုရား ခတ်နှိပ်သောဒင်္ဂါးကို 'အမရပူရ–ဆင်ဖြူများရှင်နိုင်ငံ'ဟူသောစာတန်းနှင့် တွေ့ရ၏။

## ပြူဒင်္ဂါး

ပြူလူမျိုးတို့သည် မြန်မာနိုင်ငံ၌ တောင်ပိုင်းသရေခေတ္တရာမှ မြောက်ပိုင်းဟန်လင်းထိ၊ ဧရာဝတီမြစ်ဝှမ်းဒေသ၌ နေထိုင်ခဲ့ကြ၏။ ၎င်းတို့ တည်ဆောက်ခဲ့သောမြို့များမှာ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာမြို့များဖြစ်ကြ၍၊ ထိုမြို့များသို့မဟုတ်၊ ၎င်းတို့နေထိုင်ခဲ့ကြသည်ဟု ယုံကြည်ရသောဒေသများမှ တူးဖေါ်ရရှိသော ပြူဒင်္ဂါးများကို တွေ့ရ၏။ ယင်းဒင်္ဂါးများကို ကြည့်ခြင်းအားဖြင့်၊ ပြူလူမျိုးတို့၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးအဆင့်အတန်းမှာ ခေတ်အလျောက် များစွာမြင့်မားနေပြီဖြစ်ကြောင်း တွေ့ရ၏။ ထိုဒင်္ဂါးများ၏ အမှတ်လက္ခဏာများကို ကြည့်ခြင်းအားဖြင့် အိန္ဒိယယဉ်ကျေးမှု မည်ရွေ့မည်မျှ လွှမ်းမိုးနေကြောင်း ကောင်းစွာ သိမြင်ကြရပေမည်။ ဤပြူဒင်္ဂါးများသည် ဝေသာလီခေတ် ရခိုင်ဒင်္ဂါးများနှင့် မျက်နှာတဖက်၌ ယေဘုယျအားဖြင့် တူနေခြင်းမှာ ထူးခြားချက်တရပ်ပင်ဖြစ်ပေသည်။ ထိုထက်ထူးခြားချက်တရပ်မှာ နေနှင့်လ တံဆိပ်အမှတ်အသား ပါရှိခြင်းပင်ဖြစ်၏။ 'နေနှင့်လ'သည် ကမ္ဘာ့ရှေးခေတ် သမိုင်းသုတေသီတို့၏ ယုံကြည်ချက်အရ အရိယံလူမျိုးတို့၏ အလွန်အရေးကြီးသော အမှတ်လက္ခဏာတရပ်ဖြစ်၏။ ဤအတိုင်းဖြစ်ခဲ့လျှင် အရိယံယဉ်ကျေးမှုနှင့် ပြူလူမျိုးယဉ်ကျေးမှု မည်သို့ဆက်စပ်နေကြောင်း သုတေသနပြုလုပ်ကြဘို့ လိုအပ်ပေလိမ့်မည်။ မည်သည့်ပညာ၊ မည်

သည့်အလုပ်မှာမဆို သုတေသနလုပ်ငန်းသည် ဆုံးခန်းတိုင်သည်ဟူ၍ မရှိချေ။ ယင်းကြောင့် ဤကိစ္စကိုလည်း သုတေသန ပြုလုပ်ကြရပေမည်။

## မြန်မာဒင်္ဂါး

ပုဂံခေတ်နှင့် ရေးဟံသာဝတီခေတ်၌ ဒင်္ဂါးခတ်နိုပ်သည်ကို မတွေ့ရ။ နောက်ပိုင်း၌ ကုန်းဘောင်ခေတ်သို့ရောက်သောအခါ (၁)ရွှေဘိုမင်းလက်ထက်–တဖက်က လဝန်းနှင့်ယုန်ရုပ်၊ ကျန်တဖက်က ပဒုမ္မာကြာပုံ။ (၂)ပုဂံမင်းလက်ထက်–တဖက်က–သာသနာတော်သက္ကရာဇ်–၂၃၉၀၊ ကျန်တဖက်က ရွှေပြည်စိုးတံဆိပ်။ (၃)မင်းတုန်းမင်းလက်ထက်– တဖက်က ဒေါင်းရုပ်၊ မူးစေ့၊ မတ်စေ့၊ တချို့တွင် ခြင်္သေ့ရုပ်၊ ကျန်တဖက်က ထိုမင်း၏ နန်းတက်သက္ကရာဇ်ကို ခတ်နိုပ်ထား၏။ မြန်မာပြည်တောင်ပိုင်း–မွန်တို့၏ဒေသ၌မူကား ဟင်္သာတံဆိပ် ခတ်နိုပ်ထားသောဒင်္ဂါးကို တွေ့ကြရပေသည်။ သို့သော် ယခုအခါ၊ ယင်းရှေးခေတ်ဒင်္ဂါးများ ပျောက်ကွယ်လုမတတ်သော အခြေအနေသို့ရောက်ခဲ့ပေပြီ။ ရှာဖွေစုဆောင်း သိမ်းဆည်းထားအပ်ပေသည်။

## အရှေ့တောင်အာရှဒင်္ဂါးများ

မလေးကျွန်းဆွယ်၌ ခရစ်သက္ကရာဇ်– ၁၄၄၅–ခုမှစ၍ ဒင်္ဂါးခတ်နိုပ်အသုံးပြုခဲ့ကြောင်း တွေ့ရ၏။ ခရစ်သက္ကရာဇ် (၁၈)ရာစုကုန်ခါနီးအချိန်သို့ ရောက်သောခါ ထိုဒေသ၌ စပိန်နှင့်ဒါချတ်လူမျိုးတို့ကပင် ဒင်္ဂါးခတ်နိုပ်၍ အသုံးပြုခဲ့ကြ၏။ အရှေ့အိန္ဒိယကျွန်းစု၊ အင်ဒိုနီးရှား၌လည်း ဒါချ်လူမျိုးတို့ပင် ခရစ်သက္ကရာဇ် ၁၇၄၄–ခုမှအစပြု၍ အသုံးပြုခဲ့ကြသည်ဟု သမိုင်းသုတေသီတို့၏ ထွက်ဆိုချက်ကို တွေ့ရ၏။ ဖိလိပိုင်ကျွန်းစု၌ စပိန်လူမျိုးတို့သည် ခရစ်သက္ကရာဇ် ၁၆–ရာစုမှအစပြု၍ ရောက်လာကြသော်လည်း ခရစ်သက္ကရာဇ် ၁၇၄၂–ခုသို့ ရောက်ပြီးမှ ဒင်္ဂါးခတ်နိုပ်၍ အသုံးပြုသည်ကို တွေ့ကြရ၏။ ယိုးဒယားတိုင်း၏ ဒင်္ဂါးသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင်၊ ဗုဒ္ဓသာသနာတော်သက္ကရာဇ်(၁၈၀၀)ပြည့်၊ ခရစ်သက္ကရာဇ်(၁၂၅၇)ခုနှစ်က စ၍၊ ဒင်္ဂါးခတ်နိုပ် အသုံးပြုခဲ့ကြောင်းတွေ့ရ၏။

ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်တို့သည် ပြင်သစ်တို့၏ သြဇာခံနယ်မြေများ ဖြစ်လာကြပြီးလျှင်၊ ခရစ်သက္ကရာဇ်(၁၉)ရာစုသို့ ရောက်သောအခါ ပြင်သစ်တို့ လုံးလုံးသိမ်းပိုက်ခြင်းကို ခံခဲ့ရ၏။ ကမ္ဘောဒီးယားနှင့်လာအို တိုင်းပြည်များအဖို့၌ ပြင်သစ်တို့ခတ်နိုပ်သောဒင်္ဂါးမှတပါး ရှေးကျသော ဒင်္ဂါးများကို မတွေ့ရချေ။ ဗီယက်နမ်၌မူကား ခရစ်သက္ကရာဇ် အေဒီ(၉၆၈)မှ(၁၈၀၀)အတွင်းခတ်နိုပ်သော

ဒင်္ဂါး၊ (၁၈၀၀)မှ (၁၉၅၃)ခုနှစ်အတွင်း ခတ်နှိပ်သောဒင်္ဂါးဟူ၍ ရှေးခေတ်ဒင်္ဂါးနှစ်မျိုးကိုတွေ့ရ၏။

ဤသို့-ဤသို့အားဖြင့် ဒင်္ဂါးခတ်နှိပ်ခြင်းသည် တိုင်းပြည်၏ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ ဓလေ့ထုံးစံနှင့်ယဉ်ကျေးမှု အပြောင်းအလဲ၊ အနိမ့်အမြင့်၊ အဖြစ်အပျက်များကိုဖော်ပြသော ကြေးမုံတစ်ချပ်ဖြစ်သဖြင့် လူ့သမိုင်းကို လေ့လာသောသုတေသီဟူသမျှ လူ့လောက၏ ဒင်္ဂါးသမိုင်းကိုလည်း လေ့လာသင့်ပေသည်။

## ဒင်္ဂါးသမိုင်းလေ့လာသူတစ်ဦး

# ဝေသာလီမြို့တော်ဟောင်းမှ တွေ့ယိုသော ကြေးနီဆီမီးခွက်

ပုံ၌ဖော်ပြထားသော ဆီမီးခွက်သည် ဝေသာလီမြို့တော်ဟောင်းမှ တွေ့ယိုရသောဆီမီးခွက်ဖြစ်၏။ ကြေးနီဖြင့် ထုလုပ်ထား၏။ အောက်ခံခုံခြေရင်းမှ အရုပ်၏အစွန်းထိ၊ ကိုးလက်မမြင့်၏။ ထုလုပ်ထားသောအရုပ်မှာ မိန်းမတစ်ဦး၏အရုပ်ဖြစ်၍ လက်နှစ်ဘက်ကို တညီတညွတ်တည်း ဆန့်တန်းထား၏။ လက်နှစ်ဘက်စလုံး၏လက်ချောင်းများဖြင့် ထက်ခြမ်းခွဲထားသော ဘူးသီးပုံသဏ္ဌာန် ကြေးနီမီးခွက်ကို ကိုင်ထား၏။ ထိုကြေးခွက်၏ ရှေ့ပိုင်းအစွန်းဆုံးနေရာ၌ မီးစာအစကို တင်ထား၍ မီးစာခြည်မျှင်ကိုခွေလျက် ကြေးခွက်ထဲ၌ ထည့်ထားရန်ဖြစ်၏။ ဆီမီးကိုညှိထွန်းရာ၌ အသုံးပြုသောဆီမှာ ရေနံဆီ၊ အုန်းဆီ၊ ကန်းကျင်(ကညင်)ဆီစသော ဆီမျိုးမဟုတ်ဘဲ နွားနို့သို့မဟုတ် ကျွဲနို့မှပြုလုပ်သော ထောပတ်၊ တနည်းအားဖြင့် နို့ထောပတ်ကို အသုံးပြုရ၏။

ကြေးရုပ်ကို မိန်းမရုပ်ဖြင့် ထုလုပ်ထား၏။ ဆံထုံးကို ထိပ်၌တင်၍ ထုံးထားသော်လည်း နောက်ဘက်သို့ အနည်းငယ်လန်နေသည်ကို တွေ့ရသည်။ ကြီးသောနားရွက်၊ ပေါ်လွင်ဖြောင့်တန်းသော နှာတံယို၏။ မျက်လုံးကြီး၏။ မျက်လွှာချထားသဖြင့် ရိုသေလေးစားသောအသွင်ကို ဆောင်၏။ လည်ပင်း၌ ရိုးရိုးပုတီး(ဆွဲကြိုး)တစ်ကုံး ဝတ်ဆင်ထား၏။ လက်ကောက်ဝတ်နေရာ၌ ကျယ်ပြန့်သောလက်ကောက်တစ်ရံ ဝတ်ထား၏။ ခါး၌ လုပသောခါးကြိုးကို ဝတ်ဆင်ထားရာ ဝတ်ဆင်သောထမီမှာ ခါးကိုပတ်၍ ဝတ်ဆင်ထားပြီးလျှင် တစ်ဘက်သောအစကို



ပေါင်နှစ်ခုကြားမှ သွင်းယူကာ ခါးခြေပိုင်း၌ အချိုးကျကျလှပစွာ သွယ်ချထား၏။ ထမိမှာ ဒူးဆစ်အောက်နားသို့ ရောက်ရုံမျှယွပြီးလျှင် နားတလျှောက်၌ ပန်းနွယ်ပုံဖေါ်ထားသည်ကိုတွေ့ရသည်။

## ဆီမီးခွက်ကိုအသုံးပြုပုံ

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကိုသော်၎င်း၊ နတ်ကိုသော်၎င်း ရည်မှန်း၍ 'ဆီမီးတန်ဆောင်အလင်းရောင်ဖြင့် ပူဇော်ခြင်းသည် တခြားသောပူဇော်ခြင်း ထက်မြတ်၏'ဟူသော ယုံကြည်ချက်နှင့် ရှေးပဝေသဏီခေတ်ကပင် လူတို့သည် ဆီမီးပူဇော်ခဲ့ကြရာ ယခုအခါ ထုံးတန်းစဉ်လာ ရိုးရာဓလေ့အသွင်ကို ဆောင်လျက်ရှိ၏။

ဝေသာလီမြို့ဟောင်းနေရာ၌ တွေ့ယိုရသော ကြေးနီမီးခွက်ငယ်သည် ခရစ်သက္ကရာဇ်၊ အေဒီ(၃၂၀-၃၃၀)၌ ဝေသာလီကျောက်လှေကားမြို့ကို တည်ထောင်တော်မူသော ဒွေင်စန္ဒြမင်း(မဟာတိုဦးစန္ဒြမင်း) တည်ထားကိုးကွယ်သော ကျောက်တစ်လုံးတည်းကိုဆစ်၍ ထုလုပ်ထားသော ဝေသာလီဘုရားကြီး၏ ရှေ့တော်မျက်မှောက်၌ အမြဲမပြတ်ထွန်းညှိထားခဲ့သော မီးခွက်ဖြစ်ဟန်လက္ခဏာယိုပေသည်။ ဝါးခြည်မျှင်ကိုကျစ်၍ မီးစာအဖြစ်အသုံးပြု၏။ နို့ထောပတ်ကို လောင်စာအဖြစ် မကြာမကြာထည့်ပေးရ၏။

## ဆီမီးခွက်၏ရာဇဝင်

ခရစ်သက္ကရာဇ် ပဋ္ဌမနှစ်ရာစုနှင့် ဒုတိယရာစု အိန္ဒိယပြည်တောင်ပိုင်း ရာဇဝင်၌ ဤကဲ့သို့သော ဆီမီးခွက်အကြောင်းနှင့်ပတ်သက်၍ အရေးအသားများကို တွေ့ရခြင်းကြောင့် ထိုခေတ်၌ အိန္ဒိယပြည်တောင်ပိုင်းကို ဂရိတ်လူမျိုး၊ ရောမလူမျိုးတို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးအလို့ငှါ၊ အိန္ဒိယပြည်တောင်ပိုင်းသို့ လာရောက်ကြသဖြင့် ၎င်းတို့ကပင် လူရုပ်၊ အထူးသဖြင့် မိန်းမရုပ်ထုလုပ်ထာသော ကြေးနီမီးခွက်များကို ဆောင်ယူလာကြသည်ဟု တချို့သော သုတေသီပညာသျှင်များက ယုံကြည်ကြ၏။ ထိုအနောက်နိုင်ငံသားများ ဆောင်ယူလာသော ဆီမီးခွက်များကိုစံပြု၍ မိမိတို့လိုရာအရုပ်ဖြင့် အိန္ဒိယပြည်တောင်ပိုင်းသားတို့က ထုလုပ်ကြသည်ဟူ၍လည်း ယုံကြည်ကြ၏။ ဤဝေသာလီ ဆီမီးခွက်ကိုမူကား အိန္ဒိယပြည်တောင်ပိုင်းသားတို့၏ လက်ရာဟူ၍၎င်း၊ အခြားအမျိုးအစားနှင့် အိန္ဒိယတောင်ပိုင်အမျိုးအစားရောထားသော လက်ရာဟူ၍၎င်း အဆုံးအဖြတ်ပေးရန် မလွယ်ကူလှချေ။ ၎င်းဆီမီးခွက်၏ အသွင်အပြင်နှင့်ပြုလုပ်ပုံကို ကြည့်ခြင်းအားဖြင့် အီဂျစ်ပြည်သို့မဟုတ် အက်ဆေးရီးယားပြည်မှပြုလုပ်သော လက်ရာနှင့် တူကြောင်း တချို့သုတေသီတို့က ထွက်ဆိုကြပြန်၏။ တဖန် ထိုဆီမီးခွက်ကို ရခိုင်ပြည်နယ်၌ သွန်းလုပ်သည်၊ သို့မဟုတ် အိန္ဒိယပြည်တောင်ပိုင်းဒေသမှ လာရောက်ကြကုန်သောကုန်သည်များက ဆောင်ယူလာသည်ဟူ၍လည်း အတိအကျဖော်ပြရန် ခဲယဉ်းလှပေသည်။

မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်သည် အိန္ဒိယပြည်တောင်ပိုင်း အထူးသဖြင့် သီရိလင်္ကာနှင့် ခရစ်သက္ကရာဇ် ဒုတိယသို့မဟုတ် တတိယရာစုကပင်(ခေတ်အားဖြင့် ဓညဝတီခေတ် ဒုတိယပိုင်းကပင်)ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဉခေတ်အသီးသီး၌ ကူးလူးဆက်ဆံခဲ့ကြကြောင်း။ ခိုင်လုံသော ရာဇဝင်အထောက်အထားများ တွေ့ရ၏။ သို့ဖြစ်၍ ဤဝေသာလီဆီမီးခွက်သည် သီရိလင်္ကာမှ လာရောက်ကြကုန်သော ကုန်သည်များသို့မဟုတ် ခရီးသည်များ ဆောင်ယူလာပြီးလျှင် ဝေသာလီဘုရားကြီး၏ ရှေ့တော်မှောက်၌ ဆီမီးပူဇော်လှူဒါန်းခဲ့သော ကြေးနီမီးခွက်ဖြစ်သည်ဟု တွေးစရာဖြစ်ပေသည်။ သို့သော် ထိုကြေးနီမီးခွက်၏ ခုံခါးလည်အထက်ပိုင်း၌ (ပုံနှင့် ပြထားသည့်အတိုင်း) အက္ခရာစာတန်းထိုးထားသည်ကို တွေ့ရ၏။ ၎င်းစာတန်းကို ဘတ်ခြင်းအားဖြင့် ‘အာယနာကောင်းမှုတော်’ဟူ၍ ရိုးရိုးမျက်စိဖြင့်ပင် နားလည်နိုင်၏။

## ဆီမီးခွက်နှင့် ရေးထိုးထားသောအက္ခရာ

ဆီမီးခွက်၌ ရေးထိုးထားသောအက္ခရာကို လေ့လာမည်ဆိုလျှင် ‘တော်’ ဟူသောစကားကို ကြည့်ခြင်းဖြင့် လှူဒါန်းသောပုဂ္ဂိုလ်၏ အဆင့်အတန်းကို သိနိုင်ပေသည်။ သာသနာ့ဝန်ထမ်းသို့မဟုတ် မင်းမျိုးမင်းဆွေထဲ၌ လှူဒါန်းသောအလှူဖြစ်ရပေမည်။ တဖန် အက္ခရာစာလုံးရေးခြစ်ပုံသဘောတရားကို ကြည့်ခြင်းအားဖြင့် ဝေသာလီနှောင်းခေတ် ခရစ်သက္ကရာဇ် တစ်ဆယ်ရာစု ပဌမပိုင်း၌ရေးထိုးသော အက္ခရာပုံစံမျိုးဖြစ်ကြောင်းတွေ့ရ၏။ ဝေသာလီနောက်ဆုံး စန္ဒြမင်းဖြစ်သော (စူလစန္ဒြမင်း)လက်ထက်၌ ခတ်နှိပ်ထားခဲ့သော ပြည်သုံးဒင်္ဂါးပါအက္ခရာနှင့် ပုံသဏ္ဍာန်တူညီနေခြင်းကြောင့်၎င်း၊ ဝေသာလီမြို့တော်ဟောင်းနေရာမှ တူးဖော်တွေ့ရှိရခြင်းကြောင့်၎င်း၊ ဤဆီမီးခွက်သည် ခရစ်သက္ကရာဇ် (၉၀၀)နှင့်(၉၅၀)စပ်ကြား၌ ဝေသာလီမြို့တော်၌ပင် သွန်းလုပ်ခဲ့သည်ဟူလည်း အယူအဆယှိပေသည်။

ဤဆီမီးခွက်၌ ရေးထိုးထားသော အက္ခရာမှာ ဝေသာလီနှောင်းခေတ်၌တွေ့ယိုရသော ‘ရက္ခဝဏ္ဏ’ရခိုင်အက္ခရာမျိုးဖြစ်နေခြင်းကြောင့် ရခိုင်ပြည်နယ်၌ ဤကဲ့သို့သောအက္ခရာမျိုး မည်သည့်ခေတ်ကာလကပင် ပေါ်ပေါက်နေပြီဖြစ်ကြောင်း၊ သုတေသနပြုလုပ်ရန် လမ်းစတခုဖြစ်သည်ဟု ယူဆနိုင်ပေသည်။

ဤဆီမီးခွက်ပိုင်ရှင် ကျောက်စာဝန်ဟောင်း ဦးစံရွှေဘုက ထိုခေတ်ကာသုတေသနအရာရှိများသည် မြို့ဟောင်း(မြောက်ဦး)ကိုသာ လေ့လာခဲ့ကြပြီး၊ ဝေသာလီကို ချန်လှပ်ထားခဲ့ကြသဖြင့် ရခိုင်လက်ယှိအက္ခရာစာပေသည် ဝေသာလီခေတ်ကပင် ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်းဖြင့် မှတ်တမ်းတင်ထားခဲ့သည်သာမက ဟောပြော

ပွဲများ၌လည်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု သိရလေသည်။ ထို့ကြောင့် ဤဆီမီးခွက်သည် ရခိုင်ယဉ်ကျေးမှုဖော်ထုတ်ရေးတွင် အရေးပါအရာရောက်သော ရှေးဟောင်းပစ္စည်းတခုပင် ဖြစ်ပေသည်။

## သဇင်နွယ်

*(ခရစ်သက္ကရာဇ် ၁၉၂၀–ခု၊သြဂုတ်လထုတ် မြန်မာနိုင်ငံ သုတေသနဂျာနယ် အတွဲအမှတ်(၁၀)အပိုင်း(၂)၌ပါယိုသော ဦးစံရွှေဘုရေး 'ကြေးနီမီးခွက်'ဆောင်းပါးကို အကိုးအကားပြုပါသည်။)*

# ရခိုင်ဇာတိဝံသ မော်ကွန်းစာ

'ရခိုင်ဇာတိဝံသ မော်ကွန်းစာ'မှာ အလွန်တန်ဘိုးရှိသော စာဖြစ်သည်။ ရခိုင်မင်းဆက်များ၊ ရခိုင်မျိုးနွယ်ဆက်များ၊ ရခိုင်မင်း အုပ်ချုပ်ပုံစံနစ်များ၊ မင်းအဖြစ်သို့ ရောက်အောင် ဘိသိက်သွန်းလောင်းပုံများ၊ မူးမတ်အကြောင်းအရာ၊ သင်္ချိ၊ ဟာရီ စသော ယုတ်ညံ့မှုအဖြစ်နှင့် ဘုရင်အမတ်လူတန်းစား အရပ်ရပ်တို့ကိုလည်း အကျဉ်းအားဖြင့် မော်ကွန်းတင်ထားသော စာပင်တည်း။ ဖေါ်ပြမည့် စာတမ်း၌ပင်လျှင် ရှေးမင်းစဉ်စကားနှင့် ရက္ခပူရအတ္ထုပ္ပတ္တိအကြောင်း၊ မင်းကျင့်တရားကို သိစေရန် တင်ပြရခြင်းဟု ဆိုထားသည့်အတိုင်း အကျဉ်းစီ ပြဆိုထားလေသည်။ သမတမင်းတို့စသော ကမ္ဘာဦးအစကပင် အကျယ်အဝန်းမပြဘဲ ကျယ်မည်စိုး၍ အမြွက်သာ ချုံးထားခဲ့သည်ဟူ၏ ။

ဤမော်ကွန်းစာမှာ ရခိုင်မင်းအဆက်ဆက် အသုံးပြုလာသော မော်ကွန်းစာပင် ဖြစ်သင့်ပေသည်။ ထိုမင်းများလက်ထက်ကပင် မူးမတ်တို့အား တိုင်းပြည်နိုင်ငံနှင့် ရာဇဝင်ရေးရာ အုပ်ချုပ်ပုံစံနစ်တို့ကိုသိစေရန် မော်ကွန်းစာကို ပေးအပ်ခံရလေသည်။ ထိုစာကို မူးမတ်စသော ဘုရင်အမှုထမ်းများတို့ လက်စွဲပြုခဲ့ရသည်။ ယင်းသို့ မင်းအဆက်ဆက် အသုံးပြုလာခြင်းခံရသော မော်ကွန်းစာသည် ကြေးပုရပိုက်၊ ကျောက်တိုင်တို့၌ ကမ္ပည်းစာတင်လျှက် မော်ကွန်းရေးမှတ်ထားရမည့် စာလည်း ဖြစ်ပေသည်။ သို့သော် ရခိုင်ပြည်နယ်၌ပင် မိမိတို့ ရခိုင်မော်ကွန်းကိုသိသူ ရှားပေသည်။ ထိုသို့ ကျောက်ကမ္ပည်းစသည် တင်၍လည်းရှိခဲ့မည်ဟုလည်း မပြောနိုင်ချေ။ ယခုတွေ့ရသောမူမှာ ပေမူပင်ဖြစ်ပြီး (အရှေ့ပါကစ္စတန်နယ်)အနောက်ပြည်ဗိုလ်မင်းထောင်အဝင်၊ မရုက်ချောင်း(ပင်းဝါ၊ ချောင်းဖျား)ဒေသမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထောင်စား၊ချောင်းစားတို့အား ပေးအပ်ရာမှ မပျက်မစီးကျန်ရစ်ခဲ့ခြင်းလည်း ဖြစ်ပေ

သည်။ ထိုရှေးမော်ကွန်းမှုကို ရခိုင်မင်းဆက်ပြတ်သည်အထိ (ဂေါစာ–၁၁၈၆)ခုတိုင် ဖြည့်စွက်ထားခြင်း၊ နိဂုံးကို အနည်းငယ်ပြုပြင်ထားခြင်း သဘောမျိုးဖြင့်တွေ့နိုင်၏။ ထို့ကြောင့် ရှေးရခိုင်မင်းများလက်ထက် ရခိုင်မော်ကွန်းစာကို အခြေခံထား၍၊ နောက်ဆရာတို့က ပြုပြင်ဆက်ခံကူးယူထားခြင်းဖြစ်သော ဤစာတမ်းသည် ရခိုင်လူမျိုးနှင့်၊ ရာဇဝင်တို့ကို မော်ကွန်းထိုးခဲ့ရာ သမိုင်းမှတ်တမ်းတခုပင် ဖြစ်ပေသည်။ မူအတိုင်း တင်ပြပါအံ့။

---

ကမ္ဘာဦးအစ သမတမင်းကို အတ္ထုပ္ပတ္တိမင်းစဉ်စကားရပ်တို့ကို ဖေါ်ထုတ်လျက် ပြောဆိုသည်ရှိသော် ကျယ်မည်ကိုစိုး၍ အမြွက်ကိုသာ ရေးလိုက်ပါသည်။

ရှေးရှေးသော မင်းစဉ်စကားအကြောင်း၊ ရက္ခပူရ၏ အတ္ထုပ္ပတ္တိအကြောင်း ရခိုင်မင်းတို့၏ တိုင်းပြည်နှင့်တကွ ကျင့်ဝတ္တရားအသုံးဆောင်တို့ကိုလည်း နောက်လာမင်းတို့နှင့်တကွ တိုင်းသားပြည်သူ လူထုအပေါင်းကို သိစိမ့်သောငှါ ဝေပုလ တောင်၌ဟိသော ပတ္တမြားမျက်ရှင်ကို လက်ဝါး၌ တင်ထားဘိသကဲ့သို့ပြပေအံ့။

မဇ္ဈိမဒေသတိုင်းပြည်၌ တန်ခိုးကြီးမြတ်တော်မူသော စကြာဝတေးမန္တတ်မင်းသည် နတ်ရွာစံကံတော်ကုန်သည်ကာလ၊ သားကြီးလေးပါးတို့ကို တိုင်းပြည်ကို ခွဲဝေ၍ပေးသည်နောက်၊ နောက်မှ ပေါ်ထွက်ရောက်လာသော သားငယ်ကျန်တစ်ယောက်ကို ရက္ခပူရသို့သွား၍ ထည့်လိုက်သောလူအပေါင်းတို့နှင့် မင်း၏စည်းစိမ်ကိုခံစားလျက်နေသေဟု ခမည်းတော်မင်းကြီးက အမိန့်အာဏာပေးလိုက်သည်အတိုင်း သားတော်ကလည်း ခမည်းတော်စကားကိုနာခံ၍ လူအများတို့နှင့် ရက္ခပူရသို့ငင်ပြီးလျှင်၊ ကုလားတန်မြစ်ညာ လက်ဝဲလကျ်ာနှင့် ရက္ခဘီလူးတို့ကို ကြောက်သောကြောင့် စု၍၊နေကြကုန်၏။ ထိုအခါ ဘုန်းကံကြီးမားသော မဇ္ဈိမဒေသအရပ်က ကပ္ပိလဝတ်ပြည်သျှင်မင်းကြီးသည် ရသေ့လုပ်၍ ရက္ခပူရသို့ရောက်လာသည်ရှိသော်၊ ရသေ့တို့၏ကျင့်ဝတ် အဋ္ဌသီဖြင့် ကျင့်ဆောက်တည်၍ နေသောအခါ ရှေးရှေးသောဘဝက ခြေရင်း၌ အလုပ်အကျွေး ဖြစ်ခဲ့ဘူးသောကြောင့် ယခုဘဝ၌ သမ္ဘာချင်းမတူသော်လည်း ရှေးကြောင်းရင်းဆုံလေသောကြောင့် ဣန္ဒမာရီ ဆတ်မသည် ကပ္ပိလရသေ့နှင့် သင့်နေစံပျော်လေသောကြောင့် 'မာရယု'အမည်ရှိ သောသားကို ရလေ၏။

ထိုမင်းသားသည် ကြီးလတ်၍ မောင်းမမိဿံ၊ခြွေရံတို့နှင့်တကွ ခြံရံလျက် စည်းစိမ်ရိပ်ငြိမ်ချမ်းသာကို စိုးစမွါယ်တော်မူ၍၊ ထိုမင်းသည် (၈၁)ရှစ်ဆယ့်တစ်နှစ်၊ နန်းစည်းစိမ်(၆၂)ခြောက်ဆဲ့နှစ်နှစ်ကို စံလေ၏။ မာရယုမင်း၏ ဘုန်းတော်ကြောင့် သိကြားမင်းသည် နတ်စကြာဖြစ်သော လေးလက်နက်ကို ပေးအပ်လေ၏။

ထိုမင်းလည်း ရက္ခဘီလူးတို့ကို ခွင်းသတ်လျက် ဘီလူးတို့ သေဆုံးပျက်ပြုန်းသည့်ကာလ ဘီလူးမရှိသောကြောင့် တိုင်းသားပြည်သူအပေါင်းတို့သည် ချေမ်းစွာ လုပ်ကိုင်စားသောက်၍ နေလေကြကုန်၏။

ပြည်သူအပေါင်းတို့သည်၊ အချို့သောသူတို့ကား ကုလားတန်မြစ်ညာမှ လုပ်စားလေသောကြောင့် 'အညာသား'ဟု ခေါ်ကြကုန်၏။ ကာလရှည်မြင့်သောကြောင့် 'အညာသား'အမည်ပျောက်၍ 'ကျောက်တော်သား'ဟု ဘွဲ့များသာ ရလာသည်။ နေရာအရပ်ကိုအစွဲပြု၍ အခေါ်ခံရလေသည်။ အချို့သောလူတို့ကလည်း ကုလားတန်မြစ် လက်ဝဲလက်ျာချောင်းငယ်တို့ကိုဝင်၍ လုပ်ကိုင်စားသောက်လေသောကြောင့် ချောင်းအမည်ကိုလိုက်၍ အခေါ်ခံရလေသည်။ ကာလရှည်လျား မြင့်ကြာလတ်သည်ရှိသော် ချောင်းအမည်ပျောက်လျက် 'ချောင်းသား'ဟု ခေါ်လေကုန်၏။ ကုလားတန်မြစ်မရိုးတွင် လုပ်စားလေသောကြောင့် 'မရိုးသား'ဟု ခေါ်ကုန်၏။ အချို့သောသူတို့က ကုလားတန်မြစ်ဝ၌ ရဂိုင်တို့ကိုခုတ်ထစ်လျှက် လုပ်စားလေသောကြောင့် 'ရဂိုင်သား'ဟု ခေါ်တွင်လေသည်။ ကာလရှည်လျားလတ်သည်ရှိသော် 'ရဂိုင်သား'အမည်ပျောက်၍ 'ရခိုင်သား'ဟု အမည်တွင်လေသည်။ ၎င်းတဖန် ကာလရှည်မြင့်လတ်သည်ရှိသော် မိမိတို့နေရာအရပ်ကိုအစွဲပြု၍ ကျွန်းအမည်၊ ရွာအမည်၊ လူအမည်တွင်လေကုန်၏။

စူလတဥ္စန္ဒရားမင်းသည် လက်ရုံးနှင့် ပြည့်စုံသောကြောင့် အနောက်မဇ္ဈိမအရပ်ကို အစိုးရတော်မူသော စူလဒါန်(စူလတန်)မင်းကို စစ်ထိုးမည်ဟု ဗိုလ်ခြေများခြံရံလျှက် ချီထွက်သွားစဉ်အခါ အမစ္စဖြစ်သောမှူးမတ်တို့က အကြောင်းအကျိုး လောကဓမ္မနှစ်ရပ်ကို ဖေါ်ပြလျှောက်ထားကြလျှင် ၎င်းဧကရာဇ်လည်း စစ်မထိုးကောင်းဟု နေရပ်ရွှေပြည်တော်သို့ ပြန်ခဲ့သောကြောင့် 'စစ်မထိုးကောင်း'ဟု ပြန်လာသောအရပ်ကို ယခုထိတိုင် 'စစ်တကောင်းမြို့'ဟုတွင်၏။

ထိုမင်းလည်း ဝေသာလီ ကျောက်လှေကားမြို့တော်မှ၊ တကောင်းသင်းတွဲမြို့သို့ ဗိုလ်ခြေများခြံရံလျှက် ရေကြောင်းဖြင့် ဧရာဝတီမြစ်ကိုဆန်တက်လာရာ ဒွါရာဝတီမင်း၊ သထုံမင်း၊ ကုန်းဘောင်မင်းစသောမင်းတို့လည်း သမီးကညာ လက်ဆောင်ပဏ္ဏာများနှင့် အဖူးအမြော်ကိုခံတော်မူပြီးမှ တကောင်းသင်းတွဲမြို့သို့ ဆန်တက်လေ၏။ တကောင်းသင်းတွဲမြို့၌ (၃)သုံးနှစ်တိုင်နေတော်မူပြီးမှ ဝေသာလီ ကျောက်လှေကားသို့ပြန်လာရာ ပင်လယ်တွင် နဂါးမြုပ်၍ ဗိုလ်ခြေနှင့်တကွ ပျက်စီးသေကုန်သောကြောင့် ၎င်းနေရာကို ယခုတိုင် 'နဂါးရာဇ်'ဟု တွင်ကုန်၏။

စူလတဥ္စန္ဒရာမင်း သေလွန်လျှင် အမျိုးခြားတစ်ဦးဖြစ်သော အမြဲတုသည် (၇)ခုနှစ်နှစ်တိုင်အောင် ဆက်ခံပြီးမှ၊ ၎င်းစည်းစိမ်ကို ပဲဖြူမင်းဆက်ခံ၍ မြောက်ဦး

မြို့ကို ၎င်းမင်း ရှေးဦးစွာ တည်စပြုလေ၏။ ထိုပဲဖြူမင်း ထီးနန်းကိုဆက်ခံသည့်အတွင်း (၁၇)တဆဲ့ခုနှစ်နှစ်တွင် ချင်းလူမျိုး လာရောက် တိုက်ခိုက်ဖျက်ဆီးသောကြောင့် ပဲဖြူမင်းနှင့် မိဖုရားမြောက်ဦးမြို့မှ သပိတ်တောင်အရပ်သို့ တိမ်းရှောင်ထွက်ပြေးပြီးလျှင် မြို့တည်ထောင်၍ နေကြကုန်၏။

ပဲဖြူမင်းနောက် စူလတဥ္စန္ဒရားမင်းသား ငမင်းငတုန်တို့သည် မြောက်ဦးမြို့ကို ရွှေနန်းရွှေအိမ်နှင့်တကွ သိမ်းယူပြီးလျှင် စိုးစံတော်မူကုန်၏။ ထိုမင်းနတ်ရွာစံလျှင် ၎င်းသားတို့ဆက်ခံ၍ စိုးစံလေကုန်၏။ ထိုမင်းသားတို့သည် ရှေးရှေးသော မင်းတို့ ကျင့်ထုံး၊ ကျင့်ဝတ္တရားနှင့်လျော်အောင် ကျင့်တော်မူ၍ ပြည်ကြီး၏ စည်းစိမ်ကိုခံထိုက်တော်မူသောကြောင့် မင်းအဖြစ်ကို ခံတော်မူလေသည်။ ၎င်းသား မင်းရဲဖြူ၊ ၎င်းသား နာဂသူရိယ၊ ၎င်းသား သူရိယရာဇာ၊ ၎င်းသား မင်းဖြူကြီးသည် ထီးနန်းကို စိုးစဉ်အခါ စည်သဘင်ကြီးဖြစ် သူပုန်စားတော်လှန်၍ (၂)နှစ်ထီးနန်းကိုသိမ်းယူရာ၊ ၎င်းစည်သဘင်ကြီးကို အမတ်မဟာနာဂ ထီးနန်းစည်းစိမ်မှချပြီးလျှင် မင်းဖြူကြီးသား မင်းနံ့သူကို ရွှေနန်းရွှေအိမ် ပြည်စည်းစိမ်နှင့်တကွ မင်းဖြူကြီးသားမင်းနံ့သူကို ပေးအပ်လေကုန်၏။

ထိုမင်းသည်လည်း ရှေးရှေးသော မင်းတို့ကဲ့သို့ တိုင်းသားပြည်သူတို့ ချမ်းလေအောင် တရားတော်နှင့်လျော်စွာ တိုင်းပြည်၌ ခန့်ခွဲစီရင်တော်မူ၍ ပြည်ကြီး၏ စည်းစိမ်ကို ခံစားတော်မူကုန်၏။ မင်းနံ့သူလွန်လျှင် ၎င်းသား မင်းလာတော်၊ ၎င်းသား မင်းကုလား၊ ၎င်းသား မင်းဘီလူး၊ မင်းဘီလူးကို အမတ်ပုန်စား၍ ရွှေနန်းရွှေအိမ်ကိုသိမ်းယူရာ ၎င်းမင်းလက်ထက်တွင် စမ္ပဝက်မြို့ (၁၂)တဆဲ့နှစ်ဆက် အဆုံးတည်း။

အမတ်အသင်္ခယာလွန်လျှင် ၎င်းသား မင်းသံ၊ ၎င်းသား မင်းပတိ၊ မင်းပတိလက်ထက် မင်းဘီလူး၊ မြေး လက်ျာမင်းနန် နန်းဆက်ခံစိုးစံပြီးလျှင် လောင်းကြက်မြို့ကို တည်ထောင်ပြန်၏။ တည်ထောင်၍ မျှားမကြာမီ နတ်ရွာစံလေ၏။ ထိုမင်းနတ်ရွာစံပြီးလျှင် ၎င်းသား သီဟပတိ၊ ၎င်းသား ရာဇာကြီး၊ ၎င်းသား သက္ကာဝင်ကြီး၊ ၎င်းသား သက္ကဝင်ငယ်၊ ၎င်းသား ကောလိယ၊ ၎င်းသား ဒသရာဇာ၊ ၎င်းသား အနံ့သီရိ၊ ၎င်းသား မင်းဘုန်ဇာ၊ ၎င်းသား ပဥ္စကာလစက်၊ ၎င်းသား ကတ္တာရုပေါ(ခနေရူပေါး) ကတ္တာရုပေသည်၊ ထီးနန်းစည်းစိမ်ကို သိမ်းပိုက်ပြီး မင်းပြု၍ စိုးစံနေစဉ် အမတ်ဖြစ်သော စလင်ဖိုလ်ပုန်စားပြီးနောက်၊ နန်းမွေခံဖြစ်သော မဥ္စူသင် ဆက်ခံစိုးစံပြန်၏။ ထိုမင်းသည် တောင်ငူမြို့ကို တည်ထောင်ပြီးမှ နတ်ရွာစံလေ၏။

၎င်းသား မင်းရန်မန်၊ ၎င်းသား ပုငဂန်၊ ၎င်းသား ငရက္ခိုက်၊ ၎င်းသား ငကြို၊ ၎င်းသား ငဆူ၊ ၎င်းသား ရွှေသင်၊ ၎င်းညီ မင်းခေါင်ကြီး၊ ၎င်းသား မင်း

ခေါင်ငယ်၊ ၎င်းသား ကမ္ဘာလောင်ကြီး၊ ၎င်းသား ကမ္ဘာလောင်ငယ်၊ ကမ္ဘာလောင်ငယ်ကို အမတ်ဇေယျာဘဒ္ဒရ ပုန်စားပြီးလျှင် ကမ္ဘာလောင်ငယ်သား လက်ရကို နန်းတင်လေ၏။ ထိုမင်းလွန်လျှင် ၎င်းသား လက်ရငယ်၊ ၎င်းသား သနပင်ဖြူ၊ ၎င်းသား နယ်သိမ်း၊ ၎င်းသား နေလုန်(ငနုလုံ)၊ ၎င်းသား အလောမဖြူ ၎င်းမင်းလက်ထက် (၆၁၂)ခြောက်ရာတစ်ဆယ့်နှစ်ခုနှစ်တွင် မြို့ဟောင်းမြို့မှ လောင်းကြက်မြို့သို့ ပြောင်းရွှေ့ပြီးလျှင် နန်းစံတော်မူ၏။

ထိုမင်းကြီး စိုးစဉ်အခါဝယ် မြန်မာပြည်ကစ၍ အုံပေါင်းမိုးကောင်းမိုးနည်း၊ မိုးဝမ်း၊ ချင်း၊ တလိုင်းမင်းတို့သည် သမီးရတနာစသော အခွန်အထုတ် ဆက်သွင်းသိမ်းယူပြီးလျှင် နေရင်းမြို့တော်သို့ သွားလေ၏။ ထိုမင်းလွန်လျှင် ၎င်းသား ရာဇသူကြီး၊ ၎င်းသား မင်းစောလုံ၊ ၎င်းသား ဥဇနာကြီး၊ ၎င်းသား စောမွန်ကြီး၊ ၎င်းသား နန်းကျကြီး၊ ၎င်းသား မင်းဘိက္ခု(မင်းဘီလူး)၊ ၎င်းမင်းကို အမတ်စည်သဘင်ကြီး ပုန်စားပြီးလျှင် ထီးနန်းစည်းစိမ်ကိုသိမ်းယူ၍ နန်းတက်လေ၏။ ထိုအမတ်ကြီးကို ပြည်သူပြည်သားများတို့သည် နန်းမှချပြီးလျှင် မင်းဘီလူးသားမင်းထီးကို ပြည်ကြီးစည်းစိမ်ကို ပေးအပ်ပြီးလျှင် ထီးနန်းကို ဆက်ခံရလေ၏။ ထိုမင်းဆက်ခံ၍ တိုင်းပြည်ဧချမ်းလျက် များမကြာမီပင် နတ်ရွာစံလေ၏။

ထိုမင်းသား ဥဇနငယ်၊ ၎င်းသား သိဝရာဇ်၊ ၎င်းသား သိမ်းစည်း၊ ၎င်းသား ရာဇသူကို အမတ်စည်သဘင်လုပ်ကြံပြီးမှ၊ ၎င်းအမတ် ထီးနန်းစည်းစိမ်ကို သိမ်းယူပြီးလျှင် မင်းပြု၏။ ၎င်းနောက် အမတ်မင်းစည်ပုန်စား တော်လှန်ပြီးလျှင်၊ မင်းပြုပြီးနောက် ငါးလကြာလျှင် မဟာမျိုးဖြစ်သော ရာဇသူကို ထီးနန်းစည်းစိမ်နှင့် တကွ နန်းတင်တော်မူကုန်၏။ ထိုရာဇသူမင်းလွန်လျှင် ညီသိမ်ဇသူ(သိင်္ခသူ)ကို မင်းမြှောက်၍ ထီးနန်းစည်းစိမ်ကိုအပ်လေ၏။ ထိုမင်းလွန်လျှင် တူတော်ဖြစ်သော စောမွန်ကို နန်းတင်လေ၏။ ထိုမင်းလက်ထက် (၇၆၈)ခုနှစ်ရာခြောက်ဆဲ့ရှစ်တွင် လောင်းကြက်မြို့ ပျက်လေ၏။

လွန်လေပြီးသော ရှေးရှေးမင်းအပေါင်းတို့ လက်ထက်တော်၌လည်း သာသနာတည် လူမျိုးဖြစ်သောကြောင့် ရခိုင်သား၊ ချောင်းသားဟူ၍ ကွဲပြားခြင်းမရှိကုန်။ ကာလရှည်မြင့်သောကြောင့် နေရာအရပ်ကိုအစွဲပြု၍ အသီးသီးခေါ်ဝေါ်ကြလေ၏။ ရခိုင်သားမင်း၊ ချောင်းသားမင်း၊ ကုလားမင်းဟူ၍မရှိ သာကီနွယ်ဖြစ်လေသောကြောင့် အမျိုးမြတ်ရလေသည်။

မြောက်ဦးမြို့တော် မင်းဆက်အပေါင်းကို မင်းစဉ်အတိုင်း သိသာအောင်ဆိုပေအံ့။ စောမွန်မရှိ၍ လောင်းကြက်မြို့ ပျက်စီးသည်နောက် အနောက်မဇ္ဈိမဒေသအရပ်တွင် ခိုဝင်နေသော စောမွန်မင်းကို စူလတန်မင်းသည် ရဲမက်ဗိုလ်ခြေ အမြောက်အ

များတို့နှင့် စေလွှတ်ပြီးလျှင်၊ ဓညဝတီပြည်ကြီး စည်းစိမ်ကိုအပ်နှင်းရာ ၎င်းစောမွန်မင်းသည် မြို့သုန်းဖြစ်သော လောင်းကြက်မြို့မှထွက်လာ၍ သကရာဇ်(၇၉၂)ခုနှစ်ရာကိုးဆယ်ခုနှစ်ခုတွင် မြောက်ဦးရွှေမြို့တော်ကို ရှေးဦးစွာ တည်ထောင်စိုးစံပြုလေသည်။ ထိုမင်းစောမွန်လွန်လျှင် ဘေးလောင်းတော် အဆက်အနွယ်ဖြစ်သော ညီမင်းရာဇာရီ(မင်းခရီး)ကို 'အာလီခင်'ဟု အမည်ခံတော်မူ၍ မင်းပြုလေသည်။

ထိုမင်းလက်ထက် မြန်မာနှင့် ဓညဝတီပြည်အကြားတွင် ဖိုးခေါင်တောင်ရိုးကို နယ်ပယ်သတ်မှတ်၍ ခွဲခြားလေ၏။ သက္ကရာဇ်(၈၀၆)ရှစ်ရာခြောက်ခုတွင် အင်းဝဘုရင် နရပတိမင်းကိုယ်တော်တိုင် မင်းမိဖုရားစသော ဆွေတော်မျိုးတော်များနှင့်တကွ ဖိုးခေါင်တောင်ရိုးကို လာရောက်ပြီးလျှင် ဓညဝတီမင်းဇာရီ မိဖုရား၊ မောင်းမမိဿံခြံရံလျက် မင်းဧကရာဇ်နှစ်ပါးတို့သည် မိဿယဖွဲ့ကြ၏။

ထိုဇာရီမင်းလွန်လျှင် သားတော်စောဖြူသည် 'ကုလားမလျှာ'ဟူသော အမည်ကိုခံတော်မူ၍ မူးကြီးမတ်ရာ သေနာပတိအစရှိသော မင်းတို့၏လက်ရုံး ဆင်မြင်း၊ ရထား၊ မီးပေါက်၊ အမြောက်၊ သေနတ်၊ လက်နက်များစွာ ရာဇာလက်ရုံးတိုင်းသားပြည်သူ ကြည်ဖြူသဒ္ဒါ မဟာရထ စိုးရသခင် ဘုရင်မင်းမြတ်အုပ်ချုပ်၍ စံနေတော်မူ၏။ ထိုအခါ ရက္ခပူရတိုင်းပြည်မကို ကာလရှည်ကြာမြင့်လေသောကြောင့် ဓညဝတီတွင် တုံ့သမည် ရခိုင်တိုင်းဟူ၍ ခေါ်ဝေါ်သမုတ်ကြလေကုန်သည်။

(၁) သားတော်ဘစောဖြူ (၂) ၎င်းသား ဒွါလျှာ (ဒေါလျှာ)
(၃) ဘထွေးတော်မင်းညို (၄) ဒွါလျှာသား မင်းရန်အောင်
(၅) ၎င်းဦးရီးစလင်သူ (၆) ၎င်းသား မင်းရာဇ
(၇) ၎င်းသား ဂဇာပတိ (၈) ဆင်ဖြူရှင်သား ဘလသျှာ
(၉) မင်းရာဇာသား မင်းအင်(မင်းပင်)
(၁) အိမ်ရှေ့မင်းကြီးသား မင်းစော(မင်းစောလု)
(၂) ၎င်းညီတော် စကြဝတေးမင်း (၃) ဘထွေးတော်မင်းဖလောင်း
(၄) ၎င်းသား သတိုးဓမ္မရာဇာ (၅) ၎င်းသားဥပရာဇာမင်းခမောင်း
(၆) ၎င်းသား မင်းဟရီ (၇) ၎င်းသား ဆင်ဖြူရှင်
(၈) ၎င်းသား နရပတိ (၉) ၎င်းသား စန္ဒရသုဓမ္မ
(၁၀) ၎င်းသား သဒိုအောင် (၁၁) ၎င်းသား ဥဂ္ဂဗလမင်း

၎င်းမင်းကို အမတ်ပုန်စား၍ သဃ်ာတပါးကို မင်းမြှောက်လေ၏။ 'ဝရဓမ္မရာဇာ'လည်းတွင်သည်။ ထိုဝရဓမ္မရာဇာကို အမတ်မနိပုန်စား၍ မင်းပြုတော်မူလေ၏။

၎င်းမနိသုမင်းကို အမတ်သတိုးအောင် ပုန်စား၍ မင်းပြုပြန်၏။ ၎င်းအမတ်ကို ပြည်သူတို့နှင့် အမတ်ငကုန်ပုန်စား၍ မင်းပြုပြန်သည်။ အမတ်ငကုန်ကို အ

ခြားအမတ်တဦး ပုန်စားပြီးလျှင်၊ ‘ဓိရာဇာ’အမည်ဟူ၍ မင်းပြု၏။ ၎င်းမင်းကို အမတ်တဦး ပုန်စားပြီးလျှင် နရပတိအမည်ဖြင့် ဆက်ခံစိုးပြန်၏။ ၎င်းမင်းကို ပြည်သူပြည်သားတို့ နန်းမှချပြီးလျှင် အမတ်ကျော်သဃ်ကို ပရဝအမည်ခံယူ၍ ထီးနန်းစည်းစိမ် ခံယူလေ၏။ ထို့နောက် အနန္ဒဗလမင်းပြု၏။ တောင်အရပ်ပိန်းနဲချောင်းမှာ စစ်ကဲရဲဘော်၊ ယိုးချောင်းတွင် ကိုယ်ရံကြီးဝါသထ၊ ကန်ချောင်းတွင် သုတော်ဦး၊ ပါးတော်တွင် အငရန်ကြောင်ဘိုနှင့်တကွ အသီးသီးမင်းပြု၏။

သက္ကရာဇ်(၁၀၆၄) တထောင်ခြောက်ဆဲ့လေးခုနှစ် တောင်ဘက်ကျိန်းကျွန်းအရပ်မှာ ငကန်းတုံးညို လေ့ကားလေ့လျှင်စီးလျက် အလုံးအရင်းနှင့် အကွဲအပြားကြီးစိုးသော မင်းတို့ကိုသိမ်းရုံး၍ မင်းပြုသက္ကရာဇ်ကား (၁၀၇၁)တထောင့်ခုနစ်ဆဲ့တစ်ခုနှစ် မြောက်ဦးမြို့ကို စိုးစံတော်မူ၏။ ၎င်းမင်း ထီးနန်းစည်းစိမ်ကိုရလျှင် စန္ဒဝိဇယရာဇာဘွဲ့ အမည်အရွေးကို ခံတော်ရလေ၏။ ထိုမင်း ထိုသက္ကရာဇ်ကား (၁၀၉၃)တထောင့်ကိုးဆဲ့သုံးခုနှစ် သမက်သာက ပုန်စားပြီးလျှင် စန္ဒသူရိယရာဇာအမည်ဖြင့် ပြည်ကြီးစည်းစိမ်ကို သိမ်းမြန်းစမွယ်တော်မူကုန်၏။

၎င်းမင်းလွန်လျှင် သားတော်နရပတိမင်းပြုစဉ် ငယ်ကျွန် ငဆုပန်း၊ ငပန်းပွင့်တို့ တော်လှန်ပုန်စားရာတွင် ဦးရီးတော် လောင်းကြက်စားကို နန်းတင်လေ၏။ ထိုလောင်းကြက်စားမင်းသည် ရွှေနန်းရွှေအိမ်ကိုရလျှင် နဝပရဝမည်သော အမည်ကိုခံကုန်၏။ ၎င်းမင်းလွန်လျှင် ၎င်းသား စန္ဒဝစလမင်းပြု၏။ ထိုမင်းကို ကုလားငယ်က တော်လှန်ပြီးလျှင် ခုနစ်ရက်မင်းပြုစဉ်အခါ ပြည်သူပြည်သားတို့ နန်းမှချပြီးလျှင် စန္ဒဝစလမင်း၏ညီတော် အိမ်ရှေ့မင်းကို ပဝါရာဇ်(မေတ္တာရာဇ်)မင်းအမည်ဖြင့် ထီးနန်းတင်၏။ ထိုမင်းလွန်လျှင် ဘထွေးသည် အဘယရာဇာအမည်ဖြင့် ထီးနန်းကို ဆက်ခံ၏။ ၎င်းမင်းလွန်လျှင် သားတော်အိမ်ရှေ့မင်း ဆက်ခံသက္ကရာဇ်ကား (၁၁၃၂) တထောင့်တရာသုံးဆဲ့နှစ်ခု၌ စန္ဒသီရိအမည်ဖြင့် ထီးနန်းစည်းစိမ်ကို ဆက်ခံစိုးစံတော်မူကုန်၏။ ၎င်းမင်းကို အဘယရာဇာမင်း၏ ရမ်းဗြဲစားသည် ပုန်စားတော်လှန်၍ မဟာရာဇာအမည်ခံယူပြီးလျှင် ထီးနန်းကိုသိမ်းယူ၏။ ၎င်းမင်းကို အမတ်ဖြစ်သော ဒါးပိုင်ကြီးသည်(၁၁၃၅) တထောင်တရာသုံးဆဲ့ငါးခုနှစ် ပုန်စားပြီးလျှင် သုံးနှစ်စိုးပြန်၏။ ၎င်းမင်း သက္ကရာဇ်(၁၁၃၈)တထောင်တရာသုံးဆဲ့ရှစ်ခု အမတ်ပိုးရွှေ ပုန်စားပြီးလျှင် တလကျော်ခန့်မင်းပြုပြီးလျှင် ဝိမာလရာဇာအမည်ကို ခံ၏။ ၎င်းခုနှစ် ရမ်းဗြဲမြို့မောင်အောင်စုံ အလုံးအရင်းနှင့်တော်လှန် ပုန်စား၍ ဓမ္မရာဇ်ဟူသောအမည်ကို ခံယူပြီးလျှင် ပြည်ကြီး၏စည်းစိမ်ကို ခြောက်နှစ်တိုင် စိုးစံတော်မူကုန်၏။ ၎င်းမင်းလွန်လျှင် သားတော်လက်ဝဲမြန်သည် မဟာသမတအမည်ဖြင့် ပြည်စည်းစိမ်ကို သုံးနှစ်စိုးစံ၍ (၁၁၄၆)တထောင်တရာလေးဆဲ့ခြောက်ခုနှစ်တွင် အမရပူရပြည်ကြီးကို

စိုးတော်မူသော ဘုရင်မင်းဇကေရာဇ်လက်ထက်တော်၌ သိမ်းစိုးခြင်း သက္ကရာဇ်(၁၁၈၆) တထောင်တရာရှစ်ဆယ်ခြောက်ခုနှစ်တိုင် စံလေ၏။

ရှေးရှေးသော မင်းစဉ်စကားရပ်များကို အကျဉ်းအားဖြင့် သေချာစွာပြပေအံ့။

ပထမဘုရားအနွယ်ဖြစ်သော ဘိုးတော် အဥ္စနမင်းကြီးလက်ထက် (၁၈၄၇) တထောင့်ရှစ်ရာလေးဆဲ့ခုနှစ်ကို ဒေဝီလဆရာဖြို၍ တိုက်ရလေသည်။ (၆၇)ခြောက်ဆဲ့ခုနှစ် ဘုရားလောင်း ပဋိသန္ဓေနေသည်။ (၆၈)ခြောက်ဆဲ့ရှစ်ခုနှစ် သောကြာနေ့မှာ ဘုရားလောင်း ဘွားတော်မူသည်။ (၈၃)ရှစ်ဆဲ့သုံးခုမှာ ယသော်ဒရာနှင့် ထိမ်းမြားတော်မူသည်။ (၉၇)ကိုးဆဲ့ခုနှစ်ခု ဝါဆိုလပြည့် တနင်းလာနေ့ တောထွက်တော်မူသည်။ (၁၀၃)ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့ နေထွက်ချိန်ကို ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ (၁၄၈)တရာ့လေးဆယ်ရှစ်ခုနှစ် အင်္ဂါနေ့ ပရိနိဗ္ဗာန်စံတော်မူသည်။ ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ထိုသက္ကရာဇ်(၁၄၈)တရာ့လေးဆယ့်ရှစ်ခုကို အဇာတာသတ်မင်းကျိုန်ဖြို၍ တိုက်ရလေသည်။ ၎င်းနောက် ပေါက္ကံမြို့ နော်ရထာဖြိုသည်။ သက္ကရာဇ်ကား(၆၄၂) ခြောက်ရာလေးဆဲ့နှစ်ခုကို ဖြိုသည်။ ၎င်းနောက် ပဋ္ဌမစန္ဒသူရိယမင်းလက်ထက် (၅၆၄)ငါးရာခြောက်ဆဲ့လေးခုနှစ်ကို ပဋ္ဌမစန္ဒသူရိယ မင်းပြုသည် စန္ဒသူရိယမင်း (၂၂)နှစ်ဆဲ့နှစ်ဆက်တွင်အဆုံး စန္ဒသူရိယမင်းသည် မဟာမြတ်မုနိကို သွန်းလုပ်သည်။ စန္ဒသူရိယမင်း (၂၂)နှစ်ဆဲ့နှစ်ဆက် နောက်ခန္ဒရမင်း (၉)ဆက်၊ ဒသရာဇာမင်း(၃)သုံးဆက်၊ အလောင်းစွယ်သူ(၄)လေးဆက်၊ သက္ကရာဇ်ထောင်ကျိန်းကို ဖြိုသည်။ ၎င်းနောက် ငမင်းငတုန်း(၅)ငါးဆက်၊ နရပတိ (၅)ဆက်ငါးဆက်၊ မင်းရာဇာကြီး(၉)ကိုးဆက်မှာ နှစ်ခွဲတစ်ယောက်၊ တနှစ်တယောက်၊ ၎င်းနောက် မင်းခမောင်း (၃)သုံးဆက်မှာ အဆုံး၌ မင်းခမောင်းသည် အရှေ့ဟံသာဝတီပြည်ကို တိုက်ခံလျက် ဗုဂိုးဖြူမင်းသမီးကိုရလျှင် ရခိုင်ဓညဝတီပြည်သို့ ဗုဂိုးဖြူမင်းသမီးကို ဆောင်ယူခဲ့သည်။ ဗုဂိုးဖြူမင်းသမီးနောက် တလိုင်းကိုးသိန်းနှင့် သမီးအားထည့်လိုက်သည်။ လက်ဖွဲ့သည်ဟု အငြင်းရှိလေသည်။

ရခိုင်ဓညဝတီပြည်မှာရောက်လျှင် အရှေ့ဘက်အရပ်က ထားသောကြောင့် အချို့ကလည်းအရှေ့ပြည်သို့ ပြေးသွားလေ၏။ အချို့ကလည်း ကျန်ရစ်၏။ ဤအကြောင်းကို ဗုဂိုးဖြူမင်းသမီး သိလေသောကြောင့် ဤသို့ပြေးက ငါ့လူတို့သည် သေကုန်လတ္တံ့ဟူ၍ အစိုးရမင်းခမောင်းအား နီးနှောတိုင်ပင် ပြောဆိုလေသော် မင်းသမီးဗဂိုးဖြူနှင့် ညီညာပြီးလျှင် ကျန်ရစ်သောပြူတလိုင်းတို့ကို ချင်ချောင်းစား၊ ရပွားစား၊ ပန်းသရီချောင်းစားတို့ကိုခေါ်၍ တောဖျားမြစ်အထဲ၌ လုပ်ကြံစားသောက်၍ နေလေကုန်၏။

ရှေးရှေးသောမင်းတို့၏ တရားသည်ကား မင်းတို့မှာ ဆယ်ပါးတည်း။ ဆယ်ပါး

ဟူသည်ကား 'ဒါနံသီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံတပံအက္ကောဓအေ ဟိမိသဥ္စ ခန္တီစ အဝိရောဓနံ၊ ဣတိဧဒသခတ္တိယစရေ၊ ဟူသော မင်းကျင့်တရားဆယ်ပါးဖြင့်သာ ဆိုခဲ့သည်။ သင်္ဂဟတရားလေးပါးဟူသည်ကား မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာ၊ မုဒိတာဟု သင်္ဂဟတရားဟူ၍ ဗြဟ္မစိုတရားလေးပါးကို သွင်းရသည်။ မနက်ကိုဆွမ်း ညကိုပန်း၊ မနက်ကိုဘုရား ညကိုတရား။ ဤသည်လည်း မင်းတို့၏ သင်္ဂဟတရား မည်ကုန်၏။ မင်းတို့၏ဗလသည်ကား ဆင်၊ မြင်း၊ ရဲမက်ဗိုလ်ပါ အားလည်းတပါး ဘုမ္မိပါလ တိုင်းပြည်ခရိုင်အားလည်းတပါး။ တိုင်းသူပြည်သားတို့အား အခွန်တော်နှင့် တကွ ပြည်သူတို့အားလည်းတပါး၊ သေနာပတိ ပညာယရှိအမတ်တို့အားလည်းတ ပါး၊ ဒိုင်း၊ ဒါး၊ ကာလွှား၊ သေနတ်၊ မီးပေါက်၊ အမြောက်၊ စိန်ပြောင်း၊ လက်နက်အားလည်းတပါး။ ဤသည်ကားရာဇနံ၊ မင်းတို့၏ ဗလံ၊ အားတည်း။ မင်းတို့၏တန်ဆာဆယ်ပါးဟူသည်ကား တိုင်းပြည်၌ ကျုံး၊ မြောင်း၊ ရင်တား ပြအိုးစောင့်ရန် မြို့တန်ဆာလည်းတပါး၊ တိုင်းသားပြည်သူ လူထုအပေါင်းတို့ အဆင်လည်းတပါး၊ ဆင်စီး၊ မြင်းစီး၊ ရထားစီး ထိုအင်လည်း တပါး၊ ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်စသော အင်လည်းတပါး၊ ရဲမက်ဗိုလ်ပါ လက်နက်ကိုင် သူရဲအပေါင်းတို့အင်လည်း တပါး၊ မူးကြီးမတ်ခေါင်၊ တရားသူကြီး ပညာရှိ အင်လည်းတပါး၊ သေနာပတိစစ်သူကြီးအင်လည်း တပါး၊ သူဌေးသူကြွယ်၊ ပုရော ဟိတ်ပုဏ္ဏားစသောအင်လည်း တပါး၊ ရာမ၊ သုဘ၊ သုရာမဟု နန်းမသုံးဆောင် အင်လည်းတပါး၊ မောင်းမမိသံ အခြွေအရံအင်လည်းတပါး၊ ဤဆယ်ပါးသော အင်နှင့်ပြည့်စုံသော ခတ္တိယမင်းတို့သည် ဘုန်းတန်ခိုးကြီးမြတ်သည်။ အာယု အသက်ရှည်ကုန်သည်။ ပြည်ထောင်မင်းအပေါင်းတို့သည်လည်း ရှိသေခစားလာ ကုန်သည်။ နိဂုံး၊ ဇနပုဒ်၊ ကျေးလက်ရွာသူတို့လည်း ရွှေပန်း၊ ငွေပန်း သမီးကညာ ဆက်လာကုန်သည်။ ဘုန်းကြီးသော အလောင်းမင်းတို့သည် နောက်လာမင်းတို့ သိစိမ့်သောငှါ အကျဉ်းချုံ၍ထားခဲ့ပါသည်။

ရှေးမင်းတို့ ကျင့်ရာသောအကြောင်းတို့သည် ရာဇဘိသိက် မြှောက်သည်ကာလ မင်းနေပြည်တော်ကို အလင်္ကာရိတ္တာန တန်းဆာဆင်ရသည်။ ကားကြောင်း လမ်း ဇင်းခါတို့၌ ရာဇမက်ကာရံပြီးလျှင် အုန်း၊ ကြံ၊ ငှက်ပျောတို့ကို စိုက်စေရာ၏။ ဖျင်ဖြူ၊ ဖျင်နီ ခင်းပြီးသည်ကာလ ရဟန်းသာမဏေတို့ကိုပင့်ဖိတ်၍ ပရိတ်နာပြီး ဆွမ်းကျွေးရာသည်။ ရာဇမင်းသည်ကား အရှေ့ကိုမျက်နှာပြုလျှက် ဇာတ်ရှစ်ပါးနှင့် ပြည့်စုံသော ဗြဟ္မဏပုရောဟိတ်ဆရာ ရှစ်ယောက်ကို ရတနာဦးဆောင်၊ ရတနာ ရွှေချိုင့်၊ မင်္ဂလာတရား၊ အောင်ခြင်းရှစ်ပါးတို့ဖြင့် ခရုသင်းစွဲကိုင်လျှက်ပန်း သပြေညွန့် တို့ဖြင့် ရေစင်ဖြန်းအပ်၏။ ပဌမ ကညာပျိုလေးယောက်တို့ကို ခုနစ်ကန် ရေခပ်စေပြီးမှ

သူဌေးကြီးသည် ထိုသပြေညွန့်ဖြင့် ထိုရေဦးကို ဖြန်းစေရာ၏။

ထို့နောက် သူကြွယ်သမီး၊ မင်းသမီး၊ တောင်ညာစံမိဖုရားတို့ အစဉ်အတိုင်း ဖြန်းစေရာ၏။ ဖြန်းပြီးလျှင် ရေလုံး(၁၀၀)တရာ လျှောက်ပတ်စွာသွန်၍ ပန်းနံ့သာ လိမ်းကျန်ရာ၏။ ထိုကိုယ်လုပ်တော် ယောကျ်ားတယောက်ကို မောင်းစလွယ်အ ဝတ်ဆင်စေပြီးမှ ဥကသ်နန်းဦး၌ အတွင်းအမတ်ကြီးလည်းတပါး၊ မင်းဆုလတ်ကို ခံစား၍ မင်းအပ်ထားသော ဒါးပိုင်ကြီးလည်းတပါး၊ တိုင်းပြည်၏အမှုကို ငြိမ်းအောင် စီရင်တတ်သော အတွင်းကိုယ်ရံကြီးလည်းတပါး၊ လကျ်ာ၊ လက်ဝဲနှစ်ဘက်၊ မင်းထွက် မင်းဝင်ကြို့ဆိုသော လကျ်ာမြန်၊လက်ဝဲမြန်နှစ်ယောက်၊ ထုံးပုံသက်သေ ဥပဒေထူထပ် သော သူလည်းတယောက်၊ ကျမ်းဂန်ဓမ္မသတ်နှင့်ညီစွာ စီရင်တတ်သော သူလည်း တယောက်၊ ဥစ္စာရွှေငွေတို့ဖြင့် ခြံရံစေလျက် ရှေးဦးစွာကောင်းသော မင်္ဂလာရှိ သောစကားတို့ကို ပြောဆိုရာသည်။

ဤသို့ကျင့်လုပ်ဆောင်သော မင်းတို့သည် ဘုန်းကျက်သရေ တိုးတက်ရာသည်။ အသက်ရှည်ရာသည်။ ပြည်ထောင်မင်းအပေါင်း ဆင်လုန်း မြင်းရံ၊ သမီးကညာ ပို့သွင်းလာရသည်။ ကြီးမြတ်သော စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံကုန်ရာသည်။ ဘုမ္မိရာဇာခတ္တိယဘုရင်မင်းမြတ်ဟူ၍ တိုင်းပြည်ကြေညာလေကုန်သည်။

ဓညဝတီပြည်ကြီးသခင် ဘုရင်မင်းမြတ်တို့မှာလည်း ထိုက်တန်သည့်အား လျော်စွာ အခြံအရံ ထားရလေကုန်သည်။ မင်းနှင့်တကွမကွာ ပြည်အမှုတို့နှင့်စပ် သော မင်းတိုင်ပင်အမတ်ကြီးသည်ကား လေးပါးတည်း။ လေးပါးဟူသည်ကား မင်းတို့မှာအပ်သည် ပြည်ကြီးတယောက်၊ ဟဇရားကြီးလည်းတယောက်။ ဆင်ဝန် ကြီးလည်းတယောက်၊ ကိုယ်ရံကြီးလည်းတယောက်၊ ဤသည်ကား မင်းတိုင်ပင် အမတ်ကြီးလေးပါးတည်း။

မင်းအမတ်တို့နှင့်တကွ စီရင်သော ဝင်းဟုန်လေးတိုင်–

(၁)အရှေ့ဝင်းဟုန်၊ (၂)အနောက်ဝင်းဟုန်၊ (၃)တောင်ဝင်းဟုန်၊ (၄)မြောက် ဝင်းဟုန်၊ ဤလေးပါးတည်။

လောကဓမ္မကို သိတတ်သော ဒါးပိုင်အမတ်လေးပါးဟူသော်ကား–

မင်းတို့၏ အငှလီ အထွက်အဝင်တို့၌ ကြို့ဆိုရသော လကျ်ာမြန်၊ လက်ဝဲမြန် အမတ်ကြီးနှစ်ယောက် ဤလေးယောက်တည်း။

မင်းဆုစား အမတ်နှစ်တိုင်ဟူသော်ကား–

လကျ်ာသင်း၊ လက်ဝဲသင်း ဤနှစ်ယောက်တည်း။

တိုင်းပြည်သားတို့အမှုကို သွယ်ဆောင်ထောက်ပြုလုပ်၍ လျှောက်တင်ပြော ဆိုတတ်သော ရှေ့တော်ခံအမည်သည် လေးပါးရှိ၏။

အတွင်းရှေ့တော်ခံ၊ ပြင်ရှေ့တော်ခံ၊ တိုင်ပြည်အမှုကိစ္စတို့ကို နာခံ၍စီရင်သော ပြင်အမတ်၊ ပြင်အမှုကို ကောင်းမွန်စွာ စီရင်တတ်ကုန်သော ပြင်ဝင်းဟုန်အားဖြင့် လေးယောက်။ အမတ်လေးယောက် အမတ်ငယ်လေးပါးတည်း ဟူ၏။

ရေမြေရှင်ဘုရင်မင်းမြတ်သည် စုံရာ အခြားတပါးတရပ်သို့ သွားသည်ကာလ တိုင်းပြည်ကို အပ်ထားခဲ့လေသောကြောင့် ပြည်စိုးကြီးဟု မင်းကသမုတ်ခေါ်လေသည်။ တိုင်းပြည်၏အခမ်းအနား အတ္ထုပတ္တိအကြောင်းရပ်များတို့ကို မင်းမှစ၍ တိုင်ပင်နှီးနှောရသည်အတွက်ကြောင့်၊ ဟဇရားကြီးဟူ၍ ရေမြေများအပေါင်း အစရှိသော ဆင်ထိန်းအပေါင်း၌ အုပ်စိုးရန်ကိုပေးအပ်သောကြောင့် ဆင်ဝန်ကြီးအရာကို မင်းက ဘွဲ့တော်ချီလေသည်။ ထုံးဟောင်းသက်သေ ဥပဒေဝတ္ထု ရာဇဝင်စကားရပ်တို့ကို မင်းနားနေ၍ ကောင်းစွာပြောတတ်သောကြောင့်၊ ကိုယ်ရံကြီးဟု ဘွဲ့တော်ထားလေသည်။ ဤလေးပါးသော အမတ်တို့သည် တိုင်းပြည်အကြောင်းကို ဆောင်တတ်သောကြောင့်၊ ပြည်စွယ်၊ပြည်သွားနှင့်တူ၏။ ရထတိုင်းပြည်သားတို့၏အကြောင်းကိုလောကဓမ္မနှစ်ဖြာသောအရဖြင့် ကောင်းစွာဆုံးမ တတ်သောကြောင့် ရေမြေသျှင်မင်းကြီးကဒါးနှင့်တကွ စီရင်စုကိုအပ်သည်ဖြစ်၍ ပြည်ကြီးနား၊ မျက်စိနှင့်တူသည်ဖြစ်၍ မင်းကြီးလေးပါးဟု ခေါ်ရလေသည်။

တိုင်းပြည်ခရိုင် နိုင်ငံလေးရပ် ရှစ်ရပ်အတွင်း၌ ရန်ဆူးရန်ငြောင့် မပေါ်ထွက်ရအောင် စီရင်တတ်သောကြောင့် ဝင်းဟုန်လေးတိုင်းသည် ပြည်ကြီးပခုံးကြီး၊လက်ရုံးကြီးနှင့် တူ၏။ အမှုကြီးငယ်စကားစုတို့ကို လျင်မြန်စွာ မင်းထံ၌ ခရီးဦးကြိုပြောဆိုတတ်သောကြောင့် လက်ျာမြန်၊လက်ဝဲမြန်ဟု ခေါ်ရလေသည်။

ကိုယ်လုပ်တော်ဟူသည်ကား –

အသျှင်မင်းမြတ်အား ဖေါင်းစလွယ်၊ ခါးဝတ်အကျီပုဆိုးတို့ကို မင်းအားဝတ်ဆင်ရလေသောကြောင့် ကိုယ်လုပ်တော်ဟူသောအမည်ကို ခံရလေသည်။

ရှေ့တော်ခံ ရွှေစာဖတ်ဟူသည်ကား–

အသျှင်မင်းမြတ် အလိုရှိသည်ကာလ မှူးကြီးမတ်ခေါင် သေနာပတိတို့နှင့် ခြံရံလျက်၊ ရှေ့တော် ရွှေစာဖတ်ရလေသောကြောင့် ‘ရွှေစာဖတ်’ဟူသောအမည်ကို ခံရလေသည်။

ရှေ့တော်ခံဟူသည်ကား–

တိုင်းပြည်သားတို့၏အမှုကို ပေါက်မြောက်အောင်ဆောင်ရွက်၍ ရှေ့တော်၌ ပြောဆိုတတ်သောကြောင့် ရှေ့တော်ခံဟု ခေါ်ကြကုန်၏။

နောက်တော်ပါးဟူသည်ကား–

ရေမြေသခင် ဘုရင်မင်းမြတ်သည် နန်းပြင်သို့ထွက်သော်လည်းကောင်း၊ တခြား

အရပ်သို့ ကြွတော်မူသောအခါ၌လည်းကောင်း၊ နောက်တော်က လက်နက်၊ဒါးလုံ တို့ကိုစွဲကိုလျက်၊ နောက်တော်က ပါရလေသောကြောင့် နောက်တော်ပါဟု ခေါ်ရလေသည်။

အတွင်းကိုယ်တော်ရံဟူသည်ကား–

အသျှင်မင်းမြတ် အထွက်အဝင်တို့၌လည်းကောင်း၊ ဆိုင်ရာအရပ်သို့ သွားရာ၌ သော်လည်း၊ လက်နက်အဆောင်အယောင်တို့ကို ကိုင်စွဲလျက်၊ လက်ဝဲလက်ျာ လိုက်ရလေသောကြောင့်လည်းကောင်း၊ မိစ္ဆာဇီဝပြုလုပ်ပသသည့်ကာလ အလိုရှိရာ ခိုးထွက်၊ နတ်အိမ်၊ ပန်းဖွားတို့ကို လုပ်၍ပေးရလေသောကြောင့် 'အတွင်းကိုယ်ရံ'ဟု ခေါ်ကြကုန်သည်။

ပြင်ကိုယ်ရံဟူသည်ကား–

ရေမြေသခင်မင်းမြတ်သည် တစ်စုံတခုအရပ်သို့ အသွားအလာပြုသည့်ကာလ၊ မင်းမြတ်၏ အဆင်းအဝတ်တန်ဆာတို့ကို ထမ်းပိုးရွက်ရခြင်းသည်လည်းကောင်း၊ မိစ္ဆာနတ်ပသသည့်ကာလ၊ ဆိတ်၊ ဝက်၊ ကြက်၊ ခို၊ ဘဲ၊ ပန်းမာလ်၊ သစ်သီး၊ မုံ့၊ ကြံ၊ ငှက်ပျော အစစတို့ကို ရှာကြံ၍ပေးရလေသောကြောင့် ပြင်ကိုယ်ရံတော်ဟု ခေါ်ကြကုန်၏။

လက်တော်ရီဟူသည်ကား–

မိုးဦးမိုးနှောင်းလစဉ် နတ်ပူဆန်တို့နှင့် လုပ်ရလေသောကြောင့် လက်တော်ရီဟု ခေါ်ရလေကုန်သည်။

မဲဆိုးဇားဟု ခေါ်တုံသည်ကား–

မိဖုရားအပျိုတော် ကိုယ်လုပ်တော်အစေအပါးတို့၏ သုံးသပ်ဝတ်ရန် အစစအရာတို့ကို အသျှင်မိဖုရားလေးပါးနှင့်တကွ နန်းတွင်းသူတို့အလိုရှိရာ အဝတ်တို့ကို အလျင်ခပ်သိမ်း ပို့သွင်းဆက်ရလေသောကြောင့် မဲဆိုးဇားဟု ခေါ်ကုန်လေသည်။

ပေါက်ထိန်းဟူသည်ကား

ဆင်ထိန်းအပေါင်းတို့ကို အသီးသီးစေကြပ်လျက် ဆင်တန်းဆာတို့ကို ဆင်ယင်ပြီးလျှင် လက်နက်ကိုင်လျက် မင်းမြတ်သွားရာ လိုက်ရသည့်အတွက်ကြောင့် ပေါက်ထိန်းဟု ခေါ်ရလေကုန်သည်။

မထိန်းဟူသည်ကား–

မင်းမိဖုရား သွားလာကြွတော်မူသည့်ကာလ၊ ဆင်ကျောက်ကုန်းထက်၌ အဝတ်အစားသုံးဆောင်ရန် အဝဝတို့ကိုတင်ယူ၍ လိုက်ရလေသောကြောင့် မထိန်းဟူ၍ ခေါ်ဝေါ်ကြလေကုန်သည်။

လမည်(လမိုင်း) ဟူသည်ကား–

မင်း၏နန်းတော်က အခြားထုတ်ထားပြီးသည့်ကာလ လယ်လုပ်၍ရအံ့သော စပါးဆန်တို့ကို နန်းတော်၌ လုံလောက်အောင် သယ်ပိုးရွက်ဆောင်၍ ထားရလေသောကြောင့် လမည်(လမိုင်း)ဟု ခေါ်ရလေသည်။

ပြင်ကိုယ်ရံနှင့် လက်တော်ရှိတို့သည် ခုပ်ပုဘန်၊ နတ်ပုဆန်မ၊ ပန်းကျားသည်တို့ကို မင်းကအလိုရှိသည်သကာလ ရအောင် အိုးစည်ကြက်၍ ထားရလေသည်။

ဓညဝတီပြည်ကို ရှေးရှေးသော လူအပေါင်းနှင့်တကွ မင်းအပေါင်းတို့သည် ရက္ခဘီလူးရှိသောကြောင့် 'ရက္ခပူရ'ဟု သမုတ်ခေါ်ကြလေကုန်သည်။ ရက္ခဘီလူးတို့ သေပြီးနောက် တောရဂိုင်ကိုခုတ်ထစ်၍ လုပ်စားသောကြောင့် 'ရခိုင်တိုင်း'ဟု ခေါ်တွင်လေသည်။

ထိုရခိုင်တိုင်းကြီးသို့ ဘုရားသခင် ကြွလာတော်မူသောအခါ နာမသလဲ့ ဆန်စပါးပွားများသည်ကိုမြင်၍ ချီးမွမ်းတော်မူလေသည်။

*'ဌာနေဓညဝတီယံ သဗ္ဗနေ တတ္တိအဿာ၊*

*ဂဟပတိလက်ံရိတံ လဘလဘေဟိ ပူရေဟု'*

ဟူ၍ ပါဠိတော်ဖြင့် ဆန်စပါးပွားများသော 'ဓညဝတီ'ဟု ချီးကျူးတော်မူလေသည်။ ယခုထက်တိုင် ဓညဝတီပြည်ကြီးကို လူအပေါင်းတို့ ခေါ်ဝေါ်သမုတ်ကြကုန်၏။

တိုင်းပြည်၌ ရက္ခဘီလူးတို့သေ၍ ကြမ်းတမ်းသော မိစ္ဆာဖြစ်သောကြောင့် တိုင်းပြည်မငြိမ်သည်ဖြစ်၍ တတ်လှသောဆရာတို့သည် ဂါထာ၊ ဆေးဝါး၊ အင်း၊ ယတြာတို့ဖြင့် ကောင်းစွာစီရင်၍ လုပ်လေသောကြောင့် ယခု မင်းအဆက်ဆက်တို့သည် မိစ္ဆာနတ်တို့ကို မိုးဦးမိုးနှောင်း လစဉ်မပျက် ပူဇော်ရလေ၏။ ထို့ကြောင့် ရခိုင်မင်းအပေါင်းတို့မှာ ပြည်သူလူအပေါင်းတို့ကို လုပ်ဆောင်ရန် အသီးသီးထားရလေသည်။ ထို့ကြောင့် ရခိုင်တိုင်းသား ရိုးရာဇာတိမှန်ချေက ရခိုင်သား၊ ချောင်းသားမဆို မိစ္ဆာနတ်တို့ကို အလိုရှိကုန်သည်။ မင်းက ရာထူးရာကံနှင့် အချီးအမွမ်းခံရကုန်သော အရာရှိတစ်ယောက်ယောက်တို့မှာ ကျေးကျွန်သပေါက် အစေအပါးတရာ့ကိုးကျိပ်စီရှိသော ကျွန်တို့သည် ယခုထက်ထိ ကျွန်သပေါက် ဖြစ်သောကြောင့် ကောင်းရာကို ကပ်၍ခံရကုန်သည်။ ဓညဝတီရခိုင်တိုင်းကြီးကို အစိုးရတော်မူသော မင်းရာဇာကြီး၏သား မင်းခမောင်းလက်ထက်တော်၌ မင်းတိုင်ပင်အမတ်ကြီး အမတ်ငယ်နှင့်တကွ ရာထူးရာကံရှိသောသူတို့ကိုလည်းကောင်း၊ ပြည်သူတို့ကိုလည်းကောင်း၊ ရေမြေသျှင်ဘုရင် မင်းခမောင်းကား ရှေးမင်းတို့ စီရင်သည့်အတိုင်း လက်ဝဲဒေါင့်၊ လက်ျာဒေါင့်၊ လက်ဝဲသင်း၊ လက်ျာသင်းဟူ၍ သမုတ်လေသည်။ သက္ကရာဇ်(၉၇၄) ကိုးရာခုနှစ်ဆယ်လေးခုနှစ် တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့ ပြည်သူလူအပေါင်း

တို့ကို ခြားနားသိသာအောင် ထောင်ခွဲထားလေသည်။ အဘယ်အကြောင်းကြောင့် ထောင်ခွဲထားသနည်းဟူမူကား အကြီး၊ အငယ်၊ အလတ်ဟူ၍ သိရအောင် ထောင်ခွဲထားရလေသည်။

## (၁) အမတ်ရှစ်တိုင်အစွဲလက်ျာ

| | | | |
|---|---|---|---|
| (၁) | ပြည်စိုးကြီး | (၅) | ရွှေစာဖတ် |
| (၂) | ဟာဇရားကြီး | (၆) | အိမ်ရှေ့မင်း |
| (၃) | အနောက်ဘက်မင်းကြီး | (၇) | အရှေ့ဝင်းဟုန်မှူး |
| (၄) | အနောက်ဝင်းဟုန်မှူး | (၈) | လက်ျာမြန်အမတ် |

## (၂)အမတ်ရှစ်တိုင်အစွဲလက်ဝဲ

| | | | |
|---|---|---|---|
| (၁) | ဆင်ဝန်ကြီး | (၅) | ကိုယ်ရံကြီး |
| (၂) | တောင်ဘက်မင်းကြီး | (၆) | တောင်ဝင်းဟုန်မှူး |
| (၃) | မြောက်ဝင်းဟုန်မှူး | (၇) | လက်ကျာမြန်အမတ် |
| (၄) | မြောက်ဘက်မင်းကြီး | (၈) | မင်းရှေ့တော်ခံ |

## (၁)လက်ျာသင်းရှစ်ယောက်

| | | | |
|---|---|---|---|
| (၁) | ကိုယ်လုပ်တော် | (၅) | လက်တော်ရီ |
| (၂) | အတွင်းကိုယ်တော်ရံ | (၆) | ဘဏ္ဍာစိုး |
| (၃) | ပြည်ကိုင် | (၇) | ဝါးတောင်းစား |
| (၄) | စဖိုသည် | (၈) | စားဦးစား |

## (၂)လက်ဝဲသင်းရှစ်ယောက်

| | | | |
|---|---|---|---|
| (၁) | ပြင်ကိုယ်တော်ရံ | (၅) | မဲဆိုးဇာ |
| (၂) | ပေါက်ထိန်း | (၆) | မထိန်း |
| (၃) | နောက်တော်ပါ | (၇) | ပန်းကျားသည် |
| (၄) | သံထောင်စား | (၈) | လမည်(လမိုင်း) |

***<u>ဆတ္တာသည်</u>***

မုဆိတ်၊ ဆံ၊ လက်သည်း၊ ခြေသည်းတို့ကို ကောင်းစွာရိတ်ပစ်တတ်သော

ကြောင့် ပြည်သူတို့မှာ ဆတ္တာသည်ဟု ခေါ်ကုန်သတည်း။

*လက်ပန်ဗွတ်*

အဝတ်ပုဆိုး၊ ခေါင်းပေါင်း၊ အင်္ကျီတို့ကို ဖြူစင်စွာ ဖွပ်လျှော်တတ်သောကြောင့် လက်ပန်ဗွတ်ဟု ခေါ်သည်။

***ဒုန်း***

မိမိတို့ရှောင်ကြဉ်မည့် မျိုးကြီးဆွေကြီးတို့ကို မရှောင်ကြဉ်လေသောကြောင့် ဒုကုလေ–အမျိုးဖျက်သောသူဟူ၍ ရာဇာမင်းက 'ဒုန်း'ဟူ၍ နိမ့်ရာသို့ချ၍ မင်းက သမုတ်ထားလေသည်။

***ဟာရီ***

ရွံရှာစက်ဆုတ်ဖွယ်ကောင်းသောစကားတို့ကို မဆင်ခြင်၊ သူကြီးအရှင်တို့ ပြောသောစကားကို မနာခံဘဲ ခိုက်ရန်ဖြစ်သောကြောင့် မင်းက အလွန်ယုတ်မာသောသူဟူ၍ ဒုဇနော–ရွံရှာအပ်သောသူကို 'ဟာရီ'ဟု မင်းက မစင်ပစ်ထားလေသည်။

***သင်ချီ***

မူးကြီးမတ်ခေါင် သေနာပတိ သူဌေးသူကြွယ်တို့ကို မလေးမခန့် ပရစ်ကန်ဆန့်ကျင်ပြုလေသောကြောင့် မင်းက ဘုရားထံ၌ အလုပ်အကျွေးထည့်လေသောကြောင့် 'သင်ချီ'ဟု ခေါ်ကြလေသည်။

***စည်းဒါး***

ဒုန်းနှင့်ဟာရီ နှင်ယှက်တတ်၍ ခိုက်ရန်ပွားတတ်သည် စဉ်းစားခြင်းမရှိ မိမိတို့၏ အမျိုးအနွယ်ကိုမစောင့်လေသောကြောင့် မင်းကသမုတ်၍ 'စည်းဒါး'ဟု ခေါ်ကုန်လေသည်။

***ဟယား***

ရေမြေသခင် အသျှင်မင်းမြတ်တို့မှာ ရွှေနန်းရွှေအိမ် ဆောက်လုပ်သည့်ကာလ ပြည်သူတို့ထက်နောက်ကျ၍ ကျန်ရစ်လေသောကြောင့် မင်းက ချီးတွင်းတူးစေ၍ ချီးတွင်းတူးရလေသောကြောင့် 'ဟယား'ဟု ခေါ်ရလေသည်။

## လေးဆဲ့လေးကျွန်းအရပ်ဒေသ

ရှေးမင်းတို့ လုပ်ဆောင်စီရင်ကုန်သော ထုံးစဉ်ရှိသည့်အတိုင်း ယခုမင်းတို့မှာလည်း ရှေးမင်းတို့ကဲ့သို့စီရင်၍ အသုံးအဆောင်ပြုရလေသည်။ တိုင်းပြည်၌ နေကုန်သော လူအပေါင်းတို့သည် လေးဆဲ့လေးကျွန်းရှိသော တစ်ဦးကိုတစ်ဦးက၊ တစ်ယောက်ကိုတစ်ယောက်က နေရင်းကျွန်းအမည်၊ ရွာအမည်၊ ချောင်းအမည်၊ တောင်

အမည်၊ လူအမည်တို့ကိုအစွဲပြု၍ ဘယ်သည့်ကျွန်းသား၊ ဘယ်သည့်ရွာသား၊ ဘယ်သည့် ချောင်းသား၊ ဘယ်သည့်တောင်သားဟု လေးဆဲ့လေးကျွန်း၌နေကုန်သော လူအများတို့ကို အသီးသီးဖော်ထုတ်၍ ယခုတိုင် ခေါ်ကုန်လေသည်။

ရှေးမင်းတို့ နောက်ဖြစ်ကုန်သော အဘယ၊ သုမဏာ၊ ဝိမလ၊ ဓမ္မရာဇ်၊ သမတအဆုံးဖြစ်ကုန်သော မင်းဝန်ထောက်တော်တို့မှစ၍ မင်းဆက်မင်းစည်းစိမ်ကို လိုက်၍ ထားရလေသည်။ ရခိုင်ဓညဝတီ ပြည်သူပြည်သားတို့လည်း ရှေးမင်းနောက်မင်းတို့ သမုတ်စေလေသောကြောင့် ဇာတိဝံသ၏အကြောင်းတို့ကို ယခုပြည်သူလူအပေါင်းတို့သည် ခြားနားစွာ သိအပ်ကုန်ရာသည်။ မိမိတို့၏ ဇာတိဝံသကိုလည်း ခြားနား၍ အမတ်စဥ်၊ မှူးစဥ်၊ ဝင်းဟုန်မှူးစဥ်၊ လက်ျာမြန်၊ လက်ဝဲမြန်၊ ကိုယ်တော်လုပ်၊ ရှေးတော်ခံ၊ နောက်တော်ပါ၊ ရွှေစာဖတ်၍ သမိုင်းမော်ကွန်းနှင့်တကွ ပြသပြောဆိုနိုင်ချေက နောင်လာမင်းတို့သည် ရှေးမင်းတို့ကဲ့သို့ ပေးအပ်ရလိမ့်မည်။ သည်အကြောင်းကို မင်းမြတ်တို့က မော်ကွန်းစာရေးသား၍ မှူးတော်မတ်တော်တို့အား ပေးအပ်၍ရှိလေသည်။

**နတ်မြစ်ညိုဇံမောင်ကျော်ရှိ**

# အာကျက်မဟုတ် အန်ကျိပ်မြို့တော်မြို့

စစ်တွေမြို့ရှိ –အန်ကျိမ်းတော်ခါတ်စေတီတော်မြတ်သည်ကား စစ်တွေမြို့၏ အဓိကကြက်သရေဆောင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော စေတီတဆူဖြစ်သည်ဟုဆိုပါက မှားမည်မဟုတ်ပါပေ။

အန်းကျိမ်းတော်စေတီတော်မြတ်သည် တတိယသံဂါယနာတင် ဒါယိကာ–ဘဝရှင်ဘုရင် သီရိဓမ္မာသောကမင်းတရားကြီး စေတီပေါင်းရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းရေကန်ပေါင်း ရှစ်သောင်းလေးထောင်စသည်တို့ကို ဇမ္ဗူဒီပါကျွန်းအပါအဝင် အနီးအနားပတ်ဝန်းကျင် တိုင်းပြည်အနှံ့အပြား၌ စေတီတော်များတည်ထားခဲ့ကြောင်းကို 'ပါရာဇိကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်း'တွင် တွေ့ရှိရပေသည်။ ထို့ကြောင့်မဟုတ်ပါလော၊ ဥက္ကလာပရှင်ဘုရင် စတင်တည်ထားခဲ့သည်ဆိုသော၊ ရွှေတိဂုံစေတီတော်အစရှိသော မြန်မာပြည်ရှိ အချို့သောစေတီများကိုလည်း သီရိဓမ္မာသောကမင်းတရားကြီး တည်ထားမွမ်းမံခဲ့ကြောင်းကို အများသိပြီး ဖြစ်ကြပါသည်။

ထိုအန်တော်ခါတ် ကျိမ်းဝပ်တော်မူသော အာကျိပ်တော်ခေါ်၊ အန်ကျိမ်းတော်စေတီတော်၌ အန်တော်ခါတ် ရှိနေပါသေးသလား၊ ထိုအန်တော်ဓာတ်တော်သည် ယခုအခါ ဘယ်နေရာဌာနသို့ ရောက်ရှိနေပါသလဲ၊ သို့မဟုတ် ထိုအာကျက်တော်ရှိ သလုံးတော်စေတီတော်စသည်များ၌ တည်ရှိနေပါသလော၊ စာရေးသူ သိရသလောက် တင်ပြရမည်ဆိုပါလျှင်–

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာလောက်က မင်းပြားမြို့နယ်မှ ခေါင်းလောင်းရွာသား ဇာတိဖြစ်သော အမျိုးကောင်းသားတဦးသည် အိမ်ထောင်ဃရာဝါသကို ပယ်ခွါ၍ သာသနာတော်သို့ ဝင်ရောက်ရဟန်းပြုခဲ့လေသည်။ ထိုအရှင်မြတ်သည် သိက္ခာသီလနှင့်ပြည့်စုံသောကြောင့် စစ်တွေမြို့သူမြို့သားများ ကြည်ညိုသဒ္ဒါရှိလှ

ပါသဖြင့် ယခု ခေါင်းလောင်းကျောင်းခေါ်သောနေရာမှာ ကျောင်းငယ်တဆောင် ဆောက်ပြီး ကိုးကွယ်ဆည်းကပ် ထားခဲ့ကြလေသည်။ ခေါင်းလောင်းဆရာတော် သည် မိမိနှင့်အတူနေ သဟဓမ္မိက၊ သီတင်းသုံးဖော်ဘက်ဖြစ်သော ပခုက္ကူခရိုင်၊ ယောမြို့နယ် သားဆရာတော်တပါးနှင့်အတူ ယခု အန်ကျိမ်းတော်ဓါတ်စေတီခေါ် သော စေတီတော်ပျက်တခု၏အနီးမှာ တောကျောင်းကလေးဖြင့် သီတင်းသုံးတရား အားထုတ်လျက် နေတော်မူကြသည်။ တနေ့သောအခါ ခွင်ခုံထောက်လုပ်ရန် အုပ်ခဲသုံးချပ်ရှာ သောယောဆရာတော်သည် အုဋ္ဌခဲနှစ်ချပ်ကို အညီအညာရရှိခဲ့ သော်လည်း သုံးခုမြောက်ဖြစ်သော ခွင်ခုံထောက်တခုမှာ မညီမညာဖြစ်နေပါသဖြင့် အစုံတခုဖြင့် ရိုက်ထုလိုက်ရာတွင် ကျိုးပဲ့ပြီး အတွင်း၌ ကိန်းဝပ်တော်မူနေသော ဗုဒ္ဓရှင်တော်မြတ်၏ အန်တော်ဓါတ်နှစ်ဆူတို့သည် ယောဆရာတော်၏ မျက်မှောက် မှပင် ပြောင်လက်ဝင်းထိန်စွာ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ကွန့်မြူးတောက်ပ တော်မူလျက် အာဇ္ဈောကသ–မိုဃ်းဝကောင်းတင်၊ ဟင်းလင်းအပြင်သို့ ထိုးတက် မြန်းကြွလေတော့သည်။

နေ့ခင်းအချိန်ဖြစ်သဖြင့် ဖန်ဝါနေမင်းသည် အပူဒီဂရီ များနေတုန်းဖြစ်သေး သည်။ ညနေသုံးနာရီအချိန်မှဖြစ်သည် ဆိုပါ၏။ ထိုအခါ အလိုဘုရား၊ ဘုရား၊ ဘုရား၊ အစ်ဆွေ့ယျံ၊ အစ်ဆွေ့ယျ၊ ဘာများဖြစ်ပါလိမ့်ဟု ယောဆရာတော်ဘုရားက အလန့်တကြား အော်လိုက်မိသည်။

ထိုစဉ်လေ့ကားထိပ်မှ ထိုင်လျက်ကြည့်နေသော ခေါင်းလောင်းဆရာတော် အရှင်မြတ်လည်း

'ဇာဖြစ်လဲကိုယ်တော်၊ ဇာလဲတခု လင်းလို့တက်လားခရေ၊ ကိုယ်တော်'

'မသိပါဘုရား၊ ဒီအုဋ္ဌခဲကို ထုလိုက်မိတာနဲ့ ဘာမှန်းမသိပါဘုရား။ ဝင်းကနဲထိန် ကနဲ ထွက်သွားပါတယ်ဘုရား'

'ဇာဖြစ်ဘို့လဲကိုယ်တော်၊ အေချင့်ရယ် ဓါတ်တော်လားမသိ ကိုယ်တော်။ ဓါတ်တော်ဖြစ်မည် အမှန်ပါဘုရား။ ထောထော ...၊ ထိုအနားမှာ ပေါက်ပင်ထက် မှ စကြွလားခစွာကို – တပည့်တော်မြင်လိုက်ရပါရေ။ လာလ်လာလ်လာ၊ လား ကြည့်ကြပ်မည်'

'ကောင်းပါပြီဘုရား'ဟု ယောဆရာတော်လည်း ခေါင်းလောင်းဆရာတော်နှင့် အတူလိုက်ကြွခဲ့လေသတတ်။

တစ်ရပ်ခန့်မြင့်သော ပေါက်ပင်ငယ်ထက်၊ အရွက်တစ်ရွက်ပေါ်မှာ ထူးဆန်း အံ့သြစရာမကုန်ဆုံးနိုင်အောင် ဗုဒ္ဓရှင်တော်မြတ်၏ အန်တော်မြတ်နှစ်ဆူတို့သည် ငြိမ်သက်တည်ကြည်စွာဖြင့် ကျိမ်းဝပ်စံနေတော်မူကြသည်ကို ဆရာတော်နှစ်ပါးတို့

မှာ မျက်ဝါးထင်ထင် တွေ့မြင်ကြရလေသည်။ ဆရာတော်ဘုရားနှစ်ပါးလည်း ကြည်ညိုသဒ္ဒါကြီးလှစွာဖြင့် အကြိမ်ကြိမ်ဦးချ ရှိခိုးမဆုံးရှိနေကြလေသည်။ အချိန်မှာ ဘယ်မျှကြာလေသည်မသိ၊ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အန်တော်ဓါတ်နှစ်ဆူတို့သည်လည်း ဆရာတော်နှစ်ပါး၏ အကြည်အညိုကိုခံလျက်၊ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ကွန့်မြူးတောက်ပလျက်၊ အပူဇော်ကိုခံလျက် ရှိခဲ့လေသည်။ အန်တော်ဓါတ်နှစ်ဆူတို့သည်လည်း ပို၍ပို၍ ကွန့်မြူးလာခဲ့လေသည်။

အန်ကျိမ်းတော်ဓါတ်တော်ကွန့်မြူးသည် ထိုစကားသည် ဥပ်အော်သောင်းသဲ့၊ စစ်တွေမြို့ထဲသို့ ပြန့်နှံ့သွားခဲ့လေရာ ရဟန်းရှင်လူလုပ်သားပြည်သူတို့မှာ သူ့ထက်ငါ ဦးအောင်ပင် အန်ကျိမ်းတော်ခေါ် အာကျိပ်တော်ကုန်းသို့ ဓါတ်တော်ဖူးမျှော်ရန် ပန်းဆီမီး၊ ထီးတံခွန်၊ ကုက္ကား၊ မုလေးပွား၊ အောင်သပြေစသည်တို့ လက်ဆွဲလျက်၊ လှုပ်လှုပ်ရွရွသွားလာနေကြသည်မှာ အထူးစည်ကား သိုက်မြိုက်လှပါသည်။ အန်တော်ဓါတ်နှစ်ဆူမှာ ဆရာတော်ဘုရားနှစ်ပါး ပင့်ဆောင်လာခဲ့၍ အန်ကျိမ်းတော်ကုန်း၊ တောကျောင်းအနီးမဏ္ဍပ်ကြီးမှာ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာဖြင့် အပူဇော်ကိုခံလျက် ရှိပါတော့သည်။

ခေါင်းလောင်းဆရာတော်သည်လည်း၊ ယောဆရာတော်ကိုပါ ပင့်ဆောင်လာခဲ့ပြီး တစ်ပါးလျှင် အန်တော်တစ်ဆူကျစီ ကိုးကွယ်ပူဇော်ထားကြလေသည်။ လမ်းသစ်ရှိ ခေါင်းလောင်းကျောင်းကလေးမှာကား နေ့စဉ်ပင် စည်ကားသိုက်မြိုက်စွာ ရှိခဲ့လေသည်။ သို့နှင့် တစတစ ပိုစည်ကားလာခဲ့လေသည်။ ယောဆရာတော်ဘုရားကလည်း ရခိုင်မှာငါးနှစ်တာမျှ သီတင်သုံးတရားအားထုတ်ပြီး၍ မိမိနေရပ်ထံသို့ အလွန်လျင်ပြန်ချင်နေလှသည်။ စရိတ်ကြေးငွေမရှိသောကြောင့် ခေါင်းလောင်းဆရာတော်ဘုရားထံ လျှောက်ထားသည်မှာ ခေါင်းလောင်းဆရာတော်ဘုရား၊ ဆရာတော်ဘုရားရို့ တိုင်းပြည်က အန်တော်ဓါတ်နှစ်ဆူကို ဆရာတော်ဘုရားသည်ပင် ကိုးကွယ်ထားလိုက်ပါဘုရား။ တပည့်တော်မှာကား၊ ကိုယ့်မြို့ကိုယ့်နယ်ဖြစ်သောယောနယ်သို့ ပြန်လိုလှပါသော်လည်း၊ စရိတ်စကမရှိပါဘုရား၊ ဆရာတော်က ကျေးဇူးပြုပါလျှင် ဘုရားတပည့်တော် နေရပ်သို့ ပြန်ရောက်ပါမည်ဘုရား။ ဆရာတော်ဘုရားက ကျေးဇူးမပြုလျှင် တပည့်တော်သွားလာရန် ခက်ပါသည်ဘုရား။ ထိုစကားကြားရသော ခေါင်းလောင်းဆရာတော်ဘုရားကလဲ၊ စရိတ်စကအလှူခံပြီး ရွှေစက်တော်ဘုရားဖူးရန် အမ်းတောင်ကြားမှသွားကြသော၊ ဒါယကာဆယ်ဦးနှင့် အတူ ယောဆရာတော်ကို ထည့်ပေးလိုက်ပါသည်။

## 'ဥပ်သြွှင်သည်' ဇာန်ရောအခါကလဲ

သက္ကရာဇ် ၁၂၅၀–ခုနှစ်လောက်က ဖြစ်သည်။ ၁၁၈၆–ခုနှစ်မှာ သိုးဆောင်း လူမျိုးမျက်နှာဖြူတို့က စစ်တွေမြို့ကို စတည်သည်။ ဥပ်သြွှင်သည်ဟု အတိုကောက်မှတ်ထားလျှင် ပို၍ကောင်းမည်၊ မြန်မာစွယ်စုံကျမ်း စတုတ္ထတွဲစာမျက်နှာ ၁၆–၌လည်း ၁၈၂၆–မှာတည်ခဲ့ကြောင်းကို ဆိုသည်။

သို့နှင့် ခေါင်းလောင်းဆရာတော်ကျောင်းမှာ ကိန်းဝပ်တော်မူနေသော အန်တော်နှစ်ဆူနှင့် သွန်းစက်တော်ဘုရားကို ကျောင်းအရှေ့ဘက်ရှိ ထန်းပင်ရင်း ကန်အနီးကွင်းမှာ အန်တော်ဓါတ်ပွဲတော် ကျင်းပခဲ့ကြသည်။ ဦးရဲကျော်သူ–ဦးဟာရီဖြူ၊ အပါအဝင် လူလတ်တန်းစားများနှင့် ဒါလုဖအစရှိသော လူကြီးမိဘများက ကြီးမှူးကျင်းပကြလေသည်။

နှစ်စဉ်နှစ်တိုင်း၊ စစ်တွေမြို့ကို လက်ျာရစ်လှည့်လည်ပြီး အပူဇော်ခံရန် လှည့်လည်ကြသည်။ ၁၂၆၇–ခုနှစ် အန်တော်ဓါတ်ပွဲတော်လှည့်လည်ရာမှာ ဘီလူးမ တံတားကို မကျော်လွန်မီ ဓါတ်တော်တင်၊ဘုရားပြဿဒ်ဝင်ရိုးသည် အလိုအလျောက် ကျိုးကျသွားခဲ့သည်။ ထိုတွင်လူငယ်များက၊ ကဗျာကရာပြေးလှာကြ၍၊ မြို့ထဲမှ၊ လူစုတို့က သွန်းစက်တော်ဘုရားနှင့် အန်တော်ဓါတ်ကို လုယူဘို့ကြံနေကြကြောင်း သတင်းကြားရပါသည် ဆိုလှာသည်။ ထိုနေရာမှာပင် ဘုရားနှင့်ဓါတ်တော်ကိုထမ်း၍ ပြန်ပြေးခဲ့ကြသည်ဟု ဦးဟာရီဖြူ၏ ပြောပြချက်အရ သိရပါသည်။

တစ်ခါတစ်ရံ စစ်တွေမြို့မှာ အဓိကရ တခုခုရောဂါဥပဒ်အန္တရယ်ဆိုက်မည် ဆိုလျှင် ခေါင်းလောင်းကျောင်းမှအန်တော်နှင့် သွန်းစက်တော်ဘုရားသည်၊ ဓါတ်ကွန့်မြူး၍ နိမိတ်ပြလေ့ပြထရှိခဲ့လေသည်ဟုလည်း ဆိုပါသည်။

တခါသော် 'ခေါင်းလောင်းကျောင်း မီးလောင်နေပါပြီဘုရား'ဟု ဆရာတော်ဘုရားကို လူအများ လာနှိုးယူရသည်ဆို၏။ အမှန်မှာ ကျောင်းမီးလောင်သည် မဟုတ်ပါပေ။ အန်တော်ဓါတ်နှင့် သွန်းစက်တော်ဘုရားတို့မှ ဓါတ်တော်များကွန့်မြူးခြင်းသာ ဖြစ်ပါသည်။ ဆရာတော်နှင့် ကျောင်းရှိရဟန်းတော်များကား အိပ်ရာမှ နိုးခါမှ သိရလေသည်။ ဤသို့ မကြာမကြာ ဓါတ်တော်ကွန့်မြူးသည်ဆိုသည်။

တရံရောညအခါမှာလည်း ခေါင်းလောင်းကျောင်းကို လူဆိုးလူမိုက်တို့က ရေနံဆီသုံးပုံးဖြင့် မီးရှို့သောကြောင့် မီးဟုန်းဟုန်း တောက်လောင်ခဲ့လေသတတ်။ စစ်တွေမြို့သူမြို့သားများလည်း အိပ်မောကျနေချိန်ဖြစ်သဖြင့် လူအများမရောက်လာမီ ကျောင်းမှာ တဝက်မျှ မီးဝါးမျိုခဲ့လေပြီ။ ကျောင်းရှေ့မှာ ထိုင်ကြည့်နေကြသော ဆရာတော်ကိုသာ တွေ့ရသည်။ ဝိုင်းဝန်းငြိမ်းသတ်ကြသော်လည်း မငြိမ်းသတ်နိုင်တော့ချေ။ သွန်းစက်တော်ဘုရားကား မီးထဲပါသွားလေသည်။ အန်တော်ဓါတ်နှစ်

ဆူမှာကား မီးထဲပါသော်ငြားလည်း ထိုအနားက ထန်းပင်ရင်းကန်အနီးရှိ ထန်းပင်ငယ်တစ်ပင်ထက်မှာ ကျသွားသည်ကို ငါကိုယ်တိုင်မြင်လိုက်ရသည်ဟု ဆရာတော်မိန့်တော်မူသဖြင့် မိုးစင်စင်လင်းမှသွားရှာကြရာ ထန်းပင်ငယ်တပင်ထက်မှာ အန်တော်ခါတ်နှစ်ဆူကို ထူးဆန်းစွာတွေ့ရှိရသည် ဆိုပါသည်။ သွန်းစက်တော်ဘုရားမှာ မီးထဲပါသော်ငြားလည်း အကောင်းပကတိအတိုင်း ပြန်ရရှိခဲ့လေသည်။ ထိုသွန်းစက်တော်ဘုရားမှာလည်း တခါက ဆရာတော်ဘုရားသည် ဟင်းခရော်မြစ်အတိုင်း တပည့်များနှင့် ခေါင်းလောင်းရှာမှပြန်လာသောအခါမှာ နေ့ခင်းကြောင်တောင်ခါတ်ကွန့်မြူးနေ၍ ကျီးငှက်အများ ဝိုင်းအုံထိုးပျံနေသည်ကိုမြင်၍ တက်ရှာဖွေရာတွင် ရရှိပင့်ယူခဲ့ရသောဘုရားဖြစ်သည်။ သွန်းစက်တော်ဘုရား၏ စမ္မခဏ်မှာ (သကြစ်၉၆–ခု ပဥ္စလောဟာဖြင့်သွန်းလုပ်သည်။ ဘုရားတကာ၊ ဘုရားဖြစ်ရလို၏) ဟု ပါရှိသည်။ သုတေသီပုဂ္ဂိုလ်များသည် ထိုအန်တော်နှင့် သွန်းစက်တော်ဘုရားကို လေ့လာကြည့်ရှုဘို့ရန် အထူးကောင်းလှပါသည်။

အခါတပါး၌ကား သူလျှိုတကာတဦး၊ ကျောင်းသို့ ဝင်ထွက်သွားလာပြီး ဆရာတော်ဘုရားသည် မည်သည့်အစာကို အများကြိုက်သလဲဟု အမြဲတန်းစုံထောက်နေသည်။ တနေ့မှာ ဆိုဒါရည်တဒါဇင်ဖြင့် ထိုလူနှင့် လူသုံးဦးရောက်ရှိလာသည်။ ဆရာတော်အား ဆိုဒါလေးပုလင်းမျှ ကပ်သည်။ ရဟန်းသာမဏေများအား တစ်ပုလင်းကျစီ ကပ်လှူသည်။ ကျောင်းနေရဟန်းများမှာ အော့အန်လာကြသည်။ ဆရာတော်မှာကား အသားတဆတ်ဆတ် တုန်လှုပ်လာခဲ့ပါတော့သည်။ ဆရာတော်ဘုရားအား အသူရို့ကလာပြီး အဆိပ်ခပ်ထားသော ဆိုဒါကိုလှူပါသလဲဘုရားဟု မေးလျှောက်သော်လည်း ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ 'အဝေရို၊ ငါကတော့ခါ အဆိပ်မိခဲ့လေပြီ၊ တရားတပေါင်လည်းမစွဲလေကြနှင့်' ဟူ၍ အမိန့်ရှိရှာပါတော့သည်။ ကျောင်းတကာများ ဆရာဝန်များရောက်လာသောအခါမှာ ဆိုဒါကပ်လှူသူများလည်း မရှိတော့ပြီ။ ဆရာဝန်က မရတော့ပြီဟု လက်ကာပြသည်။ ဆရာတော်ဘုရားမှာ အသဲအသန်ဒုက္ခဝေဒနာကို ခံစားနေရသည်။ 'ငါ့ဝဋ် ငါခံလေတော့မည်၊ မည်သူကိုမျှ တရားမစွဲဆိုလေနှင့်'ဟု တဖန် မှာထားခဲ့သည်ဆို၏။ ခေါင်းလောင်းဆရာတော်ဘုရားမှာလည်း ထိုဝေဒနာဖြင့်ပင်လျှင် ထိုနေ့ညတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့လေသည်။ ထိုလူတစုသည် မိုက်တွင်းနက်ကြလေစွတကား။

ထိုအခါမှစ၍ အန်တော်ခါတ်နှင့် သွန်းစက်တော်ဘုရားကို ဘုံဘောမြို့မှ မီးခံသေတ္တာကြီးနှစ်လုံးမှာယူပြီး သော့သုံးချောင်းကိုလည်း ကျောင်းတကာများထံ အပ်နှံထားခဲ့ကြလေသည်။

ဤမှ ရာဇဝင်နှင့်ချီပြီး ကြီးကျယ်လာသော ဗုဒ္ဓအန်တော်ဓါတ်နှင့် ပတ်သက်၍ကား စစ်တွေမြို့ခေါ်သော အန်ကျိမ်းတော်မြို့ကို မြန်မာ့စွယ်စုံကျမ်း စတုတ္ထတွဲ စာမျက်နှာ၁၆–၌ ပါရှိသည့်အတိုင်း အာကျက်(AKYAB)လော၊ အန်ကျိမ်းတော်မြို့လောဆိုသည်ကို ရဟန်းရှင်လူပြည်သူလူထုတို့ စဉ်းစားဝေဖန်သင့်သည်ဟု ထင်ပါသည်။ ထို့ကြောင့် အန်တော်ဓါတ်နှစ်ဆူတည်ရှိသော စစ်တွေမြို့သည်ကား (ဝါ) အန်ကျိမ်းတော်မြို့သည်ကား ကြက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည်ဟု ဆိုရပါသည်။ အန်တော်စာတ်တော်တဆူနှင့် သွန်းစက်တော်ဘုရားကို ယခုအခါတိုင်၊ ခေါင်းလောင်းကျောင်းမှာ ဖူးတွေ့နိုင်ပါသေးသည်။

ဤစစ်တွေမြို့တည်စက အင်္ဂလိပ်အရာရှိ ရာပသိန်သတ်သည်လည်း စကားပြန်ကုလားကလေးတယောက်နှင့်သွားလာရင်း နွားကျောင်းသား ရခိုင်မလေးတစ်ဦးအားတွေ့ရှိရာတွင်၊ ဤရွာကို ဇာရွာခေါ်ပါသလဲဟု မေးမြန်းသည်ဆို၏။ အင်္ဂလိပ်မျက်နှာဖြူအရာရှိက လက်ညှိုးညွှန်ပြနေရာမှာ အန်တော်ဓါတ်ကျိမ်းဝပ်တော်မူနေသော အန်ကျိမ်းတော်ဘုရားနှင့် အန်ကျိမ်းတော်ရွာကလေးသာ တည်ရှိသဖြင့် အန်ကျိမ်းတော်ဟု ပြောဆိုလိုက်လေသည်။ ရခိုင်စကားကို ကောင်းစွာနားမလည်သော မျက်နှာဖြူအင်္ဂလိပ်နှင့် ခေါ်တောကုလားတို့မှာ(AKYAB) အာကျက်–ဝါ– 'အပ်ကျ'ဟုသာ နားကြားလွဲမှားခြင်းသာဖြစ်သည်။ အန်ကျိမ်းတော်စာတ်ကို အစွဲပြု၍ အန်တော်ဓါတ်ရွာကလေးကိုလည်း အန်ကျိမ်းတော်ရွာဟူ၍ မှည့်ခေါ်ရင်းက ကာလရွေ့လျားလာသောကြောင့် 'အာကျိပ်တော်ရွာ'ခေါ်သည်ဟု ကြားဘူးပါသည်။ စစ်တပ်တွေအမြဲချထားသဖြင့် စစ်တွေမြို့ခေါ်ကြောင်း အချို့ကပြောဆိုကြသည်။ အချို့က နိုင်ငံခြားနှင့်စစ်ဖြစ်ခဲ့လျှင် စစ်တပ်တွေစုပြီး မနိုင်နိုင်အောင်တွေသောမြို့ဖြစ်သောကြောင့် စစ်တွေမြို့ဟုခေါ်ကြောင်း ပြောကြပါသည်။ ကမ္ဘာတဝှမ်းလုံးမှာ သိရှိပြီးသောနာမည်ကား (AKYAB)အာကျက်(ဝါ) အပ်ကျဖြစ်သော်လည်း အမှန်မှာ အန်ကျိမ်းတော်ဓါတ်ကို ဝိသေသန၊ဂုဏ်ထူးဝိသေသရှိသောမြို့ဖြစ်သောကြောင့် စစ်တွေမြို့ရှိ အန်ကျိမ်းတော်ဓါတ်စေတီတော်သည်ကား စစ်တွေမြို့၏ ကျက်သရေဆောင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော စေတီတော်တဆူဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါတော့သတည်း။

ကောင်းမြတ်သူ

၁၆–၁၁–၆၇

# စစ်တွေမြို့သမိုင်းအကျဉ်း
## (၁၈၂၄–၁၉၄၇)

အင်္ဂလိပ်–မြန်မာစစ်ပွဲသည် ၁၈၂၄–ခုနှစ်တွင် စတင်ဖြစ်ပွားသည်။ ဗိုလ်ချုပ်ကြီးမော်ရီဆင် (GENERAL MORNISON)သည် ရခိုင်ဒေသကို ထိုးစစ်ဆင်ရာမှာ ဦးစီးကွပ်ကဲရသည်။ ဗိုလ်မှူးချုပ်မက်ဘိန် (BRIGADAI R MC BEAN)သည် ဒုတိယဦးစီးချုပ်အဖြစ်နှင့် ဦးစီးပါဝင်သည်။ ရေတပ်ကို ကွန်မင်ဒိုဂျွန်းဟေ (COMMODORE JOHN HAYES)က အုပ်ချုပ်ကွပ်ကဲလိုက်ပါရသည်။ ယင်းအင်္ဂလိပ်တပ်မတော်မှာ စစ်သည်အင်အား (၉၃၄၃)ယောက်ပါဝင်သည်ဟု သိရသည်။ ထိုအင်္ဂလိပ်တပ်ဖွဲ့သည် (၁၈၂၅)ခု၊ဇန်နဝါရီလတွင် ကော့ဘဇာ(COX'S BAZAAR)သို့ ချီတက်သည်။ ပထမရခိုင်ခံတပ်ဖြစ်သော မောင်တောအနီး (၁၈၂၅)ခု၊ ဇန္နဝါရီလ ၃၁–ရက်နေ့တွင် ဆိုက်ရောက်လာသည်။ ယင်းသို့ရောက်လျှင် စစ်တပ်ကို နှစ်တပ်ခွဲ၍ တစ်တပ်ကို ဗိုလ်ချုပ်ကြီးမော်ရီဆင် ဦးစီးသည်။ ကျန်တပ်ကို ဗိုလ်မှူးချုပ်မက်ဘိန်က ကွပ်ကဲရသည်။ ဗိုလ်ချုပ်ကြီးမော်ရီဆင်၏ တပ်ဖွဲ့ဝင်တဦးဖြစ်သူ ဗိုလ်အင်းဆထရွှင်း(LIEUTENANT ARMSTRONG )ဆိုသူက (၁၈၂၅)ခု၊ ဖေဖေါ်ဝါရီလ(၂၁)ရက်နေ့စွဲဖြင့် သက်ဆိုင်ရာ ဗိုလ်ချုပ်ကြီးထံ အစီရင်ခံစာတွင်

> *'ကျွန်တော်တို့သည် ရခိုင်မြစ်(ကုလားတန်မြစ်)ဟု ယူဆရသောမြစ်ဝသို့ ဝင်မိပြီဖြစ်ပါသည်။ ယင်းတွင် ကျွန်တော်ရို့ကို အနှောင့်အယှက်ပေးနိုင်သော ခံတပ်တစ်ခုကို တွေ့ရပါသည်။ စုံစမ်းကြည့်ရာ ယင်းမြစ်မှာ မယူမြစ်ဖြစ်သည်။ ရခိုင်မြစ်(ကုလားတန်မြစ်)မှာ အရှေ့တောင်ဘက်တွင်*

*ရှိသည်ဟု သိရပါသည်။ ရခိုင်မြစ်ပေါ်သို့ ထိုနေ့ညနေဖက်တွင် ကျွန်တော်ရို့ ဝင်နိုင်ခဲ့ပါသည်။ မြစ်ဝမှ ရှစ်မိုင်ခန့်ဝေးသောနေရာမှာ ခံတပ်တစ်ခုရှိကြောင်း သိရပါသည်။ (၂၀)ရက်နေ့က အထောက်တော်များ သတင်းပေးချက်အရ ရခိုင်ဘုရင်ခံမှာ စက်လှေ(၁၀၀)၊ စစ်သည်တော် (၂၀၀၀)နှင့် ကျွန်တော်ရို့ကိုတိုက်ခိုက်ရန် စုံဆင်းလာကြောင်း သိရပါသည်။ ကျွန်တော်ရို့ ကမ်းမှခွါ၍ အဆင်အသင့် ရန်သူတပ်များအလာကို စောင့်နေကြပါသည်'*

ဟု တွေ့ရသည်။

မတ်လ ၂၅-ရက်နေ့မှာ ကြက်ကိုင်းတန် **(KRAY KENG DONG)** တွင် တပ်စွဲကြသည်။ ကြက်ကိုင်းတန်မှာ အင်္ဂလိပ်စစ်တပ်များ မြောက်ဦး(မြို့ဟောင်း)သို့ ချီတက်ရာတွင် လမ်းခုလတ်စခန်းအဖြစ် အင်္ဂလိပ်ရို့က အသုံးပြုခဲ့ကြသည်။ ယင်းမှ စစ်ကြောင်းလေးကြောင်းခွဲ၍ မြောက်ဦးမြို့ကို ထိုးစစ်ဆင်ကြလေသည်။ မတ်လ(၂၉)ရက်မှ (၃၁)ရက်အထိ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားပြီး နောက်တနေ့မှာ အင်္ဂလိပ်ရို့ မြောက်ဦးမြို့ကို သိမ်းပိုက်နိုင်လေသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားသည့်အချိန်ထိ မြောက်ဦးမြို့မှာ ဘုရင်ခံနေသော မြို့တော်ဖြစ်နေသေးသည်။ စစ်တွေမြို့မှာ ထိုအချိန်အထိ မြို့တမြို့မဖြစ်လာသေးချေ။ ယခု စစ်တွေမြို့၏ ဆင်ခြေဖုန်း၊ ကြက်ကိုင်းတန်မှာ နယ်ချဲ့အင်္ဂလိပ်များအတွက် မြောက်ဦးကိုထိုးစစ်ဆင်ရာတွင် အရေးပါအရာရောက်သော အစိတ်အပိုင်းက ပါဝင်နေပြီဖြစ်သော်လည်း ယခုလက်ရှိ စစ်တွေမြို့မှာ သာမန်တံငါရွာကလေးတစ်ရွာသာ ရှိနေသေးသည်။ ယင်းကြောင့် အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားပြီးသည့်အချိန်အထိ စစ်တွေမြို့မှာ မြို့တစ်မြို့အဖြစ် မတည်ရှိသေးကြောင်း ထင်ရှားသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကို ရန္တပိုစာချုပ်ဖြင့် (၁၈၂၆)ခု၊ဖေဖေါ်ဝါရီ (၂၆)ရက်မှာ အပြီးသတ်သည်။ ယင်းစစ်ပွဲမှ နယ်ချဲ့အင်္ဂလိပ်ရို့ ရခိုင်ဒေသနှင့် တနင်္သာရီဒေသများကို ရလိုက်သည်။ ထိုရရှိလိုက်သောဒေသများကို သူရို့၏ အုပ်ချုပ်ခံနယ်မြေအဖြစ်သတ်မှတ်ပြီး ကိုလိုနီအုပ်ချုပ်ရေး အဆောက်အအုံကို တည်ဆောက်ရန် လိုလားသည်။ တဘက်မှာလည်း ဥရောပတခွင်တွင် စက်မှုလုပ်ငန်းတိုးတက်လာသည်။ ယင်းမှ ကုန်ချောများကို မြောက်များစွာ ထုတ်လုပ်လာသည်။ ထုတ်လုပ်ပြီးသော ကုန်ချောများကို ရောင်းချရန် ဈေးကွက်များလိုလာသည်။ တဖန် ကုန်ချောထုတ်လုပ်ရန်အတွက် ကုန်ကြမ်းများရရန်ဒေသများ လိုလာသည်။ ယင်းအချိန်မှာ အင်္ဂလန်သည် စက်မှုတော်လှန်ရေးအရ ထုတ်ကုန်လုပ်

ငန်း အထွတ်အထိပ်သို့ ရောက်နေသည်။

ကုန်ထုတ်လုပ်ငန်း အထွတ်အထိပ်သို့ရောက်နေသော နယ်ချဲ့အင်္ဂလိပ်ရို့သည် ရခိုင်ဒေသကိုသိမ်းယူချိန်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလျက်ရှိသည်။ ရခိုင်မြို့တော် မြောက်ဦးမြို့မှာ ပင်လယ်နှင့်အလှမ်းဝေးသည်။ ကုန်တင်သင်္ဘောများ ဝင်ထွက်ရန် မလွယ်ကူချေ။ ရာသီဥတုမှာလည်း မျှတသောအခြေအနေမှာ မရှိ။ လမ်းပန်းဆက်သွယ်မှု အဆင်မပြေခြင်းနှင့် ရာသီဥတုမမျှတမှုရို့မှာ နယ်ချဲ့အင်္ဂလိပ်များ၏ စီးပွားရေး၊ အုပ်ချုပ်ရေးကို ထိခိုက်စေသည်။

## <u>တည်နေရာနှင့်လူဦးရေ</u>

စစ်တွေကျွန်းသည် ပင်လယ်ရေပြင်မှ (၁၅)ပေအမြင့်မှာ ရှိသည်။ ကုလားတန်မြစ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ဆုံရာ ကမ်းနဖူးမှာရှိသည်။ မြောက်လတ္တီတွတ် (၂၀ ၈)နှင့် အရှေ့လောင်ဂျီတွတ် (၉၂ ၅၅)တွင် တည်ရှိသည်။ မိုးရေချိန်လက်မ(၂၀၀)ကျော် ရွာသွန်းသည်။ မြောက်ဦးမြို့ထက် အပူအဇ မျှတသည်။ ပြုပြင်လုပ်ကိုင်လာပါက သင်္ဘောဆိပ်ခံကောင်းဖြစ်လာမည်ကို နယ်ချဲ့အင်္ဂလိပ်ရို့သိပြီးဖြစ်သည်။ သွားလာရေး လွယ်ကူလာမည်။ ကူးသန်းရောင်းဝယ်ရေး အချက်အချာ ဖြစ်လာမည်။ သူရို့၏ ကိုလိုနီဈေးကွက်သည် စစ်တွေမြို့မှာ အလွန်သင့်တော်နေသည်။ ဥရောပတိုက်သားများအတွက် ကျန်းမာရေးအခြေအနေမှာ မြောက်ဦးမြို့ထက် သင့်တော်သည်။ ယင်းအခြေအနေများအရ သူရို့သည် စစ်တွေကျွန်းကို ပြုပြင်လာကြသည်။ အနေအထိုင်၊ သွားလာရေး အဆင်ပြေအောင်ပြုလုပ်လာသည်။ (၁၈၂၆)ခုနောက်ပိုင်းတွင် ရခိုင်မြို့တော်ဖြစ်သော မြောက်ဦးမြို့ကို မြို့တော်အဖြစ်မှရုပ်စဲပြီး စစ်တွေကျွန်းကို ရခိုင်တိုင်း၏မြို့တော်အဖြစ် ရွေးချယ်လိုက်လေသည်။

စစ်တွေမြို့၏ဧရိယာမှာ (၆)မိုင်ရှိသည်။ မြန်မာပြည်၏ မြို့ကြီး(၁၀)မြို့အနက် တစ်မြို့အပါအဝင်ဖြစ်လာသည်။ အောက်မြန်မာပြည်တွင် တတိယအကြီးဆုံးမြို့ဖြစ်၍ မြန်မာတပြည်လုံးမှာ စတုတ္ထဖြစ်ခဲ့လေသည်။ မြို့တည်စအချိန်က မြို့လူဦးရေကို မသိရသော်လည်း (၁၈၇၀)ခုနှစ်နောက်ပိုင်း လူဦးရေကို (၁၀)နှစ်တစ်ကြိမ်ကျစီ ဖေါ်ပြထားသည်။ ယင်းလူဦးရေစာရင်းကို အောက်တွင်ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁၈၇၂ | ခု | ၁၉,၂၃၀ ယောက် |
| ၁၈၈၁ | ခု | ၃၃,၉၈၉ ။ |
| ၁၈၉၁ | ခု | ၃၇,၉၃၈ ။ |

| | | |
|---|---|---|
| ၁၉၀၁ ခု | ၃၅,၆၈၀ | ။ |
| ၁၉၁၁ ခု | ၃၇,၈၉၃ | ။ |
| ၁၉၂၁ ခု | ၃၆,၅၆၉ | ။ |
| ၁၉၃၁ ခု | ၃၈,၀၉၄ | ။ |

၁၉၄၁–ခုနှစ်လူဦးရေမှတ်စာရင်းကို မကောက်ဖြစ်တော့ပါ။ စစ်ကြီးမှာလည်း ဖြစ်ခါစအချိန်ဖြစ်သောကြောင့် ဖြစ်ဟန်တူသည်။ စစ်တွေမြို့လူဦးရေမှာ တဟုန်ထိုး တိုးတက်လာသည်ကိုတွေ့ရသည်။

## အုပ်ချုပ်ရေး

တဘက်မှလည်း နယ်ချဲ့အင်္ဂလိပ်ရို့သည် မိမိရို့အကျိုးအမြတ်ပေါ်မူတည်၍ ကိုလိုနီအုပ်ချုပ်ရေးစနစ်နှင့် အံမဝင်တော့သော သက်ဦးဆံပိုင်ပဒေသရာဇ်ကို ရခိုင်တိုင်းတွင် ဖျက်သိမ်းလိုက်သည်။ ယင်းနေရာတွင် ကိုလိုနီအုပ်ချုပ်ရေးယန္တရားနှင့် ကိုက်ညီသော အုပ်ချုပ်ရေးစနစ်ကို အစားထိုးလာသည်။ ရခိုင်ဒေသကို တိုက်နယ်ပေါင်း (၁၆၀)ခွဲထားသည်။ ယင်းရို့အနက် (၁၄၈)တိုက်နယ်မှာ ကျွန်းများဖြစ်သည်။ ကျန်(၁၂)နယ်မှာ ချောင်းများဖြစ်သည်။ တိုက်နယ်တခုစီတွင် ကျွန်းအုပ်သော်လည်းကောင်း၊ ချောင်းအုပ်သော်လည်းကောင်း အုပ်ချုပ်စေသည်။

ကျွန်းအုပ်၊ချောင်းအုပ်များသည် ပြည်သူလူထုထံမှ အကောက်ခွန်ကို နယ်ချဲ့အင်္ဂလိပ်များ၏ အုပ်ချုပ်ရေးအတွက် ကောက်ခံပေးရသည်။ ကောက်ခံပေးရငွေ၏ (၁၅)ရာခိုင်နှုန်းကို ကျွန်းအုပ်၊ ချောင်းအုပ်ရို့ ရရှိသည်။ ကျွန်းအုပ်ရို့၏အောက်တွင် ရွာခေါင်းရှိသည်။ ရွာခေါင်းကို ရွာသားရို့က ရွေးကောက်တင်မြှောက်ရသည်။ ရွာခေါင်းသည် ရွာသားများထံမှ အကောက်ခွန်ကောက်ခံပြီး ကျွန်းအုပ်ထံသို့ ပေးသွင်းရသည်။ ကောက်ခံရငွေ၏ (၄)ရာခိုင်နှုန်းကို လစာအဖြစ် ရွာခေါင်းက ရရှိလေသည်။ (၁၈၆၉)ခုတွင် တိုက်နယ်ပေါင်း(၁၆၀)မှ (၁၃၄)တိုက်နယ်သို့ လျှော့ချလိုက်သည်။ ကျွန်းအုပ်၊ ချောင်းအုပ်၊ ရွာခေါင်းရို့မှာ အမှုသေးဖွဲ့ကလေးများကို စစ်ဆေးနိုင်ခွင့်ရှိသည်။ ယင်းသူရို့အထက်မှာ မြို့ဝန်၊ ခရိုင်ဝန်၊ ခရိုင်တရားသူကြီး၊ တိုင်းမင်းကြီးစသည်ဖြင့် ဆင့်ကဲဆင့်ကဲရှိသည်။ မြို့ဝန်မှ အထက်အရာရှိအားလုံးမှာ မျက်နှာဖြူများဖြစ်ကြလေသည်။ ထိုမျက်နှာဖြူအရာရှိများ ရုံးစိုက်ရာမှာ စစ်တွေမြို့ဖြစ်သည်။ စစ်တွေမြို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ ဆူးငြောင့်ခလုတ်များ ရှင်းလင်းရာ ဗဟိုဌာနဖြစ်လာသည်။

ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ ဆူးငြောင့်များကိုရှင်းလင်းရေးမှာ သူရို့၏ အဓိကလုပ်ငန်းဖြစ်သည်။ ယင်းကြောင့် မြန်မာပြည်၏ထောင်များတွင် ပထမအဆင့်

တန်းတွင်ပါဝင်သော စစ်တွေထောင်ကို (၁၈၂၇)ခုနှစ်တွင် တည်ထောင်သည်။ စစ်တွေမြို့ကို တည်လိုက်သည်နှင့်တပြိုင်နက် အကျဉ်းထောင်ကို နယ်ချဲ့အင်္ဂလိပ်များက ဦးစားပေး၍ တည်ထောင်သည်မှာ ထင်ရှားသည်။ အကျဉ်းသား(၄၆၄) ယောက် ယင်းအချိန်မှာ ရှိနှင့်ပြီးဖြစ်သည်။ (၁၈၇၃)ခုတွင် (၁၅)ပေမြင့်သော ထောင်နံရံဖြင့် ပြီးစေသည်။ ယခုလက်ရှိ ထောင်အကျယ်အဝန်းအတိုင်း ချဲ့ထွင်သွားသည်မှာ (၁၈၇၅)ခုနှစ်တွင်ဖြစ်သည်။ (၁၉၁၃–၁၄)ခုတွင် ကျည်ပြီးတံခါးမကို တပ်ဆင်ပါသည်။ (၁၉၁၄)ခုကျမှ ထောင်တွင် ဆေးရုံရှိလာသည်။ ခရိုင်တရားရုံးကို (၁၈၇၂)ခုတွင် ကျပ်ငွေ(၁၃၀၆၈၂)ကျပ်အကုန်ခံ၍ ဆောက်လုပ်သည်။ နောက်ထပ်ငွေ (၁၀၂၅၀)ကျပ်အကုန်ခံ၍ ပြုပြင်သည်။ စာတိုက်အဖြစ် ယခင်ခရိုင်တရားသူကြီး ရုံးဟောင်းကိုအသုံးပြုသည်။ ယင်းကို (၁၈၆၇)ခုတွင် ငွေ (၃၀၀၀၀)ကျပ် အကုန်ကျခံ၍ ဆောက်လုပ်ခဲ့သည်။ တိုင်းမင်းကြီးရုံးမှာ (၁၉၀၂)ခုတွင် ဆောက်လုပ်ပြီးစီးသည်။ ငွေ (၄၃၁၀၀)ကျပ် ကုန်ကျသည်။

## <u>မြို့ရှာသန့်ရှင်းရေးနှင့် ကျန်းမာရေး</u>

တဘက်ကလည်း အုပ်ချုပ်ရေးယန္တရားအဆောက်အဦးများကို ဆောက်လုပ်ရင်း အင်္ဂလိပ်မျက်နှာဖြူများ၏ ကျန်းမာရေးရရှိမှုအတွက် မြို့ရှာသန့်ရှင်းရေးကို လုပ်ကိုင်လာရသည်။ ယင်းကြောင့် စစ်တွေမြူနီစပါယ်အဖွဲ့ကို (၁၈၇၄)ခု၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။ ယင်းမြူနီစပယ်အဖွဲ့တွင် အဖွဲ့ဝင်(၁၂)ဦးပါဝင်သည်။ ထို(၁၂)ဦးကို ဥရောပတိုက်သား(၃)ဦး၊ ရခိုင်အမျိုးသား(၄)ဦး၊ မဟာမေဒင်(၃)ဦး၊ ဟိန္ဒူ(၂)ဦးဖြင့် ခွဲဝေထားသည်။ ထိုအချိုးအစားကို ကြည့်ခြင်းဖြင့် မျက်နှာဖြူအင်္ဂလိပ်များသည် မည်မျှအထိ အခွင့်အရေးယူကြောင်း သိနိုင်သည်။ လူများစုဖြစ်သော ရခိုင်အမျိုးသားများထက် များပြားကြောင်းတွေ့ရသည်။ သူတို့၏ အခွင့်အရေးရယူနိုင်ရေးအတွက် ဤကဲ့သို့ယူထားခြင်း ဖြစ်ပါသည်။

မျက်နှာဖြူများ၏ အကျိုးအတွက်ကိုဦးတည်၍ ဆေးရုံများ ဆောက်လုပ်လာသည်။ (၁၈၆၄)ခုတွင် ဆေးရုံမှာ အခန်း(၂)ခန်းသာ ပါဝင်သည်။ တစ်ခန်းကို ဥရောပတိုက်သားများအတွက် သီးသန့် နေရာယူထားသည်။ ကျန်တစ်ခန်းကို အိန္ဒိယလူမျိုးများအတွက်ဖြစ်သည်။ ခုတင်(၄၆)လုံးဆန့်သော အဆောက်အဦးကို (၁၈၇၉)ခုနှစ်တွင် ထပ်မံ၍ဆောက်လုပ်သည်။ (၁၉၀၆)ခုတွင် ခုတင်(၁၂၀)အထိ ထားနိုင်သည့် အဆောက်အဦးကို တိုးချဲ့လာသည်ကို တွေ့ရသည်။ မိန်းမခန်းကို စေတနာရှင်များဖြစ်သော မစ္စတာမာရကန်နှင့် ဦးရဲကျော်သူ–ဒေါ်သန္တာဖြူရို့က ဆောက်လုပ်လှူဒါန်းသည်။ ဦးရဲကျော်သူ–ဒေါ်သန္တာဖြူရို့ထံမှ အဆိုပါ မိန်းမခန်း

အတွက် ကျပ်ငွေ(၃၇၀၀)ကို လှူဒါန်းကြောင်းသိရသည်။

စစ်တွေမြို့ တည်စအချိန်အခါက သောက်ရေသုံးရေကို ရေတွင်းရေကန်များမှ အသုံးပြုကြသည်။ ရခိုင်အာဇာနည် ဒေးဝန်းဦးအောင်ကျော်ရွှီကောင်းမှု ရေကန်သည် ယခုထက်တိုင် ဒိုင်းဝန်းရွာမြောက်မှာ ရှိပါသေးသည်။ အချို့သော ရေတွင်းရေကန်များမှာ မသန့်ရှင်းမှုကြောင့် ဝမ်းရောဂါများဖြစ်ကြသည်။ ယင်းကြောင့် စစ်တွေမြို့တွင် ရေကောင်းရေသန့်ရရှိရေးစီမံကိန်းတစ်ရပ်ကို (၁၈၉၉)ခုတွင် သက်ဆိုင်ရာအာဏာပိုင်များက ချမှတ်သည်။ (၁၉၀၅)ခုကျမှ အဆိုပါစီမံကိန်းကို အတည်ပြုလိုက်သည်။ လုပ်ငန်းကို စတင်လုပ်ကိုင်သည်မှာ (၁၉၀၆)ခုတွင်ဖြစ်ပါသည်။ (၁၉၀၉)ခုနှစ်တွင် အပြီးတိုင်ပြီးစီးသည်။ စစ်တွေမြို့ ရေပေးရေးစီမံကိန်းအတွက် အစိုးရကခွင့်ပြုငွေမှာ (၃၀၀၀၀၀)ဖြစ်သည်။ သို့ရာတွင် အမှန်တကယ်ကုန်ကျငွေမှာ (၄၀၀၈၁၅)ကျပ် ဖြစ်ပါသည်။ (၁၉၁၂)ခုမှာ ပိုက်လုံးများဖြင့် တိုးချဲ့တပ်ဆင်လာသည်။

စစ်တွေမြို့တွင် ဈေးကြီးနှစ်ဈေးရှိသည်။ မြို့မဈေးကြီးနှင့် ရွှေပြားဈေးကြီးဖြစ်သည်။ ယင်းတို့မှာ မြူနီစပယ်ဈေးများဖြစ်သည်။ မြို့မဈေးကြီးသည် ပထမတွင် ပုဂ္ဂလိကပိုင်ဖြစ်သည်။ ဘလုတ်ဘရားသား(**BULLOCH BROS;**)ကုမ္ပဏီထံမှ မြူနီစပယ်က (၁၈၇၆)ခုတွင် ကျပ်ငွေ(၁၅၀၀၀)နှင့် ဝယ်ယူလိုက်သည်။ ထိုဈေးမှာ (၁၈၇၉)ခုတွင် မီးလောင်ကျွမ်းခြင်း ခံရသည်။ ထိုနှစ်မှာ အသစ်ပြန်လည်ဆောက်လုပ်သည်။ ရွှေပြားဈေးကို (၁၈၇၄)ခုမှာ ဆောက်လုပ်သည်ဟု သိရသည်။

စစ်တွေမြူနီစပယ်အဖွဲ့သည် မြို့ရွာသန့်ရှင်းရေးအတွက် ရေမြောင်းများ ဖောက်လုပ်လာသည်။ အမှိုက်သရိုက်များကို အချိန်မှန်မှန် သိမ်းယူလာသည်။ သို့ရာတွင် မျက်နှာဖြူများနှင့် လက်ဝေခံလူတန်းစားများနေထိုင်ရာ စစ်တွေမြို့၏တောင်ပိုင်းမှာသာ သန့်ရှင်းမှုရှိသည်။ မြောက်ပိုင်းမှာ ကျန်းမာရေးညီညွတ်မှုမရှိ။ မြောက်ပိုင်းမှာ ဆင်းရဲသားရပ်ကွက်ဖြစ်သည်။ အထူးသဖြင့် ငှက်ဖျားရောဂါနှင့်( **WATER BORNE**) ခေါ်သော ရောဂါများဖြစ်ကြသည်။ စစ်တွေမြို့တမြို့လုံးကို ချုံ၍ကြည့်လျှင် ကျန်းမာရေးအတွက်ပြုပြင်ရန် လိုအပ်ချက်များစွာ ရှိနေသေးသည်။ (၁၈၇၁)ခု၊ ဇူလိုင်လ(၇)ရက်နေ့ထုတ် (**ARAKAN NEWS**)သတင်းစာမှာ ဆာ–အာချီဘော (**SIR ARCHBALD**) ကွယ်လွန်သဖြင့် သတိရဝမ်းနည်းကြောင်းကို ဖော်ပြသည်။ ယင်းသို့ဖော်ပြရာတွင်–

*'စစ်တွေနှင့် ရခိုင်သားများသည် ဆာအာချီဘောကို ကျေးဇူးတင်ရမည်ဖြစ်သည်။ စစ်တွေသို့ သူရောက်စတွင် ခြုံနွယ်ပိတ်ပေါင်းများ ထူထပ်သည်။ ရွံ့နွံများသည်။ ငှက်ဖျားရောဂါ ထူပြောသည်။ ဥရောပတိုက်*

*သားများအတွက် 'သနိုင်းမြေ'ဟု ခေါ်ရမလောက်ဖြစ်သည်။ သူ၏ အမြင်ကျယ်မှုကြောင့် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ သစ်ပင်များကို စံနစ်တကျစိုက်ပျိုးခြင်းများကို ပြုလုပ်စေသည်။ ယင်းကြောင့် မြို့ရွာလှပသန့်ရှင်းလာသည်။ စပါးရောင်းဝယ်ရေးလုပ်ငန်း တွင်ကျယ်အောင်ပြုလုပ်ခဲ့လေသည်'*

ဟု ဖေါ်ပြချီးကျူးထားသည်။

မည်သို့ပင်ဆိုစေကာမူ စစ်တွေမြို့၏တောင်ပိုင်းသည် သန့်ရှင်းမှုရှိသလောက် မြောက်ပိုင်းမှာ သန့်ရှင်းမှုနည်းပြီး ရောဂါထူပြောသောနေရာဖြစ်သည်။ အကြောင်းမူ တောင်ဘက်ပိုင်းသည် မျက်နှာဖြူ ဗြူရိုကရက်များ၊ အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီများမှ အရာရှိအရာခံ ကိုယ်စားလှယ်များနှင့် လက်ဝေခံလူတစ်စု၏ နေထိုင်ရာဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ သူတို့နေထိုင်ရာဒေသကို သန့်ရှင်းသထက်သန့်ရှင်းအောင် လှသထက်လှအောင် ပြုပြင်သည်။ မွမ်းမံသည်။ ဆင်းရဲသားရပ်ကွက်များမှာ စစ်တွေတည်စဉ်ကအခြေအနေနှင့် မည်သို့မျှ မခြားပါချေ။ မြူနီစပယ်အခွန်အကောက်များကို ဆင်းရဲသားများအတွက် သက်ညှာခွင့်ကားမရှိ။ အခွန်ကောက်ခံနှုန်း သူတို့ဆောင်ရသောအခွန်နှင့်ကား မခြားမနားရှိသည်။ အချိုးအဆအလိုက်ကောက်ခံကြသည်။ တဘက်မှလည်း တောင်ပိုင်းမှလူများက မြောက်ပိုင်းမှလူများကို နှိမ့်ချ၍ပြောတတ်ကြသည်။ ဒေသခွဲစိတ်ခါတ်၊ ရပ်ကွက်ခွဲစိတ်ခါတ်များသည် စစ်တွေမြို့ကို နယ်ချဲ့အင်္ဂလိပ်များစိုးမိုးချိန်မှာ အခေါင်အဖျားသို့ ရောက်နေကြသည်။ ယင်းသို့ ဒေသခွဲစိတ်ခါတ်ကို နယ်ချဲ့အင်္ဂလိပ်များသည် အခွင့်ကောင်းယူပြီး စစ်တွေမြို့လူထုအချင်းချင်း ကွဲအောင် ရန်တိုက်ပေးခြင်းမျိုးဖြစ်သည်။ ရခိုင်လူထုအချင်းချင်းကွဲအောင်လည်း ပြုလုပ်ကြသည်။

## စီးပွားရေး

နယ်ချဲ့အင်္ဂလိပ်များသည် အုပ်ချုပ်ရေးပိုင်းမှာ အရင်းရှင်ယန္တရားနှင့် ကိုက်ညီအောင်ပြုပြင်သည်။ စီးပွားရေးပိုင်းမှာလည်း သူရို့လိုရာဆွဲနိုင်အောင် ပြုပြင်လာသည်။ သူရို့အကျိုးအမြတ်အတွက် လက်ဝေခံလူတန်းစားများနှင့် ဗြူရိုကရက်များကို မွေးထုတ်ကြသည်။ လက်ဝေခံလူတန်းစားများသည် ရခိုင်အမျိုးသားများဖြစ်ကြသည်။ သူရို့ ရခိုင်လယ်သမားများထံမှ ဆန်စပါးများကို တိုက်ရိုက်ဝယ်ယူရရှိနိုင်သည်။ ရရှိသောဆန်စပါးများကို အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီသို့ တဆင့်ရောင်းစားကြသည်။ လယ်သမားများကား သူရို့ လယ်ယာထွက်ပစ္စည်းများကို တိုက်ရိုက်ရောင်းဝယ်နိုင်ခွင့် အလွန်နည်းပါးအောင် ပြုလုပ်ထားသည်။

လက်ဝေခံများကို အမြတ် အနည်းအကျဉ်းပေးသည်။ အရင်းရှင်ကုမ္ပဏီများသည် သူရို့ရရှိသောစပါးများကို ဥရောပတိုက်ဒေသများသို့ သူရို့ကြိုက်ဈေးအတိုင်း ရောင်းချကြသည်။ လက်ဝေခံများသည် အရင်းရှင်ကုမ္ပဏီများမှ ရရှိသောကြေးငွေများဖြင့် ချမ်းသာလာကြသည်။ သားသမီးများအား အင်္ဂလိပ်စာသင်ကြားစေသည်။ တတ်မြောက်လာသောအခါ နယ်ချဲ့သမားများ၏ အုပ်ချုပ်ရေးအဆောက်အအုံမှာ အထောက်အကူဖြစ်စေရန် ဝင်ရောက်အမှုထမ်းစေခြင်းဖြင့် ဗြူရိုကရက်များ ဖြစ်လာကြသည်။ သူရို့သည် ရခိုင်လူထုအကျိုးထက် မိမိရို့အကျိုးကိုသာ ကြည့်တတ်ကြသည်။ ယင်းသို့ နယ်ချဲ့အင်္ဂလိပ်များသည် အရင်းရှင်စီးပွားရေးစနစ်ကို ခိုင်မာအောင်ပြုလုပ်လာသည်။

တဘက်မှလည်း စီးပွားရေးလုပ်ငန်းများအဆင်ပြေအောင် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်လာသည်။ ဘင်္ဂလားဘဏ် **(BANK OF BENGAL)**၊ ချာတာဘဏ် အိန္ဒိယ **(CHARTRED BANK OF INDIA)**၊ ဩစတြေလျဘဏ်နှင့် တရုတ်ဘဏ်ခွဲများကို စစ်တွေမြို့တွင် ဖွင့်လှစ်လာသည်။ ရခိုင်အမျိုးသားများထဲမှ၊ ဦးရဲကျော်သူဘဏ်၊ ဦးပေါ်ထွန်းအောင်ဘဏ် စသည်ဖြင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ယင်းဘဏ်များနှင့်ဆက်သွယ်ပြီး ငွေတိုးချေးစားသူများ ပေါ်လာသည်။ ငွေတိုးချေးသူများသည် အဆိုပါဘဏ်များမှ အတိုးအနည်းအကျဉ်းနှင့် ငွေချေးယူကြသည်။ ထိုမှရလာသောငွေများဖြင့် လယ်သမားများကို တဆင့်အတိုးငွေများများဖြင့် ချေးပြန်သည်။ ယင်းစနစ်သည် ဘဏ်လုပ်ငန်း လုပ်ကိုင်နိုင်သူတစုနှင့် လက်ဝေခံလူနည်းစုသာ ကောင်းစားပြီး အများစုမှာ ဆင်းရဲတာရှည်စေသည်။

## လမ်းပန်းဆက်သွယ်ရေး

နယ်ချဲ့အင်္ဂလိပ်များသည် အရင်းရှင်စီးပွားရေးလုပ်ငန်းအတွက် ဘဏ်လုပ်ငန်းများကို တဘက်ကလုပ်ကိုင်စေပြီး တဘက်မှလည်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းကို သူရို့အကျိုးအမြတ်အပေါ်မူတည်၍ တိုးချဲ့သင့်သည်အတိုင်းအတာအထိ တိုးချဲ့လာသည်။ ကုန်းလမ်းခရီးမှာ စစ်တွေမြို့မှ ရေချမ်းပြင်ထိတစ်လမ်း၊ စစ်တွေမြို့မှ ကျောက်တန်းအထိတစ်လမ်းရှိသည်။ ယင်းလမ်းများမှာ ကတ္တရာစေးလမ်းဖြစ်ပြီး မော်တော်ကား အချိန်မရွေးသွားလာနိုင်သောလမ်းများဖြစ်သည်။ အခြားဒေသများသို့ ကုန်းလမ်းဖြင့် သွားလာနိုင်ခြင်းမရှိ။ တနည်းဆိုရပါလျှင် ကုန်းလမ်းဆက်သွယ်ရေးမှာ စစ်တွေမြို့နှင့် ဆင်ခြေဖုန်းတဝိုက်လောက်သာ သွားလာနိုင်သည်။ အခြားမြို့ရွာများသို့ သွားလာရန်မှာ အဓိကရေလမ်းကိုသာ အားကိုးနေရသည်။

(၁၈၈၇)ခုအချိန်အထိ ရေလမ်းခရီးမှာလည်း ကောင်းမွန်ခြင်း မရှိသေးပါ။ စစ်တွေ၊ ဘူးသီးတောင်၊ စစ်တွေ၊ ပလက်ဝမြို့များသို့ နေးကွေးလှသောသင်္ဘောများဖြင့် သွားလာရသည်။ ယင်းသင်္ဘောများကို အစိုးရက ချုပ်ကိုင်ထားသည်။ (၁၈၈၉)ခုတွင် အစိုးရသင်္ဘောများမှာ သုံးမရအောင်ဖြစ်လာသည်။ မစ္စတာဒေါ်ဆင် **(MR. DAWSON)**ဆိုသူ မျက်နှာဖြူတစ်ဦး သင်္ဘောကုမ္ပဏီ တည်ထောင်ပြေးဆွဲသည်။ မစ္စတာဒေါ်ဆင်နှင့်အပြိုင် ပါရီမြို့သားတစ်ဦးလည်း သင်္ဘောလုပ်ငန်းကို လုပ်ကိုင်လာသည်။ ထိုပုဂ္ဂိုလ်မှာ အရှုံးပေါ်သဖြင့် လုပ်ငန်းကိုရပ်လိုက်ရသည်။ (၁၈၉၃)ခုတွင် မစ္စတာဒေါ်ဆင်နှင့်အပြိုင် ကပ္ပတိန်ဘက်မန်**(CAPTAIN BACKMAN)** ဆိုသူသည် သင်္ဘောလုပ်ငန်းကို စစ်တွေမြို့တွင် လုပ်ကိုင်လာပြန်သည်။ ယင်းပုဂ္ဂိုလ်မှာလည်း အရှုံးနှင့်သာ ရင်ဆိုင်ရပြန်သည်။ မစ္စတာဒေါ်ဆင်၏ သင်္ဘောကုမ္ပဏီမှာလည်း မစ္စတာဒေါ်ဆင်ကွယ်လွန်သည့်နှစ် (၁၈၉၉)ခုမှာ ရပ်ဆိုင်းသွားသည်။ (၁၉၀၀)ပြည့်၊ ဇန္နဝါရီလ၁ရက်နေ့မှာ မစ္စတာအာ၊အေ၊စကော့( **MR. R.A. SCOTT** )ဆိုသူသည် 'ရခိုင်သင်္ဘောကုမ္ပဏီ'**(ARAKAN FLOTILLA COMPANY)** ကို တည်ထောင်သည်။ ယင်းကုမ္ပဏီမှာ သက်တမ်းအရှည်ဆုံးဖြစ်သည်။ ဖော်ပြပါကုမ္ပဏီများသည် ရခိုင်တိုင်း ရေကြောင်းသွားလာရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော ကုမ္ပဏီများဖြစ်ကြသည်။

ပြည်တွင်းရေကြောင်းသွားလာရေးသာ စစ်တွေမြို့လမ်းပန်းဆက်သွယ်ရေးအတွက် အရေးကြီးသည်မဟုတ်၊ ပင်လယ်ကူးသင်္ဘောလမ်းကြောင်းမှာလည်း အရေးကြီးသည်။ ဆောင်းဦးပေါက်မှသည် နွေအကုန်၊မိုးအကူးအထိ စစ်တွေဆိပ်ကမ်းတလျှောက်မှာ ပင်လယ်ကူးသင်္ဘောများ ပြည့်နှက်ရှိကြသည်။ ယင်းသင်္ဘောများ အလွယ်တကူ သွားလာနိုင်ရန်အတွက် မီးပြတိုက်နှစ်ခုကို တည်ဆောက်ထားသည်။ တစ်ခုကို စစ်တွေမြို့ဆိပ်ကမ်းအဝင် ဆဲဗစ်ကျွန်း**(SAVAGE ISLAND)** ပေါ်မှာ တည်ထားသည်။ 'လေးချမ်းတောင်မီးပြ'ဟုခေါ်သည်။ တစ်ခု အွိုက်စတာ **(OYSTER LIGHT-HOUSE)**မီးပြဖြစ်သည်။ ယင်းအွိုက်စတာမီးပြသည် စစ်တွေမြို့၏ အနောက်မြောက်ဘက်ရှိ အွိုက်စတာ**(OYSTER REEF)**ကျွန်းပေါ်မှာ တည်ရှိသည်။ စစ်တွေဆိပ်ကမ်းအဝင်မှာရှိသော လေးချမ်းတောင်မီးပြကို (၁၈၄၄)ခုမှာ ဆောက်လုပ်သည်။ အမြင့်ပေ (၁၃၈)ပေမြင့်သည်။ ယခုလက်ရှိ အမြင့်အတိုင်းကို (၁၈၉၁)ခုမှာ တိုးချဲ့ပြုလုပ်သည်။ ယင်းမီးပြမှမီးများကို ညအချိန်မှာ (၁၄)မိုင်ဝန်းကျင်မှ မြင်ရသည်။ အွိုက်စတာမီးပြကို (၁၈၇၆)ခုမှာ ဆောက်လုပ်ပြီးစီးသည်။

ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်အောင်လည်း သင်္ဘောဆိပ်ကမ်းကောင်းကို ပြုလုပ်ထားသည်။ ယခုလက်ရှိ စစ်တွေမြို့ဖောင်တော်ကြီးမှာ အရှည်ပေ

(၆၀၈)ပေ ရှိသည်။ ဒီကျချိန်မှာ ရေနက်ပေ(၂၃)ပေရှိသည်။ ယင်းဖောင်တော်ကြီးမှာ အင်္ဂလိပ်အက္ခရာ (တီ)ပုံရှိသည်။ ဖေါင်တော်ကြီး(တံတားကြီး)၏ မြောက်ဘက်မှာ တရုတ်အမျိုးသား 'အဟိန်း'ဆိုသူတည်ထားသော ဖေါင်တော်ကြီးတံတားရှိသည်။ ထိုဖောင်တော်မှာ မော်တော်ဘုတ်များ၊ လောင်းလှေများဆိုက်ကပ်ကြသည်။ အဟိန်းဖောင်တော်မှာ မြို့မဈေးကြီးနှင့် တဆက်တည်းရှိသဖြင့် 'ဈေးကြီးဖောင်တော်' ဟုလည်း ခေါ်ကြသည်။ ဖောင်တော်ကြီး၏တောင်ဘက်မှာ ကျောက်များဖြင့်ပြုလုပ်ထားသော ဖေါင်တော်(တံတား)တစ်ခုလည်းရှိသည်။ ယင်းဖောင်တော်(တံတား) မှာ အစိုးရအမှုထမ်းများ၊ အရာရှိများ၊ ရေကြောင်းခရီးထွက်ရာအသုံးပြုသည်။ မင်းကြီးကျောက်တန်းဟူ၍ လည်းခေါ်ကြသည်။ အခြားပြည်တွင်းသွားသင်္ဘောများဆိုက်ကပ်ရန်အတွက်ကို ဆပ်ရိုးကျချောင်းမှာ ပြုလုပ်ထားကြသည်။

နယ်ချဲ့အင်္ဂလိပ်များသည် သူရို့စီးပွားရေးလုပ်ငန်းများ အထောက်အကူဖြစ်ရန်အတွက် စာတိုက်နှင့် ကြေးနန်းလုပ်ငန်းကို လုပ်ကိုင်လာသည်။ စစ်တွေမြို့ရှိ စာတိုက်ကြီးသည် ရခိုင်တိုင်းရှိ ဒေသအားလုံးသို့ စာပေးစာယူပြုလုပ်သည်။ ရန်ကုန်–ကလကတ္တားမြို့များသို့ တစ်ပတ်လျှင် နှစ်ကြိမ်ကျဗြိတိသျှ–အိန္ဒိယမီးသင်္ဘောကြီးဖြင့် အောက်တိုဘာလ ပထမအပတ်မှ မေလအလယ်အထိစာများကို စစ်တွေစာတိုက်မှာ ဖြန့်ဝေပေးသည်။ မိုးရာသီမှာ တစ်ပတ်လျှင် တစ်ကြိမ်ကျ ရန်ကုန်နှင့် ကလကတ္တားမြို့များသို့ မီးသင်္ဘောကြီးဖြင့် စစ်တွေစာတိုက်ကြီးမှာ ဖြန့်ဝေပေးသည်။ (၁၈၆၄)ခုတွင် ရန်ကုန်–ကလကတ္တားမြို့များသို့ ကြေးနန်းဆက်သွယ်မှုကို စစ်တွေမှ ပြုလုပ်လာနိုင်သည်။ မြို့နယ်များနှင့်လည်း ကြေးနန်းဆက်သွယ်မှုကို (၁၉၀၅)ခုနောက်ပိုင်းမှာ ပြုလုပ်နိုင်သည်။ တယ်လီဖုန်းများကိုလည်း စစ်တွေမြို့မှာတပ်ဆင်လာရာ (၁၉၁၅)ခု ဇန်နဝါရီလ(၁)ရက်နေ့မှာ တယ်လီဖုန်းလုံးရေ (၆၇)လုံးရှိသည်။

မည်သို့ပင်ဆိုစေကာမူ စစ်တွေမြို့ပေါ်မှလွဲလျှင် သွားလာရေးနှင့် ဆက်သွယ်ရေးမှာ ခက်ခဲသည်။ လမ်းပန်းဆက်သွယ်ရေးချို့တဲ့မှုသည် နယ်ချဲ့သမားများအတွက် အခွင့်ကောင်းတစ်ရပ်ပင်ဖြစ်နေသည်။ တဒေသနှင့်တဒေသ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေသည်။ အခြားဒေသများမှာ သွားလာဆက်သွယ်ရေးအတွက် ချောင်းငယ်မြောင်းငယ်များကို ဝါးတံတားဖြင့်လည်းကောင်း၊ သစ်တုံးများဖြင့်လည်းကောင်း ပြုလုပ်ထားသည်။ ထိုတံတားပေါ်တွင် ဥရောပတိုက်သားများသွားလာရေးမှာ မလွယ်ကူချေ။ စစ်တွေနှင့် မိုင်အနည်းငယ်ဝေးသောနေရာများသို့ပင် ဥရောပတိုက်သား မျက်နှာဖြူအရာရှိများ တခါမျှမရောက်ဘူးကြောင်းကို ဆာဟာဗေး(**SIR HARVEY**)အား သူကြီးတဦးကပြောဘူးကြောင်း မှတ်တမ်း

တင်ထားသည်။ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုနှင့်ပတ်သက်၍ ဆာဟာဗေး က ဆက်လက်ဖော်ပြရာတွင်

*'စစ်တွေမြို့ကိုတည်ထောင်သည်မှာ နှစ်ပေါင်း(၆၀)ရှိပြီးဖြစ်သည်။ ကျွန်ုပ်ရို့သည် အကောက်ခွန်များကို မြန်မာပြည်အခြားဒေသများထက် ပိုမိုကောက်ခံကြသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူထုအကျိုးအတွက် ငွေကြေးတစ်ပြားတချပ်မှ မသုံးသေး'*

ဟု (၁၈၆၆)ခု စာရေးသူ၏မှတ်တမ်းမှာ ရေးသားထားသည်ကိုတွေ့ရပါသည်။

တဖန် လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းပုံကို ဆာဟာဗေးမှတ်တမ်းမရေးမီ (၁၀)နှစ်ခန့် (၁၈၇၆)ခု၊ နိုဝင်ဘာလ(၄)ရက်နေ့ထုတ် **(ARAKEN NEWS)** သတင်းစာတွင် ဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့ဘူးသည်။ ဆောင်းပါးရှင်မှာ**(OLD ARAKEN)** အမည်ခံ ဂျေအိုဂျီဗယ်ဟေး**(J.OGILVYHAY)**ဖြစ်သည်။ ယင်းပုဂ္ဂိုလ်မှာ စစ်တွေ မန္တလေး၊ တရုတ်ပြည် လမ်းဖောက်လုပ်ရေးဆောင်းပါးကို **(ARAKEN NEWS)** သတင်းစာမှာ ရေးသားအကြံပေးသူဖြစ်သည်။ ဖော်ပြပါဆောင်းပါးတွင်–

*'ရခိုင်တိုင်းသည် ဗြိတိသျှအလံတော်အောက်မှာ နှစ်ပေါင်း(၅၀)ရှိပြီးဖြစ်သည်။ သို့ရာတွင် မိုင်(၅၀)မျှသော လမ်းပင်မရှိသေး။ သူရို့ထံမှရရှိသော အခွန်အကောက်မှာ တစ်နှစ်လျှင်သိန်း(၂၀)ဖြစ်သည်'*

ဟု ရေးသားဖော်ပြထားသည်။

## ပညာရေး

လမ်းပန်းဆက်သွယ်ရေးကို နယ်ချဲ့အင်္ဂလိပ်ရို့၊ လျစ်လျူရှုထားသည်။ ယင်းမှာ သူရို့အုပ်ချုပ်ရေးအတွက် အထောက်အကူတစ်ရပ်ပင် မဟုတ်ပါလား။ တစ်ဘက်မှာ လမ်းပန်းဆက်သွယ်ရေးကို အကြောင်းပြုပြီး မညီမျှသော ကျွန်ပညာရေးစနစ်ကို အစားထိုးလာသည်။ ရခိုင်တိုင်းကို နယ်ချဲ့အင်္ဂလိပ်များမသိမ်းမီ အချိန်အခါက ပညာရေးကို ဘုန်းကြီးကျောင်းများမှာ သင်ကြားရပါသည်။ ထိုပညာရေးစနစ်မှာ ရခိုင်တိုင်းအတွက် အံဝင်ဂွင်ကျမှုရှိခဲ့သော်လည်း နယ်ချဲ့သမားများအတွက်ကား မလိုလားအပ်သောအခြေသို့ ရောက်ရှိနေပေသည်။ ထိုစနစ်ကိုပယ်ဖျက်ပြီး သူရို့ကိုအလုပ်အကျွေးပြုမည်ဖြစ်သော ကျွန်ပညာရေးကို အစားထိုးလာခြင်းဖြစ်သည်။ အစိုးရလုပ်ငန်းများနှင့် အရင်းရှင်ကုမ္ပဏီများတွင် လခစားများအဖြစ် ဝင်ရောက်ထမ်းဆောင်နိုင်ရန်အတွက် သူရို့သင်ပေးသောပညာရပ်များကို ရခိုင်တိုင်းမှ ငွေကြေးတတ်နိုင်သူများက အလေးပေးသင်ယူလာကြသည်။ စစ်တွေမြို့

တွင် အင်္ဂလိပ်စာသင်ကျောင်းများ မရှိမီအချိန်အခါက အိန္ဒိယသို့သွားရောက်၍ အင်္ဂလိပ်စာကို သင်ယူရလေသည်။

အိန္ဒိယသို့ သွားရောက်မသင်ကြားနိုင်သူများအတွက် အင်္ဂလိပ်–မြန်မာ အထက်တန်းကျောင်းကို (၁၈၄၆)ခုတွင် စစ်တွေမြို့မှာ ဖွင့်လှစ်သည်။ ယင်းကျောင်းမှာ မြေတိုင်းပညာသင်တန်းကိုလည်း တွဲဘက်ဖွင့်လှစ်ထားသည်။ ကျောင်းဖွင့်စတွင် ကျောင်းသားဦးရေ မည်မျှသင်ကြားခဲ့ကြောင်းကို မသိရသော်လည်း (၁၈၆၁–၆၂)ခုတွင် ကျောင်းသား (၁၀၇)ယောက်ရှိသည်။ (၁၉၀၃)ခုသို့ ရောက်လာသောအခါ ကျောင်းသားဦးရေ(၃၄၃)ယောက်အထိ တိုးမြှင့်လာသည်ကို တွေ့ရသည်။ (၁၉၁၇)ခုမှာ ကျောင်းသား (၅၆၄)ယောက်အထိ ပညာသင်ကြားလျက်ရှိနေပြီဖြစ်သည်။ ကျောင်းဆောင်နေကျောင်းသား (၇၅)ယောက်ဆန့်သော အဆောင်တစ်ခုကိုလည်း ပူးတွဲထားသည်။ ယင်းကျောင်းကို ကျောင်းဖွင့်သည့်နှစ်မှစ၍ အစိုးရက တိုက်ရိုက်ချုပ်ကိုင်လာရာ (၁၈၇၉)ခုတွင် မြူနီစီပါယ်အဖွဲ့သို့ လွှဲပြောင်းပေးလိုက်သည်။ တဖန်(၁၉၁၃)တွင် ပြန်လည်၍ အစိုးရချုပ်ကိုင်မှုအောက်သို့ သိမ်းသွင်းလိုက်ပါသည်။

အစိုးရအထက်တန်းကျောင်းအပြင် ခရစ်ယာန်သာသနာပြု အထက်တန်းကျောင်းတစ်ကျောင်းလည်း ရှိသည်။ ထိုကျောင်းကို (၁၈၉၀)ခုကစတင်၍ ဖွင့်လှစ်သည်။ ဥရောပတိုက်သား ကလေးငယ်များအတွက် သင်ကြားရန် သီးသန့်သင်တန်းများရှိသည်။ အစိုးရထံမှထောက်ပံ့ငွေ တစ်နှစ်လျှင် သုံးသောင်းစီရသည်။ ကျောင်းဆောင်နေ ကျောင်းသားများအတွက်လည်း သီးခြားကျောင်းဆောင်များ ပြုလုပ်ထားသည်။ (၁၈၆၇–၆၈)ခုလောက်တွင် စစ်တွေမြို့မှာ မိန်းကလေးကျောင်းတစ်ကျောင်းဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းမှာ အစိုးရအထောက်အပံ့ခံ ကျောင်းမဟုတ်ပါ။ မြူနီစပါယ် မူလတန်းကျောင်းဖြစ်သည်။ အခြားမိန်းကလေးကျောင်းတစ်ခုမှာ ဥရောပတိုက်သားများ၏ သမီးတွက် (MRS. LACKER STEEN)အုပ်ချုပ်သော အစိုးရအထောက်အပံ့ခံ သာသနာပြုမိန်းကလေးကျောင်းဖြစ်သည်။ (၁၈၈၅)ခုနှစ်က စစ်တွေမြူနီစီပယ်ကျောင်းတွင် ကျောင်းသူ(၃၅)ယောက်နှင့် သာသနာပြုမိန်းကလေးကျောင်းတွင် (၂၃)ယောက်မျှသာရှိသည်ဟု ပညာရေးအစီရင်ခံစာအရ သိရသည်။ ဆရာအတတ်သင် နော်မံကျောင်းတွင် (၁၈၈၁)ခုနှစ်က ကျောင်းသား (၁၀)ယောက်မျှသာရှိသည်ဟု ဆိုထားသည်။ ယင်းကြောင့် ဆရာအတတ်သင် နော်မံကျောင်းမှာ အဆိုပါနှစ်ဝန်းကျင်လောက်တွင် ဖွင့်နိုင်ကြောင်း ခန့်မှန်းရသည်။ ယင်းကျောင်းနှင့် အတူ လက်မှုပညာသင်ကျောင်းကိုပါ တွဲဖက်ဖွင့်ထားသည်။

## အမျိုးသားကျောင်း

အဆိုပါကျောင်းများကို ဖွင့်လှစ်သင်ကြားနေရာမှ (၁၉၂၀)ခုနောက်ပိုင်းမှာ အမျိုးသားအထက်တန်းကျောင်းကို တည်ဆောက်ကြသည်။ အမျိုးသားအထက်တန်းကျောင်းမှာ (၁၉၂၀)ခု၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်၏ ကွင်းဆက်တစ်ခုဖြစ်သည်။ အမျိုးသားကျောင်းဖွင့်စအချိန်ကဆိုလျှင် အဆောက်အဦး မယ်မယ်ရရ မရှိသေးပါ။ ဘုန်းကြီးကျောင်းများတွင် စာသင်ကြရသည်။ စစ်တွေမြို့ပေါ်ရှိ လူကြီးများဖြစ်သော ဦးထွန်းပေါ်၊ ဦးအဒိုး၊ ဦးဇော်ဂေါ ဦးမြထွန်း ဦးစောလှအောင် စသည့် လူကြီးများနှင့်လူငယ်များပူးပေါင်း၍ အဆောက်အဦးရံပုံငွေများကို မြို့တွင် လှည့်လည်ကောက်ခံကြသည်။ ရရှိသောငွေကို ဦးဇော်ဂေါကဦးစီး၍ ဆောက်လုပ်သည်။ ဆောက်လုပ်ခငွေကို မယူဟု သိရသည်။ ပထမကျောင်းမှာ ဝါးကျောင်းဖြစ်သည်။ နောက်မှ သစ်သားကျောင်းဆောက်လုပ်သည်။ ကျောင်းပုံမှာ အင်္ဂလိပ်အက္ခရာ (အယ်လ်)ပုံဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ကျောင်းမှာ လုံးဝပျက်စီးခဲ့ရသည်။ စစ်ပြီးခေတ်နောက်ပိုင်းမှာ ပြန်လည်ဖွင့်နိုင်ခြင်း မရှိတော့ပါ။ ယခု အမျိုးသားကျောင်းနေရာမှာ တောင်တန်းသာသနာပြုကျောင်းအဖြစ် တည်ရှိနေသည်။

အမျိုးသားအထက်တန်းကျောင်း၏ ပထမဆုံးကျောင်းအုပ်ကြီးမှာ ဦးထွန်းအောင်ဖြစ်သည်။ နောက် ရခိုင်တိုင်းဖွါး မူဆလင်ဘာသာဝင် မစ္စတာဇော်နဒင် **(MR. ZAUNUDDIN)**ဖြစ်သည်။ အမျိုးသားကျောင်းမှာ ကျောင်းဆရာ(၃၀)ခန့်ရှိသည်ဟု သိရသည်။ ဦးမောင်မြဦး၊ ဦးအေးချမ်း၊ ဦးသာနို့အောင်(ကွယ်လွန်)၊ ဦးရွှေထွန်း၊ ဦးဘိုးမြစိန်၊ ဦးအောင်ထွန်းဦး(ကွယ်လွန်)၊ ဦးအောင်ကျော်ဦး(ကွယ်လွန်) ဦးစံထွန်းအောင်၊ ဦးအောင်သာဦး စသည့်ပုဂ္ဂိုလ်များမှာ အမျိုးသားကျောင်းစတင်တည်ထောင်စက ပါရှိလာသော ကျောင်းဆရာများဖြစ်သည်။ ကျောင်းသားဦးရေမှာ (၇၀၀)ခန့်ရှိသည်ဟု သိရသည်။ (၆)လ–တစ်ကြိမ် အတန်းတင်စာမေးပွဲစစ်သည်။ သူငယ်တန်းမှ (၁၁)တန်းအထိ ရှိသည်။ အမျိုးသားကျောင်းများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီပညာရေးကိုဆန့်ကျင်ရာမှ ပေါ်လာသောကျောင်းဖြစ်သည်။ ကျောင်းရှိဆရာများသည်လည်းကောင်း၊ ကျောင်းသားများသည်လည်းကောင်း နယ်ချဲ့အင်္ဂလိပ်ကို ခါးသီးစွာ ရွံမုန်းသူများဖြစ်ကြသည်။ နောင်အခါတွင် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုဖြစ်လာမည့် အမြုတေများကို ဤကျောင်းမှ မွေးထုတ်ပေးလိုက်သည်ဆိုက မှားမည်မထင်ပါ။

## နယ်ချဲ့ဆန့်ကျင်ရေး

နယ်ချဲ့အင်္ဂလိပ်များသည် စီးပွားရေး၊ ပညာရေးနှင့်လမ်းပန်းဆက်သွယ်ရေးများကိုလည်း အရင်းရှင်ပုံစံအတိုင်း တည်ဆောက်လိုက်သည်။ တချိန်တည်းမှာ လူတန်းစားပြဿနာ ပေါ်လာသည်။ တဘက်က အရင်းရှင်လူတန်းစား၊ လက်ဝေခံလူတန်းစားနှင့် ဗြူရိုကရက်များ၊ အခြားတဖက်မှာ အဖိနှိပ်ခံများနှင့် မျိုးချစ်အင်အားစုများ ဖြစ်ကြသည်။ အဖိနှိပ်ခံများနှင့် မျိုးချစ်အင်အားစုများလည်း ဖိနှိပ်မှုများကို တွန်းလှန်ကြသည်။ နယ်ချဲ့သမားများကို ရွံရှာမုန်းတီးသည်။ သို့နှင့် ရခိုင်တိုင်းတွင် နယ်ချဲ့အင်္ဂလိပ်များသည် အရင်းရှင်စီးပွားရေးစနစ် အခြေချမိသည်နှင့် တချိန်တည်းမှာ မင်းသားရွှေဘန်းဒေးဝန်းအောင်ကျော်ရွှီ၊ မြို့သူကြီး အောင်ကျော်ဇံ၊ စသည့် မျိုးချစ်အာဇာနည်များသည် နယ်ချဲ့သမားများကို တော်လှန်ကြသည်။ ယင်းပုဂ္ဂိုလ်တို့မှာ ရခိုင်တိုင်း၏ ပွဲဆော်ဦးတော်လှန်ရေးသမားများ ဖြစ်ကြသည်။ တော်လှန်ရေးခေါင်းဆောင် မင်းသားကြီးရွှေဘန်း၏အဘမှာ အင်းဝသို့ သုံ့ပန်းအဖြစ်နှင့် ခေါ်ဆောင်ခြင်းခံရသူဖြစ်သည်။ မင်းသားကြီးမှာလည်း အင်းဝသို့ ပါခဲ့ရသူဖြစ်သည်။ ဒေးဝန်ကြီးအောင်ကျော်ရွှီမှာ ဗိုလ်ချင်းပျံ၏ ယောက်ဖတော်သူဖြစ်သည်။ မြို့သူကြီးအောင်ကျော်ဇံမှာ ဗိုလ်ချင်းပျံ၏ တူတော်သူတဦးဖြစ်သည်။ ယင်းခေါင်းဆောင်များမှာ တချိန်ကအင်္ဂလိပ်များထံတွင် အစိုးရအမှုထမ်းခဲ့ကြသူများဖြစ်သည်။

စစ်တွေမြို့ မယူလမ်းမကြီးရှိ ဆိပ်တိုက်ဩောင်ပင်စခန်းကို ထိုပုဂ္ဂိုလ်ရို့က တော်လှန်ရေးလျှို့ဝှက်စခန်းအဖြစ် အသုံးပြုခဲ့ကြသည်။ ယင်းစခန်းမှ နယ်ချဲ့အင်္ဂလိပ်များကို (၁၈၂၇)ခုစ၍ တော်လှန်ကြသည်။ (၁၈၃၆)ခုအထိ (၉)နှစ်ခန့်ကြာသော တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ သစ္စာဖေါက်တစ်ဦး၏ လက်ချက်ကြောင့် တော်လှန်ရေးဆုံးရှုံးခဲ့သည်။ မျိုးချစ်အာဇာနည်များ၏ တော်လှန်ရေးလုပ်ရပ်များကို သေးသိမ်မှုဖြစ်စေရန်အတွက် နယ်ချဲ့သမားများသည် ရက်စက်ကြမ်းကြုတ်သူများ၊ အသရေမရှိသူများအဖြစ် ယင်းပုဂ္ဂိုလ်များအား မှတ်တမ်းတင်ထားသည်။ သို့သော် ထိုမျိုးချစ်များကား ယင်းသို့မဟုတ်ချေ။ အမျိုးကို ချစ်သည်။ သူ့ကျွန် မခံလိုကြပါ။ သစ္စာဖောက်များကို ကမ္ဘာအဆက်ဆက်တိုင် မကျေချမ်းခဲ့ပါ။ ဤသည်ရို့ကို အာဇာနည်ပုဂ္ဂိုလ်များ၏ လက်ရာများဖြစ်သော 'သွေးမော်ကွန်းရတု'များက သက်သေထူခဲ့သည်။

ယင်းနောက် ရခိုင်တိုင်းမှာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ ဆက်တိုက်ပေါ်ခဲ့သည်။ (၁၈၇၀–၇၁)ခုမှာ ဦးမောင်ဦးဖြူ၊ (၁၈၈၈)ခုတွင် ဦးမောင်တင်နှင့် ဗိုလ်တောရို့ မြောက်ဦးမြို့နယ်မှ အင်္ဂလိပ်များအား တော်လှန်ကြသည်။ (၁၈၉၀)ခု

မှာ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးမြို့နယ်များတွင် ဦးကြာထွန်း၊ ဦးရွှေလု၊ ဗိုလ်လာဘ၊ ဗိုလ်ကျော်ဝရို့က တဖန်တော်လှန်ကြသည်။ သူရို့ကိုလည်း လူဆိုး သူခိုးဟူ၍ နယ်ချဲ့အင်္ဂလိပ်များက မှတ်တမ်းတင်ထားခဲ့ကြသည်။ သို့သော် ယင်း ပုဂ္ဂိုလ်ရို့လုပ်ရပ်များက သက်သေထူခဲ့ပြီးဖြစ်သည်။

ဦးချင်းဖေါ်နှင့်သားဖြစ်သူ ဦးဖော်အောင်ရို့လည်း (၁၈၉၁)ခု၊ စက်တင်ဘာလ လောက်မှစ၍ မယူကမ်းခြေ၊ မင်္ဂလာကြီးတောင် မြေအောက်စခန်းကနေပြီး နယ် ချဲ့သမားများကို တော်လှန်ကြသည်။ ဦးချင်းဖော်မှာ ကူတောင်ရွာ၏သုံးဆက် မြောက်ဖြစ်သော ကျွန်းအုပ်ကြီးဖြစ်သည်။ ဦးဖေါ်အောင်မှာ စစ်တွေမြို့သို့ သွား ရောက်ပညာသင်စေရာ (၇)နှစ်တွင် (၇)တန်းကို အောင်မြင်ခဲ့သည်ဆိုသည်။ ငယ်စဉ် ကပင် စာပေကျမ်းကန်နှင့် ရခိုင်ရာဇဝင်အစောင်စောင်ကို လေ့လာဘူးသူဖြစ်သဖြင့် နယ်ချဲ့အင်္ဂလိပ်များကို မုန်းတီးသူဖြစ်နေသည်။

ဦးချင်းဖေါ်နှင့်သားဖြစ်သူ ဦးဖေါ်အောင်ရို့၏ တော်လှန်ရေးလုပ်ငန်းသည် အင်္ဂလိပ်များအား အကြီးအကျယ် တုန်လှုပ်စေသည်။ (၁၈၉၂)ခု၊ ဖေဖော်ဝါရီလ မှာ မျိုးချစ်အာဇာနည်နှစ်ဦးကို ဖမ်းဆီးမိသည်။ စစ်တွေအကျဉ်းထောင်မှာ ချုပ် နှောင်ထားသည်။ အချုပ်ခံနေရစဉ် စစ်တွေထောင်၊ ထောင်ထမှုဖြစ်ပွားသည်။ အင်္ဂလိပ်လူမျိုး ထောင်မှူးတစ်ဦး သေဆုံးသည်။ သက်ဆိုင်ရာအာဏာပိုင်များက ရန်းရင်းဆန်ခတ်မှုကို သေနတ်ပစ်ပြီး နှိမ်နင်းရသည်။ လူအများအပြား သေဆုံးရ သည်။ အင်္ဂလိပ်ထောင်မှူး သေဆုံးရသောအမှုမှာ ဦးဖော်အောင်က သူနှင့်သာ ဆိုင်သည်ဆိုပြီး ပေးသောအပြစ်ကိုခံယူသည်။ ဦးဖော်အောင်ကို ထောင်အာဏာပိုင် များက သေဒဏ်ပေးလိုက်သည်။ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်မှာ ရေတိမ် နစ်ရရှာပြန်သည်။

သို့သော် နယ်ချဲ့ဆန့်ကျင်ရေးအရှိန်သည် ရခိုင်တိုင်းတွင် ငြိမ်ခဲ့သည်ဟူ၍ ကားမရှိခဲ့ပါ။ မြန်မာတပြည်လုံး နယ်ချဲ့လက်အောက်ကျရောက်သည့်အခါ ပြည် ထောင်စုတိုင်းရင်းသား စည်းလုံးရေးကို အလေးပေးခဲ့သော ဆရာတော်ဦးဥတ္တမ မှာ စစ်တွေမြို့တွင် မွေးဖွားခဲ့သော်လည်း စစ်တွေမြို့မှာ အနေနည်းခဲ့သည်။ နိုင် ငံခြား မြို့ကြီးပြကြီးများသို့ သွားရောက်လေ့လာမှုများ ပြုလုပ်ခဲ့သည်။ မျိုးချစ် စိတ်ပြင်းပြအောင် မြန်မာတနိုင်ငံလုံးကို အမြဲလှုံ့ဆော်နေခဲ့သည်မှာ ဘဝနတ်ထံပျံ လွန်တော်မူသည်အထိ ဖြစ်သည်။

မြို့ကြီးပြကြီး ကမ္ဘာအနှံ့ရောက်ဘူးသော်လည်း မိမိ၏ဇာတိရပ်မြေအား မမေ့ ပါ။ ဆရာတော်အား အင်္ဂလိပ်တစ်ဦးက မည်သည့်ဒေသတွင်နေရသည်မှာ အပျော် ဆုံးနည်း။ မည်သည့်အဟာရသည် အကောင်းဆုံးနည်းဟု မေးသည်။ ဆရာတော်

က မိမိသည် စစ်တွေမြို့ ရှုပစ္စာချောင်းနားတန်းမှာ အပျော်ဆုံးဖြစ်သည်။ ဆာနေသည့်အခါ စားရသောအစာသည် အကောင်းဆုံးဟု ဖြေကြားခဲ့သည်ဟု ကြားဘူးပါသည်။ စစ်တွေမြို့၊ ရှုပစ္စာချောင်းနားကို ပျော်စရာအကောင်းဆုံးဟု ဆိုလိုက်ခြင်းသည်မှာ ဆရာတော်သည်ဒေသစွဲဖြင့် ဖြေကြားလိုက်ခြင်းမဟုတ်ပါ။ မိမိဘဝနှင့်မွေးရပ်မြေကို မမေ့ကြောင်းဖေါ်ထုတ်ခြင်းသာ ဖြစ်တန်ရာသည်။

ဦးမဲအောင်၊ ဦးစိန်လှအောင်ရို့လည်း ဆရာတော်နှင့် တချိန်တည်းပင် နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြလေသည်။ ထိုပုဂ္ဂိုလ်များမှာ စစ်တွေမြို့မှဖြစ်သော်လည်း မြန်မာပြည်မဘက်မှာသာ နယ်ချဲ့ဆန့်ကျင်ရေး အရှိန်အဟုန်သည် တဟုန်ထိုးတက်နေသည်။ တို့ဗမာအစည်းအရုံးသည် နယ်ချဲ့ဆန့်ကျင်ရေးမှာ ထိပ်ပိုင်းမှပါဝင်ခဲ့သောအသင်းဖြစ်သည်။ ရခိုင်ဘက်မှာ ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံးသည် ထင်ရှားသည်။ ယင်းအစည်းအရုံးမပေါ်မီက ထင်ရှားသောအသင်းများမှာ ရခိုင်တိုင်းအသင်း၊ လူငယ်များနိုးကြားရေးအသင်း၊ ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ်နှင့် တိုင်းရင်းသားအစည်းအရုံးများဖြစ်ကြသည်။ ယင်းအဖွဲ့များ တည်နေရာသည် စစ်တွေမြို့မှာပင်ဖြစ်သည်။

ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ်ကို (၁၉၃၀)ခု နိုဝင်ဘာလလောက်မှာ ဖွဲ့စည်းသည်။ ထိုအဖွဲ့မှာ ဆရာတော်ဦးစိန္တာ(ပုံလွန်)၊ ဆရာတော် ဦးပညာသီဟ ရို့မှာ နာယကများဖြစ်ကြသည်။ ရှေ့နေဦးမြထွန်း၊ ဦးကျော်ခိုင်၊ ဦးထွန်းစိန်(နန္ဒမာလာ)၊ ဦးဘိုးခိုင်၊ ဦးအောင်သာဦးအစရှိသော ပုဂ္ဂိုလ်များပါဝင်သည်။ တိုင်းရင်းသားအစည်းအရုံးမှာ ဦးအောင်ထွန်းဦး(ကွယ်လွန်)၊ ဦးစံရွှေ(ဒို့လက်ရုံး)၊ ဦးဘစံ(ဓညစံ)စသော ပုဂ္ဂိုလ်များပါဝင်သည်။ ထိုအသင်း(၂)သင်းမှာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားစည်းလုံးမှုကို အဓိကအလေးထားသော အသင်းများဖြစ်ကြသည်။ ရည်ရွယ်ချက်များတူသော အသင်းများဖြစ်သည်။ ယင်းကြောင့် တစ်ခုတည်းသောအသင်း ဖြစ်မြောက်နိုင်ရေးအတွက် စစ်တွေမြို့ရှိ တန်ခိုးဆရာတော်ကျောင်းတွင် နှစ်ဘက်သော အသင်းကိုယ်စားလှယ်များ ညှိနှိုင်းကြသည်။ ယင်းနောက် (၁၉၃၇)ခု၊ ဒီဇင်ဘာလအတွင်းမှာ *'ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး'*ကို တညီတညွတ်တည်း တည်ထောင်ကြလေသည်။ ယင်းတွင် နာယကများမှာ ဆရာတော်ဦးစန္ဒာ(ပုံလွန်)၊ ဦးပညာသီဟရို့ဖြစ်သည်။ ဦးသာဇံလှ(ကွယ်လွန်)မှာ ဥက္ကဋ္ဌ၊ ဦးအောင်ထွန်းဦး(ကွယ်လွန်)မှာ ဒု-ဥက္ကဋ္ဌများဖြစ်ကြသည်။ ထိုအစည်းအရုံးမှာ စစ်ကြိုခေတ်နှင့် စစ်အတွင်းအခါက ရခိုင်တိုင်းတွင် အင်အားအရှိဆုံးသော နယ်ချဲ့ဆန့်ကျင်ရေးအသင်းပင်ဖြစ်သည်။

ထိုအသင်းကြီး၏ အရှိန်အဟုန်ကောင်းတုန်အချိန်မှာ ဒုတိယကမ္ဘာစစ်သည်

မြန်မာပြည်တွင်းသို့ ကူးစက်လာသည်။ နယ်ချဲ့အင်္ဂလိပ်များသည် မြန်မာပြည်မှ အောင်မြင်စွာ ဆုတ်ခွါရသည်။ ဖက်ဆစ်ဂျပန်များ ယင်းနေရာသို့အစားထိုးဝင်လာခဲ့လေသည်။ ရခိုင်တိုင်းသို့လည်း ဖက်ဆစ်ဂျပန်များချည်းနင်းဝင်ရောက်လာတော့သည်။ ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံးအဖွဲ့ဝင်များလည်း ဂျပန်များမရောက်မီ အုပ်ချုပ်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေရသည်။ ရပ်ရွာငြိမ်ဝပ်ရေးကို ကြိုးစားရသည်။ ဦးအောင်ထွန်းဦးမှာ အထူးခရိုင်ဝန်ရာထူးကို ထမ်းဆောင်ရသည်။ တိုင်းပြည်တာဝန်ထမ်းဆောင်နေရင်း နယ်ချဲ့အင်္ဂလိပ်လေယာဉ်မှ ပစ်ချလိုက်သောဗုံးဒဏ်ကြောင့် (၁၉၄၃)ခု၊ မေလ(၃)ရက်နေ့မှာ ကွယ်လွန်သွားရရှာလေသည်။

ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံး၏ဥက္ကဌ ဦးသာဇံလှမှာ ဗမာပြည်လွတ်လပ်မှုစီစစ်ရေး၊ ကော်မီတီအစည်းအဝေးသို့တက်ရင်း ရောဂါကုရန် ရန်ကုန်သို့ (၁၉၄၃)ခု၊ မေလအတွင်းမှာ လိုက်လာသည်။ ဦးသာဇံလှမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယင်းလအတွင်းမှာ ကွယ်လွန်ပြန်သည်။ ယင်းပုဂ္ဂိုလ်နှစ်ဦး ဆုံးရှုံးရခြင်းမှာ ရခိုင်တိုင်းအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

သို့သော် ရခိုင်တိုင်း၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးသည် အရှိန်ကား လျော့မသွားချေ။ ယင်းလုပ်ငန်းကို ကျန်ရစ်သူ လူကြီးလူငယ်များက ကျရောက်ရာတာဝန်ကို သိရှိစွာထမ်းကြသည်။ တဘက်မှလည်း စစ်မီးဟုန် ပြင်းသထက် ပြင်းလာသည်။ စစ်တွေမြို့ပေါ်သို့လည်း အင်္ဂလိပ်လေယာဉ်များသည် နေ့စဉ်နှင့်အမျှ ဗုံးမိုးရွာနေသည်။ ဗုံးဒဏ်ကြောင့် အသေအပျောက် ပျက်စီးဆုံးရှုံးမှုမှာလည်း တွက်ချက်၍မရနိုင်တော့ပါ။ ယင်းကြောင့် စစ်တွေမြို့နေလူထုမှာ အိုးအိမ်များကိုစွန့်ပစ်ပြီး တောလက်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ပြောင်းရွှေ့ရာအရပ်သည် ရခိုင်လူငယ်များ၏ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေးစခန်းများအဖြစ်သို့ အသွင်ပြောင်းသွားကြသည်။ ဖက်ဆစ်ဂျပန်များအား လက်နက်ကိုင်တော်လှန်ရေးကို ရခိုင်လူငယ်များသည် ပြည်မရှိတော်လှန်ရေးအင်အားစုများနှင့်လက်တွဲကာ တော်လှန်ခဲ့ကြသည်။

ယင်းလူငယ်များ အင်အားစုများကို ဆရာတော်ဦးစိန္တ(ပျံလွန်)၊ ဆရာတော်ဦးပညာသီဟရို့က ဦးဆောင်သည်။ ဦးညိုထွန်း(ယခု–ဩစလျှေတြသံအမတ်ကြီး) ဗိုလ်ကြာလှအောင်၊ ဗိုလ်စံသာကျော်၊ ဗိုလ်မောင်ကလေး၊ ဗိုလ်သာထွန်းအောင်စသည်ရို့လည်း တတပ်တအား ပါဝင်ကြသည်။ ယင်းပုဂ္ဂိုလ်များ၏ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းသည် မြန်မာပြည်မမှာထက် အချိန်စောစီးစွာကပင် လုပ်ကိုင်နေကြပြီးဖြစ်သည်။

ဖက်ဆစ်ဂျပန်များ၏ ရက်စက်မှုများသည် ရခိုင်လူငယ်များ၏အမျိုးသား

လွတ်မြောက်ရေးအတွက် စိတ်ဓါတ်ကို တက်ကြွစေသည်၊ နိုးကြားစေသည်။ ယင်းကြောင့်လည်း ဖက်ဆစ်ဂျပန်များကို တော်လှန်ရာမှာ ရခိုင်လူငယ်များသည် ပြောင်မြောက်သောအခန်းက ပါခဲ့ကြသည်မဟုတ်ပါလော။

## မဟာမိတ်များ၏ တန်ပြန်ထိုးစစ်

တဘက်မှာလည်း နယ်ချဲ့အင်္ဂလိပ်များသည် (၁၉၄၃)ခုလောက်ကပင် ဖက်ဆစ်ဂျပန်များအား မဟာမိတ်တပ်များအသွင်နှင့် တန်ပြန်ထိုးစစ်ဆင်လာသည်။ (၁၉၄၄)ခု၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်ကြီး မောင်ဘက်တန်သည် သက်ဆိုင်ရာ စစ်သေနာပတိများထံသို့ ရခိုင်တိုင်းမှ ဂျပန်များကို ရှင်းလင်းသုတ်သင်ရန်နှင့် ဇန်နဝါရီလမကုန်မီ စစ်တွေမြို့ကို ရေတပ်ပိုင်းကုန်းတပိုင်း စစ်ဆင်တိုက်ခိုက်ရန် ညွှန်ကြားလိုက်သည်။ ယင်းညွှန်ကြားချက်အတိုင်း ဖက်ဆစ်ဂျပန်များကို ထိုးစစ်ဆင်လာရာ (၁၉၄၅)ခု၊ ဇန်နဝါရီလ(၅)ရက်နေ့တွင် စစ်တွေမြို့ကို မဟာမိတ်တပ်များ ခြေချနိုင်သည်။ စစ်တွေမြို့ကို သိမ်းမိလျှင်သိမ်းမိချင်း လေယာဉ်ကွင်းကို အရေးတကြီး ပြုလုပ်သည်။ ယင်းသို့ အရေးတကြီးပြုလုပ်ရခြင်းမှာ စစ်တွေ–ကျောက်ဖြူမြို့များတွင် လေယာဉ်ကွင်းများရှိခြင်းဖြင့် ရန်ကုန်သို့ထိုးစစ်ဆင်ရာမှာ လေကြောင်းအကူအညီ များစွာပေးနိုင်ရေးအတွက် ဖြစ်လေသည်။ သို့နှင့် စစ်တွေ–ကျောက်ဖြူမြို့များတွင် (၁၂)ရာသီသုံး လေယာဉ်ကွင်းအဖြစ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းဖြစ်သည်။

ဤသို့ဖြင့် စစ်တွေမြို့သည် ဂျပန်များ၊ စစ်ကြောင်းဆင်ရာလမ်းနှင့် မဟာမိတ်တပ်များ၏ ထိုးစစ်ဆင်ရာတွင် လမ်းကြောင်းကျနေသည့် စစ်လမ်းကြောင်းမှာရှိနေသဖြင့် တိုက်တာအိုးအိမ်၊အဆောက်အဦးများမှာ မြေပြင်သို့ ဝပ်ခဲ့ရသည်။ အိမ်တိုင်နွယ်ရစ်၍ တမြို့လုံးမှာဗုံးဒဏ်ကြောင့် ချောက်များ၊ချိုင့်များနှင့် ပြွန်းလျက်ရှိသည်။ စစ်ကြောင့် သေကြေဆုံးရှုံးရသည့် ကလေးလူငယ်လူကြီး မည်၍မည်မျှရှိခဲ့သည်ကိုကား တစ်ဦးတစ်ယောက်မျှ ပြောနိုင်မည်မဟုတ်ပါချေ။ ရေတပ်ဗိုလ်ချုပ်ကြီးမောင်ဘက်တန် အစီရင်ခံစာတွင်–

> *'စစ်တွေတမြို့လုံးသည် ကျွန်ုပ်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့်တစ်ကြောင်း၊ ရန်သူများဖျက်စီးသွားသောကြောင့် တစ်ကြောင်း၊ ပျက်စီးနေသည်ကို တွေ့ကြရ၏။ ဂျပန်များဆောက်လုပ်သွားသော စစ်တွေသင်္ဘောဆိပ်ကမ်းမှာလည်း ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အကြီးအကျယ်ပျက်စီးရလေသည်'*

ဟူ၍ စစ်သားတယောက်၏အမြင်နှင့် တင်ပြအစီရင်ခံခဲ့လေသည်။ မောင်

ဘက်တန်၏ အစီရင်ခံစာသည် သာမန်မျက်စိနှင့်မြင်လောက်ရုံကိုသာ ရေးသားခြင်းဖြစ်သည်။ စစ်တွေလူထုမှာ အသက်စည်းစိမ်အိုးအိမ် မိမိရို့မြတ်နိုးသော၊ တွယ်တာသော မိဘ၊သားသမီး၊ဇနီး၊ခင်ပွန်း ညီအကို၊မောင်နှမများစသည့် တန်ဘိုးမဖြတ်နိုင်သော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းရို့ကို စစ်ဗိုလ်ချုပ်ကြီး မောင်ဘက်တန်ကား ကရုဏာသက်မိလေမည် မထင်ပါ။ အလေးတယူ တွေးနေမည်လည်း မဟုတ်ပါချေ။ စစ်သွေးစစ်မာန်ဝင်ပြီး အောင်မြင်မှုရရှိနေချိန်မှာ ရေးထားသော အစီရင်ခံစာဖြစ်သောကြောင့်ဟု ထင်မြင်မိသည်။

မဟာမိတ်တပ်များသည် စစ်တွေမြို့ကိုသိမ်းပြီးနောက် စစ်တွေမြို့လူထုကို မြို့ထဲသို့ နေထိုင်ခွင့်ကား မပြုသေးချေ။ စစ်မြို့အဖြစ် သုံးထားလေသည်။ စစ်တွေ၏ ဆင်ခြေဖုန်းဖြစ်သော ကြက်ကိုင်းတန်၊ နာရီကန်၊ ကျားမသောက်၊ သိန်းတန် စသောရွာများတွင် စစ်တွေလူထု နေထိုင်ခွင့်ရကြသည်။ မဟာမိတ်များ၏ မြို့ပြအုပ်ချုပ်ရေးကို နာရီကန်မှာထားသည်။ ကိုလိုနီစက်ယန္တရားပုံစံကိုချမှတ်ပြီး သွေးစုတ်ချယ်လှယ်နိုင်ရေးကို လုံးပန်းလာပြန်သည်။ ထိုသို့လုံးပန်းလာမှုကြောင့် အမှုထမ်းပေါင်းစုံသပိတ်သည် နာရီကန်မှာ ပေါ်ပေါက်လာရသည်။

ယင်းအမှုထမ်းပေါင်းစုံသပိတ်မှာ မြန်မာပြည်တပြည်လုံး၏ အထွေထွေအလုပ်သမားသပိတ်၏ ကွင်းဆက်ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်မှုအောက်တွင် လွတ်လပ်ရေးအောင်လံလွှင့်ထူနိုင်ရန် ကြိုးပမ်းနေသော အချိန်အခါလည်းဖြစ်သည်။ ပြည်ထောင်စုတခုလုံး၏ စည်းရုံးမှုအင်အားသည် တစ်ကြိမ်တစ်ခါမျှ မရှိဘူးမဖြစ်ဘူးသော စည်းရုံးမှုကိုရရှိနေသော အခါလည်းဖြစ်နေသည်။

သို့ဖြင့် နယ်ချဲ့အင်္ဂလိပ်များသည် မြန်မာပြည်မှာ ကြာရှည်စွာမနေနိုင်ဘဲ ဆုတ်ခွာရန် စီစဉ်ရလေသည်။ စစ်တွေမြို့တွင်တပ်ချနေသော မဟာမိတ်တပ်များသည်လည်း (၁၉၄၆)ခုအကုန် (၁၉၄၇)ခုအဆန်းလောက်မှာ တပ်များကို ရုပ်သွားကြလေသည်။ စစ်တပ်များရုပ်သိမ်းသွားပြီးမှသာ စစ်တွေမြို့လူထုကို စစ်တွေမြို့ထဲသို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုလိုက်ပါသည်။

**မြထွန်းအောင်**

**ကိုးကားသောစာအုပ်များ**

၁။ ARAKAN,PAST-PRESENT-FUTURE, BY JOHN OGILVYHAY 1892

၂။ BURMA GAZETTEER, AKYAB DISTRICT

၃။ VOLUME A, BY MR. R.B. SMART CENSUS OF INDIA 1911 VOL. IX, BURMA PART II TABLE, BY C. MORGAN WEEB, M.A. I.C.S

၄။ SERIES UNION OF BURMA 1953. CENSUS OF POPULATION.

၅။ လွတ်လပ်ရေးခေါင်းဆောင် နာယကဆရာတော် ဦးစန္ဒာ၏ထေရုပ္ပတ္တိအကျဉ်း။

၆။ နွယ်ချို ဖိုးခေါင်ရိုးမတောင်'ညေစံ' ၁၉၅၈–ခု၊ ၅၉–ခုထုတ်၊ ရခိုင်တန်ဆောင် မဂ္ဂဇင်း။

၇။ မင်းလောင်းမောင်ဖေါ်အောင် 'ညေစံ' ရခိုင်ဇာနည်ဂျာနယ် ၁၉၆၁–ခု၊ မတ်လထုတ်။

၈။ ရခိုင်မျိုးချစ်တော်လှန်ခဲ့စဉ်က 'စစ်တွေမောင်'၁၉၆၀ခုထုတ် ရခိုင်တန်ဆောင် မဂ္ဂဇင်း။

၉။ မောင့်ဘက်တန် အစီရင်ခံစာ ဘာသာပြန်။

# သီရိသုဓမ္မရာဇာခေတ် ရခိုင်စီးပွားရေးရာ

ရခိုင်တိုင်းသည် သေးသွယ်ပြီးကျောရိုးရှည်သော ဒေသဖြစ်သည်။ ၎င်း၏ အနောက်ဘက်တွင် ဘင်္ဂလားအော်ရှိသည်။ ပင်လယ်ကမ်းရိုးတန်းမှာ အနောက်ဘက် နယ်နမိတ်တခြမ်းလုံးနှင့် ဆက်စပ်နေသည်။ ကမ်းမြောင်လွင်ပြင်ရပ်များတွင် ဆန်စပါး စိုက်ပျိုးနိုင်သည်သာမက ကမ်းရိုးတန်းဒေသများတွင်လည်း ဆိပ်ကမ်းမြို့များ တည် ဆောက်နိုင်သည်။ ရခိုင်တိုင်းတွင် တောင်ထူထပ်သည်သာမက မြစ်ချောင်းများလည်း ပွားများသည်။ ပင်လယ်စသည့် ရေလမ်းကြောင်းများကိုသာ အသုံးပြုသွားလာကြရ သဖြင့် ရခိုင်တိုင်းကို ဒုတိယဗင်းနစ်မြို့တော်ဟူ၍ပင် နိုင်ငံခြားသားများက မှတ်တမ်း တင်ခဲ့ကြသည်။ ထိုသို့ ပင်လယ်ထွက်ပေါက်များသော ဒေသဖြစ်သောကြောင့်ပင် ရခိုင်တိုင်းသမိုင်းတွင် ရှေးနှစ်ပေါင်းများစွာကပင် နိုင်ငံခြားတိုင်းပြည်များနှင့် ကူးသန်း ရောင်းဝယ် ဆက်သွယ်ခဲ့ကြသည်။ ထို့ကြောင့် ရှေးခေတ်ရခိုင်တိုင်း၏ စီးပွားရေးကို လေ့လာလျှင် နိုင်ငံခြားသားများနှင့် တန်းတူလိုက်နိုင်သော စီးပွားရေးအမြင်ရှိခဲ့ ကြောင်း တွေ့ရပါမည်။

၁၅–ရာစုခေတ်လောက်ကစ၍ မြောင်ဦး(မြို့ဟောင်း)မြို့သည် ရခိုင်တိုင်း၏ မြို့တော်ဖြစ်ခဲ့သည်။ သီရိသုဓမ္မရာဇာလက်ထက်တွင်လည်း မြို့တော်မှာ မြောက်ဦး ပင်ဖြစ်သည်။ ထိုအချိန်က ရခိုင်တိုင်းမှာ နှစ်ပေါင်း(၂၀၀)ကျော်မျှ အဆက်မပြတ် ဘဲ ငြိမ်းချမ်းခဲ့ရာ စီးပွားရေးမှာ အထူးတိုးတက်လျက်ရှိသည်။ ပေါ်တူဂီ၊ ဒတ်(ချ) စသော နိုင်ငံခြားသားတို့၏ကိုယ်တွေ့မျက်မြင် မှတ်တမ်းများအရ၊ ရခိုင်တိုင်းမှာ ထိုခေတ်ထိုအခါက၊ အရှေ့အာရှတွင် တရုတ်တို့လောက် အဆင့်အတန်းမမြင့်သော် လည်း တခြားနိုင်ငံများထက် မနိမ့်ကျကြောင်းသိရပေသည်။

ကမ္ဘာ့သမိုင်းတွင် ပေါ်တူဂီတို့သည် ပင်လယ်ပြင်သို့ ပထမဆုံးခြေဆန့်နိုင်ခဲ့

ကြသူများဖြစ်သည်။ ထို့နောက်မှ ဒတ်(ချ)၊ စပိန်၊ အင်္ဂလိပ်တို့က ပင်လယ်ပြင်ကို စိုးမိုးနိုင်ခဲ့သည်။ အစောပိုင်းတွင် အိန္ဒိယသမုဒ္ဒရာ၌ ပေါ်တူဂီတဦးတည်းသာ ကျက်စားခဲ့သော်လည်း (၁၅၈၀)တွင် ပေါ်တူဂီ၏ထီးနန်းသည် စပိန်ဘုရင် ဒုတိယ မြောက်ဖိလစ်၏လက်အောက်သို့ ကျရောက်သွားသောအခါမှစ၍ ပေါ်တူဂီတို့မှာ ကျဆင်းသွားသည်။ ထို့နောက် ဒတ်(ချ)တို့က ရှေ့တန်းတက်လာသည်။ ဒတ်(ချ)တို့ သည် (၁၆၀၂)ခုနှစ်တွင် ဒတ်(ချ)အရှေ့အိန္ဒိယကုမ္ပဏီကိုဖွဲ့စည်းပြီး အရှေ့အိန္ဒိယ ကျွန်းစုရှိ ဂျဗား၊စုမတြားစသည်တို့တွင် ကုန်သွယ်ရေးစခန်းများကို အခြေစိုက်ခဲ့ သည်။ ထိုစခန်းများတွင် ကုန်ရုံများကိုတည်ဆောက်ပြီး **(FACTORIES)**ကို ရိုမန် ဒယ်လ်ကမ်းခြေရှိ ဒတ်(ချ)ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသောလုပ်ငန်းကုန်ရုံများ နှင့် ဆက်သွယ်သည်။ ဟင်းခတ်အမွှေးအကြိုင် ခြံကြီးများကို ပျိုးထောင်သည်။ ဘတေးဗီးယားမြို့ကို တည်ထောင်သည်။ ခြံကြီးများအတွက် လိုအပ်သော အ လုပ်သမားများအတွက် လိုအပ်သောစားနပ်ရိက္ခာများ ရရှိနိုင်ရန်အတွက် ဘင်္ဂလား၊ ရခိုင်၊ ပဲခူး၊ တနင်္သာရီ စသည်တို့နှင့် လာရောက်ဆက်သွယ်ကြသည်။ ထို့ကြောင့် သီရိသုဓမ္မရာဇာခေတ်တွင်လည်း ဒတ်(ချ)တို့သည် ပေါ်တူဂီတို့နှင့်အပြိုင်ပင် ရခိုင် တိုင်းတွင် ဝင်ထွက်ကူးသန်းခဲ့ကြသည်။ ပေါ်တူဂီတို့သည် အိန္ဒိယပြည်၊ ဂိုအာနယ်ကို အခြေပြု၍ဆက်သွယ်ပြီး ဒတ်(ချ)တို့သည် ဘတေးဗီးယားမြို့(ဂျကာတား)ကို အ ခြေပြုကာ ဆက်သွယ်ကြလေသည်။ ထိုအချိန်က ရခိုင်တိုင်းသည် ဒတ်(ချ)ပေါ်တူဂီ တို့နှင့်သာမက ဘင်္ဂလား၊ သီဟိုဠ်စသောပြည်များလည်း ကူးသန်းရောင်းဝယ်ကြ ပြီး ထိုသင်္ဘောကြီးများသည် မြောက်ဦးမြို့တော်အထိပင် ဝင်ထွက်သွားလာခဲ့ကြ သည်။

ဒတ်(ချ)တို့သည် ရခိုင်တိုင်းနှင့်ဆက်သွယ်ရာတွင် ကိုရိုမင်ဒယ်လ် ပင်လယ် ကမ်းခြေမှ ရခိုင်တိုင်းသို့လည်းကောင်း၊ ဗတေးဗီးယားမှ ရခိုင်တိုင်းသို့လည်းကောင်း၊ ရွက်သင်္ဘောကြီးများဖြင့် ကုန်စည်များရောင်းဝယ်ခဲ့ကြသည်။ ထိုစဉ်က ရခိုင်တိုင်း သည် ဒတ်(ချ)၏ အရှေ့အနောက်သွား ပင်လယ်လမ်းကြောင်းဝယ် တထောက်နား ရာ ဗဟိုစခန်းလည်းဖြစ်သည်။ ထို့ကြောင့် ဒတ်(ချ်)တို့သည် ကိုရိုမန်ဒယ်လ် ကမ်းခြေတွင်လည်းကောင်း၊ ဗတေးဗီးယားတွင်လည်းကောင်း ကုန်ပစ္စည်းထုတ် လုပ်ရောင်းချသော လုပ်ငန်းကုန်ရုံများ တည်ဆောက်ခဲ့ကြသည်။ ထို့ပြင် ရခိုင်တိုင်း တွင်လည်း ကုန်ပစ္စည်းထုတ်လုပ်ရောင်းသော လုပ်ငန်းကုန်ရုံများ တည်ဆောက်ခဲ့ ကြသည်။ မြို့ဟောင်းမြို့တော်တွင်လည်း ဒတ်(ချ)ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချ သောလုပ်ငန်း ကုန်ရုံများ တည်ရှိခဲ့သေးသည်။

ဒတ်(ချ)တို့ထံမှတင်သွင်းသော သွင်းကုန်များအနက် ဗတေးဗီးယားမှလာ

သော သင်္ဘောများတွင် ဟင်းခတ်အမွှေးအကြိုင်နှင့် ဂျပန်ပြည်လုပ်သံမှာ အဓိက ဖြစ်သည်။ ဂျပန်သံမှာ တမောင်းလျှင် (၄)ကျပ်ဈေးဖြစ်၍ ဈေးကောင်းသည်။ ကိုရိုမန်ဒယ်ကမ်းခြေမှလာသောသင်္ဘောများမှ ကြွေစေ့များ ဒေါ်လာများနှင့် တခါတရံ ဆေးများကိုတင်သွင်းသည်။ ကိုရိုမန်ဒယ်ကမ်းခြေမှလာသော သံမှာမူ ဂျပန်သံလောက် ဈေးကောင်းမရချေ။ ကြွေစေ့များကို ငွေကြေးသုံးစွဲရာတွင် အကြွေအဖြစ်သုံးသည်။ ၎င်းတို့ကို ပိဿာချိန်ဖြင့်ရောင်းချပြီး (၁၄၈)ပိဿာကို ရခိုင်ဒင်္ဂါးတစ်ကျပ်ဈေးရှိသည်။ ရခိုင်ဒင်္ဂါးတစ်ကျပ်တွင် ကြွေစေ့(၂၆၆၀)ရှိသည်ဟု မှတ်သားရဘူးသည်။

ရခိုင်တိုင်းမှ အဓိကတင်ပို့ကုန်မှာ ဆန်စပါးပင်ဖြစ်သည်။ ထို့ပြင် မဲနယ်၊ ချိပ်၊ ပျား၊ ဖယောင်း၊ ဆင်နှင့် အထည်ကြမ်း အနက်စများတို့ကိုလည်း ဒတ်(ချ)တို့အား ရောင်းချနိုင်ခဲ့သည်။ ထိုအချိန်က ရခိုင်ဘုရင်သည် အိန္ဒိယတွင်အင်အားကြီးလာသော မဂိုလ်တို့၏ရန်ကို ကာကွယ်ရန်အတွက် ပေါ်တူဂီတို့အား ရခိုင်တိုင်းတွင် နေရာချပေးထားသည်။ ထိုပေါ်တူဂီတို့သည် မိမိတို့၏စီးပွားရေးအတွက် ဘင်္ဂလားနှင့် ဩရိဿကမ်းခြေများမှလူများကို ဖမ်းဆီးပြီး ကျွန်အဖြစ်ရောင်းချသည်။ ထို့ကြောင့် ဒတ်(ချ)တို့သည် အရှေ့အိန္ဒိယကျွန်းစုရှိ ဟင်းခတ်အမွှေးအကြိုင်ခြံကြီးများတွင် လိုအပ်သောအလုပ်သမားတချို့ကို ရခိုင်တိုင်းရှိ ပေါ်တူဂီတို့၏ ကျွန်ရောင်းဝယ်ရေးစခန်းများမှ ဝယ်ယူကြသည်။ တစ်နှစ်တစ်နှစ်လျှင် ကျွန်ပေါင်းတစ်ထောင်ကျော်မျှ ရောင်းချခြင်းခံရသည်။ ကျွန်များမှာ အသက်အရွယ်အလိုက်တန်ဖိုးကွာခြားသည်။ (၁၀)ဖလော်ရင် (၁–ဖလော်ရင်သည် ဿျှလင်–ဖဲပဲနီနှင့်ညီမျှ၏)မှ (၃၀)ဖလော်ရင်အထိ ဈေးရှိသည်။

လက်မှုပညာကျွမ်းကျင်သောကျွန်များကိုမူ ရခိုင်ဘုရင်သည် ဒတ်(ချ)တို့အားယူဆောင်ခွင့် မပေးချေ။

ဆန်စပါး၊ ချိပ်နှင့်မဲနယ်တို့ကို နိုင်ငံခြားသားတို့အား ရောင်းချခြင်းကို နန်းတော်က ကြိုးကိုင်သည်။ ထိုပစ္စည်းတို့ကို ဘုရင်တစ်ဦးတည်းကသာ နိုင်ငံခြားသို့ရောင်းချနိုင်သည်။ မဲနယ်မှာ တစ်မောင်းလျှင် စစ်တကောင်း၌ ရခိုင်ဒင်္ဂါး (၁)ကျပ်ရှိပြီး မြောက်ဦးတွင် (၃)ကျပ်ရှိသည်။ ချိပ်မှာ တန်ဘိုးရှိသည်။ ပထမပိုင်းတွင် ချိပ်ရောင်းဈေးမှာ တစ်မောင်းလျှင် (၃)ကျပ်ရှိပြီး (၁၆၄၁)တွင် (၈)ကျပ်အထိ ဈေးတက်သွားခဲ့သည်။ အထည်ကြမ်းအနက်စများကို တိုပါရတွင် ရက်လုပ်ပြီး စစ်တကောင်းနှင့် မြောက်ဦးမြို့ နှစ်ခုစလုံး၌ပင်ရရှိနိုင်သည်၊ ဆင်များမှာ ရခိုင်ဒင်္ဂါး (၁၃၆၀–၁၄၀၀)အထိ ဈေးရှိသည်။ ယင်းဆင်များကို ပူလိကက်နှင့် ကိုရိုမန်ဒယ်လ်ကမ်းခြေရှိ ကုန်ရုံများတွင် ဒတ်(ချ)ကုန်သည်များသည် ဈေး(၄)ဆလောက်

အမြတ်တင်ကာ ရောင်းချကြသည်။

ဆန်စပါးရောင်းချမှုမှာ တိုင်းပြည်တွင် အရေးအကြီးဆုံးဖြစ်သည်။ ဘုရင်သည် အဝယ်တော်ကိုယ်စားလှယ်များလွှတ်ကာ မိမိတိုင်းပြည်အရပ်ရပ်မှ ဆန်များကို သိမ်းကျုံးဝယ်ထားသည်။ ထို့ကြောင့် နိုင်ငံခြားသားများမှာ ဘုရင်တစ်ဦးထံမှသာ ဆန်စပါးကိုရရှိနိုင်သောကြောင့် ဘုရင်ကတောင်းသည့်ဈေးအတိုင်း ဝယ်ယူကြရသည်။ ဆန်စပါးဈေးနှုန်းကို ဘုရင်၏ကိုယ်စားလှယ်က သတ်မှတ်သည်။ ဈေးနှုန်းမှာ တင်ပို့ရောင်းချရမည့် ဆန်စပါးအနည်းအများနှင့် ဒတ်(ချ်)တို့၏လိုအပ်မှုအပေါ်မူတည်ပြီး အတက်အကျရှိသည်။ ပြည်တွင်းဆန်ဈေးမှာ ဆန်တကာရာ(၄၄၀-ပေါင်)လျှင် ရခိုင်ဒင်္ဂါး(၂)ကျပ်မှ (၃)ကျပ်အထိ ဈေးရှိသည်။ ဒတ်(ချ်)တို့ကသက်သာသော ပြည်တွင်းဈေးအတိုင်းဝယ်လိုသော်လည်း ဘုရင်က အားလုံးဝယ်ထားပြီးဖြစ်၍ ဈေးကြီးပေးဝယ်ရသည်။

(၁၆၃၁-၃၄)တွင် အရှေ့အိန္ဒိယကျွန်းစု၌ ကပ်ရောဂါနှင့် ဝတ်မွတ်ခေါင်းပါးခြင်း ဘေးဆိုက်ရောက်နေခြင်းကြောင့် ဒတ်(ချ်)တို့မှာ ဆန်စပါး အရေးတကြီးလိုအပ်နေသည်။ ထိုအကြောင်းကို ရခိုင်ဘုရင်သည် ဘတေးဗီးယားသို့အကြောင်းအမျိုးမျိုးပြကာ သံများစေလွှတ်စုံစမ်းပြီးဖြစ်သဖြင့် ဒတ်(ချ်)တို့၏အကျပ်အတည်းကို သိရှိပြီးဖြစ်သည်။ ထို့ကြောင့် ဆန်ဈေးကို ထကာရာလျှင် (၁၀)ကျပ်အထိ တိုးမြှင့်လိုက်သည်။ ထိုအကျပ်အတည်းအချိန် ကုန်လွန်ပြီးသည်နောက်တွင်မူ ဒတ်(ချ်)တို့သည် ဆန်တစ်ကာရာလျှင် (၅)ကျပ်ဈေးနှင့်ရရှိအောင် ကြိုးစားနိုင်ခဲ့ပေသည်။ ဒတ်(ချ်)တို့သည် ဆန်စပါးဈေးကြီးမိသည်ဟု ဆိုရစေကာမူ ဗတေးဗီးယားတွင် ဆန်ရောင်းဈေးမှာ တစ်ကာရာလျှင် (၁၈)ကျပ်ဖြစ်သည်။

ဒတ်(ချ်)တို့မှာ ထိုမျှအမြတ်ရသော်လည်း နည်းသည်ဟု ထင်သေးသည်။ ထို့ကြောင့် (၁၉၃၆)တွင် ဒတ်(ချ်)ကုန်သည်တို့သည် ဘုရင်ထံမှာ ဈေးကြီးမမိစေရန် စစ်တကောင်းသို့ ကိုယ်စားလှယ်များလွှတ်ကာ တစ်ကာရာလျှင် (၂)ကျပ်မှ(၃)ကျပ်အထိ ဈေးပေးကာအဝယ်လွှတ်သော်လည်း ထိုဒေသရှိ ဆန်များအားလုံးမှာ ဘုရင့်အဝယ်တော်များက တကာရာကို (၂)ကျပ်ဈေးနှင့် ဝယ်ယူထားနှင့်လေပြီ။ ထို့ကြောင့် ဒတ်(ချ်)တို့အား (၃)ကျပ်မှ(၄)ကျပ်ဈေးနှုန်းအတိုင်းရောင်းရန် ရခိုင်ဘုရင်က ငြင်းပယ်နိုင်ခဲ့လေသည်။

ထိုအချိန်တွင် ဒတ်(ချ်)တို့မှာ အခက်အခဲနှင့်ရင်ဆိုင်နေရသည်။ မလက္ကာတွင် ပေါ်တူဂီနှင့်တိုက်ပွဲများဖြစ်ပွားနေသည်။ ဆင်တန်ဘုရင်နှင့် အရှေ့အိန္ဒိယတိုင်းရင်းသားများက ပုန်ကန်နေကြသည်။ ထို့ကြောင့် ဆန်စပါးမှာ အရေးတကြီးလိုအပ်နေသည်။ ထိုအခြေအနေအားလုံးကို ဗတေးဗီးယားမှ ပြန်လာသောသံများ

က ရခိုင်ဘုရင်အား တင်လျှောက်ပြီးဖြစ်သည်။ ထို့ပြင် နောင်နှစ်များတွင်လည်း ဒတ်(ချ)တို့၏ အခြေအနေကိုပိုသိစေရန် အထောက်တော်သူလျှိုများ စေလွှတ်ဖို့ ကိုလည်း သံတို့က အကြံပေးသည်။ ဒတ်(ချ)ဘုရင်ခံကလည်း ဘတေးဗီးယားသို့ စီးပွားရေးရာများကို စုံစမ်းမည့်သူများ မလာနိုင်စေရန် တားမြစ်သည်။ ထို့ပြင် မိမိတို့ကုန်သည်များ ဤသို့ ဈေးပိုပေးနေရသည်။ ကျေနပ်ဘွယ်ရာ မရှိကြောင်း။ ဆန်ဈေးမှာ တစ်ကာရာလျှင် (၅)ကျပ်ဆိုလျှင် သင့်တော်မည်ဖြစ်ကြောင်း စာရေး သားတောင်းဆိုသည်။ သို့သော်လည်း ရခိုင်ဘုရင်မှာ အလျှော့မပေးခဲ့။ မိမိ၏အမိန့် ကိုဖောက်ဖျက်ကာ နိုင်ငံခြားသားများထံသို့ ဆန်များရောင်းချရန် ကြိုးစားသူကိုပင် သေဒဏ်ပေးမည်ဟု အမိန့်ထုတ်ကာ ပို၍အတိအကျလုပ်သည်။ ဤသို့ဖြင့် ဒတ်(ချ) တို့သည် လွတ်လပ်စွာရောင်းဝယ်နိုင်ရေးအတွက် အကြိမ်ကြိမ်တောင်းဆိုကြိုးစား ခဲ့သော်လည်း စန္ဒသုဓမ္မရာဇာလက်ထက်သာလျှင် တိုင်ခဲ့သည်။ မအောင်မြင်ခဲ့ ချေ။

သီရိသုဓမ္မခေတ် ရခိုင်တိုင်း၏ စီးပွားရေးကိုချုံ၍လေ့လာကြည့်လျှင် ထုတ် ကုန်နှင့်သွင်းကုန်တွင် ရခိုင်တိုင်း၏ထုတ်ကုန်က ပို၍များပြားသည်။ သွင်းကုန် မှာ ထွက်ကုန်နှင့်စာသော် မပြောပလောက်ချေ။ ရခိုင်တိုင်းအနေနှင့် ထိုအချိန်က မည်သူနှင့်မျှပင် မဆက်ဆံ၊မရောင်းဝယ်ဘဲ ရပ်တည်နိုင်သည်အထိ စီးပွားရေးအ ခြေအနေ ခိုင်ခဲ့သည်။ စားနပ်ရိက္ခာ၊ ဆန်ရေစပါး ကြွယ်ဝပိုလျှံသည်။ အဝတ်အ ထည်များကိုလည်း ပြည်တွင်း၌ပင် ရက်လုပ်သည်။ အသုံးအဆောင်များမှာလည်း ယခုကဲ့သို့ မထွေပြားသေး၍ ပြည်တွင်းဖြစ် ပစ္စည်းကိရိယာများနှင့်ပင် လုံလောက် သည်။ သို့သော် ထိုအချိန်က ရခိုင်တိုင်းအတွက် အရေးတကြီးလိုအပ်သည်မှာ လက်နက်ခဲယမ်း မီးကျောက်ဖြစ်သည်။ တဖက်တွင် အိန္ဒိယ၌မဂိုလ်တို့ အင်အား ကောင်းလာ၍ ရခိုင်တိုင်း၏လွတ်လပ်ရေးကို စိုးရိမ်ရသည့်အခြေအနေဖြစ်သည်။ ထို့ကြောင့် ရခိုင်ဘုရင်မှာ မဂိုလ်တို့၏အင်အားက ခြောက်လှန့်မှုကြောင့် လက်နက် ခဲယမ်းများနှင့် ကျွမ်းကျင်သူစစ်သားများ အမြဲတမ်းလိုအပ်လျှက်ရှိရာ ပေါ်တူဂီတို့ နှင့် ဆက်သွယ်လာခဲ့ရသည်။ ပေါ်တူဂီ ကြေးစားစစ်သားများကို လက်သပ်မွေး ထားခဲ့ရသည်။ ပေါ်တူဂီတို့ကို အကြောင်းပြု၍ပင် တဆင့်တက်၍ ဒတ်(ချ)တို့နှင့် ဆက်သွယ်မှုရခဲ့ သည်။ ထိုသို့ နိုင်ငံခြားသားများနှင့် စီးပွားရေးဆက်သွယ်မှုများ ပိုမိုများပြားလာလေလေ၊ စီးပွားရေးအမြင် ကျယ်လာလေလေဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး၊ တစ်ပြည်နှင့်တစ်ပြည် ကူးသန်းရောင်းဝယ်သည်ဆိုရာတွင် တစ်ယောက်ထက်တစ်ယောက် မျက်စိလျင်ဘို့လိုသည်၊ နားလျင်ဘို့လိုသည်၊ လက် မြန်ဘို့လိုသည်။ နှေးသောသူသည် ထိပ်ကွက်ခံရမည်ဖြစ်သည်။ ထို့ကြောင့်

ကွက်ကျော်မြင်တတ်ဘို့ လိုသည်။ ထိုအချိန်က ရခိုင်တို့မှာ ဒတ်(ချ)တို့၏ ကုန်သွယ်ရေးစနစ်ကို နားလည်နေကြလေပြီ။ ပို၍ပင် ကွက်ကျော်မြင်တတ်နေပြီဖြစ်သည်။ ထို့ကြောင့် ဆန်စပါးရောင်းချရာတွင် ဒတ်(ချ)တို့၏ဈေးနှိမ်ဝယ်မှုကို တရံမျှ မခံခဲ့ရဘူးသည့်အပြင် ပို၍ပင် ဈေးမြင့်ကာရောင်းချနိုင်ခဲ့ကြသည်။ထိုသို့ရောင်းဈေးနှုန်းကို ထိန်းသိမ်းကြပ်မတ်နိုင်ခြင်းမှာ ဆန်ရောင်းချမှုကို ဘုရင်တစ်ဦးတည်းကသာ ချယ်လှယ်ကြိုးကိုင်ထား၍ဖြစ်သည်။ အကယ်၍ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုမည်ဆိုပါက ရခိုင်ဆန်ကုန်သည်ပွဲစားများအပေါ် ဒတ်(ချ)ကုန်သည်တို့က လွှမ်းမိုးချယ်လှယ်သွားပေလိမ့်မည်။ ထိုအချိန်က အုပ်ချုပ်ရေးပုံစံမှာ သက်ဦးဆံပိုင်စနစ်ဖြစ်ရာ ဘုရင်သည် နိုင်ငံတော်၏အထွတ်အထိပ်ဖြစ်သည်။ အစိုးရလည်းဖြစ်သည်။ ယခုအခါ ဆန်စပါးရောင်းချမှုကို အစိုးရကကြိုးကိုင်သကဲ့သို့ ဘုရင်က ကြပ်မတ်ထိန်းသိမ်းခြင်းသာ ဖြစ်သည်။ ဤသို့ နိုင်ငံခြားရောင်းဝယ်မှုအစိုးရက ကွပ်ကဲထိန်းသိမ်းခြင်းသည် တိုးတက်သော စီးပွားရေးစနစ်ပုံစံဖြစ်သည်။ ထို့ကြောင့် သီရိသုဓမ္မရာဇာခေတ် ရခိုင်တိုင်း၏စီးပွားရေးမှာ ခေတ်နှင့်နှိုင်းလျှင် အဆင့်အတန်းမြင့်မားခဲ့ကြောင်း တွေ့ရပေသည်။

**စောသိန်းတန်**

**၄–၁၁–၆၇**

*မြန်မာနိုင်ငံ သုတေသနအသင်းထုတ် FIFTIETH ANNIVERSARY PUBLICATIONS NO.2 မှ D.G.E HALL\ STUDIES IN DUETH RELATIONS WITH ARAKAN ကို မှီငြမ်း ရေးသားပါသည်။*

# ခန့်မှန်းမိသော ရှေးခေတ်ရခိုင်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးသည် မည်သည့်ခေတ်၊ မည်သည့်အချိန်အခါတွင်မဆို ရှိ၏။ နည်းသည်များသည်၊ လျင်မြန်သည်၊ နှေးကွေးသည်၊ သယ်ပို့နိုင်စွမ်းအား များသည်၊ နည်းသည်သာ ကွာခြားလေသည်။ ခေတ်အဆက်ဆက်၌ သယ်ယူပို့ဆောင်ရေးရှိ၏။ ထိုသယ်ယူပို့ဆောင်ရေးကား အဘယ်အနည်း။ သယ်ယူပို့ဆောင်ရေးသည် ဆောင်ရွက်မှုလုပ်ငန်းပင်။ ကုန်ကြမ်းကုန်ချော လုပ်သားပြည်သူ ကုန်ထုတ်ကိရိယာအစရှိသော ကုန်ထုတ်အရင်းအနှီးများ ရှင်လန်းသာယာရေးအတွက် ခရီးသွားပုဂ္ဂိုလ်များကို လိုအပ်သောနေရာသို့ ပြောင်းရွှေ့သယ်ဆောင် ပို့ဆောင်ပေးခြင်းကို ခေါ်ဆိုရပေမည်။ ဤဆောင်ရွက်မှုလုပ်ငန်းကား လူ့လောကတည်တံ့တိုးတက်မှုအတွက် အရေးပါနေ၏။ လူမှုရေး၊ စီးပွားရေးတွင် အကျုံးဝင်နေပေသည်။

စီပွားရေးကဏ္ဍတွင် သယ်ယူပို့ဆောင်ရေး မည်သို့ဝင်ရောက်နေရာယူ က,ပြနေသည်ကို ကြည့်ကြပါစို့။ သေးငယ်သောစက်ရုံတခုတွင် ကုန်ကြမ်းလုပ်သားများကို သူတို့ရှိရာမှ စက်ရုံသို့သယ်ပို့ပေးရသည်။ စက်ကရိယာများကို ယူဆောင်လာရ၏။ ထွက်လာသောကုန်ချောကို စားသုံးသူလက်အရောက် သယ်ပို့ပေးရသည်။ သယ်ယူပို့ဆောင်ရေး အကျုံးဝင်နေ၏။ နိုင်ငံတနိုင်ငံတွင်ကား ပို၍အရေးပါလာသည်။ နိုင်ငံအနှံ့အပြား ကုန်ထုတ်အရင်းအနှီးများ ပြန့်ကြဲလျှက်ရှိ၏။

ထိုပြန့်ကြဲနေသော ကုန်ထုတ်အရင်းအနှီးများကို အလဟဿမဖြစ်စေဘဲ တိုင်းပြည်အတွက် တန်ဘိုးရှိအောင် သယ်ယူပို့ဆောင်ရေးဖြင့် သယ်ပို့သယ်ယူလုပ်ကာ စုစည်းပေးရသည်။ ကုန်ထုတ်အရင်းအနှီး အချိုးအစားအလိုက် တိုင်းပြည်အနှံ့အပြား ကုန်ပစ္စည်းထုတ်လုပ်ရ၏။ ထွက်လာသောကုန်ပစ္စည်းကို နေရာဒေသ

အလိုက် ဖလှယ်နိုင်စေရန် စားသုံးသူလက်ရောက်ရှိရန် သယ်ယူပို့ဆောင်ရေးက ဆောင်ရွက်ပေးရသည်။ ကမ္ဘာတခုလုံးတွင်လည်း တိုင်းပြည်အသီးသီး၏ ကုန်ထုတ်အရင်းအနှီးမတူပေ။ ထုတ်လုပ်သောကုန်ပစ္စည်း ကွာခြား၏။ ထွက်လာသော ကုန်ပစ္စည်းတန်ဘိုး ကွာခြားသည်။ သို့နှင့် နိုင်ငံအသီးသီး ထွက်ကုန်ကွာခြားရာ တိုင်းပြည်အချင်းချင်း ဖလှယ်ပြုလုပ်ရပေသည်။ ဖလှယ်မှုတွင် သယ်ယူပို့ဆောင်ရေး မပါဝင်၍ မရပေ။ သယ်ယူပို့ဆောင်မှုမရှိက ဖလှယ်မှုကင်း၏။ လုပ်အား၌ ခွဲဝေလုပ်ကိုင်၍ မရပေ။ စီးပွားရေးမှာ ကျဆင်းသွားပေသည်။ သို့နှင့် စီးပွားရေး တိုးတက်မှုမှာ သယ်ယူပို့ဆောင်ရေးက အဓိကဇာတ်ကောင်ပင်။

သယ်ယူပို့ဆောင်ရေးသည် စီးပွားရေးသာမဟုတ် လူမှုရေးမှာလည်း အကျုံးဝင်နေ၏။ တအူတုံဆင်း မိသားစုဖြစ်လင့်ကစား တစ်ဦးနှင့်တစ်ဦးကွာဝေးနေပါက စိမ်းကားသွားပေသည်။ နီးစပ်ရာပတ်ဝန်းကျင်သာ ဆွေမျိုးဖြစ်သွားသည်။ သူနှင့် တအူတုံဆင်းမိသားစုဖြစ်သော်လည်း သွားလာအမြဲတွေ့နေမှ ရင်းနှီးသွားပေသည်။ ထို့အတူ တိုင်းပြည်တစ်ပြည် ဒေသတစ်ခုတွင်လည်း တစ်ဦးနှင့်တစ်ဦး အမြဲဆက်သွယ်မှုကင်းမဲ့သော် စိမ်းကားသွားပေသည်။ တစ်ဦးအပေါ်တစ်ဦး အထင်သေး လွှမ်းမိုးမှုများရှိလာ၏။ ဒေသစိတ်လွှမ်းမိုးသွားကာ စိတ်ဝမ်းကွဲပြား၍ စုပေါင်းဆောင်ရွက်မှု စည်းလုံးညီညွတ်မှုကို ပြိုကွဲစေပေသည်။ လူလူချင်း မုန်းတီးမှုကိုဖန်တီးကာ တိုးတက်သော လူ့ဘောင်တည်ဆောက်ရေးကို ပျက်ပြားစေ၏။

သို့နှင့် တိုးတက်သောလူ့ဘောင်တည်ဆောက်ရေးအတွက် စီးပွားရေး၊ လူမှုရေးတိုးတက်မှုတို့သည် အဓိကဖြစ်ရာ ၎င်းတို့တိုးတက်မှုမှာ သယ်ယူပို့ဆောင်ရေးအပေါ် မှီတွယ်နေပေသည်။

တိုးတက်သော လူ့ဘောင်တည်ဆောက်မှုတွင် သယ်ယူပို့ဆောင်ရေးမှာ အဓိကဇာတ်ကောင်ပင်။

ဤမျှအရေးပါသော သယ်ယူပို့ဆောင်ရေးအား စက်မှုလက်မှုတဟုန်ထိုး တိုးတက်နေသော ယနေ့ကမ္ဘာဝယ် လမ်းအသွယ်သွယ်ဖြင့် သယ်ပို့နေကြသည်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းများပင်။ ကုန်းလမ်းဝယ် အဓိကအားဖြင့် စက်ကရိယာကိုအသုံးပြုသော မီးရထား၊ မော်တော်ကားလမ်းများပင်ဖြစ်၏။ နက်ရှိုင်းကြမ်းတမ်းသော တော၊ ချောင်ကြားတို့အတွက် လူသွားလမ်းများ၊ လှည်းလမ်းများလည်း ရှိသေးသည်။ ရေလမ်းတွင်ကား မော်တော်ယာဉ်ငယ်များ၊ သင်္ဘောငယ်များကိုအသုံးပြုကာ ပင်လယ်ခရီးဝယ် သင်္ဘောကြီးများကို အားထားပေသည်။ မြစ်များ၊ ချောင်းမြောင်းများအတွက်ကား လောင်းလှေငယ်များ၊ သမ္ဗာန်ငယ်များကို အသုံးပြု

၏။ မတိုးတက်သော ဒေသများတွင်မူ ပင်လယ်ခရီးတွင်မူ ရွက်လှေကြီးများကို အသုံးပြုပေသည်။ လေလမ်းအားဖြင့်ကား လေယာဉ်သာ။

ဤသို့ သယ်ယူပို့ဆောင်ရေးအသွယ်သွယ်ရှိ၏။ ကမ္ဘာပေါ်ရှိ တိုင်းပြည် အသီးသီးဝယ် ပြည်တွင်းသယ်ယူပို့ဆောင်ရေး၌ ကုန်းလမ်းပင် အဓိကဖြစ်ပေသည်။ ကုန်းလမ်းသည် လျင်မြန်မှုလည်းရှိ၏။ လုံခြုံမှုလည်း များပေသည်။ သို့သော် ရေလမ်း၊ လေလမ်းကိုလည်း အသုံးပြုကြ၏။ လေလမ်းမှာ လျင်မြန်စွာလိုသူအ တွက် အသုံးပြုပေသည်။ သို့သော် စရိတ်အလွန်များ၏။ ရေလမ်းမှာ ကုန်းလမ်းဖြင့် သွားလာမရသူများအတွက်သာ အသုံးပြုကြပေသည်။ သို့နှင့် ကမ္ဘာ့နိုင်ငံအသီးသီး ၌ ပြည်တွင်းသယ်ယူပို့ဆောင်ရေးတွင် ကုန်းလမ်းပင်ဖြစ်ပေသည်။ ပြည်ပဆက် သွယ်သွားလာမှုကား စက်အားကိုအသုံးပြုသည့် ပင်လယ်သွား သင်္ဘောကြီးများပင်။ သို့သော် လေလမ်းဖြင့် သွားလာမှုကားရှိ၏။ ကုန်ပစ္စည်းသယ်ယူပို့နိုင်စွမ်းအားနည်း ၍ ပင်လယ်လမ်းကို အားထားကြပေသည်။ ကုန်းလမ်းမှာကား မပြောပြလောက်ပေ။

ဤမျှအရေးပါသော သယ်ယူပို့ဆောင်ရေးသည် ခေတ်အဆက်ဆက်ရှိခဲ့ရာ ရှေးခေတ်ဟောင်းတွင် ရခိုင်တိုင်းသယ်ယူပို့ဆောင်ရေး မည်သို့ရှိသည်ကို အနည်း ငယ်မျှ လေ့လာဆန်းစစ်ကြည့်ကြပါစို့။

ရခိုင်ပြည်နယ် ဓညဝတီခေတ်တွင် စန္ဒသူရိယမင်းလက်ထက်မှစပြီး ရခိုင်မြေ သည် ဗုဒ္ဓဘာသာထွန်းကားလာပေပြီ။ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများမှ ဗုဒ္ဓဘာသာ ရောက်ရှိလာ၏။ ဤသို့ဓညဝတီခေတ်တွင် ဗုဒ္ဓဘာသာဝင်လာသည်နှင့်အမျှ သီရိ လင်္ကာနှင့် ရခိုင်၊ အိန္ဒိယနှင့်ရခိုင်သည် ဘာသာရေးအရ ကူးလူးဆက်ဆံမှုရှိလာ ၏။ ရဟန်းသံဃာတော်များ တစ်ပြည်နှင့်တစ်ပြည် အပြန်အလှန်သွားလာခြင်းများ ရှိပေသည်။ ဤသို့ ရဟန်းသင်္ဃာတော်များသည် အိန္ဒိယနှင့်ရခိုင်၊ သီရိလင်္ကာနှင့် ရခိုင် သွားလာဆက်ဆံခြင်းများရှိရာ ထိုခေတ်ထိုအချိန်မှာ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယ နိုင်ငံများမှလာခြင်းမှာ ပင်လယ်ရေလမ်းခရီးဖြင့် လာရပေမည်။ သို့နှင့် ဓညဝတီ ခေတ်တွင် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ချက်လုပ်ငန်း ကား ရှိခဲ့မည်ပင်။

ဓညဝတီခေတ်တွင် အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများနှင့် ဘာသာရေးအရသာ မဟုတ် စီးပွားရေးအားဖြင့်လည်း ကုန်ကူးသန်းရောင်းဝယ်ခဲ့ကြောင်း တချို့သုတေ သီများက ပြောထား၏။ ဤသို့ဆိုရာ ဓညဝတီခေတ် ရခိုင်တိုင်းသည် ကမ္ဘာ့နိုင် ငံတိုင်းနှင့် သယ်ယူပို့ဆောင်ခြင်းမရှိသော်လည်း အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများနှင့် ပင်လယ်ရေလမ်းခရီးဖြင့် သယ်ယူပို့ဆောင်ခြင်းရှိပေမည်။

သို့နှင့် ဓညဝတီခေတ်တွင် ဘာသာရေးအရလည်းကောင်း၊ စီးပွားရေးအရ

လည်းကောင်း ကူးသန်းသွားလာခြင်းသည် အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများနှင့် ဆက်သွယ်ခြင်းရှိရာ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးမှာရှိမည်ပင်။ ထိုခေတ်ထိုအချိန်၌ စက်မှုလက်မှု မထွန်းကားသေးရာ ရွက်သင်္ဘောကြီးများ ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းရ၏။ သယ်ယူပို့ဆောင်ရေးခရီးစဉ်ကို အိန္ဒိယ၊ သီရိလင်္ကာ ရခိုင်တစ်ဦးဦးက ပိုင်သည်သာရှိမည်၊ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးရှိသည်ကိုကား ပြောဆိုနိုင်ပေသည်။

ရခိုင်ပြည်နယ်၊ ဓညဝတီခေတ်သည် အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများနှင့် ကုန်ကူးသန်းရောင်းဝယ်ခြင်းရှိ၏။ နောက် ငွေဒင်္ဂါးသုံးစွဲခြင်းများရှိကြောင်း ရာဇဝင်အထောက်အထားများ ရှိပေသည်။ ဤသို့ ငွေဒင်္ဂါးသုံးစွဲခြင်းများ နိုင်ငံခြားနှင့်ကူးသန်းရောင်းဝယ်ခြင်းများရှိသည်နှင့် စီးပွားရေးတွင် ဖလှယ်မှုစနစ်တိုးတက်ကာ ဈေးကွက်ရှိပေလိမ့်မည်။ အဓိကဈေးကွက်မှာ ဘုရင်နန်းစိုက်ရာ ဓညဝတီမြို့တော်ဟု ခန့်မှန်းမိ၏။ ဈေးကွက်ရှိသည်နှင့် သယ်ယူပို့ဆောင်ရေးရှိလိမ့်မည်ဟု ပြောဆိုနိုင်ပေသည်။ ရခိုင်ဒေသအသီးသီးမှ ထွက်ကုန်များကို ဈေးကွက်ရှိရာသို့ ယူလာရမည်။ ၎င်းဈေးကွက်မှတဆင့် နိုင်ငံခြားနှင့်ကုန်ဖလှယ် ကူးသန်းသွားလာခြင်းများ ပြုလုပ်နိုင်၏။

သို့နှင့် နှောင်းခေတ်ဟောင်း ဓညဝတီခေတ်၊ရခိုင်နယ်တွင် ပြည်တွင်းသယ်ယူပို့ဆောင်မှုများ ရှိပေမည်။ ပြည်တွင်းသယ်ယူပို့ဆောင်မှုသည် မည်မျှအလိုရှိမည်နည်း။ မည်ကဲ့သို့ သယ်ယူကြမည်နည်း။ နိုင်ငံခြားနှင့် ကုန်ကူးသန်းသယ်ယူပို့ဆောင်ခြင်းရှိရာ ရခိုင်တိုင်းအနှံ့အပြား သယ်ယူပို့ဆောင်ခြင်းရှိပေမည်။ သို့မှသာ နိုင်ငံခြားနှင့် ကူးသန်းသွားလာနိုင်သည်နှင့်အမျှ ကုန်ပစ္စည်းရရှိပေမည်။ သယ်ယူပို့ဆောင်သောအရာမှာကား ထိုခေတ်ထိုအချိန်သည် ကမ္ဘာတဝှမ်းလုံး စက်မှုတိုးတက်ချိန် မဟုတ်ပေ။ သို့နှင့် တိရိစ္ဆာန်သဘာဝအားကိုသာ အသုံးပြုကာ ကုန်းလမ်းတွင် ဆင်၊ မြင်း၊ ကျွဲ၊ နွားများကိုအသုံးပြုသော လမ်းများ၊ ရေလမ်းအားဖြင့် ရေအားကိုအသုံးပြုသည့် လောင်းလှေများကို အသုံးပြုပေမည်။ တချို့ရာဇဝင်ဆရာများက ကုန်းလမ်းတို့တွင် ဆင်၊ မြင်းများဖြင့် ခရီးသွားကြောင်း အဆိုပြုထားကြပေသည်။

မည်သို့ပင်ဖြစ်စေ၊ ရခိုင်နှောင်းခေတ် ဓညဝတီခေတ်တွင် ရေလမ်းအားဖြင့် ရွက်သင်္ဘောကြီးများကိုအသုံးပြုသော ပင်လယ်ရေကြောင်းခရီးများ၊ လောင်းလှေများကိုအသုံးပြုသော မြစ်ကြောင်းခရီးများနှင့် ကုန်းလမ်းအားဖြင့် ဆင်၊မြင်း၊ကျွဲ၊နွားများကို အသုံးပြုသော ကုန်းလမ်းခရီးများတို့ဖြင့် ရေလမ်းကုန်းလမ်း သယ်ယူပို့ဆောင်ရေးများရှိပေသည်။

ဝေသာလီခေတ်ကို ဆန်းစစ်ကြည့်ကြပါစို့။ ဝေသာလီခေတ် အာနန္ဒစန္ဒြမင်း လက်ထက်၌ သီရိလင်္ကာနိုင်ငံမှ ရဟန်းသံဃာများသည် ဝေသာလီသို့ကြွလာပြီး ရခိုင်သံဃာတော်များနှင့်စည်းဝေးကာ ပိဋကတ်သုံးပုံကိုပေမူအတိုင်း သင်္ဃာယနာတင် ရေးကူးခဲ့ကြောင်း အနန္ဒစန္ဒြကျောက်စာ၌ ဆိုထားပေသည်။ ထိုခေတ် သီရိလင်္ကာနိုင်ငံမှ ရဟန်းသင်္ဃာများ ကြွလာသောခရီးမှာ ပင်လယ်ရေလမ်းခရီးပင် ဖြစ်ပေမည်။

ဝေသာလီခေတ်စီးပွားရေးစနစ်အားဖြင့်လည်း နိုင်ငံခြားတိုင်းပြည်များနှင့် ကူးသန်းခြင်းများရှိပေသည်။ ဝေသာလီခေတ်၊ ဝေသာလီမြို့တော်တွင် ကုန်သင်္ဘောများ အလွယ်တကူဆိုက်ကပ်နိုင်ရန်အလို့ငှာ ဝေသာလီ၏တောင်ဘက်နက်ရှိုင်းကျယ်ပြန့်သော ချောင်းကမ္ဘားတလျှောက် ကျောက်တုံးကျောက်ချပ်များဖြင့် ပြုလုပ်ထားသော ကျောက်လှေကားရှိကြောင်း ရာဇဝင်သုသေသီများ ဖော်ပြထားပေသည်။ ၎င်းပြင် ထိုဝေသာလီမြို့ ကျောက်လှေကားသို့ ဘင်္ဂလားပင်လယ်အော်ရှိ အရှေ့အနောက်ပင်လယ်ရပ်ခြားဒေသများမှ ပင်လယ်ကူးရွက်သင်္ဘောများ၊ နှစ်စဉ် တစ်ထောင်ခန့် ဆိုက်ကပ်ဘူးသည်ဟု ဆိုပေသည်။

ဝေသာလီခေတ်ဝယ် နိုင်ငံခြားသားများသာမဟုတ် ရခိုင်ကုန်သည်ကြီးများလည်း ဘင်္ဂလားပင်လယ်အော်တဝိုက်တွင် ကူးသန်းသွားလာခြင်းရှိခဲ့ပေသည်။ ရခိုင်ဘုရင် စူလစန္ဒြသည်လည်း သင်းတွင်းပြည်သို့ ဘင်္ဂလားအော်ကိုဖြတ်ပြီး သင်္ဘောကြီးဖြင့်ကြွခဲ့ကြောင်း အပြန်တွင် မော်တင်စွန်း၌ သင်္ဘောပျက်ကြောင်း ရာဇဝင်၌ အဆိုရှိပေသည်။

ပင်လယ်ရပ်ခြား ခရီးသွားများတည်းခိုနိုင်ရန် ဇရပ်များ ဆောက်လုပ်ထားကြောင်း အဆိုရှိခဲ့ပေသည်။

ဝေသာလီခေတ်ဝယ် ဤမျှအထိ ပင်လယ်ရပ်ခြား နိုင်ငံခြားသားများနှင့် ကုန်ကူးသန်းရောင်းဝယ် ကူးလူးဆက်သွယ်ခြင်းတိုးတက်ခဲ့ကာ ပင်လယ်ရေကြောင်းခရီးသွားလာခြင်း ထွန်းကားခဲ့ပေသည်။ ပင်လယ်ရေကြောင်းသွားလာရေးဝယ် နိုင်ငံခြားသားများနှင့် ရခိုင်များပါ သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခဲ့ကြပေသည်။ သို့သော် သယ်ယူပို့ဆောင်သောယာဉ်မှာ ခေတ်ဟောင်းနှင့်လျော်ညီစွာ ရွက်သင်္ဘောများသာဖြစ်ပေသည်။

ဝေသာလီခေတ် ပြည်ပကုန်ကူးသန်းဆက်သွယ်ရေး ထွန်းကားခဲ့ပေသည်။ ပြည်ပကူးသန်းရောင်းဝယ်ရေးရှိသည်နှင့် ဈေးကွက်ရှိမည်မှာ အမှန်ပင်။ ထိုခေတ် ဝေသာလီမြို့တော်မှာ ဈေးကွက်အဖြစ် ထွန်းကားခဲ့၏။ ဝေသာလီမြို့တော်သာမဟုတ် တစ်ရပ်နှင့်တစ်ရပ် တစ်ရွာနှင့်တစ်ရွာ အသွားအလာ လွယ်ကူသောနေရာ

ဒေသများ၌ ခုနစ်ရက်တစ်ကြိမ်၊ လခွဲတစ်ကြိမ်၊ တစ်လတစ်ကြိမ်စသည်ဖြင့် ဈေးကွက်များရှိကြပေသည်။ ဤသို့ဈေးကွက်များရှိသည်နှင့် သယ်ယူပို့ဆောင်ရေးမှာ ထွန်းကားမည်ပင်၊ အရေးပါလာသည်ပင်။ ဈေးကွက်ရှိရာဒေသသို့ မိမိထုတ်လုပ်သောကုန်ပစ္စည်းများကို ဖလှယ်ယူကြရာ၊ ၎င်းပစ္စည်းများကို ထုတ်လုပ်ရာဒေသမှ သယ်ယူလာရပေသည်။ သို့နှင့် ဝေသာလီခေတ် ပြည်တွင်းသယ်ယူပို့ဆောင်ရေးမှာ ရှိမည်ပင်။ ပြည်တွင်းသယ်ယူပို့ဆောင်ရေးအတွက် ဝေသာလီခေတ်တွင် လမ်းမလမ်းကျယ်များ၊ တံတားပေါင်းကူးများကို ဆောက်လုပ်ကြောင်း ရာဇဝင်သုတေသီများက ဆိုထားပေသည်။ သို့နှင့် ဝေသာလီခေတ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှာ ထွန်းကားခဲ့မည်ပင်။ သယ်ယူပို့ဆောင်ရေးခရီးတွင် ဆင်ယာဉ်၊ မြင်းယာဉ်၊ ကျွဲ၊နွားယာဉ်များကို အသုံးပြုခဲ့ကြကြောင်း ရာဇဝင်အထောက်အထားများ ရှိပေသည်။

သို့နှင့် ဝေသာလီခေတ်တွင် စီးပွားရေးစနစ်ထွန်းကားခဲ့ကာ သယ်ယူပို့ဆောင်ရေး တိုးတက်ထွန်းကားခဲ့ပေသည်။ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်ရာတွင် ရေကြောင်းခရီးဖြစ်သော ပင်လယ်သွားခရီးစဉ်ကို အသုံးပြုခဲ့ပြီး ပြည်တွင်း၌ကား တိရစ္ဆာန်အင်အားဖြစ်သော ဆင်ယာဉ်၊ မြင်းယာဉ်၊ ကျွဲနွားယာဉ်များကို အသုံးပြုကာ ကုန်းလမ်းခရီးစဉ်ကို အားထားခဲ့ပေသည်။

၎င်းပြင် ခရီးသွားတည်းခိုရာ ဇရပ်များဆောက်လုပ်ခဲ့ကြောင်း ရာဇဝင်အထောက်အထားများတွေ့၍ သယ်ယူပို့ဆောင်ရေးစနစ် တိုးတက်ခဲ့ကြောင်း ပြောဆိုနိုင်ပေသည်။

တဖန် မြောက်ဦးခေတ်(မြို့ဟောင်း)ကို ပြန်လည်ဆန်းစစ်ကြည့်ကြပါစို့။ မြောက်ဦးခေတ်တွင် အနောက်တိုင်း ဥရောပတိုက်သားများဖြစ်သော ဒတ်(ချ) ပေါ်တူဂီ ဗရင်ဂျီလူမျိုးတို့သည် ကမ္ဘာအနှံ့အပြား ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းအလုပ်ကို ဆောင်ရွက်လျက်ရှိပေပြီ။ ဤသို့ ကမ္ဘာအနှံ့သွားလာရောင်းဝယ်ဖောက်ကားသော ဒတ်(ချ်)၊ စပိန်၊ ပေါ်တူဂီလူမျိုးများသည် အရှေ့တိုင်း ပင်လယ်ဆိပ်ကမ်းမြို့များ တိုင်းပြည်များသို့ရောက်ရှိလာကာ ကုန်ကူးသန်းသွားလာခြင်းများရှိ၏။ သို့နှင့် ဒတ်(ချ်)၊ ပေါ်တူဂီ၊ စပိန်လူမျိုးများသည် အရှေ့တိုင်း ပင်လယ်ဆိပ်ကမ်းတိုင်းပြည်ဖြစ်သည့် ရခိုင်တိုင်းသို့ ပင်လယ်လမ်းခရီးဖြင့် ကုန်စည်ကူးသန်း ရောင်းဝယ်ဖောက်ကားရန် ရောက်ရှိလာကြပေသည်။ ဤသို့ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းရှိသည်နှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ ဆောင်ရွက်လျက်ရှိမည်ပင်။ မြောက်ဦးခေတ်တွင် ရှေးရခိုင် နှောင်းခေတ်များကဲ့သို့ ဘင်္ဂလားပင်လယ်အော်အနီး အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများနှင့် ကုန်စည်

ကူးသန်းသွားလာသည်သာမဟုတ် အနောက်တိုင်း စပိန်၊ ပေါ်တူဂီ ဒတ်(ချ်)လူမျိုးများနှင့်ပါ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းရှိရာ အနောက်တိုင်းဆီမှ ပင်လယ်ရေလမ်းခရီးဖြင့် ဆက်သွယ်လျက်ရှိပေသည်။ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးရှိသည်ပင်ဖြစ်၏။ သို့သော် ပင်လယ်ရေလမ်းခရီးအား နိုင်ငံခြားသားများက ပိုင်သည်၊ တိုင်းရင်းသားများက ပိုင်သည်သာ ကွဲသွားပေမည်။ ပင်လယ် ရေလမ်းများရှိသည်ပင်။ ထိုမြောက်ဦးခေတ်တွင် ပင်လယ်ရေလမ်းဖြင့်သယ်ယူသော ပစ္စည်းများမှာ အဓိကအားဖြင့် ဆန်စပါး၊ သစ်နှင့်ငွေများ ဖြစ်ကြပေသည်။ ဤမျှအထိ မြောက်ဦးခေတ်တွင် ပင်လယ်ရေလမ်းသယ်ယူပို့ဆောင် ရေးတိုးတက်ခဲ့ပေသည်။ နိုင်ငံခြားနှင့် ဆက်သွယ်မှုထွန်းကားခဲ့၏။

ပြည်ပနှင့်ဆက်သွယ်ခြင်း၊ ကုန်စည်ကူးသန်းသွားလာခြင်း တိုးတက်သည်နှင့် ပြည်တွင်းကုန်စည် ကူးသန်းသွားလာခြင်းမှာလည်း တိုးတက်မည်ပင်။ အနောက်နိုင်ငံများအထိ ပစ္စည်းများတင်ပို့ရာ၊ ထိုပစ္စည်းများ သင်္ဘောဆိပ်မြို့များ ရောက်ရှိလာသည့်တိုင် ရခိုင်နေရာအနှံ့မှ ကုန်ပစ္စည်းများကို သယ်ယူလာရမည်။ ပြည်တွင်းတွင် ကုန်သည်အချင်းချင်း တဆင့်ပြီးတဆင့် ရောင်းဝယ်ဖောက်ကားခြင်း ရှိခဲ့ရပေမည်။ သို့မှသာ ရခိုင်အနှံ့မှ ကုန်ပစ္စည်းများ၊ သင်္ဘောဆိပ်မြို့သို့ ရောက်လာမည်ပင်။ နိုင်ငံခြားသားများနှင့် ကုန်စည်ဖလှယ်ခြင်း ပြုလုပ်နိုင်မည်ပင် ဖြစ်သည်။ ဤကဲ့သို့ ကုန်စည်ရောင်းဝယ်ဖောက်ကားခြင်း ထွန်းကားခဲ့ရာ ပြည်တွင်းသယ်ယူပို့ဆောင်ရေးမှာလည်း ရှိခဲ့မည်ပင်။ ထိုခေတ်ထိုအချိန်တွင် ကမ္ဘာအနှံ့အပြား စက်မှုမထွန်းကားသည့်နေရာဖြစ်ရာ ထိုအချိန်တွင်ကား ကုန်းလမ်းအားဖြင့် တောလမ်းခရီးများကိုဖြတ်ပြီး ဆင်ယာဉ်၊ မြင်းယာဉ် ကျွဲ၊နွားယာဉ်များဖြင့် သွားလာခြင်း ပြုလုပ်ကြပေမည်။ ရေလမ်းအားဖြင့်လည်း ရွက်လှေငယ်များကို အသုံးပြုကာ ရှိကောင်းရှိနိုင်၏။

ရခိုင်ပဒေသရာဇ်ဘုရင်များ အုပ်စိုးစဉ်ဝယ် ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦး သုံးခေတ်တွင်ကား ပြည်ပနိုင်ငံများနှင့် ကုန်စည်ဖလှယ်ကူးသန်းခြင်း ထွန်းကားခဲ့ပေသည်။ ကူးသန်းရောင်းဝယ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေးတွဲလျက်ရှိရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ထွန်းကားခဲ့သည်ဟု ဆိုရပေမည်။ ရခိုင်တွင် ပဒေသရာဇ်ဘုရင်စနစ်အောက်၌ ဤခေတ်(၃)ခေတ်သာမဟုတ် တခြား လေးမြို့ခေတ်၊ လောင်းကြက်ခေတ် စသည်ဖြင့် ခေတ်အသီးသီးရှိကြပေသည်။ ဤခေတ်များတွင်လည်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်ဖလှယ် ကူးသန်းသွားလာခြင်း ရှိကြလိမ့်မည်ဟု ယူဆရသည်ပင်။ ရှေးနှောင်းခေတ် ဓညဝတီ၊ ဝေသာလီမှစပြီး ကုန်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းကို နိုင်ငံခြားသားများနှင့် ဆက်သွယ်လုပ်ကိုင်ခဲ့

ရာ ရောင်းဝယ်ခြင်းစနစ် တည်ရှိပြီးဖြစ်သည်။ ရခိုင်သူရခိုင်သားများ နားလည်ပြီး ဖြစ်၏။ ထိုစနစ်သည် နောက်ဆုံးမြောက်ဦးခေတ်တွင်လည်း ကုန်စည်ရောင်း ဝယ်ဖောက်ကားခြင်းစနစ် ထွန်းကားလျက်ရှိရာ အခြားခေတ်များတွင် နိုင်ငံခြား တိုင်းပြည်များနှင့် ကုန်စည်ဖလှယ် ရောင်းဝယ်ခြင်းမရှိဆိုသော်လည်း ပြည်တွင်း ကုန် ကူးသန်းရောင်းဝယ်ခြင်းစနစ် ထွန်းကားလျက်ရှိကြလိမ့်မည်။ သို့နှင့် တခြား ခေတ်များတွင်လည်း ကုန်ကူးသန်းရောင်းဝယ်ခြင်းစနစ်နှင့်တွဲနေသော သယ်ယူ ပို့ဆောင်ရေးမှာ ရှိကြပေလိမ့်မည်။

ရှေးပဒေသရာဇ်အုပ်စိုးစဉ် စနစ်အောက်ဝယ်၊ ပြည်တွင်းသယ်ယူပို့ဆောင် ရေး၌ ဆင်ယာဉ်၊ မြင်းယာဉ်၊ ကျွဲ၊ နွားယာဉ်များကို အသုံးပြုသော ကုန်းလမ်း သယ်ယူပို့ဆောင်ရေးကို သုံးခဲ့သည်ဟု သိရှိရ၏။ သို့သော် ရခိုင်ပြည်နယ် နယ် နမိတ်ကို ကြည့်ကြပါစို့။ အနောက်ဘက် ဘင်္ဂလားပင်လယ်အရှေ့ဘက်နှင့် မြောက် ဘက်တွင် ရိုးမတောင်ခြေတို့နှင့် ဘောင်ခတ်ထားပေသည်။ ကမ်းရိုးတန်းမှာလည်း ကျယ်ပြန့်သည်ဟု မပြောပလောက်ပေ။ သို့နှင့် မြစ်ချောင်းပေါါများမည်ပင်။ သို့နှင့် လှေသမ္ဘာန်များကိုအသုံးပြုကာ မြစ်ကြောင်းရေလမ်းခရီးကိုလည်း အသုံးပြုခဲ့ကြ လိမ့်မည်။ ဝေသာလီခေတ်တွင် ရခိုင်ဗျည်း(၃၃)လုံးကို လှေလှော်သံ စပ်ဆိုခဲ့ပေ သည်။ ၎င်းပြင် တချို့ရာဇဝင်ဆရာများက ရခိုင်ဘုရင်ခေတ်တွင် ရေတပ်အင်အား ကောင်းသည်ဟု အဆိုရှိကြသည်။ ဤသည်များကို ထောက်ထားခြင်းအားဖြင့် ရခိုင်ဘုရင်ခေတ် ရခိုင်များသည် ရေလမ်းခရီးကို အသုံးများပြီး ရေလမ်းခရီး၌ ကျွမ်းကျင်လိမ့်မည်ဟု ယူဆရပေသည်။

ပဒေသရာဇ်ခေတ် ရခိုင်တွင် တိုင်းတပါးနိုင်ငံခြားသားများနှင့် ပင်လယ်ရေ လမ်းခရီးဖြင့်ဆက်သွယ်ကာ ကုန်ကူးသန်းသွားလာကြပြီး ပြည်တွင်းတွင်လည်း ကုန်းလမ်းရေလမ်းခရီးဖြင့် ကူးသန်းသွားလာသယ်ယူကြပေသည်။ ဤကဲ့သို့ သယ်ယူပို့ဆောင်ခြင်းရှိခြင်းဖြင့် နိုင်ငံအချင်းချင်း ကူးလူးဆက်ဆံခြင်းရှိခြင်းဖြင့် နိုင်ငံအချင်းချင်း ချစ်ခင်လေးစားလာကြပေသည်။ မဟာမိတ်ဖွဲ့လာကြပေသည်။ ပြည်တွင်းတွင်လည်း ပြည်သူပြည်သားအချင်းချင်း ဒေသတစ်ခု၏ ဓလေ့ကိုသိလာ ကြကာ ခင်မင်လေးစားလာကြပေသည်။ စုစည်းညီညာလာကြပေသည်။ ဤသို့ စုစည်းညီညာ မဟာမိတ်ဖွဲ့သည်သာမက အသိပညာ၊ လူမှုရေးအဆင့်အတန်းမှာ လည်း တိုးတက်လာပေသည်။ နိုင်ငံအချင်းချင်း နေရာဒေသတစ်ခုနှင့်တစ်ခု ကူး သန်းသွားလာနေခြင်းဖြင့် အသိပညာ ဖလှယ်လာကြပေသည်။ ဗဟုသုတ ကြွယ်ဝ လာ၍ လူနေထိုင်မှုအတွက် တီထွင်မှုများ စုစည်းတည်ဆောက်လာကြပေသည်။ လူနေထိုင်မှုတွင် တွေ့ရှိလာသောအခက်အခဲများကို စုစည်းဖြေရှင်းလာကြ၏။

စီးပွားရေးစနစ်တွင် ဖလှယ်မှု၌တွေ့ရှိခဲ့သော အခက်အခဲကိုပင် ဖြေရှင်းလာခဲ့ပေသည်။ လူနေထိုင်မှုတွင် ငွေကြေးကိုပင် သုံးစွဲတတ်လာကြပေသည်။ လူယဉ်ကျေးမှုတွင် မကောင်းသည်ကိုစွန့်၊ အကောင်းကိုလက်ခံကာ မွန်မြတ်နယဉ်သော ဗုဒ္ဓဘာသာ လွှမ်းမိုးလာသည်။ စာပေများကို အသုံးပြုတတ်လာပေသည်။ ဤသာမကစီးပွားရေးမှာလည်း ကြွယ်ဝချမ်းသာကြ၏။ အလုပ်ခွဲဝေလုပ်ကိုင်မှုကို နားလည်ခဲ့ကြသည်ပင်။

ရှေးပဒေသရာဇ်ခေတ် ရခိုင်သယ်ယူပို့ဆောင်ရေးသည် ထိုခေတ် ထိုအချိန်အခါရှိ ကမ္ဘာ့သယ်ယူပို့ဆောင်ရေးစနစ်ကိုမှီသည်ဟု ဆိုရပေမည်။ ထိုခေတ်ထိုအချိန်အခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးများသည် အိမ်နီးချင်းနိုင်ငံများသို့ သယ်ယူပို့ဆောင်ခြင်းများရှိ၏။ ရခိုင်သည်လည်း အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံများနှင့် ကူးလူးဆက်ဆံခြင်းများ ရှိကြပေသည်။ ထိုအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကုန်သည်ခရီးသည်များသည် သယ်ယူပို့ဆောင်ရန် ကုန်းလမ်းတွင် တိရိစ္ဆာန်အင်အားကို အသုံးပြုပေသည်။

ရေလမ်းတွင်ကား လှေသမ္ဗာန်များပင်။ လှေသမ္ဗာန်များတည်ဆောက်သောပုံစံသာကွဲသွားသည်။ သို့သော် စက်အားကို အသုံးမပြု၊ လူအား၊ရေအားသာ အသုံးပြုကြ၏။ ထို့အတူပင် ရခိုင်တွင်လည်း ပင်လယ်ရေလမ်းတွင် ရွက်သင်္ဘောများကိုအသုံးပြုကာ မြစ်ချောင်းများ၌ လူအား၊ လေအားကို အသုံးပြုသည်။ ကုန်းလမ်းတွင်ကား ဆင်ယာဉ်၊ မြင်းယာဉ်စသော တိရိစ္ဆာန်အင်အားပင် ဖြစ်ပေသည်။

ရှေးပဒေသရာဇ်ခေတ် ရခိုင်ပြည်နယ်သည် နိုင်ငံခြားများသို့ ပင်လယ်ရေလမ်းခရီးဖြင့် သယ်ယူပို့ဆောင်ပြီး ပြည်တွင်းတွင် ကုန်းလမ်းရေလမ်း ခရီးများကိုပါအသုံးပြုသည်ကို တွေ့ရှိရ၏။ ကုန်းလမ်းခရီးကိုသုံးခြင်းဖြင့် သယ်ယူပို့ဆောင်ရေးတွင် ပိုမိုလျင်မြန်သည်ပင်။ ခရီးစဉ်၌ ပိုတွင်ကျယ်၏။ သို့နှင့် ရှေးပဒေသရာဇ်ခေတ်ရခိုင်တိုင်းသယ်ယူပို့ဆောင်ရေးသည် ထိုခေတ်ကမ္ဘာ့နိုင်ငံများနှင့် နည်းတူရှိပြီး ယဉ်ကျေးမှု၊ လူနေမှု စီးပွားရေး တိုးတက်ထွန်းကားခဲ့ပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက သိရှိခဲ့ကြပြီး သယ်ယူပို့ဆောင်ရေး ထွန်းကားခဲ့သည်ဟု ဆိုရမည်တည်း။

**အထွန်း**

# ရခိုင်လက်ရာစာပေများ

အကျွန်ုပ်တို့၏ ရခိုင်လက်ရာစာပေများကို ရှိလေမှန်းပင်မသိကြဘဲ သူတစ်ပါး လူမျိုးခြားတို့၏ စာပေအရေးအသားများကိုသာ အမွန်းတင်ကာနေခဲ့ကြသဖြင့် ရခိုင်လက်ရာစာပေများသည် ပျောက်ကွယ်မှန်းမသိ ပျောက်ကွယ်သွားခဲ့ပေသည်။ သို့ကြောင့် ရခိုင်စာပေမူဟောင်းများကို ပြန်လည်မွမ်းမံပြီး စက်တင်ပုံနှိပ်ရန် အချိန်အခါသို့ရောက်ပြီဖြစ်သဖြင့် အောက်ပါ ရခိုင်လက်ရာစာပေများကို ရခိုင်ရဟန်းတော်များနှင့် ရခိုင်လူထုများအား တင်ဆက်လိုက်ရပါတော့သည်။

ယခုရေးလတ္တံ့သော စာမူဟောင်းများသည် ပေမူထဲမှာပင်ရှိပါသေးသည်။ ထိုစာမူများမှာ အခြားမဟုတ်၊ မဟောသဓါလင်္ကာကျမ်းကြီးပင် ဖြစ်ပါသည်။ ထိုပေစာမှာ (၁၅)အင်္ဂါကျော်မျှရှိပါသည်။ ထိုစာပေကျမ်းကြီးသည် နှစ်ပေါင်း(၁၀၀) ကျော် (၂၀၀)နီးပါးခန့်ရှိပြီဟု ခန့်မှန်းရပေသည်။ ထိုစာရေးခဲ့သူမှာ ဧည၀တီရခိုင်သားဇာတိဖြစ်ပြီး ယခုကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွှေကင်းဘုံရွာနေ ရဟန်းလူထွက် ရဟန်းဘွဲ့ခံ ဦး၀(ထိုဆရာရေးသားသော သူ၏အတ္ထုပ္ပတ္တိကို နောက်မှ ရေးသားဖော်ပြအံ့)ဖြစ်သည်။ ထိုဆရာ၏အမည်ကိုကား တတ်အပ်သေချာမသိရသော်လည်း ‘ကင်းဆရာ’ဟု အခေါ်များကြသည်။ ထိုဆရာရေးသားသော မဟောသဓါလင်္ကာကျမ်းမှာ သူတိရသ၊ သိင်္ဂါရ ရသစသော အလင်္ကာရ,ရသများဖြင့် ပြည့်နှက်လျက်ရှိ၏။ ဇာတ်တော်ကြီးတခုလုံးကို လေးနက်သော စကားလုံးများပါသော လင်္ကာများဖြင့် ဖွဲ့နွဲ့နိုင်သဖြင့်လည်း ချီးကျူးထိုက်ပေသည်။ ပါဠိ၊ ပေါရာဏ၊ ရခိုင်စကားများဖြင့် တန်ဆာဆင်ထားသဖြင့်လည်းကောင်း၊ လင်္ကာအစပ်အဟပ်များ မမှားယွင်းစေရဘဲ အချီအချညီအောင် သီကုံးထားနိုင်သဖြင့်လည်းကောင်း စာပေ၀င်ပြီး ပြောင်မြောက်လှပေသည်ဟု ဆိုရပါတော့သည်။

ယင်းဆရာကြီးရေးသားခဲ့သော မဟောသဓါလင်္ကာကျမ်းကြီးကို နိုင်ငံတော်အစိုးရတို့၏ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ ကောလိပ်ကျောင်းများတွင် ကျောင်းသုံးအဖြစ်ပြဋ္ဌာန်းရန် အထူးသင့်လျော်မည်ဟု ယူဆပါသည်။

မဟောသဓါလင်္ကာကျမ်းကြီး၏နိဒါန်းနှင့် ပဏာမတွင်

*'မဟာမင်္ဂလာ၊ ခြောက်ရောင်ဖြာသား၊ သမ္မာသမ္ဗုဒ္ဓစိန္တေယျတု၊ လောကစက္ခု၊ သဗ္ဗေညုနှင့်၊ ကျေးဇူးအနန္တ၊ သုံးလူဘတို့၊ ဓမ္မဆယ်ထွေ၊ သီတာရေသို့၊ ပျောက်ပြေညစ်ထေး၊ ဆေးကြောပေး သား၊ ကင်းဝေးရမ္မက်၊ ဝဋ်မှထွက်၍၊ ဖိုလ်မဂ်ဝင်းဝါ၊ အရိယာဟု၊ သံဃာလေးစုံ၊ သုံးပါးဘုံတွင်၊ အာရုံအထွဋ်၊ မြတ်ထက်မြတ်သည်၊ လူနတ်ကိုးရာ၊ ကျွန်းဒီပါသို့၊ ရတနာသုံးဆိုင်၊ ပန်းသုံးခိုင်ကို၊ ကြိုင်ကြိုင်ထိပ်ပြင်၊ အပြည့်ဆင်၍၊ လည်တွင်သုံးသွယ်၊ နေနယ်တောက်ပ၊ ဗုဒ္ဓဓမ္မာ၊ သံဃာပုတီး၊ ဂုဏ်တော်ကြီးကို၊ ညီးညီးရောင်ဖြိုး၊ ထီးသို့မိုး၍၊ တန်ခိုးတေဇော်၊ ဂုဏ်နဘော်ကြောင့်၊ ဂုဏ်တော်တန်ခိုး၊ မီးဟိန်ထိုးက၊ အဆိုးအကောင်း၊ ဘေးရန်ပေါင်းလျှင်၊ များမြောင်သောနယ်၊ ပျောက်ပျက်ကွယ်လျက်၊ ကိုးဆယ့်ခြောက်ဖြာ၊ ဝေဒနာလည်း၊ ကွာစေရှင်းရှင်း၊ ခပင်းချမ်းသာ၊ ဥာဏ်ပညာကား၊ ရှာစေဖြိုးဖြိုး၊ သီတာမိုဃ်းသို့'*

ဤသို့ အစရှိသည်ဖြင့် ရေးသားစီကုံးထားပါသည်။

အဓိပ္ပါယ်မှာ 'ကြီးကျယ်မြင့်မြတ်သော မင်္ဂလာအပေါင်းတို့နှင့် လည်းကောင်း၊ ရောင်ခြည်တော်ခြောက်သွယ်နှင့်လည်းကောင်း၊ ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ၊ အစိန္တေယျ၊ လောကစက္ခု၊ သဗ္ဗေညုသခင်ဖြစ်တော်မူသော ကျေးဇူးတော်အနန္တနှင့် ပြည်စုံတော်မူသော မြတ်စွာဘုရားအရှင်ကိုလည်းကောင်း အနောတတ်အိုင်ရှိ သီတာရေကဲ့သို့ အေးမြကြည်လင်တော်မူသော ကိလေသာ အညစ်အကြေးကို ဆေးကြောသုတ်သင်နိုင်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ ကိလေသာညစ်ကြေး၊ ကင်းဝေးစင်ကြယ်တော်မူသော ဝဋ်သုံးပါးမှထွက်မြောက်၍ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလ်ဋ္ဌာန် လေးယောက်ဖြစ်တော်မူကြသော အရိယာစစ်ရဟန္တာအရှင်မြတ်တို့ကိုလည်းကောင်း၊ ကျွန်ုပ်၏စိတ်အာရုံထဲတွင် အထွဋ်အမြတ်ထား၍ ရှိခိုးပါ၏။ မြတ်နိုးပူဇော်ပါ၏။ လူနတ်ဗြဟ္မာ သတ္တဝါသုံးဦးတို့၏ ကိုးကွယ်မှီခိုရာ ကျွန်းကြီးကဲ့သို့ ဖြစ်တော်မူသော အမွေးအထုံအပေါင်းဟု ဆိုအပ်သော နေမင်းရောင်ခြည်ကဲ့သို့ တောက်ပတော်မူကုန်သော ဗုဒ္ဓ၊ဓမ္မာ၊သံဃာဟု ဆိုအပ်သော ပုတီးကုံးသွယ်တို့ကိုပင်လျှင် အကျွန်ုပ်လည်ပင်းဝယ် လည်ဆွဲပမာဆွဲ၍ ဆင်ယင်ပါ၏'ဟူ၍ ပဏာမချီထားပါသည်။ တဖန်တုံလည်း ရတနာသုံးပါး

တည်းဟူသော ထီးကိုမိုး၍လည်း ဆောင်းထားပါသေး၏။

*'ဤသို့ ရတနာသုံးပါးတို့အား ရှိသေမြတ်နိုး ရှိခိုးပူဇော်ရသောကောင်းမှုကြောင့် အဆိုးအကောင်းဘေးရန်တို့သည် (ဝါ)ပျံထွက်သွားသော ဘေးအန္တရာယ်တို့သည်လည်း ပျောက်ပျက်ပါစေကုန်သတည်း။ ကိုးဆယ့်ခြောက်ဖြာသော ရောဂါဝေဒနာတို့သည်လည်း ရှင်းရှင်းလင်းလင်းကြီး ကွာစေကင်းစေသည် ဖြစ်ပါစေသတည်း။ အလုံးစုံကုန်သော သတ္တဝါတို့သည်လည်း ကျန်းမာချမ်းသာကြပါစေကုန်သတည်း။ အကျွန်ုပ်၏ ဉာဏ်ပညာသည်လည်း အေးမြလှစွာသော သီတာမိုးရေကဲ့သို့ သွန်းဖြိုးရွာသွန်းကာ ပွင့်လန်းပါစေသတည်း'*ဟူ၍ပင် ပဏာမအာသီသဖြင့် စေတနာကောင်းအရင်းထားကာ စီကုံးရေးသားထားသည်ကို တွေ့ရှိရပါသည်။ တဖန်တုံ

> *'ခပည်းများစွာ၊ ရှေ့ဆရာတို့ လင်္ကာဟောစာပြုခဲ့ပါသည်၊ များစွာသီးသီး၊ ဟိတုံပြီးလည်း၊ ဆီမီးတန်ဆောင်တိုးပွားထောင်က၊ ထိုးပြောင်သောနယ်၊ မြစ်ပင်လယ်သို့၊ ကြီးကျယ်ပြန့်ပြော၊ ဘုရားသာသနာ၊ တည်စိမ့်ငှာလျှင်၊ သဒ္ဒါရှေ့ရော်၊ ပညာကျော်သည်၊ မဟော်အလောင်း၊ ဇာတ်တော်ဟောင်းကို၊ သံညောင်းသာယာ၊ အလင်္ကာဖြင့်၊ သိပါသောလျှောက်၊ တင်နင့်ထောက်၍၊ ချီးမြှောက်ထောပနာ၊ ပြည်ညောတွင်၊ ဘတ်စာတစောင်၊ လုပ်အံ့ဆောင်သည်၊ အောင်စေသတည်း၊ မကျဉ်းမကျယ်၊ အဓိပ္ပါယ်ကို၊ သိလွယ်သာရုံ၊ ပြားလက်တုံသည်၊ ပြည့်စုံပါစေမကြာတည်း'*

'များစွာသော ရှေးရှေးသောရခိုင်စာရေးဆရာတို့သည် လင်္ကာဟောစာများရေးသားစီကုံးခဲ့ကြသည်များရှိကြပါ၏။ သို့ပင်များကြီး၊ ဟိကြပြီးလည်း၊ ဆီမီးဟူသည်မှာ တိုးပွားပြီးထွန်းညှိလေ ပိုပြီးလင်းလေသာလျှင် ဖြစ်ဘိသကဲ့သို့၊ သမုဒ္ဒရာမြစ်ပင်လယ်ကဲ့သို့ပင် ကြီးကျယ်ပြန့်ပြေးစွာသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်သည် ထိုထိုအရပ်ဒေသတို့သို့ ပျံ့နှံ့ကြီးပွားစေခြင်းငှာသာလျှင် သဒ္ဒါတရားရှေ့ရှုထားသည်ဖြစ်ပါ၍ ပညာကျော်သည့် မဟောသဓါ ဇာတ်တော်ဟောင်းကို သံညောင်းသာယာစွာသော လင်္ကာကဗျာ၊ တန်ဆာစကားဖြင့် မိမိသိသလောက်အားအင်ကိုထောက်၍ ချီးမွမ်းဖွင့်ဆိုပါမည်။ ဤလင်္ကာစာပေသည် ညောဝတီ ရွှေခိုင်တိုင်းကြီးဝယ် ဘတ်စာတစောင်အဖြစ် လုပ်ဆောင်ထားနိုင်ကြပါကုန်သတည်း။ မကျဉ်းမကျယ်ဘဲ အဓိပ္ပါယ်ကို သိသာလွယ်ရုံပန်ကြားပါအံ့။ အလုံးစုံ စိတ်ကြံစည်တိုင်း၊ ချက်ချင်းမကြာ ပြည့်စုံပါစေသတည်း' ဟူ၍ပင်ဖြစ်ပါသည်။

မဟောလင်္ကာ၊ ပေမူ–ကီ–ချပ်၊ ဝမ်းဘက်တွင်လည်း 'ဗောဓိသယမ္ဘူ၊ ဘုရားဟူသား'ချီသောလင်္ကာ၌

*'ကောင်းကင်မြေရှိ၊ ပညာဟိသည်၊ ဗောဓိလူ့ထွဋ်၊ မဟော်ဇာတ်ကို၊ လူနတ်လူ*

*တို့ဆောင်၊ နှစ်ငါးထောင်လျှင်၊ ပြောင်ပြောင်ထွန်းကြောင်း၊ ဟောခဲ့ရှောင်းသည်၊ သံညောင်းရှစ်ဦး အင်္ဂါတည်း'*

ဤလင်္ကာ၌ 'ပညာပဟိ'ဟူ၍ ရခိုင်သားဇာတိ ပီပီသသ သရုပ်ဖော်ကာရေးသားထားသည်မှာ ဇာတိဂုဏ်မပျက် အမျိုးမက်သော ကင်းဆရာကြီးအား ချီးကျူးစရာကောင်းလှပါ၏။ ထိုလင်္ကာ၏ဆိုလိုရင်းမှာ 'အသံတော်အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်သည် သာသနာတော်နှစ် ငါးထောင်ပတ်လုံး တည်ထောင်စိမ့်သောငှာ ဤမဟောသဓာဇာတ်တော်ကြီးကို ဟောထားတော်မူခဲ့ကြောင်းကို အပိုမပါ ဗလာမဟိစေဘဲ ထိမိအောင်ရေးသားနိုင်ခဲ့သဖြင့်လည်း ရခိုင်စာပေ၏ ဂုဏ်ကိုဖော်ထုတ်ခဲ့သော ကင်းဆရာကြီးကို တမျိုးအားဖြင့် ကျေးဇူးတင်ရပါတော့သည်။

၎င်းပေမူ –ကိ–ချပ်ကျောဘက်တွင်ပင်– 'နတ်လူဆရာ၊ ဘဂဝါဟု၊ ဗုဒ္ဓါတုဏ်၊ ဆိတ်သည်တိသော်'စသည်ဖြင့် ချီသောလင်္ကာ၌လည်း

*'မိမိလာကို၊ အာဏာနိမ်နင်း၊ စိုးသည်မင်းကား၊ မင်းကျင့်တရား၊ ဆယ်ပါးမွေ့လျော်။ ဝိဒေတော်ဟု၊ တေဇော်နေတူ၊ ကာထီးဖြူနှင့်၊ လူလူလွလွ၊ စိုးစံပသည်၊ ရာဇဆရာ၊ ကြော်ငြာဟိန်းဟိန်း၊ သိန်းနှင့်ပကုသ်၊ သမုတ်ကာမိန်၊ ဒေဝိန်ခေါ်တွင်၊ လေးအင်အမတ်၊ လောကဝတ်ဖြင့်၊ တတ်မြတ်လိမ္မာ၊ ပြည့်ရွာထောင်ရေး၊ ဆုမ္မပေးသည်။ ညွတ်ကွေးစာရင်း မကွာတည်း'*

ဟူ၍ စပ်ဆိုထားသည်မှာ တိကျပြတ်သား၍ ဇေ့စုံလှပါသည်။

တဖန် ပေမူ –ကု–ချပ်၊ ဝမ်းဘက်၌လည်း

*'သားလှဘုန်းဟိ၊ ဆေးသီရိကား၊ မီးသို့တေဇော်၊ ဟိသင့်လျှော်ဟု၊ ထိပ်ပေါ်ဉဂ္ဂင်၊ တဆိတ်တင်မူ၊ ကြာတွင်ရေလျှော၊ သန့်စင်ချောက၊ နဘော်မဟာ၊ သြကြီးစွာဟု၊ ကြေငြာထက်ဝမ်း၊ ထင်ရှားလွန်းလျက်၊ ရဟန်းရှင်လူ၊ ခပ်သိမ်းသူအား၊ တောင်းယူကြွလာ၊ တဆိတ်စာဖြင့်၊ ချမ်းသာကြလေ၊ လောင်းဗုဒ္ဓေကို၊ နာမေနာမ၊ မေးကာလည်၌၊ မွေးဘသူဌေး၊ ပညာရေးဖြင့်၊ ဘိုးဘေးဇူဇာ၊ မည်သညာဖြင့်၊ မရာငါ့သား၊ အများခပဲ့၊ ဆေးကိုစွဲ၍၊ ကျော်သဲထိမ့်ဆူ၊ မဟောယူလျက်၊ ကမ္ဘူဝမ်းဗွေ၊ တွင်ပါစေဟု၊ ကွမ်းရေလဘက်၊ ပေးကမ်းဆက်၍၊ မိပွက်ဘဘွဲ့၊ ဖွဲ့သည်နေ့က၊ စ၍မဟော်၊ သဓာကျော်သည်၊ ဥပ်အော်လူနတ် တို့ရွာတည်း'*

ဟူ၍ စီကုံးထားသည်မှာလည်း ရခိုင်စာပေသံ ပါလှပါသည်။ ၎င်း–ကု–

ချပ်၌ပင် 'ဥက္ကောဒနာ၊ လူနတ်ရွာ၌၊ ကြော်ငြာနှင့်ထင်၊ သားရွှေစင်ကို' အစချီသော လင်္ကာ၌လည်း

*'ဦးဂေါင်းဆံရိပ်၊ ဘိသိက်နားထွင်း၊ ခပင်းမင်္ဂလာ၊ အရာရာကို၊ မကွာအတူ၊ မူကြွစုဆောင်း၊ ဘုရားလောင်းအား၊ အပေါင်းရွှေသို့၊ သူငယ်တို့အား၊ ပြိုင်ပြိုင်ရဲရဲ၊ လည်ဆွဲဘယက်၊ လက်လက်ရောင်ထင်၊ တန်ဆာဆင်၍၊ ပြုပြင်ထိန်းရ၊ ဆောင်ရခြံရံ၊ လောင်းတော်ထံသို့၊ ကြွကြွသဲသဲ၊ လျှောင်လွှဲလျက်(အေးယဉ်လွှဲလျက်)၊ အမြဲပျော်ပါး၊ သူငယ်များနှင့် ..'*

အစရှိသည်ဖြင့် သီကုံးဖွဲ့နွဲ့ထားသည်မှာလည်း ရခိုင်တို့၏ အသုံးအနှုန်းများကို စာမူမပျက်ရအောင် စပ်ဆိုထားသဖြင့်လည်း ကင်းဆရာကြီးအား လက်သံပြောင်မြောက်လှသည်ဟု ဆိုရပေမည်။ တဖန် ပေမူ –ကူ–ချပ်၌ကား

*'ဖြိုင်းဖြိုင်းပြေပြစ်၊ ခုနစ်နှစ်သို့၊ ရောက်လစ်ခါတုံ၊ ရွှေပုံရွှေပန်း၊ ရွှေရောင်ထွန်းလျက်၊ ရွှန်းရွှန်းတောက်ပ၊ အဆင်းလှသား၊ ကာလထိုခါ၊ ကစားရာတလင်း၊ ထိုရွာတွင်း၌၊ ဆင်မြင်းသွားထွေ၊ တလင်းမြေကား၊ ကွဲကြေပျက်စီး၊ တသီးဆင်းရဲ၊ နေမိုးဖွဲ့ကြောင့်၊ ခပဲးပင်ပန်း၊ မရွှင်လန်းတည်း၊ မလန်းသူငယ်၊ တနေ့ဝယ်ကုန်၊ ကြောက်ဘွယ်ကြီးစွာ၊ မိုးကြီးရွာသော်၊ လျှင်စွာပြေးသွား၊ ဆင်ပြောင်အားသို့၊ ဘုရားဆုလို၊ စရပ်ကိုလျှင်၊ မှီခိုရှေ့ဖျား၊ သူငယ်များကား၊ ထိပါးစုတ်ပြဲ၊ ခြေလက်ကွဲလျက်၊ ဆင်းရဲဒုက္ခ၊ ဟိတုံကြ၍၊ ကြံဆစာနာ၊ ဤခန်းဝါ၌၊ သာယာပကတိ၊ စရပ်ဟိက၊ မိမိငါတို့၊ ချမ်းသာဘို့ဟု၊ နှစ်လို့တိုင်ပင်၊ မကြာပင်တည်း၊ ပြုပြင်တင့်အပ်၊ စရပ်ဆောက်ရုံ၊ မကျန်မည်သူ၊ ယူခဲ့တပြားစီ၊ အညီတယောက်၊ စေလိုက်မြောက်က၊ မဖေါက်မပြား၊ သူဌေးသားတို့၊ ဘုရားလောင်းအာဏာ၊ ဆိုလျှင်းပါသည်၊ ရောက်လာအညီ မကြာတည်း'*

ဟူ၍ သီကုံးထားသည်မှာလည်း သေချာစေ့စပ်လှပါသည်။ စကားပြေဝတ္ထုသွားကို ဘတ်ရှုရသကဲ့သို့၊ လူသာမန်များပင် နာလည်လွယ်အောင် စာသွားစာလာ အပိုအလိုမရှိစေဘဲ အလင်္ကာရသပြည့်ဝအောင် တန်ဆာဆင်ထားပါသည်။

ပေမူ–ခိ–ချပ်၊ ကျောဘက်၊ 'မယားခိုးခမ်း'တွင်

*'ထိုဝမည်းကွ၊ ထိုခြင်းတကို၊ မြင်ရလက်မူ၊ ဤသူနှစ်ပါး၊ ငါ့ကိုထား၍၊ နွားမသေသေး၊ အရေနွှေးသို့၊ မကွေးသဘော၊ ပြေးခဲ့သောဟု၊ မိမောမှိုင်တွေ၊ စိတ်ကြီးဝေလျက်၊ မြစ်ရေကမ်းပါး၊ ရှူးရင်းသွားလျက်၊*

*သည်းဖျားဝှန်ထိတ်၊ တဆိတ်သက်ဆင်း၊ ကြောက်လန့်ခြင်းကြောင့်၊ အပြင်းထက်ပြန်၊ သင်းတို့ဟန်ကို၊ တဖန်မြင်ရ၊ မာန်ဆိုးထ၍၊ သေကလဲသေ၊ မသေနေဘူး၊ ခုန်လေဖြောင်းဖြောင်း၊ ကျလေရှောင်းက၊ ခါးဖောင်းပေါင်ရှို့၊ တိမ်မှန်းသိ၍၊ ပစိကိုကိုက်(ပါးစိပါးစေ)၊ အပြင်းလိုက်လျက်၊ ဆိုက်ဆိုက်မိလေ၊ မရေရာလူ၊ ဤခိုးသူကား၊ မမူအပ်စွာ၊ ငါ့ကြင်ယာကို၊ ယူကာလှည့်ဖြား၊ ဇာကိုလားဟု(ဘယ်ကိုသွား)၊ မားမားမောက်မောက်၊ မည်းကွဟောက်က၊ ငကျောက်လူရှည်၊ တလည်ခြိမ်းမောင်း၊ ဝက်စောင်းစောင်း၏၊ မကောင်း(မဲ)မည်းကွ၊ ရုပ်မပြနှင့်၊ ကာဋ္ဌမည်းဂျီ၊ နင့်ဘရီကား၊ ငါ့ဆီထံမှာ၊ ဇာ(ဘယ်)ပြုလာလိမ့်၊ ကိုင်လျက်လည်စိ၊ လက်ဖန်ကြီးနှင့် မြောက်လိုက်လွှင့်သော်၊ ထိုသင့်မေည်း၊ တိမ်းပြိုလည်းလျက်၊ မနည်းဒုက္ခ၊ ဆင်းရဲရလည်း၊ မချမာန်စောင်၊ မရှောင်သာကြည်'*

စသည်ဖြင့် 'မယားလုခဏ်း'ကို ရေးသားထားသည်မှာလည်း သရုပ်ပါလှပေသည်။

ဆက်၍တဖန်

*'ယှဉ်(ချည်၊ချီ)နှောင်မည်ဟု၊ နွယ်ရှည်တပင်၊ လက်တွင်ကိုင်တွဲ၊ အမျှင်ဆွဲလျက်၊ ခရှခဆုတ်၊ ဤလူယုတ်ကား၊ ပုတ်လတ်မသိ၊ လူတိတ္တိဟု၊ သတိပြုတွေ၊ လိုက်လေကောက်ကောက်၊ ကျောက်ရှည်နောက်သို့၊ လူမျောက်ခိုးသား၊ ဇာကိုလားလိမ့်(ဘယ်ကိုသွားလိမ့်)၊ တန့်လားဟာလူ၊ မယူလေလင့်၊ သင်နှင့်မရာ၊ ငါ့မှာမိုဃ်းခင်၊ ခုနစ်အင်တိ၊ ကြာတင်ပတ်ကုံး၊ ပုန်းပေါက်အောင်၊ လုပ်ဆောင်ထမ်းရွက်၊ သမက်စေခံ၊ သေစော်နံမှ၊ ရသည်မယား၊ သင်ဖို့(ဘို့)လားဟု၊ နှစ်ပါးရန်တင်း၊ ထွေးရှက်(လ)ငြင်း၍၊ တင့်ခြင်းပြောင်းညီး၊ စရုပ်ကြီးကို၊ နီးလေသောခါ၊ စုဝေးလာသည်၊ ပြည်ရွာရပ်သူ၊ ဗုဒ္ဓက်ျူက၊ ပူပူကြားလေ၊ ခေါ်မေးစေ၏'*

စသည်ဖြင့် မကွယ်မဝှက် အချက်ကျကျ ထိမိလှအောင် အနောက်ရခိုင်မြန်မာစကားများဖြင့် အသားပါအောင် ပြောင်ပြောင်ကြီးသုံး၍ မဆုံးတမ်းသီကုံးနိုင်သော ရခိုင်စာပေပညာရှင် ကင်းဆရာကို အသို့လျှင်မချီးကျူးဘဲ နေနိုင်အံ့နည်း။

ပေ–ခေ–ချပ်၊ ဝမ်းဘက် 'တရားစီရင်ခဏ်း'၌လည်း

*'ခုပင်ရှုတ္တရက်၊ ရထားထက်သို့၊ တက်၍သိကြား၊ နင်လေသွား၏'*ဟူ၍လည်းကောင်း၊ *'သံကျော်ခြေးခြေး၊ ကိုယ်တိုင်ပေး၍၊ အရေးဘယ်သို့၊ ဟာလူရို့ဟု၊ မေးမြို့ပြီးသော်'*ဟူ၍လည်းကောင်း ရခိုင်စကားလုံးများ မပါပါအောင် လင်္ကာ

စီကုံး၍ ရေးသားထားသည်ကို တွေ့ရှိရပေသည်။

ပေမူ –ခေ–ချပ်၊ ကျောဘက်တွင် 'မြွေတရားစီရင်ခဏ်း'၌လည်း

*'မြေဘို(ဖို)မှာတုံး၊ လေးဖြာကြီးမား၊ မြီးဖျားဥကွေင်း(ဥဂ္ဂေါင်း)၊ တကြောင်းမျက်စိ၊ ကြီးကျယ်ဘိသား၊ စပ်ထိလည်းရေး၊ မထွေးကွဲတည်း တနည်းဆိုဘွယ်၊ မြေမဝယ်တုံ၊ အငယ်လေးဦး၊ မြီးဝေါင်းရှုသား၊ စက္ခု မျက်စိ၊ ကျဉ်းစာတိနှင့်၊ မထိအလွတ်၊ လည်ရေးပြတ်၏။ အမှတ်ထွေလာ၊ ဤခြင်းရာဖြင့်၊ သိသာပြသ၊ ဤဘို(ဖို)မဟု၊ ကြားကမြန်းမြန်း၊ ရွာလုံး လန်းလျက်၊ နန်းရဝေစံ၊ ဘုရင့်ထံ၌၊ စံလေစီရင်၊ မကြာတင်သည်၊ ပြည့်ရှင်ဝမ်းသောင့် ဝမ်းသာတည်း'*

ဟူ၍ ရေးသားထားရာ ယခုဦးခေါင်းဟု ရေးသားသည်ကို၊ ပါဠိဥသီသကံကို၊ ဥက္ကောင်း၊ ဥဒ္ဒဂ္ဂံ အထက်ဟောသဒ္ဒါအတိုင်း 'ဦးဂ္ဂေါင်း'ဟု ရေးရကြောင်းကို ကင်းဆရာ ထွင်ပေးခဲ့သည်ကို ကျေးဇူးတင်စရာအပြင် စာပေလိုက်စားသူတိုင်း၊ မှိုင်ငြမ်းတစ်ခု ပြုသင့်ပေသည်။

ထို့ပြင်တဝလည်း တဆဲ့ကိုးဖြာ ပြဿနာအဆုံးတွင်

*'တဆဲ့ကိုးဖြာ၊ ပြဿာနာကို၊ ရက္ခာမဏ္ဍိုင်၊ ယောက်ျားလိုင်သား၊ ခရိုင်အထဲ၊ မြစ်ညာကဲလျက်၊ လက်ဝဲခွာရှောင် လကျာတောင်မှ၊ တောင် သမုဒ်ဆီ၊ နတ်နာဂီတို့၊ ပါရမီကျော်၊ ဘုန်းကြောင့်ပေါ်သား၊ အုပ်သြော် ပင်လယ်၊ ပျော်ပါးဘွယ်နှင့် မြနှယ်မြရောင်၊ မြရိပ်ဆောင်သည်၊ မြတောင် မြတော၊ မြရောင်ကျောသည်၊ မနောရမ္မာ၊ ကျွန်းဒီပါထက်၊ အချက်ချက် ဖွေ၊ အထွေထွေတိ၊ မြုတေပွားစီး၊ ဘုန်းတပ်ဘီးမျှ၊ သစ်သီးဝလံ၊ ပွားများ လျှံသည်၊ တရံတခါ၊ ချိုရသာနှင့်၊ မာလာကြိုင်သင်း၊ ကျော်နံ့ခြင်း သည်၊ ရွှေကင်းဆရာ၊ များတကာသို့၊ ယထာသတ္တိ၊ ဉာဏ်နှင့်ညှိလျက်၊ မငြိမတွယ်၊ ဇာတ်ကိုနွယ်၍၊ နှာဘွယ်လင်္ကာ၊ စီရင်ပါသည်၊ ဤမှာအ ပြီး အစီးတည်း'*

ဟူ၍ မိမိနေသော ရွာ၏သဘာဝကိုအခြေပြုပြီး ချီးကျူးထားသဖြင့် သဘာဝ ကိုကြိုက်တတ်သော ရခိုင်စာပေပညာရှိ ကင်းဆရာကြီးခေါ် ရွှေကင်းဘုံဆရာ ကြီးအား လေးစားထိုက်ပါသည်။

ပေမူ –ဂူချပ်၊ 'ပုဿင်ခဏ်း'၌လည်း

*'တဖန်နေ့ရက်၊ ဥယျာဉ်ထွက်သော်၊ ကနက်သခင်၊ သားဉာဏ်ရှင် နှင့်၊ တူပင်မကွာ၊ ထိုအခါ၌၊ ကြင်နာစဘွယ်၊ ပုဿင်ငယ်အား၊ သွယ်သွယ် မြီးဖျား၊ လည်ကျားကျားနှင့်၊ တန်ခါးဒွါရာ၊ တိုင်ထိပ်ချာထက်၊ နေကာ*

*ပျော်ရွှင်၊ မင်းကိုမြင်မူ၊ အလျင်ရုတ္တရက်၊ တိုင်မှသက်၍၊ မြေထက်ဝပ်လျှောင်း၊ ထိုအကြောင်းကို၊ မင်းကောင်းဘုန်းမည်း၊ အသို့နည်းဟု၊ တည်းလည်းစီစစ်၊ မေးသည်ဖြစ်၍၊ ကြင်လင်တို့အား၊ ခသူများကို၊ အလကားပေ၊ မဖြစ်စေနှင့်၊ ပေးလေချမ်းသာ၊ မိန့်သောခါတုံး၊ မရာဘုရား၊ ချမ်းသာများနှင့်၊ သောက်စားခဲမှု၊ တခုခုလျှင်၊ မျှော်ရှုလျှောက်ပတ်၊ လျှောက်ကြားလတ်သော်၊ လူထွဋ်ထိပ်တင်၊ ဤပုဿင်ကား၊ ဘယ်ကိုစားလို၊ လျှောက်လျှားအစာ၊ စားစရာတုံ၊ မံသာအမဲ၊ သားကိုခဲဟု၊ မလွဲလျှောက်ထား၊ သို့ဖြစ်ကမူ၊ ဘယ်မျှလောက်ဝန်၊ ဝမ်းတကန်မူ၊ လျှော်ရုံစိုက်စိုက်၊ ဂျင်(ကျင်)ရွေးထိုက်ရှင့်၊ တသိုက်သင့်လျော်၊ မင်းချင်းခေါ်၍၊ စေတောမူလေ၊ ဥပဒေတုံ၊ ရေမြေထိပ်မိုး၊ မင်းအမျိုးမူ၊ ပေးရိုးမဟိ၊ ဂျင်ရွေးရှိနှင့်၊ တစိမလျှော်၊ ပုဿင်ကျော်အား၊ မာသော်အပွ၊ ပဲခြမ်းမျှဖြင့်၊ လှယ်ဖမဲ့သား၊ နေတိုင်းသွား၍၊ ပေးလားလုလင်၊ မိန့်တိုင်းပင်တည်း။ ထို့သင်မင်းလူ၊ နေ့မရှုလျှင်၊ မူလေမမှာ၊ ထိုယောကျာ်းသည်၊ တပါးနေ့တုံ၊ ဥပုသ်ကြုံ၍၊ တစုံတခု၊ သက်သတ်မှုကို၊ မပြုကုန်ကြ၊ မဲမရ၍၊ လှပဖေါက်ထွေ၊ ပဲခြမ်းငွေကို၊ ဆွဲလေပုဿင်၊ သင်းလည်တွင်၌၊ ရောင်ထောင်တောက်ပ၊ ထိုငွေစကြောင့်၊ မာနတိုးတက်၊ နောက်တရက်တုံ၊ ရွှေစက်ပါဒ၊ ဥယျာဥ်ကြွသော်၊ ငွေစကိုမှီ၊ ပုဿင်နီကား၊ မထီမထင်၊ တိုင်းကြီးရှင်နှင့်၊ ငါ့တွင်ဥစ္စာ၊ အသူမှာတည်း၊ များစွာမသိ၊ ဂုဏ်ထူးဟိလျက်၊ မင်းကြီးကိုပြိုင်၊ တံခါး(တန်းခါး)တိုင်မှ၊ မှိုင်ကာမေးစက်၊ မဆင်းသက်တည်း၊ ပြုချက်မလှ၊ မြင်လတ်ရမူ၊ မြွက်ဟမေးလို၊ ဂါထာဆိုသည်၊ ပုဂ္ဂိုလ်လှထွဋ် မင်းကြီးတည်း'*

ဤလင်္ကာ၌လည်း၊ ဓညဝတီရွှေရခိုင်သားတို့၏ စကားလုံးများကို ကြားညှပ်ထည့်ထားသဖြင့်ပင်လျှင် ကဗျာ့ရသ ဂုဏ်ပြောင်မြောက်လှပါသည်။ ဤလင်္ကာတွင် '*သွယ်သွယ်မြီးဖျား၊ လည်ကျားကျားနှင့်*' ဆိုသောစကားသည်ပင် ပုသင်ငယ်၏သရုပ်ကို အထူးသဖြင့် ပေါ်လွင်စေပါသည်။ ထိုမှတပါး '*အလကားပေ၊ မဖြစ်စေနှင့်*' ဟူ၍လည်းကောင်း၊ ထို့ပြင်ဘဝ '*ဘယ်မျှလောက်ဝန်၊ ဝမ်းတကန်မူ၊ လျှော်ရုံစိုက်စိုက်၊ ဂျင်ရွေးထိုက်ရှင့်*' ဟူ၍လည်းကောင်း ဆိုသောစကားများသည်လည်း ရွှေရခိုင်သားများသုံးသော မူဟောင်းကြီးဖြစ်ကြပါသည်။

ကျွန်ုပ်တို့ ရခိုင်တိုင်းရင်းသားများမှာ ဝမ်းဗိုက်ကို 'ဝမ်း'ဟူ၍ ခေါ်ပါသည်။ မြန်မာများကား 'ဗိုက်'ဟူ၍လည်းကောင်း ပြောဆိုသုံးနှုန်းကြပါသည်။ ဓညဝတီရွှေရခိုင်သားတို့မှာကား 'ဝမ်းတင်းသည်၊ ဝမ်းပြည့်သည်၊ ဝမ်းနာသည်'ဟူ၍သာ

သုံးနှုန်းပြောဆိုကြပါသည်။ 'ဝမ်းတကန်'ဆိုသောစကားသည် ဗမာအလိုအားဖြင့် ဗိုက်တပြည့်၊ ဗိုက်တဆန့်ဟူ၍ အဓိပ္ပါယ်ရပါသည်။ အမှန်မှာ နှစ်ခွဲနှင့်တတင်း၊ အတူတူပင် ဖြစ်သကဲ့သို့တည်း။ သို့ရာတွင် မျိုးချစ်စိတ်ပြင်းထန်သော ကင်းဆရာကြီးကို အတုယူရန်ကောင်း၍ ဤစာရေးသူက တင်ပြရပါသည်။

ပေမူ –ဂူ–ချပ်၊ ဝမ်းဘက်တွင်ပင် 'ဥဒုမ္ဗရဒေဝီဒဏ်း'၌လည်း

*'ထိုရောအခါ၊ မိုးနတ်ရွာသို့၊ မိစိလာပြည်၊ ချက်မြုပ်တည်လျက်၊ နေသည်အဟုတ်၊ ခေါ်သမုတ်သား၊ ပိဂုတ္တရ၊ လုံလင်(လှင်)လှသည်။ သိပ္ပသင်လို၊ တက္ကသိုလ်ဟု၊ ပြည်ကိုအရောက်။ သွားလေမြောက်၍၊ ပါမောက်ဒိသာ၊ ဆရာအထံ၊ ကျိုးနွံခယ၊ တတ်သိပ္ပကို၊ သင်ကမကြာ၊ တတ်လိမ္မာလျက်၊ သွားခါချိန်တန်၊ ဆြာမှန်ကို၊ ပန်လေအကြောင်း၊ သွားခွင့်တောင်း၏၊ ကျော်သောင်းဒိသာ၊ ထိုဆြာ၏၊ ဓိတာသမီး၊ ညီရီးရီးတိ(ညီရရီးတည်း)၊ မကြီးရွယ်ရောက်၊ ဟိ(ရှိ)တုံမြောက်၏ တယောက်ကလျာ၊ ဒေဝစ္ဆာသို့(ဒေဝစ္ဆာရာသို့)၊ ပမာတူလျှော်၊ ဆိုခါသောတုံ၊ ထိုရောဆြာ၊ ထိုသိသာကို၊ ဆိုပါဤသို့၊ လွန်နှစ်မျို့၍၊ မချို့ပညာ၊ မသက်သာသည်၊ လိမ္မာပွန်းတီး တပည့်ကြီး'*

ဟူ၍ ဒိသာပါမောက္ခဆရာကြီး၏ အာလုပ်သံကို ရေးစပ်ထားပါသည်။ ဤလင်္ကာ၌ 'ဆြာ'ဟု ရေးထုံးရေးနည်းဖြင့် ရေးစပ်ထားသည်မှာလည်း ဓညဝတီ ရွှေခိုင်သားတို့၏ စာပေယဉ်ကျေးမှုတရပ်ကို ဖေါ်ပြထားသည်ဟု ဆိုရပါမည်။

'အလွန်ချမ်းအီး၊ ဤခရီးကား၊ ရပ်ကြီးဥတ္တရာ၊ မယောရွာ၏၊ သာယာရိပ်ချမ်း၊ တို့အိမ်လမ်းတည်း'စသည်ဖြင့် ရခိုင်အသံ၊ရခိုင်အသုံးအနှုန်းများဖြင့် ရေးထားသည်မှာကား ရခိုင်စာဆိုတော်ကြီး ဥက္ကာပျံ၏ 'ကောင်းကင်မှာလီ၊ဝါယောထွီသား' စသည်ဖြင့် စပ်ထားသကဲ့သို့ပင် ရခိုင်အသုံးအနှုန်းများကို ဖေါ်ထုတ်ကာ စပ်ဆိုခြင်းဖြစ်သည်။ 'ထိပ်တင်အမောင်'ဟု အစချီထားသည်မှာလည်း ထီးဆန်နန်းဆန်သောစကားများဖြင့် ရေးစပ်ထားခြင်းဖြစ်သဖြင့် ကင်းဆရာကြီးသည် ထီးရိပ်နန်းရိပ်ကို မှီလိုက်သူဖြစ်ကြောင်းကိုကား စာရှုသူတို့ ကောင်းကောင်းကြီး သိသာနိုင်ပေသည်။ မဟောသဓာလင်္ကာကျမ်းကြီးကို ရေးသားခဲ့သူ ကင်းဆရာ၏ အထုပ္ပတ္တိကို 'ဥမင်္ဂဏ်း'အဆုံးတွင် ရေးသားခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

*'ရက္ခာပူရ၊ ပြည်မနိုင်ငံ၊ ဘက်မစံသား၊ ထိန်ယံပဝင်း၊ အရှားမင်း၏၊ ထွန်းလင်းသာသနာ၊ တည်ရာထောင်က၊ နတ်နှင့်ဘုရား၊ မမျှနိုင်းဘွယ်၊ ကသိုလ်ကြွယ်သား၊ ပင်လယ်ထက်ဝန်း၊ ရှုမပန်းလျှင်၊ ရှစ်ခဏ်း(န်)ဒိသာ၊ လိုရာရာကို၊ ဝစ္စာမစိုး၊ လူစီးပျိုးသည်၊ မညိုးနှစ်စဉ်၊ ချည်လဲမခဲ၊ ချိုမပွဲ*

*တည်း၊ သဲသဲရိုက်တုန်း၊ နတ်တို့ဘုန်းကြောင့်၊ ချုံးချုံးဝသန်၊ နှစ်တိုင်းမှန်လျက်၊ ဖြိုင်းဝှန်ပွားတက်၊ ခွန်ထွက်ယာလယ်၊ မျိုးလေးနွယ်တို့၊ ဖွင့်ပယ်သိမ်ဖျင်း၊ ဘုန်းရောင်လင်းသား၊ ကျွန်းမင်းအောင်ချာ၊ ရွှေရမ္မာထက်ရွှေစာရွှေကျမ်း၊ တတ်စွမ်းသိမြင်၊ ဗေဒင်ဆေးသမား၊ ပျက်ပြားစုံစီ၊ ပန်းချီပန်းပု၊ ရေးသူရစ်လိမ်၊ ပန်းတိမ်ပန်းဘဲ၊ အန်အဲရတု၊ ရှင်မြူးသာကြည်၊ သီခြင်းသည်က၊ ပွားစည်လောကီ၊ အညီလောကုတ်၊ မယုတ်အတင်း၊ များဖျင်(ဖြင့်)ပြောထူ၊ အလှူသီတင်း၊ မကင်းနေတူ၊ ကျောင်းဂူ(ကူ)ဘုရား၊ ပွားများရာထောင်၊ ပြိုင်းပြိုင်းပြောင်သည်၊ ညာကောင်ရမ်းဗြဲ၊ နောက်ခဆွဲက၊ ကလဲတဲကင်း၊ သတင်းဝှန်ချောက်၊ တခေါ်လောက်တွင်၊ ရမ်းပေါက်မြစ်ဝ၊ မြောက်ကင်းလှထက်၊ ဗုဒ္ဓဘာသာ၊ ဆရာဥက္ကံသ၊ နည်းခံမူးဝ၊ ရညတပည့်၊ မည်မှည့်ရှင်က၊ ဦးဝရဟု၊ နာမပညတ်၊ ကြမ္မာဝတ်ကြောင့်၊ ရဟတ်တန်းခွန်၊ ပယ်ခဲ့ကန်၍၊ နိဗ္ဗာန်မုတ်ဝ၊ ဓိသီလကို၊ မရသော်လည်း၊ နောင်မတ္တည်းတွင်(မေတ္တေး)၊ ကပ်ဆည်းရရုံ၊ ဝါးစုံသတင်း၊ နှလုံးသွင်း၍၊ တောင်းတင်းချိန်ခွင်၊ ကုန်းဝါးအင်ဖြင့်၊ ငါ့တွင်ငါမွေး၊ သတိဆေးလျက်၊ ရှေးရှေးသဒ္ဒါ၊ ဒုဇီဝါကို၊ ဥသာမက၊ ဘဝဘဝေ၊ လွတ်ပါစေဟု၊  အခြေအမြစ်၊ ဤရှစ်ချစ်တွင်၊ ဖြစ်စေပကတူ၊ နှလုံးမူလည်း၊ သုံးဆူလူ့ရွာ၊ သရဏာကို၊ ထိပ်ချာဦးလုံး၊ ပန်းကုံးဥဂ္ဂင်၊ မြဲစွာဆင်၍၊ ကင်းရှင်ဆရာ၊ လူထွက်စာဟု၊ စဉ်လာဥဒါန်း၊ ဥမင်ခဏ်းကို၊ မော်ကွန်းဖြစ်အောင်၊ မျိုးသောင်းထောင်တို့၊ သုံးဆောင်စိမ့်ရည်၊ ကြိုးကြံစည်၍၊ ကြံသည်အတိုင်း၊ ပြည့်စွာလှိုင်းသည်၊ ကျယ်ဝန်းသမုဒ္ဒရာတည်း"*

ဟူ၍ 'မဟာဥမင်္ဂခန်း'အဆုံးတွင် အနည်းအကျဉ်းရေးသားထားခဲ့သည်ကို တွေ့ရှိရပေသည်။

'မဟော်သဓါလင်္ကာကျမ်းကြီး'မှာ ကြီးကျယ်ခန်းနားလှပါသော်လည်း ပေစာအဖြစ်သာရှိနေသေးသဖြင့် မထင်ရှားမပေါ်လွင်ဘဲ ဖြစ်နေရသည်။ မကြာမီ စက်တင်နိုပ်လိမ့်မည်ဟု မျှော်လင့်ရပါတော့သည်။ ဤကင်းဆရာနှင့်အတူ ခေတ်ပြိုင်(ဝါ) တခေတ်တည်းမှာပင် ဓညဝတီရခိုင်တိုင်းတွင် ကင်းဆရာနှင့် စာရေးပြိုင်ဘက် ဝါးကျောင်းအမည်ခံ ဆရာကြီးရေးသားခဲ့သော 'နေမိလင်္ကာ၊ မဟောသဓါလင်္ကာ၊ ဘုရိဒတ်လင်္ကာ၊ ဝိဓူရလင်္ကာ၊ ဝေသန္တရာလင်္ကာ၊ ပေါရိသာဒလင်္ကာ၊ ကောကနုလင်္ကာ'စသည်များလည်းရှိသေးကြောင်း စုံစမ်းမေးမြန်း၍ တဆင့်ကြားသိရပါတော့သည်။ ထိုထို တိမ်မြုပ်ပျောက်ကွယ်နေသော ရခိုင်လက်ရာစာပေများ(ဝါ)လင်္ကာ၊ အေး(ဝါ)အဲ့၊ အန်ရတု၊ ကြိုးဒန်းခြင်း၊ သိုင်းခြင်း၊ သာခြင်း၊ ပျို့ကဗျာ၊

ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ လောကီကျမ်းမျိုးစုံ၊ ဗုဒ္ဓဘာသာတရားနှင့် စပ်ဆိုင်သော စာပေကျမ်းဂန်စသည်များကို ရှာဖွေစုဆောင်းပြီး ဖေါ်ထုတ်နိုင်ကြပါစေကုန်သတည်းဟူသော အာသီသဖြင့် ဤ'ရခိုင်လက်ရာစာပေများ'ဟူသော ဆောင်းပါးကို တင်ပြလိုက်ရပါတော့သည်။

ဉာဏဝတီအရှင်ရဝိန္ဒ

*မှတ်ချက်။* *ဤဆောင်းပါးကို ရခိုင့်တန်ဆောင်မဂ္ဂဇင်း (၁၉၅၉–၆၀) တွင် ဖော်ပြဘူးသည်။*

# ရခိုင်ယာဉ်းသာခြင်း

'ယာဉ်း'ဟူသည်မှာ အိမ်ထဲမှာဖြစ်စေ၊ အိမ်ရိပ်သာအောက် ဆင်ပုန်းလျှားပေါ် မှာဖြစ်စေ၊ ကလေးများကို မိခင်က နို့ချိုတိုက်ကျွေးရင်းလည်းကောင်း၊ ကလေးများကို သိပ်ရင်းလည်းကောင်း၊ ကလေးငယ်များနှင့် ပျိုဖြူမယ်တို့သည်လည်းကောင်း၊ မိခင်များသည်လည်းကောင်း၊ ဒါန်းစီးခြင်း သို့မဟုတ် သစ်ပင်များ၏သစ်ကိုင်း ပေါ်များမှာဖြစ်စေ၊ ကြိုးကြိမ်နွယ်များဖြင့် ပျဉ်ပြားတချပ်ကို တဘက်တချက်စီမြဲ စွာ ချည်နှောင်ပြီးလျှင် ဒါန်းလွှဲစီးခြင်းမျိုးကို ယာဉ်စီးသည်ဟူ၍ ခေါ်ဆိုကြပါ သည်။ 'သာခြင်း'ဟူသည်မှာ သာယာနာပျော်ဘွယ်ရှိသော တေးသီခြင်းဟု ဆိုလိုပါ သည်။

ရှေးနှစ်ပေါင်းများစွာကပင် ဓညဝတီရခိုင်ပြည်နယ်၌ အထက်ပါယာဉ်စီးရာ တွင် ယာဉ်းသာခြင်းတမျိုးကို သီကုံးရွတ်ဆိုပြီး ကလေးငယ်များအား သိပ်ပြရိုးထုံး ရှိခဲ့ကြပါသည်။ အချို့အပျိုအရွယ် ရွှေခိုင်ဖြူတို့မှာလည်း အဆက်ကိုမျှော်ရင်း ယာဉ်းစီး၊ ယာဉ်သားခြင်း သီဆိုခြင်းတို့ဖြင့် အလုပ်အားချိန်ကို ကုန်လွန်စေခဲ့ကြ ပါသည်။ ထိုယာဉ်သားခြင်းများမှာ နယ်မြေဒေသအလိုက် ကွဲပြားကြသည်များလည်း ရှိကြပါသည်။ သို့ရာတွင် ယေဘူယျအားဖြင့်ကား ရွတ်ဆိုပုံမှာ တူသည်သာများ ကြပါသည်။ သာခြင်းဟုဆိုရသော်လည်း ယခုပစ္စုပ္ပန်ခေတ် မျက်မှောက်ခေတ်မှာ အ များသိကြကုန်သော တန်းခိုးရှာဆရာထွန်းနှင့် ရှာချောင်းကြီးရှာ ဆရာဦးအောင် ထွန်းတို့၏ သာခြင်းများနှင့် လုံးလုံးလျားလျားကား မတူကြချေ။ တချို့တဝက် သာ တူကြချေ၏။ မတူပုံမှာ တန်းခိုးရှာဆရာထွန်း၏ 'အလောင်းတော် ကော်ကာ နသာခြင်း' ယောဉ်ကျူးခန်း၌

'ကျူးလိုက်တေလေ၊ မွေးမေသက်မျှ၊ ဝမ်း၌လွယ်လေ၊ သန္ဓေရလို့၊ ဆယ်လ

စေ့လျှင်၊ ဘွားမျှော်မြင်ကေ၊ မိခင်သည်းအူ၊ ဘရိုက်ရာကို၊ နောင်ခါမိုးလို့ စိုးမည်သူလေ'ဟူ၍လည်းကောင်း၊ ၎င်းသာခြင်း၌ပင် 'သွားကြလေက၊ မြူခြေမှိုင်းမှိုင်း၊ ပြိုင်းရရိုင်းနှင့်၊ ဆင်ဆိုင်းမို့မို့၊ တညို့ညို့ကေ၊ တချို့သစ်ပင်၊ ညွန့်ဖူးဆင်ကေ၊ ရွက်ကျင်ပြန့်စ၊ နွေရာသီလေ၊ ဂိမ္ဘာန်ပြောင်းကေ၊ တပေါင်းလမှာ'ဟူ၍လည်းကောင်း၊ ၎င်းဆရာထွန်း၏ 'သတ္တထာနအလောင်းတော် သာခြင်းဆန်း'၌ 'လူပျို မျှော်ခန်း'တွင်လည်း 'စောင့်လို့နေကေ၊ ဘုန်းကြွေမောင်လှ၊ နငါးရာဆုတော် တောင်းကာ၊ လောင်းသတ္တက၊ ရှေ့ကပင်မာ၊ တောမြိုင်ချာတွင်၊ နော်ဇာစံကား၊ သရဖီမာလာ၊ အဝေရာကေ၊ စွယ်တော်များနှင့် ချရာမိုးစီ၊ ခါတော်မှီကေ၊ နာရီရင်ခတ်၊ ဂေါ်သဇင်ဟု၊ ခေါ်တွင်မှတ်ကေ၊ အချပ်တရာ၊ စလတ္တာနှင့်၊ ရင့်မာခေါက်ရမ်း၊ လပြာသို(မှာ)၊ ခွါညိုပန်းကို'ဟူ၍ လည်းကောင်း၊ ရွာချောင်းကြီးရွာ ဆရာဦးအောင်ထွန်း၏ 'ဂုတ္တိလနှင့်မုသိကသာခြင်း'တွင်လည်း 'မြဇယာဥ်ကို၊ လွဲဝင်ကြိတ်ကြိတ်၊ ညဥ့်ပဟိုရ်မှာ၊ သားကိုသိပ်လို့၊ အိပ်ပါစေလို့၊ သာခြင်းဆိုကေ၊ နဂိုရ်ကြောင်တောင်း၊ မိညောင်ဗိုလ်ကေ၊ အိုကြောင်းတောင်းလည်း၊ ကောင်းကောင်းပြီကာ၊ သားသည်းချာကို၊ ကိုက်ပါခလစ်၊ အဆစ်တိုကေ၊ ကြံချိုမွှားယောင်းမွှားခလစ်လေ၊ စိတ်ညစ်ဘို့ရာ၊ တအာအာနှင့်၊ များစွာလည်းငို၊ ညဥ်လေးပိုမှာ၊ တပိုမအိပ်၊ ရွှေနို့ရှင်လေ၊ မိခင်သိပ်ကေ၊ တိတ်ပါငါ့သား၊ ခဲဝါမြည်သံ၊ တည်းည်းကို၊ သက်နံ့နားမှာ၊ မကြားလားလေ'ဟူ၍လည်းကောင်း၊ ၎င်းသားခြင်း၌ပင် သိကြားလက်စွပ် ရွှေလက်လယ်မှာ၊ ယုန်ငယ်ဝပ်လို့၊ ဆန်ဖွပ်တေဆို၊ အဘိုးအိုကို၊ မြင်လိုသလား၊ ငှက်ပြောသီးသကာ၊ လစန္ဒာလျှင်၊ ယူလာပြီးကေ၊ ပီးပါလားလေ၊ စားကောင်းဘွယ်ကို၊ မုံ့ထိုထိုနှင့်၊ နို့ချိုလည်းတိုက်၊ ငါ့မိခင်မှာ၊ ရင်ခွင်ပိုက်လို့၊ ငိုက်တုံ့ဖွင့်တုံ၊ ခြင်မျိုးစုံကေ၊ စောင်ချုံမရ၊ ဆောင်းရာသီမှာ၊ လီပြင်းသုတ်ကေ၊ ကုပ်ခံရလို့၊ ဒုက္ခပူစာ၊ ငါ့ကြမ္မာလေ၊ လွန်စွာဆိုးညက်၊ နဖူးဇာမှာ၊ ဇောင်ရာဆိုက်ကေ၊ ဝတ်လိုက်လျှက်လေ၊ နို့သက်ခါလျှင်၊ သားမောင်ပင်ကို၊ မိခင်တိုက်မည်၊ မောင်လူပျိုလေ၊ ဆိုစကားကို၊ နားမှာတည်လော၊ အတည်မုချ၊ မတိတ်ကလျှင်၊ ခါးကဘောင်းဘီ၊ အကျီမောင်းပြုတ်၊ ဂွမ်းဦးထုပ်နှင့်၊ တရုပ်ကုလား၊ ငါ့သည်းအူကို၊ ဘမ်းယူသွားလို့၊ ကိုက်သွားလိမ့်မည်၊ သို့ဖြစ်သည်ကြောင့်၊ မွေးသည်မိခင်၊ မြသလွန်မှာ၊ ဟန်နှင့်လွဲကေ၊ ဇယာဥ်ယာဥ်လေ'ဟူ၍လည်းကောင်း၊ ထိုဆရာ ဦးအောင်ထွန်း၏ 'လွမ်းမပြေသာခြင်း'၌ 'ရူပဝတီမင်းသမီး၊ လွမ်းဆွတ်တော်မူခန်း'တွင်လည်း 'ထိုသည်ခါလျှက်၊ လောင်းသခင်လေ၊ ရွှင်ပြည်တွက်မှာ၊ နန်ထက်ရဝေ၊ မနေသာ၍၊ စိတ်တော်နွမ်းလို့၊ ထွက်လှမ်းလေသော်၊ ပျိုမေရူပ၊ လှတပင်လေ၊ ယဉ်ရှင်မမှာ၊ ဆန်းလနတ်တော်၊ သဇင်ပေါ်ကေ၊ ဟေမာဥတု၊ ကုက္ကလောင်နှင်၊ ဖိုးခေါင်ကျူးလို့၊

ပျော်မှုစဘွယ်၊ ကျမျက်ရည်နှင့်၊ ကြွသည်စိတ်ကူး၊ တုံးတုံးရိုင်ကေ၊ မှိုင်ကာမူးလို့’ ဟူ၍လည်းကောင်း။

ငင်းသာခြင်း၌ပင် ‘လှယဉ်ကျော်လေ၊ ငါ့မောင်ချောလျှင်၊ တရားတည်ခို၊ မြတ်ပုဂ္ဂိုလ်ကြောင့်၊ အိုအိုသိကြား၊ မြို့ပြည်ရွာကို၊ စောင့်ကာကြပ်ကေ၊ နတ်အများတို့၊ မယစားကယ်ဆယ်၊ ငါ့ချစ်ဆွေလေ၊ မသေပါသင့်၊ ကမ္ဘာမြေကို၊ အတည်ချင့်လို့၊ နေလင့်ရစေ၊ တိုင်တန်းပေ၍၊ ပျိုမေနှမ၊ ရုပ်ဟန်ပန်လေး၊ အလွန်သိပ်ကေ၊ ငါ့ကိစ္စကြောင့်၊ မောင်လှခုဝယ်၊ ဒုက္ခကြုံဖျာ၊ နန်းဘုံတွင်းက၊ ဆင်းသက်ရရေ၊ သို့ဖြစ်ပေလေ၊ အကယ်၍တည်း၊ မသေပါဘဲ၊ ရှိပါခဲ့က၊ မလွဲမသွေ၊ ဘဝမှာလေ၊ တခါခန့်လျှင်၊ ပျိုဖျန်းတွေ့စေ၊ အခါခါလေ၊ ဆုတော်ညွှန်းဖျာ၊ တခန်းရပ်ကာ၊ နေ၏တည့်လေ’ဟူ၍လည်းကောင်း။

ထို လွမ်းမပြေသာခြင်း၌ပင် ‘အလောင်းတော်မင်းသား လွမ်းဆွတ်ခန်း’၌လည်း ‘ထိုခါကာလ၊ လောင်းဘုန်းဝယ်လေ၊ မောင်ဇောတမှာ၊ ဗျာယကဲ့ပို၊ ကိုယ့်ကြင်ယာကို၊ စိတ်မှာတမ်းဗျာ၊ လွမ်းလို့ငိုသော်၊ အိုအိုနှစ်မ၊ မောင့်သခင်မှာ၊ ကြင်မပိုက်ကေ၊ ကြိုက်မဝလည်း၊ မောင်လှဖြစ်ပုံ၊ အလုံးစုံကို၊ အကုန်ခုခါ၊ နှမတော်လေ၊ ရှုပါဦးလိုက်၊ သင်နှစ်မည်လေ၊ အလယ်ကြားမှာ ဝါးလုံးပျိုက်သို့၊ ကြုံကြိုက်ပုံပင်၊ သင့်ဘခင်ယ၊ နှင်သည်တထပ် ဤအိမ်ရှင်လည်း၊ ခြေမျှင်စွပ်သို့၊ မလွန်နိုင်ယောင်၊ နှမမောင်မှာ၊ ကထောင်ကရား၊ မြစ်လယ်ကောင်မှာ၊ ဖောင်ပျက်ဝါးသို့ မစားသူပင်၊ ယခုခါလေ၊ ရှာမတွေ့ကေ၊ ကြည့်မမြင်လေ၊ ငယ်ကြင်အရင်း၊ နှမတော်ကို၊ တမ်းမျှော်ခြင်းကြောင့်၊ ထမင်းမဝင်၊ ရေမဝင်ကေ၊ အိပ်လျှင်မရ၊ အိပ်မက်မြင်သို့’ စသည်ဖြင့်လည်းကောင်း ရေးစပ်သီကုံးကြသည်နှင့် ဆင်တူရိုးမှားကား တူချေ၏။ လုံးလုံးလျားလျားမူကား မတူကြပါချေ။

အထက်ပါသာခြင်းကြီးများမှာကား လေးလုံးတစ်ပိုဒ်ချည်း စပ်ထားကြပါသည်။ ယာဉ်သားခြင်းများမှာကား သုံးလုံးစပ်လည်း ပါသည်။ ၄–လုံး၊ ၅–လုံး၊ ၆–လုံး၊ ၈–လုံးများကိုလည်း စပ်ထားကြပါသည်။ ငင်းယာဉ်သားခြင်းများကို ရေးသားစီကုံးသူများကို နှစ်ပေါင်းများစွာ ကြာလေပြီဖြစ်သောကြောင့် မည်သူမည်ဝါ စီကုံးရေးသားကြသည်ဟု မပြောနိုင်ကြချေ။

သို့ကြောင့် ရခိုင်ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော ငင်းယာဉ်သားခြင်းများကို တိမ်မြုပ်ပျောက်ကွယ်သွားမည်စိုး၍ ရှာဖွေစုဆောင်းဖော်ပြလိုက်ရပါသည်။

*(က) မိုးရွာရေ၊ ကိုယ်နာရေ၊ မင်္ဂလာရေယူခ၊ အိုယောက်ဖ*
*ယောက်ဖ မင်္ဂလာ၊ မဆောင်းသာ၊ တောမှာပေါက်ဖက် ဟီပါယက်။*

ဤယာဉ်သားခြင်းကို ရခိုင်တတိုင်း၌ လူကြီးလူငယ်များအားလုံး ရွတ်ဆို

ကြသည်များသည်။ ၎င်းပြင်

*(ခ) ဝရစ်တောင်ဇာတီ (ဦးရစ်တောင်စေတီ) လုံးပတ်ညီ၊ လုံးညီ ထွတ်ထွတ်၊ အဖျားချေမှာ၊ ရွှေခြေရစ်လို့၊ ဦးမနားမှာ၊ ဝတ်လို့ပါ၊ နားမှာ မမဲ၊ စိန်ခဲဝင်၊ သင်းဘောကျောက်မှာ၊ ကျလို့ကွဲ၊ မိလဲကိုယ်တိုင် မဆက် နိုင်၊ ဘလဲကိုယ်တိုင် မဆက်နိုင်၊ အရှေ့ပန်းတိမ်၊ အနောက်ပန်းဘဲ၊ ထွီးစမွယ်ဒွါနားရွှေငင်းကို၊ ဆက်မမြဲ၊ မျောက်သားမောင်၊ ဒိုးအောင်(ဒ အောင်)ကသာ၊ ခဏဝတ်ဘို့၊ ဆက်ပီးမည်လို့၊ ခံရရေ၊ ခံရရေ။*

ဟူ၍ လည်းကောင်း။

*(ဂ) တတိုင်နှစ်တိုင်၊ မူညင်းတိုင်၊ တိုင်ကမူညင်း၊ သရက်ကင်း၊ နင်နန့်ငါနန့်၊ ဝါဆိုလမှာ ပေါင်းကပ်မည်၊ ခုပိုင်ဆိုမိ၊ မြစ်လယ်ခေါင်မှာ၊ ကျာကျာမိန့်(မွှေ့) အီးဖွေ့နီ၊ (နေ)နှုတ်၊ ပြုတ်တရုတ် ဖြုတ်။*

ဟူ၍ လည်းကောင်း၊ ရွတ်ဆိုတတ်ကြပါသည်။ ထို့ပြင်တာလည်း

*(ဃ) အဝေအဝေ ဂေါင်းစောက်ကေ၊ မင်းစပါးကို ကျွဲစားရေ၊ ကျွဲစားလတ် တံပြန်လက်တုံ၊ ဒုံဒုံလက်တောက်၊ ခြနင်းကောက်၊ (ခြေချင်း ကောက်) ပြောက်ပြောက်ခုန်ရေ၊ နသာသရေ၊ အရှေ့ပြည်က၊ စာရောက် တယ်။ စာမရောက်သိ၊(စာမရောက်သေး) ကတိုသိ(ကတို့သေ့) ဝက်ချေ တန်းသား၊ ဆပင်သာ၊ သားတယောက်မွီး(မွေး) သတိုးသား။*

ဟူ၍ လည်းကောင်း ရွတ်ဆိုကြပါသည်။ ဤသာခြင်းမှာ ရခိုင်နောက်ဆုံး မင်းဖြစ်သော မဟာသမ္မတရာဇာလက်ထက် ဘိုးတော်ဦးဝိုင်းနှင့် ရခိုင်တိုင်းမှ သံ ဒေခေါ် သေနှေ့တို့ ဆက်သွယ်သောခေတ်၌ ပေါ်လာခဲ့သည်ဟု ဆိုကြပါသည်။

က–ခ–ဂ အမှတ်ပြ ယာဉ်းသာခြင်းများအနက် (က)အမှတ်ပြ ယာဉ်းသာ ခြင်းမှာ စနည်းတပေါင်းသာခြင်းမျိုး ဖြစ်ဟန်တူသည်၊ ထိုသာခြင်းသည် မျက်နှာဖြူ အင်္ဂလိပ်ခေတ်ကျမှ တပေါင်အဖြစ် ခလေးများပါးစပ်မှ အလိုလိုပေါ်ပေါက်လာ သော သာခြင်းဖြစ်သည်ဟု ပညာရှိတို့ ဆိုစမတ်ပြုကြသည်။ (ခ)အမှတ်ပြသား ခြင်းနှင့် (ဂ)အမှတ်ပြသာခြင်းများမှာ ရှေးနှစ်ပေါင်းများစွာကပင် အမြစ်တွယ်နေ သော ယာဉ်းသာခြင်းများဖြစ်သည်ဟု ဆိုကြသည်။ (ခ)အမှတ်ပြ သာခြင်း၌ ဦး ရာဇ်တောင်စေတီဟူသောအပိုဒ်၊ ဝါဆိုလမှာဟူသော အပိုဒ်တို့မှာ ဓညဝတီရခိုင်တိုင်း ၌ ဗုဒ္ဓဘာသာထွန်းကားကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ၎င်းယာဉ်သာခြင်း ကို အချို့မိန်းမကြီးများသည် လောင်းလှေလှော်ရင်းပင် ဆိုတတ်ကြသည်ကို စာရေး သူတို့ငယ်စဉ်က တွေ့မြင်ကြားသိ ခဲ့ရဘူးပါသည်။

(ဂ)ယာဉ်သာခြင်းမှာ လိုက်တန်းပြေးတန်းကစားကြသော ကလေးများသည်

အပုတ်ချိုးခြင်းတမျိုး (ဝါ)အပုတ်ချခြင်း တမျိုးပင်ဖြစ်ပါသည်။ ဒိုင်လုပ်သော ကလေးတစ်ဦး၏ လက်ဝါးအလယ်မှာ (၅)ယောက် (၁၀)ယောက်မျှသော ကလေးများက လက်ညိုးထိုးစိုက်ကြပြီး 'တစ်တိုင်နှစ်တိုင် မုညင်းတိုင်၊ တိုင်ကမုညင်း သရက်ကင်း'စသည်ဖြင့် ဝိုင်းဆိုကြပြီး ပြုတ်ကနဲမြုတ်ဆိုသည်နှင့်တပြိုင်နက် မြန်နိုင်သမျှမြန်အောင် ကိုယ်စီကိုယ့်လက်ညှိုးကို ဆွဲနုတ်ကြရသည်။ ဒိုင်လုပ်သောသူက တချောင်းချောင်းသောလက်ညှိုးကို ဖမ်းထားနိုင်ရမည်။

လက်ညှိုးကိုအဖမ်းခံရသောသူသည် အပုတ်ကျလေတော့သည်၊(ဝါ) အပုတ်ချခံရသည်။ ထိုနည်း 'တစ်ကေ၊ နှစ်ကေ၊ ကေလီ၊ ကေလောင်း၊ ဆင်ဂေါင်း၊ ရေပေါက်၊ တောက်ကျာ၊ မောလာ၊ ကြိမ်ကွတ်၊ ဂွတ်'ဟူ၍ 'တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး'စသည် အရေအတွက်မျိုးဖြင့်လည်း အပုတ်ချိုးတတ်ကြပါသည်။ နံပါတ်တစ်ဆယ်ကျခံရသူသည် အပုတ်ကျလေတော့သည်။ အပုတ်တာဝန်ကျသူသည် မငြင်းဆန်တတ်ကြဘဲ မိမိ၏တာဝန်ဝတ္တရားကို အစွမ်းကုန် ထမ်းဆောင်တတ်ကြလေသည်။

စစ်တကောင်းနယ်ရှိ ကော့(စ်)ဘဇားခေါ် ဖလောင်းချိတ်၊ ရာမူးခေါ်ပန်းဝါရှိ ရခိုင်တို့သည်လည်းကောင်း၊ ဘင်္ဂလားအဝကျွန်းရှိ ရခိုင်တို့သည်လည်းကောင်း၊ မည်မျှပင် ကုလားများနှင့် နီးစပ်နေကြစေကာမူလည်း မိမိတို့၏ ဇာတိမျိုးရိုးစဉ်လာ စကားအသုံးအနှုန်းများကို မစွန့်ကြဟု သိရသည်။ ထိုအရပ်ရှိသူများထံမှ ရရှိသော ယာဉ်းသာခြင်းများမှာလည်း ထိုအရပ်သူတို့၏အသံနှင့်ညီစွာ သူ့အချိုးနှင့်သူ နားတောင့်နာသာ နားထောင်စရာ ကောင်းလှပါသည်။

ဥပမာ။ ။

*(င) ဝခက်လုံးစီ၊ ဘဲကိုကိုင်ကာကယိုင်ကပါး၊ ပထနာလေ၊ ရောင်ဖြူကျွန်းမှာ၊ ဆီးခတ်လားလို့၊ ကိုယ့်ထက်ကြီးမည်၊ မုံ့ချေဝတ်ဘို့၊ ခအိုချင်မှာ၊ ဝယခရို့၊ ပေါက်ပင်အောက်က ကျားရုံရေ၊ ခွါစင်အောက်က၊ ကျားရောက်တယ်၊ ဇနီအောင်ဖြူ၊ လက်လှမ်းယူ၊ ချစ်သူမောင်ဝေ၊ အဝကျွန်းမှာ ယာခွပ်တယ်၊ ပလီယေသုံးဆယ် မြဒါဂေါင်း၊ ပေါင်းပိုးသိန်းတန်၊ ဟန်နဲ့မပေါင်း၊ ဘန်းနဲ့ပေါင်းလို့၊ လုံးတန်ဖေါက်တန်၊ ပထာပိုင်းမှာ ဆလွဲတန်၊ လုပုံမေရို့၊ နှောင်းမရို့(ရောက်မရို့)။ မူကာတခင်၊ ပိုးတခင်ခင် စဉ်မရောင်း၊ မျှင်စဉ်ရောင်း၊ အဘာကုန်သည်၊ တက်စရေ၊ ဇရက်နယ်စွမ်း၊ မိုးစီပန်း၊ ခေါ်လုမေ့ရွှေ၊ စစ်တွေမြို့မှာ သဇင်ဖြူ၊ စိန်ခိုင်မြခိုင်၊ သတိုးခိုင်၊ ဇီး(ဈေး)ပြရာမှာ၊ ဇာပျင်လှာလဲ၊ ငါ့ခအို(ခဲအို) ကို ပြောပါခ ဆိုပါခ'*

ဟူ၍ လည်းကောင်း။

*(စ) ‘ခကြိုးပြောက်ချေနီနီ၊ လက်တန်ဖျားမှာ၊ ပိတ်အကျီနှင့်၊ နဘောလိပ်လက်၊ နပန်းဆံမှာ ဆီစစက်နှင့်၊ ချစ်ပို့မျက်နှာ၊ မောင်မဟိကေ။ လမ်းဝမှာ သော်ဒလီ(ရွာသူကြီး) အယင်ပြီးလီ၊ လူပေါင်းစုံ ရန်ကုန်မြို့က ခေါ်ပါစီ၊ ငှက်ယောင်ကျေးယောင်၊ အတောင်မပေါက်၊ ပျိုင်(ပျံ)မရောက်၊ ငှက်ကြီးဖောင်စင်း၊ တောမှာနင်း၊ မောင်ချစ်လူပျို၊ နားမည်ဆို။ အထက်ကောင်းကင်၊ အောက်ကောင်းကင်၊ တိမ်ကိုခွဲကေ၊ မဝဲ့ကဲ့’*

ဟူ၍လည်းကောင်း ဖွဲ့နွဲ့သီကုံး ရွတ်ဆိုတတ်ကြပါသည်။

ဓညဝတီ၊ မြောက်ဦးရွှေမြို့တော်မှာအစ စစ်တွေမြို့အစရှိသော မြို့ကြီး၊ ရွာကြီး၊ ရွာငယ်တို့ပါမကျန် ရခိုင်တတိုင်းလုံးတွင်ကား

*(ဆ) အမျည်မျည် (အမယ်မယ်) ၊ မှိုဟင်းရူးဖောင် လားကတ်မယ်။ မှိုဟင်းလဲရူး၊ စူးလဲစူး၊ စူးကိုလဲထွင်၊ အိမ်ကိုလဲရောက်၊ အထွင့်တင်၊ ငယ်လင်စားဘို့၊ မျောက်လက်ညှိုး၊ ကုလားပုဇွန်၊ ညှီနံ့နှင့်၊ အကျွန်မစား၊ ရွှေလင်ပန်းမှာ၊ ကြင်းလို့ထား၊ သူလာကောက်စား၊ ငါလာကောက်စား။ မရှက်မလေ၊ မရှက်မ’*

ဟူ၍လည်းကောင်း။

*(ဇ) အဘာဝါ အဘာဆုံပြောင်းလားလီယင့်၊ အမင်ဝါ၊ အမင်ဆန်ဖွတ်လားလီယင့်၊ ဆန်ဝါ–ဆန်စပါးထောင်လီယင့်၊ စပါးဝါ စပါးကြက်ချေ စားလီယင့်၊ ကြက်ချေဝါ၊ ကြက်ချေစွန်ဘုတ် သုတ်လီယင့်၊ စွန်ဘုတ်ဝါ၊ စွန်ဘုတ်သစ်ခေါင်း ဝင်လီယင့်၊ သစ်ခေါင်းဝါ၊ သစ်ခေါင်းမီးတိုက်လီယင့်၊ မီးဝါ၊ မီးရီဆွတ်ပစ်လီယင့်၊ ရီဝါ–ရီဆင်ပြောင်ကြီး သောက်ရီယင့်၊ ဆင်ပြောင်ကြီးဝါ၊ ဆင်ပြောင်ကြီးတောင်စဉ် လားလီယင့်၊ တောင်စဉ်ဝါ၊ တောင်နနွင်းစိုက်လီယင့်၊ နနွင်းဝါ၊ နနွင်းသက်န်း ဆိုးလီယင့်၊ သက်န်းဝါ၊ သက်န်းမောင်ရှင်ဝတ်လီယင့်၊ မောင်ရှင်ဝါ၊ မောင်ရှင်ပန်းဆွတ်လားခယင့်၊ ပန်းဝါ၊ ပန်းဘုရား တင်လီယင့်၊ ဘုရားဝါး၊ ဘုရားနိဗ္ဗာန်ကူးလီယင့်‘*

ဟူ၍ လည်းကောင်း။ ထိုမှတပါးလည်း –

*(ဈ) ‘အမေ(မျည်)(မယ်)လေ ရောက်မလေ၊ ပြန်ခါရုံခါဟပ်ပါလပ်၊ ထီးနှင့်ထမ်းစင် အယယူခ၊ စံရဖွေ–အိမ်နောက်က၊ အိမ်နောက်က အိမ်ရှင် မင်းကျိုင်းပင်၊ ပင်လယ်ပင်စွတ်၊ ကပိုင်ရွာမှာ လီသွတ်သွတ်နှင့်’*

တနည်း–

*(ည)'နပျိုသီး (ငှက်ပြောသီး) ကျာကျာမှည့်လပ်ပျာ ကြာဇံလင်ချာ (လျှာ) ဆိုလပ်ပျာ၊ ဇီးနန့်(နဲ့)ပြောက်တန် အယင်(လျှင်)ယူခ၊ စံရဖွေ၊ အိမ်ဒေါင့်က၊ အိမ်ရှိက အိမ်ရှင်မင်းကျိုးပင်၊ ပင်လယ်ပင်စွတ်၊ ရခိုင်တိုင်းမှာ၊ လီသွတ်သွတ်နန့်(နဲ့) နီ(နေ)ဘို့ကောင်းရေ'*

ဟူ၍လည်းကောင်း။

ဤယာဉ်းသာခြင်းကို နှစ်မျိုးနှစ်စား အဆိုများကြပါသည်။

ထို(ဈ)အမှတ်ပြ၊ (ည)အမှတ်ပြ ယာဉ်းသားခြင်းများကို နေ့စဉ်ရက်ဆက် မြိန်ရေယှက်ရေ ဆိုတတ်ကြပါသည်။ ဤသာခြင်းများမှာ 'ရခိုင်မင်းလောင်းမျှော်သားခြင်းများ' ဖြစ်ဟန်တူပါသည်။ ငှက်ပျောသီးကို မင်္ဂလာပွဲများအတွက်လည်းကောင်း၊ ဘုရားတရား သံဃာပွဲများနှင့် နတ်ကန္တားပွဲပေးခြင်းများအတွက် လည်းကောင်း၊ အမြတ်တနိုး အသုံးပြုကြသည်မှာ ယခုထက်တိုင် ခေတ်စားလျက်ရှိပါသေးသည်။ သို့ရာတွင် ငှက်ပျောသီးအစိမ်းများကိုလည်း ပွဲတင်ပွဲထိုးကြသည်မှာ ပြီးစလွယ်လုပ်တတ်ကြခြင်းသာ ဖြစ်ပေသည်။ ဝင်းဝင်းကျာကျာ မှည့်မှလည်း မင်္ဂလာရှိပါသည်။

ကြာဇံလင်ချာ(လျှာ)ဆိုလတ်ဗျာ 'မြောက်ဦးမြို့စောင့် နတ်သမီး'ကို ရည်ရွယ်ပြီး ဆိုခြင်းဖြစ်ပါသည်။ လင်လျှာဆိုသည်မှာကား ရခိုင်မင်းလောင်းကို ရည်ရွယ်ပြီး ဆိုခြင်းဖြစ်ပါသည်။ မြောက်ဦးခေတ် ရခိုင်မင်းတို့သည် အဘိသိက်ခံသောအခါက ကြာဇံဒေဝီကိုလဲ မိဘုရားတစ်ပါးအနေဖြင့် အဘိသိက်သွန်းခံရသည်ဟု ကြားဘူးသည်။ ဤလိုရည်ရွယ်၍ အင်္ဂလိပ်မျက်နှာဖြူတို့အား သစ္စာဖေါက်အချို့က အဘိသိက်ခံရန် အကြံပေးသောကြောင့် ရာပသိန်သတ်သည်ပင်လည်း တခါက ကြာဇံဒေဝီနှင့် အဘိသိက်ခံပွဲဝင်ခဲ့သည်ဟု ကြားရဘူးသည်။ ကြာဇံဒေဝီမှာ မြောက်ဦးမြို့ကိုတည်ခဲ့သော ဘုရင်မင်းစောမွန်၏ မိဖုရားခေါင်ကြီးခေါ် တောင်ညာစံဒေဝီ မဟေသီမိဖုရားကြီးဖြစ်သည်။ မြောက်ဦးမြို့ကို တည်သောအခါ အမတ်ပညာရှိဦးမြဝါက စီမံပြီးနှင့် အချိန်နာရီစသည်ဖြင့် စနစ်တကျပြုလုပ်ရသည်။ ဘုရင်မင်းမြတ်နှင့်တကွ မြို့တည်သောအခါတွင် ကြွက်ဖြူသုံးကောင်ကို ကျင်းတူးပြီး အုပ်ထားရသည်။ အချိန်စေ့သောအခါ ကျင်းကိုဖွင့်လိုက်၍ ကြွက်ဖြူများကို ရိုက်သတ်ရသည်။ ရိုက်သတ်သူမှာ သီလစောင့်ထိန်းသူ ဖြစ်သောကြောင့် သေအောင်မသတ်ဘဲ ထားရှိသောကြောင့် ရွှေမြို့တော်နန်းဦးလျှာတိုင်တော် မစိုက်ရတော့ချေ။ အမှန်မှာ ထိုကြွက်ကိုသတ်၍ သေသောနေရာမှာ နန်းဦးလျှာတိုင်တော် စိုက်ထူရမည် ဖြစ်ချေလည်း။

ထိုအခါ အမတ်ပညာရှိဦးမြဝါက ယခုအချိန်လွဲသွားပြီ လူတစ်ဦးတစ်ယောက်

၏ အူကိုဖေါက်၍ ဤနေရာမှာတိုင်စိုက်ပြီး အူကိုဖေါက်သူ၏အူဖြင့် ရစ်ပတ် လျှက် မြောက်အရပ်သို့ ပြေးသွားရမည်။ ထိုလူ လဲကျသေဆုံးသောနေရာမှာ နန်းဦးမင်္ဂလာတိုင်တော် စိုက်ထူရမည့်အကြောင်းကို ဘုရင်မင်းစောမွန်အား လျှောက် ထားသံတော်ဦးတင်သောအခါ ဘုရင်မင်းစောမွန် အူကိုထုတ်၍ အသက်အသေ ခံမည့်သူကို အမြန်ရှာပေးရမည်ဟု အမတ်ပညာရှိများအား အမိန့်တော်ရှိရာ အနီးတွင်ရှိသော ကြာဖံဒေဝီမိဖုရားခေါင်ကြီးက ဘုရင့်နမတော် ကြာဖံဒေဝီကိုယ် တိုင် အသက်ကိုပဓာနမထားဘဲ တိုင်းကျိုးပြည်ကျိုးအတွက်ဖြစ်အောင် အသေခံ ပါမည်ဟု သံတော်ဦးတင်လေရာ ဘုရင်မင်းမြတ်နှင့်တကွ အမတ်ပညာရှိများက နောက်ဆုံး သဘောတူကြရလေသည်။

ထိုမိဖုရားကြီးလည်း မိမိ၏ရင်ဝကို သံလျက်တော်ဖြင့်ခွဲစိတ်ပြီး အူကိုဆွဲ ထုတ်၍ တဖန် မြို့ချာတိုင်မှာ အူဖြင့်မြဲမြံစွာရစ်ပတ်၍ မြောက်အရပ်သို့ အူတဆုံးပြေးပြီးလျှင် မိဖုရားကြီးကြာဖံဒေဝီ လဲကျသေဆုံးနေရာမှာ နန်းဦးမင်္ဂ လာတိုင်တော် စိုက်ထူရလေသည်။ ကြာဖံဒေဝီ၏ နတ်အရုပ်ကိုလည်း မြို့စောင့်နတ် အဖြစ် တရိုတသေ ကိုးကွယ်၍ထားကြလေသည်။ ယခု မြောက်ဦးမြို့ဟု ခေါ်ကြ သော်လည်း အမှန်မှာ မြောက်ဘက်သို့ အူတဆုံးရှိ နှောင်ပြေးသည်ကိုအစွဲပြု၍ 'မြောက်အူမြို့'ဟုခေါ်ခဲ့ကြပြီး ကာလရွေ့လျှောလာသောကြောင့် မြောက်အူမှ မြောက်ဦးသို့ လွဲပြောင်းခေါ်လာကြသည်ဟု ဆိုကြပါသည်။ မျောက်နှင့်ဥဒေါင်းတို့ သင့်မြတ်သောနေရာ၌ မြို့တည်ရှိသောကြောင့် မြောက်ဥမှ မြောက်ဦးတွင်လာ သည်ဟု ဆိုကြသည်မှာ ယုတ္တိလဲမရှိ၊ သဘာဝလဲမကျ ဆင်ခြင်စဉ်းစားကြလေ။

'ဓီးနှင့်ပြောက်တန်အလျှင်ယူခ၊ စံရဖွေအိမ်နောက်က (ဝါ)ထီးနှင့်ထမ်းစင် အလျှင်ယူခ၊ စံရဖွေအိမ်နောက်က ...' ဆိုသည်တို့မှာ ပေါ်လွင်လှသည်ဟုဆိုပါ သည်။ သို့ရာတွင် သဘောတရားအမှန်ကို သိမြင်ကြရန် အနည်းငယ် ဝေဖန်ရေး သားရပေမည်။ ပဌမစာပိုဒ်မှာ 'အထက်အမည်ပါသူသည် အမြဲတမ်း ချောင်းမြောင်း နားထောင်တတ်၊ သစ္စာဖောက်တတ်သောကြောင့် ဓီးခက် ရံထားကြစို့(ဝါ) ဓီးခေါ် သော ရက်ကန်းရှည်သည့်အခါအသုံးပြုသော ပြောက်တန့်ဖျားမှာ တပ်ထားသည့် ဦးပြိုချွန် (ဝါ)သားရိုးချွန်ရှိသော ဝါးလုံးသျှေခေါ် ဝါးလုံးငယ်တလုံးယူခဲ့လော။ ချောင်းမြောင်းတတ်သော ထိုသူ၏မျက်စေ့ကို ပြောက်တန်ဖြင့် ဖောက်ထိုးလိုက် ကြစို့'ဟူသော အဓိပ္ပါယ်ကိုဆောင်ပါသည်။ ဒုတိယစာပိုဒ်မှာ သစ္စာဖောက်တပည့် များတို့က စံရဖွေကိုပင် မင်းလောင်းအဖြစ်နန်းတင်ရန် အဓိပ္ပါယ်ကိုဆောင်လေ အောင် ဖုံးဖိသောသဘောဖြင့် ပဌမစာပိုဒ်ကိုဖျက်ဆီးခြင်း ဖြစ်ဟန်တူပါသည်။ 'အိမ်ဒေါင့်ကအိမ်ရှင် မှင်းကျိုးပင်'ဆိုသည်မှာ မှင်းကျိုးပင်ကဲ့သို့ တပင်လုံးချဉ်

သော သဘောရှိသကဲ့သို့ လည်းကောင်း၊ သစ္စာဖောက်တို့၏ အသင်းအပင်းများ ကို ကြည့်ရှောင်ကြပါ'ဟူသော သဘောကိုဆောင်ပါသည်။

'ပင်လယ်ပင်စွပ်'ဆိုသည်မှာ ၎င်းစံရဖွေတို့မှာ ပင်လယ်ပင်စွပ်ခေါ်သော ပင် လယ်ကမ်းပါးရှိ သတ္တဝါတမျိုးကဲ့သို့ 'ဟိုမှာတခွန်း၊ သည်မှာတခွန်း၊ အကန်းတောင် ဝှေးစီသို့'ဟူသော ဒေးဝန်ကြီးဦးအောင်ကျော်ရှီ၏ ရတုကဲ့သို့ ခရုခွံသို့ဝင်ကာ၊ (ကယု)ခွံသို့ဝင်ကာ၊ ကယုအသွင်ကိုယူတတ်သူပမာ၊ မတည်ကြည်သူများဖြစ်ကြ သည်ဟု ဆိုလိုသည်။ 'သစ္စာဖောက်တို့သည် အဘယ်မျှ ကုန်းတိုက်စေကာမူ ရခိုင်တိုင်းသူတိုင်းသားအပေါင်းတို့မှာ အေးချမ်းသာယာပါသည်။ နာပျော်ပါဘွယ် လည်း ကောင်းပါသည်'ဟူသောအဓိပ္ပါယ်အစား ယခု ဗုဒ္ဓါမော်ခေါ်သော ကပိုင် ရွာရှိ အင်္ဂလိပ်အစိုးရနှင့်(သစ္စာဖောက်တဦး၏နေရာ) အလွန်းသင့်သူများနေရာမှာ ကား၊ ရာထူးဌာနန္တများဖြင့်နေရပြီး လေတဟူးဟူးရရှိပါသည်။ (ဝါ)သူတို့တစ်စု ကား ချမ်းသာစွာနေကြနိုင်၏။ ငါတို့ရခိုင်တတိုင်းလုံးရှိ ရခိုင်များမှာကား နေ ချင်စရာမကောင်း၊ ဒုက္ခအပေါင်းနှင့်သာ ကြုံနေရသည်ဟူလိုသည့်သဘောကို အ များစုဆိုသော ယာဉ်းသာခြင်း၏အဓိပ္ပါယ်စကားကို မဆောင်လို၍၊ 'ရခိုင်တိုင်းမှာ လီသွတ်သွတ်နှင့် နီဘို့ကောင်းရေ'ဆိုသောစကားအစား 'သစ္စာဖောက်တို့က ကပိုင်ရွာ မှာ လီသွတ်သွတ်နှင့် နီဘို့ကောင်းရေ'ဟူ၍ ဖာထေးခြင်းသာဖြစ်မည်ဟု ယူဆ ပါသည်။

ထို့ပြင်

*(၃)'မိုးရွာရေစာဘူးတောင်း၊ အောက်သားသီ ဖင်ဟောင်းလောင်း'*

စသည့် ရခိုင်ယာဉ်းသားခြင်းများ များစွာပင်ရှိပါသေးသည်။ အခါအခွင့် ကြုံ၍ ရှာဖွေတင်ပြလိုက်ပါဦးအံ့။

*(၄)'အဘုသျှေ့ငိုရေပုခက်က၊ ကြောင့်သျှေမြည်ရေ အိမ်ဒေါင့်က၊ အိမ်နောက်ကအိမ်ရှင် မှင်းကျိုးပင်၊ ပင်လယ်ပင်စွပ်၊ ကပိုင်ရွာမှာ လီသွတ် သွတ်နန့်(နဲ့)၊ လီသွတ်သွတ်ကယ်၊ ဘောင်းခေါက်တယ်၊ မင်းတရားအိမ် က၊ ဘုတ်ဆုံမထိုင်လို့။ မမြဲ၊ ကွမ်းယာကျွေး၊ ဘဲဥလက်ဆောင်၊ စာတ စောင်နန့်၊ ခဝါသည်၊ ရွှေအိမ်လမ်းက တောင်ပေါ်ကသခွားသီး ဒါးကလေး နန့်၊ လှီးပီးလို့၊ ငရုပ်သီး နားမှာပန်–နံနံရွက်ကို တို့လို့စား၊ ဒိုး ဒိုး … အလိုလိုက်၊ ခွေးမိုက်မသား'*

ဤ(၄)အမှတ်ပြ ယာဉ်းသာခြင်းသည် သာဘာဝအကျဆုံး ဖြစ်မည်ထင်ပါ သည်။ အဘယ်ကြောင့်ဆိုသော် အဘုသျှေဟု သားငယ်ကလေးကို ချစ်တော့တော့ ၍ ခေါ်ခြင်း၊ကျူကျူမွှေးခြင်းစသည်ဖြင့် ချော့မော့ပြီး တခါ ပုခက်တွင်သိပ်ပြီး

သော ကလေးငယ်ကို မအိပ်ဘဲနေ၍၊ ကြောင်သျှေမြည်ရယ် အိမ်ဒေါင့်ကဟု၊ ခြောက်လှန့်ခြင်းသဘောဖြင့် သားလေးကိုသိပ်ရင်း၊ ရွတ်ဆိုခြင်းဖြစ်သောကြောင့် တည်း။ လီသွတ်သွတ်ကန်၊ ဘောင်းစောက်တန်းအစရှိသော ယာဉ်းသာခြင်းမှာ လဲ၊ ကွမ်းကြိုက်တတ်သော အိမ်ရှင်ကြီး အရာရှိအထက်တန်းစား အိမ်ရှင်မ(ဝါ) အစေခံမကြီးမှာ ထိုင်နေဘို့ရာအချိန်မရ၊ ကွမ်းတစ်ယာပြီးတစ်ယာ၊ ဆက်သနေရ လို့၊ စွဲနေသောခဝါသည်ကား ဘဲဥကို လက်ဆောင်ပေးရင်း ရည်းစားစာပေးသည် ဟူလိုသည်။

တတိယအပိုဒ်မှာ တဘက်သားကို နှိမ့်ချဆဲဆိုခြင်းသဘောသက်သက် ဖြစ်သ ဖြင့် ယာဉ်းသာခြင်းဆိုရသော်လည်း နူးညံ့ပျော့ပျောင်း သာယာနာပျော်ဘွယ်သ ဘောကိုကား မဆောင်ပါ။

> *(၄) 'အဘာကြီးဝါဝါ၊ တောင်ယာလမ်းကမြင်းစီးလို့လာ၊ နမသန္တာ ငွေဖလားနန့်၊ ကွမ်းယာလို့ပါ၊ ငါ့ကို တစ်ယာမပီးလား၊ ကျွန်(ကွန်)ဆိုးမ သမီး ဂျိမ်းဂျိမ်း'*

ဟူ၍လည်း ရွတ်ဆိုကြပါသည်။ ဤယာဉ်းသာခြင်းမှာ ပန်းဝှက်ခြင်းများ နှင့် များစွာတူလှပါသည်။ ထို့ပြင်

> *(၅) 'ဝရစ်တောင်စေတီ၊ လုံးပတ်ညီ၊ လုံးညီ သင်္ကရာဇ်၊ အဖျားသျှေ မှာ ရွှေကွန်းရစ်လို့၊ ဂေါတမဘုရား၊ ဖူးဖောင်လားခါ၊ မြနားရွှေငင်း သွယ်သွယ်၊ စိန်နားရွှေငင်းလိပ်လက်၊ ကျောက်ကန်ပေါင်မှာ အန်စာထိုး၊ ကျလို့ကွဲ၊ မိကိုမိလက်ဖ လက်ကိုကိုင်၊ မိစံဝေ၊ မယ်နားရွှေငင်းမရနိုင်၊ ဇာခါဇာလ,ဝတ်ရမေ နှင်းစိုစိုပြာသိုလမှာ၊ ဝတ်ရမည်လေး ... ဝတ်ရ မည်'*

ဤသို့ဖြင့် စသည်ဖြင့်လည်း များစွာပါရှိသေးသည်။

**ဉာဏဝတီအရှင်ရဝိန္ဒ**

*မှတ်ချက်။ ။ဤဆောင်းပါးကို ရခိုင့်တန်ဆောင်မဂ္ဂဇင်း (၁၉၆၀-၆၁) တွင် ဖော်ပြဘူးသည်။*

# ရခိုင်စကားပုံနှင့် စကားစုများ

လူတို့သည် ရှေးမိဘဆွေမျိုးများ၊ အစဉ်အဆက် ပြောဆိုစကားများကို ဆက်ခံ၍ ပြောဆိုလာကြသည်။ ယင်းအပြင် မိမိတို့နေ့စဉ်နှင့်အမျှ ထိတွေ့လုပ်ကိုင်နေရသော ရုပ်ဝတ္ထု ကိရိယာတန်ဆာများနှင့်ဆက်စပ်၍ ချဲ့ထွင်သုံးစွဲလာကြသည်ကို တွေ့ရပါသည်။ ထိုသို့ချဲ့ထွင်သုံးစွဲလာသောစကားများမှာ လက်တွေ့အခြေအနေနှင့် အစပ်အဟပ်ဆုံးတို့ဖြစ်ကြသဖြင့် အဓိပ္ပါယ် ပေါ်လွင်ထင်ရှားပေသည်။ မိမိတို့ ဘဝအခြေအနေနှင့် စပ်ဟပ်၍သုံးစွဲကြသော စကားပုံနှင့်စကားစုများမှာ၊ ရခိုင်အမျိုးသားအမျိုးသမီးများ နေ့စဉ်နှင့်အမျှ ပြောဆိုနေကြသော စကားရပ်များကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။

မျက်မှောက်ကာလ ရခိုင်အမျိုးသား၊အမျိုးသမီးများပြောဆိုနေကြသော စကားပုံနှင့်စကားစုများသည် လူ့အကြောင်းသာမက အခြားသက်ရှိသက်မဲ့တို့ အကြောင်းအဖြစ်အပျက် **(INCIDENT)** အကြောင်းအရာများလည်း ပါဝင်ကြပါသည်။ မိမိတို့ဝန်းကျင် အဖြစ်အပျက်များတို့နှင့် ဆက်သွယ်နေကြပုံ၊ လူ့ဘဝအဖွဲ့ **(CHARACTER)**နှင့် ကာလဒေသစသည့် အခြေမူတည်၍ ပေါ်ထွန်းလာသည်ကို အထင်အရှားတွေ့ရပါသည်။ ရခိုင်လယ်သမားများ နေ့စဉ်တွေ့ထိပြောဆိုကြသည့် စကားများသည် ယနေ့ရခိုင်အမျိုးသား အသိုင်းအဝိုင်းထဲတွင် ထိုးဖောက်ဝင်ရောက်နေသည်ကို တွေ့ရပေသည်။ ထို့အတူ အိမ်ရှင်မများ၏လက်သုံးစကားများ၊ ဘုန်းကြီးကျောင်းသားများ၏ နေ့စဉ်ပြောဆိုနေကြသည့်စကားများ၊ ဈေးသူဈေးသားများ၏ နေ့စဉ်ပြောဆိုနေကြသည့် စကားတို့သည်လည်း ယနေ့ရခိုင်အမျိုးသားအမျိုးသမီးများ၏ လက်သုံးစကားအဖြစ် တွင်တွင်ကြီးအသုံးပြုနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ မိမိတို့၏ တွေ့ထိပြုလုပ်နေသည့်အခြေခံကိုထားသဖြင့် ထိုစကားပုံများနှင့်

စကားစုများသည် တမဟုတ်ချင်းပျံ့နှံ့မှုများ ဖြစ်ပေါ်စေပါသည်။ ယင်းတို့သည် အဓိပ္ပါယ်လေးနက်ပြီး တိုက်ရိုက်အဓိပ္ပါယ်နှင့် သွယ်ဝိုက်အဓိပ္ပါယ်များ ပါရှိနေပေသည်။ စာပေဆန်သောအကြောင်းအရာများကိုလည်း လေ့လာခြင်းအားဖြင့် သိရှိစေနိုင်ပါသည်။

ယနေ့ ရခိုင်အမျိုးသား၊အမျိုးသမီးများပြောဆိုနေကြသော စကားပုံနှင့်စကားစုများသည် အနက်တန်ဆာနှင့်ပြည့်ဝသဖြင့် အတ္တာလင်္ကာရ မြောက်ပေသည်။ ဂုဏ်ချင်းတူသောအကြောင်းအရာများကို ထပ်တူပြုကာ တွဲဘက်ပြောဆိုကြသဖြင့် ရူပကအလင်္ကာမြောက်သည်ဟု ဆိုရပေမည်။ တချို့သောအကြောင်းကိစ္စများကို တိုက်ရိုက်မပြောဆိုဘဲ သွယ်ဝိုက်၍ပြောဆိုကြသည်။ ယင်းကြောင့်လည်း ဝင်္ကဝုတ္တိ အလင်္ကာမြောက်ကြောင်းကို သတိပြုမိပါသည်။ ဥပမာ ခိုင်းနှိုင်းပြောဆိုသော စကားများကိုလည်းတွေ့ရသဖြင့် ယင်းတို့သည် ဥပမာအလင်္ကာမြောက်ကြောင်းကို သတိပြုမိပါသည်။ သို့ဖြစ်ရကား ယင်းတို့ကိုလေ့လာဆည်းပူးခြင်းဖြင့် ရခိုင်တို့၏ ဓလေ့၊ ရခိုင်တို့၏ စိတ်နေသဘောထားနှင့် ယဉ်ကျေးမှုအဆင့်အတန်းကိုလည်း သိရှိနိုင်ပါသည်။ စကားနှင့်စာပေမှာ ဆက်စပ်နေရကား ရခိုင်အမျိုးသားတို့၏ စကားကို သိရှိနိုင်ခြင်းဖြင့် ရခိုင်စာပေကိုလည်း လေ့လာနိုင်ရန် တဆင့်တက်လှမ်းနိုင်မှုအတွက် အထောက်အကူတစ်ရပ်လည်း ဖြစ်ပေသည်။

ရခိုင်အမျိုးသားအမျိုးသမီးတို့ ပြောဆိုနေကြသောစကားအသံများမှာ မြန်မာတို့ ပြောဆိုသည့်အသံနှင့်မတူ ကွဲပြားသည်ကို စကားပုံနှင့်စကားစုများတို့ကို မတင်ပြမီ ကြိုတင်သိထားဘို့ လိုအပ်ပါသည်။ သို့မှသာ ရခိုင်စကားပုံများနှင့် စကားစုများ၏အဓိပ္ပါယ်ကို ကွဲပြားခြားနားစွာ နားလည်နိုင်ပါမည်။ သို့ဖြစ်ရကား ရခိုင်တို့၏ အသံနေအသံထားနှင့် ပြောဆိုပုံ၊ ရေးသားပုံတို့ကို မြန်မာတို့၏အသံနေ အသံထားနှင့် ပြောဆိုပုံ၊ ရေးသားပုံတို့ကိုနှိုင်းယှဉ်၍ ပထမဦးစွာတင်ပြပါမည်။

ရခိုင်တို့၏ 'အီ'ကာရန်နှင့် ရေးသားပြောဆို ရွတ်ဖတ်ကြသည်များကို မြန်မာတို့က 'အေ'ကာရန်နှင့် ရေးသားပြောဆို ရွတ်ဖတ်ကြပါသည်။

**<u>ပုံစံဆိုရသော်</u>**

| ရခိုင် | မြန်မာ |
|---|---|
| ရီ | ရေ |
| လီ | လေ |
| အီး | အေး |

စသည်ဖြင့် ဖြစ်ပါသည်။

ရခိုင်တို့သည် 'အိုင်'ကာရန်နှင့် ရေးသားပြောဆို ရွတ်ဖတ်ကြသည်ကို မြန်မာတို့က 'အည်'ကာရန်နှင့် ရေးသားပြောဆို ရွတ်ဖတ်ကြပါသည်။

**ပုံစံဆိုရသော်**

| ရခိုင် | မြန်မာ |
|---|---|
| ပျိုင်ပြား | ပျဉ်ပြား |
| လိုင်ဖင်း(ပင်း) | လည်ပင်း |
| အစီစိုင် | အစီစဉ် |

စသည်တို့ဖြစ်ပါသည်။

တဖန် ရခိုင်တို့၏ 'အိုက်'ကာရန်နှင့် ရေးသားပြောဆိုရွတ်ဖတ်ကြသည်ကို မြန်မာတို့က 'အစ်'ကာရန်နှင့် ရေးသားပြောဆို ရွတ်ဖတ်ကြပါသည်။

**ပုံစံဆိုရသော်**

| ရခိုင် | မြန်မာ |
|---|---|
| စိုက် | စစ် |
| ပိုက် | ပစ် |
| လိုက် | လစ် |

စသည်တို့ဖြစ်ပါသည်။

ထို့အပြင် 'အ'ကာရန်နှင့် ရခိုင်တို့ ရေးသားပြောဆို ရွတ်ဖတ်ကြပုံကို မြန်မာတို့က 'အု'(ဦး)ကာရန်နှင့် ရေးသားပြောဆို ရွတ်ဖတ်ကြသည်ကို တွေ့ရပါသည်။

**ပုံစံဆိုရသော်**

| ရခိုင် | မြန်မာ |
|---|---|
| လပျို | လူပျို |
| ရဝခွက် | ရေအိုးခွက် |
| ဆမြစ် | ဆေးမြစ် |

စသည့်ဖြင့် ရွတ်ဖတ်ရေးသားကြပါသည်။ 'လပျို'ဟု ရခိုင်တို့ရွတ်ဖတ်ရာတွင် 'လပျို'ဟု 'လ'ကိုဖတ်ပြီး 'ပျို'ကိုဖတ်သည်မဟုတ်ဘဲ၊ 'လ'ရော 'ပျို'ကိုပါ တစ်ပါတည်းရော၍ 'လပျို'ဟူ၍ဖတ်ကြသည်။

ဤကဲ့သို့ ရခိုင်နှင့်မြန်မာတို့ အသံပြောင်းရေးသားရွတ်ဖတ်ပုံများကို တင်ပြပြီးနောက် ရခိုင်အမျိုးသားအမျိုးသမီးများ နေ့စဉ်ရက်ဆက် ပြောဆိုသုံးစွဲနေကြသော

စကားပုံနှင့် စကားစုများကို လေ့လာပြုစုတင်ပြပါမည်။ ယင်းတင်ပြချက်တွင် ပျော့ကွက်၊ ဟာကွက်များရှိနေခဲ့ပါလျှင် ကျွန်တော်၏ လေ့လာအားနည်းချက်တရပ်ဟူ၍သာ သတ်မှတ်စေလိုပါသည်။ ရခိုင်အမျိုးသားအမျိုးသမီးများ၏ ရခိုင်စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် စကားများကို နှစ်နှစ်ကာကာ မလေ့လာရသေးဟူ၍သာ ကောက်ချက်ချ မှတ်စေလိုပါသည်။

***ကျမွိ့ကိုထရံရက်–ရက်လို့***

စကားအပြောအဆို ခက်ထန်သူ၊ သူတပါးနှင့်စကားပြောဆိုရာတွင် အဆီအငေါ်တည့်အောင် မပြောတတ်သူများကို ယင်းသို့ခိုင်းနှိုင်း ဥပမာပေး၍ ပြောတတ်ကြပါသည်။

'ကျမွိ့ကိုထရံရက်ရက်လို့'၏ မြန်မာအဓိပ္ပါယ်သည် 'ကျည်ပွေ့ကို အကာအရံအတွက် ရက်လုပ်သကဲ့သို့'ပင်ဖြစ်ပါသည်။ အကာအရံအတွက် ဝါးများနှင့်သာ ရက်လုပ်၍ရသော်လည်း၊ ကျည်ပွေ့နှင့်ကား ရက်လုပ်၍မရနိုင်ဘိသကဲ့သို့ သူတပါးနှင့်ပြောဆိုဆက်ဆံရာမှာ အဆင်မပြေသူများကို ပြောဆိုရာ၌ အထက်ပါအတိုင်း ပြောဆိုတတ်ကြပါသည်။

***ကိုင်းဖြတ်***

သစ်ပင်တို့၏ အကိုင်းအခက်များကို ပိုင်းဖြတ်ထားခြင်းကို ဆိုလိုပါသည်။ ဤသို့ဖြတ်ထားသော သစ်ပင်များမှာ တုံးတိတိနှင့် ဖြစ်နေတတ်ပါသည်။ ကြည့်၍မကောင်း၊ ရှု၍မကောင်းသောအသွင် ပေါ်နေသည်။ အရိပ်အာဝါသလည်း ကင်းမဲ့၍ရှိပေသည်။

လူတို့မှာလည်း စကားပြောဆိုရာတွင် တချို့သည် ငုံးတိတိနှင့် ပြောလေ့ရှိပါသည်။ တဖက်သူတို့အဖို့ အခံရခက်သော စကားများဖြစ်ချေသည်။ အဆီအငေါ်မတည့်သော စကားများဖြစ်ပါသည်။ ထိုသို့ အဆီအငေါ်မတည့် ငုံးတိတိပြောသူများကို အကိုင်းအလက်ဖြတ်ထားသော သစ်ပင်များသဘောကို ခိုင်းနှိုင်းတင်စား ပြောဆိုတတ်ကြပါသည်။ 'သူစကားပြောလို့ရှိကေ ကိုင်းဖြတ်ကြီးနဲ့ပြောရယ်'ဟု ပြောဆိုတတ်ကြပါသည်။ 'ကိုင်းဖြတ်'ဆိုသော စကားစုသည် တိုက်ရိုက်အဓိပ္ပါယ်ရော၊ သွယ်ဝိုက်အဓိပ္ပါယ်ပါ ပေါ်လွင်ပေသည်။ သိပ်သည်းကျစ်လစ်ခြင်းလည်း ရှိပါသည်။ ဝန်းကျင်ဖြစ်ရပ်နှင့် လူတို့၏ မျက်မြင်လက်တွေ့ကျသော စကားတရပ်လည်း ဖြစ်ပါသည်။

***ဂိုင်းတုတ်***

ဤစကားစုမှာ မော်တော်ကားသမားများထံမှရရှိသော စကားစုဖြစ်ပါသည်။ မော်တော်ကားသမားများသည် အများအားဖြင့် မိမိတို့၏မော်တော်ကားများကို အပေါ်မှနေ၍ စက်ခလုတ်ကိုဖွင့်ကာ စက်နှိုးလေ့ရှိကြပါသည်။ လွယ်လွင့်တကူ နှိုးနိုင်သော မော်တော်ကားများကိုသာ မောင်းလိုပါသည်။ သို့ရာတွင် လွယ်လင့်တကူ တခါတလေ နှိုး၍မရနိုင်ချေ။ ထိုအခါ အကူကို ပြင်ပမှ လိုအပ်လာတော့သည်။ အသင့်ထားရှိသော ကရိယာ'သံတုတ်'(ဝါ)'သံဂိုင်း'ကိုယူ၍ စက်ကိုနှိုးရလေသည်။ 'သံဂိုင်း'ကို မော်တော်ကားစက်ခေါင်းအရှေ့ဘက်တွင် ထားရှိသောအပေါက်မှထိုးသွင်းပြီး တုတ်ကာ၊တုတ်ကာ လှည့်ယူရလေသည်။ ယင်းသို့သော စက်များကို လွယ်လင့်တကူနှိုး၍မရသော မော်တော်ကားများကို 'ဂိုင်းတုတ်'ဟု ခေါ်ကြသည်။

ဤကဲ့သို့ သဘောကိုယူ၍ မိမိ၏အစွမ်းသတ္တိဖြင့် လုပ်ဆောင်၍မရနိုင်ဘဲ တခြားတစ်ဦးတစ်ယောက်၏ အကူအထောက်အပံ့သော အင်အားဖြင့်ပြီးမြောက်စေသည်။ အောင်မြင်စေသည်။ ထိုလူများကို 'ဂိုင်းတုတ်'ဟု ခေါ်စမှတ်ပြုကြလေသည်။ အနက်အဓိပ္ပါယ် ပြောင်လှသည်။ လေးနက်မှု အပြည့်အဝရှိသည်။ ကျစ်လစ်သိပ်သည်းမှုရှိသည်။ စာသံပေသံ ပါလှသည်။ သို့ရာတွင် မထင်မရှား သိမ်ဖျင်းသောကိစ္စများတွင်သာ အသုံးများလျက် ရှိနေရာသည်။

***ငပိုင်းကိုင်းတင်***

ငါးအပိုင်းသည်၊ အကိုင်းမှာ တင်နေခြင်းကို ဆိုလိုပါသည်။ လယ်ကန်သင်းများထဲတွင်နေထိုင်ကြသော ငါးများသည်၊ မိုးအကုန် ဆောင်းအကူးရာသီချိန်တွင် ကန်သင်းတစ်ခုမှတစ်ခုသို့ ခုန်ကူးလေ့ရှိကြသည်။ ယင်းသို့ ငါးများ ခုန်ကူးကြသည်မှာ နေပူရှိန်ကြောင့် ရေများခန်းခြောက်လာသဖြင့်၊ ရေများရာဘက်သို့ ခုန်ကူးကြခြင်း ဖြစ်ပါသည်။ ထိုငါးများကိုစောင့်ဆိုင်းပြီး လူများ ရိုက်ခုတ်လေ့ရှိကြပါသည်။ ရခိုင်လယ်သမားများက 'ငါးခွပ်သည်'ဟု ဆိုကြပါသည်။ ထိုသို့ ငါးများကိုခုတ်ရာတွင် တချို့ငါးများသည် လူးလွန့်တွန့်ခုန်မှုအရှိန်ကြောင့် အပိုင်းပိုင်းထွက်လေ့ရှိသော အပင်ငယ်များအပေါ်တွင် တခါတလေ တင်ကျလေ့ရှိပါသည်။ ထိုငါးပိုင်းမှာ ရေသို့လည်းမကျ၊ ကုန်းမှာလည်းမတင်ဘဲ ရှိနေသည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

လူတို့မှာလည်း ငယ်ရွယ်စဉ်အခါက ပညာသင်ချိန်တွင် ပညာသင်အခွင့်လမ်းဆုံးပြီး၊ မိမိ၏အသက်မွေးဝမ်းကြောင်းမှုအတွက် လုပ်ငန်းခွင်သို့ ဝင်ရောက်

ရသူများရှိကြပါသည်။ ယင်းသူများမှာ ငယ်ရွယ်သူများဖြစ်ခြင်းကြောင့် မိမိ၏ လုပ်ငန်းခွင်မှာလည်း စိတ်ဝင်စားမှု နည်းပါးလေသည်။ ပညာကိုလည်း ဦးထိပေါက် အောင်မသင်ရသဖြင့်၊ စိတ်လေလွင့်မှုများ ဖြစ်တတ်ပါသည်။ ပညာလည်း ကောင်း မွန်စွာမတတ်၊ အလုပ်ကိုလည်း စိတ်ဝင်စားမှုနည်းပါးပြီး၊ ထိုမရောက်၊ဤမရောက် ဖြစ်ရချေသည်။ ထိုအခြေအနေ၊ အကျဉ်းအကျပ်မျိုး ကျရောက်နေသူများကို 'ငါး ပိုင်းကိုင်းတင် ဖြစ်နီရယ်'ဟု ဆိုစမှတ်ပြုကြပါသည်။

***ငမန်း***

'ငမန်းကောင်'ကို ခေါ်ခြင်းဖြစ်ပါသည်။ ငါးမန်းသည် ရေသတ္တဝါများတွင် ကြောက်စရာအကောင်းဆုံးသတ္တဝါအဖြစ် အများကသိရှိကြပါသည်။ ပုံသဏ္ဌာန် ကပင် ကြမ်းကြုတ်သောအသွင်ကို ဆောင်နေပေသည်။ မာသည်။ ခက်သည့်အ သားအရေများ ရှိပေသည်။

ငါးမန်းကောင်း၏ ကြမ်းကြုတ်ခက်ထန်မှု သဘောကိုယူ၍၊ ရခိုင်အမျိုး သား အမျိုးသမီးများသည်၊ လူအမူအကျင့်ရိုင်းစိုင်းသော၊ ဆက်ဆံမှုအဆင်မပြေ သောသူများကို 'ငမန်း'ဟူ၍ ခေါ်တတ်ပါသည်။ အခေါ်ခံရသူများအဘို့ အလွန်အခံ ရခက်သောစကားစု၊ စကားရပ်မျိုးဖြစ်ပါသည်။ တဘက်သားအား တင်စီး၍သော် လည်းကောင်း၊ နှိမ့်ချ၍သော်လည်းကောင်း ပြောဆိုသောစကားများတွင် အသုံးများ ပါသည်။

***သရွေးကို မကိုက်နန့်တိုက်ထားရေအရုပ်***

'ငါးသရွေးကို မီးပူနှင့်တိုက်ထားသည့်ရုပ်'ဟူ၍ ဖြစ်ပါသည်။ မြန်မာတို့က သရွေးကို 'ငါးတံခွန်'ဟုခေါ်ကြပါသည်။ ငါးသရွေးမှာ ပါးပါးချပ်ချပ်ဖြစ်ပြီး၊ အရိုးများ၍ အသားနည်းသော ငါးတမျိုးဖြစ်ပါသည်။ ယင်းငါးများကို မီးတွင်ဖုတ် ပြီး ငရုပ်သီးနှင့်သုတ်စားပါက၊ အလွန်ကောင်းသော ငါးတစ်မျိုးဖြစ်ပါသည်။

သရွေးအကြောင်းကို ရှင်းပြီးနောက် 'မကိုက်'အဓိပ္ပါယ်ကို ရှင်းရပါဦး မည်။ 'မကိုက်'မှာ မီးနှင့်ကိုက် စကားနှစ်လုံးကိုပေါင်း၍ ခေါ်ထားသောပစ္စည်း ဖြစ်ပါသည်။ မြန်မာများက 'မီးပူ'ဟု ခေါ်ပါသည်။ မီးအဓိပ္ပါယ်မှာ ထင်ရှား သဖြင့် ထပ်၍မရှင်းတော့ပါ။ 'ကိုက်'မှာ လက်သမားများ သစ်သားကို အချောတိုက် သော 'ရေပေါ်ထိုးကရိယာ'ကို ခေါ်ခြင်းဖြစ်ပါသည်။ အချောတိုက်ခြင်းကိုလည်း 'ကိုက်တိုက်သည်'ဟု ဆိုကြပါသည်။ အကျီများကိုမီးပူတိုက်ရာမှာလည်း ချောမွေ့ညီ ညာအောင် မီးပူဖြင့် သစ်သားကို ရေပေါ်ထိုးသကဲ့သို့ ထိုးပေးရလေသည်။

မြန်မာတို့က 'မီးပူတိုက်သည်'ဟုခေါ်ကြ၍ ရခိုင်များက 'မကိုက်တိုက်သည်' ဟု ဆိုကြပါသည်။

ပါးပါးချပ်ချပ်သဏ္ဌာန်ရှိသော သေရွေးကို မီးပူနှင့်တိုက်ခဲ့ပါသော် ပြားချပ်ပါးလွှား၍ နေတော့မည်ဖြစ်ပါသည်။ လူတို့မှာလည်း အလွန်ပိန်သောသူများရှိတတ်ပါသည်။ ထိုလူများကို ငါးသရွေး(ငါးတံခွန်)ဟူ၍လည်း ခေါ်ကြပါသည်။ ထိုထက်လွန်ပြီး 'သေရွေးကို မကိုက်တိုက်ထားရေရုပ်'စသည်ဖြင့်လည်း ခေါ်တတ်ပါသည်။ ယင်းသည်မှာ အဓိပ္ပါယ်ပြည့်ဝပြီး၊ ဟာသပါပေသည်။ တဘက်လူတို့၏စိတ်ကိုလည်း၊ မခံချိမခံသာအောင် ဖြစ်စေပါသည်။ စကားလုံးရွေးချယ်ပုံ ပြောင်မြောက်ပါသည်။

***ဆန်စိုင်ရာ၊ ကျုမ္မိမလိုက်နိုင်***

ဆန်ကို လက်နှင့်ထောင်းဖွပ်သည့်ကိစ္စကို ရခိုင်ကျေးလက်များတွင် ယခုထက်တိုင် တွေ့ရပေသည်။ ဆန်ထောင်းရာတွင် ဆုံမှာ ဆန်ကိုထည့်၍ ကျည်ပွေ့နှင့် ထောင်းရပါသည်။ ထိုကဲ့သို့ဆန်ဖွပ်ရာမှာ တချို့သောဆန်များသည် လွင့်စင်၍ ကျတတ်ပါသည်။ ထိုလွင့်စင်ကျသော ဆန်စေ့များနောက်သို့လိုက်၍ ထောင်းရိုးမရှိပါ။ ထောင်းလည်း လိုက်မထောင်းနိုင်ပါ။ ထိုကဲ့သို့ ဆန်လွင့်စင်ရာသို့ ကျည်ပွေ့နှင့် လိုက်မထောင်းနိုင်သည်ကို၊ ရခိုင်တို့က 'ဆန်စိုင်ရာ ကျုမ္မိမလိုက်နိုင်' ဟု ဆိုကြပါသည်။

ယင်းကို ထပ်ဆင့်အဓိပ္ပါယ်အဖြစ်နှင့်လည်း သုံးစွဲတတ်ကြပါသေးသည်။ အသေးအမွှားကိစ္စကလေးများကို ရေးကြီးခွင့်ကျယ် မလုပ်လိုက်သည့်သဘော အကြောင်းကိစ္စများမှာ 'ဆန်စိုင်ကျုမ္မိမလိုက်နိုင်'ဟူ၍ ရခိုင်အရပ်ရပ်တွင် ပြောဆိုနေကြပါသည်။

***ဆပွတ်***

ငါးများကို ဆားများဖြင့် ပွတ်နယ်ပေးခြင်းဖြင့် တာရှည်ခံအောင် လုပ်ပေးရလေသည်။ ထိုငါးများကို ဆားပွတ်နယ်ထားသော ဆေနယ်(ငါးဆားနယ်)များမှာ မာတောင့်ပြီး ပင်ကိုယ်အသားနှင့်မတူတော့ဘဲ ကြမ်း၍နေပါသည်။ ဆားနယ်ပြီးသောငါးများကို ဆေနယ်(ငါးဆားနယ်)၊ ဆေမာ(ငါးဆားမာ)ဟူ၍ ခေါ်ကြပါသည်။

ယင်းသဘောကယူပြီး လူတို့ နေ့စဉ်ဆက်ဆံပြုမူနေထိုင်ရေး အသိုင်းအဝိုင်းမှာလည်း ထိုစကားစုကို အသုံးပြုကြပါသည်။ တစ်ဦးတစ်ယောက်သည် အမူအ

ကျင့် အပြောအဆို၊ အနေအထိုင်၊ ယဉ်ကျေးသိမ်မွေ့မှုမရှိ ခက်ထန်ကြမ်းကြုတ်သော၊ ပေါင်းသင်းဆက်ဆံမှု အဆင်မပြေသူများကို တင်စားအသုံးပြုကြလေသည်။ ထိုသူများကို 'ဆပွတ်'ယူ၍ ဆိုတတ်ကြပါသည်။ ထိုစကားစုမှာ တိုက်ရိုက်အဓိပ္ပါယ်ရော သွယ်ဝိုက်အဓိပ္ပါယ်ပါ ပေါ်လွင်ပါသည်။ အများနှင့် ထိတွေ့သိမြင်နေရသော ဝတ္ထုပစ္စည်းမှာ ပေါ်ထွက်လာသောစကားဖြစ်သဖြင့် လူအများစု အသုံးအနှုန်းအဖြစ်နှင့် အသုံးများလျက်ရှိပါသည်။

***<u>ဆယ်တောင်းကြည့်လို့ တစ်တောင်းမမြင်</u>***

လယ်သမားများနှင့် အိမ်ရှင်မများထံမှရရှိသော စကားပုံဖြစ်ပါသည်။ လယ်သမားများသည် မိမိတို့ရိတ်သိမ်းပြီး ရရှိသောစပါးများကို တောင်းများဖြင့်သယ်ယူ၍ တလင်းပြင်တွင်စုပုံထားကာ စပါးသိမ်၊ စပါးဖျင်းများနှင့် အမှိုက်သရစ်များကို ရွေးထုတ်ရလေသည်။ အိမ်ရှင်မများသည်လည်း မိမိတို့အိမ်တွင်ရှိသော ဆန်များကို စကောတွင်ထည့်ပြီး တည်းခါကာ စပါးလုံးများနှင့် ဆန်ဖျင်းအဆိုးများကို ရွေးထုတ်ကြရလေသည်။ ထိုသို့ လယ်သမားများသည် အတောင်းတောင်း အတင်းတင်းမှ စပါးကောင်းစပါးသန့်များကို ရွေးထုတ်သော်လည်း၊ အသိမ်အဖျင်း အလွန်များနေသည်ကို တွေ့ရပေသည်။ အိမ်ရှင်မများမှာလည်း မိမိရွေးထားသော ဆန်ကောင်းထက် ဆန်ညံ့များနေသည်ကို တွေ့ရသောအခါ ညည်းညည်းညူညူဖြင့် ပြောဆိုကြပေမည်။ မိမိတို့၏လုပ်ခွင်လုပ်ရပ်များမှ ဝတ္ထုပစ္စည်းများနှင့်ပင် ဥပမာပေးခိုင်းနှိုင်း၍ ရည်ရွယ်ပြောဆိုကြသည်မှ 'ဆယ်တောင်းကြည့်လို့ တစ်တောင်းမမြင်'ဟူသော စကားပုံဖြစ်လာရပေသည်။

ယင်းကို ထပ်ဆင့်အဓိပ္ပါယ်ဖြင့်လည်း ပြောဆိုအသုံးပြုကြပါသည်။ အချို့သော မိန်းမပျို၊ယောကျ်ားပျိုများမှာ အလွန်အကြည့်ရဆိုးစေသော ရုပ်ရည်ရှိသူများ ဖြစ်ပါသည်။ ထိုသူများ၏ အရုပ်အမောင်း၊ အသွင်အပြင်၊ အပြောအဆို၊ အနေအထိုင်ကစ၍ မည်သည့်ဘက်ကပင်ကြည့်စေကာမူ ကောင်းကွက်တစ်ကွက်မှ မတွေ့၊ နှစ်သက်ဖွယ်ရာမမြင်ဘဲ ရှိတတ်ပါသည်။ ဤသို့သောအခါမျိုးတွင် ထိုသူများအား၊ 'ဆယ်တောင်းကြည့်လို့ တစ်တောင်းမမြင်'ဟု ဆိုတတ်ကြပါသည်။ ဤစကားပုံမှာ သွယ်ဝိုက်အဓိပ္ပါယ်ရော တိုက်ရိုက်အဓိပ္ပါယ်ပါ လေးနက်ပေါ်လွင်ပါသည်။

*<u>ဒါးကေ(ဂေ)ဒါး ဝါးကေ(ဂေ)ဝါး</u>*

'ဒါးဆိုလျှင်ဒါး၊ ဝါးဆိုလျှင်ဝါး'ဟု မြန်မာအဓိပ္ပါယ်ရပါသည်။ ဒါးဆိုလျှင်

ဝါးမဖြစ်၊ ဝါးဆိုလျှင်ဒါးမဟုတ်၊ ဒါးဆိုဒါးဖြစ်၍ ဝါးဖြစ်လာမည်မဟုတ်၊ ဝါးဆိုလျှင်လည်း ဒါးဖြစ်လာမည်မဟုတ်ဘဲ ဝါးသာဖြစ်မည်ဟု ဆိုလိုပါသည်။ ထိုထိုဤဤ လုည့်ပတ်၍မပြောခြင်းပင် ဖြစ်သည်။ တနည်း မိမိကပြောလိုက်သော စကားသည် အဖြူဟုဆိုပါက နောက်ထပ်၍ အမဲဟု ပြန်ပြောမည်မဟုတ်ပါချေ။ မိမိ၏ အမြင်၊အထင်နှင့်အသိတို့ထက် ကျော်လွန်ပြီး မဟုတ်မဟတ်လုည့်ပတ်ပြီး၊ ပြောဆိုခြင်းမပြုချေ။ သူတပါး၏ လှည့်စားဖျားယောင်းမှုကြောင့်လည်း ပြောင်းလဲသွေဖီမည်မဟုတ်ကြောင်း ယင်းစကားစုတွင် ပေါ်လွင်စွာအဓိပ္ပါယ်ရှိပါသည်။

ယင်းစကားစုသည် ဝါးခုတ်သမားများ၏ပြောရိုးစကား ဖြစ်ဟန်တူပါသည်။ ဝါးခုတ်သမားများသည် နေ့စဉ်နှင့်အမျှ တောကြီးမျက်မဲတွင်သာ လုပ်ငန်းထွင်ရပါသည်။ သူတို့ တွေ့ကြုံမြင်တွေ့ ကိုင်တွယ်နေရသည်မှာ ဝါးခုတ်ဒါးနှင့် ဝါးသာဖြစ်ပါသည်။ ယင်းသို့ မြင်တွေ့ကိုင်တွယ်နေရသော ဝတ္ထုပစ္စည်းများနှင့်ယှဉ်သော အပြောအဆိုအသုံးအနှုံးများမှ ဖြစ်ပေါ်လာရခြင်းဖြစ်ပေသည်။ သူတို့၏စကားများမှာ ရှင်းလင်းပြတ်သားပြီး လည့်ပတ်ဝေ့လည်မှုကင်းပါသည်။

*ပင်ထက်ခြောက်*

သစ်ပင်ပေါ်ရှိ အခက်အလက်များသည် အကြောင်းတစ်ခုခုကြောင့် ခြောက်သွေ့၍လာသည်။ စိမ်းလန်းစိုပြေမှု ကင်းမဲ့လာသည်။ တစ်ပင်လုံး ခြောက်ခန်း၍လာသည်။ ယင်းသို့ဖြစ်လာခြင်းကို 'ပင်ထက်ခြောက်'ဟု တိုက်ရိုက်အဓိပ္ပါယ်အနေနှင့် ဆိုကြပါသည်။

ကျန်းမာသန်စွမ်းမှုရှိသော ကိုယ်ကာယ ပင်ကိုယ်အနေအထားမှ တဖြည်းဖြည်းအင်အားဆုတ်ပြီး ကြုံလှီ၍လာသည်။ ဖျတ်လတ်မှု ကင်းလာသည်။ အသားအရေမှာလည်း စိုပြေမှုမရှိဘဲ ပင်ကိုယ်အနေအထားများပျောက်ပြီး သူနာရုပ်ပေါ်လာသည်။ ထိုကဲ့သို့ သွားရင်းလာရင်းနှင့် ကျန်းမာမှုယုတ်လျော့လာသူတို့ကို 'ပင်ထက်ခြောက်'ဟု ခေါ်ဆိုတတ်ကြပါသည်။

*ပုဂံမှာမြင်း၊ ဇွန်းမှာမြင်း*

နေရာတကာ မိမိနှင့်ဆိုင်သော်လည်း ပါ၏၊ မဆိုင်သော်လည်း ပါ၏။ မသိသည့်အရာ၊ မတတ်သည့်အရာဟု မရှိသယောင် ပြောဆိုခြင်းတို့ကိုလည်း ပြုလုပ်တတ်၏။ ထိုကဲ့သို့သူများကို 'ဒေါင့်တိုင်းပါ'ဟူလည်း ခေါ်ဆိုတတ်ပါသည်။ ယင်းသူများကို 'ပုဂံမှာမြင်း၊ ဇွန်းမှာမြင်း'ဟူ၍ ဆိုစမှတ်ပြုကြပါသည်။

ဤ'ပုဂံမှာမြင်း၊ ဇွန်းမှာမြင်း'ဟူသောစကားကို 'တန်ခိုးဆရာထွန်း၏ သတ္တ

ထာနုသာခြင်းဆန်း' မြင်းဖွဲ့၊ဖွဲ့ဆိုရာ၌ သတ္တထာနမင်းသား မြင်းနှင့်ကပြရာတွင် မြင်းစီးကျင်လည်ပုံ၊ မြင်း၏ဂုဏ်ဒြပ်ကို ဖွဲ့နွဲ့စပ်ဆိုသောအပုဒ်မှ ရရှိသော စကားတစ်ရပ်ဖြစ်ပါသည်။ ယင်းသာခြင်းတွင် မင်းသား၏မြင်းသည် မြို့တွင်းမြို့ပြင်မှာလည်း တွေ့ရပေသည်။

ထိုတွင်သာမက အိမ်များ၏ထုပ်၊ ယောက်အခြင်များတွင်လည်း မြင်းကို တွဲလွဲတွဲလောင်းနှင့် မြင်ရသည်ကို စပ်ဆိုထားပေသည်။ ထိုမှတဆင့် ပုဂံမှာ ရော၊ဖွန်းမှာပင်မကျန် ထမင်းလုပ်မှာပင် မြင်းကိုမြုပ်ဘိသကဲ့သို့ စပ်ဆိုတားသည်ကို 'ဟင်းဇားလောင်းပွန်း၊ အုပ်ဒေါက်လှမ်းက၊ ဖွန်းနှင့်ယောက်မ၊ အိုးခွက်စ၍၊ ထိုမှတခြား၊ ကျောက်သားကျောက်ပျိုင်၊ ငပိကိုင်နှင့်၊ ဆကိုင်မကြွင်း၊ ခရင်းမကျန်၊ ကြက်ဥတင်းမှာ၊ မြင်းချင်းပြိုင်၍၊ အစဉ်သင့်စွာ၊ ဗူးဖာမလွတ်၊ ရဟတ်စည်ပေါင်း၊ ဗိုင်းဆောင်းကစ၊ ကြည့်သမျှကို၊ မြင်းနှင့်ချည်းသာ၊ ထမင်းလုပ်မှာ၊ မြင်းပြိုင်ပါသို့'စသည်ဖြင့် စပ်ဆိုထားပါသည်။ ဤသာခြင်း၏မြင်းပွဲမှာ စေ့စပ်ပီပြင်သော အဖွဲ့တစ်ရပ်ဖြစ်ပါသည်။ ယင်းသို့ မင်းသား၏မြင်းသည် နေရာတကာရောက်ဘိသကဲ့သို့ နေရာတကာဒေါင့်တိုင်းမှာမကျန် ပါတတ်သူများကို 'ပုဂံမှာမြင်း၊ ဖွန်းမှာမြင်း'ဟူ၍ ဆိုကြပါသည်။

***ပြာတောင်းရွက်***

'ဆင်းရဲမွဲတေမှုကို တောင်းနှင့်အမျှ ထမ်းရွက်နေရသူ'ဟူ၍ အဓိပ္ပါယ်ရပါသည်။ အလွန်လေးနက်ပီပြင်၍ စာဆန်ပေဆန်ပါသည်။ ထိုသို့သော စကားမျိုးကို မြန်မာစာပေလောကတွင်ထင်ရှားသော ဦးပုညသည် အတော်များများ အသုံးပြုခဲ့ပါသည်။ ဦးပုည၏ ကာကဝလိယဝတ္ထုတွင် 'ကာကဝလိယ မွဲပြာကျမောင်နံ့တို့ စံကြသည့်အိမ်ဦးသို့ ကျေးဖူးတော်သခင် အရှင်ကဿပထေရ်နှသည် ကြွ၍ ဆွမ်းရပ်တော်မူလာ၏'ဟု တွေ့ရပါသည်။ အခြားသော ဦးပုည၏ စာပေဝတ္ထုများမှာလည်း တွေ့ရပါသည်။

'ဆွီးတောင်းရွက်'မှာ 'ဆွေးတောင်းရွက်'ဖြစ်ပါသည်။ အထက်ဖော်ပြပါ 'ပြာတောင်းရွက်'ဆိုသော စကားစုနှင့် အဓိပ္ပါယ်ဆင်တူရိုးမှားရှိပါသည်။

*ပနဲသီးခွဲ နွားရိုက်ရိုက်လို့*

'ပိန္နဲသီးအခွံ နွားရစ်ရစ်လို့'ဟု ဆိုလိုပါသည်။ ပိန္နဲသီးများကို နွားတို့သည် အလွန်နှစ်သက်ကြပါသည်။ ပိန္နဲပင်အောက်တွင်ဖြစ်စေ၊ အခြားနွားများ မြင်သာသည့်နေရာတို့တွင်ဖြစ်စေ ဝိုင်းဖွဲ့လူငယ်ဘုန်းကြီး ကျောင်းသားများ ပိန္နဲသီးကို

စားသောက်တတ်ကြပါသည်။ ယင်းဝိုင်းဖွဲ့ပြီး ပိန္နဲသီး စားသောက်နေကြသည့် အနားသို့ နွားများ ရစ်သီရစ်သီနှင့် ပြုလုပ်နေတတ်ပါသည်။ ထိုသို့ နွားများ ရစ်သီရစ်သီ လုပ်နေကြပါသည်ကို လူတို့ကလည်း ထိုသဘောကို အစားထိုးပြီး စကားပြောဆိုသမှု ပြုတတ်ကြပါသည်။

ကလေးသူငယ်တို့သည် မိဘလူကြီးများ တခုခုသောအစားကို စားနေကြပါလျှင် စားလို၍ ရစ်သီရစ်သီနှင့် လုပ်နေတတ်ပါသည်။ လူပျိုများသည် အပျိုများရှိရာသို့ တရစ်ဝဲဝဲနှင့် လမ်းသလားတတ်ကြပါသည်။ မိမိလိုချင်သော ပစ္စည်းတခုခုအတွက် လိုလိုချင်ချင်ဖြစ်နေသောကြောင့် တဝဲဝဲနှင့်ဖြစ်နေပါသည်။ ထိုသို့သောအကြောင်းကိစ္စနှင့် တိုက်ဆိုင်လာလျှင် 'ပိန္နဲသီးခွံ နွားရိုက်ရိုက်လို့'ဟု ပြောကြပါသည်။ မြင်–သိတွေ့ဘူးသောဖြစ်ရပ်ကို ပုံဆောင်၍ ပြောစကားဖြစ်သဖြင့် အဓိပ္ပါယ်ကို အလွယ်တကူနှင့် သိရှိနိုင်ပါသည်။ အသုံးများသော စကားပုံလည်းဖြစ်ပါသည်။

*နွားပြီးရာမှာ ဖျာရွှင့်ရွှင့်လို့*

'နွားပြေးရာတွင် ဖျာလွင့်ပါသကဲ့သို့'ဟု ဆိုလိုပါသည်။ နွားများသည် တပေါင်းလရာသီတွင် မိတ်လိုက်တတ်ကြပါသည်။ ယင်းအချိန်မှာ လေရူးလည်းတိုက်ခတ်တတ်ပါသည်။ နွားများ ပြေးလွှားမိတ်လိုက်သည့်အခိုက်တွင် လေရူး၏အရှိန်ကြောင့် ဖျာများမှာ လွင့်ပါတတ်ကြပါသည်။ ယင်းသို့ နွားများပြေးလွှားချိန်နှင့် ဖျာလွင့်ပါသည့်အချိန်မှာ တချိန်တည်း၊တပြိုင်တည်းလိုလို ဖြစ်ပေါ်သော်လည်း တစ်ခုနှင့်တစ်ခု မည်သို့မျှစပ်ဆိုင်ခြင်း မရှိလှချေ။ နွားများသည် သူတို့ကိစ္စနှင့်သူတို့ ပြေးလွှားကြသည်သာဖြစ်ပြီး ဖျာများမှာ လေအဟုန်နှင့် လွင့်ပါခြင်းသာဖြစ်ပေသည်။

လူတို့ဝယ်လည်း မိမိနှင့် မဆီမဆိုင်သောကိစ္စဖြစ်သော်လည်း အရေးကြီးခွင့်ကျယ်ပြုလုပ်ပြီး မိမိနှင့်သက်ဆိုင်သကဲ့သို့ လုပ်ဆောင်တတ်ပေသည်။ သို့ရာတွင် ထိုသူတို့လုပ်ဆောင်ချက်မှာ ခရီးမတွင် အကျိုးသက်ရောက်မှုလည်းမရှိ။ ယင်းဆောင်ရွက်မှုကို အများကလည်း အသိအမှတ်မပြုကြချေ။ ထိုကဲ့သို့သောသူများကို 'နွားပြီးရာ ဖျာရွှင့်ရွှင့်လို့'ဟူ၍ ဆိုမှတ်ကြပါသည်။ ထိုခိုင်းနှိုင်းချက်မှာ အဓိပ္ပါယ်ရှင်းလင်းလှပြီး အများနားလည်လွယ်သော ပုံဆောင်စကားတစ်ရပ် ဖြစ်ပါသည်။

***နနွင်းဘူးမှောက်တယ်***

လိမ်ညာ၍ပြောသောစကားကို ရခိုင်တို့သည် 'ဝါပြောသည်'ဟု ဆိုကြပါ

သည်။ နန္ဒင်း(ဆန္ဒင်း)မှာလည်း အဝါရောင်ရှိပါသည်။ အဝါရောင်ကို လိမ်ပြော၊ ညာပြောသော အဓိပ္ပါယ်သက်ရောက်သည့် စကားများတွင် အသုံးပြုကြပါသည်။ သို့ဖြစ်ရကား 'ဝါပြောသည်ဟု တိုက်ရိုက်မဆိုဘဲ နန္ဒင်းကို အဝါရောင်တွင်အစား သွင်းပြီး 'နန္ဒင်းဘူးမှောက်တယ်'ဟု ဆိုမှတ်ကြပါသည်။

တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောသောကြောင့် ဝဏ်ဝုတ္တိအလင်္ကာမြောက်သည်။ ဦးပုည၏ 'ဥာဏ်အားကြီး ကွဲပေသည်'ဟူသောစကားစုနှင့် ဂုဏ်ချင်းတူပေသည်။ လက်တွေ့လုပ်ရပ်မှ ပေါ်ထွက်လာသောစကားဖြစ်သဖြင့် နားလည်လွယ်ပြီး စကားလုံး ကျစ်လစ်သိပ်သည်း ပြောင်မြောက်ပါသည်။

*ဖုတ်လေရယ်ငပိ၊ ရှိလီမှန်းမသိ*

ချက်ပြုတ်ရေးသည် အိမ်ရှင်မများ နေ့စဉ်ရက်ဆက် ပြုလုပ်နေရသော အလုပ်ဖြစ်သည်။ ချက်ပြုတ်ရေးမှာ မပါလျှင်မဖြစ်သောပစ္စည်းမှာ ငပိဖြစ်ပါသည်။

ရခိုင်တို့သည် ငရုပ်သီးနှင့်ငပိဖုတ်ပြီး ရောထောင်းသော ငရုပ်သီးထောင်းမှာ မပါလျှင်မဖြစ်သော အစာဖြစ်ပါသည်။ သို့နှင့် ရခိုင်အိမ်ရှင်မများသည် ငပိကို အမြဲ မီးတွင်ဖုတ်ရသောအလုပ်သည် နေ့စဉ်ရက်ဆက် အလုပ်တရပ်ဖြစ်ပါသည်။ တခါတလေ ငပိကို မီးတွင်ဖုတ်ထားသည့်အချိန်နှင့် မရှေးမနှောင်းမှာပင် အခြားဟင်းလျာများအတွက် စီမံရပါသည်။ ထိုသို့ အခြားဟင်းလျာများကို စီမံနေရသဖြင့် မိမိဖုတ်ထားသောငပိကိုပင် သတိမရဘဲနေပါသည်။ ထိုမီးဖုတ်ထားသည့်ငပိမှာ မီးအပူရှိန်ကြောင့် တူးခါးပြီးဖြစ်ရလေသည်။ ယင်းအကြောင်းကို ပုံခိုင်းပြီး 'ဖုတ်လီရယ်ငပိ၊ ရှိလီမှန်းတောင်မသိ'ဟူ၍ စကားပုံဖြစ်လာပါသည်။

မိဘဆွေမျိုးအသိုင်းအဝိုင်းက ပစ်ပယ်လျစ်လျူရှုထားခြင်း ခံရသူတို့ကလည်း ဝမ်းနည်းကြေကွဲစွာနှင့် မိမိ၏ဘဝကို ဖော်ထုတ်တတ်ကြပါသည်။ ထိုသို့ မိမိ၏ဘဝကို အသိအမှတ်မပြု ပစ်ပယ်ခံရခြင်းကို 'ဖုတ်လီရယ်ငပိ ရှိလီမှန်းတောင်မသိ' ဟု စိတ်အားငယ်စွာနှင့် ပြောတတ်ကြပါသည်။ ဤစကားပုံမှာ ရခိုင်အမျိုးသားများနှင့် အနီးစပ်ဆုံးသောရသာမွန်တစ်ခုကို ပုံခိုင်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤသို့သော အရေးအကြောင်းကိစ္စမှာပင် အဆိုပါစကားပုံမှာ ရှေ့တန်းပါဝင်နေသည်ကို အထင်အရှားတွေ့ရပါသည်။ မိမိတို့၏ အနီးအကပ်မြင်တွေ့နေရသော ဝတ္ထုကို ပုံဆောင်ထားခြင်းကြောင့် နားလည်လွယ်ပြီး အသုံးများလာရခြင်း ဖြစ်ပေသည်။

***ဘောက်ကတတ်***

ယင်းစကားစုသည် ဇာတ်သဘင်များမှ ဆင်းသက်လာဟန်တူပါသည်။ 'ဖောက်

ကတတ်'မှတဆင့် ရွေ့လျောလာပြီး 'ဘောက်ကတတ်'ဖြစ်လာသည်ဟု ထင်မိပါသည်။ ဇာတ်သဘင်များတွင် ဇာတ်ကပြနိုင်ရန်အတွက် အခန်းများ၊ ကကွက်များ၊ မင်းသားခန်း၊ မင်းသမီးခန်း၊ နှစ်ပါးသွားခန်း၊ ဝန်ကြီးခန်း၊ ဘီလူးခန်း စသည်ဖြင့် ကကွက်၊ ကခန်းများကို စီစဉ်ထားရလေသည်။ သို့ရာတွင် တချို့ဇာတ်ကောင်၊ ဇာတ်လိုက်များသည် မိမိပါမည့်အခန်းရော မပါမည့်အခန်းများတွင်ပါ အစီအစဉ်ကိုဖောက်၍ က–တတ်ပေသည်။ ယင်းသည်ကစ၍ ထိုသို့သော ဇာတ်ကောင် ဇာတ်လိုက်များကို ပွဲကြည့်ပရိသတ်များက 'ဖောက်ကတတ်'ဟု ခေါ်မှတ်ကြသည်ပင် ဖြစ်လေမည်လားဟု ထင်မိပါသည်။

ယင်းသဘောကိုယူ၍ မိမိနှင့်မဆိုင်သည့်နေရာရော ဆိုင်သည့်နေရာမှာပါ နေရာတကာပါဝင်သူများကို 'ဘောက်ကတတ်'ဟု ခေါ်ဆိုကြပါသည်။

*ရီမရော*

နွားနို့ကို အများအားဖြင့် ရေရောပြီးမှ နွားနို့သည်တို့ ရောင်းကြပါသည်။ ရေရော၍ရောင်းလျှင် အမြတ်အစွန်း များများရရှိကြပါသည်။ ရေမရောသောနွားနို့ကို ရောင်းရာတွင် ရေရောပြီးနွားနို့ထက် ဈေးနှုန်းကိုမြှင့်ပြီး ရောင်းကြပါသည်။ ယင်းသို့ရောင်းရာတွင်လည်း 'ရီမရော(ရေမရော) နွားနို့အစိုက်(စစ်)'ဟုပြောပြီး ရောင်းတတ်ကြပါသည်။

ဝတ္ထုပစ္စည်းများစစ်မှန်ကြောင်း မိမိလုပ်ကိုင်မှုမှန်ကြောင်းတို့ကို ပြောဆိုရာတွင်လည်း အထက်ပါနွားနို့သည်များမှရရှိသော 'ရီမရော'ဆိုသောစကားစုကို ကြားညှပ်၍ သုံးတတ်ကြပါသည်။

*ရာဝင်ဒေါ*

ရေအိုးခွက်ပေါင်း၊ တရာဝင်သောအိုးကြီးကို 'ရာဝင်ဒေါ'ဟု ခေါ်ကြပါသည်။ စကားလုံး သိပ်သည်းသည်။ အဓိပ္ပါယ်ပေါ်လွင် ထင်ရှားပါသည်။ ယင်းသို့သော ဒေါများကို အိမ်များတွင် ရေသိုလှောင်ရန်အတွက် အသုံးပြုကြပါသည်။

အရက်အလွန်အကျူးသောက်နိုင်သူများကို 'ဒေါချေ'၊'ရာဝင်ဒေါ' စသည်ဖြင့် ပြောဆိုနောက်ပြောင်လေ့ ရှိကြပါသည်။ ထိုသို့တင်စားခိုင်းနှိုင်းသော စကားမှာ နှစ်ထွေသောအဓိပ္ပါယ် ပေါ်လွင်ပါသည်။ အလွန်အကျူး ပြောဆိုရသည်ဖြစ်သောကြောင့် စာပေရှုဒေါင့်မှ စကားအရဆိုသော် အတိသယဝုတ္တိအလင်္ကာမြောက်ပေသည်။

*လက်ခပ်မကျ*

မုန့်တီသည်များ ဟင်းရည်ခပ်ရာတွင်အသုံးပြုသော ဇွန်းကြီးကို 'လက်ခပ်' ဟုခေါ်သည်။ ယင်းလက်ခပ်ကို အုန်းသီးအခွံကို တုတ်ချောင်းရှည် တတ်ထားသည်။ တုတ်ချောင်းရှည်မှာ လက်ကိုင်ဖြစ်ပြီး အုန်းသီးခွံ(အုန်းမှုတ်)မှာ ဟင်းရည်ခတ်ရန်အတွက်ဖြစ်သည်။ မုန့်တီဟင်းရည်ကို ထည့်ပေးရသည်မှာ လက်ခပ်ကိုချ၍ မထားရအောင်ပင်ဖြစ်သည်။ မုန့်တီသောက်သူ များသောကြောင့်ဖြစ်သည်။ တနည်းဆိုရသော် အရောင်းအဝယ်ကောင်းသည်ကို တဆင့်တက်၍ ပြောဆိုကြပါသည်။ စည်စည်ကားကား ဖြစ်သည်ကိုလည်း ဆိုလိုပါသည်။

*ဝကင်းပု–ရပူဆောက်၊ ဆောက်လို့*

အိုးကင်းပူအထက်မှာ ရေအိုးပူတည်သကဲ့သို့ပင်ဖြစ်သည်။ အိုးကင်းပူမှာ အလွန်ပူလှပါသည်။ ယင်းအိုးကင်းပူထက်မှာ၊ တဖန်ရေပူကို ထပ်တည်ပေသည်။ အိုးကင်းမှအပူ တဖန် ရေနွေးအိုးမှအပူဟပ်၍ ရှိချေသည်။ အပူနှုန်းမှာ အခေါင်အဖျားသို့ပင် ရောက်ရှိချေမည်ဖြစ်သည်။ တနည်းဆိုသော် 'ဝကင်းပူ၊ရပူဆောက် ဆောက်လို့'ဟူ၍ ခိုင်နှိုင်းပြောဆိုတတ်ကြပါသည်။ ဒုက္ခ၏ ထောင်းဖိသောဒဏ်ကို မခံနိုင်သည့်အခါ ညည်းညူ၍လည်း ပြောတတ်ကြပါသည်။

*သံသပိတ်*

သံဖြင့်ပြုလုပ်ထားသော သပိတ်ကိုဆိုလိုပါသည်။ ယင်းသံသပိတ်မှာ ဘုန်းကြီးကျောင်းများတွင်ရှိသော ရိုးရိုးသပိတ်ထက် ကြီးမားခိုင်ခံ့လေသည်။ ဆွမ်း၊ ခဲဘွယ်များများ ထည့်ဆန့်သောသပိတ်ဖြစ်သည်။

'သံသပိတ်'ဟူသောစကားစုမှာ ရခိုင်ဘုန်းကြီးကျောင်းများမှ ဆင်းသက်လာသော စကားဖြစ်သည်။ ဘုန်းကြီးကျောင်းများမှာ ကျောင်းသားသူငယ်များအနက် အစားအသောက်ကြီးသူကို 'သံသပိတ်'ဟု ခေါ်ဆိုကြသည်။ ယင်းသဘောကိုယူ၍ သာမန်အရပ်သူအရပ်သားများမှ အစားအသောက်ကြီးသူများကိုပါ 'သံသပိတ်'ဟု ခေါ်ကြပါသည်။ ယင်းစကားစုသည် အများ၏အသုံးစကားအဖြစ်နှင့် ယခုအချိန်ထိ တွင်ကျယ်နေတုံးပင်ရှိပါသည်။

*သုံးပွါ*

'ပွါ'ဟူသောစကားသည် ရခိုင်ဈေးများတွင် အလေးချိန် အခေါ်အဝေါ်တစ်မျိုးဖြစ်သည်။ 'လေးပွာ'လျှင် တစ်သိုက်ဖြစ်သည်။ နှစ်သိုက်ခွဲသည် မြန်မာအလေး

ချိန် တစ်ပိဿာနှင့် ညီမျှလေသည်။ ဤသို့ဆိုလျှင် 'သုံးပွာ'မှာ တစ်သိုက်မပြည့်သေးချေ။ တစ်သိုက်ပြည့်ရန် နောက်ထပ်တစ်ပွာ လိုနေပေသေးသည်။

လည်လည်ဝေဝေမရှိသောသူ၊ လိမ္မာပါးနပ်မှုမရှိသူတို့ကို 'သုံးပွါ'ဟု ဆိုတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်သိုက်ပြည့်ရန် တစ်ပွါလိုနေသကဲ့သို့ ထိုသူများမှာလည်း လိမ်မာပါးနပ်မှု အရည်အသွေးလိုနေပေသေးသည်။ ဤခိုင်းနှိုင်းတင်စားမှုများမှာလည်း၊ မိမိတို့၏အိမ်ရှင်မများ။ဈေးရောင်းဈေးဝယ်ရာတွင် နေ့စဉ်နှင့်အမျှ အသုံးပြုနေရသော အချိန်အတွယ်မှရရှိလာသော စကားစုတစ်ရပ်ပင်ဖြစ်ပါသည်။

*ဟက်ကရီကျ*

သလိပ်များကို အာခေါင်အတွင်းမှ လိပ်၍ဟက်၍ ပြင်ပသို့ထုတ်ယူရပါသည်။ ယင်းသို့ သလိပ်များကို ငင်ထုတ်ရာတွင် အသံမြည်ပါသည်။ 'ဟက်'ဟူ၍ အသံရှည်ကြီး မြည်တတ်ပါသည်။ ထိုမြည်သံကိုစွဲပြီး သလိပ်ဟက်၍ အာခေါင်မှထုတ်ရသော သလိပ်၊တံတွေးများကိုပင် 'ဟက်ကရီ'ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

ဟက်ကရီကျမှာ၊ မြန်မာများ ယခုမျက်မှောက်ခေတ်အသုံးများနေသော 'သူများတံတွေးခွက်မှာ မျောနေမည့်အကောင်'ဟူသော စကားမျိုးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ'ဟက်ကရီကျ'မှာ 'သူများတံတွေးခွက်မှာ မျောမည့်အကောင်' ဟူသည့်စကားလောက် ပြင်းထန်မှုမရှိပါ။ ယခု မျက်မှောက်ခေတ် မြန်မာများအသုံးစကားမှာ ခါးခါးတူးတူး နာကျည်းချက်နှင့်ပြောသော စကားဖြစ်ပါသည်။ ပြောသူမှာလည်း ခံပြင်းမှုအပြည့်ပါသည်။ ခံရသူမှာလည်း အလွန်အခံရဆိုးသော စကားဖြစ်ပါသည်။

'ဟက်ကရီကျ'ကား ယင်းသို့ မဟုတ်ပါချေ။ အဘိုးအဘွားက မြေးကိုသော်လည်းကောင်း၊ မိဘက သားသမီးကိုသော်လည်းကောင်း၊ အသက်ကြီးသူများက ငယ်ရွယ်သူများကိုသော်လည်းကောင်း ကရုဏာဒေါသနှင့် ပြောသည့်အခါ သုံးတတ်ပါသည်။ ပြောဆိုသူ၏ ကရုဏာဒေါသပါမှုကို ခံရသူအနေနှင့် သိပြီးဖြစ်သဖြင့် ထိုကဲ့သို့ပြောဆိုမှုကို အပြုံးမပျက်ခံယူကြပေသည်။ တစ်ဦးကိုတစ်ဦး အငြိုးထားပြီး၊ အကြင်နာကင်းမဲ့စွာ ဆဲရေးတိုင်းထွာမှု လုံးဝမပါချေ။ အပြုသဘောနှင့် ဆိုဆုံးမသောသဘောမျိုးတွင် ယင်းစကားစုကို ကြားညှပ်၍ အသုံးပြုတတ်ကြပါသည်။

***အိမ်ကလဆွီး၊ မောင်ကာကြီး***

တောရွာဒေသများ၏ လက်တွေ့အလုပ်ခွင်မှ ပေါက်ပွားလာသော စကားပင် ဖြစ်ပါသည်။ ရခိုင်ဒေသကျေးလက်တောရွာများတွင် ဆန်ထောင်းဆန်ဖွတ်ကို နေ့စဉ်နှင့်အမျှ လုပ်ကိုင်နေရပါသည်။ ဆန်ထောင်းဆန်ဖွတ်နိုင်ရန်အတွက် အိမ်နံဘေး၊ အကာအရံများနှင့်ဆက်ပြီး ဘေးသို့ အကာအဖီများ လုပ်ထားရပါသည်။ ယင်းအကာအဖီမှာ နေ၊ မိုး၊ လေတို့မှ ကာကွယ်ရန်ဖြစ်ပါသည်။ ထိုသို့ မောင်းထောင်းဆန်ဖွတ်ရန်အတွက် အိမ်နံဘေး၊နံရံများနှင့် ဆက်၍ကာထားသော အကာအဖီကို 'မောင်းကာ'ဟု ခေါ်ကြပါသည်။

မောင်းကာတတ်ဆင်ထားသောအိမ်မှာ ဆွေးမြေ့နေပြီးဖြစ်သော်လည်း မောင်ကာမှာ အသစ်ပြုပြင်ထားသဖြင့် ခိုင်ခိုင်ခံ့ခံ့နှင့် ရှိနေပေသေးသည်။ ယင်းသို့ အခြေအနေဖြစ်ပေါ်နေသော အိမ်နှင့်မောင်းကာကို အမှတ်ပြုပြီး 'အိမ်ကလဆွီး မောင်းကာကြီး'ဟူ၍ ဆိုစမှတ်ပြုကြပါသည်။

လူတစ်ဦးတစ်ယောက်သည် မိမိတတ်နိုင်သည်ထက် အဆင့်မြင့်ပြီးပြောဆိုနေထိုင်စားသောက်ခြင်းပြုသည်။ မိမိ၏ ပင်ကိုယ်အနေအထိုင်ထက်လွန်ကဲပြီး ကျင့်ကြံသူများကို 'အိမ်ကလဆွီး မောင်းကာကြီး'ဟူသောစကားပုံနှင့် ခိုင်းနှိုင်းပြောကြပါသည်။

အထက်တွင် ကျွန်တော်တင်ပြခဲ့သည့် ရခိုင်စကားပုံနှင့်စကားစုများသည် ရခိုင်လူထုအကြားမှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။ မိမိတို့၏အနီးကပ်ဆုံးသော အနေနှင့်ယှဉ်ပြီး ပြောဆိုတွေးခေါ်မှုများသည် စာသံပေသံဆန်နေပါသည်။ သို့သော် စာပေအသိုင်းအဝိုင်းထဲသို့ ထိုးဖောက်လာခြင်းမရှိသေးသော စကားပုံများနှင့် စကားစုများဖြစ်ပါသည်။ စာပေသည် ပြည်သူလူထုကို အလင်းရောင်ပေးသည်။ စာပေသည် ပြည်သူလူထု၏အင်အားလည်းဖြစ်သည်။ ပြည်သူတို့၏အတွေးအခေါ် ပြည်သူတို့၏အမြင်က တင်ပြသော ဇာတ်ခုံတစ်ခုလည်းဖြစ်သည်ဆိုက မှားမည်မထင်ပါ။ သို့ဖြစ်လျှင် ပြည်သူတွေကြားမှ ပေါက်ဖွားလာသော ရခိုင်စကားပုံများနှင့် စကားစုများမှာလည်း ယင်းဇာတ်ခုံပေါ်သို့ ရောက်ရန်လိုလာပါတော့သည်။ ရောက်ရှိလာသော စာပေအသီးအပွင့်များကိုလည်း ပွင့်လန်းနိုင်အောင် ပျိုးထောင်ပေးပို့ရန်သာ လိုပါတော့သည်။

စာပေဖြင့် အမျိုးဂုဏ်ထွန်းလင်းပါစေ။

ထွန်းအောင်(ဘောင်းဒွတ်)

# အဥ္နနဒီမှ မြို့သာယာ

'မြက်ဖုတ်ကိုထွင်၊ အိမ်ယာပြင်၊ သာယာစေဘို့ ပန်မြောင်းရွာမြို့တစ်မြို့'ဟူသော တဘောင်စကားကို ကျွန်တော်ငယ်စဉ်ကပင် ကြားခဲ့ရလေသည်။ ငယ်စဉ်တုံးက ထိုတပေါင်၏အဓိပ္ပါယ်ကို နားမလည်ခဲ့ချေ။ နားလည်အောင်လည်း မကြိုးစားခဲ့။ ကျွန်တော်အသက် အတော်ရလာသောအခါမှသာ ထိုအထက်ပါ တဘောင်၏သဘောတရားသည် လက်တွေ့နှင့်ဟပ်စပ်မှုကြောင့် နားလည်ခဲ့ရလေသည်။

အဥ္နနဒီသည် လေးမြို့မြစ်ကိုခေါ်သော အမည်ဖြစ်သည်။ လေးမြို့မြစ်၏ ထင်ရှားကျော်ဇောခဲ့မှုကို သမိုင်းလေ့လာဘူးသူတိုင်း သိကြမည်ဖြစ်ပေသည်။ လောင်းကြက်မြို့၊ ခြိတ်မြို့၊နေရဥ္စရာမြို့၊ နန်းကျမြို့၊ နဂရာသာစည်မြို့၊ စမ္ပဝက်မြို့ စသောမြို့များသည် ဤကမ်းစပ်တွင်ပင် တည်ရှိခဲ့၏။

ထို့ပြင်တခြား ဝေသာလီ၊ မြောက်ဦးစသောမြို့တော်တို့သည်လည်း လေးမြို့မြစ်နှင့် လေးမိုင်ငါးမိုင်လောက်သာ ဝေးသည်။ လေးမြို့ကမ်းခြေ၏ ထွက်ကုန်သီးနှံသည် ရခိုင်မြေကို အများဆုံးအကျိုးပေးလေသည်။ ထွက်ကုန်ပေါများသဖြင့် ရေလမ်းခရီးကောင်းမွန်ခြင်း၊ မင်းနေမြို့များနှင့်နီးစပ်ခြင်းစသော အကြောင်းအရာတို့ကြောင့် လေးမြို့မြစ်သည် ပို၍ထင်ရှားလာရလေသည်။

အဥ္နနဒီလေးမြို့မြစ်၏ လက်ဝဲဘက်ကမ်းခြေတွင် ထင်ရှားသောမြို့မှာ မင်းပြားမြို့၊ မြောင်းဘွယ်မြို့ဖြစ်သည်။ လက်ဝဲဘက်ကမ်းခြေတွင် ပန်းမြောင်းမြို့ကလေးပင်ဖြစ်သည်။

ပန်းမြောင်းရွာမှသည် ပန်းမြောင်းမြို့သို့ ဖြစ်လာတိုးတက်ခဲ့သည်မှာ မကြာသေးသောအချိန်က ဖြစ်ပါသည်။ ပန်းမြောင်းမြို့ကလေးသည် လေးမြို့မြစ်၏ လကျ်ာဘက်တွင်တည်ရှိသော တစ်ခုတည်းသော မြို့ကလေးပင်ဖြစ်သည်။ ပန်း

မြောင်းမြို့၏ တစ်ခုသောကုန်းမြင့်က အရပ်လေးမျက်နှာတို့ကို ကြည့်လိုက်ပါမူ သာယာသောရှုမျှော်ခင်းသည် ကြည့်သောသူ၏မျက်စေ့ကို ဆွဲဆောင်နေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

အရှေ့ဘက်သို့ မျက်နှာမူလိုက်သော် ညို့ညို့မှိုင်းမှိုင်း၊ တောင်ဆိုင်းဆိုင်းကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ထိုအခါအဒုမင်းညို၏ 'ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း၊ တောင်ပြိုင်းပြိုင်းနှဲ၊ ဆိုင်းဆိုင်းမဏ္ဍိုင်---'ဓခြင်းကို သတိရမိကောင်း ရမိပေလိမ့်မည်။ ဤတောင်ဆိုင်းဆိုင်းပေါ်တွင် ရွှေဝါရောင်ကွက်လပ်တို့ကိုလည်း မြင်ရချိမ့်မည်။ ဤရွှေဝါရောင်ကွက်လပ်တို့မှာ တခြားမဟုတ်။ ပန်းမြောင်းအနီးတဝိုက်မှ ယာသမားများ၏ ယာစပါးခင်းများဖြစ်ပေသည်။

ပန်းမြောင်းမြို့၏ အနောက်ဘက်ကိုကြည့်လိုက်ပါမူ ခပ်လှမ်းလှမ်းမှ စေတီများကို ပဌမတွေ့ရပေမည်။ ဤစေတီများမှာ မြို့ဟောင်းမြို့မှ စေတီများဖြစ်သည်။ အတော်အနီးဘက်သို့ ကြည့်လိုက်ပါမူ တောတန်းရှည်ကြီးအလား ဥယျာဉ်များကို မြင်တွေ့ရမြင်ရပေလိမ့်မည်။ ရခိုင်တိုင်း၏ သစ်သီးဝလံထွက်ရာဒေသသည် အဘယ်ဒေသနည်းဟုမေးလျှင် လေးမြို့မြစ်ဒေသရှိအရပ်များကို လက်ညှိုးထိုးပြရမည် သာ ဖြစ်ပါသည်။

ဥယျာဉ်တောများမှ အနီးသို့ပြန်ကြည့်သော် တသွင်သွင်စီးဆင်းနေသော လေးမြို့မြစ်ကို တွေ့မြင်ရမည်သာဖြစ်သည်။ လေးမြို့မြစ်၏ရေသည် ချိုသည်။ ပန်းမြောင်းမြို့မှ အထက်ပိုင်းရှိရပ်ရွာတို့သည် များသောအားဖြင့် လေးမြို့မြစ်ရေကို သောက်သုံးကြပေသည်။

ပန်းမြောင်းမြို့၏ တောင်ဘက်ကိုကြည့်ပါမူ ရခိုင်သူရခိုင်သားတို့၏ မှီခိုအားထားရာ စပါးခင်းလယ်ကွက်များကို တွေ့ရမည်ဖြစ်ပါသည်။ ပန်းမြောင်းမြို့၏ မြောက်ဘက်ကိုကြည့်သော် ရပ်ရွာတချို့နှင့် ဥယျာဉ်ဟင်းခင်းများ၊ တောင်တန်းများကို တွေ့ရမည်ဖြစ်ပါသည်။

ပန်းမြောင်းမြို့ကလေးသည် စစ်တွေမြို့မှ မိုင်(၆၀)ဝေးကွာသော မြို့ကလေး တစ်မြို့ဖြစ်သည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေနေ့တို့တွင် စစ်တွေမြို့မှ ပန်းမြောင်းမြို့သို့ သင်္ဘောတက်သည်။ သင်္ဘောမတက်သော တခြားနေ့တို့တွင် စစ်တွေမှ ပန်းမြောင်းမြို့သို့ မော်တော်ဘုတ်တက်ပါသည်။ ဤသို့ သင်္ဘောမော်တော်တို့ ခုတ်မောင်းသောကြောင့် လေးမြို့မြစ်ကမ်းခြေရှိ မြို့များရွာများနှင့် ပန်းမြောင်းမြို့လေးတို့သည် လွယ်ကူစွာ သွားရောက်ဆက်သွယ်နိုင်သည်သာမက စစ်တွေမြို့နှင့်လည်း လွယ်ကူစွာဆက်သွယ်နိုင်ပါသည်။ မြို့ဟောင်းမြို့နှင့် အဆက်အသွယ်ကား ကုန်းလမ်းဖြင့်သာ ဆက်သွယ်နိုင်ပေသည်။

ပန်းမြောင်းမြို့တွင်းရှိလမ်းများမှာ အားလုံး တောင်ကျောက်များခင်းထားသော ကျောက်ခင်းလမ်းများဖြစ်သည်။ ဤလမ်းကို ပြုပြင်တည်ဆောက်ရာတွင် တစ်ဦးတစ်ယောက်၏ လုပ်ဆောင်ချက်ကြောင့်မဟုတ်၊ လူအများ၏ လုပ်အားလုပ်ဆောင်ချက်ကြောင့်ပင်ဖြစ်သည်။ ကျွန်တော် မှတ်မိပါသေးသည်။ သစ်ပင်များကို ခုတ်လှဲခြင်း၊ လမ်းဖောက်ရာတွင် လမ်းကျသောအိမ်တချို့ကို ဖြိုပစ်ခြင်း၊ အနီးရှိတောင်များမှ တောင်ကျောက်များသယ်ယူကာ လမ်းတွင်ဖို့ခြင်း စသောအမှုကိစ္စကိုဆောင်ရွက်ကြသော ရပ်သူရွာသားများမှာ ပျော်ရွှင်စွာ လမ်းဖောက်လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ခဲ့ရပါသည်။ တချို့ ကောက်ညှင်းပေါင်းကျွေးကြပါသည်။ဤကဲ့သို့ စုပေါင်းလုပ်အားဖြင့် လူထုအကျိုးပြု ပန်းမြောင်းလမ်းများမှာ ကောင်းမွန်ပြီးမြောက်သွားခဲ့ပါသည်။ ပန်းမြောင်းမြို့အနီး ရပ်ရွာတို့ကိုလည်း လမ်းမကြီးတို့ဖြင့် ဆက်သွယ်ထားပါသည်။ ကုန်းလမ်းဆက်သွယ်ရေးလည်း အဆင်ပြေမှုရှိပါသည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် စီးပွားရေးတိုးတက်မှုကို ဖြစ်စေသည်။ ပန်းမြောင်းမြို့၏ စီးပွားရေးအခြေအနေကို တင်ပြရသော် စီးပွားရေးလုပ်ငန်းများမှာ ကုန်သည်များ၊ ဈေးသည်များ၊ ပွဲစားများ၊ ဥယျာဉ်ပိုင်ရှင်များ၊ လယ်သမားများ၊ ကိုင်းသမားများ၊ လက်လုပ်လက်စားများ၏ စီးပွားရေးလုပ်ငန်းများပင် ဖြစ်ကြသည်။

ဝါးလုပ်ငန်းသည် လေးမြို့မြစ်၏ လုပ်ငန်းတစ်ခုဖြစ်သည်။ ဝါးလုပ်ငန်းသည် ကြီးကျယ်ပါဘိ၏။ ထို့ပြင် ကြိမ်၊ နဘက်၊ ကန်ဒကောက် စသောလုပ်ငန်းတို့လည်း ကြီးကျယ်လှပေသည်။

ပန်းမြောင်းမြို့ကလေးတွင် အထည်ဆိုင်၊ ကုန်စုံဆိုင် (၄၀)နီးပါးရှိပါသည်။ ပစ္စည်းမျိုးစုံ ရပါသည်။ ယခုအခါ ထိုဆိုင်တို့၏တိုးတက်မှုသည် ယုတ်လျော့လာပြီး လလသသဆိုင်၏တိုးတက်မှုသည် ပိုမိုကြီးထွားလာသည်ကို တွေ့ရပါသည်။ လလသသဆိုင်သည် ပန်းမြောင်းမြို့တွင် နှစ်ဆိုင်ရှိပါသည်။ ပန်းမြောင်းအုပ်စုဆိုင်တစ်ဆိုင်နှင့် နဂါးရာအုပ်စုဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

ပန်းမြောင်းမြို့တွင် ဈေးကြီး(၂)ရက်ကျပါသည်။ အင်္ဂါနေ့နှင့်စနေနေ့ဖြစ်ပါသည်။ ဤဈေးတို့တွင် အနီးအနားရပ်ရွာများကလည်း ဈေးဝယ်သူများ၊ ဈေးရောင်းသူများ လာရောက်ရောင်းဝယ်ဖောက်ကားကြသည်။ အလွန်စည်ကားပါသည်။

ပန်းမြောင်းနှင့်အနီး ဥယျာဉ်ထွက်သီးနှံ စီးပွားရေးလုပ်ငန်းသည်လည်း ကြီးကျယ်ပါပေသည်။ ထို့ပြင် မြေပဲ၊ မည်းစသော ကိုင်းထွက်အစေ့တို့ကြောင့် ပဲဆီနှင့်မည်းဆီလည်း ဤဒေသတွင်ထွက်ပေသည်။ ဆေးရွက် အနည်းအကျဉ်း

ထွက်ရှိသည်။ ကွမ်းသီးလုပ်ငန်းသည်လည်း ကြီးကျယ်ပါဘိ၏။ တွင်းထွက်ကျောက်လုပ်ငန်းကား မကြီးကျယ်ပေ။ ကျောက်နုသာ ဖြစ်ပါသည်။ တခြားသီးနှံထွက်လုပ်ငန်းများလည်း ပွါး၏။ ပန်းမြောင်းမြို့သည် စစ်တွေ၊ မင်းပြား၊ မြေပုံစသော မြို့များမှကုန်နှင့် လေးမြို့မြစ်ရှိထွက်ကုန်တို့၏ဆုံစည်းရာ မြို့ဆိုက မှားမည် မဟုတ်ပါချေ။

ပန်းမြောင်းမြို့တွင် အိမ်ခြေအားဖြင့် တစ်ထောင်ကျော်ကျော်ရှိပြီး အစိုးရလက်ထောက်မြို့ပိုင်ရုံးစိုက်ရာ ဖြစ်ပါသည်။ ဆေးပေးခန်းနှင့် လက်ထောက်ကျန်းမာရေးမှူးနှင့် သူနာပြုဆရာမများရှိသည်။ ပန်းမြောင်းမြို့တွင် ရှစ်တန်းကျောင်း (အလယ်တန်းကျောင်း) တစ်ကျောင်းရှိသည်။ ကျောင်းသားခြောက်ရာကျော် ရှိပါသည်။ ဆရာနှင့်ကျောင်းသားများ လုံလောက်မှုမရှိသေးပါ။ ပန်းမြောင်းမြို့တွင် ဈေးတစ်ခုရှိသည်။ ကောင်းမွန်သော ဘောလုံးကွင်းတစ်ခုရှိသည်။

ပန်းမြောင်းမြို့သို့ စစ်တွေမြို့မှ သင်္ဘောစီး၍လာခဲ့သည်ရှိသော် မင်းပြားမြို့သို့ရောက်သည်ကပင် ဓါတ်တောင်(ပါးပျဉ်းတော်ဓါတ်)ကို ပထမဆုံးမြင်တွေ့ရပေမည်။ ဓါတ်တောင်စေတီဖြူကိုကား အဝေးကပင်မြင်ရသည်။ မြင့်မားသော တောင်ထိပ်ပေါ်တွင် တည်ထားသောကြောင့်ဖြစ်ပါသည်။ ဓါတ်တောင်စေတီဘုရားပွဲကိုကား အခါအားလျော်စွာ နွေရာသီတွင် ကျင်းပလေ့ရှိပါသည်။ ဘုရားပွဲကျင်းပလျှင် လောင်ပေါ်(ထီ)ဖွင့်ပွဲလည်း ကျင်းပသည်။ ကျင်ပွဲ၊ ဇာတ်ပွဲလည်း ပါဝင်ပေသည်။ အလွန်စည်ကားပါ၏။

သင်္ဘောသည် ပန်းမြောင်းသို့ အတော်နီးကပ်လာသောအခါ(လက်မရွာလောက်ရောက်သောအခါ၌) ထုံးဖြူသုတ်ထားသော အောင်မင်္ဂလာစေတီတော်မြတ်ကို မြင်တွေ့လေ့လာရမည်ဖြစ်ပါသည်။ အောင်မင်္ဂလာစေတီနှင့်ဘုရားကား သပ္ပါယ်လှ၏။ သီတင်းကျွတ်နှင့် နေ့ကြီးရက်ကြီး ပွဲပြင်ကြီးကျင်းပသောအခါတွင် လျှပ်စစ်ဓာတ်မီး ထိန်ထိန်ညီးမျှ ထွန်းညှိထားသည်မှာ အလွန်ပင် ကြည်နူးသာယာဘွယ်ကောင်းဘိတောင်း။ ဤဘုရားတွင်လည်း အခါအားလျော်စွာ ဘုရားပွဲကျင်းပပါသည်။

သင်္ဘောအနီးကပ်လာသောအခါ (ညောင်ပင်ဝိုင်းရွာလောက် ရောက်သောအခါ) နန်းပြဿဒ်ကဲ့သို့ လုပတင့်တယ်သောအဆောက်အဦးကြီး (၃၄)ခုကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ထိုအဆောက်အဦးများမှာ 'ရွှေဖောင်တင်ဘုရား'မှ အဆောက်အဦးများဖြစ်ပေသည်။ အဆောက်အဦးသည် ခေတ်မှီပြီးရေးဆန်၏။ ရွှေဖောင်တင်ဘုရားသည် လေးမြို့မြစ်တခွင် တန်ခိုးကြီးဘုရားများအနက် တပါးအပါအဝင်ဖြစ်ပါသည်။

ရွှေဖောင်တင်ဘုရားပွဲတော်ကျင်းပမှုကို အများအားဖြင့် နှစ်စဉ်လိုလို ကျင်းပခဲ့ကြပါသည်။ ပွဲကျင်းပသောအခါ လောင်ပေါ်(ထီ)ဖွင့်ပွဲကိုလည်း ကျင်းပ၏။ ကျင်ပွဲ၊ဇာတ်ပွဲတို့ကိုလည်း ကျင်းပ၏။ ပြိုင်လောင်းပွဲလည်း ကျင်းပ၏။ အလွန်စည်ကားသော ဘုရားပွဲပင် ဖြစ်ပေသည်။

သဘော်သည် အတော်ပို၍နီးကပ်လျှင် စစ်တွေမြို့ပွိုင့်ကဲ့သို့ လုပတင့်တယ်အပန်းဖြေစရာကောင်းသော နေရာတစ်ခုကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ၎င်းနေရာကား 'ကျောက်စေတီ'နေရာပင်ဖြစ်သည်။ အများအားဖြင့် ညနေပိုင်းတွင် လူငယ်လူရွယ်တို့သည် လေညှင်းခံထွက်လျှင် ဤစေတီသို့မရောက်လျှင် မပြီးပါပေ။ ကျောက်မော်စေတီနှင့် အဆောက်အဦးသည်ကား သပ္ပါယ်တင့်တယ်ပါဘိ၏။ ဘုရားပွဲလည်း နှစ်စဉ်လိုလိုကျင်းပပါသည်။ ကျင်ပွဲ၊ ဇာတ်ပွဲ၊ လှေပြိုင်ပွဲ၊ လောင်ပေါ်(ထီ)စသည်များ ပါဝင်ပါသည်။

သဘော်သည် ပန်းမြောင်းရွာဦးသို့ရောက်လာသည်ဆိုလျှင် ရှေးဘုရင်မင်းများ၏ ခံတပ်ချထားခဲ့သော တပ်ပေါင်းကို ရောက်ရှိလာပေသည်။ ထိုနောက်ရခိုင်ရှိ မူစလင်တို့၏ကိုးကွယ်ရာ ဗလီကျောင်းတော်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပန်းမြောင်းမြို့၏အလယ်တွင် 'ပန်းသုံးခိုင်စေတီ'တစ်ဆူကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ ဘုရားပုထိုးနှင့်ပတ်သက်၍ရေးပြီးသော် ဘုန်းတော်ကြီးကျောင်းနှင့်ပတ်သက်၍ရေးရလျှင် ပန်းမြောင်းမြို့တွင် ကျွန်းတောကျောင်း၊ ဈေးကျောင်း၊ ရွာသစ်ကျောင်းစသည်အားဖြင့် သုံးကျောင်းရှိပါသည်။

ဤကျောင်းတွင် ရွာသစ်ကျောင်းသည် ပါဠိတက္ကသိုလ်တစ်ကျောင်းဖြစ်၍ နှစ်စဉ် ဘာသာရေးဆိုင်ရာ ပညာတတ်ပုဂ္ဂိုလ်များ အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့ပေသည်။ ကျွန်းတောကျောင်းကား ဝိပဿနာကို ဇောက်ချအားထုတ်သင်ပြသောကျောင်းဖြစ်သည်။ ဈေးကျောင်းကား စမ္မစကြာကို ဇောက်ချအားထုတ်လေ့လာသော ကျောင်းဖြစ်သည်။ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းတို့ဖြင့် တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်မြတ်တို့ကို မြင်ရသူများသည် ကြည်ညိုစိတ်ပေါက်ရမည်မှာ မလွဲချေ။

ယခုအခါ ပန်းမြောင်းမြို့မှ တက္ကသိုလ်တွင် ပညာသင်ကြားသူများမှာ လေးငါးယောက်ခန့်သာရှိပြီး နိုင်ငံခြားတွင် ပညာတော်သင်အဖြစ် သင်ကြားနေသူမှာ တစ်ယောက်သာရှိပါသည်။ ကိုးတန်းအောင်၊ ဆယ်တန်းအောင်လူငယ်များကား တော်တော်ရှိပါသည်။

ပန်းမြောင်းမြို့၏ အားကစားလောကသည် လေးမြို့မြစ်ကမ်းခြေဒေသတွင် အတော်အသင့် ကောင်းမွန်တိုးတက်သည်ဟု ဆိုလောက်ပါပေသည်။ ပန်းမြောင်း

မြို့၏ ဘောလုံးအသင်းများနှင့် ဘောလီဘောအသင်းတို့၏ ကြိုးပမ်းအားထုတ်မှုသည် လူငယ်အားကစားမှုကို တိုးတက်စေခဲ့သည်။

ပန်းမြောင်းအားကစားလောကမှ အခြေခံလိုက်သော ဘောလုံးသမားတချို့သည် တိုင်းဘောပွဲသို့ပင် ပါဝင်ခဲ့အရွေးခံခဲ့ရလေသည်။ မြို့နယ်ဘောလုံးသမားလက်ရွေးစင်အဖြစ် အရွေးခံရသူတို့လည်း ရှိသည်။ ထို့ပြင် ယနေ့မြန်မာပြည်၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေသော ပန်းမြောင်းမှ ဘော်လီဘောလက်ရွေးစင်တစ်ယောက်လည်း မြန်မာပြည်တွင် ကြယ်ပွင့်ပမာ ထွန်းလျက်ရှိနေပေသေးသည်။

ပန်းမြောင်းမြို့သို့ ရောက်ဘူးသောသူတို့ ပဌမဆုံးရောက်ရှိလာသောအခါ အံ့သြမှုကို မြင်ရမည်ဖြစ်သည်။ 'လူမျိုးမစုံ၊ ဝါးမျိုးစုံကေ၊ သစ်ပုံချောင်းမှာ သစ်ပုံချောင်းမှာ' ဆိုသည့် ငေဉ်သာခြင်းကဲ့သို့မဟုတ်ဘဲ 'ပန်းမြောင်းမြို့တွင် ဝါးမျိုးမစုံ၊ လူမျိုးစုံ၊ ပန်းမြောင်းမြို့မှာ–ပန်းမြောင်းမြို့မှာ'ဟူ၍ပင် ဆိုချင်ပါတော့သည်။ အဘယ်ကြောင့်ဆိုသော် မျက်နှာတွင်စာရေးထားသော ချင်းအမျိုးသမီးတို့ကို စစ်တွေမြို့မှသွား၊ လူအများတို့မြင်ဘူးကြလိမ့်အံ့မထင်။

ပန်းမြောင်းမြို့တွင်ကား အနီးရပ်ရွာမှ ချင်းအမျိုးသား၊အမျိုးသမီးများ လာရောက်၍ ကုန်ရောင်းကုန်ဝယ်အမှု ပြုလုပ်ကြသောကြောင့် ဤလူမျိုးများကို တွေ့ရမည်ဖြစ်သည်။ ပန်းမြောင်းမြို့တွင် ချင်းအမျိုးသားများအပြင် မြို၊ ခမီးအမျိုးသားများတို့သည်လည်း ကုန်ရောင်းကုန်ဝယ်အလုပ်ကို ပြုကြလေသည်။ ပန်းမြောင်းမြို့တွင် နေထိုင်ကြသူများမှာ မရမာကြီးများ၊ မူစလင်များ၊ ဒိုင်းနက်အမျိုးသားများ၊ ရခိုင်များ နေထိုင်ကြသည်။

ပန်းမြောင်းမြို့သူမြို့သားတို့သည် တစ်ယောက်နှင့်တစ်ယောက်၊ တစ်လူမျိုးနှင့်တစ်လူမျိုး အလွန်ခင်မင်ရင်းနှီးကြသည်ကို တွေ့ရပေသည်။ သာဓကပြရလျှင် မရမာကြီးတို့၏ ရှင်ပြုပွဲတို့တွင် ရခိုင်များကိုဖိတ်ခေါ်တတ်၏။ ရခိုင်တို့ကလည်း အပြန်အလှန်ဖိတ်ခေါ်၏။ တဖန် ရခိုင်ရှိ မူစလင်တို့၏ မင်္ဂလာဆောင်ပွဲ၊ ကရာဘင်ပွဲတို့တွင် ရခိုင်ဗုဒ္ဓဘာသာများကို ဖိတ်မံတကာ ပြုလေ့ရှိကြလေသည်။ ရခိုင် ဗုဒ္ဓဘာသာများတို့သည် လူမျိုးရေး၊ ဘာသာရေးခွဲခြားမှုမရှိဘဲ အားပေးချီးမြှောက်ကြလေသည်။ ဤသို့ လူလူချင်း တန်းတူသဘောထားဆက်ဆံမှုကို ပန်းမြောင်းမြို့မှ လူထုအပြင် လေးမြို့မြစ်ဒေသရှိ လူထုတို့ကလည်း လိုက်နာကျင့်သုံးသောကြောင့် လူမျိုးအချင်းချင်းပြဿနာ၊ ဘာသာအချင်းချင်း ပြဿနာမပေါ်ပေါက်ခဲ့ချေ။

ပန်းမြောင်းမြို့လေးသို့ မရောက်ဖူးသေးသော လူအပေါင်းအား ပန်းမြောင်းမြို့ကလေးသာယာပုံကို ပြလိုက်ချင်ပါဘိ။ ပန်းမြောင်းမြို့ရှိ ရှေးခေတ်ဘုရင်များ၊ တည်ထားကိုးကွယ်ဆောက်လုပ်ထားခဲ့သော ဘုရားပုထိုးများကို ပြလိုက်ချင်ပါဘိ။

ပန်းမြောင်းမြို့ လူငယ်အပျိုလူပျိုတို့၏ ပွင့်လင်းသောဆက်ဆံမှုကို ထိတွေ့စေချင်စမ်းပါဘိ။ ပန်းမြောင်းလူထုတို့၏ လူမျိုးမခွဲ၊ ဘာသာမခွဲ၊ သဘောထားမှန်ကန်မှုကို မြင်စေချင်ပါဘိ။ အဋ္ဌနနဒီ လေးမြို့မြစ်လေကို ရှူရှိုက်စေချင်ပါဘိ။ ပန်းမြောင်းမြို့သို့ တစ်ခါရောက်လာလျှင် မပြန်ချင်သူများ ရှိချိမ့်မည်သာတည်း။

လေးမြို့မောင်

# အဘာဝါ

*'အဘာဝါ၊ အဘာဆုံခွတ် လားခယင့်။ အမင်ဝါ၊ အမင်ဆုံပြောင်း လားခယင့်။ ဆုံဝါ၊ ဆုံစပါး ထောင်းလီယင့်။ စပါးဝါ၊ စပါးကြက်သျှေ စားလီယင့်။ ကြက်သျှေဝါ၊ ကြက်သျှေစွန်ရဲ ထိုးလီယင့်။ စွန်ရဲဝါ၊ စွန်ရဲသစ်ခေါင်း အောင်းလီယင့်။ သစ်ခေါင်းဝါ၊ သစ်ခေါင်းမီးတိုက် ပစ်လီယင့်။ မီးဝါ၊ မီးရီဆွတ် ပစ်လီယင့်။ ရီဝါ၊ ရီဆင်ဘောင်ကြီး သောက်လီယင့်။ ဆင်ဘောင်ကြီးဝါ၊ ဆင်ဘောင်ကြီးတောင်စဉ် ယောင် လီယင့်။ တောင်စဉ်ဝါ၊ တောင်စဉ်နနွင်း စိုက်လီယင့်။ နနွင်းဝါ၊ နနွင်း သင်္ကန်း ဆိုးလီယင့်။ သင်္ကန်းဝါ၊ သင်္ကန်းမောင်သျှင် ဝတ်လီယင့်။ မောင်သျှင်ဝါ၊ မောင်သျှင်ပန်းဆွတ် လားခယင့်။ ပန်းဝါ၊ ပန်းဘုရား တင်လီယင့်။ ဘုရားဝါ၊ ဘုရားနိဗ္ဗာန် ကူးလီယင့်လေ ... ကူးလီယင့်"*

'အဘာဝါ(အဖေကော)'ဟူသောတေးကဗျာသည် ကလေး(အသျှေ) တစ်ယောက်ကို စာဆိုရှင်က စိတ်ရှည်လက်ရှည် ရှင်းပြနေသောတေးကဗျာတစ်ပုဒ်ပင် ဖြစ်ပေသည်။ ကလေးကလည်း သူသိလိုသည်များကို မေးစမ်းကြည့်၏။ စာဆိုရှင်ကလည်း နားလည်အောင်ဖြေသည်ကို တွေ့ရပေသည်။ ကလေးမှာ လေး–ငါးနှစ် ပတ်ဝန်းကျင်အရွယ် ဖြစ်ဟန်တူသည်။ ထိုကလေးသည် အိပ်ရာမှနိုးသော်လည်းကောင်း၊ သူ့အဘကို မမြင်ရသဖြင့် 'အဘာ ဇာကိုလားခလေး'ဆိုသည့် သဘောနှင့် 'အဘာဝါ'ဟူ၍ မေးလိုက်လေသည်။

'အဘာဝါ'ဆိုသောစကားစုသည် မိဘကိုမတွေ့မြင်ရသော ကလေး(အသျှေ) တစ်ဦး၏မျက်နှာကို ထင်မြင်စေလာယောင်ရှိပေသည်။ မိမိ၏ ချစ်ခင်အားထားမြတ်နိုးသော မိဘများကို မတွေ့ရသောအခါ အားငယ်သံပါသည်ကို တွေ့ရသည်။ ကရုဏာသံဟု ဆိုရချေမည်။ 'လားခယင့်'၊ 'ထောင်းလီယင့်'၊ 'စားလီယင့်'စ

သည့် စကားစုများမှာလည်း ကလေးအပေါ်မှာ ကြင်နာသောစိတ်ထားနှင့် ဖွဲ့ကြားပေးသော စကားများဖြစ်ပါသည်။ အားငယ်နွမ်းလျနေသော ကလေးအား ကျေနပ်မှုကိုပေးသည်။ ယင်းတို့သည်လည်း ကရုဏာရသကို ပေါ်လွင်စေသည်။

စာဆိုသည် ရခိုင်တောရွာသဘာဝကိုလည်း ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်းရှိပေသည်။ ယောကျ်ားလုပ်သူသည် သူ၏လုပ်ငန်းဖြစ်သော 'ဆုံခွတ်'ရာသို့သွားရသည်။ အိမ်ရှင်မကား လင်ယောကျ်ားနှင့်အတူ မောင်တစ်ထမ်း မယ်တစ်ရွက် အဖြစ် သူ့ယောကျ်ားအား ကူညီသည့်သဘောဖြင့် 'ခွတ်ပြီး'ခတ်ပြီးသောဆုံကို ပြောင်းပေးသည်။ တောနေလူတန်းစား၏သရုပ်ကို သဘာဝကျစွာတွေ့ရ၏။

ကလေး(အသျှေ)က ဆုံမှာ မည်ကဲ့သို့ အသုံးချကြောင်းကို မေးပြန်သည်။ ဆုံမှာ စပါးထောင်းရာတွင် အသုံးပြုကြောင်းကို စာဆိုရှင်ကပြောသည်။ စပါးထောင်းရာတွင် အဖိတ်အစဉ်များရှိကြသည်။ ကြက်ကလေးများလည်း ဆုံထောင်းမောင်းထောင်းရာနားတွင် အစာစားနေကြပေမည်။ ယင်းတို့မှာ တောရွာတိုင်းတွင် တွေ့မြင်နေကျ မြင်ကွင်းတစ်ခုဖြစ်ပေသည်။ ကလေးကလည်း တွေ့မြင်ဆဲပင် စပါးစေ့များ တဖြည်းဖြည်းလျော့နည်းလာသည်ကို မြင်ရသဖြင့် 'စပါးဝါ(စပါးကော)'ဟု မေးပြန်သည်။ စပါးမှာ ကြက်ကလေးများ(ကြက်သျှေများ) စားပစ်လိုက်ကြောင်းကို 'စပါးကြက်သျှေ စားလီယင့်'ဟူသော အဖြေနှင့်အတူ သဘောပေါက်နားလည်အောင် ရှင်းပြထားသည်။ ကလေးလည်း သဘောပေါက် နားလည်လာ၏။ မိမိကဲ့သို့ ကြက်ကလေးများမှာ သနားစဘွယ်ဖြစ်ကြကြောင်းကို မြင်ယောင်လာသည်။ ချစ်ခင်လာသည်ဟု ဆိုရပေမည်။

တဖန် မိမိ၏ချစ်ခင်ကြင်နာသော ကြက်ကလေးများကို မမြင်ရပြန်သော အခါ 'ကြက်သျှေဝါ'ဟု မေးပြန်သည်။ ကြက်ကလေးမှာ သူတို့၏ရန်သူ စွန်ရဲက ထိုးသုတ်ယူသွားကြောင်း ပြောပြသည်။ ကလေးမှာ စွန်ရဲကို မလိုမုန်းတီးစိတ်ပွားလာသည်။ စွန်ရဲကို သတ်ချင်လာသည်။ စွန်ရဲနေရာကို မေးသည်။ စွန်ရဲ၏နေရာမှာ သစ်ခေါင်းဖြစ်ကြောင်း ပြောပြသည်။ အသျှေသည် ဒေါသစိတ်နှင့် စွန်ရဲအားသတ်လိုကြောင်း ပူစာကောင်းပူစာပေမည်။ မိမိ၏ ကြင်နာသူတဦးအား နိုင့်ထက်စီးနင်း ပြုလုပ်လာသောအခါ ပေါ်လာသောစိတ်ထားမျိုးသည် ကလေးငယ်တွင် တဖွားဖွားပေါ်လာဟန်တူသည်။ ဤနေရာတွင် ကလေးအားကျေနပ်မှုကို စာဆိုရှင်က ပေးပြန်သည်။ ထို့ကြောင့် စွန်ရဲ၏နေရာသစ်ခေါင်းကို မီးတိုက်ပေးခြင်းဖြင့် ကလေးငယ်အား ရောင့်ရဲစေသည်။ ဤသည်ကား စာဆို၏ထက်မြက်သော ဉာဏ်စွမ်းပင် မဟုတ်ပါလား။

စာဆိုရှင်သည် ဒေါသစိတ်ပြင်းထန်နေသောကလေးအား ငြိမ်သက်မှုကို တဖန်ပေးလိုက်သည်။ စိတ်သက်သာမှုကို ပေးလိုသည်။ ဒေါသစိတ်ထားသည် မ

ကောင်းကြောင်းကို ပြောပြလိုသည်။ ယင်းကြောင့် မီးလောင်နေသော သစ်ခေါင်းကို 'ရီဆွတ်'ရေဖြန်းပေးလိုက်လေသည်။ မီးကို ငြိမ်းလိုက်စေသည်။ ရေမှာ သတ္တဝါ အပေါင်းတို့၏ မှီခိုအားထားရာ အသက်သခင်ပင်ဖြစ်သည်။ ထို့ပြင် ကလေးက 'ရီဝါ(ရေကော)'ဟူ၍ မေးသည်ကို 'ရီဆင်ဘောင် သောက်လီယင့်'ဟု ဖြေပြန်သည်။

စိတ်ဆိုးနေသောကလေးငယ်မှာ စိတ်ငြိမ်သက်လာလေသည်။ ထို့ကြောင့် ဆင်ဘောင်ကြီးနေရာကို သိလိုလာလေသည်။ ကလေးငယ်၏ပတ်ဝန်းကျင်သည် တောင်စွယ်တောင်ရိုးများနှင့် ရှိနေသည်။ ဤသို့သောနေရာမျိုးတွင် ဆင်ဘောင်ကြီး နေကြောင်းကို ရှည်ရှည်ဝေးဝေးပြောဆိုနေရန်မှာ စာဆိုအဘို့ မလိုတော့ပေ။ ဆင်ဘောင်ကြီးမှာ တောင်စဉ်တောင်ရိုးတလျှောက်မှာ နေကြောင်းကို အလွယ်တကူ ပြောနိုင်သည်ပင် မဟုတ်ပါလား။

တောင်နဘေးတွင်နေသူများသည် တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြ၏။ ကလေး၏အမိအဘများလည်း ပါဝင်သည်။ ယင်းတောင်နံဘေးတွင် နနွင်းကို စိုက်ပျိုးရကြောင်းကို စာဆိုရှင်က ကလေးအားအသိဉာဏ်ပေး၏။ နနွင်းကို လူအသုံးအဆောင်အဖြစ် အသုံးပြုသည်သာမက ဘုန်းကြီးများဝတ်ဆင်ရန် သင်္ကန်းကိုလည်း အဝါရောင်ဆိုးပေးနိုင်ကြောင်း အသိပေးပြန်သည်။ ဘုန်းကြီး၊ မောင်သျှင်တို့မှာ ဘုရားသားတော်များပီပီ သာသနာလုပ်ငန်းကို လုပ်ဆောင်ရ၏။ ထိုသာသနာလုပ်ငန်းအကြောင်းကို ကလေးငယ်အား စာဆိုရှင်သည် နားအလည်ဆုံးနှင့် အရှင်းလင်းဆုံးအနေအထားဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ ထိုမျှသာမကသေး၊ ဘုရားဆွမ်း၊ ဘုရားပန်း ကပ်လှူရကြောင်း ကလေးငယ်လည်း လှူပြီက ကုသိုလ်ရကြောင်းကို တွေ့ရသည်။ မောင်သျှင်သည် ကုသိုလ်ရရန်အတွက် ဘုရားမှာ ပန်းတင်နေကြောင်းကို ပြောပြသည်။ ထို့ပြင် ဘုရားမှာ ယခုအခါ အမြင့်မြတ်ဆုံးသောအရာ နိဗ္ဗာန်သို့ ကူးရောက်သွားပြီဖြစ်ကြောင်းကို ရှင်းပြနေကြောင်း တွေ့ရပါသည်။

'အဘာဝါ'ဆိုသော ကဗျာတစ်ပုဒ်လုံးကို ချုံ၍ဝေဖန်ရမည်ဆိုပါသော် ထိုတေးကဗျာသည် ရခိုင်တောလက်ဒေသမှ ပေါက်ပွားလာသော တေးကဗျာဖြစ်သည်။ စာဆိုရှင်သည် မည်သူမည်ဝါဖြစ်သည်ကိုကား မသိရပေ။ ယခု 'အဘာဝါ' တေးကဗျာရှင်၏အမည်ကို မသိရစေကာမူ ရခိုင်အမျိုးသားထဲတွင်လည်း တောနေလူတန်းစား၏ဘဝသရုပ်ကို ပေါ်လွင်စေသော စာဆိုရှင်ရှိနေကြောင်းကို ထင်ရှားစွာ တွေ့ရှိနိုင်ပါသည်။ ရခိုင်တိုင်းရင်းသားတို့သည် စာပေအနေနှင့်လည်းကောင်း၊ အတွေးအခေါ်အနေဖြင့်လည်းကောင်း၊ အဆင့်အတန်းမည့်ကြောင်းကို ဤတေးကဗျာက သက်သေခံလျက်ပင်ရှိသည်။ ထိုမျှသာမကသေး ရခိုင်တို့ဒေသသည် တောတောင်ရေမြေ သာယာသည်။ စိမ်းလန်းစိုပြေ၍ သာမောဘွယ်ကောင်းကြောင်း

ကို တွေးဆဆင်ခြင်နိုင်သည်။ ရခိုင်သည် တိုးတက်သော လူမျိုးများဖြစ်ကြောင်းနှင့် ရပ်ရွာငြိမ်ဝပ်သာယာသော ပြည်ရွာဖြစ်ကြောင်းကိုလည်း သိနိုင်ပေသည်ပင်။

ယင်း 'အဘာဝါ'တေးကဗျာတွင် အသည်းနှလုံး၏ခံစားချက်ဖြစ်သော အချစ်အကြောင်းလည်း လုံးဝမပါဝင်။ နိုင်ငံရေးအကြောင်းနှင့်လည်း လုံးဝမပတ်သက်။ တောနေလူတန်းစားတို့၏ သဘာဝအခြေအနေ၊ လုပ်ကိုင်စားသောက်ပုံ၊ ဘာသာယုံကြည်မှု၊ ပတ်ဝန်းကျင်သာယာမှုတို့ဖြင့် ခြယ်မှုန်းထားသည်။ ကလေးငယ်တစ်ဦး၏ သိလိုသောစိတ်ကို မချုပ်ချယ်ဘဲ မိမိ၏လိုရာယုံကြည်မှုဘက်သို့ ဆွယ်ယူလာသည်မှာ လွန်စွာစိတ်ဝင်စားဘွယ်ပင်ဖြစ်သည်။ ယခုခေတ်မိခင်များ နည်းယူဘွယ်ပင် အမေးအမြန်ထူသောကလေးများအား အချို့မိခင်တို့သည် ငေါက်ငန်းတတ်ကြသည်၊ မာန်မဲတတ်ကြသည်ကို တွေ့ရပေသည်။

ယင်းတို့မှာ အသိများလိုသော ကလေးများအား အသိဉာဏ်ကိုချိုးနှိမ်ရာရောက်သွားသည်။ သူတို့မေးသည်ကို နားလည်သဘောပေါက်အောင် အလျဉ်းသင့်သလို ပြောကြားရပေမည်။ ထိုသို့ပြောဆိုရင်း အသိဉာဏ်နည်းပါးသော ကလေးအား မိမိလိုရာဘက်သို့ ဆွဲခေါ်ယူရာသည်။ ဤ'အဘာဝါ'တေးကဗျာကလည်း မိခင်ကောင်းများအတွက် ရည်ညွှန်းစပ်ဆိုထားသည်ဆိုက မှားအံ့မထင်ပါ။ အမေးအမြန်းထူသော ငယ်ရွယ်သူတို့အား လွတ်လပ်စွာမေးမြန်းနိုင်အောင်လည်း လမ်းခင်းထား၏။ အနောက်နိုင်ငံများမှာလည်း ဤသို့အမေးအမြန်းထူလွန်းသော ကလေးများအား မေးသမျှကို မညည်းမညူဘဲ မိခင်လုပ်သူကဖြေကြားကြောင်းကို မကြာခဏ ကြားသိရပါသည်။ ထို့ကြောင့် အနောက်နိုင်ငံသားများကိုသာ အထင်အမြင်ကြီးနေသူများအား ဤတေးကဗျာက ငါတို့ရခိုင်ကျေးလက်ရွာမှာလည်း ဤသို့သော အသိဉာဏ်ရင့်သန်သော စာပေရှင်များသည် ရှေးအခါကပင်ရှိနေကြောင်း ပြောပြသယောင်ပင် ရှိပါတော့သည်။

ရခိုင်တိုင်းရင်းသားများသည် စာပေရေးသားရာတွင် အတွေးအခေါ်အနေဖြင့် ထိပ်တန်းကပါဝင်ကြောင်းကို ခိုင်လုံစွာဖြင့် ဤတေးကဗျာကပင် သက်သေထူလျက်ရှိပေသည်။ ဘာသာရေးအနေဖြင့်လည်း တိုးတက်ကြီးကျယ်နေမည်ကို မြင်ယောင်နိုင်သည်။ ယခုခေတ်တွင်လည်း ဤသို့အတွေးအခေါ်ရင့်သန်သော သဘာဝကိုတင်ပြနိုင်သော၊ ရသဂုဏ်၊ ပသာဒဂုဏ်မြောက်လှသော ရခိုင်စာဆိုရှင်များ ပေါ်ပေါက်ထွန်းကားလာလိမ့်မည်ဟု များစွာယုံကြည်လျက်ရှိပါသည်။ ရှေးရခိုင်စာဆိုရှင်များ၏ မြင့်မြတ်ကောင်းမွန်လှသော တေးကဗျာများကိုလည်း ရှာဖွေကြပါ၊ ဖော်ထုတ်ကြပါဟု တိုက်တွန်းလိုက်ရပါတော့သည်။

မသဇင်(မောင်တော)

# ရှိုင်အစိန္တေယျဟိတသိဒ္ဓိ ဘုရားကိုးဆူပူဇော်နည်း

## ဘုရားကိုးဆူအရပ်ညွှန်

ဗုဒ္ဓေါစ မဇ္ဈိမေသဋ္ဌော၊ သာရိပုတ္တောစ ဗက္ခိဏော။
ပစ္ဆိမေစ အာနန္ဒော၊ ဥတ္တရေစမောဂ္ဂလာနော။
ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ၊ ပါယဗ္ဗေစဂဝံပတိ။
ဥပါလိနိရုတိစေဝ၊ အဂ္ဂိနေယျ ရေဝတကော။
ရာဟုလောစေဒ ဧသန္နေ၊ ဇယတု သစ္စမင်္ဂလံ။

## ၁။ ဘုရားသခင် ဘိသိက်

အဋ္ဌရသ ဟတ္တုဗ္ဗေဓော၊ ဂေါစမောသကျ ဝဍ္ဎနော။
သဗ္ဗညု အဗ္ဗုတိလောကော၊ သဗ္ဗလောကာ သုခပ္ပတ္တော။
ဝိဇ္ဇာစရဏ သမ္မန္နော၊ သောတ္တာရောဂျံ ဒဒါတုမေ။

## ၂။ အရှင်သာရိပုတ္တရာ ဘိသိက်

သာရိပုတ္တောမဟာပညော၊ ပဌမောအဂ္ဂသာဝကော။
ဓမ္မသေနာမတိသေဋ္ဌော၊ သဒါသောတ္တိ ˙ ကရောတုမေ။

## ၃။ အရှင်အာနန္ဒာ ဘိသိက်

အာနန္ဒောဗုဒ္ဓုပ္ပဋ္ဌာကော၊ သင်္ဂီဟေသာခုသမ္မတော။
ဗဟုသုတော ဓမ္မာရော၊ သဒါသောတ္တံ ကရောတုမေ။



**၄။ အရှင်မောဂ္ဂလာန် ဘိသိက်**

မောဂ္ဂလာနော မဟာတေရော၊ ဒုတိယောအဂ္ဂသာဝကော။
ဣဒ္ဓိမန္တာနံသောအဂ္ဂေါ၊ သဒါသောတ္တံ ကရောတုမေ။

**၅။ အရှင်ကောဏ္ဍည ဘိသိက်**

အညတကောဏ္ဍညထေရော၊ ရတ္တညုနံအဂ္ဂေါအဟု။
ဓမ္မစက္ကာဟိသမယော၊ သဒါသောတ္တံ ကရောတုမေ။

## ၆။ အရှင်ဂဝံပတိ ဘိသိက်

သဗ္ဗာဝေရာ ဘယာဘိတော၊ ဂဝံပတျာသဝက္ခယော။
မဟာသိန္ဓိကရောလောကေ၊ သဒါသောတ္တိ ံ ကရောတုမေ။

## ၇။ အရှင်ဥပါလိ ဘိသိက်

ဝိနယေအဂ္ဂနိက္ခကော ဥပါလိသတ္တုဝဏ္ဏိကေ။
ဝိနယေပါရမိပတ္တော၊ သောတ္ထျာရောဂျံဒဒါတုမေ။

## ၈။ အရှင်ရေဝတ ဘိသိက်

အရညဝါသီနံသော အဂ္ဂေါ၊ ရေဝတောခမိဿေနိယော။
ဝိဝေကာဘိရကော ထေရော၊ သဒါသောတ္တိ ံ ကရောတုမေ။

## ၉။ အရှင်ရာဟုလာ ဘိသိက်

ရာဟုလော ဗုဒ္ဓေါပုတ္တောပိ၊ သိက္ခာကာမနမုတ္တမော။
ဒါယဒေါသဗ္ဗဝမ္မေသု၊ မဟာသန္တိ ကရောတုမေ။
တစ်ဆူကိုးခေါက်စီ ဂါထာကိုရွတ်၍ဘိတ်သိက်မြောက်။
သလွှဲစင်တွင် ရေး၍လည်း ဌာမနာလေ။

## ဘေးဒဏ်ရန်ကာ ဆုတောင်းဂါထာ

ကောဏ္ဍညထေရာ နူဘာဝေန ပုရတ္တိမာယ ဒိသာယ၊ အာဂတာနံ သတ္တညာယာနံ အသီတိသတ သဟသာနံ ပတတု(မဒ္ဒဘီ) ခဇ္ဇံသေတု အတ္တာဂ်မေတု။

သာရိပုတ္တထေရာနူဘာဝေန ဒက္ခိဏာယ ဒိသာယ အာဂတာနံ သတ္တရူဘယာနံ အသီတိသတ သဟသာနံ ပတတုဝိဒ္ဓံသေတု အတ္တာဂ်မေတု။

အာနန္ဒာရေရာ နူဘာဝေန ပစ္ဆိမာယဒိသာယ အာဂတာနံ သတ္တုရူဘယာနံ မသီတိသတ သဟသာနံ ပတတုဝိဒ္ဓံသေတု အတ္တာဂ်မေတု။

မောဂ္ဂလာနထေရာ နူဘာဝေန ဥတ္တရာယ ဒိသာယဘာဂတာနံ သတ္တရူဘယာနံ အသီတိသတ သဟသာနံ ပတတုဝိဒ္ဓံသေတု အတ္တာဂ်မေတု။

ဥပါလိထေရာ နူဘာဝေန ဒက္ခိဏာယ အနူဒိသာယ အာဂတာနံ သတ္တရူဘယာနံ အသီတိသတ သဟသာနံ ပတတုဝိဒ္ဓံသေတု အတ္တာဂ်မေတု။

ရေဝတထေရာ နူဘာဝေန ပုရတ္တိမာယ အနူဒိသာယ အာဂတာနံ သတ္တရူ

ဘယာနံ အသီတိသတ သဟဿာနံပတတု ဝိဒ္ဓံသေတု အတ္တဂ်မေတု။

ဂဝံပတိထေရာ နူဘာဝေန ပစ္ဆိမာယ အနုဒိသာယ အာဂတနံ သတ္တရု သမာနံ သသီတိသတ သဟဿာနံပတတု ဝိဒ္ဓံသေတု အတ္တဂ်မေတု။

ရာဟုလာထေရာ နူဘာဝေန ဥတ္တရာယ အနုဒိသာယ အဂတနံ သတ္တရု ဘယာနံ အသီတိသတ သဟဿာနံ ပတတု ဝိဒ္ဓံသေတု အတ္တဂ်မေတု။

ဤကိုးဆူသောဘုရား ကိုးကွယ်ရသောသူတို့အား မသိကြနိုင်သော အလီတို့ကို ဆုတောင်းတိုင်းသော စီးပွားချမ်းသာနှင့် ပြည်စုံတတ်သောကြောင့် 'အစ္ဆေယျ ဟိတသိဒ္ဓိ'ဟူ၍ ရှေးပညာဟိသုခမိန်တို့ မှည့်ခေါ်သမုတ်ခဲ့ကြပေသည်။ ဤသို့ ကိုးကွယ်ပူဇော်မှုပြုထုံးကို ရှေးပဝေသဏီ အစဉ်အဆက်ကပင် ဆင်းသက်လာခဲ့ကြသည်ဖြစ်၍ ရှိသေစွာ ပူဇော်သကာပြုကြပါကုန်။

## ကိုးကွယ်ရအံ့သော အစီအရင်

ဤဘုရားကိုးဆူတို့ကို ကိုးကွယ်ရအံ့သော အစီအရင်ကား ဤသို့တည်း။

သန့်ပြန့်လှစွာသော ဘယ(ဗျပ်)(လင်ပန်းအကြီးစားမျိုး) အသစ်ကြီးကို ကိုးခုလုပ်၊ ဟက်ပြောဖက်(ငှက်ပျောဖက်)ကိုသော်လည်း လေးထောင့်ဂြိုလ်စာပေးသည့် ခွက်ကဲ့သို့ အခန်းကိုးခါက်ကွန့်၍လုပ်။ တံခွန်၊ ကြက်လျှာတိုင်မှာ ပူဇော်လိုသူ တစ်ထောင့်တွင် တစ်သစ်သာစေ။ အနံမှာ ခုနစ်သစ်၊ရှစ်သစ်စီ အဖြူသက်သက်ကို ပြုလေ။

ထီးဖြူကိုးခု၊ မီးတိုင်မှာပူဇော်လိုသူ အရပ်နှင့်အမျှတွင် လက်တစ်သစ်သာ၍ ချည်ပင်ကိုဟူ ပူဇော်သသူသက်စေ့တွင် တစ်ပင်သာ၍ မီးစာယူ။ ကိုးပိုင်းပိုင်း တစ်ပိုင်းမှာ လက်တစ်သစ်သာစေ၊ လက်တစ်သစ်သာသည့်အပိုင်းမှာ ဘုရားသခင်ဖို့ မီးစားပြု၊ ကြွင်းသည့်ရှစ်ပိုင်းမှာ ရဟန္တာများဖို့ မီးစာပြု၊ မီးစာမှာ ဖယောင်းမံ၊ ဖယောင်းမှာ ရသာလျှင် ဘုရားသခင်မှာ ၅ိ–၅ံ၊ ရဟန္တာမှာ ၅ိ စီ၊ မရသာလျှင် ဘုရားသခင်မှာ ၁ိ–၁ံ၊ ကြွင်းသည့်ရှစ်ဆူမှာ ၁ိ စီ၊ သည်နှင့်မရသာလျှင် ဘုရားမှာ ခံ၊ ကြွင်းသည့်ရှစ်ဆူမှာ သူစီ၊ သည်တွင်မစသာချေပြီ။ အရပ်၊ အသက်နှင့် တိုင်း၍ မြင့်သည်ချည်ကို မီးစာပြု၍ ဖယောင်းကိုတိုင်ပြုလေ။

ဘုရားသခင်မှာ မီးတိုင်တသစ်သာ၍ ရှည်စေ။ ဆွမ်းပွဲ ကိုးပွဲစီရင်။ ဆန်သုံးထပ်ကျွတ်လှအောင် ဖွပ်၊ ဆန်လတ်ဆန်ဖျား မပါရအောင် သုံးခါဝန်း၍ (သုံးခါတီး၍) ဆန်ရင်းသားကိုယူ၊ တစ်ပြည်က သာလွန်မောက်စေ။ တစ်ပြည်မှန်ရုံသာ မဟိစေနှင့်။ သန့်ပြန့်လှသည့်ရေနှင့် သုံးထပ်စင်ကြယ်လှအောင် ဆေးလေ။ ဆွမ်းချက်သောအခါ ယောကျ်ားကိုသာ ချက်စေ။ မိန်းမကို မချက်စေရာ။

ဆွမ်းချက်ရမည့်အရပ်ကို ညီညွတ်လှအောင်ပြုပြင်၍ နွားချေး၊ မြေနီ၊ သရွတ် လိမ်းကျံ။ ထင်းမှာ ဓိးသားကို အရင်းအဖျားမှန်အောင်ပြု၊ ဓိးသားလေးချောင်းကိုပူဇော်လို့ ဆူတစ်ထောင်နှင့် လက်လေးသစ်ပြု။ ချောမောလှအောင် ဓါးနှင့်ရွေ၊ အရင်းကချွန်၍ ဆွမ်းချက်သည့် အရပ်လေးထောင့်တွင် စိုက်ချည်မျှင်ကို ခုနှစ်ပင်ဖြစ်စေ၊ ကိုးပင်သော်လည်းဖြစ်စေ ပတ်၍ ဝင်းသားပါလေ။ ဝင်းလေးထောင့်ကို တံခွန်ဖြူတစ်တိုင်စီ ဆီမီးတစ်ခွက်စီ ပူဇော်ပါလေ။ ဆွမ်းချက်သောသူသည် ဝင်းဝသို့ဝင်ပြီး ပြင်သို့မထွက်ရ။ လိုသည့်ဝတ္ထုဟိလျှင် ပြင်ကသူသာ ပေးစေရမည်။

ဆွမ်းချက်သည့်အိုးစလောင်းမှာ အသစ်စင်စင်ကိုပြု၊ စားဖို့စုံလောက်မှာ အိုးသစ်သုံးလုံးကိုပြု၊ မွှေသည့်ယောက်မမှာလည်း ဓိးသားကိုအသစ်သန့်ပြန့်ချောမောလှအောင် ပြုပါလေ။ ဆွမ်းသွတ်စရာဖက်ခွက်ကိုလည်း ကိုးခွက်ပြု။ ဖက်ခွက်၊ ပုရောဟိတ်ပုဏ္ဏားဖြစ်မူ ကြေးဖက်ခွက်၊ သူဌေးသူကြွယ်ဖြစ်မူ တေဗျော ခွက်၊ သူဆင်းရဲဖြစ်မူ ဟက်ပြောခွက်(ငှက်ပျောဖက်ခွက်)ကို သန့်ပြန့်လှစွာယူ၍ ဖက်ခွက်ပြုပါလေ။

တတ်နိုင်လျှင် ယိုကိုးမည်၊ မုန့်ကိုးမည်၊ ဟက်ပြော(ငှက်ပျော)ကိုးမီးမုန့်ကိုးလုံး၊ ကွမ်းကိုးစည်း၊ လက်ဖက်ကိုးထုပ်၊ ပန်းကိုးကတော့၊ ကြံ၊ တင်းလဲ၊ ထောပတ်၊ နွားနို့အရသာ တတ်နိုင်သမျှ ထည့်ပါလေ။ မရသာသော် မုန့်သုံးမည်၊ ယိုသုံးမည် ကြံတင်းလဲထောပတ်၊ အုန်းသီး ဟက်ပြော(ငှက်ပျော) အချိုအချဉ် အဆိမ့် ရတတ်သမျှ ထည့်ရမည်။ တံခွန်တိုင်ကိုးတိုင်ကို အလျင်ကိုးခန်းတွင် တစ်ခန်းတစ်တိုင်စီ စိုက်။ ထီးဖြူကိုးစင်း စိုက်၊ ကွမ်းလက်ဖက်ထုပ် ပန်းကတော့ တစ်ခုစီစိုက်။ ပေါက်ပေါက်ပူဇော်။ နံ့သာရေဆွတ်ဖြန်း၊ ပန်းအမည်အနံ့ ပူဇော် အခိုးအထုံ ပူဇော်ကြပါလေ။ မွေးနေ့နံနက် အာရုံတက်လျှင် ကျောင်းဖြစ်စေ၊ အိမ်ဖြစ်စေ၊ သာမည ပူဇော်လိုလျှင် နေရာသန့်ပြန့်ရာတွင် ထား၍ပူဇော်ပါလေ။ အခြံအရံကိုလိုသော် ပရိဝါရကထား၍ ပူဇော်ပါလေ။ အသက်ရှည်သော် ဂဟပတိက။ ဘုန်းတန်ခိုးအာနုဘော် ကြီးလိုသော်– တေဇက။ ကျွဲ၊ နွား၊ ဆင်၊ မြင်းကိုလိုသော်– ဌာနက။ ဘုန်းကျက်သရေ တိုးတက်စေလိုသော် သီရိက။ ထား၍ ပူဇော်ပါလေ။ (ဘုမ္မိကား–သချိုင်း၊ ပူဇော်ရန်မလို) ဤကဲ့သို့ အလိုဟိသည်နှင့်လျော်စွာ အရင်မျက်နှာကထား၍ ပူဇော်ပါလေ။ ပူဇော်ရမည့်အရပ်မှာ ပတိုင်းညောင်စောင်း အသစ်ပြုလုပ်၍တင်။ မစွမ်းဆောင်နိုင်သော် အဟောင်းကို ရေမိုး သန့်ပြန့်စွာဆေးကြော၍ နီးခေါက်ဖျာသစ်ခင်း၊ အပေါ်တွင် အကျီဖျင်စ ပုဆိုးဖြူဖြူ၊ သန့်ပြန်စွာခင်း။ သည်အပေါ်တွင် သန့်ပြန့်သည့် ခေါင်းပေါင်းဒေါက် လန်းကိုတင်။ သည်အပေါ်တွင် ပွဲခင်း၊ ပွဲခင်းသည့် ဘယ(ဗျပ်)ကို တင်ပါလေ။

ပတ်ပတ်လည် တင်းထိန်နီကို ကာ။ ဗိသာန်ဖြူအထက်က မိုးကာ ကြက်။ အရပ်လေးထောင့်မှာ တံခွန်ဖြူလေးတိုင် စိုက်။ ထန်းရွက်စင်စင်ကို ပူဇော်လိုမူ တစ်ထွာဖြစ်စေ၊ တစ်ညိုဖြစ်စေ၊ အရင်းအဖျားမှန်လှအောင်ဖြတ်။ အရင်းအဖျား တစ်ဘက်တစ်ချက်ချွန်၍ စာရေးလေ။

**ရေးရမည့်ဂါထာကား–**

အဠရသဟတ္ထုဗ္ဗေဓာ၊ ဂေါခမောသကျ ဝဃုနော။
သဗ္ဗညု သဗ္ဗတိလောကော၊ သပ္ပလာကာသုစပ္ပတ္တော။
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သောတ္တာဂုရောဂျဲဒဒါတုမေ။

ဤဂါထာကို တစ်ဘက်ကိုးကြောင်းရေး။ ‘ဗုဒ္ဓေါစမဇ္ဈိမေသေဋ္ဌော’စသော အရပ်ညွှန်ဂါထာကို တစ်ဘက်ရေးလေ။ ဘုရားသခင်နေရာတော်မှာ စိုက်ရမည်။ ဤနည်းကိုမှီ၍ စိုက်လေ။

ဆွမ်းတင်မီးညှိမှစ၍ အလုံးစုံကို ‘ဗုဒ္ဓေါစ မဇ္ဈိမေသေဋ္ဌော’စသော အရပ်ညွှန်ဂါထာနှင့်အညီ ဘုရားသခင်ကစ၍ အစဉ်အတိုင်းပြုပါလေ။

ဆီမီးကို နောက်မှညှိပါ၊ မီးညှိပြီးလျှင် ‘ဗုဒ္ဓေါစ မဇ္ဈိမေသဋ္ဌော’ အရပ်ညွှန်ဂါထာကိုရွတ်ဆို၍ သုံးကျိပ်ပင့်ဖိတ်ပါလေ။ ပင့်ဖိတ်ပြီးမှ မီးမညှိမီကာလ အလိုဟိတိုင်း ဆုတောင်းပတ္တနာ တတ်အားသမျှပြု၍ ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဆုတောင်းပါလေ။

**ဆုတောင်းဂါထာကား . . .**

ယောန္နာထော ပူဇိတောလောကေ၊ နိဒ္ဒက္ခော နိရုပ္ပဒ္ဒဝေါ။
မဟာတေဇောသဒါဟောတု၊ ဘဝတုဇယမင်္ဂလလံ။
အာယုဒီဃံသဒါသုခံ၊ သဗ္ဗဒိသာဝရာဝရုံ။
သဗ္ဗသတ္တရုဝိနာသနံ၊ သပ္ပရောဂါ၊ ဝိနာသနံ။
ပရိတ္တာမဟာနုဘာဝံ၊ အန္တရာယဝိနသတု။
သဗ္ဗဒေဝါစယက္ခာစ၊ ဘုတ္တာပြိတ္တာ စဇော်ဂနီ။
ရာဇာမတ္တာ မနုသာစ၊ သဗ္ဗေကာမံ ဝိနဿရ။
စိရိတိဋ္ဌတုမေအာယု၊ လာဘံလဘတု သဗ္ဗဒါ။
ပိယာဘဝန္တုသောကာရော ဂါဝိနသာတု။ ။

အစဟိသော ဆုတောင်းဂါထာဖြင့် ပတ္တနာပြုပါလေ။ သိလိုလျှင် သိရုံမျှသာ ဂါထာပါဠ်အတိုင်း အနက်အဓိပ္ပါယ်ကို ရေးမှတ်ပြုလိုက်သည်။

သို့ဆိုအပ်ခဲ့ပြီးသော ဂါထာပါဠ်တို့ဖြင့် ညှိထွန်းသမျှသော ဖယောင်းကိုးတိုင် ဆီမီးငြိမ်းအောင်သော်လည်း ရွတ်ဆိုပါလေ။ မစွမ်းနိုင်သော် ကိုးတိုင်တွင် တစ်ခုခု

သော ဆီမီးတိုင်ငြိမ်းရုံသော်လည်း ရွတ်ပါလေ။ ဆီမီးမှာ ဖယောင်းကား ဥပါဒ် အန္တရာယ်ဖြစ်ရာအရပ်၊ ဂြိုဟ်စီးဂြိုဟ်နင်း သက်စိသက်ရောက်စမ်းပြီး စမ်းကျမှ စ၍ မတော်သင့်ရိုးသမျှကို ပျောက်စေသည်ဟု မှတ်ရမည်။

မိမိအရပ်ကစ၍ မီးညှိရမည်။ မီးညှိရာအရပ်သို့ ပူဇော်သမျှကိုပို့ပါလေ။ မိမိ တေဇအရပ်သို့သော်လည်း ပို့ပါလေ။ တန်ခိုးကြီးသော ဘုရားပုထိုးသို့သော် လည်း ပို့ပါလေ။

ပို့ရမည့်အရပ်မှာ ဆွမ်းချက်သည့်ကာလ စိုက်သည့်ဝင်း၊ ကာသည့်တိုင် လေးချောင်းကိုစိုက်၍ သည်အပေါ်တွင် တင်ထားပါလေ။ ဆွမ်းချက်သည့်ပြာ၊ မီးသွေး၊ ထင်းစသည်တို့ကို မကျော်မနင်းရအောင်သိမ်းယူ၍ လျှောက်ပတ်ရာအ ရပ်သို့ ပို့ပါလေ။

ဆွမ်းချက်သည့် အိုးစလောင်း၊ ယောက်မခုံတောက်တို့ကို ကျောင်းကန်သို့ ဖြစ်စေ၊ ဘုရားပုထိုးသို့ဖြစ်စေ၊ ပို့လှူပါလေ။ လူမသုံးဆောင်မိစေရာ။ ပူဇော်သော ဆွမ်းပွဲအတိုင်း ဖက်ခွက်တစ်ခုကို စားပွဲတစ်ပွဲပြင်၍ 'မေတ္တာတော်ဆွမ်း၊ မေတ္တာ တော်ပန်း၊ မေတ္တာတော်ရေ'ဟုခန့်၍ထား။ ပူဇော်သသူကို သုံးဆောင်ပါစေ။ ကိုယ် တိုင်မပူဇော်နိုင်သော်လည်း သူတစ်ပါးကိုပူဇော်စေ၍ မေတ္တာတော်ဆွမ်း၊ မေတ္တာ တော်ပန်း၊ မေတ္တာတော်ရေကိုပင် သုံးဆောင်သော်လည်း အကျိုးကြီးမြတ်လှပေ သည်။

အဖိုးထိုက်သည့်အလျောက် ရွှေဖက်ခွက်၊ ငွေဖက်ခွက် စသည်တို့ကို တရို တသေသိမ်းဆည်း၍ နောက်အလိုဟိတိုင်း ပူဇော်သုံးဆောင်ရအောင် ကောင်း မွန်စွာထားပါလေ။ ပူဇော်သောအခါ ထန်းရွက်တွင်ရေး၍ စစ်သည်ထန်းရွက် တွင် စာတို့ကိုယူ၍ ဦးခေါင်းရင်ပြင် မြတ်ရာအရပ်တွင်ထား၍ ကိုးကွယ်ပါလေ။ ပူဇော်ရသောအကျိုးမှာ ဆုတောင်းဂါထာတွင် စုံလင်အောင် အပြည့်အစုံပါလေ ပြီ။

သည့်အပြင် အကျိုးအကျဉ်းမျှဆိုသော်ကား မွေးဖွားရင်းဇာတာ၌ ပဋိသန္ဓေ တိုင်ဆယ်တိုင် မိတ္တုတိုင်ပြုတ်သော်၊ လဂ်ပြုတ်၊ ဝန်းပြုတ်ကြုံသော် ဂြိုဟ်စီးဂြိုဟ်နင်း ကြုံသော် ဂြိုဟ်ဝင်ဂြိုဟ်ထွက်၊ သက်သုဉ်းသက်ပြုတ်ကြုံသော်။ မကောင်းသော တိတ်နိမိတ် ငှက်လင်းတနားသော်၊ မြွေဝင်သော်၊ ဖွတ်တက်သော်၊ ပျားစွဲသော် သူအတိုက်အတွန်း၊ အတိုက်အမြှုပ်ပြုသော်၊ နာသောသူကိုဆေးကု၍ မကျန်းမာ ကဲ့သို့ ဘုန်းတန်ခိုးနိမ့်သော်၊ အသျှင်သူကြီး မိဘပျက်သော်၊ စည်းစိမ်ဥစ္စာလျော့ ပါးသော်၊ တရားတဘောင် မအောင်မြင်ခဲ့သော်၊ မတော်မသင့် မကောင်းသောအရပ် ၌ အနေအထိုင်ပြုမိမှားသော်၊ ဆိုအပ်ခဲ့ပြီးသောအစီအရင်အတိုင်း ပြုပါလေ။ ပစ္စုပ္ပန်၊

သံသရာ နှစ်ဖြာသောအကျိုးကို ပြီးပြည့်စုံစေအပ်သော 'အစိန္တေယျဟိတသိဒ္ဓိ'ဘုရားတို့ကို အရှိအသေအလေးအမြတ်ပြု၍ ပူဇော်ပါလေ။

ပူဇော်ပြီးသည့် ဆွမ်း၊ကွမ်း၊တံခွန်တိုင် စသည်များတို့ကို ကိုယ့်ကိုကောင်းစေလိုသော်၊ အခြံအရံ များစေလိုသော် 'ပရိဝါရ'-အရပ်သန့်ပြန့်ရာသို့ပို့။ အရိုက်အရာ၌ မြဲစေလိုသော် 'ဌာန'သို့ပို့၊ ဥစ္စာကိုလိုသော် 'ဂပတိ'သို့ပို့၊ အသက်ရှည်စေလိုသော် 'အာယု'သို့ပို့၊ ဘုန်းတန်ခိုးအာနုဘော် ကြီးစေလိုသော် 'တေဇ'သို့ပို့၊ ကျက်သရေဘုန်း မိုးနှယ်ချုန်းမျှ တိုးတက်ပြည့်ဖြိုးစေလိုသော် 'သီရိ'သို့ ပို့ပါလေ။

ဘဒ္ဒမ္မဒေသနာကာလေ-တရားဟောတော်မူသောကာလ၌၊ ပိဋ္ဌိဘာဂါဒိနိသီက-နောက်အဖိုးထိုက်နံရံစသည်၌ နေကုန်သောသူတို့သည်၊ သတ္တာနော- ဘုရားသခင်၏၊ မုခံ-မျက်နှာတော်ကို။ ဂဂနေ-ကောင်းကင်ပြင်၌၊ ပုဏ္ဏစန္ဒံ-လပြည့်ဝန်းကို၊ ပသန္တိက္ကဝ- မြင်ကုန်သကဲ့သို့၊ ပသန္တိ-မြင်ကုန်၏။ ဧတေနသစ္စဝဇ္ဇေန- ဤသို့ဟုတ်မှန်သောအား သစ္စာစကားကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇယမင်္ဂလံ-အောင်အပ်မင်္ဂလာသည်၊ ဟောတု- ဖြစ်ပါစေသတည်း။

> အစိန္တေယျိဒ္ဓိဘဝဿ၊ ဥတ္တမင်္ဂံ မဟေသိနော။
> ပဿိတုံ နေ ဝသက္ကောန္တိ၊ ဗြဟ္မာလောကဂဘာအပိ။
> ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေဇယမင်္ဂလံ။

အစိန္တေယျိဒ္ဓိဘဝဿ- မကြံစည်နိုင်သော တန်ခိုးတော်လည်း ဟိတော်မူထသော။ မဟေသိနော- မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏။ ဥတ္တမင်္ဂံ-မြတ်သောထိပ်တော်ကို၊ ဗြဟ္မာလောကဂတာ- ဗြဟ္မာပြည်သို့ တက်သွားကုန်သည်ဖြစ်၍။ ပဿန္တာအပိ- ကြည့်ကုန်သော်လည်း၊ ပဿိတုံ- မြင်အံ့သောငှာနေ။ ဝက္ကောန္တိ- မတတ်နိုင်ကုန်။ ဧတေန သစ္စဝဇ္ဇေန- ဤသို့ဟုတ်မှန်သောအား သစ္စာစကားကြောင့်၊ မေ- အကျွန်ုပ်အား၊ ဇယမင်္ဂလံ- အောင်အပ်သောမင်္ဂလာသည်၊ ဟောတု- ဖြစ်စေသတည်း။

> ဗုဒ္ဓေါယံ ဒေသိယိဓမ္မံ၊ အနုကမ္ပါယ ပါဏိနံ။
> တံသုတွာ ပဋိပစ္စန္တာ၊ သဗ္ဗဒုက္ခာ ပမောစေယျုံ။
> ဧတေနသစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓေါ- ဘုရားသခင်သည်။ ပါဏိနံ- သတ္တဝါတို့အား။ အနုကမ္ပာယ- သနားတော်မူသဖြင့်၊ ယံမေ- တရားတော်ကို၊ ဒေသယိ- ဟောတော်မူ၏။ တံဓမ္မံ- ထိုတရားတော်ကို၊ သုတွာနာ- ကုန်၍၊ ပဋိပစ္စန္တာ- ဟောတော်မူတိုင်း ကျင့်ကျန်ကုန်သောသူတို့သည်၊ သဗ္ဗဒုက္ခာ- ခပ်သိမ်းသောဆင်းရဲမှ၊ ပမောစေယျုံ- လွတ်ကုန်ပြီ။ ဧတေနသစ္စဝဇ္ဇေန- ဤသို့ဟုတ်မှန်သောအား သစ္စာစကားကြောင့်၊

မေ– အား။ ဇယမင်္ဂလံ– သည်၊ ဟောတု– သတည်း။

ဥာတောသဗ္ဗဿသမ္ဗုဒ္ဓေါ၊ ဓမ္မောစလမောနုဒေါ။
သံဃောသုပ္ပဋိပန္နာစ၊ သန္တံအဝိဝတ္တံ ခုဝံ။
ဧတေနသစ္စဝဇ္ဇေန၊ ဟောတုမေဇယမင်္ဂလံ။

ဗုဒ္ဓေါ– ဘုရားသခင်သည်။ သဗ္ဗဿ– အလုံးစုံသောတရားတော်ကို။ သန္တံ– ထင်ရှားစွာ။ ဥာတော– သိတော်မူပေ၏။ ဓမ္မောစ– သိတော်မူအပ်သော၊ အရိယာမင်္ဂလာ တရားသက်ကား။ အဝိဝတ္တံ– မချွတ်မလွဲ။ တမောနုဒေါ– အဝိဇ္ဇာတည်းဟူသောအမိုက်ကို ဖျောက်တော်မူပေတတ်၏။ သံဃောစ ပရမတ္ထ– သံဃာတော်အရိယာပုဂ္ဂိုလ်မြတ်တို့၏ အပေါင်းသည်ကား။ ခုဝံ– အမြဲ။ သုပ္ပဋိပန္နော– ကောင်းသောအကျင့် ဟိတော်မူပေ၏။ ဧတေနသစ္စဝဇ္ဇေန– ဤသို့ဟုတ်မှန်သောအား သစ္စာစကားကြောင့်။ မေ– အား၊ ဇယမင်္ဂလံ– သည်၊ ဟောတု– တည်း။

ဇာတိဒုက္ခပရေတာနံ၊ ဗုဒ္ဓေါဒိရတနတ္တယံ။
သဗ္ဗဒါသဗ္ဗပါဏီနံ၊ တာနံလေနံပရာယနံ။
ဧတေနသစ္စဝဇ္ဇေန၊ ဟောတုမေဇယမင်္ဂလံ။

ဗုဒ္ဓါဒိရနတ္တယံ– ဘုရားအစဟိသော ရတနာအပေါင်းသည်၊ ဇာတိဒုက္ခပရေတာနံ– ဇာတိတည်းဟူသောဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်သော။ သဗ္ဗပါဏီနံ– ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့၏။ သဗ္ဗဒါ– အခါခပ်သိမ်း၊ တာနံ– ကိုးကွယ်ရာလည်း ဖြစ်ပေ၏။ လေနံ– ပုန်းအောင်းရာလည်း ဖြစ်ပေ၏။ ပရာယနံ– လဲလျောင်းရာလည်း ဖြစ်ပေ၏။ ဧတေနသစ္စဝဇ္ဇေန– ကြောင့်။ မေ– အား။ ဇယမင်္ဂလံ– သည်၊ ဟောတု– သတည်း။

ဇယန္တော ဗောဓိယာမူလေ၊ သကျာနံနန္ဒိဝဍ္ဎနော။
ဧဝမေဝဇယော ဟောတု၊ ဇယသုဇယမင်္ဂလေ။

အကျာနံ၊ ဒေဝဒတ၊ ကောလိယနှင့်၊ ကပ္ပိလထီးနန်း၊ ကြင့ာန်းသုံးဆူ၊ အနွယ်တူဖြင့်၊ သွင်မူစရိုက်၊ သမိုက်တွင်ခေါ်၊ သာကီယနွယ်တော်တို့၏ (ဝါ)သာကီဝင်မင်းတို့၏၊ နန္ဒိဝဍ္ဎနော– နှစ်သက်ရွှင်ပြုံး၊ စိတ်နှလုံးကို၊ ယူကျုံးပိုင်ပိုင်၊ ပွားစေနိုင်ထသော၊ ဗုဒ္ဓေါ– သစ္စာလေးလီ၊ ခိုင်နှင်းဆီကို၊ လှမ်းမှီဆွတ်ခူး၊ ထွဋ်ဖူးထိပ်တင်၊ ဘုရားရှင်သည်၊ ဗောဓိယာမူလေ၊ မြေများဦးကိုင်၊ မဏ္ဍိုင်သီရိ၊ ဗောဓိသစ်မင်း၊ ပင်ခြေရင်း၌၊ ပလ္လင်မှီ– နဝရတ်ကိုးသွယ်၊ ဖြိုးကြွယ်ပြောင်လျှမ်း၊ လောင်ခမန်းလင်းထိန်၍၊ နဝင်းအိမ်စက်ပန်းဖြင့်၊ တင့်တယ်စမ္ပါယ်တော်မူရာ၊ ရတနာမြတ္တေ၊ ကျက်သရေညှတ်ရုံး၊ အထွဋ်ဆုံးမှန်သော၊ ပလ္လင်ဗွေထက်၌၊ နိသိန္နာ၊ လေးသစ္စာဖူးခိုင်ကို၊ ခူးနိုင်အောင်ခူးမည်ဟု ရွယ်စူးချက်ခိဋ္ဌာန်ဖြင့် စိတ်သန်သန်

စံနေတော်မူလျက်၊ ပဥ္စမာရေ၊ ဒေဝပုတ္တကိလေသနှင့် ခန္ဓာမစ္စုအတိသခ်ါ၊ မာရ်ငါးဖြာတို့ကို ဇယန္တောယတာ၊ တုတ်စားဆောင် ကြိုးမနောင်ဘဲ၊ ပါရမီတော်တည်းဟူသော လက်နက်ကောင်းဖြင့် အောင်မြင်တော်မူသကဲ့သို့။ ဧဝမေဝ၊ ပမာနည်းယူ ဤအတူသာလျှင်။ မေ– ငါ့အား(သူတပါးကိုဆိုလျှင် ဟေ–သင်အား) ဇယော၊ အောင်မြင်နိုင်ကြောင်း၊ မင်္ဂလာတရားကောင်းတည်း။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇယမင်္ဂလော၊ အောင်တင့် အောင်အပ်အောင်ရာ အောင်ကြောင်းဖြစ်သော မင်္ဂလာအပေါင်း၌။ ဇယသု– ဘေးရန်ဟူက၊ မြူမခဘဲ၊ စင်စစ်မသွေ အောင်မြင်နိုင်ကြပါစေကုန်သတည်း။

## ခုနစ်ရက်သား ဘုရားပူဇော်နည်း

ခုနစ်ရက်သားကို ဘုရားကု–ကုရသည်ကား တနင်္ဂနွေသားကို အိမ်အနောက်မြောက်ထောင့်က ဆွမ်းစင်ဆောင်၍ 'တန်ခိုးကြီးဘုရား'ဟူ၍ အမည်မှည့်။ ရေအလျင်သွန်ပြီးမှ ဆွမ်းငါးထုတ်တင်၊ ပန်းငါးပွင့်၊ ဆီမီးငါးတိုင်၊ တံခွန်ငါးတိုင်၊ ဆီမီးတိုင်ကိုတစ်ထွာ တံခွန်တိုင်မှာ သူနာတစ်ထောင်၊ တံခွန်ရွက်မှာ၊ အဝတ်ဖြူစကို မွေးနေ့ကစ၍ ရက်လည်အောင်လှူ လိုအပ်သောဆုကိုတောင်း။ တနင်းလာကို အိမ်မြောက်ဘက်က ဆွမ်းစင်ဆောက်အံ့ 'ကျော်ဝေါ'ဟု ဘုရားကိုမှည့် ရေအလျင်သွန်၍ ၎င်းနည်း စီရင်ပူဇော်လေ။ ဗုဒ္ဓဟူးသားမှာ အိမ်အရှေ့က 'ဇေယဘုံ'ဟုမှည့်။ ရေအလျင်သွန်၍ ၎င်းနည်းစီရင်ပူဇော်လေ။ ကြာသပတေးသားမှာ အိမ်ထောင်က 'ရွှေဘုံသာ'အမည်မှည့် ရေအလျင်သွန်၊ ၎င်းနည်း စီရင်ပူဇော်လေ။ သောကြာသားမှာ အိမ်အနောက်က 'မြသီတာ'ဟုမှည့်။ ရေအလျင်သွန်။ ၎င်းနည်း စီရင်ပူဇော်လေ။ စနေသားမှာ အိမ်အရှေ့ထောင့်က 'သာထွန်းဦး'မှည့်။ ရေအလျင်သွန်၍ ၎င်းနည်း စီရင်ပူဇော်လေ။ ရာဟုပြိုဟ်ကိုလည်း ခုနစ်ရက်သားတို့သည် အိမ်အနောက်မြောက်ကချည်း စီရင်ပူဇော်လေ။

နောင်လာလူများ မျိုးလေးပါးတို့ မှတ်သားကုန်ကြ၊ လင်္ကာပြဖိမ့်၊ မူလတူယဉ်၊ စပ်ယှဉ်သင့်စွာ၊ ပရိဝါနေမှု၊ အာယုညွန့်ရှင်၊ နံပင်စိုက်ကောင်း၊ တစ်ကြောင်းနရေ၊ တည်ဆပြည်ရွာ၊ မျိုးဆွေမှာနှင့်၊ ကန်သာရေတွင်း၊ တူခြင်းပြုပါ။ ဘုမ္မိမှာကား၊ ထားရာသချိုင်း၊ ပင်စရေအိမ်၊ မြုပ်ထိန်သွေးသံ၊ တတန်ဂေဟာ၊ ပတိထားဘိကျီကျ၊ ခေါင်းဆေးရလေ့။ တေဇအမှန်၊ ထီးတံခွန်နှင့်၊ ကျောင်းကန်ဘုရား၊ လှုခန်းနားက၊ တစ်ခြားဌာန၊ အသတတ္တိထားဘိ၊ ကျွဲနွားမြုပ်ထား၊ ဥစ္စာကန်သာ၊ ရေတွင်းတူခြင်းပြုမြဲ၊ တကွဲသီရိ၊ ပန်းတိစိုက်အပ်၊ အရပ်ရာသိမ်း၊ နန်းအိမ်အမှု၊ ကောင်းစွာပြုလော၊ နံကုတို့အား၊ ဘုရားပမာ၊ မြတ်နိုးရာ၏။ နံမှာပေါ်

ထွန်း၊ တရိယမ်းနှင့်၊ စတုယမ်းသာ၊ ကောင်းစွာဆောက်မှတ်၊ ပဥ္စပြက်နှင့်၊ ဆပြတ်ဝေးစွာ၊ အခါမအပ်၊ ဆိုပြန်ဝပ်စိမ့်၊ နေရပ်ပရိဝါ၊ အာယုမှာနှင့်၊ ထွန်းခါသီရိ၊ ဘုမ္မိဟူသည်၊ ဤလေးမည်တွင်း၊ မှတ်ပါအစဉ်၊ ဥယျာဉ်မဖွဲ့၊ အညွန်းမဲ့လျှင် ရေတွင်းရေကန်၊ တူဟန်တွင်းကျင်း၊ ဖိတ်ခင်းတံတား၊ ဘုရားတည်မှတ်၊ ပိဋကတ်တိုက်၊ ဆောက်ထိုက်တံခွန်၊ အိမ်မွန်တန်ဆောင်း၊ လှူပေါင်းကောင်းမှု၊ မပြုရှောင်မပေး၊ ခေါင်းဆေးမအပ်၊ ရေအိမ်ရပ်လည်း၊ မအပ်နှင်နှင့်၊ အဆုံးထင်သား၊ သစ်ပင်တို့၌၊ မစိုက်တုံရာ၊ ရှောင်ခွာကြဉ်ပစ်၊ ကောင်းဖြစ်လည်း၊ နံ့သစ်ပင်နှင့်။ မလုပ်တာတည်း၊ နေခွင့်အိမ်ရာ၊ လုပ်သောခါလည်း၊ ထက်မှာနံ့ထား၊ အောက်မသာ၊ မလိုက်ရာသည်။ ကျမ်းအလာ အဌသာခါတည်း။

အရှိန်အဝါ၊ အကျော်အစောကိုလိုသော် 'တေဇ'သို့ပို့၊ ဆင်မြင်းကျွဲနွား များစေလိုသော် 'ဠာန'သို့ပို့။ ပ၊အာ၊န၊ဘု၊ဂ၊ဠာ၊နေ၊သီ။ ပ–မှာ၊ ပရိစာရ၊ အာ–မှာ အာယု၊ န–မှာ၊ နဂရ၊ ဘု–မှာ၊ တုမ္မိ၊ ဂ–မှာ၊ ဂဟပတိ၊ ဠာ–မှာ၊ ဠာန၊ တေ–မှာ၊ တေဇ၊ သီ–မှာ၊ သီရိ ယူလေ။

ငြိုပြာဟ်နံ့ရာသီ ဟိရာအရပ်ကား ပ–ကစ၍ လက်ျာရစ်လှည့်ရမည်ဖြစ်သည်။

**နတ်မြစ်မာဃ**

***ကိုးကားကျမ်းများ***

ပရိတ်ပေါင်းချုပ်ပါ ပေမူ။
တိတ္တုပြရမကျမ်း ပေမူ။
တိတ္တုပြါရာကျမ်း ပေမူ။



# ဥက္ကာဇစ်

'ဥက္ကာဇစ်'သည် မင်းသားဥက္ကာ၏အကြောင်း ဥက္ကာဇာတ်ဖြစ်ပါသည်။ ဇာတ်ဟုဆိုသော်လည်း စကားပြေဇာတ်ဝတ္ထုတစ်ခုမဟုတ်ဘဲ အပိုဒ်ပေါင်း(၁၂၁)ပိုဒ်ဖြင့် ဖွဲ့သီထားသော ကဗျာလင်္ကာကြီးတစ်ခု ဖြစ်ပါသည်။ ကဗျာမှာ ပုံမှန်လေးလုံးစပ်အဖွဲ့ဖြစ်ပြီး အပိုဒ်တိုင်းကို 'လေ --- 'ဖြင့်ချီ၊ 'တည့်လေ ---'ဖြင့် အဆုံးသတ်ထား၏။ ထို့ကြောင့် ၎င်းကဗျာကြီးကို အချို့က 'ဥက္ကာအဲ'ဟုခေါ်ကြောင်း သိခဲ့ရပါသည်။

## ၁။ ဥက္ကာဇစ်စာမူ

ဥက္ကာဇစ်တွင်ဖွဲ့ထားသော အကြောင်းအရာကိုမပြောမီ 'ဥက္ကာဇစ်'စာမူအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။ ဥက္ကာဇစ်သည် လက်ရေးစာမူတစ်ခုဖြစ်ပါသည်။ ၎င်းစာမူကို စစ်တွေမြို့နေ မိတ်ဆွေဖြစ်သူ စာပေသုတေသီဆရာကြီး ဦးဗသိန်းက ကျွန်တော်အား လေ့လာရန်ပေးခဲ့သည်။ (အနောက်ပြည်၊ မရိုးသာရွာ ဆရာတော်ဘုရား ဦးဉာဏုတ္တရထံမှရရှိသည်ဟု သိရသည်။) ၎င်းစာမူနှင့် ပတ်သက်၍ ရေးသူစာဆို၊ရေးခဲ့သောခေတ် စသည်တို့ကို ဆရာကြီးအား ကျွန်တော်မေးမြန်းစုံစမ်းခြင်း မပြုခဲ့မိပါ။

စာမူမှာ ကုလားတန်မြစ်ဖျား၊ လေးမြို့မြစ်ဖျားစသော ရခိုင်အညာဒေသစကားသံဖြင့် ရေးသားထား၏။ စကားသံအများစု၏အနက်ကို ဖော်ယူရရှိနိုင်သော်လည်း ထိုဒေသသုံး စကားလုံးအချို့နှင့် အကျွမ်းတဝင်မရှိ၍တစ်ကြောင်း၊ ခင်းကျင်းဖွဲ့ဆိုထားသော အချက်အလက်အချို့နှင့် စိမ်းနေသေး၍တစ်ကြောင်း၊ စာမူကိုရရှိပြီး စဖတ်ကြည့်စဉ်က တစ်ဆယ်ရာခိုင်နှုန်းမျှသာ နားလည်ခဲ့ပါသည်။ စာမူကူးရေး

ရာတွင် ချွတ်ချော်မှားယွင်းမှု အတော်များများ ရှိလိမ့်မည်ဟုလည်း ထင်မြင်မိပါသည်။

သို့ဖြစ်သော်လည်း ဖွဲ့ဆိုရာတွင်ပါဝင်သော သိန်ဇက၊ ဥက္ကာ၊ ဖို့မယ်၊ မေပန်းကုံး၊ မင်းခေါင်းစသော ဇာတ်ဆောင်အမည်များအနက် အချို့မှာ မြန်မာ့သမိုင်းတွင် ထင်ရှားသောအမည်များနှင့် ဆင်တူနေ၍ စိတ်ဝင်စားမိပါသည်။ ထို့ပြင် 'တောင်စောင်းတောင်ခိုင်း၊ ဇကိုင်းရွှီပြည်၊ သာသည်ဌာန၊ ပြည်ပင်းယမှ၊ ရွှီဝဟူသည်၊ ဤသုံးပြည်ဝယ်'ဟူ၍လည်းကောင်း၊ 'မိုးဖျင်းမိုးဖွေး၊ ရွာကသည်း၌'ဟူ၍လည်းကောင်း၊ 'ခုနှစ်ခရိုင်၊ တောင်စဉ်အထွတ်၊ ကိုပ့်ပါးရပ်မှာ'ဟူ၍လည်းကောင်း ဖွဲ့ဆိုရာတွင်ပါဝင်သော ဒေသအချို့၏ အမည်များမှာလည်း စိတ်ဝင်စားစရာဖြစ်သည်။

'မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင့်သည်သာ"ဟူသော ကဝိလက္ခဏသတ်ပုံ သံပေါက်သည်လည်းကောင်း၊ 'ပြည်ပေါ်မှာ၊ ရွှေကြော်ငြာထုတ်သံကြားရတာက၊ အဟုတ်မှန်ပါ့မလားနော်၊ ဘဝင်မှာဆို့လှချည်ရဲ့၊ ရှင်ဘို့မယ်အကြောင်း ...'ဟူသော ငယ်စဉ်က ကြားဖူးနာဝရှိခဲ့သည့် 'ဘို့မယ်ဆင်ကဲဇာတ်' လာ သီချင်းတစ်ပိုင်းတစ်စသည်လည်းကောင်း၊ ထိုစဉ်က ရှင်းရှင်းလင်းလင်းနားလည်နိုင်ရန်ခက်ခဲလှသော 'ဥက္ကာဇစ်'စာမူကို ဆက်လက်လေ့လာချင်အောင် အဆက်မပြတ် တိုက်တွန်းနေပါသည်။ ထို့ကြောင့် ဥက္ကာဇစ်ကို အားလပ်ချိန်ရတိုင်း အကြိမ်ပေါင်းများစွာ ဖတ်ရှုလေ့လာပါသည်။ လက်လှမ်းမီသော သင့်နိုးရာရာစာအုပ်စာတမ်းများနှင့်လည်း ညှိနှိုင်းဆင်ခြင်ကြည့်ပါသည်။

မှန်နန်းရာဇဝင်တော်ကြီး 'ပထမအုပ်' ဆဋ္ဌမတွဲတွင် ဤသို့တွေ့ရပါသည်။ 'တောင်တွင်းမြို့ကိုစားသော ပွင့်လှဦးသီဟပတေ့လည်း ခြားနားမည်ဟူ၍ အကြံရှိ၏။ ထိုအကြောင်းကို တစ်စီးရှင်မင်းကြီး ကြားတော်မူသော် တောင်တွင်းခြားနားက တောင်ငူခြားနားအံ့သည် မချွတ်ဟူ၍ တောင်တွင်းပွင့်လှဦးသီဟပတေ့ကို မြောက်နန်မိဖုရားတွင်မြင်သည့် သမီးတော်စောပုလဲနှင့် ဖက်တော်မူသည်။ ထိုနှစ်ပါးစုံဖက်ရာတွင် သားတော်သိင်္ဂသူစောနှောင်းကို မြင်သည်။ သိင်္ဂသူစောနှောင်းနှင့် သရက်မင်းရှင်စောသမီးစောမြတ်ကဲ့သို့စုံဖက်၍ သားသိင်္ဂသူငယ်ကို မြင်သည်။ သိင်္ဂသူငယ်နှင့် မင်းကြီးစွာသမီး စောစလာကဒေဝီသင့်ရာတွင် သားတော်မင်းဥဂ္ဂါတစ်ပါး၊ နမတော်စောဖို့မယ်တစ်ပါး၊ ပေါင်းနှစ်ပါးကို မြင်သည်'ဟုဆိုထားပါသည်။

ထို့ပြင် မှန်နန်းပညာရှိများက 'မင်းရာဇပုံတွင် တူမတော်အရင်းဖြစ်သော စောပို့မယ်ကို မင်းခေါင်းရွှေနန်းတင်သည်'ဟု ဆိုသည်ကိုထောက်သဖြင့် မင်းကြီးစွာ နမတော်စောမြတ်နှင့် သိင်္ဂသူစောနှောင်းသင့်ရာ သိင်္ဂသူငယ်ကို မြင်သည်။ သိင်္ဂသူငယ်နှင့် မင်းကြီးစွာသား မင်းခေါင်းလည်း ညီအစ်ကို၊ သမီးယောက်ဖ

တော်ကြသည်ကိုထောက်သဖြင့် သိင်္ဂသူငယ်သမီး စောပို့မယ်ဖြစ်၍ မင်းခေါင်း၏ တူမတော်အရင်းဟူသော မင်းရာဇပုံစကားနှင့်လည်း ညီသတည်း’ဟု ဆက်လက်ဝေဖန်ထားပါသည်။

စောပို့မယ်ကို မင်းခေါင်မိဖုရားမြှောက်ပုံနှင်စပ်လျဉ်း၍ ဘိုးရာဇာလျှောက်ထုံးခေါ် မဏိရတနာပုံကျမ်းတွင် ဤသို့ဆိုထားပါသည်။

*‘စောပို့မယ်ကား မင်းကြီးမင်းခေါင်း၏ တူမရင်းတည်း။ ရှစ်နှစ်ရွယ်ကပင် မင်းကြီးမင်းခေါင်သည် မိဖုရားအဖြစ်ကို ပဆစ်ဒူးမျှလောက်သော ရွှေပုံထက်ရပ်စေလျက် ဘိသိက်မြှောက်၍ သိမ်းပိုက်သတည်း။ ရွှေစင် အချိန်တစ်ရာဖြင့်လုပ်သော မုနောလင်ပန်းကို လူတစ်ကျိပ်ကိုင်မ၍ မိဖုရားစောပို့မယ်နှင့် ခုနှစ်လစာ စားတော်ခေါ်၏။ အတုမရှိသော အလှူတော်ကောင်းမှုကို ပြုဖူးသောကြောင့် ဤရှစ်နှစ်တည်းသော အရွယ်ကပင် မိဖုရားဖြစ်၍ မိဖုရားတကာတို့ မစားဖူးသောအချိန် တစ်ရာခုတ်သော မုနောလင်ပန်းကို စားရသည်။ နောင်သံသရာလည်း အတုမရှိသော မြတ်သောကိုယ်နှင့် နှစ်ဖြစ်လိုသောဟု ပုဂံရွှေစည်းခုံ၌ မနောလင်ပန်းကို ထီးပန်းခံပြု၍ လှူလေ၏’*

ဤတွင် ‘သိန်ဇကု’မှာ သိင်္ဂသူ(သိခ်ံသူ)၊ ဥက္ကာမှာ ‘မင်းဥဂ္ဂါ’၊ ‘ဖို့မယ်’မှာ ‘စောပို့မယ်’၊ ‘မင်းခေါင်’မှာ ‘ပထမမင်းခေါင်’တို့ဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း သိလာရပါသည်။ စောပို့မယ်၏ ကုသိုလ်ကံထူခြားကြီးမားပုံနှင့်စပ်လျဉ်း၍ မဏိရတနာပုံကျမ်း၌ ဖော်ပြချက်နှင့် ဥက္ကာဇစ်တွင်ဖွဲ့ဆိုချက်တို့မှာ ကွဲပြားခြားနားသော်လည်း သဘောအားဖြင့် တူကြသည်ကို တွေ့ရပါသည်။

လက်လှမ်းမီသမျှ စာပေကျမ်းဂန်တို့၌ စောပို့မယ်နှင့် မင်းခေါင်တို့အကြောင်း အတော်များများ ဖော်ပြထားချက်တို့ကို တွေ့ရပါ၏။ သို့ရာတွင် မင်းဥက္ကာ၏အကြောင်းကိုမူ သိခ်ံသူ၏သားဖြစ်ကြောင်း ဖော်ပြသည်မှလွဲ၍ မတွေ့ရပါ။ ထိုအခါ မင်းဥက္ကာအကြောင်းကို သိချင်သူအဖို့ ၎င်းအား အဓိကဇာတ်ဆောင်အဖြစ် ဖွဲ့ဆိုထားသော ‘ဥက္ကာဇစ်’ကို အတတ်နိုင်ဆုံး လေ့လာကောက်ယူရန် လိုလာပါသည်။

ထို့ကြောင့် အထက်တွင်ဆိုခဲ့သည့်အတိုင်း ဥက္ကာဇစ်စာမူကို နားလည်နိုင်သမျှ အကြိမ်ကြိမ်အခေါက်ခေါက် ဖတ်ရှုလေ့လာ၍ ကဗျာအဆင်တန်ဆာ အပြောက်အမွမ်းတို့ကို ဖယ်ရှားကြည့်သောအခါ ကျောရိုးဖြစ်သော ဝတ္ထုဇာတ်လမ်းအကျဉ်းကို အောက်ပါအတိုင်းတွေ့ရပါသည်။

## ၂။ မင်းဥက္ကာအကြောင်း

အမျိုးအနွယ်မြင့်မြတ်သော ဝရဓမ္မရာဇာသည် တောင်ခေါင်းမြို့၏ အရှင်ဖြစ်၏။ ထိုမင်း၏သားတော်သည် သိန်ဇကူ(သိင်္ဂသူ)ဖြစ်၏။ သိန်ဇကူ၏ ကြင်ရာတော် သုဇာတာမှ မြတ်သောသားကြီး ရှိဥက္ကာ(မင်းဥက္ကာ)ကို ဖွားမြင်လေသည်။

ရတနာသုံးပါးကို ရှိညွတ်ကိုးကွယ်ရာ ဤသာယာသော ကျွန်းမြေတွင် ဟသ်ာပြည်သည်လည်းကောင်း၊ ရှာကြီးရှာငယ်တို့နှင့်ပြည့်သော စစ်ကိုင်း၊ပင်းယ၊အင်းဝပြည်တို့သည်လည်းကောင်း အသီးသီးရှိကြ၏။ ထိုသုံးပြည်တို့၌ မြန်မာ၊ မွန်၊ ပျူ၊ ရှမ်းဟူသော အမျိုးလေးပါးတို့သည် ဝပြောသာယာ ငြိမ်းချမ်းစွာအတူယဉ်တွဲ နေထိုင်လျက်ရှိကြ၏။

ဘုန်းတန်ခိုးကြီးမားသော တောင်ခေါင်းမြို့၏အရှင်သည် စကု၊ စလင်း စသော ကျေးလက်ခရိုင်တို့ကိုစိုးပိုင်၍ အခွန်အတုတ်ခံယူရ၏။ ကာမ၊ မင်းတုံး၊ သံပြင်၊ ကသည်း၊ မိုးဖွဲ့၊ မိုးဖျင်းစသော အရပ်ရပ်အနယ်နယ်မင်းတို့၏ သခင်လည်းဖြစ်၏။ မြတ်သောမင်းတို့၏ အရှင်ဖြစ်သော ထိုမင်းသည် ကျုံး၊ တံတိုင်း၊ ရဲလောင်း၊ ရင်တား၊ မုဒ်တံခါး၊ သူရဲပြေး၊ သူရဲခိုတို့ဖြင့် ဗိုလ်ခြေတစ်သိန်းပင် မဖြိုမဖျက်နိုင်သော ကျောက်မြို့ကြီးကိုတည်၍ နယ်သစ်ပယ်သစ်များ ချဲ့ထွင်စိုးမိုးလေသည်။

ထိုအချိန်၌ အရှေ့တူရူတွင် နေထိုင်ကြသော ပျူ၊ရှမ်းစသည့် လူလေးပါးတို့သည် မောဟဖိစီး၍ တရားပျက်ပြားကာ ခိုက်ရန်ပွားလာကြလေသည်။ မြတ်သောဝရဓမ္မာမင်း၏ နယ်ပယ်တွင်ကား မြို့လည်းခိုင်ခံ့၊ ပြည်သူလည်းညီညွတ်၊ အစားအစာလည်းပေါများ၍ စည်ကားလေသည်။ ထို့ပြင်အသီးသီးသော ကျေးလက်များတွင်လည်း လင်း၊ ချင်း၊ရှမ်း စသည့်လူတို့သည် တစ်ဦးစကားကို တစ်ဦးနားမလည်သော်လည်း ပျော်ပါးစွာနေထိုင်ကြ၏။ တန်းကစားခြင်း ပြုကြ၏။ တန်းကစားခြင်းသည် ရန်သူကိုအောင်မြင်အောင် မယောင်မမှား လျင်လျားစွာ ကစားရသောအမှုဖြစ်လေသည်။

ရှိဥက္ကာကား ဘေးဘိုးအစဉ်အဆက် တစ်ဆယ့်နှစ်ပြည်ကို ပိုင်စိုးသောမင်းမျိုးမှ ဆင်းသက်လာသော မင်းသားစင်စစ်ဖြစ်၏။ ရှိဥက္ကာ၏ ဖခမည်းတော် မင်းရဲကျော်ထင်ဟု အမည်တွင်သော သိန်ဇကူသည်လည်း မြတ်စွာဘုရားဟောညွှန်ကြားသော တရားတော်ကို လိုက်နာကျင့်သုံးကာ အလှူဒါန ကုသိုလ်ကောင်းမှုအမြဲပြုသူဖြစ်၏။ ရှိဥက္ကာကို ဖွားပြီးနောက်မကြာမီ သိန်ဇကူ၏ ကြင်ရာတော်သည် ထူးခြားစွာလှပချောမောသော သမီးဖို့မယ်(စောပို့မယ်)ကို ဖွားမြင်လေသည်။

ရှိဥက္ကာသည် ပညာသင်ချိန်ရောက်သောအခါ လောကုတ္တရာတရား ကိုးပါး၊

ဆယ်ပါးသီလနှင့်၊ ပရိယတ္တိစသည်များကို ကျင့်ကြံအားထုတ်၍ ပညာနှင့်ပြည့်စုံသော ဆရာတော်ထံ၌ တရားနို့ရည်ကိုသောက်သုံး၏။ လောကသာရကျမ်းစသော လောကီရေးတို့ကိုလည်း သင်ယူမှတ်သား၏။ ထိုနောက် မင်းသားတို့တတ်အပ်သော ဆင်စီး၊ မြင်းစီး၊ လေးမြား၊ လွှားကာစသော အတတ်ပညာတို့ကိုလည်း အပြီးတိုင်သင်ယူ၏။ ပညာများတတ်မြောက်ပြီးနောက် ခမည်းတော်သည် သားတော်အား မျိုးရိုးစဉ်လာအတိုင်း မိမိအရိုက်အရာကိုဆက်ခံမည့် အိမ်ရှေ့မင်းသားအဖြစ် အပ်နှင်းလေသည်။

ရှိဥက္ကာသည် ရှေးရှေးသာကီဝင်မင်းတို့၏ အစဉ်အလာအတိုင်း မျိုးရိုးမပျက်စေရန် ဖို့မယ်အား အိမ်ရှေ့မိဖုရားမြှောက်ရမည်ဖြစ်သော်လည်း နမရင်းအား ကြင်ရာအဖြစ် ပေါင်းသင်းမှုကို သူသည် မလိုလားချေ။ ထို့ကြောင့် မိမိဘာသာ ကြင်ရာလောင်းရှာဖွေရာ ဖောင်းခါးပြင်ဒေသ၌ ရွှေစင်ကဲ့သို့လည်းကောင်း၊ နတ်ကလျာကဲ့သို့လည်းကောင်း၊ ချောမောလှပသော အလှမယ်တစ်ဦးကို တွေ့၏။ အမည်မှာ 'မေပန်းကုံး'ဖြစ်လေသည်။ ထိုအကြောင်းကို ခမည်းတော်အားလျှောက်ထားရာ ခမည်းတော်က ထိမ်းမြားပေးရန်ကတိပေးသဖြင့် မေပန်းကုံးကို အခမ်းအနားဖြင့် ဆောင်ယူလာကာ ခမည်းတော်အား ခစားရိုကျိုးဂူပုထိုးသို့ မောင်မယ်နှစ်ပါး ကန်တော့ကြ၏။ ခမည်းတော်လည်း သားတော်နှင့်မေပန်းကုံးတို့အား ထိမ်းမြားဆောင်နှင်းပေးလေသည်။

များမကြာမီ ရှေးမဆွ ဘေးဘိုးအစဉ်အဆက်ကပင် ပိုင်စိုးအုပ်ချုပ်လာသော နယ်ပယ်အချို့တွင် သောင်းကျန်းဆူပူမှုများ ပေါ်ပေါက်လာ၏။ မိုးဖျား၊ ပြည်စသော တိုင်းဇနပုဒ်တို့မှလည်း အခွန်အတုတ်ပဏ္ဏာကာရ အဆက်အသမရောက် ဖြစ်လာ၏။ ထိုအခါ မင်းရဲကျော်ထင်သည် နှိမ်နင်းရန် စစ်ထွက်ရလေသည်။

မိုးဖျင်းမိုးဖွေး၊ ရွာကသည်းတို့၌ စစ်ထိုးခိုက် နယ်ကျွမ်းသော ထိုပြည်သားရဲမက်တို့၏ ဝိုင်းပတ်ပိတ်ဆို့ခြင်းကို ခံရလေသည်။ ထို့ကြောင့် ရိက္ခာပြတ်လပ်ကာ စိတ်ဓာတ်ချောက်ချား ပျက်ပြားလာကြ၍ နေပြည်တော်သို့ အလျင်အမြန်သတင်းပို့ရလေ၏။ နေပြည်တော်မှ မင်းခေါင်ကို ဗိုလ်မှူးခန့်၍ စစ်ကူစေလွှတ်လိုက်၏။ စစ်ကူလာသောတပ်ကြီးသည် စစ်မြေကိုလေ့လာခိုအောင်း၍ ရန်သူတို့ကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်နှိမ်နင်းအောင်မြင်ကာ မင်းရဲကျော်ထင်၏ တပ်များနှင့်အတူ ပြန်ခဲ့ကြလေသည်။

အကြောင်းစုံကို ရတနာပူရနေပြည်တော်မှ ဘိုးတော်ကြားရသောအခါ အားရတော်မူ၏။ ဖို့မယ်တို့သားအဖကလည်း မင်းခေါင်အား ကျေးဇူးတင်ကြ၏။

ထို့ကြောင့် ဖို့မယ်အား မင်းခေါင်နှင့် ထိမ်မြားဆောင်နှင်းပေးကြလေသည်။

ထို့နောက် မင်းခေါင်အား အခွန်တစ်သောင်းထွက်သော စားကျေးမြို့ရွာကို ချီးမြှင့်လေသည်။

မင်ဖိုလ်နိဗ္ဗာန်ဆုကိုရည်ရွယ်သော သိန်ဇကူသည် မိမိထံပါး၌ခစားသော မင်းခေါင်အား သားတစ်ယောက်အလား ချီးမြှင့်မြှောက်စား၏။ ပြည်မှုရေးရာကိစ္စတို့၌လည်း တိုင်ပင်၏။ ရဲရင့်သူဖြစ်သည့်အလျောက် ငယ်စဉ်က မင်းခေါင်ဟူသောအမည်ဖြင့် ကျေးစားရွာစားပေးထားရာ နောက်ပိုင်း၌ သူသည် လောဘ၊ မောဟ၊ အားကြီးလာသဖြင့် သစ္စာပျက်သောသဘော၊ မိမိအကျိုးတစ်ခုတည်းကိုသာ ကြည့်လိုသောသဘော ပေါ်ပေါက်လာလေသည်။

သိန်ဇကူသည် ပြည်မှုကိစ္စတို့ကိုငြီး၍ နတ်ထီးခိုမည့်အချိန်သို့ရောက်လာလေသည်။ သိန်ဇကူနတ်ရွာစံသောအခါ မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် ကောင်းစွာသဂြိုဟ်ကြပြီး သားတော်ရှိဉက္ကာကို မင်းမြှောက်ရန် တိုင်ပင်စီမံကြ၏။ မြို့ကိုတန်ဆာဆင်ကြ၏။ မင်းအား ပြည်သူတို့က ပေးဆပ်ရန်ရှိသော ကြွေးမြီတို့ကိုလျော်ပစ်၏။ လွန်လေပြီးသော ခမည်းတော်အားရည်စူး၍ ကုသိုလ်ကောင်းမှုပြု၏။ ထို့နောက် ကောင်းမြတ်သောမင်္ဂလာအခါ၌ နတ်ရွာစံပြည့်ရှင်မင်း၏ သားကောင်းရတနာ ရှိဉက္ကာအား မင်းမြှောက်တန်ဆာ ငါးပါးအပ်နှင်း၍ ဘိတ်သိက်သွန်းကာ မင်းအဖြစ် မြှောက်တင်ကြလေသည်။ ဘိတ်သိတ်မြှောက်သောအခါ ဆရာမြတ်၏ဩဝါဒကို ခံယူရ၏။

မင်းဉက္ကာသည် ဘိသိက်ခံယူပြီးနောက် မုဆိုးပြည်ကို အုပ်ချုပ်နေစဉ်က ဖွားသော သားတော်အား ဥပရာဇာမြှောက်ရန်လျာထားကာ ပခက်တင်မင်္ဂလာသဘင် ဆင်ယင်လေသည်။ မှူးမတ်၊ ပြည်စိုး၊ ရဲဘော်၊ ရဲဘက်၊ စစ်သူကြီး စသည်တို့အား ချီးမြှောက်ခြင်း၊ ဆရာသမား ရဟန်းသံဃာများကို ဂူပုထိုးသို့ဆည်းကပ်ခြင်း၊ ပြည်သူပြည်သားတို့အား အစားဆန်ရေ၊ ရွှေ၊ ငွေဆုလာဘ် ပေးကမ်းခြင်း အမှုတို့ကိုလည်း ဆောင်ရွက်၏။

သားတော်အား ဥပရာဇာအဖြစ်လျာထားပြီးလျှင် တစ်ညသောအခါ မင်းဉက္ကာသည် စိုးရိမ်ထိတ်လန့်ဖွယ် အိပ်မက်တစ်ခုကို မြင်မက်ပြီးနိုးလာကာ၊ မိဖုရားအား ပြန်ပြောပြ၏။ နောက်နေ့တွင် ပညာရှိအမတ်ကြီးတို့အားလည်း ပြောပြတိုင်ပင်လေသည်။

မင်းဉက္က၏အိပ်မက်မှာ ဤသို့ဖြစ်၏။

ရန်သူတစ်ယောက်သည် သံဖြင့်ပြီးသော ပိုက်ကွန်ကြီးကိုဖြန့်ကိုင်၍ လာလတ်၏။ မင်းဉက္ကာသည် ထိုရန်သူကို တိုက်ခိုက်ရန် မိမိ၏သန်လျက်ဓားနှင့် ဦးဆောင်းတန်ဆာ(မောက်လူ)တို့ကို ယူရန်ကြည့်သောအခါ မတွေ့တော့ချေ။ ထိုရန်သူမှာ

မင်းခေါင်ဖြစ်နေ၏။ မင်းခေါင်သည် သံပိုက်ကွန်ကြီးဖြင့် ဖြန့်ချုပ်လိုက်ရာ နန်းသုံးဆောင်ကို အုပ်မိသွားသည်ဟူ၏။ ဤအိပ်မက်အရ ယောက်ဖတော်သည် 'အပေါ်ယံကပျားသကာ၊ ဝမ်းထဲမှာ ခါးတမာ' စိတ်ထားဖြင့် တရားနှင့်မညီ အကောက်ကြံဖျက်ဆီးလိမ့်မည်ဟု အမတ်ကြီးနှစ်ပါးက အိပ်မက်ဖတ်ကြလေသည်။

မင်းဥက္ကာကား ယောက်ဖတော်အပေါ်၌ ဦးဦးဖျားဖျား အပြစ်မမြင်နိုင်သေးပေ။ ယောက်ဖတော်အား လူအများက မိမိတို့သခင်၏သားတော်နှင့် ချစ်ကျွမ်းဝင်သူ၊ သမက်တော်ဟု သိမြင်ကြ၏။ ယခု သူသည် ဆောင်းတွင်းရေကဲ့သို့ဖြစ်ခဲ့သည်မှာ ဖို့မယ်နှင့်မကြည်ဘဲ၊ ပန်းကုံးမယ်ကိုမြင်၍ ငြူစူခြင်းဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့သော် မည်သူတရားပျက်ပျက်၊ ကိုယ်ကမပျက်ရန်လိုသည်ဟူသော စိတ်ထားဖြင့် နှလုံးသားဖြူစင်စွာ ဥပုသ်သီလမပြတ် ဆောက်တည်လျက် သတိမထား ပေါ့ပေါ့ဆဆပင် နေလေသည်။ သို့သော်မင်းခေါင်မူကား မိမိတို့သားချင်းနှစ်ပါးတွင် တစ်ဖက်သားက မိမိထက်အခြေမြင့်၍ အောင်မြင်နေခြင်းကို မရှုဆိတ်နိုင်ဖြစ်ကာ၊ လက်နက်လူသူ စုဆောင်းစည်းရုံးခြင်း ရှိလေသည်။

လောကသံသရာ နှစ်ဖြာလုံးအတွက် အကျိုးအပြစ်ကို ပြသဆုံးမပေးသော ဆရာကြီး၏ဆုံးမစကား၊ သင်ပေးလိုက်သော အတတ်ပညာများကို အမြဲတစေ သတိရနေသော မင်းဥက္ကာသည် ဆရာသင်ပေးလိုက်သော တန်းကစားမှုကို ပြန်လည်လေ့ကျင့်လိုစိတ် ပေါ်လာ၏။ ထို့ကြောင့် မှူးမတ်ဗိုလ်ပါတို့ကို ကြေညာစုရုံး၍ သားတော်နှင့် ခွဲခွာသွားရမည်ကို မရိပ်မိသကဲ့သို့ဖြစ်လျက်နှင့်ပင် တန်းပွဲသဘင် ကျင်းပကစားမည့်နေရာသို့ ချီတက်လေသည်။ တန်းကစားမည့်အရပ်သို့ ရောက်သောအခါ မဏ္ဍပ်ကနားများထိုး၍ ပါလာသည့်လူများက ပျော်ပါးစွာစားသောက်ကြ၏။ ဖိုမယ်မောင် မင်းဥက္ကာသည် ဆေးဒန်းမြင်းသီလာကျောက်ဖျာပေါ်မှ ရွှေခြသေ့ကဲ့သို့ ခုန်လွှားကာ တန်းကစားခြင်းပြု၏။ ပရိသတ်အားလုံးသည် တန်းကစားမှုကို စိတ်ဝင်တစားဖြစ်ကြ၍ မပြန်ဖြစ်ဘဲ ထိုနေရာတွင်ပင် အိပ်စက်နားနေရဦးမည့် အခြေစိုက်သွားလေသည်။

ထိုအချိန်တွင် စစ်သူကြီးမင်းခေါင်သည် ငယ်ကျွန်များလိုက်ပါလျက် လက်ဆောင်များနှင့် ရောက်လာသည်။ ထွေပြားသောအကြံအစည်၊ ချိုသာသော ပရိယာယ်စကားများဖြင့် ရင်းနှီးခင်မင်စွာပြောဆိုသည်မှာ မိမိအား ယောက်ဖတော်သည် အဘယ်ကြောင့် မခေါ်ခဲ့ပါသနည်း။ နောင်အခါ သွားမည့်နေရာသို့ခေါ်ပါ၊ အရေးကိစ္စရှိလျှင် ခိုင်းစေပါ။ စစ်ရေးမက်ရေးရှိလျှင်လည်း သွားရောက်တိုက်ခိုက်ပါရစေ။ ဤသို့ ယောက်ဖတော်က မိမိတို့အား တစိမ်းပြင်ပြင်သဘောထားလျှင် နှမတော်(ဖို့မယ်) ဝမ်းနည်းပါလိမ့်မည် စသည်ဖြင့်ဖြစ်၏။ မင်းဥက္ကာကလည်း လက်

ဆောင်များ တုံ့ပြန်ပေးကာ ယောက်ဖတော်လာမည်ဟု အကြောင်းမကြားသဖြင့် မခေါ်ရပါကြောင်း ပြန်ပြော၏။

မင်းခေါင်သည် မိမိ၏စားကျေးရပ်မြေသို့ ပြန်ဦးမည့်အကြောင်းနှင့် ခွင့်တောင်းနှုတ်ဆက်ကာ၊ နောင်အခါ မင်းဥက္ကာ၏သားကြီးကိုလည်း အရှည်သဖြင့် ကောင်းစားအောင် စောင့်ရှောက်မည့်အကြောင်း ပရိယာယ်ဖြင့် သစ္စာကတိထား ပြောဆိုနေခိုက်တွင်ပင် ညအမှောင်ဖုံးလာလေသည်။

မင်းခေါင်သည် ညအမှောင်ကို အကာအကွယ်ယူ၍ မိမိရပ်ဌာနမပြန်ဘဲ မင်းဥက္ကာ၏နန်းမြို့သို့သွားကာ မင်းဥက္ကာပြန်လာဟန်ဖြင့် မြို့ကိုချဉ်းကပ်လျက် အရှေ့ဘက်မြို့တံခါးကို ဖွင့်ခိုင်း၍ဝင်ခဲ့၏။ မြို့တွင်းရှိ အစောင့်အကြပ်၊ မှူးမတ်၊ စစ်ကဲ၊ သူရဲသူခက်တို့အားလည်း စကားပရိယာယ်ဖြင့် လှည့်ပတ်ပြောဆိုကာ နန်းတွင်းသို့ဝင်၍ ဘဏ္ဍာတိုက်တို့ရှိ ဥစ္စာပစ္စည်းများအားလုံးကို မိမိနောက်ပါ ငယ်ကျွန်များနှင့် မိမိဘက်သို့ ပါဝင်သောင်းကျန်း ခြားနားသူတို့အား ဝေပေး၏။ ထို့နောက် မြို့တံခါးလေးဘက်တွင် မိမိဘက်သား ဆင်၊ မြင်း၊ ခြေသည်တော်တို့ကို သင့်ရာသင့်ရာချထားပြီး မြို့သိမ်းအထိမ်းအမှတ်အဖြစ် အမြှောက်ကြီးကို ပစ်ဖောက်လိုက်လေတော့သည်။

မင်းဥက္ကာနှင့် နောက်ပါတို့သည်လည်း စခန်းချအိပ်စက်နေရာမှ အမြှောက်သံကြား၍နိုးလာကာ စိုးရိမ်ကြောင့်ကြနေကြဆဲတွင်ပင် မိုးလင်းလာသည်။ မြို့တွင်း၌ဖြစ်ပျက်နေသော အရေးအခင်းသတင်းလည်း မင်းဥက္ကာထံ ရောက်လာ၏။ မြို့တွင်း၌ကား ခမည်းတော်က သနားယုံကြည်ခြင်းခံရသူ ဖို့မယ်၏ကြင်ရာဖြစ်သူ မင်းခေါင်သည် ထီးနန်းကို သိမ်းပိုက်လိုက်လေပြီ။

မင်းဥက္ကာ၏ ရင်တွင်းသည်းအူ၌ မီးကဲ့သို့ ပူပြင်းခဲ့ရပြီ။ နာကျည်းခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းတို့ဖြင့် ဆူပွက်ဝှန်ထွက်နေတော့၏။ အသက်သေမည်ကို မမှုနိုင်ဘဲ ပြန်၍အရတိုက်ယူရန် မိန့်ဆိုနေလေသည်။

မင်းဥက္ကာနှင့်ပါသော စစ်သည်ဗိုလ်စုမှာ ခြောက်ရာခန့်သာဖြစ်၏။ မြို့တံခါးများကို မင်းခေါင်၏လူများက ပိတ်ဆို့ခုခံကြ၏။ မြို့တွင်းမှ သူ့လူ ကိုယ့်လူ ရောထွေးတိုက်ခိုက်၍ အော်ဟစ်သံ၊ ပစ်သံ၊ ခတ်သံ၊ အမြောက်သံများ ပွက်ပွက်ညံညံကြားရ၏။ မီးတောက်မီးလျှံကြီးများကိုလည်း မြင်နေရ၏။

ကြောက်မက်ဖွယ်စစ်မြေပြင်ကြီးတွင် အမတ်ကြီးလကျ်ာသည် မိမိအသျှင်ငယ်ရွယ်သူမင်းဥက္ကာ၏ရှေ့မှနေ၍ ကာကွယ်လျက်ရှိ၏။ ဒေါသ၊ သောကတို့ဖြင့် ပြည့်လျှမ်းနေသော မိမိအသျှင်အား သတိခိုင်ခိုင်ထားရန်လည်း တိုက်တွန်းဆော်သြနေ၏။ နောက်ဆုံးတွင် မိမိတို့ နိုင်ခြေမရှိတော့ပြီဟု သိမြင်သောအမတ်ကြီး

က ရှမ်းတို့ဒေသဘက်သို့ဆုတ်ခွာရန် အကြံပေးသည့်အတိုင်း ဆုတ်ခွာခဲ့ကြလေသည်။

ဤကား မင်းဥက္ကာ၊ စောပို့မယ်၊ ပန်းကုံးမယ်နှင့် မင်းခေါင်တို့ဇာတ်ဆောင်အဖြစ်ပါဝင်ကြသော 'ဥက္ကာဇစ်'၊ ရွှေ့ပိုင်းအပိုဒ်(၆၀)ခန့်တွင် ဖွဲ့ဆိုထားသော ဝတ္ထုဇာတ်လမ်းအကျဉ်းဖြစ်ပါသည်။

(၁) ဤဇာတ်လမ်းသည် အဖြစ်မှန်ကို ဖွဲ့ဆိုထားခြင်းဖြစ်လေသလော။ သို့တည်းမဟုတ်–

(၂) သမိုင်းအချက်အလက်အချို့တို့ကို အခြေတည်၍ စိတ်ကူးဖြင့် ဖွဲ့ဆိုထားခြင်းပင်ဖြစ်လေသလော– စသည်တို့ကို ကျွန်တော်မသိပါ။ အတိအကျသိနိုင်ရန်မှာ သုတေသနပြုနိုင်မှုအပေါ်တွင် အခြေတည်ပါလိမ့်မည်။ ထို့အပြင် မြန်မာ့သမိုင်းတစ်ကွက်နှင့် စပ်လျဉ်းသော ကဗျာကြီးတစ်ခု မည်သို့မည်ပုံ ရခိုင်ပြည်မြောက်ဖျားတွင် ပေါ်ပေါက်ထွန်းကားခဲ့ကြောင်းမှာလည်း လေ့လာသင့်သော အကြောင်းတစ်ခုဖြစ်သည်ဟု ထင်မြင်မိပါသည်။

မောင်စံဖော်

# ဝေသာလီခေတ် ဗုဒ္ဓဝင်အုတ်ခွက်များ

ရခိုင်သမိုင်းလာ ဝေသာလီခေတ်၏လက်ရာများကား အမျိုးပေါင်းစုံလင်လှပေသည်။ ဝေသာလီခေတ် အနုပညာလက်ရာများ၌ 'ပန်းဆယ်မျိုး'တွင် ပါဝင်သော ပန်းပုလက်ရာ အမျိုးအစားများကိုလည်း အထင်အရှား တွေ့ရှိနိုင်သေး၏။ ပန်းပုပညာဖြင့် လက်ရာမြောက်များစွာ ထွင်းထုထားသော ရုပ်ကြွပန်းပုလက်ရာများဖြစ်သည်။ ဗုဒ္ဓဝင်အုတ်ခွက်များသည် အနုပညာသာမက ဘာသာရေး၊ ယဉ်ကျေးမှုရှုထောင့်များအရ အလွန်တန်ဖိုးရှိသော အထောက်အထားများလည်း ဖြစ်နေပေသည်။ ဤဆောင်းပါးတွင် ရခိုင်ဝေသာလီခေတ်လက်ရာ ဗုဒ္ဓဝင်အုတ်ခွက်များဖြစ်သော ဗုဒ္ဓဝင်ရုစ်ခန်းနှင့် ဗုဒ္ဓဝင်ဆယ်ခန်းပါ အုတ်ခွက်များ၏အကြောင်းအရာကို ရေးသားတင်ပြပါမည်။

ဤအုတ်ခွက်များကို 'အန္တဂူရုပ်ကြွင်းများ'ဟူ၍လည်း ခေါ်ပါသည်။ ကျောက်ချပ်ပေါ်တွင် အကွက်ဖော်၍ ထွင်းထုထားသော အုတ်ခွက်တွင် ဤဗုဒ္ဓဝင်လာ ထင်ရှားသော ဖြစ်ရပ်များကို သရုပ်ဖော်ထားပါသည်။ ဤနေရာ၌ ဗုဒ္ဓဝင်နှင့်စပ်လျဉ်း၍ အနည်းငယ်ရှင်းလင်းရပါမည်။ ဂေါတမမြတ်စွာဘုရား၏ ဘဝဖြစ်စဉ်ဟု ခေါ်ဆိုရမည့် ဗုဒ္ဓဝင်ဆိုင်ရာ အကြောင်းအရာများကား များပြားလှပါသည်။ ဤသည်တို့အထဲမှ ထင်ရှားသောဖြစ်ရပ်များကို ဖော်ပြရသော် သံဝေဇနိယလေးဌာနဟုခေါ်ဆိုသည့် ဖွားတော်မူခန်း(လုမ္ဗိနီ)၊ သဗ္ဗညုတ ရွှေဉာဏ်တော်ရတော်မူခန်း(ဗုဒ္ဓဂါယာ)၊ တရားဦးဟောကြားခန်း(မိဂဒါဝုန်)နှင့် ပရိနိဗ္ဗာန်စံတော်မူခန်း(ကုသိ

နာရုံ)တို့ကို ဦးစွာပထမ တင်ပြရပါမည်။ ကျောက်ချပ်နှစ်မျိုးစလုံးတွင် အထက်ပါ လေးဌာနအပြင် အောက်ပါဖြစ်ရပ်များဖြင့် ထပ်မံဖြည့်စွက်ထားပါသည်။

- တာဝတိံသာမှပြန်လည်ဆင်းသက်တော်မူခြင်း (သင်္ကဿနဂိုရ်)
- နာဠာဂိရီ ဆင်တော်ကို ချွတ်ခန်း (ရာဇဂြိုဟ်)
- ယမိုက်ပြာဋိဟာပြခန်း (သာဝတ္ထိ)
- ပါလိလေယျက တောထွက်ခန်း (ကောသမ္ဗီ)

အထက်ပါ ဖြစ်ရပ်များနှင့် ဖော်ပြရာနေရာဌာနများအပြင် ဗုဒ္ဓဝင်ဆယ်ခန်းပါ အုတ်ခွက်တွင်မူ အောက်ပါဖြစ်စဉ်နှစ်မျိုးကိုပါ ထည့်သွင်းထားပြန်ပါသည်။

- မုဠလိန္ဒနဂါး ပါးပျဉ်းမိုး၍ကာကွယ်ခန်း
- ဒုက္ခရစရိယာကျင့်ခါး

ဤအုတ်ခွက်များအနက် ဗုဒ္ဓဝင်ရှစ်ခန်းပါ ကျောက်ချပ်တွင် သရုပ်ဖော်ထားသည့်ဖြစ်စဉ်များသည် အောက်ပါအစီအစဉ်အတိုင်း ဖြစ်ပါသည်။

## ပရိနိဗ္ဗာန် စံတော်မူခန်း

နာဠာဂီရိဆင်တော်ချွတ်ခန်း တာဝတိံသာမှဆင်းသက်ခန်း

## သဗ္ဗညုတ ရွှေဉာဏ်တော်ရခန်း

တရားဦးဟောခန်း ယမိုက်ပြာဋိဟာပြခန်းပါလိလေယျက တောထွက်ခန်း **ဖွားတော်မူခန်း၊** ဗုဒ္ဓဝင်ဆယ်ခန်းပါ ကျောက်ချပ်တွင် ထွင်းထုလုပ်ထားသည်များကား အောက်ပါအတိုင်းဖြစ်၏။

## ပရိနိဗ္ဗာန် စံတော်မူခန်း

နာဠာဂီရိဆင်တော်ချွတ်ခန်း တာဝတိံသာမှဆင်းသက်ခန်း။

## သဗ္ဗညုတ ရွှေဉာဏ်တော်ရခန်း

တရားဦးဟောခန်း ယမိုက်ပြာဋိဟာပြခန်း၊ ပါလိလေယျက တောထွက်ခန်း၊ ဖွားတော်မူခန်း။

## ဒုတ္တရစရိယာကျင့်ခန်း

မုဠလိန္ဒာနဂါး ပါးပျဉ်မိုး၍ကာကွယ်ခန်း။

ဤဖြစ်ရပ်များကို တစ်ခုချင်းလိုက် အကျဉ်းချုပ်၍ တင်ပြပါမည်။



Eight Scenes Plate of Arakan

## ပရိနိဗ္ဗာန် စံတော်မူခန်း

ဘုရားရှင်သည် သက်တော်(၈၀)အရွယ်တွင် ရဟန်းအပေါင်းခြံရံလျက် ပါဝါပြည်သို့ကြွ၍ 'စုန္ဒ'အမည်ရှိ ရွှေပန်းထိမ်သည် ဆောက်လုပ်လှုဒါန်းသည့် သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ စုန္ဒသည် ဘုရားရှင်၏ တရားတော်ကို ကြားနာပြီးသော် ခဲဖွယ်ဘောဇဉ်ကိုလည်းကောင်း၊ 'သူကရမဒ္ဒဝ'ခေါ် မကြီးလွန်းမငယ်လွန်းသော တောဝက်၏အသားကိုလည်းကောင်း ချက်ပြုတ်စီရင်ပြီး ကပ်လှူပါသည်။ ဘုရားရှင်သည် အဆိုပါသားပွမ်းဆွမ်းကို ဘုဉ်းပေးပြီးလတ်သော် ကြမ်းတမ်းပြင်းထန်သည့် သွေးသွန်ရောဂါဝေဒနာကို ခံစားရပါသည်။ ယင်းသည့်နောက်ဝယ် ဘုရားရှင်သည် ကုသိနာရုံပြည်သို့ ဆက်လက်ကြွချီရာ ပြည်အဝင်လမ်းတွင်တွေ့ရှိသော မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင်အစုတို့၏အကြား၌ လဲလျောင်းစက်ယူနေစဉ် ညဥ့်၏နောက်ဆုံး၌ ပရိနိဗ္ဗာန်စံတော်မူသည်။ ပရိနိဗ္ဗာန်စံဝင်ခြင်းမပြုမီ ဘုရားရှင်က 'ပြုပြင်၍မရသည့် သင်္ခါရတရားတို့သည် ပျက်စီးခြင်းသာရှိကုန်၏။ သို့ဖြစ်၍ မမေ့သောအသိတရားဖြင့် သင်ချစ်သားတို့သည် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့'ဟု နောက်ဆုံးဩဝါဒကို ရှင်အာနန္ဒနှင့်ရဟန်းအပေါင်းတို့အား ဟောကြားတော်မူသည်။ ထိုနေ့ကား ဘုရားရှင်ဖွားတော်မူရာနှင့် သဗ္ဗညုတရွှေဉာဏ်တော်ရတော်မူရာ ကဆုန်လပြည့် ဝိသာခါသမယပင်တည်း။

ဗုဒ္ဓဝင်လာအဆိုပါ ပရိနိဗ္ဗာန်စံတော်မူခြင်းကို ဗုဒ္ဓဝင်အုတ်ခွက်နှစ်မျိုးစလုံး၏အထက်ဆုံးတွင် ရေးလုပ်ထားပါသည်။ ဘုရားရှင်သည် သလွန်ထက်ဝယ် လျောင်းတော်မူနေပြီး သလွန်နဘေးတွင် ငိုကြွေးနေသူတို့၏ပုံများကို ထုလုပ်ထားပါသည်။

## သဗ္ဗညုတရွှေဉာဏ်တော်ရခန်း

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အသက်(၂၉)နှစ်တွင် နိမိတ်ကြီးလေးပါးကိုမြင်ရသဖြင့် မဟာသက္ကရာဇ် (၉၇)ခု ဝါဆိုလပြည့်နေ့၊ ညသန်းခေါင်ယံအချိန်တွင် တောထွက်တော်မူလေသည်။ ထို့နောက် သဗ္ဗညုတဉာဏ်တော်ကို ရရှိစေခြင်းအလို့ငှာ ဒုတ္တရစရိယာ (၆)နှစ်ကျင့်ခဲ့ရာမှ သက္ကရာဇ်(၁၀၃)ခု၊ တန်ခူးလတွင် မလျော့လွန်းမတင်းလွန်းသော မဇ္ဈိမပဋိပဒ္ဒာကျင့်စဉ်ကို ပြောင်းလဲအားထုတ်ခဲ့ရာ ကဆုန်လပြည့်နေ့အရောက်တွင် မဟာဗောဓိပင်အောက်ဝယ် အလောင်းတော်

သည် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

ဗုဒ္ဓဝင်အုတ်ခွက်တွင် ဤပုံတော်ကို အုတ်ခွက်၏အလယ်တည့်တည့်တွင် နေရာအများဆုံးပေး၍ ထုလုပ်ထားသဖြင့် သရုပ်ဖော်ပုံတော်များအားလုံး၏ အကြီးမားဆုံးဖြစ်ပါသည်။ ဘုရားရှင်သည် ကြာနှစ်ထပ်ခံပလ္လင်ပေါ်တွင် ဘူမိဖဿမုဒြာဖြင့် စံပယ်တော်မူနေပါသည်။ ဦးခေါင်းတော်၌ ဥဏှိသပါရှိပြီး သင်္ကန်းဝတ်ပုံစံဖြင့် သရုပ်ဖော်ထားကာ ဦးခေါင်းတော်၌ တောက်ပသောရောင်ခြည်များ ဖြာထွက်နေဟန် ထုလုပ်ထားပါသည်။ ဗောဓိညောင်ရွက်ငါးခက်က ပေါင်းမိုးသဖွယ် အုပ်မိုးထားသည်ကိုလည်း တွေ့မြင်ရပြန်ပါသည်။

## တာဝတိံသာမှဆင်းခန်း

ဗုဒ္ဓဝင်အုတ်ခွက်နှစ်မျိုးစလုံး၏ လက်ယာဖက်ထိပ်ဆုံးတွင် ထုလုပ်ထားသောပုံသည် ဘုရားရှင်တာဝတိံသာမှ လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာပုံ ဖြစ်ပါသည်။ ဗုဒ္ဓပုံတော်သည် ရပ်တော်မူပုံဖြင့် သရုပ်ဖော်ထားပြီး အပါးတွင် အမျိုးအမည်ဖော်ရန်ခက်သော အရံရုပ်များက ခြံရံနေပါသည်။ ဘုရားရှင်သည် သာဝတ္ထိပြည်၌ ယမိုက်ပြာဋိဟာတန်ခိုးပြပြီးသောအခါ တာဝတိံသာနတ်ပြည်သို့ တက်လှမ်းကြွမြန်းတော်မူပြီး မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားနှင့်တကွ နတ်ဗြဟ္မာအပေါင်းတို့ကို အဘိဓမ္မာတရားရေအေး တိုက်ကျွေးပါသည်။ ဘုရားရှင်သည် တာဝတိံသာတွင် သုံးလမျှစံတော်မူနေပြီးမှ သင်္ကဿနဂိုရ်ပြည်သို့ ပြန်ဆင်းခဲ့သည်ဟု ဗုဒ္ဓဝင်တွင် ပြဆိုပါသည်။

## နာဠာဂိရိဆင်တော်ချွတ်ခန်း

ဗုဒ္ဓဝင်အုတ်ခွက်နှစ်မျိုးစလုံး၏ လက်ဝဲဘက်ထိပ်ဆုံးတွင် ပါဝင်သောပုံတော်ကား နာဠာဂိရိဆင်တော်ချွတ်ခန်းပင် ဖြစ်ပါသည်။ ဤဖြစ်ရပ်နှင့်ပတ်သက်၍ ဗုဒ္ဓဝင်ကဆိုထားပုံမှာ ဗုဒ္ဓဘုရားရှင်အားအံတု၍ ဘုရားတစ်ဆူလုပ်ရန် ကြံစည်သောဒေဝဒတ်သည် ဘုရားရှင်ကိုသတ်ရန် နည်းမျိုးစုံဖြင့်ကြံစည် အားထုတ်ပါသည်။ တစ်ကြိမ်တွင်မူ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံကြွလာစဉ် ဒေဝဒတ်သည် ရန်းရင်းကြမ်းတမ်းသော နာဠာဂိရိအမည်ရှိ ဆင်ပြောင်ကြီးအား အရက်(၁၆)အိုးတိုက်ပြီး အမျက်ပြင်းစွာထွက်စေရန် ရိုက်နှက်ထိုးဆွကာ ဘုရားရှင်ကြွချီလာရာလမ်း၌ မျက်နှာချင်းဆိုင်လွှတ်လိုက်လေသည်။ သို့ရာတွင် ဆင်ပြောင်ကြီးသည် ဗုဒ္ဓ၏ချိုမြိန်လှစွာသောစကားတော်ကို ကြားရသည်နှင့် နှာမောင်းကိုအောက်ချ၍ နားနှစ်ဖက်ကို တစ်ဖျတ်ဖျတ်လှုပ်ကာ ဘုရားရှင်ခြေတော်ရင်း၌



Ten Scenes Plate of Arakan

ဝပ်စင်းပါလေသည်။ အုတ်ခွက်များတွင် ဤပုံတော်ကိုလည်း ရုပ်တော်မှုပုံစံဖြင့်ပင် ထုလုပ်ထားပါသည်။

## တရားဦးဟောကြားခြင်း

သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိပြီးသောအခါ ဘုရားရှင်သည် အစဉ်အတိုင်း ကြွချီလာရာ ဗာရာဏသီပြည်အနီး သမင်မျိုးစုံလှသည့် မိဂါဒါဝုန်တောသို့ မဟာသက္ကရာဇ်(၁၀၃)ခု၊ ဝါဆိုလပြည့် ညနေချမ်းအချိန်၌ ရောက်တော်မူလေသည်။ ဤတွင် ဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးဖြစ်သော အရှင်ကောဏ္ဍညနှင့် ရဟန်းလေးပါးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူလေသည်။

ဖုဒ္ဓဝင်တွင် အထက်ပါအတိုင်းပါရှိသော တရားဦးဟောကြားခန်းကို ဖုဒ္ဓဝင် ရှစ်ခန်းပါ ကျောက်ချပ်များတွင် လက်ဝဲဘက်ပုံတော်သုံးခုအနက် အလယ်တွင်ပါဝင်ပြီး ဆယ်ခန်းပါကျောက်ချပ်တွင်မူ လက်ဝဲဘက်ပုံတော်(၄)ခု၏ အထက်ဆုံး ဒုတိယအဆင့်တွင် ပါဝင်ထုလုပ်ထားပါသည်။ ဤပုံ၌ ဘုရားရှင်သည် ဓမ္မစကြာမုဒြာဟန်ဖြင့်ထိုင်လျက် စံပယ်နေပါသည်။ ဓမ္မစကြာတရားဦးကို ဖော်ညွှန်းသောအားဖြင့် ဓမ္မစကြာမုဒြာ ထုလုပ်ထားကြခြင်းဖြစ်ပါသည်။

## ရေမီးအစုံတန်ခိုးပြာဋိဟာပြခန်း

ဖုဒ္ဓဝင်အုတ်ခွက်နှစ်မျိုးစလုံး၌ လက်ယာဘက်ဒုတိယအဆင့်ပါ ပုံတော်ဖြစ်ပေသည်။ ပုံတော်သည် လက်ဝဲဘက်ဒုတိယပုံကဲ့သို့ပင် ဓမ္မစကြာမုဒြာဖြင့်ပင် ဖြစ်ပါသည်။

ဤအခန်းနှင့်စပ်လျဉ်း၍ ဖုဒ္ဓဝင်က အောက်ပါအတိုင်း အဆိုရှိပါသည်။

အခါတစ်ပါး၌ ရာဇဂြိုဟ်သူဌေးသည် အဖိုးထိုက်သော စန္ဒကူးသပိတ်ကို ရဟန္တာစစ်စစ်ဖြစ်သော ပုဂ္ဂိုလ်ထူးမှသာယူနိုင်စေရန် အတောင်(၆၀)မျှမြင့်သော ကောင်းကင်၌ ဆိုင်းဖြင့်ဆွဲထားလေ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်တွင် ဂိုဏ်းဆရာကြီးများအဖြစ်ထင်ရှားသော တိတ္ထိဆရာကြီး(၆)ဦးက ရယူရန်ကြိုးပမ်းကြသော်လည်း မအောင်မြင်ပေ။ သို့ရာတွင် အရှင်ပိဏ္ဍောလမထေရ်မြတ်က ဈာန်ပျံ၍ ရယူနိုင်ခဲ့ရာ ဤသည်ကို ဘုရားရှင်ကြားသိလေသော် ရဟန်းများ ဤသို့တန်ခိုးမပြရန် ပညတ်တော်မူလေသည်။ ဤသတင်းကို တိတ္ထိတို့ကြားသောအခါ တစ်လွဲဝါဒဖြန့်၍ ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်အား သာဝကတို့ တန်ခိုးမပြရလင့်ကစား ကိုယ်တော်တိုင် တန်ခိုးပြရန် လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်လည်း သာဝတ္ထိပြည်သို့ ကြွရောက်တော်မူ၍ ကြီးကျယ်ခမ်းနားသော မဏ္ဍပ်ကြီးရှိ လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်တို့၏ အထက်ကောင်းကင်ပြင်၌ တန့်ရပ်တော်မူလျက် တေဇောကသိုဏ်း(မီးလျှံ)ကိုလည်းကောင်း၊ အာပေါကသိုဏ်း(ရေအလျင်)ကိုလည်းကောင်း၊ နီလဒ်ကသိုဏ်း(ရောင်ခြည်ခြောက်သွယ်)ကိုလည်းကောင်း၊ အာရုံပြုလျက်

စတုတ္ထဈာန်ကိုဝင်စားကာ ရေမီးအစုံ ယမိုက်ပြာဋိဟာကို ပြလေသည်။ ထိုအခါ လူနတ်ဗြဟ္မာသတ္တဝါတို့သည် သစ္စာလေးပါးကို ကြည်လင်ပြတ်သားစွာ သိမြင်လျက် ကျွတ်တမ်းဝင်ကြလေသည်။ တိတ္ထိဆရာကြီးများကား ထွက်ပြေးကြရလေကုန်၏။

## ပရိလေယျကတောထွက်ခန်း

ဗုဒ္ဓဝင်ရှစ်ခန်းပါ အုတ်ခွက်၌ လက်ဝဲဘက်အောက်ဆုံးတွင်လည်းကောင်း၊ ဆယ်ခန်းပါအုတ်ခွက်၌ လက်ဝဲဘက်လေးခန်းအနက် တတိယမြောက်အခန်းတွင်လည်းကောင်း အသီးသီးထွင်းထုထားပါသည်။ ဤဖြစ်ရပ်နှင့်ပတ်သက်၍ ဗုဒ္ဓဝင်အုပ်စုဝင် ဇိနတ္ထပကာသနီကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ အခါတစ်ပါး၌ ဘုရားရှင်သည် အသေးအဖွဲကိစ္စတစ်ခု၌ ရဟန်းများ အငြင်းပွားကြသဖြင့် ကောသမ္ဗီမြို့မှ (၇)ယူဇနာကွာဝေးသော ပါလိလေယျကတောအုပ်တွင် တစ်ပါးတည်း စံနေတော်မူလေသည်။ အဆိုပါတောအုပ်တွင် ဆင်မင်းတစ်စုသည် ဘုရားရှင်အား နေ့ညမပြတ် ကြည့်ရှုစောင့်ရှောက်နေပါသည်။ ဤသည်ကို မျောက်တစ်ကောင်ကတွေ့ရှိပြန်ပြီး ပျားရည်စသော ခဲဘွယ်ဘောဇဉ်တို့ကို ကပ်လှူပါသည်။ ဤဖြစ်ရပ်ကို ဗုဒ္ဓဝင်အုတ်ခွက်တွင် ဖော်ပြထားသည်မှာ ဘုရားရှင်သည် ခြေတော်နှစ်ဖက်ကိုစုံချ၍ (ကုလားထိုင်ပေါ်တွင် ထိုင်နေသကဲ့သို့) ထိုင်နေတော်မူပြီး ရင်ခွင်ထက်ဝယ် အိုးငယ်ကိုတင်ကာ ဆင်မျောက်တို့က ကပ်လှူသော ခဲဖွယ်ဘောဇဉ်တို့ကို လက်ခံနေသည့်ပုံစံမျိုး ထုလုပ်ထားပါသည်။

## ဖွားတော်မူခန်း

မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံဒေဝီ သိရိမဟာမာယာမိဖုရားကြီးသည် မဟာသက္ကရာဇ်(၆၇)ခု၊ ဝါဆိုလပြည့်နေ့ ဥတ္တရာသနဠ်နက္ခတ်နှင့် လမင်း(စန်း)တို့ယှဉ်သည့် သန်းခေါင်ယံအချိန်တွင် အလောင်းတော် သန္ဓေယူသော်မူလေသည်။ ဤသည်မှ ကိုယ်ဝန်ရင့်မာ၍ ဆယ်လစေ့သော် မိဖုရားကြီးသည် ဆွေတော်မျိုးတော်၊ မယ်တော်ခမည်းတော်တို့၏နေရာဖြစ်သော 'ဒေဝဒဟ'ပြည်သို့ ခရီးထွက်လေသည်။ ယင်းသို့သွား၍ နှစ်ပြည်ထောင်ကြားရှိ လုမ္ဗိနီသာမောအင်ကြင်းတောသို့ ရောက်ရှိသောအခါ ပင်လုံးကျွတ်ပွင့်နေသည့် အင်ကြင်းပင်ကြီးအောက်၌နားနေစဉ် အဆိုပါအင်ကြင်းပင်ကြီး၏ အခက်တစ်ခက်သည် ကိုင်း၍ပေးလေသည်။ မိဖုရားကြီးသည် ထိုသစ်ခက်ကို လှမ်း၍ကိုင်လိုက်သည်နှင့်ပင် ကမ္ဘဇလေလှုပ်လေသည်။ ယင်းသည်နောက်ဝယ် အလောင်းတော်

ကို မဟာသက္ကရာဇ်(၆၈)ခု၊ ကဆုန်လပြည့်နေ့၊ သိတ်လက်ဗြိဋ္ဌာစန်း ဝိသာခါနက္ခတ်နှင့်ယှဉ်လျက် ဖွားမြင်လေ၏။ အလောင်းတော်သည် မွေးဖွားပြီးသည်နှင့် အရပ်ဆယ်မျက်နှာကို ကြည့်ရှုသောအခါ မိမိနှင့်တူသော တစ်စုံတစ်ယောက်ကိုမျှ မမြင်သောကြောင့် ရပ်တည်ရာမှ မြောက်အရပ်သို့ ခုနစ်လှမ်းကြွ၍

'ငါသည် လောက၌ အမြတ်ဆုံးဖြစ်၏'

'ငါသည် လောက၌ အကြီးအကဲဆုံးဖြစ်၏'

'ငါသည် လောက၌ အချီးမွမ်းအပ်ဆုံးဖြစ်၏'

ဟူသော စကားကြီးသုံးခွန်းဖြင့် ကြုံးဝါးတော်မူလေ၏။

ဤသည်ကား ဗုဒ္ဓဝင်လာ အလောင်းတော်ဖွားမြင်ခန်း ဖြစ်ပါသည်။ ဗုဒ္ဓဝင်အုတ်ခွက်နှစ်မျိုးစလုံးတွင်လည်း အဆိုပါပုံတော်ပါရှိပြီး ဗုဒ္ဓဝင်ရှစ်ခန်းပါ ကျောက်ချပ်၏ လက်ျာဘက်အောက်ဆုံးတွင်လည်းကောင်း။ ဗုဒ္ဓဝင်ဆယ်ခန်းပါကျောက်ချပ်၏ လက်ယာဘက် တတိယခန်းတွင်လည်းကောင်း တွေ့ရှိရပေသည်။ ပုံတော်တွင် မယ်တော်မာယာဒေဝီသည် ရပ်လျက်အနေအထားဖြင့် လက်ယာအပေါ်ပိုင်းမှ သစ်ကိုင်းကိုလှမ်း၍ ကိုင်လျက်ရှိပြီးလျှင် လက်ဝဲဘက်တွင် ကလေးငယ်တစ်ဦး (အလောင်းတော်)က ရပ်လျက်ရှိနေသည်ကို ထုလုပ်ထားပါသည်။

အထက်ပါ ဖြစ်စဉ်ကြီးရှစ်ခုသည် ဗုဒ္ဓဝင်အုတ်ခွက်နှစ်မျိုးစလုံးတွင် ပါဝင်လေသည်။ ထို့အပြင် ဗုဒ္ဓဝင်ဆယ်ခန်းပါ အန္ဓကူအုတ်ခွက်တွင် သရုပ်ဖော်ထားသော ဖြစ်စဉ်နှစ်ခု၏အကြောင်းကိုလည်း ဆက်လက်ရှင်းပြပါမည်။

## မုစ္စလိန္ဒာနဂါး ပါးပျဉ်းထောင်၍ အုပ်မိုးကာကွယ်နေပုံ

ဗုဒ္ဓဝင်အရ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးသည့် ရက်သတ္တပတ်အနည်းငယ်အကြာတွင် မိုးကြီးလေကြီးကျလာသဖြင့် ဘုရားရှင်အား မုစ္စလိန္ဒာနဂါးမင်းက ကိုယ်ဖြင့်ရစ်ပတ်လျက် ပါးပျဉ်ထောင်ကာ ထီးသဖွယ်ဖြန့်မိုး၍ အကာအကွယ်ပေးခဲ့သည်ဟု ပါရှိလေသည်။ ဤပုံတော်ကိုကား ဗုဒ္ဓဝင်ဆယ်ခန်းပါ အန္ဓကူကျောက်ချပ်၏ အောက်ဆုံးလက်ျာဘက်၌ ထည့်သွင်းထုလုပ်ထားလေသည်။

## ဒက္ခိဏရစရိယာကျင့်ခန်း

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော် ရရှိရန်အလို့ငှာ တောထွက်၍လာစဉ် သေနာနိဂုံးရွာအနီးရှိ ဉရုဝေလတောသို့ရောက်လေသော် ကမ္မဋ္ဌာန်းစီးဖြန်းရန် သင့်လျော်သောအရပ်ဟု နှလုံးပိုက်ကာ တရားအားထုတ်ပါသည်။

ပဥ္စဝဂ္ဂီငါးဦးကလည်း အလောင်းတော်ဖြစ်တော့မည်ဟူသော ကြီးစွာသောမျှော်လင့်ချက်ဖြင့် ဝေယျာဝစ္စများကို ပြုစုလုပ်ကျွေးလျက်ရှိကုန်၏။ အလောင်းတော်သည် သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိစေရန် ရှေ့ဦးစွာ ဆွမ်းခံစားခြင်းကိုရပ်ဆိုင်းကာ သစ်သီးဝလံများကိုသာ စားသုံး၏။ ထိုမှတဖန် မိမိမှီခိုနေသောသစ်ပင်မှ အလိုလိုကြွေကျသော သစ်သီးဖြင့်သာ မျှတတော်မူပြန်လေသည်။ ဤသို့ ပြင်းထန်စွာ ကျင့်ကြံအားထုတ်လေရာ ကြာလျှင် ခန္ဓာကိုယ်တစ်ခုလုံးပိန်ချုံးကာ မဟာပုရိသလက္ခဏာကြီးများ အားလုံးတို့လည်း ကွယ်ပျောက်ခဲ့ရပါလေတော့သည်။ ဤပုံတော်ကို ဗုဒ္ဓဝင်ဆယ်ခန်းပါ အန္တကူကျောက်ချပ်၏ လက်ဝဲအောက်ဆုံး၌ သရုပ်ဖော်ထားပါသည်။

ဗုဒ္ဓဝင်ဆယ်ခန်းပါ အန္တကူကျောက်ချပ်ပါအခန်းများသည် ရှစ်ခန်းပါကျောက်ချပ်တွင်ပါဝင်သည့် ဖြစ်စဉ်ရှစ်ရပ်မှ ပုံတော်ဟန်ပန်အနေအထားများအပြင် အောက်ပါအနေအထားများလည်း ပါဝင်ပါသေးသည်။

ဗုဒ္ဓဝင်ဆယ်ခန်းပါ အန္တကူကျောက်ချပ်တွင် တစ်ဖက်တစ်ချက်၌ပါဝင်သော ဗုဒ္ဓဝင်ဖြစ်စဉ်ပြခန်းများအပြင် အခြားပုံတော်များပါ ပူးတွဲလျက် ကော်လံနှစ်ခုထုလုပ်ထားသည်ကို တွေ့ပါသည် (အသေးစိတ်ကို ဇယားချပ်ချ၍ပြထားပါသည်)။ ထိုပုံတော်များသည် ဘူမိဖဿမုဒြာဖြင့် စံနေသောဗုဒ္ဓပုံတော်များ နတ်ဗြဟ္မာများ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ပါ ပုံတော်များပါဝင်ပါသည်။ ထို့အပြင် အလယ်တည့်တည့်ရှိ ဘူမိဖဿမုဒြာပုံစံဖြင့် သီတင်းသုံးနေသော မြတ်စွာဘုရား၏ပုံတော်(သဗ္ဗညုတရွှေဉာဏ်တော် ရရှိခန်း)၏ တစ်ဖက်တစ်ချက်တွင် ဗောဓိသတ္တနှစ်ပါးက ခြံရံနေကာအထက်ပိုင်းရှိ ဗောဓိညောင်ရွက်များ၏ အပြင်ဘက်၌ မာရ်နတ်ခေါ် စစ်သည်များက ဘုရားရှင်ကို တိုက်ခိုက်မည့်ပုံသဏ္ဌာန် ထုလုပ်ထားပါသည်။

ပလ္လင်တကေးတက် နဂါး၊ ဆင်၊ ခြင်္သေ့တို့ကခြံရံနေပြီး ယင်း၏အောက်ခံတွင် မင်္ဂလာအမှတ်အသားများနှင့် မြင်း၊ဆင်တို့အပြင် လက်တစ်ဖက်မြှောက်၍ ထိုင်နေသော ပုံသဏ္ဌာန်များကိုလည်း တွေ့ရပါသည်။

**ဒေါက်တာစောထွန်းအောင်**

**ကျမ်းကိုးစာရင်း**

–မဟာဗုဒ္ဓဝင်သစ်။

# ပေါက်တောမြို့နယ်မှ ဝေသာလီခေတ်အထောက်အထားများ

ပေါက်တောမြို့နယ်သည် ရှေးခေတ် ရခိုင်မြို့တော်ဟောင်းများတည်ရှိခဲ့သော မြို့နယ်တစ်ခုမဟုတ်ချေ။ သို့သော် ဝေသာလီခေတ်ထွန်းကားခဲ့စဉ်က ဗုဒ္ဓဘာသာကိုးကွယ်မှု အလေ့အထတစ်ခုဖြစ်သော စတူပါကျောက်စေတီငယ် ထုဆစ်ကိုးကွယ်မှု အထောက်အထားများကို တွေ့ရပါသည်။ ယေဓမ္မာဂါထာ သက္ကဋဘာသာ ကျောက်စာငယ်တစ်ချပ်နှင့် တစ်ခြားကျောက်ဆစ်လက်ရာ အကျိုးအပဲ့များကိုလည်း တွေ့ရပါသည်။ ယင်းကျောက်ဆစ်လက်ရာ အထောက်အထားများကို မတင်ပြမီ ဝေသာလီခေတ်အကြောင်းကို အနည်းငယ်ရှင်းလင်းဖို့လိုပါသည်။

ရခိုင်သမိုင်း၌ ဝေသာလီခေတ်နှင့်ပတ်သက်၍ ရခိုင်ရာဇဝင်အဆိုနှင့် ခေတ်သစ်သုတေသီတို့အမြင် မတူညီကြချေ။ ရခိုင်ရာဇဝင်များမှာ မြောက်ဦးခေတ်ရေး မှတ်တမ်းမှတ်ရာများကိုအခြေခံ၍ ရေးသားကြခြင်းဖြစ်ပါသည်။ ခေတ်သစ်သုတေသီတို့ကမူ ဝေသာလီခေတ်၌ သက်ဆိုင်ရာမင်းများရှေ့မှောက်တွင် ရေးထိုးခဲ့ကြသော ကျောက်စာ၊ ဒင်္ဂါးစာ၊ ကြေးခေါင်းလောင်းစာ၊ ကြေးနီပြား၊ စာများကို ဖတ်ရှု၍ ဖော်ထုတ်တင်ပြကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ခေတ်သစ်သုတေသီတို့၏ တင်ပြယူဆချက်က ပို၍ခိုင်လုံသည်။

ခေတ်သစ်သုတေသီ အင်္ဂလိပ်လူမျိုး ဒေါက်တာဂျွန်စတန်၊ အိန္ဒိယလူမျိုး၊ ဒေါက်တာဆားကားတို့က ဝေသာလီခေတ်သည် ဘီစီ(၆၃၈)မှစတင်ခဲ့ပြီး အေဒီ(၇၂၀) အထိ မင်း(၃)ဆက်၊ မင်းပေါင်း(၃၇)ပါးအုပ်ချုပ်ခဲ့သည်ဟု ဆိုခဲ့ကြပါသည်။



သျှင်ရွာမှ ယေဓမ္မာဂါထာ သက္ကဋကျောက်စာ

မြောက်ဦးမြို့ သျှစ်သောင်းဘုရားဝင်ဝ၌ စိုက်ထူထားသော အာနန္ဒစန္ဒြမင်း ရေးထိုးခဲ့သည့် သက္ကဋဘာသာကျောက်စာတိုင်ကို အခြေခံ၍ ယင်းသို့ ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ပေါက်တောမြို့နယ်၌ ဝေသာလီမင်းများအုပ်စိုးခဲ့စဉ်က ထုဆစ်ခဲ့သည်ဟု ယူဆရသော ကျောက်ဆစ်လက်ရာများကို တွေ့ရပါသည်။ တွေ့ရှိရသောနေရာများမှာ ပိန္နဲချောင်းကျွန်းခေါ် အလယ်ဖရုံကာကျွန်း၊ မြေငူကျွန်းခေါ် အနောက်ဖရုံကာကျွန်းနှင့် တောင်ရင်းကျွန်းတို့ဖြစ်ပါသည်။

## ပိန္နဲချောင်းကျွန်းမှလက်ရာများ

ပိန္နဲချောင်းကျွန်းသည် ၂၈–မိုင်ရှည်၍ အကျယ်ဆုံးနေရာမှာ (၃.၂)မိုင်၊ အကျဉ်းဆုံးနေရာမှာ (၀.၂)မိုင်ရှိသည်။ ဤကျွန်းတွင် တောင်တန်းနှစ်ခုရှိသည်။ တောင်တန်းနှစ်ခုကြားလွင်ပြင်သည် ကျွန်း၏ အကျယ်ဆုံးနေရာဖြစ်သည်။ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ် ကျောက်ဆစ်လက်ရာများကို ဤလွင်ပြင်တွင် တွေ့ရသည်။

ရှေးဟောင်းလက်ရာများ တွေ့ရသောနေရာများမှာ သျှင်ရွာ၏မြောက်ဘက်နှင့် အရှေ့ဘက်တို့ဖြစ်သည်။ ရွာမြောက်ဘက် ကိုက်ငါးရာခန့်အကွာ စားကျက်ကွင်းရှိ စေတီပျက်အနီး၌ ရွာသားလူငယ် ဦးစံကျောက်(၂၄)နှစ်က ၁၉၈၂–ခုနှစ်တွင် ကျောက်စာတစ်ချပ်တွေ့၍ ကျေးရွာကောင်စီအဖွဲ့ဥက္ကဋ္ဌ ဦးစံထွန်းလှ

(၄၂-နှစ်)က ပေါက်တောသို့ လာရောက်သတင်းပေးသဖြင့် သွားရောက်လေ့လာပြီး မင်ကူးယူခဲ့ကြသည်။ ၎င်းမင်ကူးမှုကို ရှေးဟောင်းသုတေသနဌာန ပဏ္ဍိတ်ဆရာကြီးဦးသာထွန်းအား ဖတ်စေရာ ဖြုပ်ဗွီပွားအက္ခရာ၊ သက္ကတ္ဘာသာဖြင့် ရေးထိုးထားသော ယေဓမ္မာဂါထာတော် ဖြစ်ကြောင်းသိရသည်။

ကျောက်စာမှာ စာလုံးအချို့ပျက်နေ၍ အပြည့်အစုံ ဖတ်မရတော့ချေ။ ယေဓမ္မာဂါထာတော်ကို အောက်ပါအတိုင်း စာသုံးကြောင်းဖြင့် ရေးထိုးထားသည်။ *(ဓာတ်ပုံများကိုလည်း ရှုပါ။)*

၁။ ထ ထ ထ ထ ထ ဟေတုပြ

၂။ ထ ထ ထ ထ ထ တေသဥ္စယောနိ ထ ထ ထ

၃။ ဧဝံဝါ ထ မဟာသျမဏ။

ပါဠိဘာသာဖြင့် ဤဂါထာတော်၏အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

*ယေဓမ္မ ဟေတုပ္ပဘဝါ*
*တေသံဟေတု တထာဂတောအာဟာ*
*တေသဉ္စယောနိရောဓ*
*ဧဝံဝါဒီမဟာသမဏော။*

ဤဂါထာတော်၏အဓိပ္ပါယ်ကို ဆရာဦးစံသာအောင်က ဤသို့ဖွင့်ဆိုထားပါသည်။


မြတ်စွာဘုရားသည် ရှေးကပြုခဲ့သောအကြောင်းတရားကြောင့် ဖြစ်ပေါ်လာကုန်သော အကျိုးတရားတို့ကို ဟောတော်မူ၏။ ထိုအကြောင်းအကျိုးတရားတို့၏ ချုပ်ငြိမ်းရာတရားတို့ကိုလည်း ဟောတော်မူ၏။ ရဟန်းကြီးဖြစ်သော မြတ်စွာဘုရားသည် ဤသို့အယူရှိတော်မူ၏။ *(စံသာအောင်၊ဦး- အေဒီ ခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ၊ စာ ၁၈၃)*

ဤဒေသနာတော်သည် အရှင်အဿဇိမထေရ်က အရှင်သာရိပုတ္တရာလောင်း ဉပတိဿအား ဗာရာဏသီမြို့တွင်းသို့ ဆွမ်းခံဝင်ရာ၌တွေ့ဆုံစဉ် ဟောကြားတော်မူသော ဒေသနာတော်ဖြစ်သည်။ ရှေးဟောင်း ရခိုင်မြို့တော်ဟောင်းများဖြစ်သော ဓညဝတီ၊ ဝေသာလီတို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အနှံ့၌လည်းကောင်း ဤဂါထာရေးထိုးထားသော သက္ကတ္ဘနှင့် ပါဠိဘာသာကျောက်စာများ၊ စတူပါ ကျောက်စေတီငယ်များကို တွေ့ရပါသည်။

အထက်ပါ သျှင်ရွာကျောက်စာသည်လည်း ဝေသာလီခေတ်ထွန်းကားစဉ် အေဒီ(၆)ရာစုခန့်ကရေးထိုးခဲ့သော ကျောက်စာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤ

ကျောက်စာကြောင့် ပိန္နဲချောင်းကျွန်း (အလယ်ဖရုံကာကျွန်း)၌ ဝေသာလီခေတ်က ပင် လွန်ခဲ့သောနှစ် (၁၄၀၀)ခန့်ကပင် လူနေမှုရှိခဲ့ကြောင်း၊ ဗုဒ္ဓဘာသာကိုးကွယ်ကြကြောင်း အခိုင်အမာပြောနိုင်ပါသည်။

ဤကျောက်စာအပြင် သျှင်ရွှာအရှေ့ဘက် ကိုက်သုံးရာခန့်အကွာ 'ဘုရားကုန်း' ဟုခေါ်သောနေရာ၌လည်း ဝေသာလီခေတ် ဆင်ယင်ထုံးဖွဲ့မှုနှင့် ထုလုပ်ထားသော နတ်ရုပ်တစ်ခုတွေ့ရသည်။ ဤနတ်ရုပ်ကလည်း ပိန္နဲချောင်းကျွန်း၌ ဝေသာလီခေတ် ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း ထောက်ခံနေပါသည်။



ကြိမ်ခွေမော်ရွာမှ  စတူပါကျောက်စေတီငယ်

ပိန္နဲချောင်းကျွန်း၌ နောက်ထပ်တွေ့ရသော ဝေသာလီခေတ်လက်ရာများမှာ သရဖူဆောင်း ကြေးဆင်းတုဘုရားများဖြစ်သည်။ ခမောင်းချောင်းလွမ်းဦးရွာ ဘုန်းကြီးကျောင်း၌နှစ်ဆူ၊ ကျောက်တောင်ရွာ ဘုန်းကြီးကျောင်း၌ တစ်ဆူဖြစ်ပါသည်။ ၎င်းကြေးလက်ရာများမှာ သယ်ယူရလွယ်ကူသဖြင့် မူလကပင် ယခုနေရာများ၌ သွန်းလုပ်ကိုးကွယ်ခဲ့ကြသည်ဟုဆိုရန် ခက်လှပါသည်။

## မြေငူကျွန်းမှလက်ရာများ

မြေငူကျွန်းသည် မိုင်(၂၀)ရှည်၍ အကျယ်ဆုံးနေရာသည် (၂.၂၅)မိုင်၊ အကျဉ်းဆုံးနေရာသည် (၀.၂)မိုင်သာရှိသည်။ အလယ်တွင် တောင်တန်းက နေရာယူထားသည်။

ဤကျွန်းတွင် ဝေသာလီခေတ်လက်ရာဟူ၍ ယူဆရသော စတူပါကျောက်စေတီငယ် (၂၉)ဆူတွေ့ရသည်။ ကျွန်းအရှေ့မြောက်ဘက်ခြမ်းရှိ ပြိုင်းတောင်ရွာ၊ ကုလားသိန်၊ ဒိုင်ချပ်တို့၌ (၇)ဆူ၊ အနောက်ဘက်ခြမ်း ကြို့ပြင်ရွာ၊ ပြင်ဘုတ်ရွာ၊ ဆံတော်ရှင်စေတီတော်တောင်ဘက် သိမ်တော်ရာနှင့် ယင်းတို့အနီးတို့၌ (၂၂)ဆူဖြစ်ပါသည်။ သိမ်တော်ရာအနီးတွေ့ရသော စတူပါတစ်ဆူ၌ သက္ကဋကျောက်စာပျက်အနည်းငယ် ရေးထိုးထားပါသည်။

စတူပါကျောက်စေတီငယ်များနှင့်ပတ်သက်၍ ဆရာကြီးဦးစံသာအောင်က ပြည့်စုံစွာ တင်ပြဖူးပါသည်။ ဦးစံသာအောင် ဖော်ထုတ်တင်ပြဖူးသော စတူပါကျောက်စေတီငယ်အချို့၌ သက္ကဋဘာသာ ယေဓမ္မာဂါထာပါသည့် စတူပါတို့သည် မြေငူကျွန်းတွင်တွေ့ရသော စတူပါများနှင့် တစ်ပုံစံတည်းဖြစ်ပါသည်။ ထို့ကြောင့် မြေငူကျွန်း၌တွေ့ရသော စတူပါစေတီငယ်များသည် ဝေသာလီခေတ်လက်ရာများဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ဤယူဆချက်ကို ပိန္နဲချောင်းကျွန်းမှ ယေဓမ္မာဂါထာတိုး သက္ကဋကျောက်စာက ထောက်ခံနေပါသည်။အကြောင်းမှာ ပိန္နဲချောင်းကျွန်း(အလယ်ဖရုံကာကျွန်း)သည် မြေငူကျွန်း (အနောက်ဖရုံကာကျွန်း)နှင့် မြစ်တစ်ခုသာ ကွာခြားသောကြောင့် ဖြစ်ပါသည်။

သို့သော် မြေငူကျွန်းသည် ပိန္နဲချောင်းကျွန်းကဲ့သို့မဟုတ်ဘဲ မြေပြန့်လွင်ပြင်နည်းသောကြောင့် လူနေမှုလည်း နည်းခဲ့လိမ့်မည်ဟု ယူဆသင့်ပါသည်။ စတူပါစေတီငယ် အများအပြားတွေ့ရခြင်းမှာ ၎င်းကျွန်းသည် ပင်လယ်ကျွန်းဖြစ်၍ ကျောက်တုံးကျောက်ဆောင်များသောကြောင့် ကုသိုလ်ရှင်တို့က တစ်ကွက်၊ ကျောက်ဆစ်သမားတို့ကတစ်ကွက် စေတီငယ်အများအပြား ထုဆစ်ပေးခဲ့ကြခြင်းဖြစ်နိုင်သည်။ မြေငူကျွန်းမှတစ်ဆင့် မိမိတို့လိုရာသို့ လှေများဖြင့် သယ်ယူပို့ဆောင်ပေး

ကြခြင်း ဖြစ်ပေလိမ့်မည်။ ယခုတွေ့ရသော စတူပါအချို့မှာ မသယ်ယူနိုင်သော စတူပါများဖြစ်နိုင်ပါသည်။

## တောင်းရင်းကျွန်းမှလက်ရာများ

တောင်းရင်းကျွန်းကား ပေါက်တောမြို့နယ်၏ အချက်အချာကျသောကျွန်း ဖြစ်သည်။ တောင်မြောက်(၁၀)မိုင်ခန့်ရှည်၍ အရှေ့အနောက် (၈)မိုင်ခန့်ရှိသည်။ အလယ်တွင် တန်းတင်တောင်တန်းက တောင်မြောက် သွယ်တန်းတည်ရှိသည်။



သျှင်ရွာမှ နတ်ရုပ်

တောင်ရင်းကျွန်း၌ ဝေသာလီခေတ်လက်ရာ စတူပါကျောက်စေတီငယ်သုံးဆူ တွေ့ရပါသည်။ ၎င်းကျွန်းမှ ကြိမ်ခွေမော်ရွာသား မူလတန်းကျောင်းအုပ်ဆရာကြီး ဦးအောင်သာထွန်း(ကွယ်လွန်)က ၁၉၈၃–ခုနှစ်တွင် သတင်းပေး၍ သွားရောက်မှတ်တမ်းတင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ စတူပါများကို ရွာအရှေ့ဘက် (၁)မိုင်ခန့်အကွာ တန်းတင်တောင်တန်း၏ တောင်စွယ်ကြား၊ ကြုတ်တောင်ခြေရင်း၌ တွေ့ရခြင်းဖြစ်ပါသည်။

စတူပါသုံးဆူအနက် နှစ်ဆူမှာ မြေငူကျွန်းမှစတူပါများကဲ့သို့ အပြောက်အမွမ်းမပါချေ။ ကျန်တစ်ဆူမှာ တွေ့ရသမျှ စတူပါများအနက် လုံးပတ်ရော၊ အမြင့်ပါ အကြီးဆုံးဖြစ်သည်။ ဉာဏ်တော်အမြင့် ငါးပေတစ်လက်မရှိသည်။ လေးထောင့်မျက်နှာနှစ်ဖက်၌ လိုဏ်တွင်းမုခ်တစ်ခုစီကို လုံးပတ်ကျောက်သားရှေ့သို့ ထုနှစ်လက်မခန့်ကြွ၍ ထုဆစ်ထားသည်။ ထိုမုခ်နှစ်ခု၌ မူလက ဘုရားရုပ်ထုများ ရုပ်ကြွဖော်၍ ထုဆစ်ထားခဲ့ဟန်တူပါသည်။ ယခု ကျိုးပဲ့နေပါပြီ။ *(ဓာတ်ပုံရှု)*

ဝေသာလီခေတ်ကျောက်ဆစ်လက်ရာများတွေ့ရသော ပိန္နဲချောင်းကျွန်း၊ မြေငူကျွန်း၊ တောင်ရင်းကျွန်းတို့နှင့်ပတ်သက်၍ အချုပ်သဘော သုံးသပ်တင်ပြရလျှင် ၎င်းကျွန်းတို့သည် တစ်ခုနှင့်တစ်ခု နီးနီးကပ်ကပ်တည်ရှိကြသည်။ မြစ်တစ်မြစ်သာခြားသည်။ ထို့ကြောင့် အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ ဆက်နွှယ်မှုရှိလိမ့်မည်ဟု ဆိုနိုင်သည်။ တွေ့ရှိရသော ကျောက်ဆစ်လက်ရာများ၊ (စတူပါကျောက်စေတီငယ်၊ နတ်ရုပ်၊ ကျောက်စာ)ကိုကြည့်၍ပြောရလျှင် ပေါက်တောမြို့နယ်သည် လွန်ခဲ့သောနှစ်ပေါင်း(၁၄၀၀)ခန့်ကပင် ယဉ်ကျေးမှုအဆင့်မြင့်လာသော ရခိုင်လူ့အဖွဲ့အစည်းရှိခဲ့၍ ပန်းချီ၊ပန်းပုအတတ်ပညာ ထွန်းကားခဲ့ပြီး ကျောက်ကို နိုင်နင်းစွာထုဆစ်နိုင်သော သံအမျိုးအစားကို ထုတ်လုပ်သုံးစွဲတတ်ပြီး ဖြစ်ပါသည်။ ထိုသံဆူးများဖြင့် ဆင်ယင်ထုံးဖွဲ့မှုပါသော လူရုပ်တို့ကိုလည်း ကျကျနန ထုဆစ်ဖန်တီးနိုင်ခဲ့ကြပြီဟု ဆိုနိုင်ပါသည်။

အချုပ်ပြောရလျှင် ပေါက်တောမြို့နယ်သည် ရှေးရခိုင်မြို့တော်ဟောင်းများနှင့်မနီးသော်လည်း လွန်ခဲ့သောနှစ်(၁၆၀၀)ခန့်ကပင် လူနေမှုရှိခဲ့ပြီး ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း သက်သေခံနေသော သက္ကဋကျောက်စာနှင့် စတူပါကျောက်စေတီငယ်များတွေ့ရှိရသော မြို့နယ်တစ်ခုဖြစ်ပေသည်။

**မောင်ဗသိန်း**

**၁၉၉၄–ခု၊ ဧပြီလ၊ စစ်တွေမြို့။**

# မြောက်ဦးခေတ်မှ စာတမ်းထိုး ကြေးခေါင်းလောင်းငယ်

မြောက်ဦးမြို့ရှိ ဇန္ဒုလကျောင်းဆရာတော်သည် ရှေးဟောင်းပစ္စည်းများစုဆောင်းရာ၌ ဝါသနာကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ ရှေးဟောင်းဘုရားပုံစံမျိုးစုံနှင့် မုဒြာမျိုးစုံကို ရှာဖွေပေါင်းစုပြီး မှန်ဗီရိုကြီးများဖြင့် ခင်းကျင်းပြသထားသည်။ မြောက်ဦးမြို့သို့ ရောက်လာကြသော ဘုရားဖူးများနှင့် နိုင်ငံခြားသုတေသီများ မဖြစ်မနေ ဇန္ဒုလကျောင်းသို့ သွားရောက်လေ့ရှိကြပေသည်။

၁၃၅၃–ခုနှစ်၊ ဝါကျွတ်လဆန်း(၁၀)ရက်နေ့တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ တာဝန်ပေးသဖြင့် ဒု–တိုင်းမှူးနှင့်အဖွဲ့ မြို့ပေါ်ရှိ ဘုရားပုထိုးများသို့ လိုက်လံရှင်းလင်းပြရင်း ဇန္ဒုလကျောင်းတိုက်သို့ ရောက်ခဲ့ပါသည်။ မှန်ဗီရိုထဲရှိ ဘုရားဆင်းတုတော်များနှင့် ဓာတ်တော်များကို ဖူးမျှော်ကြည့်ရှုစဉ် တစ်ခုသောဗီရိုထဲမှ ကြေးပစ္စည်းတစ်ခုကို မြင်တွေ့ခဲ့ရပေသည်။ အဝေးမှကြည့်လျှင် ကြေးကြုပ်ငယ်ဟု ထင်မှတ်ရသော်လည်း အနီးကပ်ကြည့်သောအခါ ကြေးကြုပ်မဟုတ်မှန်း သိခဲ့ရပေသည်။ ဆရာတော်အား ၎င်းပစ္စည်းကိုကြည့်လို၍ ထုတ်ပြရန် လျှောက်ထားရာ ဆရာတော်သည် ဗီရိုထဲမှ ထုတ်ယူပြသခဲ့သည်။

ထိုကြေးပစ္စည်းမှာ ကျွန်တော်ထင်သလို ကြေးကြုပ်ငယ်မဟုတ်ဘဲ ကြေးခေါင်းလောင်းငယ်တစ်ခုဖြစ်ကြောင်း မြင်တွေ့ခဲ့ရပေသည်။ ခေါင်းလောင်းပုံသဏ္ဌာန်မှာ စေတီပုထိုးများတွင် ချိတ်ဆွဲသောခေါင်းလောင်းမဟုတ်ဘဲ တိရစ္ဆာန်များတွင် ချိတ်ဆွဲသော ခေါင်းလောင်းငယ်တစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ခေါင်းလောင်းငယ်

တစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ခေါင်းလောင်းကို ကြေးနီသတ္တုဖြင့် သွန်းလုပ်ထားသည်။ အောက်ဘက်အဝတွင်ကျယ်ပြီး အထက်ဘက်တွင် အနည်းငယ်ကျဉ်းနေသည်။ အလျားလိုက် အထက်ပိုင်းသည် (၆)စင်တီမီတာရှိ၍ အဝဘက်အောက်ပိုင်း (၇.၅)စင်တီမီတာရှိသည်။ အနံအထက်ပိုင်း (၃)စင်တီမီတာရှိပြီး အောက်ဘက်အဝပိုင်း (၃.၅)စင်တီမီတာရှိသည်။ အမြင့်မှာ (၅)စင်တီမီတာ ရှိသည်။ အထက်ပိုင်း၌ ကြိုးလျှို၍ဆွဲရန် အပေါက်နှစ်ခုပါပြီး တစ်ခုနှင့်တစ်ခု (၄)စင်တီမီတာ ကွာဝေးသည်။ ခေါင်းလောင်းသီးဆွဲရန် ဖောက်ထားသောအပေါက် နှစ်ခုပါ၍ တစ်ခုနှင့်တစ်ခု (၃)စင်တီမီတာ ကွာဝေးသည်။

ကြေးခေါင်းလောင်းငယ်၏ မျက်နှာပြင်သုံးဘက်တွင် စာများ ရေးထိုးထားသည်။ စာလုံးပုံသဏ္ဌာန်မှာ ဝိုင်းစက်ပြီး မြောက်ဦးအလယ်ခေတ်လက်ရေးမျိုးဟု ခန့်မှန်းရသည်။ အလျားဘက်စာမျက်နှာတွင် ပါရှိသောစာသုံးကြောင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ အနိစ္စအမြဲမရှိ

၂။ ဒုက္ခဆင်းရဲ၏

၃။ အနတ္တ ၎ ကိုမဟုတ်

အခြားအလျားဘက်တွင် ရေးထိုးထားသော အကြောင်းများမှာ

၁။ ဇောတိကသူဌေး

၂။ ဇတိလသူဌေး

၃။ ကက္ခဝဏ္ဏာသူဌေး

၄။ မန္ဒကာသူဌေးကြီးကဲ့သို့ ကြွေပါစေ

ဟူ၍ဖြစ်သည်။

အနံနှစ်ဘက်၌ တစ်ဘက်တွင်သာ စာပါသည်။ ထိုစာမှာ

၁။ ဦးဖြူ

၂။ ၂၉ ပါး

၃။ ၁ ပါး

ဟူ၍ ရေးထိုးထားသည်။

ခေါင်းလောင်းရေးထိုးထားသောစာများကို ဆက်စပ်အဓိပ္ပါယ်ကောက်ယူကစိတ်ဝင်စားစရာကောင်းပြီး ကုသိုလ်ဒါနပြုသော သူတစ်ဦးအကြောင်း ပေါ်လွင်လာခဲ့သည်။ ဦးဖြူဟုခေါ်တွင်သော အလှူရှင်သည် ဒါနကုသိုလ် ကောင်းမှုအစုစုတို့ကို ဆောင်ရွက်ခဲ့ပေမည်။ ထိုသို့ ကုသိုလ်ကောင်းမှုပြုရာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည့် လက္ခဏာရေးသုံးပါးကိုတင်ပြီး လှူဒါန်းခဲ့ပေသည်။ သူပေးလှူဒါန်း

ခဲ့သော ကုသိုလ်အကျိုးတရားကြောင့် (၂၉)ပါးသောကံတရားကို ဤပြုပြင်မှုမှ ကင်းငြိမ်းရာအမှန် မြတ်နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိရသတစ်ပါးကို ရလိုကြောင်း ဆုတောင်းခဲ့ဟန်ရှိပေသည်။ အကယ်၍ နိဗ္ဗာန်မရသမျှကာလ၌ နတ်ဖြစ်လျှင်လည်း နတ်ချမ်းသာဖြစ်ပါစေ၊ လူဖြစ်လျှင်လည်း ဇောတိက–ဇဋိလ–ကာကဝဏ္ဏ–မန္ဒက သူဌေးကြီးလေးဦးကဲ့သို့ ကြွယ်ဝပါစေဟု ဆုတောင်းခဲ့ပေသည်။

ဦးဖြူ ကုသိုလ်ကောင်းမှုပြုသောအခါ တိရစ္ဆာန်များကိုလည်း ဘေးမဲ့လွှတ်ပေးခဲ့ပေမည်။ သူ၏ကုသိုလ်ကောင်းမှုကို နောင်လူတို့သိရှိစေရန် သို့မဟုတ် သူ၏ကုသိုလ်ကောင်းမှုကိုသိသူများ သာဓုခေါ်နိုင်စေရန် ခေါင်းလောင်းတွင် စာတမ်းထိုးပြီး သူဘေးမဲ့လွှတ်ခဲ့သော နွားတွင်ဖြစ်စေ၊ ကျွဲတွင် ဖြစ်စေ၊ ဆွဲ၍လွှတ်ခဲ့ဟန်ရှိပေသည်။ ခေါင်းလောင်းကို ဆွဲထားသောကြိုးမှာ နှစ်ကြာရှည်သောအခါ ပြတ်ပြီး ခေါင်းလောင်းမှာ ပြုတ်၍ မြေတွင်နစ်မြုပ်ခဲ့ပေမည်။ ဤခေါင်းလောင်းငယ်ကို လွန်ခဲ့သောနှစ်က ဝေသာလီမှ လယ်သမားတစ်ဦး ငါးရှာသွားစဉ် ချောင်းကမ်းဘေးတစ်နေရာမှ ရရှိခဲ့ပေသည်။ ၎င်းကို ဗန္ဓုလဆရာတော်ထံ ငွေ(၄၅၀)ကျပ်နှင့် ရောင်းချရာ ဆရာတော်မှာ အများပြည်သူမြင်နိုင်ရန် ပြတိုက်တွင် ပြသထားခြင်း ဖြစ်ပေသည်။

ဤခေါင်းလောင်းပါစာတမ်းကို လေ့လာခြင်းဖြင့် ရှေးမြောက်ဦးခေတ် ဗုဒ္ဓဘာသာဝင်တို့သည် ကုသိုလ်ကောင်းမှုပြုသောအခါ လက္ခဏာရေးသုံးပါးကိုတင်ပြီး ဝိမုတ္တိရာနိဗ္ဗာန်ကို ဆုတောင်းခဲ့ကြောင်း သိရှိနိုင်ပေသည်။

**ရွှေခိုင်ကျော်(မြောက်ဦး)**

# စေတီအကြောင်း

စေတီဟူသည်မှာ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ကိုးကွယ်ရာဦးညွတ်ရာ အဆောက်အဦးတစ်မျိုးဖြစ်သည်။ စာရေးသူတို့၏ ရခိုင်ပြည်နယ်တွင်ကား စိမ်းလန်းစိုပြေ၍မြင့်မားသည့် သဘာဝတောင်တန်းများပေါ်တွင် ဖြူဖွေးသောထုံးသင်္ကန်းတို့ဖြင့် တင့်တယ်သပ္ပါယ်ကြည်ညိုဖွယ်ရာ ကောင်းလှသောစေတီတော်မြောက်မြားစွာတို့ တည်ရှိပေသည်။ ဗုဒ္ဓစာပေ ပိဋကတ်ကျမ်းဂန်များအရ စေတီလေးမျိုးရှိသည်။

**၁။ ဓာတုစေတီ**

မြတ်စွာဘုရားနှင့်တကွ ရဟန္တာအရှင်မြတ်တို့၏ ဓာတ်တော်တို့ကိုတိုက်ပြု၍ တည်ထားသောစေတီ။

**၂။ ဥဒ္ဒိဿစေတီ**

မြတ်စွာဘုရားနှင့် ရဟန္တာတို့၏ရုပ်ထုဆင်းထုတော်တို့ကို ရွှေ၊ငွေ၊ကြေး၊သံ စသောသတ္တုမျိုး အုတ်ကျောက်၊ အင်္ဂတေ၊ ဆင်စွယ်အစရှိသော အရာဝတ္ထုတို့ဖြင့် ရုပ်တု၊ဆင်းတု ထုလုပ်ထားသောစေတီ။

**၃။ ဓမ္မစေတီ**

မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာ၊ ဝိနည်း၊ သုတ္တံ၊ ကျမ်းဂန်အစုံဖြစ်စေ၊ တပုဒ်တဂါထာဖြစ်စေ ရွှေပြား၊ ငွေပြား၊ ခဲပြား၊ ပေရွက်၊ စက္ကူ၊ အထည်၊ အဝတ်၊ ကျောက်ပြားတို့၌ ပိဋကတ်တော်တို့ကို ရေးသားထုလုပ် ကိုးကွယ်သောစေတီ။

**၄။ ပရိဘောဂစေတီ**

မြတ်စွာဘုရားနှင့် ရဟန္တာမထေရ်မြတ်တို့၏ အသုံးအဆောင်ပစ္စည်းများ၊ ရ

ဟန်းသံဃာတော်မြတ်တို့၏ ကျောင်းသင်္ကန်းစသော ပစ္စည်းများနှင့် ဗောဓိညောင်ပင်တို့ကို ပရိဘောဂစေတီ။

ဤသို့ စေတီလေးမျိုးတို့တွင် ဓာတုစေတီတည်းဟူသော ဓာတ်တော်မွေတော်တို့ကိုလည်းကောင်း၊ ဌာပနာ၍ကျောက်အုတ်တို့ဖြင့် ဆောက်လုပ်ထားသော ဂူပုထိုးတို့မှာ စေတီသုံးမျိုးအဖြစ် ပါဝင်လေသည်။ တစ်ချို့စေတီတို့၌ ပိဋကတ်သုံးပုံပါဋ္ဌိတော်တို့ကို ရွှေပြား၊ ငွေပြား။ ကြေးပြား၊ ခဲပြား၊ အုတ်ခွက်ပြား စသည်တို့၌ ရေးလျက်ရှိခဲ့သည်။ ဤသို့ဆိုလျှင် ဂူပုထိုးတစ်ခုတည်း၌ပင် စေတီလေးမျိုးအဖြစ် ပါဝင်လေသည်။ ၎င်းတို့မှာ . . .

(၁)ဓာတ်တော်သည် ဓာတုစေတီ။ (၂)ပိဋကတ်စာသည် ဓမ္မစေတီ၊ (၃)ဆင်းတုတော်တို့သည် ဥဒ္ဒိဿစေတီ။ (၄)ဂူပုထိုးလိုဏ်အဖြစ် ကျောက်၊အုတ်တို့ဖြင့် ဆောက်လုပ်ထားသည်ကို ပရိဘောဂစေတီဟူ၍ ဖြစ်လေသည်။

'စေတီ'ဟူ၍ ပေါ်ပေါက်လာခဲ့သည်မှာ ဘုရားဖြစ်တော်မမူမီ ဘုရားအလောင်းတော်သည် ဆံတော်နှင့်ဝတ်လဲတော်တို့ကို အနော်မာသောင်ခုံ၌ပယ်ခဲ့စဉ်က နတ်ဗြဟ္မာ၊ သိကြားတို့သည် စူဠာမဏိစေတီနှင့်ဒုဿစေတီတို့ကို တည်ခဲ့ခြင်းဖြစ်သည်။ ထိုထက်စော၍ ဇာတ်တော်နိပါတ်တော်တို့၌ကား စေတီတည်ခဲ့ကြောင်းကိုလည်း အတိအလင်း ဖော်ပြထားပေသည်။ ဘုရားမြတ်စွာသည် စေတီတည်ထိုက်သော ပုဂ္ဂိုလ်များအကြောင်းကို ဟောကြားရာ၌ ဘုရားနှင့်ရဟန္တာများ၊ စကြာဝတေးမင်းယောကျ်ားအာဇာနည်၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘအာဇာနည် အစရှိသည်တို့၏အရိုးကို စေတီတည်ထိုက်ကြောင်း ဟောကြားခဲ့သည်။

ဤသို့လျှင် ရှေးရှေးသာ ဘုရားမပွင့်မီအချိန်ကပင် ဘုရားအလောင်းတို့၏ ဘဝပေါင်းများစွာ ကျင်လည်ခဲ့စဉ်က အာဇာနည်ဘဝအမျိုးမျိုးဖြင့် စုတေခဲ့ကြပြီး နှစ်ပေါင်းပဝေသနီကပင် စေတီရှိခဲ့ကြောင်း ထင်ရှားနေသည်။ ယခု ဂေါတမဗုဒ္ဓပွင့်ပြီးသည်နောက် ဖြစ်ထွန်းလာခဲ့သောစေတီတို့ကို မည်သည့်အချိန်က စတင်ဖြစ်ထွန်းလာခဲ့သနည်းဟုမူကား ဗုဒ္ဓဘာသာဝင်တို့ သိရှိကြသည့်အတိုင်း မြတ်စွာဘုရားလောင်း၏ ဆံတော်တည်ရှိရာ စူဠာမဏိစေတီတော်နှင့် ဝတ်လဲတော်တည်ရာ ဒုဿစေတီမှ အစတည် ဖြစ်ထွန်းလာခဲ့သည်ဟု ဆိုရပေမည်။ ယင်းမှ တဖြည်းဖြည်းဆင်းသက်လာရာ မဟာမြတ်မုနိ ရုပ်ပွားတော်ကြီးနှင့် သီရိဓမ္မာသောကမင်းကြီး၏ ရှစ်သောင်းလေးထောင်သောစေတီတော်တို့ ဖြစ်ထွန်းလာခဲ့သည်။ ဤကဲ့သို့ အဆင့်ဆင့်ဖြစ်ထွန်းခဲ့ကြရာတွင် ဂေါတမဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံမှ စေတီပုံမျိုးအတိုင်း ဗုဒ္ဓနိုင်ငံအသီးသီးသို့ ဆင်းသက်လာခဲ့ပြန်သည်။ ထိုအခါ မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ဘာသာစကားအရ 'စေတီ'ဟု ခေါ်ဝေါ်သည့်အမည်များ

မှာ ပြောင်းလဲလာလေသည်။ မည်မျှပင်ပြောင်းလဲလာစေကာမူ အဓိပ္ပါယ်မှာ မပြောင်းလဲခဲ့ချေ။

## စေတီပုံသဏ္ဍာန်အမျိုးမျိုး

စေတီပုံသဏ္ဍာန်တို့ကို ဗုဒ္ဓဘာသာဝင်တိုင်းပြည်များ၌ အမျိုးမျိုးတည်ထားကိုးကွယ်ပူဇော်လာခဲ့ကြသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ရှေးပိသုကာဆရာကြီးများနှင့် ပညာရှိများ၊ရဟန်းတော်များတို့က အချိုးကျအဆောက်အဦးများဖြစ်စေရန် ပုံသဏ္ဍာန်(၇)မျိုးဖြင့် တည်ဆောက်ခဲ့ကြလေသည်။ ၎င်းကို ကျမ်းပြုသူအမည်မသိရေးသားခဲ့သော မစုံလင်တော့ပြီဖြစ်သော ပေမူတစ်စောင်မှလည်းကောင်း၊ ပုဂံမြို့ရွှေဦးမင်ဆရာတော်ကြီးနှင့် ရခိုင်မြို့တောင်ဖီလာဆရာတော် ဘုရားကြီးတို့ပြုစုခဲ့သော (သတ္တရူပဗိသုကာကျမ်းမှလည်းကောင်း ထွက်ဆိုထားသည်တို့ကို အနည်းငယ်တင်ပြပါမည်)။

**စေတီပုံသဏ္ဍာန်ခုနစ်မျိုး**

| | | |
|---|---|---|
| ၁။ ပဏ္ဍာကာရ | = | ဥပုံသဏ္ဍာန်စေတီ |
| ၂။ ဃဏ္ဍာကာရ | = | စပါးစုပုံသဏ္ဍာန်စေတီ |
| ၃။ ပုပ္ဖဠ္ဍကာရ | = | ရေပွတ်ပုံသဏ္ဍာန်စေတီ |
| ၄။ ပဒုမ္မာကာရ | = | ကြာဖူးသဏ္ဍာန်စေတီ |
| ၅။ ဂဏ္ဍာကာရ | = | ခေါင်းလောင်းသဏ္ဍာန်စေတီ |
| ၆။ မကုဋ္ဌာကာရ | = | မကိုဋ်သဏ္ဍာန်စေတီ |
| ၇။ စတုကာရ | = | လေးထောင့်လေးပြတ်ပုံစေတီ |

ဤစေတီပုံသဏ္ဍာန်(၇)မျိုးတို့ကို အခြေခံပြီး အဆင့်ဆင့်တိုးချဲ့ဆင့်ပွားကာ တည်ဆောက်လာခဲ့သည်။ မည်မျှပင်အဆန်းထွင်စေကာမူ ဤပုံသဏ္ဍာန်(၇)မျိုးတို့နှင့် မကင်းချေ။ စေတီတည်ရာတွင် ပုံသဏ္ဍာန်မူရင်းအမည်ကို သတ်မှတ်ပြီးမှ မိမိလိုရာအမည်ကို သတ်မှတ်ခေါ်တွင်ကြသည်။ ဥပမာဆိုလျှင် ရဟန်းခံရမည့် ရဟန်းလောင်းအား လိုရင်းအမည်ကိုပယ်ထား၍ ရဟန်းလောင်းဟူသမျှကို (နာဂ) ဟူ၍သာ ခေါ်ရသည်။ ဤနည်းအတိုင်း စေတီတည်လျှင်လည်း အမည်အရင်းကို သာထားရသည်။ စေတီတို့မှာလည်း အလုံးစုံပြီးစီး၍ အနေကဇာတင်ပြီးမှီ ဒါယကာတို့က ထားလိုသောအမည်ကို ထားရသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ဆရာတော်ကြီးနှစ်ပါး ပြုစုတော်မူထားခဲ့သော (သတ္တရူပဗိသုကာကျမ်း)အရ အနည်းငယ် ဖော်ပြလိုက်ပါသည်။

## ပုဂံမြို့ရွှေဥမင်ဆရာတော်ကြီးအလိုအရ

ရွှေဥမင်ဆရာတော်ဘုရားကြီးများကျမ်းတွင် ဘုရားတည်ရန် အုတ်မြစ်ချသည် ကအစ၊ ဌာပနာတည်ခြင်းအမျိုးမျိုး၊ ပိဋကတ်တော်တည်ခြင်းအမျိုးမျိုး ရုပ်ထုဆင်းတုတည်ခြင်းတို့ကို အစဉ်အတိုင်း အကျယ်တဝင့်ရေးသားထားသည်။ ဤဆောင်းပါးတွင် ဘုရားအမည်ကိုသာ ဖော်ပြရမည်ဖြစ်သည်။ ဘုရားဒါယကာသည် မိမိ၏နံသင့်သစ်များကို ဘုရားဆင်းတုထုလုပ်ပြီးလျှင် အမည်ပေး၍ ဌာပနာထည့်ရသည်။ ယင်းသို့ထည့်ခြင်းအားဖြင့် အေးချမ်းသာယာပြီး အန္တရာယ်ကင်းပျောက်စေနိုင်သည်ဟု မိန့်ဆိုခဲ့သည်။ ယင်းတို့အား အောက်တွင်ဖော်ပြထား၏။

| ဒါယကာ၏မွေးနေ့ | ဘုရားထုလုပ်မည့် သစ်မျိုး | ဘုရားအမည် |
|---|---|---|
| ၁။ တနင်္ဂနွေ | မဥ္ဇူသား၊ အင်းသား | ဖောင်တော်ရတနာစံဦး |
| ၂။ တနင်္လာ | ဂန့်ဂေါ်၊ ကုက္ကို | ရွှေစည်းခုံ |
| ၃။ အင်္ဂါ | ခုစံသား၊ ပဥ္စင်းသား | သဗ္ဗညုရတနာမဥ္ဇူ |
| ၄။ ဗုဒ္ဓဟူး | ရှားသား၊ သရက်သား | တဏှာကျော်ရာ၊ မေဓာကျော်ရာ |
| ၅။ ကြာသပတေး | ပျဉ်းကတိုး၊ ပေါက်သား | ဂေါတမ၊တဿပ၊ဝေဿဘူ |
| ၆။ သောကြာ | ဆီးသား၊ သန်းသား | အတ္တဒသီ၊ ဓမ္မဒသီ |
| ၇။ စနေ | သတိသား၊သတွတ်သား | မင်္ဂလာစေတီ၊စေတနာ ရေဝတ၊ စူဠာမုနိ |

## ရခိုင်မြို့တောင်ဖီလာဆရာတော်ဘုရားကြီးအလိုအရ

ရခိုင်မြို့ တောင်ဖီလာဆရာတော်ဘုရားကြီး ရေးသားသည့်ကျမ်းတွင် အကျယ်တဝင့်ဖော်ပြပါရှိထားသော်လည်း ဗဟုသုတရရှိစေရန် အောက်တွင်ဖော်လိုက်ပြပါ၏။

| ဒါယကာမွေးနေ့ | ဘုရားထုလုပ်မည့်သစ်၊ သတ္တုမျိုးစား | ဘုရားအမည် |
|---|---|---|
| ၁။ တနင်္ဂနွေ | အင်ကြင်းသား ရတနာကိုးပါး ပေါင်းစပ်သတ္တု | ရတနာစံဦး |
| ၂။ တနင်္လာ | ကန့်ကော်၊ခဲသတ္တု | ကတ္တူသံ၊ ငွေစံဦး |

| | | | |
|---|---|---|---|
| ၃။ | အင်္ဂါ | စဥ့်သား၊ စိန်သတ္တု | ရတနာမဥ္ဇူ<br>အရိမတ္တေယျ |
| ၄။ | ဗုဒ္ဓဟူး | ရှားသား၊ရွှေသတ္တု | ရွှေစံဦး၊ တဏှာကံရာ<br>မေခေကံရာ |
| ၅။ | ကြာသပတေး | ပြိုင်း၊ဘော်သတ္တု၊<br>ပြဒါး | မင်္ဂလာစံဦး၊ ဂေါဓမ<br>ကဿပ၊ဝေဿဘူ |
| ၆။ | သောကြာ | သန်းသား၊ သံသတ္တု | သကျမဥ္ဇူ၊အတ္တဒဿီ<br>ဓမ္မဒဿီ |
| ၇။ | စနေ | ထိန်သား၊ ဒန်သတ္တု | စေတနာ၊ရေဝတ၊<br>စူဠမုနိ |

ဆရာတော်ကြီးနှစ်ပါးတို့၏ ကျမ်းဂန်သဘောတို့မှာ အတူတူပင်ဖြစ်ကြသည်။ ဒေသအလိုက် အနည်းငယ်စီသာ ကွာခြားကြသည်။ သို့သော် စိတ်သဘော၊ နံသဘောတို့မှာ အတူတူဖြစ်ကြသည်။ ဤသို့ မူရင်းအမည်များကိုပေးပြီးမှ ဒါယကာတို့မှာ မိမိထားလိုသော ဘုရားအမည်များကို အရပ်စွဲ၊ နမိတ်စွဲ၊ အဖြစ်အပျက်စွဲ၊ အကြောင်းအရာစွဲတို့ဖြင့် လောကီအကြောင်း သမိုင်းမှတ်တမ်းအနေဖြင့် မှည့်ခေါ်ကြလေသည်။ ထိုမှတစ်ပါး ဒါယကာတို့၏အမည်ကို စွဲ၍လည်းကောင်း၊ ဗုဒ္ဓဇာတ်တော်များ၏ အင်္ဂါအစိတ်အပိုင်းအမည်ကို စွဲ၍လည်းကောင်း၊ နိပါတ်တော်လာ၊ဇာတ်တော်အသီးသီး၌ ဖြစ်ပျက်ခဲ့သော ဘဝအမျိုးမျိုးအမည်ကို စွဲ၍လည်းကောင်း မှည့်ခေါ်ခဲ့ခြင်းဖြစ်ပေသတည်း။

ဤဆောင်းပါးအား ကျွန်ုပ်၏ကျေးဇူးရှင် ကွယ်လွန်သူဆရာကြီး ပဏ္ဍိတ်ဦးဦးသာထွန်း၏ ရေးမှတ်ထားခဲ့သော 'စေတီအကြောင်းမှတ်စု'ကို အခြေခံကာ ရေးသားခြင်းဖြစ်ပါသည်။

**သူမြတ်(မဟာအောင်မြေ)**

# မြောက်ဦးခေတ် နန်းတွင်းညီလာခံသဘင်မှ ရခိုင် ဘွဲ့ထူးဂုဏ်ထူးများ

ဓညဝတီ၊ ဝေသာလီ၊ လေးမြို့ခေတ်တို့သည် မြောက်ဦးခေတ်အုပ်ချုပ်ရေး၏ မြစ်ဖျားခံရာပင်ဖြစ်သည်။ သို့သော် ဒုတိယမြောက်ဦးခေတ်ကို တည်ထောင်သော မင်းဘာကြီး(အေဒီ–၁၅၃၁–၅၃)လက်ထက်တွင် ရခိုင်ပြည်၌ အုပ်ချုပ်ရေးသစ်တစ်ခုကို စတင်ခဲ့၏။ တောင်ညိုတိုက်အသျှင် အဂ္ဂမုနိ(အဂ္ဂစိန္တေယျ)၊ သျှင်မြဝ၊ ဝိမလအမတ်ကြီးနှင့် မဟာပညာကျော် အနန္တသီဟတို့သည် ရှေးအနုဓမ္မသတ်တို့ကို ညှိပြီး ရွှေဗျဉ်းဓမ္မသတ်ကျမ်းကို ရေးဆွဲခဲ့ကြသည်။ ထိုကျမ်းအတိုင်း နိုင်ငံတစ်ဝှန်း အတည်ပြုပြဋ္ဌာန်းအုပ်ချုပ်ခဲ့သည်။ သို့နှင့် ရခိုင်တိုင်းသည်လျှမ်းလျှမ်းတောက် တိုးတက်စည်ပင်ခဲ့၏။ ၁၆–ရာစုတွင် အရှေ့တောင်အာရှတစ်ခွင်ရှိ နိုင်ငံများအနက် အတိုးတက်ဆုံး၊ အစည်ကားဆုံး၊ အချမ်းသာဆုံးစာရင်းဝင် နိုင်ငံဖြစ်ကြောင်း နိုင်ငံခြားသုတေသီတို့၏ မှတ်တမ်းအရ သိရှိရသည်။

## ညီလာခံခန်းမ

မြောက်ဦးနန်းတော်ကို ဝင်းသုံးထပ်(ရွှေဝင်းတော်) ကာရံထားသည်။ ပထမထပ်တွင် ဗဟိုနန်းနှင့် ရာဇပလ္လင်ရှစ်ခန်း၏ နန်းဆောင်များ၊ ဒုတိယထပ်တွင် မြေနန်းဆောင်များနှင့် ဘိသိတ်သွန်းရေကြည်များထားရှိရာ နံ့သာကန်တော်၊ တတိယထပ်တွင် နက္ခတ်ရုံတော်၊ လက်နက်တိုက်၊ ပန်းခုံတော်နှင့် မြနန်းဆောင်များ ရှိခဲ့ကြောင်း သိရှိရပေသည်။ ညီလာခံသဘင်ကျင်းပသော အဆောက်အအုံ (လွှတ်ရုံးတော်)မှာ ပထမထပ်တွင်ရှိသော ဗဟိုနန်းဆောင်ဖြစ်ပါသည်။ ရှင်ထွေးနှောင်း

၏ မြောက်ဦးရွှေနန်းတော်ဘွဲ့တွင် 'ဗဟိုရွှေနန်း၊ ခေါင်စွန်းငါးဆင့်၊ ခြသေ့်သင့် လျက်'ဟု စပ်ဆိုထားသည်။ သို့နှင့် ညီလာခံခန်းမမှာ နန်းတော်ပထမထပ်တွင် ရှိသည့် 'ဗဟိုရွှေနန်း၊ ခြသေ့်ထိုင်ဟန်' တည်ဆောက်ထားကြောင်း သိရပါသည်။

## ညီလာခံသို့တက်ရောက်သူများ

ညီလာခံသဘင်သို့ သုခမိန်၊ ဝန်ကြီး၊ မှူးတော်၊ မတ်တော်၊ သေနာပတိ၊ မြို့စားနယ်စားများ စုံလင်စွာ တက်ရောက်ကြရသည်။ ညီလာခံခန်းမအတွင်းတွင် ဝန်ကြီး(၁၀)ဦး (ဝဲယာ ၅-ဦးစီ)တို့၏ ဘွဲ့ထူးဂုဏ်ထူးများ။ ၎င်းတို့၏ နောက်တန်း တွင် (၇)ဦးစီ၊ တစ်တန်းစီ (၇)တန်း၊ ရာထူးကြီးငယ်အလိုက် နေရာယူရသည်။ လက်ဝဲဘက်အတန်းတွင် လက်ဝဲနဝစတ္တာလီသ(၄၉)ဦးတို့၏ ဘွဲ့ထူးဂုဏ်ထူးများ၊ လက်ယာဘက်အတန်းတွင် လက်ယာနာစတ္တာလီသ(၄၉)ဦးတို့၏ ဘွဲ့ထူးဂုဏ်ထူး များကို တွေ့ရသည်။ ၎င်းတို့၏အမည်များကို စီတန်းပြီး တင်ပြမည်ဆိုပါက စာရှည်သွားမည် ဖြစ်ပါသည်။ သို့နှင့် စာရှုသူများသိလိုဆန္ဒရှိပါက အသျှင် စက္ကိန္ဒရေးသားခဲ့ပြီဖြစ်သော 'မြောက်ဦးနန်းတွင်း ညီလာခံသဘင်'၊ ရခိုင်တန်ဆောင် မဂ္ဂဇင်းအမှတ်-၁၂-(၁၉၇၁-၇၂)တွင် အပြည့်အစုံတင်ပြထားပါသည်။

ဘုရင်(နရဓိပတိ)က ပလ္လင်တော်တွင်ထိုင်ပြီး ညီလာခံတက်ရောက်သူများထံ ရှေ့ပြုထိုင်ရသည်။ ညီလာခံတက်ရောက်သူများကလည်း (နံ့ကိုယ်စီဖြင့် ဘုရင် မင်းမြတ်ထံ ရှေ့ပြုထိုင်ကြရသည်။ လက်ဝဲလက်ယာ၏အလယ်တွင် သွားလာ နိုင်ရန် အူလမ်းကြောင်းထားရှိသည်။ ဘုရင်နှင့် ညီလာခံတက်ရောက်သူများ၏ ရှေ့အလယ်နေရာတွင် ဟိုက်တိုင် (Hike Tai)ရှိသည်။ ညီလာခံတက်ရောက်သူများ ၏ဘွဲ့ထူး၊ဂုဏ်ထူးအား ဝတ်ဆင်ထားသော ဖောင်းတော်နှင့်စလွယ်တော်ကို ကြည့်ခြင်းဖြင့် ရာထူးကြီးငယ်ကို သိရှိနိုင်ပါသည်။

## ညီလာခံကျင်းပချိန်

နန်းတွင်းညီလာခံသဘင်ကို တစ်နှစ်လျှင်တစ်ကြိမ်၊ နှစ်ကြိမ်ကျင်းပခြင်း မဟုတ်ပေ။ အရေးကြီးလျှင် လိုအပ်သလို ကျင်းပကြသည်။ ဤသို့ကျင်းပရာတွင် အချိန်မှာ နံနက်အရုဏ်တက်ချိန်ဖြစ်၍ အမွှေးနံ့သာထည့်ထားသော ဆီးမီးခွက် များ ခန်းလုံးပြည့်ထွန်းညှိထားသည်။ ရွှေပန်းကန်၊ ငွေပန်းကန်များတွင် ပတ္တမြား၊ နီလာ၊ ဥဿဖယား၊ စိန်၊ ကြောင်စသည်တို့ကိုထည့်ပြီး နံရံပေါ်တွင် တင်ထား ကြသည်။ ကျောက်မျက်ရတနာတို့မှ အရောင်တို့သည် အမိုးတွင် ဟသ်ာပြဒါး သုတ်ထားသောမှန်၌ အရောင်ဟတ်ပြီး မှန်မျက်နှာပြင်မှတစ်ဆင့် ရောင်ပြန်ဟတ်

သဖြင့် ညီလာခံအခန်းတစ်ခုလုံးမှာ အရောင်မျိုးစုံလင်စွာဖြင့် ရှုမငြီးအောင် ပဏာရနေပေသည်။ စည်တော်နရီမှုးက အချက်ပေးပြီးမှ ညီလာခံသဘင် အခမ်းအနားကို စတင်ကျင်းပကြသည်။

## ညီလာခံကျင်းပပုံ

ညီလာခံသဘင်သို့ တက်ရောက်သောဝန်ကြီး(၁၀)ဦးမှာ အထက်လွှတ်တော် ဖြစ်ပြီး ၎င်းတို့၏နောက်ဝဲယာ(၄၉)ဦးစီကို အောက်လွှတ်တော်ဟု သတ်မှတ်ကြ သည်။ အောက်လွှတ်တော်မှ ပုဂ္ဂိုလ်တစ်ဦးသည် မိမိဒေသ၏ စီးပွားရေး၊ အုပ်ချုပ် ရေး၊ စစ်ရေး၊ ဘာသာရေးတို့၏အခြေအနေများ၊ မိမိထမ်းဆောင်ရသောတာဝန်များ မှ အောင်မြင်မှုအခြေအနေတို့ကို တင်ပြကြရသည်။ မိမိနေရာမှ အုလမ်းကြောင်းအ တိုင်း 'ဟိုက်တိုင်'ဆီသို့သွားရောက်ပြီး ဆွေးနွေးတင်ပြကြရသည်။ အောက်လွှတ် တော်မှ တင်သွင်းလွှာများကို အထက်လွှတ်တော်မှ ဝန်ကြီး(၁၀)ဦးနှင့် ဘုရင်မင်း မြတ်တို့ တိုင်ပင်နှီးနှောကြရသည်။ ထိုတင်သွင်းလွှာအပေါ် သက်ဆိုင်သောဝန်ကြီး တစ်ဦးက 'ဟိုက်တိုင်'သွားပြီး အတည်ပြုခြင်း၊အကြံပြုခြင်းများကို ကြေငြာပေး သည်။

နန်းတွင်းညီလာခံမှ ရခိုင်ဘွဲ့ထူး၊ ဂုဏ်ထူးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တစ်ခုချင်းတင်ပြပါမည်။ သို့သော် အလုံးစုံပြီးမြောက်ပြီ၊ အပြစ်ဆိုဖွယ်မရှိပြီဟု မည်သည့်အခါမျှ မယူဆအပ်ပါ။ ပျော့ကွက်၊ ဟာကွက်များ ရှိကောင်းရှိမည်ဖြစ် ပါသည်။ ဆက်လက်၍ လေ့လာရဦးမည်သာ။

## ပြည်စိုးကြီးနရီ

၎င်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ယာဘက် နံပါတ်(၂)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဘုရင် တိုင်းခန်းလှည့်လည်ရာတွင်ဖြစ်စေ၊ စစ်ခရီးချီတက်ရာတွင်ဖြစ်စေ၊ နန်းတော်၌ အာ ဏာလွှဲအပ်ခြင်း ခံရသူဖြစ်သည်။ ဘုရင့်ကိုယ်စားတော်အဖြစ် ဆန်စပါးရောင်းဝယ် ရေးလုပ်ငန်းရပ်များကိုလည်း စွမ်းစွမ်းတမံ ကြပ်မတ်မကွာဆောင်ရွက်ရသဖြင့် 'ဗာ ဘူစာရပြည်စိုးကြီး'ဟု ခေါ်ကြသည်။ တိုင်းခရိုင်၊နိုင်ငံတော်တွင် တရားနှင့်အညီ စီရင်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိသော ပညာရှိသုခမိန်လည်း မည်၏။ လွှတ်တော်ဝန် လည်း ဖြစ်၏။ မြောက်ဦးမြို့မြောက်ဘက် အမြင့်တောင်ခံကပ်အနီးတွင် ပြည်စိုးကြီး ဘုရားနှင့် ပြည်စိုးကြီးပိဋကတ်တိုက်တို့ရှိသည်။ ပြည်စိုးကြီး၏ ကောင်းမှုတော်ဖြစ် သည်။

## ကိုယ်ရံကြီးလက်ဖန်

ၚင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ယာဘက် နံပါတ်(၁)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ထုံးဟောင်းသက်သေ၊ ဥပဒေ၊ ဝတ္ထု၊ ရာဇဝင်စကားရပ်များကို မင်းနားတွင်နေ၍ ကောင်းစွာပြောပြရသောသူဖြစ်သည်။ ပဲခူးမင်းကျောင်း ဆရာတော်ရေး ဓညဝတီ ရာဇဝင်သစ်၊ စာမျက်နှာ(၁၅၅)တွင် ပြည်ရှင်မင်းကြိုက်တော်မူ၍ မြို့တော်တွင်လည်း ကိုယ်ရံတော်သူရဲငါးသောင်းတို့ကို လက်နက်အစုံနှင့် စည်းကြပ်အစောင့်ထားပြီးမှ အမတ်ကိုယ်ရံကြီး၊ ထားပိုင်ကြီးနှစ်ယောက်မှာ သူရဲတစ်သိန်း၊ ကိုယ်ရံတော်ငါးသောင်းရံ၍ လက်နက်အစုံနှင့် မိငူကျွန်း၊ ရာမောင်ကျွန်းများတွင် ထားလေသည်ဟုပါရှိသည်။ သို့နှင့် ကိုယ်ရံကြီးလက်ဖန်သည် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကိုလည်း ထမ်းဆောင်ရသည်ဟု သိရပေ၏။

## သူငယ်တော်ရွှေးစ

ၚင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ယာဘက် နံပါတ်(၃)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထို့ပြင် လက်ယာ(၄၉)ဦးအနက် ပထမတန်း နံပါတ်(၄)နေရာတွင်ထိုင်ရသော သူငယ်တော်ကြီးနှင့် လက်ယာဘက် စတုတ္ထတန်း နံပါတ်(၆)နေရာတွင်ထိုင်ရသော သူငယ်တော်တို့ကိုလည်း တွေ့ရပြန်သည်။ အဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု ရခိုင်ဆရာတော်စီရင်သော ဓညဝတီအရေးတော်ပုံ၊ စာမျက်နှာ(၂၂)တွင် 'တကောင်းစား သားချစ်နှောင်းဦးလည်း တစ်စီးရှင်ကျော်စွာထံ သူငယ်တော်စံလျက်နေလေသည်'ဟူ၍လည်းကောင်း၊ အဆိုပါအရေးတော်ပုံ စာမျက်နှာ(၁၃၄)တွင်လည်း 'သားတော်အလတ်မှာ သားတော်အိမ်ရှေ့စံမင်းထံ သူငယ်တော်စံလျက်နေရပါသည်'ဟူ၍လည်းကောင်း ထပ်မံတွေ့ရှိရသည်။ သို့နှင့် ၚင်းတို့မှာ ဘုရင်၏သားတော်၊ မြေးတော်များမှ ခေါ်ယူခန့်ထား၍ အချစ်တော်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ဖွယ်ရှိပါသည်။ မြောက်ဦးမြို့မှ အနောက်တောင်ဘက် မိုင်(၂၀)ခန့်အကွာတွင် သူငယ်တော်ဟူ၍ရှိသည်။ သူငယ်တော်ဘွဲ့ထူး၊ ဂုဏ်ထူးကိုရရှိသောသူများကို အပိုင်စားပေးထားသည့် ဒေသပင်ဖြစ်ပါသည်။

## ဟရေားကြီး

ၚင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ယာဘက် နံပါတ်(၅)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် တိုင်းပြည်

နိုင်ငံတော် အခမ်းအနား၊ အတ္တုပ္ပတ္တိအကြောင်းရပ်များကို မင်းမှနေ၍ တိုင်ပင်နှီးနှောရသူဖြစ်သည်။ နန်းတွင်းညီလာခံကျမ်း(ခေါ်) ရွှေဘုံနိဒါန်းကျမ်းတွင် 'ဟဇရားကြီးခေါ် မတ်တော်အထူး'ဟု ပါရှိသည်။ သို့နှင့် ဟဇရားကြီးမှာ ပြည်ထိန်းအမတ်ကြီး မင်းတိုင်ပင် မဟာသက်တော်ရှည်အမတ်ကြီးပင် ဖြစ်ဖွယ်ရှိပါသည်။ ထို့ပြင် လက်ယာဘက် ဒုတိယတန်းနံပါတ်(၆)နေရာတွင်လည်း 'ဟဇရားကြီး'ဟုပါရှိသည်ကို တွေ့ရ၏။

## ဟွန်းမိဇန္နားကြီး

ငင်းဘွဲ့တော်ရသောပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ဝဲဘက် နံပါတ်(၁)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ရေတပ်မတော်၊ ကြည်းတပ်မတော်တို့ကို ကိုယ်တိုင်ကိုယ်ကျ အုပ်ချုပ်ကွပ်ကဲရသောသူဖြစ်သည်။ ယခုခေတ် တပ်မတော်စစ်ဦးချုပ်ကြီး (ဝါ)ကာကွယ်ရေးဝန်ကြီးနှင့်တူသည်။ ထို့ပြင် မုဇုန္နာကြီး၊ ရှေ့ကင်းဇုန္နတ်၊ ရဇုန္နတ်ကြီး၊ ရဇုန္နတ်ငယ်၊ မြောက်ဦးရှေ့တင်းဇုန္နတ်၊ သုံးထောင်ရှေကင်းဇုန္နတ် အစရှိသည်တို့မှာလည်း နန်းတွင်းညီလာခံသဘင်မှ လက်ဝဲ/လက်ယာရှိ ရခိုင်ဘွဲ့ထူးဂုဏ်ထူးများဖြစ်ကြသည်။ ကြည်းတပ်၊ရေတပ်မှ တပ်မှူးကြီး၊ စစ်သူကြီးများဖြစ်ပါသည်။

## ဆင်ကဲကြီး

ငင်းဘွဲ့တော်ရသောပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ဝဲဘက် နံပါတ်(၂)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် မင်း၏အသုံးအဆောင်ဖြစ်သော ဆင်ဖြူတော်ဆင်များ၊ ဆင်အောင်းဝန်နှင့် ဆင်ထိန်းတို့ကို ကြပ်မတ်အုပ်ချုပ်ရသည်။ ဆင်တပ်မတော်ကို ထိန်းချုပ်ရသည်။ ရခိုင်မင်းတို့သည် ဆင်ကို တွင်ကျယ်စွာအသုံးပြုခဲ့ကြသည်။ ဘုရင်ကိုယ်တိုင် ဆင်ဖမ်းလေ့ရှိသည်။ ဆင်များကိုလေ့ကျင့်ရာတွင် ဆင်ကျောင်းကို(၄)ခရိုင်ကျွန်းတွင် ဖွင့်လှစ်ထားရှိသည်။ မြောက်ဦးမြို့နယ် အရှေ့မြောက်(၅)မိုင်အကွာတွင်ရှိသော ဆင်အိုးကြီးရွာနှင့် ဆင်အိုးချေရွာတို့မှာလည်း ဆင်တပ်ကို ချထားသည့်နေရာပင် ဖြစ်ပါသည်။ နတ်တော်လတွင် ဆင်ပြိုင်ပွဲများ ကျင်းပပြုလုပ်သည်။ မင်းရာဇာကြီးလက်ထက် ဒဂွါသို့ချီတက်ရာတွင် ဆင်(၇၀၀)ပါသည်ဟု ဆိုသည်။ ထို့ပြင် မန်နရိတ်၏မှတ်တမ်းအရ သီရိသုဓမ္မရာဇာဘိသိက်ပွဲတွင် ဆင်အကောင်ပေါင်း(၄၀၀) စီတန်းလှည့်လည်ပုံကို မြင်ခဲ့ရသည်ဟု ဆိုသည်။

## လက်သမားသွီးဗျိုင်းထောင်

ငင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝန်ကြီး(၁၀)ဦးအနက် လက်ဝဲဘက် နံပါတ်(၅)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် နန်းတော် တည်ဆောက်ခြင်း၊ ခံတပ်၊ မြို့ရိုးတူးမြောင်းတည်ဆောက်ခြင်း၊ ဘုရားပုထိုးစေတီ တော်များကို တည်ဆောက်ခြင်းများကို ပြုလုပ်ကြရသည်။ ယခုခေတ် အင်ဂျင်နီ ယာချုပ်(ဝါ) ဆောက်လုပ်ရေးဝန်ကြီးနှင့်တူသည်။ လက်ယာဘက်(၄၉)ဦးတွင် တတိယတန်း(၇)ဦးအနက် နံပါတ်(၁)နေရာတွင် 'လက်သမားသူကြီး'ဟု ပါရှိသည်။ ၎င်းကိုထောက်ရှုခြင်းဖြင့် လက်သမားသွီးဗျိုင်းထောင်၏ ဒုတိယအဆင့် ဘွဲ့ထူးပင် ဖြစ်ဖွယ်ရှိမည်ဟု ထင်မြင်မိပါသည်။ ထိုပုဂ္ဂိုလ်များ၏တာဝန်မှာ ဗိသုကာအတတ် နှင့်ဆိုင်ရာများကို ဆောင်ရွက်ကြရသည်။ ဗိသုကာကျမ်းများကို ပြုစုသူများမှာလည်း ထိုပုဂ္ဂိုလ်များ၏ မျိုးရိုးစဉ်ဆက်အနွယ်ဝင်များပင် ဖြစ်ပါသည်။

## စည်သဘင်အမတ်

ငင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ လက်ယာ(၄၉)ဦးအနက် သတ္တမတန်း နံပါတ်(၁)နေရာတွင် ထိုင်ရသူဖြစ်သည်။ ၎င်းပုဂ္ဂိုလ်သည် ယဉ်ကျေး မှု၊ သုဓမ္မ၊ တေးဂီတနှင့်တိုင်းပြည်ကို အနှောင့်အယှက်ပေးသော ယက္ခဘီလူး၊ နတ်မိစ္ဆာကြမ်းတို့အား မိုးဦးမိုးနှောင်း လစဉ်မပြတ် ပန်းတျားစည်ဖြင့် တီးခတ်ရ သော နတ်ပွဲသဘင်တို့ဆိုင်ရာ၌ စီမံဆောင်ရွက်ရန် ခန့်အပ်ထားသည့် 'သဘင် ဝန်ကြီး'ပင် ဖြစ်ပါသည်။ ယခုခေတ် ယဉ်ကျေးမှုဝန်ကြီးနှင့် တူသည်။

## လောသကွပ်ဦးစီး

ငင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ လက်ဝဲဘက်(၄၉)ဦး အနက် ဒုတိယတန်း နံပါတ်(၅)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အမှားအမှန်ကို အဆုံးအဖြတ်ပေးနိုင်သည့် တရားစီရင်ရေး နာယကအဖွဲ့ဝင်ဖြစ် သည်။ ယခုခေတ် တရားရေးဦးစီးဌာနရှိ အကြီးအကဲနှင့်တူသည်။

## ကတွော်

ငင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ လက်ဝဲ(၄၉)ဦးအနက် ပဥ္စမတန်း နံပါတ်(၆)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သာသနာတော် ဘဏ္ဍာ၊ပြည်သူ့အကျိုးတော်ဆောင်၊ ဘဏ္ဍာစသည့် ဘဏ္ဍာတော်ငွေများကို အ သွင်းအထုတ် တာဝန်ယူရသောပုဂ္ဂိုလ်ဖြစ်သည်။ ယခုခေတ် ငွေတိုက်အရာရှိ၊

ဘဏ္ဍာရေး အရာရှိပင်ဖြစ်သည်။ မြောက်ဦးမြို့တောင်ဘက် (၁၂)မိုင်အကွာ ခမောင်းတက်ကျေးရွာအနီးတွင် ကတ္တော်သိမ်ဘုရားရှိသည်။ ငွေတိုက်အရာရှိ၏ ကောင်းမှုတော်ဖြစ်သည်။

## မောဇလိတ်

ဋင်းဘွဲ့တော်ရပုဂ္ဂိုလ်သည် နန်းတွင်းညီလာခံသဘင်၌ ဝဲဘက်(၄၉)ဦးအနက် စတုတ္ထတန်းနံပါတ်(၁)နေရာတွင် ထိုင်ရသူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် မီးတား၊ မီးကာ၊ မီးသတ်၊ မီးလောင်မှုများကို တာဝန်ယူဆောင်ရွက်ရသူဖြစ်သည်။ ယခုခေတ် မီးသတ်ဦးစီးဌာနတွင်ရှိသော အကြီးအကဲနှင့်တူသည်။ မြောက်ဦးမြို့နယ် အနောက်ဘက် (၇)မိုင်ခန့်အကွာတွင် သင်းပန်းကိုင်းကျေးရွာအနီး၌ မောဇလိတ်ဘုရား (ယခု မောလိတ်ကုန်းဘုရား)ရှိသည်။ မီးသတ်အရာရှိ ကောင်းမှုတော်ဖြစ်သည်။

နန်းတွင်းညီလာခံသဘင်မှ ရခိုင်ဘွဲ့ထူးဂုဏ်ထူးများကို နားလည်သဘောပေါက်ရောက်သည်အထိ ဂဃနဏ ရှင်းလင်းတင်ပြနိုင်ရန် မလွယ်ကူလှပေ။ အကျွန်ုပ်အနေဖြင့် ရခိုင်ဘွဲ့ထူးဂုဏ်ထူးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို လက်လှမ်းမိသမျှ တင်ပြပါသည်။ ယခုခေတ် အခေါ်အဝေါ်ရာထူးများနှင့်ယှဉ်တွဲကာ ကွင်းကွင်းကွက်ကွက် ပေါ်လွင်စေရန် တင်ပြခြင်းဖြစ်ပါသည်။ သို့သော် အယူအဆလွဲမှားခြင်း၊ သဘောမပေါက်ခြင်းများ ရှိကောင်းရှိမည်ဖြစ်ပါသည်။ ထိုသို့ရှိပါက အကျွန်ုပ်၏ အတွေ့အားနည်းချက်၊ ချွတ်ယွင်းချက်များသာဖြစ်ပါကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံပါသည်။ နောက်ကျန်ရှိနေသေးသည့် ဘွဲ့ထူးဂုဏ်ထူးများကို နောင်အလျဉ်းသင့်က ဆက်လက်ရှာဖွေတင်ပြပါမည်ဟု ဆန္ဒပြုလျက်။

မောင်ဒေဝ(မြောက်ဦး)

**ကျမ်းကိုးစာရင်း**


၁။ ရွှေဘုံနိဒါန်းကျမ်း(ပေမူ) — မင်းဗာခေတ်ပညာရှိသနပိုက်အမတ် (ဦးဦးသာထွန်း၏ စာစုမှတ်တမ်း)

၂။ ရခိုင်ဗိသုကာကျမ်း — ဦးဦးသာထွန်း(စစ်တွေဒေသကောလိပ် နှစ်လည်မဂ္ဂဇင်း(၁၉၈၁–၈၂)

၃။ ဓညဝတီအရေးတော်ပုံ — ရခိုင်ဆရာတော်

၄။ ဓညဝတီရာဇဝင်သစ် — ပဲခူးမင်းကျောင်းဆရာတော်

၅။ ရခိုင်ဇာတိဝံသမော်ကွန်းစာ — အသျှင်စက္ကိန္ဒ(ရခိုင်တန်ဆောင်မဂ္ဂဇင်း–၁၃) (၁၉၇၃–၇၄)

| | |
|---|---|
| ၆။ မြောက်ဦးနန်းတွင်းညီလာခံ | အသျှင်စက္ကိန္ဒ(ရခိုင်တန်ဆောင်မဂ္ဂဇင်း-၁၂) (၁၉၇၁-၇၂) |
| ၇။ ကျောက်စာကပြောသောရခိုင် ဘွဲ့ထူး၊ ဂုဏ်ထူးများ | တက်ထွန်းနီ (မြောက်ဦး၊ စစ်တွေ ဒေသကောလိပ် နှစ်လည်မဂ္ဂဇင်း (၁၉၈၁-၈၂) |
| ၈။ သျှင်မြဝါအတ္တုပ္ပတ္တိ | ဦးကျော်ကျော်လှ စီစဉ်၍ ရခိုင်ယဉ်ကျေးမှု(မြောက်ဦး)မှ ထုတ်ဝေသည်(၁၃၅၄) |

# မြောက်ဦးခေတ် စမ္ဗဒဏ်စာထိုး ဗုဒ္ဓဆင်းတုတော်များ

ရခိုင်သမိုင်းအဆိုအရ မြောက်ဦးခေတ်တွင် ဗုဒ္ဓသာသနာရောင်ဝါသည် နေလိုလလို ထွန်းပြောင်ခဲ့ပါသည်။ ဘုရား၊ စေတီ၊ ပုထိုးပေါင်း(၆၃၅၂၇၅၅)ဟု ရှိခြင်းကပင်လျှင် သက်သေထူနေပါသည်။ ယင်းဘုရားအရေအတွက်ကို နံသင့်သချ်ာနည်းအရ 'သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း'ဟု စကားရိုးစကားထာဖြင့် ဆိုရိုးပြုခဲ့ကြပါသည်။ ဤမျှလောက်သော ဘုရား၊ စေတီ၊ ပုထိုးများကို ဘုရင်ကချည်း တည်ထားခဲ့ခြင်းမဟုတ်ပေ။ မိဖုရား၊ မှူးမတ်၊ ဗိုလ်ပါ၊ ရဟန်း၊ သျှင်လူ၊ ပြည်သူများကပါ တည်ထားခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ကုသိုလ်ဒါနပြုလုပ်ခဲ့ရာ၌ အလှူ့ဒါယကာ၏ အလှူမှတ်တမ်းအဖြစ် ကျောက်စာ၊ ပေစာ၊ ကြေးပုရပိုက်စာများဖြင့် ရေးထိုးခဲ့ကြသည်များရှိသလို တစ်ခါတစ်ရံတွင်လည်း သူတို့၏ကောင်းမှု ဆင်းတုတော်များ၏စမ္ဗဒဏ်(ဓမ္မဒဏ်)များ၊ ပလ္လင်များတွင် ရေးထိုးခဲ့ကြသည်လည်း ရှိပါသည်။ ဤနေရာ၌ အလျဉ်းသင့်၍ အကျွန့်အနေဖြင့် လက်လှမ်းမီသလောက် မြောက်ဦးခေတ် မိဖုရား၊ မှူးမတ်၊ ဗိုလ်ပါ၊ စာရေးစာချီတို့ သွန်းလုပ်လှူဒါန်းခဲ့သော ရက္ခဝဏ္ဏအက္ခရာ ရေးထိုးထားသည့် ကြေးဆင်းထု (၄)ဆူကို ဖော်ပြပါမည်။

## (က) 'စိုင်ပြင်ကျောင်းက ပေါ်တော်မူ'

စိုင်ပြင်ကျောင်းဆိုသည်မှာ ရွှေစည်းဝကျွန်း၌တည်ရှိသော ယခု မြောက်ဦး

မြို့ရှိ ဘုရားပေါ်ကျောင်းဟောင်းကို ဆိုလိုပါသည်။ ဘုရားပေါ်ဟု ခေါ်တွင်ရခြင်းမှာလည်း သက္ကရာဇ်(၉၅၅)မှ(၉၇၄)ထိ ထီးနန်းစိုးစံသော မင်းရာဇာကြီး (အေဒီ ၁၅၉၃–၁၆၁၂)လက်ထက် သက္ကရာဇ်(၉၆၅)ခုတွင် သကျမုနိရုပ်ရှင်တော်မြတ် ရေမှ ပေါ်လာသည်ကိုအစွဲပြု၍ ခေါ်တွင်ခြင်းဖြစ်ပါသည်။ တစ်ခေတ်တစ်ချိန်က ဤစိုင်ပြင်ကျောင်းမှ ဥက္ကာပျံကဲ့သို့ ကဗျာစာဆိုအ ကျော်ဒေးယျပုဂ္ဂိုလ်များကို မွေးထုတ်ပေးခဲ့သည် မဟုတ်ပါလော။

၁၃၅၅–ခု၊ တန်ခူးလဆန်း(၇)ရက်၊ (၁၉၉၀–ခု၊ ဧပြီလ(၁)ရက်၊ တနင်္ဂနွေနေ့ နေ့လည်(၁၂)နာရီခွဲအချိန်တွင် ဘုရားပေါ်ကျောင်းသို့ ဦးတော်မပါသော ကြေးဆင်းတုတစ်ဆူကို လာရောက်လှူဒါန်းလာပါသည်။ ၎င်းဆင်းတုတော်ကို ဘုရားပေါ်ရပ်ကွက်မှ လူနှစ်ဦးသည် ကွန်ပစ်ရာမှတွေ့ရှိ၍ လာရောက်လှူဒါန်းခြင်း ဖြစ်ပါသည်။ ယင်းကြေးဆင်းတုတော်၏ ဓမ္မခဏ်တွင် ရက္ခဝဏ္ဏအက္ခရာဖြင့် စာတမ်းထိုးပါရှိပါသည်။ မူရင်းစာမှာ 'သက္ကရာဇ် ၈၄၆ ဗင်ဂါမွဲနှင့် ဗင်လဂန်ဒကာ ကျောက်ဒါနပတိ' ဟူ၍ဖြစ်သည်။ အဆိုပါစာတမ်းအရ ဤဆင်းတုတော်မှာ သက္ကရာဇ်(၈၄၄–၈၅၄) (အေဒီ ၁၄၈၂–၁၄၉၂) မင်းဒေါလျာလက်ထက် ဒက္ကာစားဗိုလ်ဂါမွဲနှင့် ဗိုလ်လဂန်ဆိုသူတို့က ကုသိုလ်ဒါနပြုခဲ့သည်(သွန်းလုပ်ခဲ့သည်)ဟု သိရပါသည်။ ဆင်းတုတော်မှာ စမ္မခဏ်(ဓမ္မခဏ်)မှ လည်ပင်းထိ အမြင့်(၂၀)လက်မ၊ ဒူးစွန်းနှစ်ဖက် အကျယ် (၁၉)လက်မရှိပါသည်။ ဈာနမုဒြာဖြစ်ပါသည်။ ယခုလက်ရှိ ဦးတော်ကို ၁၃၅၂–ခု၊ နတ်တော်လဆန်း(၁၄)ရက်၊ (၃၀–၁၀–၉၀)သောကြာနေ့ နံနက်(၈) နာရီတွင် အသစ်တစ်ဖန် သွန်းလုပ်ထားခြင်းဖြစ်ပါသည်။

## (ခ) 'ရီ(ရေ)တံခါးမင်း ကောင်းမှုဆင်းတုတော်'

ရီတံခါးမင်းဆိုသည်မှာ မြောက်ဦးခေတ်တွင် မြောက်ဦးမြို့တော်သို့ရောင်းဝယ်ဖောက်ကားရန် ရောက်ရှိလာသော နိုင်ငံခြားသားကုန်သည်တို့၏ လှေ၊သင်္ဘောများ အဝင်အထွက်ကိစ္စရပ်များ၊ အခွန်အကောက်ကိစ္စရပ်များနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲအုပ်ချုပ်ရသော အကြီးအမှူး အမတ်တစ်ဦးဖြစ်ပါသည်။

ဤရီတံခါးမင်း သွန်းလုပ်ခဲ့သောဆင်းတုတော်မှာ ယခုအခါ မြောက်ဦးမြို့ ကျောက်ရစ်ကေကျောင်းတိုက်၌ အဖူးအမြော်ခံလျက်ရှိပါသည်။ ဆင်းတုတော်အမြင့်မှာ စမ္မခဏ်မှမုနိတော်ထိ (၃)ပေ(၂)လက်မ၊ ရင်အကျယ် (၁)ပေ(၂)လက်မ၊ ဒူးစွန်နှစ်ဖက်အကျယ် (၂)ပေ(၃)လက်မရှိပါသည်။ စမ္မခဏ်၌ ရေးထိုးထားသော စာမူရင်းမှာ '၉၅၄–ခု၊ ဝါကွတ်လတွင် တံခါးမင်းကောင်းမှုတော သွန်းညိုကာကြီ

တဆဲ ဒမောင်ဝင်၏'ဟု ပါရှိသည်။ 'သက္ကရာဇ် (၉၅၄)ခု၊ ဝါကျွတ်လတွင် ရေ တံခါးမင်းကောင်းမှုတော် သွန်းသည်ကား ကြေးတစ်ဆယ် တစ်မောင်းဝင်၏' ဟူ၍ ဆိုလိုခြင်းဖြစ်ပါသည်။ ရှေးက ရခိုင်(၁)(တစ်ဂဏန်း)ကို အင်္ဂလိပ်ဂဏန်း(၃)လုံး လိုလို၊ မြန်မာအက္ခရာ(ဒ)ဒွေးလိုလို ရေးထားသည်ကို တွေ့ရသည်။

ဤဆင်းတုတော်သည် သက္ကရာဇ် ၁၂၈၂-ခုတွင် ကျောက်ရစ်ကေရပ်ကွက် အနီး ရီတံခါးမင်း(အမတ်)ကောင်းမှုစေတီမှ သိုက်ဆရာတို့လက်ချက်ဖြင့် စေတီ ပြိုရာမှ ပေါ်ထွက်ရရှိခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။ ဘူမိဖဿမုဒြာဖြစ်သည်။ သက္ကရာဇ် (၉၃၃)မှ(၉၅၅)၊ (အေဒီ-၁၅၇၁-၁၅၉၃ထိ) ထီးနန်းစိုးစံခဲ့သော ဘုရင် မင်းဖလောင်းလက်ထက် ရီတံခါးမင်း(အမတ်) သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။

## (ဂ)'မင်းရာဇာကြီး၏တောင်မိဖုရားကောင်းမှုဆင်းတုတော်'

ဤဆင်းတုတော်မှာ မြောက်ဦးမြို့ ရှေးဟောင်းသုတေသနပြတိုက်၌ စံမွေယ် လျက်ရှိပါသည်။ ဘူမိဖဿမုဒြာဖြစ်ပါသည်။ စမ္မခဏ်ရေးထိုး မူရင်းစာမှာ '၉၅၅ ခု နတ်တော်လဆန်း၉ရက် ၄နီနှင့်ခိမြူကနက္ကတန် ၄ဆောင်ပြီသော မိဖွာခေါင်၏ ညီမတော်ဖြစ် ရခိုင်ဘဝရှင်မင်းကြီးစော၏ မျောက်သာတော် ဤတောင်မိဖွာ၏ ကောင်းမှုတော်ဘုရား ပွင့်တော်မူ၏'ဟူ၍ ဖြစ်ပါသည်။ သက္ကရာဇ်(၉၅၅-၉၇၄) ခု မင်းရာဇာကြီး(အေဒီ ၁၅၉၃-၁၆၁၂)လက်ထက် မျောက်သားတော် မိဖုရား ခေါင်ကြီး ဝိဇလ၏ညီမတော် တောင်မိဖုရားကြီးက သက္ကရာဇ်(၉၅၅)ခု၊ နတ်တော် လဆန်း(၉)ရက် ဗုဒ္ဓဟူးနေ့သွန်းလုပ်ကြောင်း ကမ္ပည်းစာရေးထိုးထားခြင်းဖြစ်သည်။ သွန်းလုပ်သည်ဟု တိုက်ရိုက်မဆိုဘဲ အသစ်ဘုရားတစ်ဆူ ပွင့်လာသည့်ဟန် တင်စားသုံးနှုန်းထားသည်ကို တွေ့ရှိရပါသည်။ ဉာဏ်တော်အမြင့် (၁)ပေ(၈)လက်မ၊ ဒူးစွန်နှစ်ဖက်အကျယ် (၁)ပေ(၃)လက်မရှိပါသည်။

## (ဃ) 'လက်ယာစာကိုင် ဦးစံရွှေကောင်းမှုဆင်းတုတော်'

ဤဆင်းတုတော်၏ ပလ္လင်ပတ်လည်၌ ရေးထိုးပါရှိသော ကမ္ပည်းစာတမ်း (၃)ကြောင်းအရ စန္ဒဝိဇယရာဇာ၊ သက္ကရာဇ်(၁၀၇၂-၁၀၉၃) အေဒီ(၁၇၁၀-၁၇၃၁) လက်ထက် လက်ယာစာကိုင်ဦးစံရွှေ သွန်းလုပ်လှူဒါန်းခဲ့ကြောင်း သိရပါသည်။ ယခုအခါ ဤဆင်းတုတော်သည် ဦးမြဝါဘုန်းတော်ကြီးကျောင်း၌ ကိန်းဝပ်စံမွေယ် လျက်ရှိပါသည်။ ဉာဏ်တော်အမြင့် (၁)ပေ(၁)လက်မ၊ ဒူးစွန် (၉)လက်မ၊ ရင်အ ကျယ် (၆)လက်မခန့် ရှိပါသည်။ ရေးထိုးထားသော မူရင်းစာမှာ 'သက္ကရာဇ် ၁၁၈၇-ခု၊ တန်ခူးလဟောင်းဆုတ်၆ရက်ဝနေ့၊ ကိုဝ်ဘော်လုပ်အစ်လက်ယာစာကိုင်

စံရွှေကောင်းမှု သင်္ချိုလယ်အလှူကား ကုလားအတွင်း စစ်ချီအဝင် ကလျားကပ် ငေတောင်ခွင်မောင်ညိုကျွန်းကိုင်ရုံရွာတွင်အရှိလဲရပ်စောက်သင်္ချိုလယ်နှင့်အုတ်တွင်းချောင်းတောင်လှဲ။ အုတ်တွင်းချောင်းနှင့် ကိုင်ရုံရွာချောင်းအနောက်လှဲ၊ ကိုင်ရုံရွာချောင်းမြောက်လှဲ၊ ကုလားပစင်းရွာဆရာလယ်လီအတွင်းတွင် လက်ယာစာကိုင်စံရွှေလင်မယား ကြာသင်္ချိုလှဲသျှည်နှစ်ဆယ်'ဟု ဖြစ်သည်။ ဤကမ္ပည်းစာအရ လက်ယာစာကိုင် ဦးစံရွှေလင်မယားက ဘုရားအတွက်ရည်စူး၍ မြေလှူမှတ်တမ်း ရေးထိုးထားခြင်းဖြစ်သည်။

အမှတ်စဉ်(က)ပါ ဆင်းတုတော်၏ ကမ္ပည်းစာတမ်းအရ ဗိုလ်ကို 'ဗင်'၊ ဒက္ကာစားကို 'ဒကာကျောက်'၊ အလှူရှင်ကို 'ဒါနပတိ'ဟူ၍လည်းကောင်း၊ အမှတ်စဉ်(ခ)ပါ ဆင်းတုတော်စမ္မခဏ်တွင် ရီ(ရေ)၊ တံခါးမတ်ကို 'တံခါးမင်း'၊ ကြေးကို 'ကြီး'၊ (၁)ဂဏန်းကို မြန်မာအက္ခရာ ဒ(ဒဒွေး)လိုလို ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ အမှတ်စဉ်(ဂ)ပါ ရေးထိုးထားပါရှိသည့် ကမ္ပည်းစာအရ ဗုဒ္ဓဟူးနေ့ကို 'ငှနိ'၊ ထီးဖြူကို 'မိဖြ'၊ မိဖုရားကို 'မိဖြား'၊ သွန်းလုပ်သည်ကို 'ဘုရားပွင်းတော်မူ၏'ဟူ၍ ရေးထိုးပါရှိသည်။ ထို့ပြင် မိဖုရားခေါင်ကြီး၏ ဂုဏ်ထူးဝိသေသကိုလည်း ဂုဏ်ရည်ပြနာမဝိသေသနသုံး၍ 'ကနက္ကတန် ၄ဆောင် ဆောင်ပြီးသောမိဖုရားခေါင်'ဟု တင်စားရေးထိုးထားပါသည်။ ဆိုလိုသည်မှာ မိဖုရားခေါင်ကြီးသည် သာမညပုဂ္ဂိုလ် မဟုတ်ပါ။ ကနက္ကတန် ထီးဖြူ(၄)ဆောင် ဆောင်းခွင့်ရသူတစ်ဦးဟု ဆိုလိုခြင်းဖြစ်၏။ အမှတ်စဉ်(ဃ)ပါစာအရ ဒုတိယတန်ခူးလကို 'တန်ခူလဟောင်း'၊ စနေနေ့ကို 'ဝနေ့'၊ ကိုယ်ရုံကို 'ကိုပ်ရ'၊ ကိုယ်လုပ်တော်ကို 'ကိုဝ်တော်လုပ်'ဟူ၍ ရေးထိုးထားသည်ကို တွေ့ရသည်။ ဤသို့ဖြင့် မြောက်ဦးခေတ် တလျှောက်လုံးတွင် မင်းမိဖုရား ရဟန်းရှင်လူများအထိ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဤဆင်းတုတော်များ၌ ရေးထိုးပါရှိသော ကမ္ပည်းစာများ အကျိုးဆက်ကြောင့် အလှူရှင်များ၏အမည်၊ ရာထူး၊ ဌာနန္တရ၊ အဆင့်အတန်း၊ ရှေးခေတ်သုံး ရခိုင်သုံးဝေါဟာရ ပေါရဏများနှင့် ရခိုင်ဂဏန်းရေးနည်း၊ ရက္ခဝဏ္ဏအက္ခရာ အရေးအသားများကို လေ့လာသိရှိရပါသည်။ သို့ဖြစ်၍ ဤဆင်းတုတော်များပါ ကမ္ပည်းစာများသည် ရခိုင်လူမျိုးတို့၏ အတိတ်သမိုင်းကြောင်းကို ဖော်ထုတ်ပေးနိုင်သော သက်သေခံအထောက်အထားများပင်ဖြစ်ရာ၊ သမိုင်းသုတေသီများအတွက် တန်ဖိုးမဖြတ်နိုင်သော 'မြတ်အမြုတေ၊ရတနာခဲ' ပင် ဖြစ်ပါတော့သတည်း။

**စောမင်းနွယ်(မြောက်ဦး)**

**ကျမ်းကိုးစာရင်း**

၁။ ဦးသာထွန်းအောင်ရေး၊ ရခိုင်မဟာရာဇဝင်တော်ကြီး (၁၂၈၈)

၂။ ဦးဦးသာထွန်းရေး၊ မြောက်ဦးမြို့ ဘုရားသမိုင်း(၁၃၀၁)

၃။ ဦးစံသာအောင်ရေး၊ ရခိုင်ဒင်္ဂါးများ(၁၉၇၉)

၄။ တက်ထွန်းနီ(မြောက်ဦး)ရေး၊ မြောက်ဦးမြို့ထင်ရှားသောဘုရားများ သမိုင်းအကျဉ်းချုပ်နှင့် ဘုရားဖူးလမ်းညွှန်အမှတ်(၁) (၁၉၈၇)

၅။ သျှစ်သောင်းဂေါပကအဖွဲ့မှ ထုတ်ဝေသောမြောက်ဦးမြို့ ထင်ရှားသောဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်။ (၁၉၉၁)

**စမ္မခဏ်ရေးထိုးစာတမ်းများ (မူရင်းစာတမ်းများ)**

(က) **စိုင်ပြင်ကျောင်းကပေါ်တော်မူ**

'သက္ကရာဇ်၈၄၆ဗင်ဂါမွှဲဗင်လဂန်ဒကကျောက် ဒါနပတိ'

(ခ) **ရီ(ရေ)တံခါးမင်းကောင်းမှု ဆင်းတုတော်**

'၉၅၄-ခု၊ ဝါကျွတ်လတွင် တံခါမင်းကောင်မှုတော သွန်းသုံကာကြီး တဆဲဒမောင်ဝင်၏'

(ဂ) **မင်းရာဇာကြီး၏ တောင်မိဖုရားကောင်းမှုဆင်းတုတော်**

'၉၅၅-ခု။ နတ္တော်လဆွန်း(၉)ရက်၊ ၄-နီနှစ်မိဖြုက နက္ကထန်၄-ဆောင် ဆောင်ပြီးသော မိဘွခေါင်၏ညီမတော်ဖြစ်ဖ၊ ရခိုင်ဘဝရှင်မင်းကြီးစော၏ မျောက်သာတော် တောင်မိဖြာ၏ ကောင်းမှုတော် ဘုဘွင်တော်မူ၏'

(ဃ) **လက်ယာစာကိုင် ဦးစံရွှေကောင်းမှုဆင်းတုတော်**

'သက္ကရာဇ် ၁၀၈၇-ခု၊ တန်ခူးလဟောင်းဆုတ်(၆)ရက် ဝနေ့ကိုဝ်တော်လုပ် အသစ်လက်ယာစာကိုင် စံရွှေကောင်းမှု၊ သချီလယ်အလှူကား ကုလားအတွင်း စစ်ချီအဝင် တလျားကပ်ငေတောင်ခွင် မောင်ညိုကျွန်းကို ဝိရံရွာတွင် အရှိလဲရပ်စောက်သချီလယ်နှင့် အုတ်တွင်းချောင်းတောင်လှဲ၊ အုတ်တွင်းချောင်းနှင့် ကိုဝ်ရံရွာချောင်း၊အနောက်လှဲကိုဝ်ရံရွာချောင်း၊ မြောက်လှဲကာလားပံစင်းရွာဆရာလယ်သိအတွင်းတွင် လက်ယာစာကိုင်စံရွှေလင်မယား ကြာသချီလှဲသျှည်နှစ်ဆယ်'

အထက်ပါစာတမ်းများမှ ဓမ္မခဏ်များ၌ရေးထိုးထားသော မူရင်းစာများဖြစ်ကြပါသည်။ ဆရာကြီးဦးဗသိန်းတို့ ပေါက်တောရာပြည့် မဂ္ဂဇင်းအတွက် စာမူများကို လက်နှိပ်စက်ဖြင့်ရိုက်ရာတွင် တချို့မူရင်းစာများမှာ မှားယွင်းပါရှိနေသည်ကို တွေ့ရ၍ စာတမ်းများ မှားယွင်းမှုမရှိစေရန် ယခုလိုထပ်မံရိုက်ပြီး ပေးပို့ရခြင်းဖြစ်ပါသည်။

# ရခိုင်ရိုးရာ
# သမက်တက်ပွဲနှင့် ပန်းတျားစည်

ရခိုင်လူမျိုးတို့၏ အဆင့်အတန်းမြင့်မား ပြောင်မြောက်လှသော ယဉ်ကျေးမှုကို လေ့လာရာတွင် တူရိယာပစ္စည်းများသည် မေ့ထား၍မရကောင်းသော ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။ သို့သော်ငြားလည်း ရခိုင်ရိုးရာတူရိယာပစ္စည်းများဆိုင်ရာ စာအုပ်စာတမ်းများ၊ လေ့လာဖော်ထုတ်ချက်များသည် အလွန်ပင် နည်းပါးလျက်ရှိပေသေးသည်။ လက်လှမ်းမှီရာပုဂ္ဂိုလ်များ၊ တတ်သိနားလည် ကျွမ်းကျင်သော ပညာရှင်များအနေဖြင့် လေ့လာသုတေသနပြုလုပ်ကာ ဖော်ထုတ်တင်ပြသင့်သော အချိန်ဖြစ်သည်။

ရခိုင်လူမျိုးတို့တွင် လူမှုရေးဆိုင်ရာ ပွဲလမ်းသဘင်အခမ်းအနားများ၌ တီးခတ်အသုံးပြုခဲ့ကြသော တူရိယာများရှိခဲ့ကြသည်။ တချို့တူရိယာများကို ယခုအချိန်ထိ တွင်ကျယ်စွာ အသုံးပြုနေကြသော်လည်း တချို့တူရိယာများမှာမူ အသုံးပြုမှုနည်းပါးခြင်းကြောင့် တိမ်မြုပ်ကွယ်ပျောက်လုနီးပါး အခြေအနေသို့ ရောက်ရှိနေကြောင်း တွေ့ရှိရပေသည်။ ကံဆိုးလှသော အချို့တူရိယာများမှာကား ရှားပါးပစ္စည်းအဖြစ်ဖြင့်သာ ပြတိုက်တွင် အနားယူနေရသောဘဝမှ အသုံးတော်ခံဘဝသို့ ပြန်ရောက်အောင် တပြန်လည်၍ ကြံဆောင်ပေးမှုကို မျှော်လင့်ကြရရှာသည်။ အဆိုးဆုံးမှာ အစအနရှာမရအောင် တိမ်မြုပ်ပျောက်ကွယ်သွားသော တူရိယာပစ္စည်းများပင်ဖြစ်သည်။ ကျမ်းကိုးကျမ်းကားဖြင့် မည်သို့ပင် အထင်အရှားတွေ့ရသော်လည်း မျက်မြင်တင်ပြစရာ လုံးဝရှာမရဘဲဖြစ်နေသည်။ ကျန်သည့်တူရိယာ

ပစ္စည်းများကို ယင်းဘ၀သို့မရောက်ရအောင် တတ်စွမ်းသမျှ ကြိုးပမ်းကြဖို့သာ ရှိတော့သည်။

ရခိုင်ရိုးရာ မင်္ဂလာဆောင်ပွဲဖြစ်သော သမက်တက်ပွဲတွင် 'ပန်းတျား'ဟုခေါ်သော စည်တစ်မျိုးကို တီးခတ်လေ့ရှိခဲ့ကြပါသည်။ (ပန်းတျင်း ပန်းကျင်း၊ ပန်းတျားဟူ၍လည်း အသံကွဲခေါ်ဝေါ်ကြသည်) ယင်းအလေ့အထ၏ သမိုင်းကြောင်းများကို အတိအကျ မပြောနိုင်သေးသော်လည်း ရှေးရခိုင် ဘုရင်မင်းမြတ်များလက်ထက် ကတည်းကပင် ကောင်းစွာထွန်းကား တည်ရှိနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရပေသည်။

အလောမဖြူမင်းတည်ထောင်သော လောင်းကြက်မြို့တွင် အလောမဖြူ(၅) နှစ်၊ ရာဇသူကြီး (၂)နှစ်။ စောလူး (၃)နှစ်၊ ဥစ္စနာကြီး (၈)နှစ်၊ စောမွန်ကြီး (၄) နှစ်၊ စုစုပေါင်းမင်းဆက် ငါးဆက်(၂၂)နှစ်နန်းစံပြီးနောက် ရခိုင်သက္ကရာဇ် (၆၃၅-ခု၊ (အေဒီ ၁၂၇၃)တွင် နန်းကျကြီး(နန်းကျားကြီးဟူ၍လည်း ခေါ်သည်)နန်းတက်သည်။ ထိုမင်းလက်ထက် တိုင်းပြည်မီးနယ်ပူ၏။ ဓားငယ်မှအစ ကိုင်စွဲခွင့်မပြု၊ ထိုမျှ မင်းဆိုးမင်းညစ်တစ်ဦးပင်ဖြစ်၏။ တစ်နေ့တွင် အမတ်ကြီးစည်သဘင်၏ ရုပ်ရည်ချောမောလှပသော သမီးတော်ပန်းနီလာကို တောင်းလေသော် ကျောက်ပေါက်နေကြောင်းလျှောက်၍ အကာအရံဖြင့်ထားသည်။ ညအခါ လူသေကောင် တစ်ခုကိုယူ၍ အ၀တ်လွှမ်းကာ သမီးဆုံးယောင်ပြု၍ သမီးကို တစ်နေရာတွင် သို၀ှက်ထားသည်။ ၎င်းနောက် လူမြင်သူမြင် သင်္ဂြိုဟ်လေသည်။ မင်းကြီးမေ့လောက်သောအခါမှ အမတ်ကြီးလက်ကျာ နန္ဒသူ၏သားနှင့် ထိမ်းမြားလက်ထပ်သည်။ ထိုမင်္ဂလာပွဲမှ စည်သံပတ်သံတို့ကိုကြားရ၍ အကြောင်းစုံကို နန်းကျကြီး စုံစမ်းသိရှိလေသော် အမတ်ကြီးနှစ်ဦးစလုံးကို ရန်ငြိုးဖွဲ့ကာ ဥစ္စာပစ္စည်းများကို သိမ်းယူ၍ လူကိုပါ ဖမ်းဆီးလေသည်။ ပန်းနီလာကိုလည်း လင်ရှိလျက်နှင့်ပင် သိမ်းယူကာ မင်းမြောက်စားထားလေသည်။ ထိုနေ့မှစ၍ သူ့အား မတိုင်ကြားဘဲ စည်မတီးရဟူသော အမိန့်ညွှန်ကြားချက် ထွက်လာသည်။

ဤနေရာတွင် ပတ်သံဟုသည်မှာ ပန်းတျားစည်တီးခတ်သံကို ဆိုလိုခြင်းဖြစ်ပေမည်။ ယခုအချိန်ထိပင်လျှင် နတ်ပန်းတျားတီးခတ်သံကို နတ်ပတ်သံဟု သုံးနှုန်းခေါ်ဝေါ်ကြဆဲဖြစ်ပါသည်။

အထက်ပါ သမိုင်းအချက်အလက်များကို ထောက်ရှုကြည့်ခြင်းအားဖြင့် သမက်တက်မင်္ဂလာပွဲတွင် ပန်းတျားစည် တီးခတ်ခြင်းအလေ့အထသည် လောင်းကြက်ခေတ်ကတည်းကပင် ခိုင်မာစွာအမြစ်တွယ်ပြီး ထွန်းကားနေခဲ့ပြီ ဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

ဤမျှအစဉ်အလာထွန်းကားကာ အသုံးပြုမှု တွင်ကျယ်ခဲ့သော တူရိယာတစ်မျိုးသည် ယခုအခါတွင် မည်သည့်အတွက်ကြောင့် ပျောက်ပျက်လုနီးပါးမျှ ဝမ်းနည်းဖွယ်ရာအဖြစ်သို့ ဆိုက်ရောက်နေရသည့် အကြောင်းရင်းကို စဉ်းစားဝေဖန် ဆန်းစစ်ရာတွင် ယင်းတူရိယာ၏ဖွဲ့စည်းပုံနှင့် သဘောတရားဆိုင်ရာ အကြောင်းအရာတို့ကို ဦးစွာလေ့လာပါက ပို၍သင့်လျော်မည်ဖြစ်ပါသည်။

ပန်းတျားနှင့်ပတ်သက်၍ ရခိုင်တူရိယာလင်္ကာတွင် 'သာကြေညှင်းညှင်း ဧသီခြင်းနှင့်၊ နူးညံ့သာခြင်း၊ စောင်းနှင့်ညှင်းလျက်၊ သံခြင်းနှောငြား ပတ္တလားက မခြားတူတ တရောစသည်။ ခေါ်ထနာမ၊ သူသိရနှင့် ပဋ္ဌမည်သာ တူရိယာကားခရာတန်ကောက် နှဲပြွီမြောက်၍၊ အခေါက်ရှယ်လျှား၊ ပန်းတလျားနှင့် ပန်းတျားစည်ဝန်းပက်ဆိုင်းဝန်းဖြင့် ကြိုးတန်းလျှောက်သွား၊ ကခြေများနှင့်တီးငြားရိုက်သည်။ စည်ငါးမည်တည်း'ဟု ဖေါ်ပြထားရာ ရခိုင်လူမျိုးတို့၏ကိုယ်ပိုင်တူရိယာ အစစ်အမှန်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပေသည်။

ပန်းတျားနှစ်မျိုးရှိသည်ကို လေ့လာတွေ့ရှိရသည်။ နတ်ပွဲ၊ နတ်ကနားခင်းသောအခါသီဆိုရသော နတ်သံချပ်၊နတ်ထိုင်သံတို့နှင့်အတူ တီးခတ်ရသော နတ်ပန်းတျားနှင့် ရခိုင်ရိုးရာမင်္ဂလာဆောင် အခမ်းအနားတွင် တီးခတ်ရသော သမက်တက်ပန်းတျားတို့ဖြစ်သည်။ ဤဆောင်းပါးတွင် သမက်တက်ပန်းတျားအကြောင်းကိုသာ ဖော်ပြသွားပါမည်။

သမက်တက်ပန်းတျား၏အရှည်မှာ အလျားနှစ်တောင်၊အဝအချင်း တစ်ထွာနှင့်လက်လေးလုံး၊ အလယ်လုံးပတ်တစ်ထောင်နှင့်တောင်ဆုပ်(နှစ်တောင်ခန့်ဖြစ်၍) ခတ်ကျောက်သီးပုံသဏ္ဌာန်ဖြစ်သည်။ အကြမ်းအားဖြင့် လွန်းပုံသဏ္ဌာန်ဟု ပြောနိုင်သည်။ ပန်းတျားကို ပိတောက်သစ်ဖြင့်ပြုလုပ်ရပြီး ဆိတ်သားရေဖြစ်စေ၊ နွားသားရေဖြစ်စေ ကြက်ရ၏။ အလွန်မာသော် ပတ်စာတို့ဖြင့်ကပ်၍ တီးရသည်။ ရခိုင်မင်္ဂလာစည်တော်တွင် 'ဗြိန်းဖက်'နှင့်'စောင်ဖက်'ဟူ၍ရှိရာ ဗြိန်းဖက်ကို ဆင်စွယ်တုတ်ဖြင့် တီးခတ်ရသည်။ စောင်ဖက်ကို လက်ဖြင့် တီးခတ်ရသည်။ ပန်းတျားတွင်မူ နွားသားရေဖြစ်စေ၊ ဆိတ်သားရေဖြစ်စေ၊ တစ်မျိုးတည်းဖြင့်သာ ဗြိန်းဖက်ကို အထူကြက်၍ စောင်ဖက်ကို အပါးကြက်ရကြောင်း ကွဲပြားခြားနားချက်ကို မှတ်သားဖွယ် လေ့လာတွေ့ရှိရပါသည်။

ပန်းတျားကိုလွှမ်းသောအဝတ်ကို အဖြူနောက်ခံတွင် အစိမ်းရောင် အနားကွပ်၍ဖြစ်စေ၊ အစိမ်းနောက်ခံတွင် အဖြူရောင်အနားကွပ်၍ဖြစ်စေ အသုံးပြုကြသည်။ တီးသူတို့ဝတ်ရသည်မှာ ပန်းနုရောင်ခေါင်းပေါင်းနှင့် အဖြူ၊ အနီ၊ အစိမ်းရောင်ရှိသော အဝတ်ကို တစ်ဆင်တည်းဝတ်ရ၏။ ဝန်ကြီးအကျီပုံ၊ အနားစိမ်းဘေး

ရံသတ် ခြေသလုံးနားအထိ အရှည်ကြီးရှိသည်။ လက်မှာ လက်ရှည်လက်ပွားဖြစ်သည်။ လုံချည်မှာ အစိမ်းရောင်၊ ကြက်သွေးရောင် ကိုးတောင်ပိုင်း နံလျားရှည်အဝတ် ဖြစ်သည်။ ခေါင်းပေါင်းအရှည် သုံးတောင်ဖြစ်ပြီး အစွန်းကို နောက်မှညှပ်ထားရသည်။ တီးသူအားလုံး ဆင်တူဝတ်ရသည်။

ဆင်းရဲချမ်းသာလိုက်၍ စည်(၅)လုံး၊ (၇)လုံး၊ (၉)လုံး၊ (၁၁)လုံး တီးရသည်။ ရှေ့မှ ဆော်စည်ဖြင့် စ,ဖွင့်လိုက်လျှင် နောက်ရှိစည်တို့က နှစ်ဖက်ဖွင့်ပြီး တီးရသည်။ တီးကွက်မှာ ဇမ္ဗူသပြေရွက်လေခတ်သံနှင့် ဇမ္ဗူသပြေရွက် လှုပ်ရှားသံအတိုင်းဖြစ်သည်။ ချိန်းတီး၊စောင့်တီးမျိုးဖြစ်၍ အနေးတီးပင်ဖြစ်သည်။ လမ်းလျှောက်လျှင် ခြေလှမ်းကိုကြည့်၍ တီးရသည်။ သမက်တက်ပွဲတွင် လိုက်ပါကြသောအမျိုးသမီးများ ရှေ့ခြေလှမ်းနှင့်လှမ်း၍ ဘယ်ညာလိုက်အောင် တီးရသည်။ ပန်းတျား၏ အသံအတက်အကျမှာ ခြေလှမ်းအချအဝင် အဆင်ပြေလှသဖြင့် ရခိုင်အမျိုးသမီးများ လွန်စွာနှစ်သက်ကြကြောင်း သိရပါသည်။

လမ်းလျှောက်သောအခါ အောက်ပါအတိုင်းတီးရသည်။

၁။ စောင် . . . . . စောင်ဗြီး . . . . . ဟီး . . . . . ဟီး။

၂။ စောင်ဗြီး . . . . . ဟီး . . . . . ဟီး။

**ထိမ်းမြားသောအခါ ဤသို့တီးရသည်။**

၁။ ဗြစောင် . . . . . ဗြစောင် . . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

၂။ ဗြစောင် . . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

၃။ ဗြစောင် . . . . . ဗြစောင် . . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

၄။ ဗြစောင် . . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

**လက်ထပ်ပြီးသောအခါ ဤသို့တီးရသည်။**

၁။ ဗြိန်း . . . . . စောင် . . . . . ဗြိန်းဗြိန်း . . . . . စောင် . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

၂။ ဗြီးစောင် . . . . . ဗြီးစောင် . . . . . ဗြိန်းဗြိန်းစောင် . . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

**မင်္ဂလာအခမ်းအနားပြီးဆုံး၍ အဆုံးသတ်သောအခါ ဤသို့တီးရသည်။**

၁။ စောင် . . . . . စောင် . . . . . ဗြီး . . . . . ဟီး . . . . . ဟီး။

၂။ စောင် . . . . . ဗြိန်းစောင် . . . . . ဗြိန်းစောင် . . . . . ဗြိန်း။

ယခုအခါ ပန်းတျားသည် လက်လှမ်းမီရာ အရပ်ဒေသများတွင်ကား မည်သို့ရှိမည်မသိ။ မြို့ကြီးပြကြီးများတွင်ကား ရှားပါးပစ္စည်းအဆင့်ထက်ကျော်လွန်၍ ဓာတ်ပုံများ၌သာ တွေ့မြင်ရသောအခြေအနေသို့ ရောက်ရှိနေပေပြီ။ သမက်

တက် ပန်းတျားတီးခတ်သည့် အတတ်ပညာမှာလည်း တိမ်မြုပ်လျက်ရှိပေသည်။

၁၉၇၀–ခုနှစ်ဝန်းကျင်က စစ်တွေမြို့တွင် သမက်တက်ပွဲများ၌ ပန်းတျား တီးခတ်လေ့ရှိခဲ့ကြကြောင်း မှတ်သားမိ၏။ ဘောင်းဒွတ်တီးဝိုင်း(ယခု–စိုင်းဒြားတီး ဝိုင်း)မှ ပန်းတျားကို တီးခတ်ခဲ့ကြောင်းသိရ၏။ ယခု ပန်းတျားတူရိယာသည် ထိန်းသိမ်းထားသင့်ရုံမက ပြန်လည်ဖော်ထုတ်အသုံးပြုသင့်သော ရခိုင်တူရိယာ တစ်မျိုးအဖြစ် အနုပညာဆိုင်ရာ ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့အစည်းများကို တိုက် တွန်းပါ၏။ ရခိုင်ပြည်နယ်၊ ယဉ်ကျေးမှုပြတိုက်တွင် လောလောဆယ် မရှိသေး သော်လည်း နောင်တွင် ထိန်းသိမ်းထားမည့် အစီအစဉ်ရှိကြောင်း ကြားသိရ၍ အထူးဝမ်းသာမိပေသည်။

ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြလိုသည်မှာ တူရိယာကိုပြန်လည်ဖော် ထုတ်ရာတွင် လူမှုရေးဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ပွဲလမ်းသဘင်များနှင့် တွဲ ဖက်လျက် ဖော်ထုတ်အသုံးပြုခြင်းသည် အလွန်ထိရောက်ကြောင်း လေ့လာတွေ့ ရှိရပေသည်။ အမြတ်တနိုးထားသော ရိုးရာတူရိယာအဖြစ်ဖြင့်သာမက လက်ရှိ အသုံးပြုလျက်ရှိသော အနုပညာတူရိယာပစ္စည်းအဖြစ်ဖြင့် နှစ်မျိုးပေါင်းစပ်မိပါ လျှင် တူရိယာ၏သဘောသည် ကြီးမားကျယ်ပြန့်လာမည့်အပြင် နောင်တွင် ကွယ် ပျောက်မည့်အန္တရာယ်ကို ကာကွယ်ပြီးသားဖြစ်တော့သည်။ ရခိုင်ရိုးရာတူရိယာများ နောင်အရှည် တည်တံ့ခိုင်မြဲဖို့ရန်မှာ ဤနည်းလမ်းသည် အသင့်တော်ဆုံးဖြစ် ကြောင်း ယူဆမိပေသည်။ အကောင်းဆုံးပြယုဂ်မှာ ရခိုင်ရိုးရာမင်္ဂလာစည်တော်ပင် ဖြစ်သည်။ ယင်းစည်တော်ကို နိုင်ငံတော်နှင့်သက်ဆိုင်သည့် အခမ်းအနားများတွင် သာ တီးခတ်နေရာမှ ရခိုင်ရိုးရာရှင်ပြုမင်္ဂလာပွဲ၊ သက်ကြီးပူဇော်ပွဲကဲ့သို့သော လူ မှုရေးဓလေ့ ထုံးတမ်းပွဲလမ်းသဘင်များနှင့် ဆက်စပ်ပေးလိုက်ရာ ယခုအခါတွင် အသုံးပြုမှုမှာ လွန်စွာပင် တွင်ကျယ်နေပြီဖြစ်ပေသည်။ မြန်မာလူမျိုးတို့၏ အလှူမင်္ဂ လာပွဲများတွင် 'ဗျော'တီးသကဲ့သို့ ရခိုင်လူမျိုးတို့တွင်လည်း မင်္ဂလာစည်တော်'ရွှမ်း' ခြင်းတည်းဟူသော ကိုယ်ပိုင်ယဉ်ကျေးမှု လက္ခဏာတစ်ရပ်ရှိကြောင်း ဂုဏ်ယူဖွယ် ရာ တွေ့ရှိရမည်ဖြစ်ပါသည်။

သို့အတွက် ပန်းတျားတူရိယာကိုလည်း ရှေးကရှိခဲ့သည့် အစဉ်အလာနှင့်အညီ သမက်တက်ပွဲနှင့် ပြန်လည်ဆက်စပ်ပေးလိုက်လျှင် အသုံးပြုမှုတွင်ကျယ်လာသည် နှင့်အမျှ နောင်အရှည် တည်တံ့ခိုင်မြဲနိုင်ပေသည်။ ယခုအခါ ရခိုင်ရိုးရာဓလေ့ထုံး တမ်းနှင့်အညီ သမက်တက်ပွဲဆင်နွဲကြသူများရှိကြသော်လည်း ပန်တျားတီးခြင်းမ ပါသောကြောင့် မပြည့်စုံသေးချေ။ သမက်တက်ပွဲတွင် ပန်းတျားတီးခြင်းကိုသာ ဖြည့်စွက်အသုံးပြုလိုက်ပါက ရခိုင်ရိုးရာသမက်တက်ပွဲ၌ ထူးခြားချက်တစ်ရပ်ကို

ဖော်ကျူးနိုင်မည်ဖြစ်သည့်အပြင် ပန်းတျားတူရိယာကိုလည်း ပြန်လည်ဖော်ထုတ်အသုံးပြုရာရောက်ခြင်းဖြင့် ရခိုင်ရိုးရာယဉ်ကျေးမှုကို ထိမ်းသိမ်းရာရောက်လိမ့်မည်ဖြစ်သည်။

ထိုဆောင်းပါးကို ရေးဖို့ရန်အတွက် ရခိုင်တူရိယာနှင့်ပတ်သက်၍ ကျွမ်းကျင်သူများထံသွားရောက်၍ လေ့လာမေးမြန်းခဲ့ပါသည်။ သို့သော်ငြားလည်း ဤဆောင်းပါးအချက်အလက်တို့သည် ပြီးပြည့်စုံမည်မဟုတ်ချေ။ အားနည်းချက်၊ချို့ယွင်းချက်များ၊ လိုအပ်ချက်များရှိမည်မှာ အမှန်ပင်ဖြစ်သည်။ ယင်းအချက်အလက်တို့ကို ပညာရှင်များ၊ သုတေသီများအနေဖြင့် ဖြည့်စွက်ပြင်ဆင်ထောက်ပြလျက် ရခိုင်ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်ရာတွင် ပါဝင်ကူညီ ဆောင်ရွက်သွားကြစေလိုပါသည်။

စင်စစ် ရခိုင်ရိုးရာယဉ်ကျေးမှု ရှင်သန်မြင့်မားတိုးတက်ရေးသည် ပညာရှင်များနှင့်သာ သက်ဆိုင်သည်မဟုတ်ပဲ ရခိုင်တမျိုးသားလုံးနှင့် သက်ဆိုင်ပေသည်။ မိမိတို့နိုင်ရာဖက်မှ လေ့လာမှတ်သား ဖော်ထုတ်အသုံးပြုပေးခြင်းအားဖြင့် ရခိုင်ရိုးရာ တူရိယာပစ္စည်းများအပါအဝင် ရခိုင်ရိုးရာ ယဉ်ကျေးမှုတစ်ရပ်လုံးကို ထိန်းသိမ်းကြဖို့လိုပါသည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရခိုင်ရိုးရာယဉ်ကျေးမှုကို ပြန်လည်ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေဖို့ တင်ပြလိုက်ရပါသည်။

**လေ့လာသူတစ်ဦး**

**ကိုးကားသည့်စာအုပ်စာတမ်းများ**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယတွဲ၊ စာ–၃၆၆)ရမ်းဗြဲတောင်ကျောင်းဆရာတော်။
၂။ ရခိုင်မင်းဆက်ရာဇဝင်မှတ်တမ်း၊ ဦးအောင်သာဦး၊ (လက်ရေးမူ)။
၃။ ရခိုင်ပြည်နယ်ဖြစ်စဉ်အကျဉ်း၊ (ယဉ်ကျေးမှုကဏ္ဍ)၊
ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ။
၄။ ရခိုင်အနုပညာပစ္စည်းများ၊ ဖေလေးလွင်၊ တောင်ကုတ်(ပုသိမ်ကောလိပ်)
(ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ အမှတ် ၁၂–၁၉၇၁–၁၉၇၂–ခု)
၅။ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(ရခိုင်)(စာ–၁၆၇)

# ရှိုင်ပန်းထိမ်လုပ်ငန်းကို ရှာဖွေသော်

မြေကြီးဟူသည် မည်သည့်အခါမျှ မုသားမဆို။ မြေကြီးထဲမှ ပေါ်ထွက်လာသော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းထဲတွင် ပန်းထိမ်ပညာဖြင့်ဖန်တီးခဲ့သော ပစ္စည်းများလည်း ပါဝင်နေကြသည်ကို တွေ့ရှိရသည်။ တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုး ယဉ်ကျေးမှုမည်မျှတိုးတက်ခဲ့သည်၊ ဆုတ်ယုတ်ခဲ့သည်တို့ကို ရှေးကျသော ယဉ်ကျေးမှုလက်ရာဟောင်း အထောက်အထားများအား လေ့လာကြည့်၍ သိရှိနိုင်သည်။

ရှေးခေတ် အီဂျစ်ပြည် 'တွပ်တန်ခမွန်'ဘုရင်၏ ဆေးစိမ်ထားသော မန်မီရုပ်တွင် ရွှေဘယက်၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်တို့ကို ကျောက်မျက်ရတနာများဖြင့်စီခြယ်ပြီး လက်ဝတ်တန်ဆာဆင်ယင်လျက် တူးဖော်တွေ့ရှိကြရာ အီဂျစ်တို့၏ ပန်းထိမ်အတတ်ပညာ မည်မျှတိုးတက်လက်ရာမြောက်ခဲ့ကြသည်ကို ကမ္ဘာ့က တအံ့တသြ မှတ်တမ်းတင်ခဲ့ကြရလေသည်။

ရှေးရခိုင်တို့၏ ပန်းထိမ်လုပ်ငန်းကို မည်သည့်အချိန်က စတင်လုပ်ကိုင်လာကြသည်ကို မခန့်မှန်းနိုင်သော်လည်း ရှေးခေတ်ကိုးကွယ်မှု ဝတ်စားဆင်ယင်မှုစာပေစသည်တို့မှတဆင့် လေ့လာသိရှိနိုင်ပါသည်။

ရှေးခေတ် ကိုးကွယ်မှုဆိုင်ရာ ရုပ်လုံးရုပ်ကြွများ၌ အဆင်တန်ဆာပါသည်။ စာပေ၌လည်း ဆင်ယင်ထုံးဖွဲ့မှုအကြောင်းကို ဖွဲ့နွဲ့သရုပ်ဖော်ကြပါသည်။

ပန်းထိမ်လုပ်ငန်းကို ရှာဖွေပြသရမည်ဆိုလျှင် ဆင်ယင်ထုံးဖွဲ့မှု၌ မပါမပြီးသော လက်ဝတ်ရတနာ အဆင်တန်ဆာအထည်များအကြောင်းကိုပင် လေ့လာတင်ပြရမည်ဖြစ်ပါသည်။ လက်ကောက်၊ နားဍောင်း၊ လည်ဆွဲ၊ နဖူးစည်း၊ မကိုဋ်၊ သရဖူစသည့် အဆင်တန်ဆာများကား ပန်းထိမ်ပညာရှင်များတို့၏ လက်စွမ်းများ

သာ ဖြစ်ကြပေသည်။

မြောက်ဦးမြို့၊ ရှေးဟောင်းပြတိုက်တွင် ဗုဒ္ဓဂေါတမ စန္ဒသူရိယဘုရင်အား တရားဟောကြားတော်မူဟန် (အေဒီ–၄–ရာစု)ကျောက်ဆစ်ရုပ်ကြွင်းလက်ရာကို လေ့လာကြည့်ပါက တရားတော်ကို စိတ်ပါဝင်စားစွာနာခံနေသော စန္ဒသူရိယ ဘုရင်ရုပ်ကြွ၏ဝတ်ဆင်ပုံကို တွေ့ရပေမည်။ နဖူးပေါ်တွင် သေချာစွာပြုလုပ်ထားသည့် နဖူးစည်းကိုလည်းကောင်း၊ လည်ဆွဲဘယက်နှင့် လက်မောင်းကွပ် တန်ဆာများကိုလည်းကောင်း၊ ဆင်ယင်ထားသည့်ပုံမျိုး ထုလုပ်ထားသည်ကို အထင်သား တွေ့မြင်ကြရပေမည်။

ထိုအချိန်ထိုအခါက ပန်းထိမ်တို့ပြုလုပ်သော အထည်လက်ရာများကိုကြည့်ပြီး ပန်းပုဆရာတို့က အရှိကိုအရှိအတိုင်း အမှန်ကိုအမှန်အတိုင်း ကျောက်ဆစ်ထုလုပ် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အေဒီ(၄)ရာစုလောက်ကပင်၊ ရခိုင်တို့မှာ ပန်းထိမ်လုပ်ငန်းကို လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ ပန်းပုဆရာတို့၏ ကျောက်ဆစ်လက်ရာက သက်သေထူနေသည်ဟု ကောက်ချက်ချနိုင်သည်။ အစောဆုံး အထောက်အထားတစ်ရပ်မှာ ရခိုင်ရာဇဝင်လာ မဟာစန္ဒြားလက်ထက်တွင် မဟာမြတ်မုနိရုပ်ပွားတော်အား ဦးသျှောင်တော်မကိုဋ်ကို ရွှေဖြင့်ပြုလုပ်စေတော်မူခြင်းဖြစ်သည်။ မကိုဋ်သရဖူကို ရွှေဖြင့်ပြုလုပ်စေခြင်း၊ သရဖူပေါ်၌ ပတ္တမြားစီခြင်း အတတ်ပညာများကို ပန်းထိမ်သည်တို့သာ ပြုလုပ်နိုင်စွမ်းရှိကြသည်။ ထို့ကြောင့်လည်း ရခိုင်လူမျိုးတို့၌ ပန်းထိမ်အတတ်ပညာကို မဟာစန္ဒြားလက်ထက်ကပင် ထီးသုံးနန်းသုံး လုပ်ကိုင်နေကြပြီဟု လေ့လာသိရှိရသည်။ ထိုထက်စောသော အထောက်အထားများလည်း ရှိပါမည်။ အဘယ်ကြောင့်ဆိုသော် မည်သည့် အတတ်ပညာရပ်ပင်မဆို ရုတ်တရက်ပေါ်လာခြင်းမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

ရှေးခေတ်က ရခိုင်ဘုရင်တပါးစီသည် ဘိသိက်ခံလိုလျှင် ထိုမင်း၏ဝတ်ဆင်မှုနှင့်တူအောင် မကိုဋ်သရဖူဆောင်း၍ မင်းဝတ်တန်ဆာ ပြည့်စုံစွာပါဝင်သော ဘုရားတစ်ဆူကို ဦးစွာထုလုပ်သည်ဟု သိရ၏။ ဇမ္ဗူပတိမင်းကို ဘုရားရှင်က ချွတ်ခန်းအဖြစ် ရည်ညွှန်းသွန်းလုပ်ထားခြင်းဖြစ်သည်။ ကြေးဆင်းတု ဇမ္ဗူပတိရုပ်ပွားတော်များ(ဘိသေကမုနိ)ကို ဖူးမြင်ခြင်းဖြင့် ထိုခေတ်ထိုအခါက ပန်းထိမ်တို့ပြုလုပ်သော မင်းဝတ်တန်ဆာ ရတနာအထည်များဖြင့် ပြည့်စုံစွာဝတ်ဆင်ထားသော ရခိုင်များ၏အရိပ်အယောင်ကို မြင်ယောင်နိုင်သည်။

ဝေသာလီခေတ်တွင် ရခိုင်ပြည်သူတို့သည် ပန်းအတတ်ဆယ်မျိုးလုံးကို တတ်မြောက်သည်ဟူ၏။ ထိုပန်းဆယ်မျိုးတွင် ပန်းထိမ်သည်လည်း တစ်မျိုးပါဝင်

နေသည်ဖြစ်ကြောင်း စာရှုသူများ သိကြသည့်အတိုင်းပင်ဖြစ်သည်။ ဝေသာလီခေတ် (လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကာလ)ကသည် ပန်းထိမ်အတတ်ပညာ မရှိသေးသောကာလဟု စောတကတက်ကြလျှင် မှားယွင်းကြပေမည်။

အကြောင်းမှာ ဝေသာလီမြို့တော်ဟောင်း သချိပ်တော်တောင်အနီး ဇော်ဂျီမြောက်မှ ၁၉၄၉–ခုနှစ်ကရရှိသည့် ရွှေဘယက်တော်အစိတ်အပိုင်းများကား ရှေးရခိုင်ပန်းထိမ်တို့အတွက် ခိုင်လုံသော အထောက်အထားတစ်ရပ်အဖြစ် သက်သေထူနေသည်။ ဘယက်ကိုကြည့်ခြင်းဖြင့် သီးရွက်ငုံပွင့်တို့ဖြင့် ဝေဆာနေသော ခြူးပန်းခြူးနွယ်ထက်မှာ ပန်းဝတ်ရည်ကြိုက်သောလိပ်ပြာများက ကူးခတ်ပျံသန်းနားနေဟန်တို့ကို သရုပ်ဖော်ထားသည်။ *(ပုံကို အောက်တွင်ဖော်ပြထားပါသည်)* ၎င်းကိုမြင်ရခြင်းဖြင့် ဝေသာလီခေတ်ပန်းထိမ်တို့၏ ထိုးထွင်ကြံဆမှု လက်စွမ်းများမည်မျှ တိုးတက်ခဲ့သည်ကို တွေးဆသိရှိနိုင်၏။ ဝေသာလီခေတ် နောက်ဆုံးမင်း စူလစန္ဒြား (စူလမဟာရာဇာ)လက်စွပ်တစ်ကွင်း၏ အချုပ်တော်ပုံကား ထိုခေတ်က ပန်းထိမ်ပညာသည်တို့ ထီးခန်းနန်းခန်း၌ ပါဝင်ရှိနှင့်နေကြပြီကို သရုပ်ဖော်ထားသော အခန်းတစ်ခုဖြစ်သည်။



ၚင်းပြင် ဝေသာလီမြို့တော်ဟောင်းအတွင် အင်းရွာပျက်အနီးတွင် ပန်းထိမ်ဖို ရာဟောင်းတို့မှာ ရွှေ့ပြောင်း၍မရနိုင်သော မြေပေါ်အထောက်အထား ရှေးဟောင်း ပစ္စည်းအဖြစ် သက်သေထူလျက်ရှိနေသေးသည်။ ဒေသခံတချို့တို့က ပန်းထိမ်ဖို နေရာဟောင်းမြေများမှ ရွှေများကို ကျင်ယူနေကြသည်။ မိုးရာသီတွင် မိုးရေတိုက် စား၍လည်း မြေကြီးပေါ်မှ ကောက်ရကြသည်ကလည်း မနည်းပေ။

'ဝေသာလီကြက်'ဟူသောစကားပုံသည် ယခုထက်တိုင် တိုင်းပြည်သူလူထု ပါးစပ်၌ ရေပန်းစားလျက်ရှိနေကြသည်။ ဝေသာလီကကြက်သည် တစ်ချိန်က မြောက်ဦးဈေးတွင် ရောင်းမလောက်ပါ။ ဝေသာလီကကြက်ကို ဝယ်စားသူသည် ကြက်ဖိုးထက်တန်ဖိုးများသော ရွှေငွေကျောက်မျက်ရတနာများကို ကြက်၏ အ စာအိမ်ထဲမှ ရရှိကြ၍ပင်ဖြစ်သည်။ စာရေးသူကိုယ်တိုင်လည်း ကြုံဖူးသည်။

အထက်တွင်ဖော်ပြခဲ့သော ဖိုရာဟောင်းများမှ ပန်းထိမ်လုပ်ကိရိယာ သံတို သံစများ၊ ကျောက်ခဲလုံးအိုးကွဲများ၊ ရွှေနန်းငွေနန်းအစအနများ၊ ဂဟေစများ၊ ရွှေ ဥနှင့် ရွှေပြားတိုက်စများ၊ လေးမြှောင့်တုံး၊ ခြောက်မြှောင်တုံး အစအနများနှင့် အဖိုးတန်ကျောက်ရတနာများ၊ တွင်းထွက်ကျောက်မျက်များကို ဖောက်ထွင်ထား သော ပုတီးစေ့များ၊ လက်စွပ်၊ ဘယက်စသည့် အထည်ပျက်များနှင့် စန္ဒြားမင်း ဆက်သုံး ရွှေဒင်္ဂါး၊ငွေဒင်္ဂါးများလည်း ရရှိကြသည်။ စာတမ်းရှည်မည်စိုး၍ မြောက် ဦးခေတ်ပန်းထိမ် မြေပေါ်အထောက်အထားများကို ဖော်ပြခြင်းမပြုတော့ပြီ။

ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့သော ယဉ်ကျေးမှုထဲမှ ပန်းထိမ်တို့ပြုလုပ်သော လက်ဝတ်တန်ဆာ ရတနာအမည်များကို ကဗျာလင်္ကာ၊ ဧယိုင်သာခြင်း၊ ရတုရကန်၊ ဘွဲ့များတွင်လည်း သီကုံးဖွဲ့ဆိုထားကြသည်။

ထီးခန်း၊နန်းခန်း ဆင်ယင်ထုံးဖွဲ့မှုတွင်လည်း ပန်းထိမ်တို့ပြုလုပ်သော လက် စွမ်းပကားတရပ်ကို အောက်ပါအတိုင်း ဥဒါန်းကျူးလျက် တွေ့ရှိရသည်။

> *'ပေါင်းတော်–၄၀၊ စလွယ်တော်–၉–ပါး၊ ခါးကြိုး–၅–ရပ်၊ လက်စွပ် ၈၁၊ လည်ရစ်–၉–သွယ်၊ စပါယ်–၉–ဆင့်၊ ကြည်ပွင့်–၁၆၊ လက်ကောက်– ၂၀၊ ပန်းသွယ်–၅–မျိုး၊ ဆံထိုး–၈–ခု၊ ပန်းပု–၈–ချပ်၊ ခြေစွပ်–၇–ပါး၊ ကိုယ်လွှား–၅–မျိုး၊ အဘိုးအနဂ္ဃ၊ ထိုက်တန်လှသည်၊ ရာဇမဏ္ဍ၊ ဒလိုပါ ဉပ္ပ၊ သေဋ္ဌိယနှင့်၊ ဗြဟ္မဏ၊ ပုရောဟိတ် နမိတ်ဖတ်ဟူရားသွေး ရှေးပြေး သံတော်ဆင့် မျိုးမြင့်မျိုးမြတ် ပရိသတ်တို့ တင့်အပ်ဆင်ရာ အဖြာဖြာကို လင်္ကာဤသို့ ကုံးသတည်း'*

ဟု လည်းကောင်း၊

အေဒီ(၁၅၃၁–၁၅၅၃) မင်းဘာကြီးသမီးတော် ပိုးဝါမင်းသမီး၏ ပိုးဝါဘွဲ့တွင်

*'အဘပီးကေ၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းသခြောက် လတ်တေယှေ့၊ ခေါင်းမှာကြည့်လေ ခေါင်းမှာကြက်ခြီ၊ မြပန်းကုံးမှာ ရှီပန်းစီလို၊ သီးရစ်ကေဆံထုံး မြအိုးလုံးကို ပိုးဝါခေါင်းမှာ ထင်မိရေလေ၊ လက်မှာမှာဘော၊ လက်မှာကြည့်လေ၊ နဝရတ်မျက်ရဲ အဘာပီးကေ၊ သိန်းသောင်းတန်ကို နှစ်ချောင်းကိုရွတ်၊ ရှစ်ချောင်းလက်မှာ အပြည့်စွပ်လို့ ဝတ်လတ်တေလေ နားမှာမာကေ နားမှာကြည့်လေ ကိုယ်ရိပ်လည်းမြင် စိန်ရွှင်ဒေလိပ်လက်၊ အဘာပီးကေ မြတဘက်ကို တင့်ကြောင်းသခြေ၊ ပိုးဝါနားမှာ ဝက်လတ်တေလေ'*

ဟူ၍ လည်းကောင်း၊

မြောက်ဦးနတ်အား ချီးကျူးသည့် 'ပန်းကျင်းတီးသံ'မှလည်း ပန်းထိမ်တို့ပြုလုပ်သော လက်ဝတ်ရတနာအထည်များကို ဖော်ပြချီးကျူးခြင်း၌ ထည့်သွင်းပါဝင်ထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

*' မလ္လိကာတန်ဆာ၊ တင်ပြီးခါ၊ ဒွါဒရာခါးကြိုး၊ ဂေါ်မုခ်ကြိုးလေ။ ခါးကြိုးဒွါဒရာ မျက်ငါးဖြာ စုံစွာလည်းပေါင်း မြနဒွောင်းလေ။ မကိုဋ်သရဖူဆောင်းတော်မူ ရွှေတူပန်းခက် ဦးသျှောင်ထက်လေ။ ဆံမြကေသာ၊ သုံးတောင်ထွာ၊ နောက်ပြာဖြန့်ကြင်း၊ သက်သေညှင်းလေ။ မုတ်ပုတီးဒါလီ၊ ကျောက်မျိုးစီ၊ ဒါလီပုလဲ၊ လည်တွင်ဆွဲလေ။ ပတ္တမြားလက်ကောက်၊ ဖြိန်းဖြိန်းတောက်၊ လက်ကောက်တစ်စုံ တပြည်တန်လေ။ နဝရတ်မျက်ရုံ၊ သိန်းသောင်းတန် လက်ဟန်ဖယောင်း၊ ရွှေလက်ချောင်းလေ၊ လက်ချောင်းရှစ်သွယ် အပြည့်ကြွယ်၊ နတ်မယ်လှခြင်း၊ ရွှေယမင်းလေ။ ပိုးမြတ်ကတ္တီပါ၊ ညီလှစွာ၊ သာယာဘိခြင်း။ နတ်ခြီချင်းလေ'*

ဟူ၍လည်းကောင်း လေ့လာတွေ့ရှိရသည်။

ပန်းထိမ်တို့ပြုလုပ်သော၊ အဘိုးအနဂ္ဃမဖြတ်နိုင်၊ အစားထိုးမရနိုင်၊ ရွှေ့ပြောင်း၍မရနိုင်သော ရှေးဟောင်းပစ္စည်းအထည်များကို မပျက်မစီး မလေလွင့်ရအောင် ထိန်းသိမ်းစောင့်ရှောက်ထားကြပါစို့ဟု အကြံပြုအပ်ပါသည်။

**ပန်းထိမ်ချေ(ရခိုင်သား)**

**မှီငြမ်း**

(၁) ရခိုင်တန်ဆောင် မဂ္ဂဇင်းအမှတ်(၉)(၁၉၆၀–၆၁)
'ပေါင်းတော်လေးဆယ်'– (ဦးသာထွန်း)

(၂) ရခိုင်ဒင်္ဂါးများ

(၁၉၇၉)ခု၊ ဇွန်လ၊ (ဦးစံသာအောင်)

(၃) ရခိုင်မဂ္ဂဇင်းအမှတ်(၁)အတွဲ(၁)–စာမျက်နှာ(၆)

(၄) ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း–ပထမတွဲ(ပုံ–၁၅)(စာမျက်နှာ–၆၉)

(၅) 'ဝေသာလီခေတ် ဗုဒ္ဓအနုပညာ'

'၁၉၉၀–ခု၊ ဇန်နဝါရီလ ကျောက်တော်တောင်မှ ဓမ္မစကြာမုဒြာ'

(ဦးထွန်းရွှေခိုင်)

(၆) သိပ္ပံမဂ္ဂဇင်း၊ အမှတ်(၇၁)

၁၉၈၆–ခု၊ ဩဂုတ်လ၊ 'မန်မီကိုလေ့လာခြင်း'– (ထီလာစိုးမြင့်ထယ်)

(၇) ရခိုင်မဂ္ဂဇင်းအမှတ်(၁၀)၊

၁၉၈၆–ခု၊ မတ်လ၊ ညဉ်ဦး(မြောက်ဦး)

# ကျွန်တော်နှင့် ကျတွဲနတွဲ(ကျွဲတွဲ၊ နွားတွဲ)

## ခရီးအစ မြောက်ဦးက

ရိုပြင်ကိုချခါစ စက်သမ္ဗာန် အသစ်စက်စက်တစ်စင်းစွာ ၉–၆–၉၄ ကြာသားပတီးနီက မြောက်ဦးမြို့ သင်္ဂနဒီချောင်း၊ကြက်လျှာကျွန်းကျွန်းဦးမှာ ခရီးဦးထွက်ဖို့ တာစူနီပါရေ။ သမ္ဗာန်ပိုင်ရှင်ဖြစ်တေ စံရွှေဘော်၏ ဖိတ်ကြားချက်အရ စက်စမ်းရင်း၊ အမ်းမြို့နယ်ထိ ရက်ရှည်ခရီးလားဖို့ ကျွန်တော် သမ္ဗာန်ထက်ကို တက်လိုက်စွာနန့် ကြိုးဖြုတ်၊ ထိုးဝါးနှုတ်ပျာယ် စက်ကို စကုန်ခုတ်မောင်းပါရေ။ တဆတ်ဆတ်ဝီးကျန်ဟိလိုက်ခရေ ‘ရွှေတရိဂံသစ်ဆိုင်၊မြောက်ဦး’ဆိုင်းဘိုးကို စက်သမ္ဗာန်ထက်က ကျွန်တော် သမင်လည်ပြန်လှည့်ကြည့်ရေအချိန်မှာ မိုးသောက်(၁၀)နာရီတိတိ ရှိနီပါဗျာယ်။

မြောက်ဦးမြို့ သင်္ဂနဒီချောင်းဝကို စုံဆင်းလာဟိရ စက်သမ္ဗာန်စွာ ငါးစလောင်းပြွန်ကျော်လမ်းကတစ်ဆင့် ကွမ်းသီးတောနယ်မြေဟိ ကွေ့ကောက်တွန့်ရေ လေးမြို့လက်တက်ချေကို ဖြတ်ကျော်ကူးသန်းပဏာ၊ အဠုနနဒီခေါ် လေးမြို့မြစ်မကြီးထဲ မြောင်းဘွေမြစ်ဝက ထွက်ကျလာပါရေ။ အဠုနလီညှင်းနန့် အတူပါလာရေ မိုးဖျင်းချေတိကိုဖြတ်ပဏာ မြစ်ထဲကို စုံဆင်းလာရေ။ သမ္ဗာန်ချေထက်ကနီဗျာယ် ကျွန်တော်ရေ ရောင်စုံမီးအလှနန့်တောက်ပနီရေ ကျိန်းတောင်မြတ်စေတီကြီးကို ညဥ့်(၉)နာရီလောက်မှာ အနီးကပ်ဆုံး မြစ်ထဲတနီရာက ဖြတ်ကျော်ဖူးမျှော်ခရပါရေ။ မတန့်မရပ်တေ စက်သမ္ဗာန့်ချေက ခရီးဆက်ထွက်လာနီးတုံး ကျွန်တော်လည်း စားသောက်ပြီးလို့ တရီတမော တနားတဖွေ အိပ်မောကျမိခပါရေ။

သောင်ပြင်မှာရပ်ပနာ၊ ငြင်းခုံကပ်သံတိကိုကြားလို့ ကျွန်တော်လန့်နိုးလာရေအချိန်မှာ ရောင်ဖြူပေါ်စ မိုးသောက်ထအာရုံ ကျနီပါဗျာယ်။ လမ်းမှားဗျာယ်သောင်တင်လို့ ပြားပြင်မှာ တဖြားကြာနီခကပ်ရပါရေ။

ယင်းပိုင်ပင် သောင်မှာတင် ချောင်းပေါက်မှားနန့် အတူပါလာသူ အမ်းမြို့နယ်၊ မြင်ကျေးရွာသားဇာတိက လမ်းပြရေခါမှရာ ချောင်းတစ်ပေါက်ထဲကို လေးခါဝင်လေးခါထွက်၊ အခက်အခဲတွိပဏာကျတေ ကျေးရွာက (ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့)ဦးမောင်အေးချမ်း လမ်းလိုက်ပြလို့ မြင်ကျေးရွာကို ၁၁–၆–၉၄၊ စနီနိ၊ ညဥ့်(၆)နာရီခန့်မှာ ရောက်ဟိကပ်ရလီပါရေ။

နဲ့ဆရာနဲ့ပေါက်တီမက၊ ချောင်းပေါက်ချောင်းဝ ရှုပ်ယှက်ခတ်လှရေ။ တောင်စိုင်ကမ်း အမ်းမြို့နယ်စွာ၊ အုန်း(ခနိ)၊ ထင်း၊ သစ်၊ ဝါး၊ ပုဇွန်ငါးတိ ပွားများရေ။ ရတနာမြေဖြစ်တေ။ ယေကေလည်း မြင်၊ ရှူး၊ ရီပုတ်။ သရွဲ၊ အစဟိရေကျေးရွာတိစွာ လမ်းပန်းအဆက်အသွယ်မကောင်းလို့ ထွက်ကုန်ကောင်းတိ ပုတ်သိုးလားခရရေ အခြေအနေမှာ တိုးတက်မှု ဖင့်နှေးနီရပါရေ။

နေရာအနှံ့အပြားကိုလိုက်ပြရေ ရီပုတ်ကျေးရွာက ဦးဝေကျန်အောင်ကိုလည်း အလွန်တရာ ကျေးဇူးတင်မိပါရေ။ သာယာလှပရေ တောတောင်ရိုမြီ ပြုးခြီ၊ပြာတောချောင်းဖျား၊အင်းအိုင်၊ စိမ့်မြိုင်စမ်းတွင်းတိကို တစ်ပါတ်လောက် လှေ့လာကြည့်ရှုပြီးမှ (၁၇–၆–၉၄)နိမှာ ရီပုတ်ကျေးရွာက ကျောက်ဖြူကို ထွက်ခွာလာပါရေ။

ခရီးကလည်း ကြုံကြိုက်ပြန်ရေ မရောက်စွာလည်း ကြာလခရဗျာယ်ဖြစ်လို့ ကျောက်ဖြူ၊ ရမ်းဗြဲကပင် တောင်ကုတ်။ ရန်ကုန်ထိ ခရီးဆက်ဖို့ အစီစိုင်ပြောင်းလိုက်ပါရေ။ တခေါ်တလောက်ခရီးကို လမ်းပန်းအဆက်အသွယ် ပြတ်အားကြီးလို့ အချိန်အများကြီးအကုန်ခံပဏာ ဖြတ်သန်းလာရပါရေ။

(၂၃–၆–၉၄)ကြာသားပတီးနိ၊ မိုးသောက်ဖက်(၁၀)နာရီမှရာ အနောက်ရိုးမကားနန့်၊ တောင်ကုတ်က ရန်ကုန်ကို ထွက်လာဖြစ်ပါရေ။

အသစ်စက်စက်ထွက်ခါစ တောင်ကုတ်မြို့နယ်မဂ္ဂဇင်း(ရိုးမလှိုင်း)နန့်အတူပြုးရွှင်လန်းဆန်းနီရေ ဆရာရွှေရ(တောင်ကုတ်)နန့် ကားဆိတ်မှာတွိလို့ ဖြုံးကနဲတစ်ချက်ချေရာ နှုတ်ဆက်စကားပြောဖြစ်ခပါယင့်။ အိမ်ကိုလာလယ်ဖို့ ဖိတ်ကြားရေ ဆရာ့စကားကို လက်မခံအားခပါ။

ရိုးမလှိုင်းက ဆရာရွှေရ(တောင်ကုတ်)ကို လန်းဆန်းနိုင်စီကေလည်း အဥ္စနနဒီ၊လေးမြို့မြစ်ဝက နောင်တော်ကြီး၊နောင်တော်ချေမြစ်၏ လှိုင်းလုံးတိကား ကျွန်တော် ခရီးတစ်ထောက် လီရှူမဝလောက်အောင် ကြမ်းတမ်းဗျာယ် ပင်ပန်းနွမ်းရိုလှပါဘိ။

(၁၄–၆–၉၄)နိမှ ကျွန်တော် ရန်ကုန်ကိုရောက်လာပါရေ။ လှမြင့်နှင့်ညီများ မိသားစုအားလုံးကလည်း ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ လက်ခံကြိုဆိုကပ်ပါရေ။

**ရန်ကုန် (သို့မဟုတ်) ...။**

မြို့တော်ရန်ကုန်နန့် ဆယ်စုတစ်စုမက ကင်းကွာနီခရေ ရခိုင်ကအာဂန္တုကျွန်တော့်ကို လှမြင့်နန့်ညီများမိသားစုက စားရေးသောက်ရေး၊ နီရေးထိုင်ရေး လားရေးလာရေး၊ အစစအရာရာ လိုလီသေးမဟိအောင် ဧည့်ကောင်းစောင်ကောင်း အဖြစ် ထားရှိပါရေ။

မြန်မာနိုင်ငံအတွင်း အတိုးတက်ဆုံး၊အဖွံ့ဖြိုးဆုံးဖြစ်တေ မြို့တော်ရန်ကုန်မှာကား လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ စီးပွားရေး၊ အစစအရာရာတိကို အပြိုင်အဆိုင်၊ အလုအယက် ရုန်းကုန်ကြိုးစား လှုပ်ရှားနီကကဲ့ရစွာဖြစ်တယ်။ ယင်းပိုင်လည်းကောင်း လှမြင့်မိသားစုမှာလည်း အညောင်းဖြေချိန်မရအောင် လုပ်ငန်းဆောင်တာတိ များပြားလှပါရေ။ ယေကေလဲ ယင်းကြားက ကျွန်တော့်ကို ရန်ကုန်အနှံ့ လိုက်ပြနီရပြန်သိရေ။

လှမြင့်က ကျွန်တော့်ကို ပျော်သလောက်နီ၊ ပျော်ရေပိုင်နီလို့ပြောကေလည်း အဂုပိုင် လူနီမှုစရိတ် မြင့်မားလှရေနေရာမှာ ငါ့လုပ်အားကိုလည်း တတ်နိုင်ရေဘက်က အသုံးချချင်ရေလို့ ကျွန်တော့သဘောကို တင်ပြလိုက်တေခါ လှမြင့်က ဝမ်းသာအားရ ကျွန်တော့်ကို အလုပ်တာဝန်တစ်ခု ပီးအပ်ခလီပါရေ။

'ယင်းပိုင်ဆိုကေ နေရာကျပါရေ ဆရာကပြဇာတ်တိ၊ သံချပ်တိ၊ တေးခြင်းတိ၊ ကဗျာတိ ရီးဖူသူလည်းဖြစ်တယ်။ စာပီနန့်စိမ်းရေလူကား မဟုတ်ပါ။ ယေဇုနန့် ကျွန်တော်ရို့ ရခိုင်သားကြီးစာပီ ထုတ်ဝီဖြန့်ချိရေးမှာ ဆရာကို တာဝန်တစ်ခု ပီးရပါဖို့။ ကျွန်တော်လည်း အလုပ်သက်သာအောင်၊ ဆရာလည်း စာပီနယ်တစ်စွမ်းတစကို မြေးစမ်းခရလီအောင်။ ဟဲ ... ဟဲ၊ ဆရာလုပ်နိုင်ပါဖို့ရာ'လို့ အားကိုးရေလီသံနန့် ပြောလာရေခါ ကျွန်တော့်မှာ ဝါသနာနန့်လည်းကိုက်လို့၊ ဝမ်းသာအားရ ပြုံးရွှင်စွာ လက်ခံလိုက်တယ်။

ယေကေလည်း ကျွန်တော့်မှာကား ရခိုင်သားကြီးစာပီနန့် အဂုမှ တွိစ၊ ဆုံစ၊ လုပ်ငန်းတိကိုလည်း နားမလည်၊ အခြေအနေအားလုံးကို သင်ယူရဖို့သိ။ ဒေနိကစ လှမြင့်ကို လုပ်ငန်းလမ်းညွှန်ဆရာအဖြစ် တင်လိုက်ရလို့ လှမြင့်အဖို့ သက်သာရာမရ၊ အပိုတာဝန်တစ်ခု ကျလားခရပြီးကေ ဆိုင်ကယ်တစ်စီးနန့် လှမြင့်ကိုယ်တိုင် အာဂန္တုကျွန်တော့်တို နေရာတကာရောက်အောင် လိုက်ပြပီးရပါရေ။

မြို့တော်ရန်ကုန်ကား (၁၉၈၁)ခုနှစ်က ကျွန်တော် ရောက်ဖူးခရေအခြေအနေ အသွင်သဏ္ဌာန်နန့်မတူ တမူထူးခြားနီပါဗျာယ်။ နိရာတကာမှာ **RANGOON** ဆိုရေ စာလုံးအစား **YANGON** ဆိုရေစာလုံးတိကို ပြောင်းလဲရှီးသားထားစွာတိ တွိရပါရေ။ ကျွန်တော်ရို့ ရခိုင်အသံနန့် ဖတ်ရစွာတော့ခါ၊ အသံထွက်လည်းကွဲ၊ အဓိပ္ပါယ်လည်း လွဲပြီးကေ၊ ရခိုင်အသံအရ 'ရန်ကုန်'က 'ယန်ဂုန်'ဆိုရေ အသံမျိုးအဓိပ္ပါယ်မျိုး ပြောင်းလဲလားပါရေ။ ယေယေလည်း ဇာပင်ဆိုဆို ကျွန်တော် ရောက်ဖူးခပြီးရေ (၁၉၈၁)ခုနှစ်ကရန်ကုန်နန့် အဂု(၁၉၉၄)ခု၊တွိမြင်နီရရေ ရန်ကုန်တော့ခါ ကွာခြားနီပါရေကားလို့ နားလည်ခံစားမိပါရေ။

## အလုပ်နန့်တာဝန်

ရခိုင်သားကြီးစာပီက စာအုပ်ထုတ်ဝီရာမှာ ပါဝင်ဆောင်ရွက်ဖို့တာဝန်ကိုလက်ခံလိုက်စွာနန့် လုမြင့်ပါးမှာ ဆက်လက်ထုတ်ဝီဖို့ရောက်နီရေ စာမူတိကို ကျွန်တော့်ပါးသို့ လွှဲအပ်ခံရပါဗျာယ်။ ထုတ်ဝီပြီးဗျာယ်ဖြစ်တယ် စာအုပ်တိ၊ ဖြန့်ဝီရဖို့စာအုပ်တိ၊ နောက်ထပ်ဆောင်ရွက်စရာ စာမူ၊ စာအုပ်၊ စာရွက်စာတမ်း၊ အကြမ်းအချောအားလုံးကို ကျွန်တော်လေ့လာထားဖို့ရအောင် ကျွန်တော့အခန်းသို့ ပို့ဆောင်လိုက်ပါရေ။

'ဆရာလုပ်ဆောင်ရဖို့ လုပ်ငန်းတိကိုတော့ခါ ကျွန်တော်တစစီ လိုက်ပြပါမယ်။ အဂု ဒေစာတိကို အယင်ဆုံးလေ့လာထားပါ'

လုမြင့်စကားအဆုံးမှာ ကျွန်တော်ကလည်း လီလံပွပွနန့် ...

'အင်း ...၊ အလုပ်ကတော့ စလာဗျာယ်။ သူတော်ခေါင်းရှူး၊ လောင်းအလူးနန့်၊ မကျဖို့လိုရေနှမ်း'လို့ ကျွန်တော်က ကိုယ့်ကိုယ်ကို သတိပီးလိုက်တယ်။ လုမြင့်ကဝင်ဗျာယ် 'စာပီနယ်မှာ ၊ ယင်းပိုင် ခေါင်းရှူးခါရှူး၊ လောင်းလူးခါလူးနန့်၊ စာပီသမား၊ စာပီလုပ်သားကြီးတိ ဖြစ်လာကတ်စွာပါဗျာယ်ယေ ဆရာ'လို့ အားဆီးတစ်လုံး တိုက်လိုက်ပါယင့်။

'ဇာပင်ဆိုဆို စာပီနယ်မှာ စာပီကူလီဘဝ၊ စာပီသူရင်းငှားဘဝမျိုးနန့် 'ခေါင်းဒလာ'အဖြစ် လိုက်လုပ်ရကေလည်း ရခိုင်အမျိုးသားစာပီတိ ဖြစ်ပေါ်တိုးတက်လာဖို့ဆိုကေတော့ခါ ကျေနပ်စရာကြီးပါရာ။

## အံ့မခန်းစာရှီးဆရာ

ဆက်လက်ထုတ်ပီဖို့ ရောက်ဟိထားရေ၊ ဦးမြထွန်းအောင်၏ 'ကိုလိုနီခေတ်ရွှေပြည်ရခိုင်'ဆောင်းပါးစာမူတိ၊ အသျှင်စက္ကိန္ဒ၏ 'ရခိုင်ယဉ်ကျေးမှုများ အမှတ်(၄)'၊

အမှတ်(၅)၊အမှတ်(၆)အတွက်စာမူများ၊ 'ရခိုင်ဘာသာစကားလမ်းညွှန်' စာအုပ်အတွက် စာမူတိနန့် ရခိုင်ညွန့်ဖူးဆောင်းပါးမဂ္ဂဇင်းအတွက် ရောက်ရှိနီရေ စာမူတိကိုလေ့လာ ဖတ်ရှုပဏာ စာအုပ်ထုတ်ဝီနိုင်ရေးကိစ္စတိအတွက် စီစိုင်ဖို့စွာတိ လုပ်ရပါရေ။

ဆရာတော် အသျှင်စက္ကိန္ဒထံမှ၊ ရာနန့်ချီဗျာယ် ရွီးသားပီးပို့ထားရေ အဲ့မခန်းဆောင်းပါးစာမူတိမှာ ကြက်သီးထစရာ။

အဂုပိုင် လေးနက်ပြီးကေ၊ တန်ဘိုးရှိလုရေ စာစု၊ဆောင်းပါးမြောက်များစွာတိကို ရွီးသားပီးပို့နိုင်ရေး ဆရာတော်အသျှင်စက္ကိန္ဒ(ရခိုင်ပြည်)သည်ကား အဲ့မခန်းရခိုင်စာရွီးဆရာကြီးတစ်ပါးပါကားလို့ ချီးကျူးအံ့သြ လေးစားကြည်ညိုမိပါရေ။

ဒေမျှလောက်တိ စာပီအလုပ်ကို အားစိုက်ကြိုးစား၊ ရွီးသားဖော်ထုတ်နိုင်ရေအဲ့မခန်းစာရွီးဆရာကြီး၊ အသျှင်စက္ကိန္ဒကိုပင်လျှင် ဝေဖန်ချင်ရေစာပီသမားတစ်ဦးက 'ထုတ်ပြီးစာအုပ်အဖုံးတိမှာ 'စက္ကိန္ဒ'ဆိုရေစာလုံးစွာ 'ရခိုင်ယဉ်ကျေးမှုများ'ဆိုရေ စားလုံးထိထက် ကြီးနီရေ။ နာမည်ကြီးအောင်လို့ စာလုံးကြီးနန့် ရွီးပြစွာလား' ဟူ၍ တစ်မျိုး၊ 'အထဲမှာပါရေ အသျှင်ကတစ်မျိုး၊ အဖုံးမှာပါရေ အရှင်ကတစ်မျိုး၊ စာလုံးပေါင်းသတ်ပုံကို အသေအချာ မစီစစ်လား'လို့ တချို့ဝေဖန်ကတ်ကြောင်း သိဟိရပါရေ။

အမျိုးသားစာပီကို ရရာလမ်းပေါက်က ထိုးဖောက်တင်ပြ ဖော်ထုတ်နီတတ်ရရေကာလမှာ၊ ဒေမျှလောက် အသေးမစိပ်နိုင်ပါ။ ပန်းချီဒီဗိုင်းဆရာက ဒေခေတ်ဒေကာလ လုံးချင်းစာအုပ်မျက်နှာဖုံးလောကမှာ သုံးရိုးသုံးစိုင်အတိုင်း ခံစားတင်ပြစွာ ဖြစ်ပါလိမ့်မယ်။ ယေပြီးကေ အဖုံးမှာပါရေ 'အရှင်'က ပြုပြင်လိုက်ရရေအရှင်ပါ။ ဆရာတော်ကလည်း 'ငါမသိသိဆိုစွာကို ဖော်ပြချင်ရေဟိဖို့ သူရို့သဘောကျ ဟိလီပါတ်စီ'လို့ မိန့်လားခပါရေ။ စာအုပ်အထဲမှာပါရေ 'အသျှင်'တိကတော့ခါ ဆရာတော်ခံယူထားရေ နာမည်အစစ်ပါ။ *(သဘောပေါက်ပါလိမ့်မယ်)*

ယင်းမျှလောက်နန့် အမျိုးဘာသာသာသနာကို မထိခိုက်နိုင်ပါ။ ဆရာတော်၏ စာပီအနှစ်သာရကိုလည်း ပြောင်းလွဲပစ်နိုင်ဖို့မထင်ပါ။ ဆရာတော်၏ အဲ့မခန်းစာပီတိကား အဖိုးအနဂ္ဃကြီးမားလျှက်ပင် ...။

ဒေပိုင် အဖိုးအနဂ္ဃကြီးမားလုရေ၊ စာစုဆောင်းပါး အကြောင်းအရာအများကြီးတိကို စာပီလေ့လာလိုက်စားသူတိ တစုတဝေး တလုံးတစ်ခဲတည်း လေ့လာဖတ်ရှု သိမ်းဆည်းထားနိုင်ဖို့အတွက် အဂုပိုင် ပါဝင်ဆောင်ရွက်ခွင့်ရစွာပင် ကျွန်တော့်အတွက် ဝမ်းသာကြည်နူးမဆုံး ဖြစ်မိပါရေ။

ရခိုင်အံ့မခန်းစာရွီးဆရာ ဆရာတော်အသျှင်စက္ကိန္ဒ၏ များပြားလုရေ ဆောင်း

ပါးစာမူတိက ကျွန်တော်နန့်အတူ ရခိုင်သူရခိုင်သားတိကို စာရှီးစာဖတ်ချင်စိတ် ပေါက်လာအောင် နှိုးဆွပီးနီပိုင်ချောင်ပါတကား။

## ဆိုင်ကယ်နောက်က ကျွန်တော်

မဖြန့်ဝီရသိရေ 'ဗျာလ်'စာအုပ်၊ 'သလုံးတော်ဓာတ်သမိုင်း'နန့် စစ်တွေမြို့အကြောင်းစာအုပ်၊ ယင်းနှစ်အုပ်အား ရခိုင်အမျိုးကောင်းသားရို့ပါးကို ရောက်ဟိနိုင်ဖို့အတွက် ဆောင်ရွက်ရာမှာ ရခိုင်နယ်မြေတစ်ခွင်ကိုတော့ခါ ဆရာတော်အသျှင်စက္ကိန္ဒ တာဝန်ယူဖြန့်ပီးရေးအတွက် စာအုပ်ပို့ပီးရုံလောက်နန့်ရာ ဆောင်ရွက်ရပါရေ။ ယေကေလည်း လေယာဉ်နန့်ပို့နိုင်အောင် ဆောင်ရွက်ရစွာက လွယ်ကူရေကိစ္စ မဟုတ်ပါ။

ဇာပင်ဖြစ်ဖြစ် လှမြင့်ဆိုင်ကယ်နောက်ကလိုက်ယင်း ပို့ဆောင်ရေးကိစ္စ ပြီးစီးလားခရစွာပါဗျာယ်။

ရန်ကုန်မှာဟိရေ ရခိုင်တချို့လက်သို့ရောက်ဖို့ ကျွန်တော်ရို့ကြိုးစားရပြန်သိရေ။ ရခိုင်အမျိုးသားစာပီကို ရန်ကုန်အတွင်းမှာနီရေ ရခိုင်သံဃာတော်အများကြီး လေ့လာလိုက်စားအားပီသမှု ပြုတပ်ပါရေ။ ယေဇုနန့် ရခိုင်ဘုန်းတော်ကြီးကျောင်းတိက ရခိုင်သံဃာတော်များရို့ အကူအညီကိုယူပဏာ ဖြန့်ဝီရပါရေ။

စာအုပ်တစ်အုပ်ဖြစ်လာဖို့အတွက် စာမူရရှိရေး ကြိုးပမ်းရခြင်း စာတည်းနိုင်မည့်ပုဂ္ဂိုလ်များထံသို့ ပို့ပီးရခြင်းကအစ စာအုပ်ဖြစ်လာရေထိ အဆင့်အားဖြင့်အဆင့်လေးဆယ်လောက် ဆောင်ရွက်ရပါရေ။ *(အကျယ်ကိုရှည်ဖို့တွက်လို့ မဖော်ပြပါဗျာယ်)* အပြီးသားထွက်လာရေစာအုပ်ကို တစ်ခါဖြန့်ဝီရောင်းချခွင့်ရရှိဖို့အတွက် စာပီစီစစ်ရေးကို ပြန်လည်တင်ပြရေးအထိကို ဆောင်ရွက်ရစွာရေ၊ အတွဲအကြုံကောင်းကောင်းနနယ်သိရေ ကျွန်တော်ပိုင်လူတစ်ယောက်အတွက် မလွယ်ရေကိစ္စပါ။ တပင်တပန်းလေ့လာမှတ်သား အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ရပါရေ။

လမ်းစရှာမရရေ ကိစ္စဟူသမျှ လှမြင့်က ကျွန်တော့်ကို ဆိုင်ကယ်နောက်မှာ တင်ပြီးကေ လမ်းပြပီးပါရေ။

ဆိုင်ကယ်မှာ ထိုင်လိုက်ရရေ ကိစ္စကပြောခါလွယ်ရေပိုင် လိုက်ခါ မလွယ်ပါ။ တစ်ရက်နီက ...။

ဝင်းစိန်(ခေါ်)ဂဇ္ဇပဖော်ဝင်း(ခေါ်)ဦးဝိနိယဆိုသော ပုဂ္ဂိုလ်အား တွိချင်လို့ လှမြင့်နန့်ကျွန်တော် တစ်ရက်ကုန်အောင် လိုက်ရှာကပ်ပါရေ။

ရန်ကုန်တက္ကသိုလ်၊ အင်းလျားဆောင်ရှေ့ကလှပရေ အင်းလျားနိုင်လွန် ကတ္တရာလမ်းမကြီးပိုင် လမ်းညီညီ၊လမ်းကောင်းကောင်းထိနောက်ကွယ်မှာ မပြုပြင်ရသိရေ

ရန်ကုန်မြို့ထဲရှိ လမ်းပြ၊လမ်းပိုင်း၊လမ်းပြတ်တိကား ဆိုင်ကယ်နောက်က ထိုက်လိုက်ရရေ ကျွန်တော့်ကိုအသဲညာတိ ပြုတ်ကျလားအောင် ခံစားရစီပါရေ။

ရန်ကုန်၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ သာကေတ နန့်စပ်အောင်ရှာခကပ်ကေလည်း ထိုပုဂ္ဂိုလ်အား မတွိခရပါ။ သာသနရက္ခိတကျောင်းက ဆရာတော်ပြောပြချက်အရ ဘိုကလေးမြို့သို့ လားခကြောင်းရာ သိလာရပါရေ။

ယင်းပိုင်လူရှာအလုပ် အများကြီးလုပ်ရဘို့ ဆိုင်ကယ်နောက်ကထိုင်ဖို့တောင် ကြောက်ယောင်ယောင် တွိလာပါရေ။

တစ်ရက်နိက ဆရာတော်၏ကြေးနန်းစာအရ၊ ရတနာ(၃)လမ်းက မတင်ဦး အိမ်ကို အိမ်သားနန့်တွိနိုင်ဖို့ အချိန်ဖြစ်တေ ညဥ့်(၈)နာရီကျော်မှာ လိုက်ရှာရေနိကလည်း ပေါက်ပြစုတ်ပြတ်ပဏာ၊ ထောညက်ပြန်နီရေ လမ်းကြို့လမ်းကြားထိကို ဆိုင်ကယ်နန့်ဖြတ်လာရစွာရေ။ဝိဓူရကို ပုဏ္ဏကဘီလူးက မြင်းပတုံးမှာချိုင်ယူရေ အခန်း၊ ပြဇာတ်ကပြနိရစွာလားဂုလို့ ကျွန်တော့်စိတ်မှာ ခံစားရပါရေ။ ရပ်သူရွာသား လူအများက ကူညီစောင်မပီးလို့ တွိလာရရေလကား၊ မတင်ဦးမဟုတ်၊ ကိုမြင့်ဦး(ရွှေမဂ္ဂဇင်းအယ်ဒီတာ) ဖြစ်နီပြန်ပါဗျာယ်။ *(ကြေးနန်း အရိုက်မှားစွာလား ကြေးနန်းအဖမ်းမှားစွာလား မပြောတတ်ပါ)* မမျှော်လင့်ဘဲ တွိရရေ၊ ကိုမြင့်ဦးနန့် လှမြင့်ရို့ဦးရာဇ်မြေမဂ္ဂဇင်းကိစ္စ ဆွေးနွေးကပ်စွာကို မဝေမလည်ကြားသိလိုက်ရပါရေ။

ကျွန်တော့်မှာ ဆိုင်ကယ်နောက်ကထိုင်ယင်း ပြန်ရဖို့ခရီးကို တွေးကြောက်နီမိပါတယ်။ အချိန်ကလည်း (၁၀)နာရီတိတိ၊ ရွာလိုက်ဘိရေ မိုးကလည်း သသဲမမဲ၊ တစ်ခန္ဓာလုံးစွတ်နီရွဲရွဲနန့် ပြန်ရောက်လာပါရေ။

## ဇာတ်လမ်းအရှိ သူပြောမှသိ

တစ်ရက်နိ လှမြင့်က ကျွန်တော့်ကိုပြောလာပါရေ ...။

'အခြားစာအုပ်ကိစ္စကို ရပ်ထားလိုက်ပါဆရာ၊ ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃)ကို အယင်ဆောင်ရွက်ရဖို့ ကျနီပါဗျာယ်'

သူ့စကားကိုကြားမှ လွန်ခရေတစ်နှစ်လောက်ကပင် ထွက်ဖြစ်ဖို့ပျင်နီရေ ဦးရာဇ်မြေမဂ္ဂဇင်း အမှတ်(၃)ကိစ္စ ရှုပ်ယှက်ခပ်နီစွာကို ကျွန်တော်က လှမြင့်အား အသေးစိပ်မီးမြန်းစုံစမ်းမိပါရေ။

'ဒေပိုင်၊ဒေပိုင်ပါဆရာ။ လွန်ခရေ သုံးလေးလလောက်က ဆရာတော် *(အသျှင်စက္ကိန္ဒကို ဆိုလိုပါသည်)*နန့် ဦးရာဇ်မြေမဂ္ဂဇင်းကော်မီတီလို့ သိရရေ။လူတစ်ချို့ ကျွန်တော့်အိမ်မှာ ယင်းမဂ္ဂဇင်းကိစ္စဆွေးနွေးကပ်ပါရေ။ ဇာတိဆွေးနွေးရေ

လဲ ကျွန်တော်မသိပါ။ ပြီးကက်တယ်အခါ၊ ဆရာတော်က ကျွန်တော့်ကိုခေါ်ပြီး ကေ ငွေ(၃၇၁၃၅–ကျပ်)သုံးသောင်းခုနစ်ထောင် တစ်ရာသုံးဆယ့်ငါးကျပ်တိတိကို အပ်ပါရေ။ ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃)အတွက် ဒေငွေကို လက်ခံထားဖို့၊ စာ အုပ်မြင်ရမှ၊ မဟုတ်ကေလဲ အမှန်တကယ်လိုအပ်မှ ဒေငွေကိုထုတ်ပီးဖို့၊ မလုံမ လောက်ခကေလဲ ကျွန်တော့်ပါးက စိုက်သုံးထားဖို့ မှာထားခပါရေ'

လှမြင့်ကားစကားကို တနားဖြတ်ပဏာ၊ အိမ်ခန်းထဲက စာရွက်စာတမ်း တချို့ယူခီပြီးတေ၊ ကျွန်တော့်ကိုပြပါရေ။ စာထဲမှာ လှမြင့်ပါးက ငွေကိုထုတ်မပီး လို့ ရဲတံခွန်စာပုံနှိပ်တိုက်က စာမရိုက်ပီးကြောင်း ဦးဝင်စိန်ပါးက ဆရာတော်ထံ တိုင်ကြားစာနန့်အတူ ဆရာတော်ပါးကလည်း လှမြင့်အား စာအုပ်အမြန်ထွက်နိုင် အောင် ဆောင်ရွက်ပီးဖို့ တိုက်တွန်းစာတိဖြစ်ပါရေ။

'ယင်းစာမရောက်ခင် ဒေငွေစာရင်းရှင်းတမ်းတစ်ခု ကျွန်တော့်ပါးကို အယင် ရောက်လာပါရေ'လို့ပြောပြီးတေ ထုတ်ပြရေငွေစာရင်းကို လှမြင့်ပါးက ကျွန်တော် ယူဖတ်ကြည့်ရေခါ။

ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃) ထုတ်ဝီရေးအတွက် ကုန်ကျထားရေလုပ်ငန်း အသုံးစရိတ်စာရင်းဖြစ်ပါရေ၊ ယင်းငွေစာရင်းအရ ရွှေမဂ္ဂဇင်း အယ်ဒီတာကိုမြင့် ဦးဆိုသူအား ပီးရန်ကျန်ငွေ(၁၂၉၀–ကျပ်)တစ်ထောင်နှစ်ရာကိုးဆယ်ကျပ်တိတိကို ဦးလှမြင့်ထံမှ ထုတ်ပီးလိုက်ပါဆိုရေ စာလည်းတစ်ရွက်ပါလာပါရေ။ စာတိကို ဖတ်ပြီးလို့ ဦးလှမြင့်မျက်နှာကို ကြည့်လိုက်စွာနန့်။ လှမြင့်က –

'ဒေကိစ္စတိ မပေါ်ခင်ကပင် အယင်ဆုံးဇာတ်လမ်းတစ်ခုရှိသိပါရေ။ မဂ္ဂဇင်း ကော်မီတီဆိုသူတစ်ဦးရေ ကျွန်တော့်အိမ်သို့ရောက်လာပြီးကေ မဂ္ဂဇင်းအတွက် အပ်ထားခရေငွေကို ကျွန်တော့်ပါးက ပြန်တောင်းလာပါရေ။ အခြားလုပ်ငန်းတစ် ခုမှာ အသုံးပြုဖို့လို့ဆိုပါရေ။ ကျွန်တော်က မပီးနိုင်ကြောင်း ပြောလိုက်ပါရေ။ ယေပြီးကေ ဒေစာတိရောက်လာစွာပါဗျာယ်။ ကျွန်တော်လည်း သူရို့နန့်ဖြေရှင်းဖို့ ကြိုးစားဗျာယ် လိုက်ရှာပါသိရေ၊ မတွိပါ။ ဆရာနန့်ကျွန်တော် ရန်ကုန်အနှံ့လိုက် ရှာကတ်စွာ ယင်းကိစ္စပါ ရဲတံခွန်ပုံနှိပ်တိုက်က ပြောပြချက်အရလည်း စာမူတိကို ယူလားခပြီးကေ အားလုံးသူပျောက်နီကပ်တယ်လို့ရာ သိရပါရေ။ ကျွန်တော်ဆက် လုပ်ဖို့ကလည်း စာမူမရှိ၊ စာမူလက်ခံတိကိုရဖို့လားဆိုပြီးတေ၊ စာပီစီစစ်ရေးမှာ ကြိုးစားကြည့်ပါသိရေ၊ အဆင်မပြေပါ။ နောက်ဆုံး အကြောင်းစုံကို ဆရာတော်ပါး ကြေးနန်းရိုက်လိုက်ခါမှ ဆရာတော်ပါးက လက်ခံစာမူတိကို ပို့လိုက်ပါရေ။ စာ မူတိတော့ခါ ရထားဗျာယ်။ မျက်နှာဖုံးနန့်အတွင်း ပန်ချီပုံတိ လိုနီပြန်သိရေ။ ယင်းချင့်တိက သူရို့*(ယခင်ဆောင်ရွက်နေခဲ့ကြသော မဂ္ဂဇင်းတာဝန်ခံများကို*

*ဆိုလိုပါသည်)* ရိုက်လို့ ပြီးထားဗျာယ်လို့သိရပါရေ။ တစ်ရက်ကဆရာနန့် ကျွန်တော်နန့် လိုက်ရှာခီရေ။ မတင်ဦး၊ရတနာ(၃)လမ်းဆိုစွာ မျက်နှာဖုံးကိစ္စပါ။ တွိခိရေခါ ကိုမြင့်ဦးဖြစ်နီပါရေ။ ယင်းပုဂ္ဂိုလ်လည်း အခြားလူမဟုတ်ပါ။ ဦးဝင်းစိန်၏ စာရင်းရှင်းတမ်းမှာ ငွေ(၁၂၉၀–ကျပ်)ပီးရဖို့ဆိုရေ ပုဂ္ဂိုလ်ဖြစ်နီပါရေ။ ၎င်းပုဂ္ဂိုလ်ကတာ့ခါ ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃) ရိုက်နိုပ်ရာမှာ သူနှင့် လုံးဝအရှုပ်အယှက်မရှိကြောင်းပြောပါရေ။ ကျွန်တော်ထုတ်ပီးရေ ငွေ(၁၂၉၀–ကျပ်)ကိုလည်း မယူပါ။ အမှန်တကယ် ကုန်ကျစရိတ်စာရင်းလုပ်ပြစွာရာဖြစ်တယ်။ ငွေကို နောက်ထပ်တောင်းခံခြင်းမဟုတ်ပါဆိုပြီးကေ ငွေယူဖို့ကိုလည်း ငြင်းပါရေ။ စာအုပ်အဖုံးတိ ပန်းချီတိအားလုံး အောင်သာအော့ဖ်ဆက်မှာရိုက်လို့ ပြီးလားခဗျာယ်။ ယင်းချင့်တိ ဇာသူ့ပါးမှာရှိဖို့လဲလို့ သူမသိကြောင်းပြောပြလိုက်လို့ အောင်သာအော့ဖ်ဆက်ကို ဆက်လက်စုံစမ်းရပါရေ။ အောင်သာအော့ဖ်ဆက်လည်း ရိုက်ပြီးလို့ယူလားခဗျာယ်ဆိုစွာရာ သိရပါရေ။ ယူလားခရေလူတိကို မသိပါ။ ယင်းအထဲမှာ အောင်မြင့်ဆိုသူ တစ်ယောက်ကိုသာ မှတ်မိကြောင်း၊ (–)စာအုပ်ဆိုင်မှာစုံစမ်းကေ ရနိုင်ကြောင်း သတင်းအရ စုံစမ်းပြန်ရေခါ၊ လှမောင်သာဆိုသူပါးကိုညွှန်း၊ သူ့ညီနန့်ရာတွိ၊ ဝင်းစိန်ဆိုသူပါးကို လွှတ်၊ ကျွန်တော်လည်း နောက်ဆုံးကြံစရာမရကေ ဆရာတော်ပါးကိုတခါ ကြေးနန်းရိုက်ရပြန်ပါရေ။ တစ်ရက်နိုက ဆရာတော်နန့် ဖုန်းအဆက်အသွယ်ရပြီးကေ အကျိုးအကြောင်းအားလုံး ဆရာတော်ကို လျှောက်လိုက်တေခါ၊ ဆရာတော် ဇာပိုင်ဆောင်ရွက်လိုက်မှန်းမသိ၊ မကြာခင်မှာပင် အောင်မြင့်ဆိုသူပါးက မျက်နှာဖုံး (၁၆၀၀)ရရှိလာပါရေ။ စာအုပ်ရိုက်ပြီးထားစွာကလည်း (၁၇၀၀) ဖြစ်နီပြန်ပါသိယင့်။ ဆရာတော်ပါးကလည်း စာအုပ်အယင်ဆုံးထွက်ဖြစ်အောင် လုပ်ပီးဖို့မှာပါရေ။ ယေဇုနန့် ကျွန်တော်ရို့ လက်ရှိရိုက်နီရေစာအုပ် *(ရခိုင်တန်ဆောင်ဆောင်းပါးများ–ဦးဦးသာထွန်း)*ကို တန့်ထားပဏာ ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃)ကို ဆက်ရိုက်ကပ်ပါမေ”လို့ စာဟောဆရာတစ်ယောက်၊ ဖားပြုပ်တေရာဇဝင်ကို တတွတ်တွတ်ပြောပြရေပိုင် ပြောပြပြီးကေ၊ လှမြင့်ခမာ လီပြင်းတချက်ရှူထုတ်ယင်း အနားကစာအုပ်အန္တမာရီမှာမှီဗျာယ် ခြီပစ်လက်ပစ် ထိုင်ချပစ်လိုက်ပါရေ။

## ဆီးမီးတိုနန့်ကုသခြင်း

ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃) မထွက်နိုင်ဘဲ ကြာနီရရေကိစ္စ နောက်ဆုံးကောက်ချက်ချကေ မဂ္ဂဇင်းထွက်အောင် ရန်ကုန်မှာ ဆောင်ရွက်နီရေလူတိက သူရို့လက်ထဲငွေမအပ်ဘဲ၊ လှမြင့်လက်ထဲမှာ ဆရာတော်ကိုယ်တိုင် ငွေအပ်ပီးထားခရေ

ကိစ္စ မကျေနပ်ခလို့ တမင်္ဂလာစာအုပ်ထွက်ဖြစ်မလာအောင် ဖန်တီးထားကတ်တယ်လို့ နားလည်မိပါရေ။

အခြားအကြောင်းဟိခကေလဲ သက်ဆိုင်ရေပုဂ္ဂိုလ်တိက အဖြစ်မှန်ကို မထိန်မချန်တင်ပြပီးကပ်ပါလို့ ရခိုင်သားကြီးစာပီကိုယ်စား ကျွန်တော်က ရိုးသားစွာဖိတ်ခေါ်လိုက်ပါရေ။ ယေမှရာ စာပီနယ်ထဲ အခက်အခဲရို့ကိုလည်း ပြည်သူတိသိကတ်ရပါဖို့။

ဆိုခပြီးရေ အကြောင်းကိစ္စ ရောဂါဘယတိကြောင့် သီလုမျှောပါးခံစားနီရရေ ဦးရာဇ်မြေမင်္ဂဇင်းအမှတ်(၃)အား ၁၉၉၄–ခု၊ဩဂုတ်လ နောက်ဆုံးပါတ်မှ ဆီးကုသလိုက်ရပါရေ။

ဦးရာဇ်မြေမဂ္ဂဇင်းမှာ စာမျက်နှာ(၁၀၂)ထိ ပြီးစီးပဏာအဆင့်သင့် ဖြစ်ပါဗျာယ်၊ ဆက်လက်ဆောင်ရွက်ရဖို့စွာကား၊ တဖုံတရွှဲ့မျှရာကျန်ပါဗျာယ်။ ခွဲစိတ်ကုသဓာတ်ကင်ရထိမဟုတ်ဘဲ ဆီးမီးတိုချေတိနန့် ကုသလို့ရှင်သန်လာလီခရပါရေ။ ယေကေလည်း နလံထဘဝနန့်ထွက်လာရရေ ဦးရာဇ်မြေ(၃)ကား အတွင်းစာသားတိက ရသအများကြီးပီးစွမ်းနိုင်ငြားကေလည်း။ အပျင်အဆင်တိမှာ အလွန်တရာ ညှံ့ဖျင်းခရလီပါရေ။

စိတ်တိုလက်လျှော့ ဒေါသထွက်ဗျာယ် ဆက်မလုပ်၊လက်ဖြုတ်ထားပစ်ခရေ၊ စာပီမိတ်ဆွေကြီးရို့ကိုလည်း ဝိရိယမပေါ့ ဖွဲမလျှော့ဘဲ ဖြုတ်ဝဲပစ်သင့်ရေ ဒေါသ၊ ဆုတ်စွဲကိုင်သင့်ရေ မာန၊စည်းခြားခွဲခြမ်းထားပဏာ ရခိုင်ရိုးရာစာပီ၊ ယဉ်ကျေးမှုတိကို အခွင့်အခါရသလောက် လက်တွဲဝိုင်းဝန်းဖော်ထုပ်ကတ်ပါမယ်လို့ ဖိတ်ခေါ်လိုက်ရပါရေ။

## ရှိဆက်လားကပ်မယ်

ရခိုင်သားကြီးစာပီက၊ ဇာရည်ရွယ်ချက်တိနန့် အဂုပိုင်ရခိုင်ရိုးရာ အမျိုးသားစာပီတိကို ထုတ်ဝီနီရရေလဲလို့၊ တစွမ်းတစ လေ့လာထားကပ်ရပါမယ်။

နောက်ဖြစ်ထွန်းလာဖို့ ပညာရှင်ရို့ လေ့လာနိုင်ကပ်ရလီအောင် ရခိုင်နယ်မြေတစ်ခွင်က စက်မတင်စာမရိုက် မဖြန့်ဝီလိုက်ရသိရေ ရှိဟောင်းပီစာ လက်ကူးမင်စာ၊ ပရပိုက်စာ၊ ကျောက်စာတိနန့် စကားပြော အကြောင်းအရာ ဝတ္ထုတိကို လက်လှမ်းမှီရေပိုင် စက်တင်ဖြန့်ဝီပီးနိုင်ဖို့လည်းကောင်း။

အစိုင်အဆက်သိမ်းဆည်းလာယင်း ဟောင်းနွမ်းပျက်စီးဖို့ပျင်နီရေ ရှိဟောင်းစာပီတိကို ဖော်ထုတ်တင်ပြချင်သူ ရခိုင်အမျိုးကောင်းသားရို့အတွက် တင်ပြစရာနေရာတစ်ကွက်ချေခန့် ဟိနိုင်စီဖို့။

ကိုယ့်ရင်ထဲကခံစားချက်တိကို ပြည်သူအများရှေ့မှောက်မှာ ထုတ်ပြချင်စိတ် ဟိလာရေ ရခိုင်အမျိုးကောင်းသားရို့အတွက် ကြောင်းလမ်းဇင်းခင် ချေပိုင်ရပ်စရာ၊ လျှောက်ကြည့်စာဟိနီဖို့။

ရခိုင့်ပညာရှင် ပညာဟိတိ၏ ကသင်းကရင်းနန့် ပြန့်ကြင်းနီရေ စာပီရို့ကို စုပီးပေါင်းပီးနိုင်ဖို့ဆိုရေ ရည်ရွယ်ချက်တိနန့် ဆောင်ရွက်နီစွာလို့ သိရပါရေ။

ရခိုင်နယ်မြေအတွင်းမှာ အမျိုးသားဟန်နန့် စာပီထုတ်ဝီဖျာယ် စီးပွားရှာ ရေလူလောက် ရှူးရေပုဂ္ဂိုလ်ကားဟိဖို့မဟုတ်လို့ အဂုချိန်မှာပြောရပါဖို့။ အကြောင်း က အဂုအချိန်မှာ ရခိုင်ဒေသအတွင်း စာအုပ်(၁၀၀၀)စွဲဖို့ စျီးကွက်မဟိသိလို့ပါ။

ယေဇုနန့် စာအုပ်တိကို စရိတ်အပိုအကုန်ခံပဏာ အကောင်းဆုံးဖြစ်အောင် လည်း အလုမပြင်ဆင်နိုင်ပါ။ စာအုပ်တိ အရှုံးနည်းရေအခြေအနေမှာ အသက် ရှင်နိုင်ပါစီလို့ ဆုတောင်းထားရပါရေ။

စာအုပ်တစ်အုပ်စီဖြန့်ဝီလိုက်ပြီးကေ နောက်တစ်အုပ် ဆက်ရိုက်နိုင်ဖို့အတွက် ငွေပြန်သိမ်းရရေဒုက္ခကား အပင်ပန်းဆုံးဒုက္ခပါ။ ယေကေလည်း တဖြည်းဖြည်း တိုးတက်ဖြစ်ထွန်းလာဖို့လို့တော့ခါ မျှော်လင့်မိပါရေ။ ရောင်နီကိုလည်း လှမ်းမြင်မိပါ ရေ။

အကယ်တန်ဟိ စာပီအသိ၊စာပီအတတ် စာပီထုတ်ဝီရေး ဗဟုသုတပညာ ဟိရေ/ သိရေပုဂ္ဂိုလ်တိက ဆိုလားခပြီးရေ ရည်ရွယ်ချက်တိပိုင် လုပ်ကိုင်ဆောင်ရွက် ဖို့အတွက် ဒေစာပီက နောက်ဆုတ်ပီးရဖို့။ လိုအပ်ကေလည်း ကျေနပ်ဝမ်းမြောက်စွာ လက်ခံပါမယ်လို့ ရိုးရိုးသားသားခံယူထားပါရေ။ အကူအညီအနေနန့် ပံ့ပိုးလုပ် ဆောင်ပီးရဖို့ဆိုကေတောင် လုပ်ပီးပါမယ်။ ကျွန်တော်ရို့အနေနန့် အမှန်တကယ် လုပ်ကိုင်သင့်ရေလို့ သူများရို့အကြံပီးစွာတိကိုလည်း တပ်နိုင်ဖို့ပိုင် ကြိုးစားလုပ် ဆောင်ပါမယ်။

နည်းကောင်းလမ်းကောင်း၊ အကြံကောင်း၊ ဉာဏ်ကောင်းနန့် ဝေဖန်ရေးဟူ သမျှတိကိုလည်း ကြိုဆိုလျက်ပါ။

ဒေရခိုင်သားကြီးစာပီက ရှိဆက်ဆောင်ရွက်လားဖို့ မှန်းချက်တိကတော့ခါ

၁။ ရခိုင်အမျိုးသားစာပီ၊ စာအုပ်တိ၊ သုံးလတစ်ကြိမ်(ဝါ) တစ်အုပ်ထုတ် နိုင်အောင် ကြိုးစားရန်။

၂။ စာမူတိရဟိနိုင်မှုနန့် စာအုပ်ဖြန့်ဝီရေးကိစ္စ လျင်မြန်လာမှုအပေါ်မူတည် ဖျာယ် လစိုင်ထုတ်ဝီနိုင်အောင် ကြိုးစားရန်။

၃။ ရခိုင်ညွန့်ဖူးဆောင်းပါးများမဂ္ဂဇင်းမှာ ရခိုင်အရှီးအသား(ရခိုင်အသံ)နန့် ဝတ္ထုတို၊ ဆောင်းပါး၊ ပြိုင်ပွဲတိ ပြုလုပ်လားရန်။

၄။စာဟောင်း ပီဟောင်းကဏ္ဍအဖြစ် အမြဲတမ်း ရှိဟောင်းစာပီတစ်ခုခု ဖော်ပြပီးရန်။

၅။ပုဂ္ဂိုလ်အလိုက်၊ ဒေသအလိုက် (ပုဂ္ဂလိကစာအုပ်၊ မြို့နယ်မဂ္ဂဇင်းများ) ထုတ်ဝီချင်ရေ စာအုပ်တိကိုလည်း၊ တတ်အားသရွိ ကူညီဆောင်ရွက်ပီးရန်။

ဆိုရေ ရည်မှန်းချက်ကောင်းတိဖြစ်ကြောင်း သိရပါရေ။ ထိပေါက်ကေ ရခိုင်မဂ္ဂဇင်းထုတ်ဖို့ဆိုဗျာလ် အတိတ်နန့်ထိထိုး၊ ပေါက်လာရေခါ မထုတ်ဝီဝံ့ဗျာလ်ဆိုရေ အမျိုးအစားလား စောင့်ကြည့်ကတ်ရပါဖို့။

အဂုအချိန်မှာတော့ခါ စာပီပညာရှင်တိပါးက ရွီးပီးအားရွီးပို့အား(စာမူအသစ်၊ အဟောင်း)အကြံပီးအား၊ ဥာဏ်ပီးအားတိ၊ ကောင်းကောင်းနည်းပါးသိကြောင်းတွိရလို့ အားငယ်မိပါရေ။ ဒေကိစ္စကို နည်းကောင်းလမ်းကောင်း ရှာဖွေဆက်သွယ်ချဉ်းကပ်ဆောင်ရွက်ရဖို့လို့ သဘောပေါက်ခံယူထားပါရေ။

စာပီအတတ်ပညာ အသိပညာရှင်ရို့ပါးက အကြံအားဥာဏ်အားတိ တတ်နိုင်သရွိ ပါဝင်ကူညီပီးပါမှ ဆန္ဒပြည့်ဝနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါရေ။ ရခိုင်သားကြီးစာပီကို စာပီပညာရှင်များ၊ ဝါသနာရှင်များ၊ ရခိုင်အမျိုးကောင်းသားများရို့က ကင်းခြီတောက်များ တပ်ပီးထားနိုင်မှ ရှိကိုခရီးရောက်နိုင်ပါဖို့။ အဂုလည်းမအားလပ်တေကြားက ပါဝင်ကူညီပီးနီကပ်တေ ဆရာဦးစံဖော်၊ ဆရာဇသိန်းရို့၏တွန်းအားနန့် လှမ်းလားနိုင်ခြင်းပါ။

## ကျတွိနတွိ

ရခိုင်ရိုးရာအမျိုးသားစာပီနန့် ပတ်သက်လို့ စာအုပ်စာတမ်းတိ ရိုက်နှိပ်ထုတ်ဝီဖြန့်ချိရေးအတွက် ရခိုင်သားကြီးစာပီမှာ ဝင်ရောက်ဆောင်ရွက်ဖို့ ရန်ကုန်မြို့တော်ကို ရောက်လာခါစ အသစ်စက်စက်အာဂန္တုဖြစ်တယ်။ ကျွန်တော့်မှာ စာပီထုတ်ဝီခြင်းနန့်ပါတ်သက်လို့ အယင်က ဇာအတွိအကြုံတစ်ခုလည်း မဟိဖူးပါ။ မကြာခင် ဒေအလုပ်မျိုး လုပ်လာရဖို့လို့လဲ မှန်းခြေမရှိပါ။ ကျွမ်းကျင်သူတိ ဝင်ရောက်ကူညီဆောင်ရွက်ပီးဖို့မဟိလို့ ကျွန်တော်က ဆိုင်းမဆင့်ဗုံမဆင့် ဆောင်ရွက်လာရခြင်းဖြစ်ပါရေ။ ဦးဆောင်ဖို့သူဟိကေ နောက်ကလိုက်ဖို့ အသင့်ပါ။ ဦးဆောင်သူမဟိခါလည်း ရှိကလားဖို့ မကြောက်ပါ။

ကျွန်တော်နန့် ရခိုင်သားကြီးစာပီရေ အယင်ကပင် ညှိနှိုင်းတိုင်ပင်ထားစွာမဟိဘဲ၊ အဂုမှ လှမြင့်ကိုအကြောင်းပြုပဏာ ပေါင်းစုပါဝင်လာရခြင်း ဖြစ်ပါရေ။

အလုပ်ကို စကေစချင်း ကျွန်တော့်မှာ ဦးရာဇ်မြေမဂ္ဂဇင်းအမှတ်(၃)နန့် ကျတွိနတွိ ကနဦးတွိလာရရေ။ တစ်ပိုင်းတစ်စ ရိုက်ဖို့ကျန်ရေ စာသားအချို့ကို ရိုက်ပြီး

ခါမှ အောဖ့်ဆက်နန့်ရိုက်ထားရေပုံတိက ရောက်လာ။ စာမျက်နှာတိ အလွဲလွဲအချော်ချော်တွိရ၊ ပြန်လုပ်ဖို့ကလည်း မတန်တဆ ငွေကုန်မခံနိုင်။ သူများလုပ်ထားရေ လက်စလက်နကိုပင်လျှင် ပြုပြင်ဖာထီးဆောင်ရွက်ပီးယင်း၊ ပန်းထိမ်မတတ်ခင်ရွှေခိုးအယင်တတ်ဖို့ မြင်ပါရေ။ အလွန်တရာ အဖိုးထိုက်တန်လှရေ ဦးရာဇ်မြေအမှတ်(၃)က စာမူတိအား သင်္ဂြိုဟ်ရွှေခွက်နန့်တည့်ဗျာယ် မဆက်သလိုက်ရဘဲ၊ မာလာခွံ့ထဲမှာထည့်ဗျာယ် ဆက်သလိုက်ရပါရေကားလို့ စိတ်မချမ်းမြေ့စွာဖြင့် အားမလိုအားမရ တင်ပြလိုက်ရပါကြောင်း။

မြောက်ဦးမောင်ထွန်း
ဝါခေါင်းလဆန်း –၉/၅၆။

# ပိုးဝါဘွဲ့

အလေ … ဇမ္ဗူကျွန်းသာ၊ ဤလူ့ရွာတွင်၊ ဖြစ်စေများစွာ၊ အဖြာဖြာကို၊ ဘုရားဖြစ်ကြောင်း၊ ဗုဒ္ဓလောင်း၊ အပေါင်းလူ့ရွာ၊ ဇမ္ဗူချာတွင်၊ ဖြစ်ထတုံဟန်၊ အတန်တန်ကို၊ အကျွန်ုပ်က၊ လင်္ကာစစ်ကို၊ ဆိုလိုက်မည်လေ။

အလေ … ရှိသရောအခါ၊ ဗာရာဏသီ၊ ခေါ်ညီတွင်သည်၊ ထိုရွှေပြည်မှာ၊ သူဌေးသူကြွယ်၊ ဟိသည်မရှား၊ အပြည်ပြည်မှာ၊ ဆင်းရဲသားလေး၊ ပျော်ပါးသည်မရွှင်၊ နေကျင်သည်သလှာ၊ သောင်းသောင်းသဲသဲ၊ တိုင်းလဲအလေမှာ၊ ညာဇာပူရိ၊ ညို့လတရော၊ ကစားပျော်ရွှင်၊ ဆရာကျောင်းမှာ၊ နေစည်တွင်လည်း၊ တစ်ရွာကေတစ်ယောက်၊ လက်ရှီးကောက်၍၊ ကြောင်းလျှောက်ကမ်းပါး၊ ဈီးဒုက္ခံမှာ၊ ပြောသံကြားလို့၊ မနောကြီးစွာ၊ အဘမဲ့ရေ၊ စံရဲဘော်ကေ၊ ထံတော်ဝပ်စင်း၊ နန်းစည်ရှင်ကို၊ လျှောက်လတ်ခြင်းကား၊ အပြည်ပြည်နှင့်၊ အမြို့မြို့မှာ၊ စောင်းကိုမင်းသား၊ အစည်ပြောကေ၊ ကြားဘူးရေကား၊ စောင်းကိုရကြောင်း၊ ရှင်မင်းသားမှာ၊ ရအောင်ချောင်းပါ၊ ပဇောင်ရာဖြစ်ကေ၊ ရွှေမိကျောင်းကို၊ ဇာအရပ်မှာ၊ ရခီမေရုံ၊ မနေကြီးစွာ၊ အဘမဲ့ရေ၊ စံရဲဘော်ကား၊ ထံတော်ဝပ်စင်း၊ နန်းစည်ရှင်ကို၊ လျှောက်လတ်ခြင်းကား၊ ယူဇာနာခြောက်ဆယ်၊ ဝိထိကျယ်ကေ၊ လင်္ကာဒီပ၊ မေရတွင်ဆို၊ အလွန်ပီးကေ၊ ပြည်သိင်္ဃိုမှာ၊ ရောင်းဝယ်ဖောက်ကား၊ ကုန်သည်သားမှာ၊ မယားကိုတမ်း၊ ပြည်သိင်္ဃိုကို၊ နိတိုင်းလွမ်းရေ၊ သားကိုလည်းတမ်း၊ ပြည်သိင်္ဃိုကို၊ ဆွတ်ပျာလွမ်းရေ၊ စိတ်မှတ်စွာကား၊ လားရာရပ်မှာ၊ ရွှေမညောင်းကို၊ ထပ်ကပ်ပါလို့၊ မမွတ်တင့်တယ်၊ ရွှေမညောင်းကို၊ မိကျောင်းကို တီးချင်သည်လည်း၊ ယကောင်ရာဖြစ်ကေ၊ တရာငွေကို၊ ယူလေသည်တရပ်၊ မနောကျွန်ကို ယူဇောင်လွှတ်တော၊ မဏောကျွန်မှာ၊ လာပြန်လတ်မြောက်၊ လောင်းသဘော်မှာ၊ ချက်ချင်းရောက်

တော။ မနောကျွန်မှာ၊ ထတန့်ချည်းကပ်၊ စကားပြန်ကို၊ ပါးချင်းဟပ်လို့၊ မချစ်ချင်
ကေ၊ ချစ်ချင်ရေနန့်၊ သဘော်သျှင်ကို၊ ပါးကိုတန်းလို့၊ မမွတ်တင့်တယ်၊ လောင်း
သဘော်မှာ၊ လျှောက်လတ်တေကား၊ စကြာသခင်၊ အရှင်မင်းသား၊ သက်ကိုပိုင်
ရေ၊ သျှင်မင်းသားလေ၊ ဤပြည်မင်းသား၊ သနားလျစ်လျူ ရွှေမညောင်းကို၊
ဝယ်ဘို့လိုရေ၊ တရာဒင်္ဂါး၊ သနားတိတ်တို့၊ သဘော်ရှင်မှာ၊ ကျွန်ကားယူလာ၊
ဤသို့ဆိုသံ၊ တရုံထင်ရှား၊ ဒေသဘော်မှာ၊ တတပ်ကြားလို့၊ သိန်းခိုကုလား၊ တ
ပြည်သားမှာ၊ ယောက်ကျားစိတ်တို၊ လောင်းသဘော်မှာ၊ ငေါက်လို့ဆိုကေ၊ ရောင်း
ဝယ်ဖောက်ကား၊ ကုန်သည်သားမှာ၊ လာငြားကေပင်၊ ဤပြည်သားမှာ၊ တောဇာ
ထင်ရေ၊ တရာထက်က၊ တထောင်ပင်ပီး၊ ရွှေမညောင်းကို၊ မရောင်းသိလေ၊ မ
ရောင်းတဖန်၊ မနောကျွန်မှာ၊ လာပြန်လတ်မြော်က်၊ ကိုယ်အရှင်ကို၊ တင်ပြီး
လျှောက်ကေ၊ မောင့်လျှောက်သံကို၊ တရုံမင်းသား၊ နားဒ္ဒကြားကေ၊ မင်းသားသံ
ချို၊ မနောကျွန်ကို၊ ဤသို့ဆိုရေ၊ ယဓောင်ဖြစ်ကေ၊ ပဓောင်ကြံလို့၊ ရွှေမညောင်း
ကို၊ ရခိမေရုံ၊ ဓောင်ဇာဖြစ်ကေ၊ လိုချင်ပါသော်၊ သျှင်မင်းသားမှာ၊ လောင်းသဘော်
မှာ၊ ကိုယ်တိုင်ကြွလာ၊ စကားငါးခွန်း၊ မသကာဆို၊ ရွှေမညောင်းကို၊ ရမေလေ၊
အငယ်ကပင်၊ တမိဝမ်းတွင်၊ ညီ၍ဝင်သည်၊ တရင်တည်းနို့၊ မိရင်ခွင်မာ၊ ဝီလိုစို့
သည်၊ ကျွန်ထက်ကြီးသည်၊ နောင်ကြီးတစ်ဖန်၊ ထက်နိဗ္ဗာန်မှာ၊ လွန်ခရေလေး၊
ငွေကိုရုပ်ထု၊ သွန်းပုံပြု၍၊ ဖြစ်ဖို့သူပင်၊ ဇမ္ဗူကျွန်းမှာ၊ လူမမြင်ပါ၊ အလွန်ကြင်
သည်၊ နောင်ရင်းနည်းတူ သဘော်ရှင်ကို၊ ရုပ်ပုံထုကေ၊ စွပ်လို့ထားယောင်။ နူနူ
နွေနွေ၊ ဆိုဖွေမဟိ၊ ဖြစ်ဘိတုံလတ်၊ လောင်းသဘော်မှာ၊ ဘဲကြော့သတ်လို့၊ မ
မွတ်တင့်တယ်၊ လောင်းသဘော်မှာ၊ လျှောက်လတ်တေလေ။

ကုလားငရုပ်၊ မျက်စိဒေါင့်မှာ၊ တဖွေသုတ်လျှင်၊ ရှင်မင်းသားမှာ၊ ငိုရုပ်ပျင်
ရေ၊ ယဓောင်ရာဖြစ်တေ၊ မနေသေးဟန်၊ သည်အကြံလျှင်၊ ကောင်းမေဟန်ဟိ
ယင့်၊ လောင်းသဘော်မှာ၊ ငါသွားမေလေ။ ကုလားရွှေသာ၊ ကြိုးကာကမူ၊ ကိုကျွန်
ကွန်ရွက်၊ ညဏ်သလှာစွာ၊ ကမ္ဘလာကို၊ မြင်းကျောက်တက်တွင်၊ လွဲကာတင်ရေ၊
ဘယ်ကကြည့်လဲ့၊ ဝေကရွှန်ရွှန်၊ ဘန်ကြိမ်လုံးနှင့်၊ ညာကအကြည့်၊ ရှင်မင်းသား
မှာ၊ မြင်းဇက်ဆွဲလို့၊ မင်းသားသူငယ်၊ ဇင်းခါကြောင်းကို၊ ယောင်ခရေလေ။
သွားလေတုံမြော်က်၊ လောင်းသဘော်မှာ၊ လွန်စွာရောက်တည်၊ ရောက်လက်တေ
ခါ၊ မနောကျွန်မှာ တဖန်ချည်းကပ်၊ စကားပြန်ကို၊ လားရင်းဟပ်လို့၊ စကားပြန်
မ၊ တတန်ချည်းကပ်၊ သဘော်ရှင်ကို၊ လားရင်းဟပ်လို့၊ မမွတ်တင့်တယ်၊ လောင်း
သဘော်မှာ၊ သဘော်ရှင်ကို၊ လျှောက်လတ်တည်ကား၊ တထူးတလေ၊ တစ်ခါရုံ
ဖူး၊ သျှင်မင်းသားမှ၊ လောင်းသဘော်ပါ၊ ရောက်လှာသည်လည်း၊ အဘယ်ကို

ဇာ၊ သျှင်မင်းသားကို၊ မသိရလို့၊ ဤသို့ဆိုသံ၊ တရံဆွတ်မှား၊ သျှင်မင်းသားမှာ၊ နားဝေကြားကေ၊ မင်းသားသံချို၊ လောင်းသဘော်မှာ၊ ဤသို့ဆိုရေ၊ မပြောချင်ရေ၊ သိချင်ဘနန်း၊ သဘော်ရှင်ကို၊ ဆိုလတ်တည်ကား၊ အငယ်ကပင်၊ တမိဝမ်းတွင်၊ ညီ၍ဝင်သည်၊ တရင်တည်းနို့၊ မိရင်ခွင်မာ၊ ဝီ၍စို့သော်၊ တို့ထက်ကြီးသည်၊ နောင်ကြီးတဖန်၊ ထက်နိဗ္ဗာန်မှာ၊ လွန်ခရေလဲ၊ ငွေကိုရုပ်ထု၊ သွန်းပုံပြု၍၊ ဖြစ်ဖို့လူပင်၊ ဇမ္ဗူကျွန်းမှာ၊ လူမမြင်ပါ၊ ရွှေကိုရုပ်ထု၊ သွန်းပုံပြု၍၊ တူဘို့သူပင်၊ ဇမ္ဗူကျွန်းမှာ၊ လူမမြင်ပါ၊ အလွန်ကြင်သည်၊ နောင်ရင်းနှင့်သာ၊ သဘော်ရှင်ကို ရုပ်ပုံထုကေ၊ စွပ်၍ထားယောင်၊ နူနူနေနေ၊ ဆိုဘွေမဟိ၊ ဖြစ်ဘိတုံလတ်။ လောင်းသဘော်မှာ၊ ဘေးကြော့သတ်လို့၊ မမွတ်တင့်တယ်၊ လောင်းသဘော်မှာ၊ သောက်ပွေးတည်ရေ၊ ကုလားငါးရုပ်၊ မျက်တောင်ကြားမှာ၊ တသွေသုတ်လို့၊ ငိုရုပ်ပျင်ရေ၊ နေ့စည်နေ့စည်၊ သျှင်မင်းသားမှာ၊ နေငြားစည်တွင်၊ နီလည်းကျလတ်၊ သုံးပိုရ်ကတ်တွင်၊ ဝတ်စသိန်းပြင်၊ နန်းစည်ရှင်မှာ၊ လာရုပ်ပျင်ရေ၊ ဝတ်စားသိန်းပြင်၊ နန်းစည်းရှင်မာ၊ လောင်းကိုပျင်ရေ၊ သိန်းခိုကုလား၊ တပြည်သားမှာ၊ ထွက်သော်တချက်၊ လောင်းသဘော်မှာ၊ စိစိထွက်သော်၊ သူကတခါ၊ မျိုးဆက်လှာသည်၊ ခုမပြောကေ၊ လာသည်လမ်းမှာ၊ ကုလားမစ်ဇာ၊ ဆိုခမေလေ၊ ယဇောင်ရာထွက်ကေ၊ လက်မဝတ်တယ်၊ နဝရတ်မျက်ရံ၊ အဘာပီးရေ၊ သိန်းသောင်းတန်ကို၊ ဒေကိုဇာညီထွီး၊ ယူကောင်းပါဘိ၊ လောင်းသဘော်မှာ၊ ထုတ်လို့ပီးရေ၊ မင်းသားလွေကူ၊ မယူပါလို၊ လောင်းသဘော်မာ၊ ငြင်းခုံဆိုရေ၊ ယဇောင်ရာဖြစ်ကေ၊ နားမာဝတ်ကေ၊ ကိုယ်ရိုပ်လည်းမြင်၊ စိန်ရောင်လိပ်လက်၊ အဘာပီးရေ၊ မြနဘက်ကို၊ ဒေကိုရာညီထွီး၊ ယူကောင်းပါဘိ၊ လောင်းသဘော်မာ၊ ထုတ်လို့ပီးရေ၊ မင်းသားလွယ်ကူ၊ မယူပါလို၊ လောင်းသဘော်မာ၊ ငြင်းခုံဆိုရေ၊ ဇောင်ဥစ္စာကို၊ သွေကာတည်မသျှား၊ ယဇောင်ရာဖြစ်ကေ၊ မင်းသားမာလေ၊ မင်းသားဘာသာ၊ ဆရာကျောင်းမာ၊ တီးစရာလေ၊ မင်းသားမာလဲ၊ မင်းသားဘာသာ၊ ဆရာကျောင်းမာ၊ ပျော်ရပါသည် ထင်ရာတေမသျှောင်၊ ငါတွင်ပါရေ ရွှေမချောင်းကို၊ ယူကောင်းဘိလေ၊ လောင်းသဘော်မာ၊ ထုတ်လို့ပီးခါ၊ စောင်းကိုရလျှင်၊ ရေပြုံးရေသွင်၊ လောင်းသဘော်မှာ၊ လွှားကာတင်လို့၊ လာငြားလတ်မုံ၊ လမ်းစပ်ကြားမာ၊ မာနောယူရေ၊ သွားလေတုံမြော်က်၊ ဆရာကျောင်းမှာ၊ ရှည်ဒည်းရောက်လို့၊ ရောက်လတ်သောအခါ၊ သျှင်မင်းသားမှာ၊ ကြံလတ်တေလေ။ တီးမည်တီးမည်၊ အရှေ့ပြည်က၊ ပိုးကြိုးဝယ်ရေ၊ ငွေသုံးဆယ်လေ၊ တီးမယ်တီးမယ်၊ ပညာသခင်၊ ဆရာသျှင်ကို လျှောက်ထုံလေပြီး၊ တကြိမ်စောင်းကို၊ ညှိဗျာတီးရေ၊ တီးစည်တီးစည်၊ တီးငြားစည်တွင်၊ လက်ကျွမ်းလည်းဝင်၊ သျှင်မင်းသားမာ၊ နားလည်းတင်ရေ၊ လုလင်မင်းသား၊

ကျောင်းစည်တိုင်မှာ၊ တက်လတ်ငြားခါ၊ မင်းသားလူပျို၊ ဆရာကျောင်းမှာ၊ စောင်း
နှင့်ပျော်ရေ၊ မတီးချင်သခင်မင်းသား၊ ကျောင်းစည်တိုင်မှာ၊ ရွှေမချောင်းကို၊ တင်
လို့ထားရေ၊ ဆေရီးရန်ခါ၊ စိတ်ကိုဖျော်ကေ။ တီးစရာလေ၊ ပိုးခြေနှစ်ပင်၊ ကြိုး
တပင်လေ၊ စွေရှင်လေးချောင်း၊ စိတ်ကိုပျော်ရေ၊ ရွှေမချောင်းကို၊ ဟီးစရာလေ၊
မင်းသားလူပျို၊ ဆရာကျောင်းမှာ၊ စောင်းနန့်ပျော်ရေ၊ ပိုးခြေနှစ်ပင်၊ ကြိုးတစ်ပင်
ရေ၊ စွေရှင်လေးချောင်း၊ စိတ်ကိုဖျော်ရေ၊ ရွှေမချောင်းကို၊ တင်ကြောင်းတည်ရင်
ခွင်၊ အသာတည်တင်ပြီး၊ သုံးပင်ကြိုးကို၊ ညီအောင်ညှိရေ၊ တိုးကိုကငင်၊ ကျားကို
သင်၊ မှန်ကြိုးကိုခတ်လို့၊ လက်သန်းလက်လယ်၊ လက်ကြွယ်လက်မ၊ စောင်းဆေ
စိတ်မှာ၊ လျှောက်လို့ချရေး၊ ညာဘက်လက်ညှိုး၊ မချောင်းလိုင်မှာ၊ စီလို့တိုးရေ။
ခြင်းမျိုးလည်းပေါ်၊ ဆရာကျောင်းမှာ၊ တီးလတ်တေကား၊ မတီးချင်ကေ၊ လုလင်
ဒေမင်းသား၊ ကျောင်းစည်တိုင်မှာ၊ ရွှေမချောင်းကို၊ တင်လို့ထားရေ၊ ဆေရီးရန်ခါ
စိတ်ကိုဖျော်ကေ၊ တီးစရာလေ၊ မတီးချင်ကေ၊ လုလင်ဒေမင်းသား၊ ရွှေကြိမ်စင်
မှာ၊ တင်လို့ထားကေ၊ နိစည်နိစည်၊ နိငြားစည်တွင်၊ တပြေနှစ်ပြေ၊ သံတောင်းပြေ
မှာ၊ ဘုန်းတော်ကြီးလျှံ၊ ထွန်းရောင်တောက်ပ၊ ရွှေနန်းရှင်ရဲ၊ နတ်အလားသို့၊
နန်းကြီးဒေသုံးဆောင်၊ အိမ်မြောင်ဒေခေါင်ဆစ်။ သံဒည်မြို့မှာ၊ စတုရစ်နှင့်၊ နဂ
ရာဇ်ကေဆင်ဝင်၊ သုံးဆင့်တင်သည်၊ ယခုသာခြေ၊ သုံးဆောင်နန်းမှာ၊ ပျော်လတ်
တေကား၊ ဆင်ဖွေဆင်ဖြူ၊ ပြော့ဆေဒေါင်မှာ၊ အုံးသုံးလုံးနှင့်၊ စက္ကူယတ်နန့်၊ ရွှေ
ယတ်ပြောက်တူ၊ တဆူကိုထား၊ တဆူရှားလို့၊ နန်းအိမ်သာမယ်၊ ဇာမသျှားရုံ။
ပျော်စည်ပျော်စည်၊ ပျော်ငြားစည်တွင်၊ သံဒေါင်ရာဇာ၊ မေဇာထွင်ပြီး၊ မင်း၏သ
မီးသား၊ မိဘုရားမှာ၊ သန္ဓေဝမ်းတွင်၊ နေတုံလျှင်၍၊ သွားတုံလျှင်ပင်၊ မျက်နှာမြင်
၍၊ ပုခက်လဲတင်၊ မေရေထုငြား၊ မှေ့တခေါ်လတ်၊ သံဒေါင်းရာဇာ၊ မေဇာတွင်
ပြီး၊ မင်း၏ရင်သွီး၊ ထွန်ညီလှစွာ၊ သံဒည်မြို့မှာ၊ ထွင်ပိုးဝါလဲ၊ နီစည်နေစည်၊
နေငြားစည်တွင်၊ တစ်ထဲပျော်ရေ၊ မမေ့ဒေမန်၊ လှပိုးဝါမှာ၊ ဝါကြိတ်တေလေး၊
လက်ဝဲတစ်ခွင်၊ ညဦးတယံ၊ လှပိုးဝါမှာ၊ ဗိုင်းငင်သံနှင့်၊ သလွန်ပျော်ပျား၊ နန်း
ရွှေတောင်မှာ၊ နေစည်ငြားခါ၊ ဆင်ဖွေဒေယင်းဖြူး၊ ပြော့ဆေဒေါင်မှာ၊ အုသုံးလုံး
နှင့်၊ စက္ကူယတ်နှင့်၊ ရွှေယတ်ရွာထုံ၊ နန်းရွှေမှာ၊ တဆူရွားရေ၊ တဆူကိုကား၊
နန်းရွှေတောင်မှာ၊ တဆူရွားလို့၊ ပျော်စည်ပျော်စည်၊ ပျော်ငြားစည်တွင်၊ ပိုးဝါဒေ
ဝီ၊ ကျွန်းခြေရံဒေသျှား၊ ချိန်ထိန်းယရို့၊ လက်တံရှေသည်။ ဟံလေကောင်းစွာ၊
အိမ်လုံးပိုင်သည်၊ သိန်းခေါင်မရို့၊ အခါများစွာ၊ ကျောင်းကန်ပေါင်မှာ၊ ရီခတ်လား
ရေ၊ တခါဒေတရံ၊ ခါရံတထူး၊ ရှင်ပင်ကျောင်းက၊ စောင်းတီးသံကို၊ မကြားဘူး
ချေ၊ တထူးတလေ၊ စောင်းတီးသံကို၊ ကြားခီရေလေ၊ လက်တံရှေသည်၊ ဟန်

သည်ကောင်းစွာ၊ အိမ်လုံးပိုင်သည်၊ သိန်းခေါင်မကား၊ သွားလီတုံမြော်ကမ်မယ် အိမ်ကြီးမှာ၊ လျင်စောရောက်လာ၊ အုံလောင်ဒေစိမ်မြ၊ ရေအိုးခွက်ကို၊ ကြမ်းမာချ လို့၊ အလုံးစုံပင်၊ ရှင်တော်ထံပါး၊ ပြိုင်လို့ဝင်ရေ၊ ယဓောင်သခြေ၊ မေပိုးဝါကို လျှောက်လတ်တည်ကား၊ အခါများစွာ၊ ကျောင်းကန်ဘောင်မှာ၊ ရေခတ်လာရေ၊ တခါတရံထူး၊ သျှင့်ပင်ကျောင်းမာ၊ စောင်းတီးသံကို၊ မကြားဘူးပါ၊ တထူးတ လေ၊ သျှင်ပင်ကျောင်းက၊ စောင်းတီးသံကို၊ ကြားခိရေကာ၊ ဇာပြည်ဇာရွာ ဇာ ကျွန်းချာက၊ ရောက်လှာယောကျ်ား၊ စောင်းသမားလည်း၊ လက်တံရှေက၊ ဟန် လေကောင်းစွာ၊ အိမ်လုံးပိုင်ရေ၊ သိန်ခေါင်မကား၊ လက်ကောင်းရုံစု၊ ကြာမုံအ သွင်၊ ဆေချောင်းလက်ကို၊ ဦးထိပ်တင်လို့၊ ကြောင်းလျှင်စိပ်ရပ်၊ လက်တံရှေက၊ ဟန်လေကောင်းစွာ၊ သိန်းခေါင်မမာ၊ လျှောက်လတ်သောခါ၊ လျှောက်သည်စ ကား၊ မယုံပါလို့၊ မေပိုးဝါမာ၊ ဤသို့ဆိုရေ၊ မစီးမစပ်၊ ခရမ်းသီးမာ။ မဲ့ဒါး ခတ်ယောင်၊ မစီးမစပ်၊ ဆင်နှားရွက်မာ၊ စက်နှားတပ်ယောင်၊ အကြားဒေအ သျှောင်၊ နင်ကျွန်မမာ၊ နန်းတို့သျှင်၊ ကြားကေအရှောင်၊ ဇေတအကြားလာ၊ ရပ်ဗာ မျက်စိကျလို့၊ စည်ယောင်သည်၊ နင်ကျွန်မကို၊ ပြစ်တင်မေပျာ၊ စကားဥပဒေ၊ မေပိုးဝါက၊ သိန်ခေါင်မကို၊ ပြောလတ်တေကား၊ နောက်ခြီးဆုဆု၊ ရွှေခြေထု၍၊ ယင်းနိုကပင်၊ လှပိုးဝါမာ၊ နေလေကျင်သော်၊ နီစည်နီစည်၊ နီငြားစည်တွင်၊ လှ ပိုးဝါမာ၊ နေငြားခါဝေ၊ မေလေလေကေး၊ မေလေနေဆိုက်၊ မိဘအိမ်မာ၊ ဗိုင် ငင်ဆိုက်လေ၊ မောင်လေလေ့ကေ၊ မောင်လေပျော်တုန်း၊ ဆရာကျောင်းမာ၊ စောင်း တလုံးနန့်၊ မောင်လေလေ့ကေ၊ မောင်လေလုံလှ၊ ဆရာကျောင်းမာ၊ စောင်းတီးခ ရ၊ စောင်းကိုရင်ခွင်၊ အသာတင်ပြီး၊ ကြိုးသုံးပင်ကို ညီအောင်ညှိကေ၊ မင်းသားသံ ချို၊ ဆရာကျောင်းမာ၊ စောင်းခြင်းဆိုရေ၊ ထုတ်ကနေသည်၊ ကုန်ဒီဒေနတ်များ၊ သျှင်သိကြားလဲ၊ နတ်များမနီ၊ မောင်စောင်းသံကို၊ ပို့စီသောလေ၊ ဤသို့သံချို၊ သျှင်မင်းသားမာ၊ စောင်းခြင်းဆိုရေ၊ မေလေလေကေ၊ မေလေလုံလှ၊ သန်းခေါင် ညဥ့်မာ၊ ဗိုင်ငင်ထရယ်၊ ဓူးဝေရဟတ်၊ မြနန်းသာမှာ၊ ခြေသုံးပတ်ကို၊ လက်ဖျားညီ စွာ၊ ကိုင်ကာတည်ညီညွတ်၊ သုံးဆောင်နန်းမာ၊ ခလှေ့တတ်လေ၊ အလှဒေပိုးဝါ မေဇာလုံလှ၊ သန်းခေါင်ညဥ့်မာ၊ ဝါဂွမ်းဆွရေ၊ ဝါဂွမ်းဆွဆစ်၊ စုံလီတိုက်လို့၊ အ လိုက်သင့်စွာ၊ သျှင်ပင်ကျောင်းက၊ မောင်စောင်းသံကို၊ ပိုးဝါနားမာ၊ ကြားသင့်ပါရေ၊ နတ်ရုပ်ဆင်းဝါ၊ ပိုးဝါသွေရစ်၊ ဆွရေဂွမ်းကို၊ ချီ၍ပင်ကေ၊ ပြီး၍ခုပင်၊ အယင်ဒေစပ် စစ်၊ လှပိုးဝါကား၊ လွန်တပျင်းမှာ၊ ထွက်လို့လိုက်တေ၊ ကျောက်နှင့်ရေသည်၊ တ မျက်တိုင်ကို၊ လက်ကိုင်စွဲမှတ်၊ လှေကားခုံမှာ၊ ခြေစုံရပ်လို့၊ အကြောင်းစိစိ၊ မေပိုး ဝါမာ၊ ထွက်ခီမိသော်၊ မြင်မိုရ်တောင်ရေး၊ အလွန်ကြီးခြင်း၊ ဘရင်းကြားကေ၊ ငါ

တဲသူကို၊ ပြစ်တင်မေဟု၊ ကြောက်စွာလုံလတ်၊ ရှိခြံ့ရှု၍၊ မဟုတ်ပါဘိ၊ လုပိုးဝါမာ၊ နေလေရာတွင်၊ ယင်းနေ့ကပင်၊ နှလုံးပူဆာ၊ တင်းထိမ်တွင်းမှာ၊ လုပိုးဝါလေ၊ ဖျားယောင်နာယောင်၊ ခေါင်းမွေ့ယောင်သည်၊ ဗဓောင်ဒေမသိ၊ ပိုးဝါစွန့်ရေ၊ သလွန်ခက်မှာ၊ မောလို့ဟိရေ၊ ထမင်းကိုပင်၊ မစားချင်ရေ၊ ရေသျှင်မသောက်၊ လုပိုးဝါမာ၊ ဝမ်းမကောက်လို့၊ ပဓောင်ကြံစည်၊ မောင်စောင်းသည်ကို၊ မြင်ရမေရုံ၊ ကာလဒေမြင့်ရှေ၊ နှစ်များဒေလကျူး၊ မောင်စောင်းသည်ကို၊ မတွေ့ဘူးကေ၊ ရူးစွာမေလေး၊ စကားဥပဒေ၊ လုပိုးဝါကား၊ သိန်းခေါင်းမှာ၊ ကြားလတ်ငြားကေ၊ ကြားသူတဖန်၊ သိန်ခေါင်မကား၊ လာမေဘို့ကို၊ အာမခံရေ၊ ဆေးလိပ်ကွမ်းယာ၊ ပေးစရာကေ၊ ပုဝါအပြေ၊ လုပိုးဝါက၊ လားမေသူကို၊ လက်မှာထည့်လို့၊ အောင်သွေတမန်၊ လုပိုးဝါမာ၊ ကို့စေကျွန်ကို၊ လျင်မြန်ကေလွှတ်မြောက်၊ သိန်းခေါင်မကား၊ ကျောင်းစည်တိုက်မာ၊ လျင်ဆောရောက်တေ၊ လက်တေဆေချောင်း၊ စုံစွာပေါင်းကေ၊ လက်ပေါင်းရုံးစု၊ ကြာမုံအသွင်၊ ဆေချောင်းလက်ကို၊ ဦးထိပ်တင်လို့၊ ကြောင်းလျှင်စိတ်ရိပ်၊ သိန်းခေါင်မမာ၊ လျှောက်လတ်ပြီးသော်၊ စကားဥပဒေ၊ သျှင်မင်းသားမာ၊ သိန်းခေါင်မကို ပြောလတ်တေကား၊ ပိုးဝါရှင်မ၊ လူကိုဆောင်းပါး၊ စကားမတူ၊ သျှင်ပင်ကျောင်းမာ၊ ဝါမကျူးပါ၊ ပါရမီသွာရ၊ နန်းတော်မှာသို့၊ နဘူးစာရေ၊ ကြမ္မာကောင်းကေ၊ နန်းစည်သျှင်မာ၊ ပြောလတ်တေလေး၊ ပြောသည်စကား၊ ကြားလတ်သောခါ၊ သွားလေတုံမြောက်၊ ပိုးဝါနေသည်၊ နန်းအိမ်မကို၊ လျင်ဆောရောက်ခါ၊ စကားဥပဒေ၊ မေပိုးဝါကို၊ လျှောက်လတ်တေကာ၊ လျှောက်သည့်အလံ၊ တရံဆွတ်များ၊ မေပိုးဝါလေ၊ အပျိုးနားမား၊ တဘက်ကြားကေ၊ ယင်းနေ့ကပင်၊ နှလုံးပူဆာ၊ စိတ်ပူဆာလည်း၊ ဗျာယကင်းပျောက်၊ မယ်ပိုးဝါမှာ၊ ချမ်းသာရောက်လို့၊ ဘုရားဖူးမေ၊ လုပိုးဝါမှာ၊ ကြံလတ်တေလေ၊ သစ်ကိုထုဟံ၊ ကြီးကိုမှန်ကေ၊ ရွှေကျန်တေဘုရား၊ ကျောင်းစည်တိုက်မာ၊ တည်လို့ထားကေ၊ ကျွန်လည်းသခြေ၊ မြတ်ရှင်ပင်ကို၊ ဘူးခီမေလေ၊ ငါ့မာစေကျွန်၊ ခြေရံမသျှား၊ မိနှင့်ဘမှာ၊ ချစ်လို့ပီးသည်၊  ချိန်ထိန်းယတို့၊ လက်တံရှေသည်၊ ဟန်လေကောင်းစွ၊ အိမ်လုံပိုင်ရေ၊ သိန်းခေါင်းမရို့၊ ဘုရားတန်ဆောင်း၊ များမြောင်လုထွန်း၊ တန်ခွန်ဆီမီး၊ ပြဿဒ်ထီးနှင့်၊ မုနိဆင်းတု၊ ကောင်းမှုရို့ကို၊ အညီမေတို့၊ ဘူးခီမေလား၊ ငါ့မှာစေကျွန်၊ ခြွေရံမသျှား၊ သြော်မေများတို့၊ အနီတင့်သူ၊ အနီမေတို့၊ တင့်ရာရာကို၊ ဆင်ကတ်တုံလေ၊ အဖြူတင်သူ၊ အဖြူမေရို၊ တင်ရာရာကို၊ ဝတ်ကတ်လီလေ၊ အဝါတင်သူ၊ အဝါမေတို့၊ တင့်ရာရာကို၊ ဆင်ကတ်လီလေ။ အညိုတင်သူ၊ အညိုမေတို့၊ တင့်ရာရာကို၊ ဆင်ကတ်လီလေ။ အနီတင်သူ၊ အနီမေရို့၊ တင့်ရာရာကို၊ ဆင်ကတ်လီလေ။

အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်လတ်ပါရေ၊ ဘောင်းနက်ကေထမိန်၊ သုံးနှစ်လုံးပင်၊ ဝတ်မကြီးကေ၊ အောက်ခြီတဆင့်၊ လှပိုးဝါမှာ၊ မကျည်းပွင့်နှင့်၊ လှတင့်၊ ဆင်ယင်မေပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ခါးတွင်ကြည့်လည်း၊ ခါးကြိုးဒွါဒရာ၊ မျက်ငါးဖြာကေ၊ စုံစွာသီသတ်၊ လှပိုးဝါမှာ၊ နောက်စချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ။ ရင်မှာမာကေ၊ ရင်မာကြည့်လည်း၊ ကင်းဇွန်းရွက်ရောင်၊ လှပိုးဝါမှာ၊ ပန်းပွင့်ယောင်လဲ၊ ခြာရာဆီသတ်၊ မမေရင်မာ၊ မမွတ်ချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလည်း၊ ကိုမာမှာရေ၊ ကိုမာကြည့်လည်း၊ ကိုမှာဘာဇူ၊ ရွှေတူပန်းခက်၊ မေတဇူမာ၊ ခြိုးဇရက်နှင့်၊ လိုင်ယှက်ဥဒေါင်း၊ ရုပ်ပေါင်းများစွာ၊ မေတဇူမာ၊ သာလိကာနှင့်၊ စတုပါလ၊ နတ်သားလေးယောက်၊ ကတ်တုံပြီးကေ၊ ကြိမ်လုံးပြောက်နှင့်၊ ထောက်လို့ကြည့်ဟန်၊ မေဘာဇူမာ၊ ခြသေ့ံရုံလို့၊ အထောင့်လေးထောင့်၊ မေဘာဇူမာ၊ နတ်သားစောင့်လို့၊ ရုပ်တုံသန်သန်၊ လှပိုးဝါကို၊ မိနှင့်ဘမာ၊ ချစ်၍ပေးသော်၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းတယ်သခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ခေါင်းမမာရေ၊ ခေါင်းမာကြည့်လည်း၊ ခေါင်းမာကြက်ခြီ၊ မြပန်းကုံးမှာ၊ ရွှေပွင့်ဝီလို့၊ ဦးရာဇ်ကေဆံထုံး၊ မြအိုးလုံးနှေ၊ ပိုးဝါခေါင်းမာ၊ တင်မိရေလေ၊ လက်မာမှာရေ၊ လက်မာကြည့်လည်း၊ နဝရတ်မျက်ရုံ လှပိုးဝါမှာ၊ အဘာပီးကေ၊ သိန်းသောင်းတန်လို့၊ နှစ်ချောင်းကိုရွှတ်၊ သျှစ်ချောင်းလက်မာ၊ အပြည့်စွပ်လို့၊ တင့်ကြောင်းတေသခြေ၊ လှပိုးဝါက၊ သျှစ်ချောင်းလက်မှာ၊ ဆင်ဝတ်တေလေ၊ နားမှာမာရေ၊ နားမာကြည့်လည်း၊ ကိုယ်ရိပ်လည်းမြင်၊ စိန်ရှင်ဒေလိပ်လက်၊ လှပိုးဝါမှာ၊ မြနဘက်ကို၊ တင့်ကြောင်းသခြေ၊၊ ပိုးဝါနားမှာ၊ ဆင်ဝတ်တေလေ။ တကြောင်းလှစွာ၊ လှပိုးဝါမှာ၊ သင်ပြီးမှလျှင်၊ အုအောင်ထန်းစင်၊ ယည်ရှင်တေမစီး၊ လှပိုးဝါမှာ၊ ခြေကျင်ပြီးလို့၊ ပြီးပြီးခုပင်၊ အလျှင်တေခဏ၊ မွေးရေမိနှင့်၊ ဖခင်ထံမှာ၊ သွားလေငြားလို့၊ ပုဆစ်ထုပ်ကေကွကွ၊ လှပိုးဝါမှာ၊ ရှိတွင်ချလို့၊ လက်ကေဆယ်ချောင်း၊ စုံစွာပေါင်း၍၊ လက်ပေါင်းရုံးစု၊ ကြာမုံအသွင်၊ ဆယ်ချောင်းလက်ကို၊ ဦးထိပ်တင်၍၊ ကြောင်းလျှင်တင့်တယ်၊ လှပိုးဝါမှာ၊ လျှောက်လတ်တေလည်း၊ လကိုတခါမမြင်ပါဖူး၊ တပင်တိုင်လေ၊ ယဉ်ပြာသဒ်မာ၊ စံလို့နီသည်၊ ဘကျေးဇူးလည်း၊ သစ်ကိုထုဟန်၊ ကြီးကိုမံကေ၊ ရွှေကျန်ဖုရား၊ ကျောင်းစည်တိုက်မာ၊ တည်လို့ထားကေ၊ ကျွန်လည်းသခြယ်၊ မြတ်ရှင်ပင်ကို၊ ဘူးခီမေလည်း၊ လွန်လို့ကြင်ကေ၊ မွေးရေဘာနှင့်၊ ဘခင်ခွင်လန်း၊ ကျွန်ဒေသူကို၊ ရွှတ်ပါလတ်လေ၊ ပိုးဝါဆိုသံ၊ တရုံဆွတ်ဖျား၊ ဘခင်နားမာ၊ တတပ်ကြားလို့၊ သီဖျာဆိုငြား၊ ဆိုလတ်တေကား၊ ပိုးဝါဆိုရေ၊ အောင်ဘသရောက်၊ စပါးစရည်၊ တောဆာလီမာ၊ တိကိုနိရေ၊ အလှပိုးဝါ၊

နင်ဇာတယောက်၊ အခြေပေါက်တေ၊ ထိန်းလို့မနိုင်၊ ဟန့်စီးမနာ၊ လှပိုးဝါမာ သွားလေရာတွင်၊ ငါသာမွေးသည်၊ သမီးလှစွာ၊ ပိုးဝါမနီ၊ မြတ်ရှင်ပင်ကို၊ ဘူး လျှင်လေသည်၊ အလှပိုးဝါ၊ မေဇာအလှ၊ မွေးရေဘနှင့်၊ မွေးရေမိကား၊ ခွင့်ပန်ရ လို့၊ ဝမ်းသောင့်ဝမ်းသာ၊ လှပိုးဝါမာ၊ လာပါလတ်မြောက်၊ မိအိမ်ကြီးမှာ၊ လျင် ဆောရောက်လို့၊ မနက်ကေမိုးသောက်၊ နေထွက်ခြောက်ခါ၊ ငါလျှင်သခြေ၊ မြက် ရှင်ပင်ကို၊ ဘူးခီမေလေ၊ ငါ့မှာစေကျွန်၊ ခြွေရံမရှား၊ မိနှင့်ဘမာ၊ ချစ်လို့ပီးသည်၊ ချီထိန်းယတို့၊ ဘုရားလက်ဆောင်၊ မြားမြောင်ဆီမီး၊ ပြဿဒ်ထီးနှင့်၊ အညီဆင်း တု၊ ကောင်းမှုရုပ်ကို၊ အညီမေရို့၊ ဘူးကတ်မေ၊ ပန်းခံယူငင်၊ လှပိုးဝါမာ၊ ခေါင်းထက်တင်၍၊ တိုဒီတိုဒွါ၊ ယူယစံပေ၊ လှပိုးဝါကား၊ ကြောင်းဇင်းခါကို၊ လားခရေလေ၊ အညာရီရော၊ မြားဦးတဇိတ်၊ စွတ်လှာခြေမာ၊ ဘိနပ်စွပ်လို့၊ လား လီသော်လည်း၊ တိုဒိတိုတွါ၊ ဘဲဟသာကို၊ မြေမာချယောင်၊ အလှပိုးဝါ၊ မယ်ဇာ တင့်တယ်၊ ကြောင်ဇင်းခါကို၊ လားခရေလည်း၊ သွားလေသော်လည်း၊ တိုဒိတိုတွာ၊ ကြက်တေကျင်ကို၊ မြေမာချယောင်၊ လှကြောင်းတင့်တယ်၊ လှပိုးဝါကား၊ ဇင်းခါ ကြောင်းကို၊ သွားခရေလည်း၊ သွားလေသော်လည်း၊ တိုဒီတိုဒွါ၊ ကြက်တေကျင် ကို၊ မြေမာချယောင်၊ လှကြောင်းတင့်တယ်၊ လှပိုးဝါကား၊ ဇင်းခါကြောင်းကို သွားခရေလည်း၊ လက်ဝဲကြည့်လဲ၊ သရက်ချိုချဉ်၊ ရွှေမနိုင်ကေ၊ ပင်စည်ကေမပြတ်၊ ညွှတ်ကာရပ်ကို၊ တွိလတ်တေလေ၊ လကျာကြည့်လည်း၊ မညင်းချိုချဉ်၊ ရွှေမနိုင်သည်၊ ပင်စည်တေမပြတ်၊ ညွှတ်ကာရပ်ကို၊ တွိလတ်တေလေ၊ ယင်းကတဖန်၊ လွန်လို့ ခန၊ လှပိုးဝါမာ၊ သွားလေငြားသော်၊ လက်ဝဲကြည့်လည်း၊ လက်ဝဲကျောင်းစည်၊ သံဃာနေသည့်၊ ရွှေမနိုင်ကေ၊ ကျောင်းစည်ကေမပြတ်၊ ညွှတ်ကာရပ်ကို၊ တွေ့လတ် တေလည်း၊ လကျာကြည့်လည်း၊ လကျာတေကျောင်းစည်၊ သံဃာနေသည်၊ ရွှေမ နိုင်သည်၊ ကျောင်းစည်ကေမပြတ်၊ ညွှတ်ကာရပ်ကို၊ တွေ့လတ်တေလေ၊ ကျောင်း စည်တေအကြား၊ လှပိုးဝါမာ၊ စေကျွန်များနှင့်၊ သွားလေငြားသော်၊ ယင်းကတတန်၊ လွန်လို့တေခန၊ လှပိုးဝါမာ၊ သွားလေငြားက၊ ဆရာတော်ကြီး၊ ဖောင်နတ်သီး လျှင်၊ ကျောင်းခြေတထောင်၊ ပည်ဆယ်ခုပြီး၊ ဆရာတော်ကြီး၊ ဖောင်နတ်သီးကို၊ ဘုန်းကြီးသခင်၊ မြတ်ရာဝင်သည်၊ အရှင်စံအား၊ တတောမြေရေ၊ ရွှေကျောင်းအ တွင်း၊ အတောင်ရှစ်ဆယ်၊ တလင်းရှေ့မာ၊ ရောက်လေငြားသော်၊ ကျောင်းထက်တက် ၍၊ ယခုသခြေ၊ မြတ်သျှင်ပင်ကို၊ ဘူးကတ်မေလေ၊ ပိုးဝါစေကျွန်၊ ခြွေရံမသျှား၊ ငါ့တွင်ပါရေ၊ အော်မေများရို့၊ ဘုရားတည့်လက်ဆောင်၊ များမြောင်လှထွန်း၊ တံ ခွန်ဆီမီး၊ ပြဿဒ်ထီးနှင့်၊ ပါကတ်စီလေ၊ ပါကတ်စီလေ၊ ဘုရားလက်ဆောင်၊ မြားမြောင်လှထွန်း၊ တံခွန်ဆီမီး၊ ပြသာဒ်ထီးကို၊ အယင်ထိုမှ၊ ယူပြီးလျှင်၊ အလှ

ပိုးဝါ၊ မဇာသခြေ၊ ကျောင်းစည်တိုက်မှာ၊ တက်ခရေလဲ၊ မတက်ချင်ရေ၊ တက်ချင်သဖွယ်၊ ကျောင်းတော်ရှိက၊ ထိုအများနှင့်၊ လှပိုးဝါမှာ၊ ဝင်ခရေလဲ၊ မတတ်ချင်ကေ၊ တက်ချင်ဘနန်း၊ လှပိုးဝါမှာ၊ ကွေ့လို့တက်ရေ။

တက်စည်တက်စည်၊ လှပိုးဝါမာ၊ ထက်ငြားစည်တွင်၊ ယခုသခြေ၊ လှပိုးဝါက၊ အတောင်ရှစ်ဆေ၊ ကျောင်းပြင်သာမာ၊ ရောက်လီရေလေ၊ ကျောင်းတော်ထက်မှာ၊ တက်လေသောခါ၊ လှပိုးဝါကို၊ ကြည့်ခီသော်ကား၊ ရေပြုံးရေသွင်၊ ပိုးဝါမေကား၊ မိုးပုဝါကို၊ ယူငင်ဘိ၍၊ ရေပြုံးရေသွင်၊ ပိုးဝါမေမာ၊ ဝတ်စားပျင်းလို့၊ ခပြုံးခသွင်၊ ကျောင်းတံခါးကို၊ ဝင်ခရေလေ၊ ဝင်ခြီသောခါ၊ လှပိုးဝါကား၊ ပုဆစ်တုပ်ကေကွကွ၊ လှပိုးဝါမာ၊ ရှိတွင်ချလို့၊ လက်ကေဆယ်ချောင်း၊ စုံစွာပေါင်းကေ၊ လက်ကောင်းရုံးစု၊ ကြာမုံအသွင်၊ ဆေချောင်းလက်ကို၊ ဦးထိပ်တင်လို့၊ ချောမွတ်လှစွာ၊ ပိုးဝါရုပ်သီး၊ မြတ်ရှင်ပင်ကို၊ ကန်တော့ပြီးမှ၊ ဆရာတော်ကြီး၊ ဘုန်းကြီးသခင်။ အသျှင်ရှိကေ၊ လှပိုးဝါကို၊ မေးလတ်တကား၊ တကာမလူငယ်၊ ချစ်ကောင်းဖွယ်ကား၊ တခါတေရံ၊ ခါရံတထူး၊ ငါ၏ထံမှာ၊ မရောက်ဖူးလေ၊ ထူးဆန်းအံ့ဖွယ်။ ငါ၏ထံရောက်လှာရေကား၊ အဇေကိစ္စ၊ တကာမကို၊ မသိရလည်း၊ ဤသို့ဆိုသံ၊ တရံဆွတ်များ၊ လှပိုးဝါမှာ၊ တတပ်ကြားကေ၊ အလှပိုးဝါ၊ မဇာသံချို၊ ဆရာတော်ကို၊ ဤသို့ဆိုရေ၊ နေကိုတခါ၊ မမြင်ပါဖူး၊ တပင်တိုင်လေ၊ ယည်ပြသာဒ်မာ၊ စံ၍နေသည်၊ ဘကျေးဇူးလည်း၊ သစ်ကိုထုဟံ၊ ကြီးကိုမံကေ။ ရွှေကိုရုပ်တု၊ ရွှေကျောင်းတော်မာ၊ သဗ္ဗညုကို၊ ကျွန်လျှင်ဘူးမေ၊ ဆရာတော်လေ၊ ခြေတော်ရင်းမာ၊ ခုရောက်တေလည်း၊ ပိုးဝါဆိုသံ၊ တတန်ထင်ရှား၊ ဆရာတော် တတပ်ကြားကေ၊ အလှဒေပိုးဝါ၊ နင်ဇာမနေ၊ မြက်ရှင်ပင်ကို၊ ဘူးလျှင်လီလည်း၊ ငါသာချစ်သည်၊ သားကြီးကျော်ခေါင်၊ ပန်းဒိုးအောင်ကို၊ အမောင်လာလတ်၊ တကြိမ်စောင်းကို၊ တီးခလဲလည်း၊ မောင်လဲလဲကေ၊ မောင်လဲပျော်တုံး၊ ဆရာကျောင်းမာ၊ စောင်းတစ်လုံးနှင့်၊ မောက်ကာဒေလက်ဖွဲ့၊ ပန်းဒိုးအောင်မာ၊ ထိုယမေနှင့်၊ ခေချေကိုပြင်၊ ရွှေစင်တေအပြုံး၊ ပန်းမျက်တောင်၊ ရွှေစင်တေအပြုံးပန်း၊ ပန်းဒိုးအောင်ကား၊ ဆရာကျောင်းမာ၊ စောင်းတလုံးနှင့်၊ မျက်မွေးမျက်တောင်၊ ပန်းဒိုးအောင်မာ၊ ကင်းတွားယောင်လေ၊ မျက်မှောင်ရစ်ဝန်း၊ ပန်းဒိုးအောင်ကား၊ တပင်ခြေကို၊ ရှေ၍တမ်းယောင်၊ ထူးဆန်းအံ့ဖွယ်၊ ရုပ်ရေလှပ၊ ပန်းဒိုးအောင်ကို၊ ကြည့်မဝလေ၊ စောင်းကိုတေရင်ခွင်၊ အသာတေတင်ပြီး၊ ကြိုးသုံးပင်ကို၊ ညီအောင်ညှိလို့၊ ထုံးကိုကင်၊ ကျားကိုသင်ကေ၊ မှန်ကြီးကိုခတ်လို့၊ ခြင်းမျိုးလည်းပေါ်၊ ဆရာကျောင်းမာ၊ တီးလတ်တေကား၊ စောင်းကိုတီးသံ၊ တထောင်တန်လေ၊ မှန်စွာပီးလည်၊ တထောင်တန်လေ၊ တထောင်ဒင်္ဂါး၊ နှမပီးရာ၊ လှပိုးဝါမာ၊ ခုမပါလေ၊ နှမသက်ရှင်၊ မေပါကြင်

ကေ၊ မောင်ပင်လာလေ၊ မေ့အိမ်ကြီးမာ၊ ယူခလိုက်လေ၊ ဘုရားဖူးမေ၊ လုပိုးဝါကား၊ ပုဆစ်တုတ်ကေကွကွ၊ လုပိုးဝါမာ၊ ရှိတွင်ချလို့၊ ဦးညွှတ်ရှိသေ၊ ဆရာတော်ကို၊ ကန်တော့ပြီးမှ၊ ကျောင်းကတေသက်လို့၊ ကျောင်းတလင်းမာ၊ ရောက်လေသောခါ၊ ပန်းဒိုးအောင်လေ၊ အမောင်ရှိတေ၊ ကျောင်းစည်တိုက်က၊ သက်လတ်တေလေ၊ ကျောင်းတလင်းမာ၊ ရောက်လတ်သောခါ၊ အမောင်သခြေလုပိုးဝါကို၊ ဆိုလက်တေကား၊ စောင်းကိုတီးရေ၊ စောင်းခတေနမ၊ စောင်းသေမောင်ကို၊ ခုပီးခလေ၊ ယဖောင်ရာဖြစ်ကေ၊ ကိုမာရုံကေ၊ ကိုရုံကိုပင်၊ လိုချင်သလား၊ ယူလဲမတ်မောင်၊ မေမာချစ်တေ၊ ပန်းဒိုးအောင်လေ၊ ကိုမာရုံကေ၊ ကိုရုံကိုပီး၊ မလွယ်သိလေ၊ မေ့လက်စွန်ကို၊ ဆွဲကာကိုင်လို့၊ ယဖောင်ရာပြစ်ကေ၊ ခေါင်းမှာပေါင်းရေ၊ ခေါင်းပေါင်းကိုပင်၊ လိုသလောလေ၊ ယူလဲမတ်မောင်၊ မေမာချစ်ကေ၊ ပန်းဒိုးအောင်လေ၊ ခေါင်းမှာပေါင်းကေ၊ ခေါင်းပေါင်းကိုပီး၊ မလွတ်သီးလည်။ မေ့လက်ဖျားကို၊ စေ့စေ့ကိုင်လို့၊ စောင်းကိုတီးကေ၊ စောင်ခတေနမ၊ ပိုးဝါမေမာ၊ ခုပေးခလေ၊ ယဖောင်ရာဖြစ်ကေ၊ လက်မာဝတ်တေ၊ နဝရတ်မျက်ရံ၊ မိနှင့်ဘမာ၊ ချစ်လို့ပီးသည်၊ သိန်းသောင်းတန်ကို၊ ဒေကိုမောင်ဇာ၊ လိုချင်တေလော။ ယူလေ မတ်မောင်၊ မေမာချစ်ကေ၊ ပန်းဒိုးအောင်လေ၊ လက်မာဝတ်တေ၊ လက်စွပ်ကိုပီး၊ မလွတ်သီးလေ၊ မေ့လက်ဖျားကို၊ စေ့စေ့ကိုင်လို့၊ ယဖောင်ရာဖြစ်ကေ၊ နားမှာဝတ်တေ၊ နဝရတ်မျက်ရံ၊ မိနှင့်ဘမာ၊ ချစ်လို့ပီးသည်၊ သိန်းသောင်းတန်ကို၊ တေကိုဇာမောင်ပင်၊ လိုချင်လောလေ၊ ယူလေမတ်မောင်၊ မေမာချစ်တေ၊ ပန်းဒိုးအောင်လေ၊ နားမှာဝတ်ကေ၊ နားငွေ့ောင်းကိုပီး၊ မလွတ်သီးလေ၊ မေ့လက်ဖျားကို၊ ဆွဲကာကိုင်လို့၊ ပန်းဒိုးအောင်မာ၊ အမောင်စိတ်ရှိ၊ ပိုးဝါမေကို၊ ချစ်သများလေ၊ ကင်းယောင်တွားတုံ၊ မဆုတ်စီချင်၊ ပိုးဝါရင်မာ၊ တိုးလို့ဝင်ကေ၊ ကျောင်းတလင်းမာ၊ သက်၍ဆောလျှင်၊ လုပိုးဝါမှာ၊ သွားလေပါသည်၊ သိန်တော်ပြင်မာ၊ ဝင်လေပါသည်၊ ရှင်ပင်ရှေ့ဝင်း၊ သိမ်တလင်းမာ၊ တက်ပက်တွေ့၊ အရင်ရှင်မာ၊ မြင်ရေရင်သို့း၊ လုပိုးဝါသည်၊ ချစ်မရလေ၊ ချစ်ကြိုက်မေတ္တာ၊ ကရုဏာသည်၊ မေတ္တာသည်ဆွတ်ဆွတ်၊ ရှင်ပင်ရှေ့မာ၊ နောက်ကလာရေ၊ သိမ်မာဝင်လို့၊ သိမ်တော်ပြင်မာ၊ ဘုရားဖူးမေရို့၊ ဖူးကတ်တေလေ၊ ဘုရားလက်ဆောင်၊ များမြောင်ဆီမီး၊ ပြသာဒ်ထီးကို၊ မုနိဆင်းတု၊ ကောင်းမှုရုပ်ကို၊ အညီမေရို့၊ စေကြပ်ကုန်လို့၊ ရွှေပေါက်ပေါက်ကို၊ မြှောက်၍သံကြဲ၊ သိမ်တော်ပြင်မာ၊ သုစုခေါ်သည်၊ ညံမစဲနှင့်၊ သစ်ကိုတေထုဟန်၊ ကြီးကိုမံကေ၊ ရွှေကျုံဘုရား၊ ဂူတော်တိုက်မာ၊ တေလို့ထားကေ။ ကျွန်လေးသခြေ၊ မြတ်ရှင်ပင်ကို၊ ဖူးကတ်တေလေ၊ အလုပိုးဝါ၊ မေဇာဆုတောင်း၊ သျှစ်သောင်းသိမ်မာသားဆုတောင်းလို့၊ သျှစ်သောင်းသိမ်မာ၊ လင်ဆုတောင်းလို့၊ လင်ရာရကေ၊ လင်ရာ

ရလဲ။ မောင်းစောင်းသေကို၊ ရပါစီသား၊ သားရာရကေ၊ သားရာရလဲ၊ တူရိဒတ်နှင့်၊ တရောတတ်ကို၊ ရပါစီလည်း၊ အလှပိုးဝါ၊ မေဇာသံချို၊ သိမ်တလင်းမာ၊ ဤသို့ဆိုရေ။

သိမ်တလင်းမာ၊ ကြည့်ခိုသော်လည်း၊ ခြသေ့်နှစ်ကောင်၊ မဒုံးထောင်ကေ၊ ကျားယောင်ထင်မှတ်၊ လှပိုးဝါကား၊ သိန်းခေါင်မကို၊ ပတ်လို့ပြီးရေ၊ ကျားမဟုတ်ပါ၊ ခြသေ့်ဇာကေ၊ မြီးတုံးဖျားကို၊ လှုပ်၍ပြကေ၊ အမွေးစုတ်စုတ်၊ ပါးအုပ်အုပ်နှင့်၊ ကြောက်ရုပ်ကြောက်သွင်၊ သစ်ပင်ထက်မာ၊ သျှည့်ကိုမြင်ကေ၊ ကျားယောင်ထင်မှတ်၊ လှပိုးဝါမာ၊ ထွက်လို့ပြီးကေ၊ ကျားမဟုတ်ပါ၊ သျှည့်ရုပ်သာလျှင်၊ ပိုးဝါကျွန်မ၊ သိန်းခေါင်မကား၊ သျှည်မတုံးပါ၊ ကိုင်၍ပြောရေ၊ သိမ်ကထွက်လို့၊ ပိုးဝါလားရာ၊ သိန်တလင်းမာ၊ နောက်ကပါရေ၊ သျှင်ပင်လှရွှီး၊ ကြဲစည်ကြဲစဲ၊ ဒေါင်းဒက်စွန်ကို၊ ငင်လတ်တေလေ၊ ရှောင်လေလှရွှီး၊ ကျောင်းကလူရှင်၊ များဖျင်ဟိလေ၊ ရှက်တေမသျှိ၊ ဒေါင်းဒက်စွန်ကို၊ လွှတ်လို့ပီးရေ၊ ဒါလောက်ဆိုကျင်၊ မနာပါသိ၊ ရှင်လှရွှီးကေ၊ ပိုးဝါမေလေ၊ သည်းချာလှကို၊ ဒေနမလွတ်၊ ရှင်လှရွှီးမာ၊ အသဲပြတ်လို့၊ လက်ကိုဆွဲငင်၊ နေပူပြင်မာ၊ ပါးပြင်ညီညွတ်၊ ရှင်လှရွှီးကို၊ ကိုကိုပွတ်ခါ၊ ကိုရုပ်လဲမြင်၊ စိန်ရှင်လိပ်လက်၊ အဒါပီးရေ၊ မြနပက်ကို၊ စိန်စိန်ရှင်ရှင်၊ လှပိုးဝါမာ၊ နားကကျွတ်လို့၊ မြတလင်မာ၊ ရှစ်ဖြာစိတ်ကေ၊ သျှစ်ဖြာစိတ်ဟန်၊ နှေချိုကြိုးနန့်၊ သျှစ်တန်စွဲလို့၊ ဆင်စွေနားမွှောင်း၊ အသင့်ပါလာ၊ ဘုရားသိမ်မာ၊ သျှစ်စိတ်စိတ်ကေ၊ သည်းချာဆုံးဗျာ ဆုံးလိရေကား။

မောင်စံဖော်　　ပြန်လည်တင်ပြသည်

*မှတ်ချက်။ ။ ဦးဘစံပါးကရသော လက်ရွီးမှုကို ယင်းအတိုင်းကူးယူထားစွာဖြစ်တေ။ အင်္ဂလိပ်ခေတ်က ကူးခိုင်းသောမူဆို၏။ ဤစာမူကို ဆရာဇသိန်းထံမှ ပေးပို့သဖြင့် (၃၀–၉–၉၄)သောကြာနေ့၊ နံနက်(၁၀)နာရီအချိန်တွင် ကူးယူရရှိပါသည်။*

# ပြည်တော်သာကိုလိုနီခေတ် ပညာရေးမျက်နှာစာမှ တိုက်စစ်မှူးကြီး ဦးစံဦးခိုင်

၁၈၅၃–ခုနှစ်မတိုင်မီ အချိန်ထိ ရခိုင်ပြည်နယ်တွင် ပုံနှိပ်လုပ်ငန်း မရှိသေးဟု ဆိုရပါမည်။ နိုင်ငံခြားသတင်းများနှင့် စီးပွားရေးဈေးနှုန်းသတင်းများ၊ ကြော်ငြာများအတွက် ကာလကတ္တားထုတ်သတင်းစာများကို အားကိုးနေရသည်။ **AKYAB COMMERCIAL NEWS** သတင်းစာကို ၁၈၅၃–ခုနှစ်တွင် စစ်တွေမြို့၌ ထုတ်ဝေသည်။ ယင်းအချိန်မှစ၍ ရခိုင်ပြည်တွင် ပုံနှိပ်လုပ်ငန်းစတင်သည်ဟု မှတ်ယူနိုင်ပါသည်။

နောက်နှစ်အနည်းငယ်ကြာသောအခါ ယင်းသတင်းစာကို **Mr. John Ogilvy Hay, F.R.G.S** ဆိုသူက ဝယ်ယူလိုက်ပါသည်။ သတင်းစာပုံနှိပ်တိုက် အမည်ကိုလည်း **ARAKAN NEWS** ဟု ပြောင်းလိုက်ပါသည်။ **Mr. John Ogilvy Hay** သည် ယင်းသတင်းစာကိုဦးစီးပြီး အချိန်မှန်ထုတ်ဝေခဲ့ပါသည်။

၁၈၆၈–ခုနှစ်တွင် **Mr. John Ogilvy Hay** သည် ဦးရဲဖော်သယ်ဆိုသူအား အဆိုပါသတင်းစာနှင့် ပုံနှိပ်တိုက်ကို လေလံတင်ရောင်းချလိုက်ပါသည်။ ယင်းနောက် ဦးရဲဖော်သယ်၏သားဖြစ်သူ ဦးကျင်ခိုင်*(ချင်းခိုင်ဟု ထင်ပါသည်)* အား လွှဲပေးလိုက်ပါသည်။ ဦးရဲဖော်သယ်နှင့်သား ဦးကျင်ခိုင်တို့မှာ မည်သည့်ခုနှစ်အထိ သတင်းစာကို တာဝန်ယူထုတ်ဝေခဲ့သည်ကိုကား မသိရပါ။

(၁၉–၂–၁၉၂၄)နေ့ထုတ် **ARAKAN NEWS** သတင်းစာကို တွေ့ရသဖြင့် ယင်းသတင်းစာမှာ ၁၉၂၄–ခုအထိ ထုတ်ဝေလျက်ရှိနေကြောင်း သိရပါသည်။

ယင်းအချိန် အယ်ဒီတာဦးထွန်းရွှေဆိုသူဖြစ်ပြီး၊ ဗုဒ္ဓဟူးနှင့်စနေတိုင်း ထုတ်ဝေကြောင်း သိရပါသည်။ တစ်စောင်ကို လေးပဲပေးရပါသည်။ ယင်းကြောင့် အဆိုပါသတင်းစာမှာ ၁၉၂၄–ခုတွင် သက်တမ်း(၇၁)နှစ်အထိ ရှည်ကြာပြီး၊ ရခိုင်သတင်းစာများအနက် သတင်းစာသက်တမ်းအရှည်ဆုံး သတင်းစာတစ်စောင်ဖြစ်သည်ဟု မှတ်ယူရပါသည်။ သို့ရာတွင် မည်သည့်ခုနှစ်တွင် ယင်းသတင်းစာ ရပ်ဆိုင်းသွားသည်ကိုကား မသိရပါ။

ယင်းသတင်းစာပိုင်ရှင်ဖြစ်သူ **Mr. John Ogilvy Hay** သည် 'ရခိုင်ဝါကြီး' **OLD ARAKAN** အမည်ဖြင့် ၁၈၇၆–ခု၊ နိုဝင်ဘာလ(၄)ရက်မှ ၁၈၇၇–ခု၊ နိုဝင်ဘာလ(၂၄)ရက်အတွင်း ရခိုင်–တရုတ် မီးရထားလမ်းဖောက်လုပ်ရေးအတွက် ဆောင်းပါးများကို ရေးသားခဲ့ပါသည်။ **Mr.Hay** အင်္ဂလန်ပြန်သွားပြီးနောက်တွင်လည်း ရခိုင်–တရုတ်မီးရထားလမ်း ဖောက်လုပ်ရေးဆောင်းပါးများကို အင်္ဂလန်တွင် ဆက်လက်ရေးသားခဲ့ပါသည်။ သူ၏လုပ်ဆောင်ချက်များနှင့် ဆောင်းပါးများကို စုပေါင်းပြီး ရခိုင်အတိတ်၊ပစ္စုပ္ပန်၊အနာဂတ် **ARAKAN PAST, PRESENT, FUTURE** စာအုပ်ကို ၁၈၉၂–ခု၊ မေလတွင် အင်္ဂလန်မှာ ထုတ်ဝေခဲ့ပါသည်။

## မြန်မာနိုင်ငံပညာရေး

**ARAKAN NEWS** သတင်းစာ၏သက်တမ်းတစ်လျှောက်တွင် ဆောင်းပါးရှင်များသည် မိမိတို့၏အမြင်၊ ထင်မြင်ချက်များကို လွတ်လွတ်လပ်လပ် ဖော်ထုတ်ရေးသားခြင်းများရှိမည်ဖြစ်ပါသည်။ ယင်းဆောင်းပါးများကို စုပေါင်းပြီး စာအုပ်စာတမ်းများ ပြန်လည်ရိုက်နှိပ်ထုတ်ဝေမှုများ ရှိနိုင်ပါသည်။ ယင်းဆောင်းပါးစာအုပ်များမှာ ယခုအခါ ရှာဖွေတွေ့ရှိရန် ဖြစ်နိုင်တော့မည်မဟုတ်တော့ပါဟု ဆိုရမလောက်ပင်ဖြစ်နေသည့်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

သို့ရာတွင် **ARAKANNEWS** သတင်းစာတွင် မြန်မာနိုင်ငံပညာရေးနှင့်ပတ်သက်၍ရေးသားတင်ပြခဲ့သည့် ဆောင်းပါးများကိုစုပေါင်းပြီး ၁၉၀၁–ခုနှစ်တွင် စစ်တွေပုံနှိပ်တိုက်မှ စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မှာ 'ရခိုင်အတိတ်၊ ပစ္စုပ္ပန်အနာဂတ်'စာအုပ်ထုတ်ဝေပြီး (၉)နှစ်ခန့်အကြာတွင် ထုတ်ဝေခဲ့သောစာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကိုရေးသားသူမှာ ဦးစံဦးခိုင်ဆိုသူဖြစ်ပါသည်။ 'မြန်မာနိုင်ငံပညာရေး' **EDUCATION IN BURMA** အမည်ရှိ စာအုပ်ဖြစ်ပါသည်။ စာအုပ်ပါ 'မြန်မာနိုင်ငံပညာရေး'နှင့်ပတ်သက်သည့် ဆောင်းပါးများကို **ARAKAN NEWS** သတင်းစာတွင် မည်သည့်ခုနှစ်လောက်က ရေးသားခဲ့သည်ကိုကားမသိရပါ။ ဆောင်းပါးများ

ကို စုပေါင်းပြီး ၁၉၀၁–ခုတွင် စာအုပ်အဖြစ်ထုတ်ဝေခဲ့ရာ ယင်းဆောင်းပါးများကို ၁၉၀၁–ခုမတိုင်မီက အဆိုပါသတင်းစာတွင် ရေးသားတင်ပြခဲ့ခြင်းဖြစ်ပါသည်။

ဗြိတိသျှနယ်ချဲ့သမားများသည် မြန်မာနိုင်ငံကိုစစ်သုံးကြိမ်ပြု၍ သိမ်းပိုက်ခဲ့ပါသည်။ ယင်းသို့သိမ်းပိုက်ပြီးနောက် ၁၈၆၆–ခုနှစ်တွင် ဗြိတိသျှမြန်မာနိုင်ငံ၏ ပထမဆုံး မဟာဝန်ရှင်တော်မင်းကြီးဖြစ်သူ ဆာအာသာဖယ်ယာသည် ဘုန်းတော်ကြီးကျောင်းပညာရေးကို အခြေခံသည့် ပညာရေးစီမံကိန်းတစ်ရပ်ကို ချမှတ်ခဲ့သည်။ သို့ရာတွင် ဆာအာသာဖယ်ယာကို ဆက်ခံသော အလ်ဘတ်ဖိုက်သည် ဘုန်းတော်ကြီးကျောင်းပညာရေးအစား တိုင်းရင်းဘာသာ မူလတန်းကျောင်းများကို ဖွင့်လှစ်ရေးကို အားပေးခဲ့သည်။

ယင်းသို့ မြန်မာနိုင်ငံပညာရေးတွင် ပညာရေးစနစ်စတင်ကျင့်သုံးသည့် ပညာရေးအခြေခံအရင်းအမြစ်မှစပြီး နှစ်ဆယ်ရာစု အစဦးပိုင်းကာလအထိ ဗြိတိသျှနယ်ချဲ့သမားတို့ ကျင့်သုံးသောပညာရေးစံနစ်၏ ပျော့ကွက်ဟာကွက်များကို နိုက်နိုက်ချွတ်ချွတ် အချက်အလက်စုံ၊ ရှုထောင့်စုံမှ လေ့လာဝေဖန်၍ ဆောင်းပါးရှင် ဦးစံဦးခိုင်က ရေးသားထားသည့် ဆောင်းပါးများဖြစ်ပါသည်။ အဆိုပါ မြန်မာနိုင်ငံပညာရေးနှင့်ပတ်သက်သည့် ဆောင်းပါးများကို စာအုပ်အဖြစ် ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။ ယင်းစာအုပ်တွင် –

(က) ဆောင်းပါးရှင်၏ လူမှုရေးအမြင်နှင့် ခံယူချက်များ။

(ခ) ဗြိတိသျှနယ်ချဲ့သမားများ၏ မြန်မာနိုင်ငံပညာရေးစနစ်စတင်ပုံသမိုင်းစဉ်

(ဂ) ဗြိတိသျှလက်အောက် ရခိုင်ပြည်နယ်။

(ဃ) ဗုဒ္ဓဘာသာနော်မံကျောင်းများနှင့် လက်တွေ့ဆန်သော ပညာရေးစနစ်လိုအပ်ပုံ

(င) အထက်တန်းပညာရေးနှင့် သီးခြားတက္ကသိုလ်များ မြန်မာနိုင်ငံတွင်လိုအပ်ပုံ၊

(စ) ပြည်သူလူထု၏အခြေအနေနှင့် ပညာရေးဆိုင်ရာ ဥပဒေများလိုအပ်ပုံ

စသည်များကို အခြေခံရေးသားထားသည့် ဆောင်းပါး(၂၁)ပုဒ်နှင့် ပညာရည်ချွန်ဆုပေးရေးနှင့်ပတ်သက်သည့် ကော်မီတီတစ်ရပ်ဖွဲ့စည်းပုံ၊ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ပုံစံဇယားများနှင့် ယင်းစာအုပ်တွင် တင်ပြထားသည်ကို တွေ့ရပါသည်။ အဆိုပါစာအုပ်တွင် စာမျက်နှာ(၄၅)မျက်နှာပါပြီး စာအုပ်၏ အရွယ်အစားမှာ ၇"× ၅" ဖြစ်ပါသည်။

ယင်းစာအုပ်သည် **ARAKAN NEWS** သတင်းစာမှ ဆောင်းပါးများကို စုပေါင်းထုတ်ဝေသည့် 'ရခိုင်အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်'စာအုပ်ကို ပထမဆုံး ပုံနှိပ်ထုတ်

ဝေခဲ့သည့်စာအုပ်ဟု မှတ်ယူပါလျှင် ဦးစံဦးခိုင်ရေးသည့် 'မြန်မာနိုင်ငံပညာရေး'စာအုပ်မှာ ဒုတိယကြိမ်မြောက်စာအုပ်ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

## ဦးစံဦးခိုင်၏ ဘဝမှတ်တမ်း

ဗြိတိသျှကိုလိုနီခေတ် ပညာရေးစနစ်၏ ပျော့ကွက်ဟာကွက်များကို မညှာမတာ ဝေဖန်ရေးသားခဲ့သူ ဦးစံဦးခိုင်၏ဘဝမှတ်တမ်းမှာ မပီပြင်ပါ။ ဝိုးတိုးဝါးတားလောက်သာ တွေ့ရပါသည်၊ သိရပါသည်။ ဆောင်းပါးရှင်ကိုယ်တိုင်ရေးသည့် 'မြန်မာနိုင်ငံပညာရေး'စာအုပ်ပါ အချက်အလက်အချို့လောက်ကိုသာ အခြေခံတွင် တွေ့ရပါသည်။ တိကျသောဦးစံဦးခိုင်၏ ဘဝမှတ်တမ်းရရှိရေးမှာ မျှော်မှန်း၍ မရနိုင်လောက်အောင် အလှမ်းဝေးနေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံပညာရေးစာအုပ်အဖုံးမှာ ဦးစံဦးခိုင်အမည်နှင့်ယှဉ်၍ အလုပ်အကိုင်ကို **MAUNG SAN OO KHINE, OF THE BURMA SUBORDINATE JUDICAL AND EXECUTIVE SERVICE** ဟု ရေးထားသည်ကို တွေ့ရှိရပါသည်။ ယင်းကြောင့် ဦးစံဦးခိုင်မှာ ဗြိတိသျှအစိုးရတရားရေးဌာနမှ တရားရေးဝန်ထမ်းတစ်ဦးဖြစ်ကြောင်း သိရပါသည်။

အဆိုပါစာအုပ်၏ နောက်ဆက်တွဲတွင် ဝိတိုရိယအထိမ်းအမှတ်ရံပုံငွေ ကော်မတီ၊စစ်တွေ **THE VICTORIA MEMORIAL FUND COMMITIEE, AKYAB** ၏ အစည်းအဝေးမှတ်တမ်းကို ဖော်ပြထားပါသည်။ ယင်းအစည်းအဝေးမှတ်တမ်းတွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်(၅၅)ဦးတို့၏အမည်ကို တွေ့ရပါသည်။ ဝိတိုရိယအထိမ်းအမှတ်ရံပုံငွေကော်မတီ ဥက္ကဋ္ဌမှာ ဦးမြဦးဖြစ်ပြီး အတွင်းရေးမှူးများမှာ ဦးစံဦးခိုင်နှင့် ဦးထွန်းချန်တို့ ဖြစ်ကြပါသည်။

ယင်းကော်မတီ၏ အတွင်းရေးမှူးတစ်ဦးဖြစ်သူ ဦးထွန်းချန်မှာ ယင်းအချိန်အခါက **B.A.B.L** ဘွဲ့ရ တရားလွှတ်တော်ရှေ့နေကြီးတစ်ဦးဖြစ်ပြီး ပထမအကြိမ် ဖျက်သိမ်းလိုက်ရသော (ရ.တ.ည)အဖွဲ့ခေါင်းဆောင် ဦးကျော်မင်း(**I.C.S**)၏ ဖခင်ဖြစ်ကြောင်း သိရပါသည်။ ဦးကျော်မင်းကို ၁၈၉၉–ခု နိုဝင်ဘာလ(၁၅)ရက်နေ့တွင် မွေးဖွားကြောင်းသိရပါသည်။ ယင်းကြောင့် ၁၉၀၁–ခုမှာ ထုတ်ဝေသည့် 'မြန်မာနိုင်ငံပညာရေး'စာအုပ်ကို ဦးစံဦးခိုင်ရေးသားချိန်တွင် ဦးထွန်းချန်၏ အသက်မှာ (၂၀)ကျော် (၃၀)ဝန်းကျင်ရှိနိုင်ပါသည်။ ယင်းကြောင့် ဦးထွန်းချန်နှင့် အတူ အတွင်းရေးမှူး၏တာဝန်ကို ထမ်းဆောင်သူ ဦးစံဦးခိုင်မှာလည်း ယင်းအချိန်မှာ အသက်(၂၀)ကျော် (၃၀)ဝန်းကျင်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

ယင်းအသက်အရွယ်မှာ လူမှုရေးစိတ်ဓာတ်ရှိသူများအတွက် တက်ကြွစွာ

ဆောင်ရွက်နိုင်သော အရွယ်ဖြစ်ပါသည်။ လူမှုရေးအမြင်၊ စိတ်ဓာတ်၊ မိမိနိုင်ငံသားများအား ပညာရေး၊ လူမှုရေးအဆင့်အတန်း မြင့်မားလာရေးအတွက် အားသွန်အလေးပေးချက်များကို ဦးစံဦးခိုင်၏ဆောင်းပါးများတွင် တွေ့နိုင်ပါသည်။ တစ်နည်းအားဖြင့် ဦးစံဦးခိုင်၏ စိတ်နေသဘောထားနှင့် ဘဝမှတ်တမ်းများပင် ဖြစ်ပါသည်။

ဦးစံဦးခိုင်၏အတွေးအခေါ်များသည် ထက်မြက်စူးရှသော အတွေးအခေါ်များဖြစ်ပါသည်။ လွန်ခဲ့သော ရာစုနှစ်တစ်ခုခန့်က အတွေးအခေါ်များမှာ ယခုအခါအထိ ခေတ်မီနေသေးကြောင်း တွေ့ရပါသည်။ ပညာရည်ချွန်ဆုပေးရန်အတွက် ဝိတိုရိယအထိမ်းအမှတ် ရန်ပုံငွေကော်မတီစစ်တွေမှ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ကြပါသည်။ ယင်းဆုံးဖြတ်ချက်မှာ ဝိတိုရိယ ပညာရည်ချွန်ထောက်ပံ့ကြေး **VICTORIA SCHOLARSHIP** ဟု ခေါ်တွင်စေပြီး ပညာရည်ချွန်ထောက်ပံ့ကြေးအမျိုးအစား(၁၂)မျိုးအတွက် ဆုပေါင်း(၂၉)ဆုကို ချီးမြှင့်ရန်ဖြစ်ပါသည်။ ဆုအမျိုးအစားနှင့် ဆုတစ်မျိုးချင်းအလိုက် ဆုအရေအတွက်ကို ဇယားနှင့်တကွ တင်ပြထားပါသည်။ ရူပီငွေနှစ်သိန်းခွဲကို အစိုးရအာမခံအဖြစ် အရင်းအနှီးမတည်ရန်နှင့် ယင်းမှ တစ်နှစ်လျှင် အတိုးရူပီးငွေ(၈၇၅၀)ကို ပညာရည်ချွန်ဆုအဖြစ် ချီးမြှင့်ရန် အကြံပြုချက်ကိုတင်ပြခဲ့သူမှာ လူမှုအကျိုးဆောင် ဦးစံဦးခိုင်ပင် ဖြစ်ပါသည်။

ယင်းပညာရည်ချွန်ဆုပေးရေး အစီအစဉ်မှာ ယခုထက်တိုင် ခေတ်နှင့်လျော်ညီသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါသည်။ ပညာရည်ချွန်ဆုပေးရေးအတွက် ကော်မတီအစည်းအဝေးမှတ်တမ်းမှာလည်း စေ့စပ်သေချာမှုရှိသည်ကို တွေ့ရပါသည်။ ဤတစ်နည်းအားဖြင့် ဆောင်းပါးရှင်၏ ပင်ကိုယ်အရည်အချင်းနှင့် စိတ်နေသဘောထားကို ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်ပါသည်။

ယင်းကော်မတီ၏ အစည်းအဝေးမှတ်တမ်းကို သေချာစွာ မှတ်တမ်းတင်နိုင်ခဲ့သဖြင့် နောင်းလူများအတွက် သမိုင်းရေးရာမှတ်တမ်းတစ်ရပ်ကို အမွေပေးထားခဲ့ခြင်းဖြစ်ပါသည်။ ယနေ့လူငယ်များအတွက် နည်းယူဖွယ်တစ်ရပ်ဖြစ်ပါသည်။

## ဘုရင်ခံချုပ်၏ ပညာရေးအမြင်

(၁၉)ရာစုအကုန် (၂၀)ရာစုအစ မြန်မာနိုင်ငံမှာ အိန္ဒိယ၏အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ အိန္ဒိယဘုရင်ခံချုပ်၏ အုပ်ချုပ်မှုအောက်တွင် မဟာဝန်ရှင်တော်မင်းကြီးတစ်ဦးက မြန်မာနိုင်ငံကို အုပ်ချုပ်လျက်ရှိပါသည်။ အုပ်ချုပ်ရေးဆိုင်ရာအဆင့်မြင့်ဆုံး အိန္ဒိယဘုရင်ခံချုပ်လော့ဒ်ကာဇွန် **LORD CURZON** ၏ ပညာရေးသဘောထားအမြင်မှာ ခေတ်နှင့်လျော်ညီသည့် အမြင်ဖြစ်ပါသည်။ ဦးစံဦးခိုင်

၏ ပညာရေးအမြင်နှင့် ဘုရင်ခံချုပ်၏အမြင်မှာ ထင်ဟပ်မှုရှိသည်။ ယင်းကြောင့် အိန္ဒိယဘုရင်ခံချုပ်၏ ပညာရေးသဘောထားအမြင်ကို ဝိတိုရိယကောလိပ်နှင့် ဂွါရိလာမဟာရာဂျာ၏ ခမည်းတော်အထိမ်းအမှတ် ဆေးရုံဖွင့်ပွဲတွင် ဘုရင်ခံချုပ်က အမှာစကားပြောကြားသည်ကို ဦးစံဦးခိုင်၏ဆောင်းပါးမှာ ထောက်ခံရေးသားထားပါသည်။ ယင်းဆောင်းပါးတွင် ဘုရင်ခံချုပ်၏ အဖွင့်အမှာစကားကို ဖော်ပြရာမှာ

*'ဤကောလိပ်၏ သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ မဟာရာဂျာက ပြောကြားသည်ကို စိတ်ဝင်စားစွာ ကြားနာခဲ့ပါသည်။ ကျောင်းသားများအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများကို ဉာဏ်အမြော်အမြင်ရှိစွာဖြင့် ရောစပ်ပြင်ဆင်ထားကြောင်း သိရပါသည်။ ဘဝ၏ အထွဋ်အထိပ်ရည်မှန်းချက်များကို လူငယ်လူရွယ်များအား ပါမောက္ခများ၊ ဆရာများကပေးသည်မှာ တက္ကသိုလ်မှ ဘွဲ့ဒီဂရီရရန်သာ မဟုတ်ကြောင်း၊ သူတို့ ရည်သန်ဆန္ဒရှိသော ပညာရပ်၊အလုပ်အကိုင်များအတွက် အရည်အသွေးပြည့်မီစေရန် ဖြစ်ပါသည်။ ယင်းအရည်အသွေးများကို သူတို့၏ လုပ်ရပ်များက ကောင်းမွန်စွာ လိုက်နာဆောင်ရွက်ပေးရေးပင်ဖြစ်သည်။ ကျယ်ပြန့်၍ ဘက်စုံသင်ကြားနိုင်သော သင်ရိုးမာတိကာကို ရေးဆွဲကြပါစေ။ ယင်းတို့မှာ စိတ်ဝင်စားမှုရှိသော လုပ်ငန်းဆန်ပြီး လက်တွေ့ကျရန်ဖြစ်ပါသည်။ ပညာတတ်တစ်ယောက်ဖြစ်လာရန်မှာ ကောင်းပါသည်။ ဘဝတိုက်ပွဲအောင်နိုင်ရေးမှာ ဝိဇ္ဇာဘွဲ့ကို နာမည်နှင့်ယှဉ်၍ တပ်နိုင်ရေးထက် အရေးကြီးသည်ဟု အားလုံးကိုခြုံ၍ ပြောလိုပါသည်။ ယင်းနှင့်ဆက်စပ်၍ ကျွန်ုပ်က မဟာရာဂျာ၏ လိုလားချက်အတိုင်း အလေးပေးတိုက်တွန်းပြောကြားလိုပါသည်။ စာကြည့်တိုက်ကောင်းတစ်ခုကို အဖြစ်နိုင်ဆုံး ထားရှိစေလိုပါသည်။ လူငယ်သဘာဝအလျောက် ညွှတ်ကိုင်မှုများကို စာအုပ်များမှ လိုင်းစာလေ့လာခြင်းဖြင့် ယုံကြည်အားထားနိုင်ရန် ဖြစ်ပါသည်။ သိပ္ပံ၊ဝိဇ္ဇာ သို့မဟုတ် သက်မွေးကျောင်း ဘာသာရပ်စသော ဘာသာရပ်တစ်ခုခုကို သူ၏ လေ့လာစိတ်ဝင်စားမှုဖြင့် ရရှိနိုင်သည်။ သူနှင့်သက်ဆိုင်ရာ ကိစ္စရပ်များကို လျင်မြန်သွက်လက်စေသည်မှာ ဘဝရေစီးကြောင်းထဲ စုန်ဆန်မျောနေသည့်အစား သူ၏လှေကို ရွေးချယ်ထားသောနေရာမှာ ကျောက်ချဆိုက်ကပ်နိုင်မည်ဖြစ်သည်။ လူအသိုင်းအဝန်းတွင် မိမိကိုယ်ကိုဗဟိုပြုသော အလေးထားသောသူတစ်ဦး ဖြစ်လာပေသည်'*

ဟု ဘုရင်ခံ၏မိန့်မှာချက်များကို ဦးစံဦးခိုင်က သူ၏ အစဖွင့်ဆောင်းပါးတွင် ဖော်ပြသည်ကိုတွေ့ရပါသည်။

## အမှာစကားအလေးထား

ဘုရင်ခံချုပ်၏မိန့်မှာချက်မှာ ဂွာရ်လာလူထုအား ရည်ရွယ်၍ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းအမှာစကားမှာ ယင်းဒေသတစ်ခုတည်းကွက်ပြီး အကျိုးသက်ရောက်မှု ရှိသည်ဟု ဆောင်းပါးရှင်က မမှတ်ယူပါ၊ လေ့လာမှတ်သားလိုက်နာသူများ အားလုံးအတွက်ဟု ခံယူထားပါသည်။ ယင်းကြောင့် ဆောင်းပါးရှင်က မိမိ၏အမြင်ကိုဖော်ပြရာမှာ

*'နိုင်ငံပြုသုခမိန်က သူ၏နိုင်ငံသားများအား ကောင်းမွန်၍လက်တွေ့ဆန်သော ပြောကြားသည့် အကြံပေးချက်ဖြစ်သည်။ မဟာရာဂျာမိတ်ဆွေ လောဒ်ကာဇွန်၏ မိန့်မှာချက်မှာ မဟာရာဂျာနှင့် ဂွာရ်လာလူထုအတွက် လက်တွေ့ဆန်သော အကြံကောင်းများဖြစ်ပေသည်။ ဘုရင်ခံချုပ်အား ယင်းတို့က ကျေးဇူးတင်ရှိနေမည်ဖြစ်သည်။ မိန့်မှာချက်အတိုင်း အရေးယူဆောင်ရွက်လျက် ဂွာရ်လာမှာ မကြာမီတိုးတက်လာမည်ဖြစ်ပါသည်'*

ဟု ဖော်ပြထားသည်ကို ဆောင်းပါးမှာ ဖတ်ရှုရပါသည်။

တဆက်တည်း မြန်မာနိုင်ငံမှမိတ်ဆွေများအား ယင်းမိန့်မှာချက်ကို အလေးပေးမှတ်သားထားရန်ကိုလည်း တိုက်တွန်းထားသည်။ ဘွဲ့ဒီဂရီမှာ ဘ၀တိုက်ပွဲအောင်မြင်မှု မဟုတ်သေးသည်ကိုလည်း ဖော်ထုတ်ထားသည်ကို ဆောင်းပါးတွင် ဖတ်ရှုရသည်မှာ

မြန်မာမိတ်ဆွေများအား ဘုရင်ခံချုပ်၏အမှာစကားကို အသေးစိတ် အလေးပေးဖတ်ပြီး မှတ်သားထားရန်ဖြစ်သည်။ မဟာဝိဇ္ဇာ ဝိဇ္ဇာဘွဲ့ဒီဂရီရသူသည် ဘ၀တိုက်ပွဲမှာ အမြဲအောင်မြင်မှုရပြီဟု ဆိုရမည်မဟုတ်သေးသည်ကို မှတ်ယူရမည်ဖြစ်ကြောင်းစသည်ဖြင့် ဖော်ပြထားသည်မှာ မှတ်သားလေ့လာထိုက်သည်များကိုတွေ့ရပါသည်။ ဘွဲ့ဒီဂရီကို အလေးပေးဖော်ကျူးနေသည့်အချိန်မှာ ယခုကဲ့သို့ရေးသားဖော်ထုတ်သည့် ဆောင်းပါးရှင်ဦးစံဦးခိုင်၏ စိတ်ဓာတ်ကို ချီးကျူးဖွယ်ရာပင်ဖြစ်ပါသည်။

## လူငယ်များအလုပ်ရရှိရေး

ဗြိတိသျှလက်အောက် မြန်မာနိုင်ငံပညာရေးစနစ်မှာ ကိုလိုနီနယ်ချဲ့သမားများအတွက် အကျိုးပြုပညာရေးဖြစ်သည်။ ကျောင်းမှ သင်ကြားတတ်မြောက်လာ

သည့်ပညာမှာ အစိုးရအမှုထမ်း ဆောင်ရွက်ရန်အတွက်သာဖြစ်သည်။ မိမိတို့ သင်ကြားတတ်မြောက်လာသည့်ပညာဖြင့် မိမိဘဝရပ်တည်နိုင်ရန် ခဲယဉ်းပေသည်။ အစိုးရဌာနများမှာ အလုပ်ရရှိရေးကိုသာ ဦးတည်သင်ကြားပေးသော ပညာရေး ဖြစ်သည်။ ဌာနများတွင် ခန့်ထားနိုင်သည့်အရေအတွက်နှင့် ပညာတတ်ဦးရေ မမျှတမှုကြောင့် အလုပ်လက်မဲ့ဖြစ်ပေါ်မှုကို မြန်မာနိုင်ငံ၏ (၂၀)ရာစုအစဦးပိုင်း ဗြိတိသျှနယ်ချဲ့သမားတို့ တန်ခိုးအရှိန်အဟုန် ကြီးမားနေချိန်တွင် တွေ့မြင်ရသည့် ပြယုဂ်တစ်ခုပင်ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ပေါ်နေသည့်အခြေအနေကို ဦးစံဦးခိုင် က သူ၏ဆောင်းပါးတွင် ဖော်ပြထားသည်။ အလုပ်မရရှိဘဲ အလုပ်လက်မဲ့ ဖြစ် နေသူတို့အရေးကို မည်သို့ဆောင်ရွက်ရမည်နည်းဟု ဆောင်းပါးရှင်က မေးထားသည် ကို တွေ့ရပါသည်။ ယင်းတို့မှာ

*'အများစုဖြစ်သော မြန်မာများသည် အင်္ဂလိပ်ကျောင်းများနှင့် ကောလိပ်တို့တွင် ပညာသင်ကြားကြသည်မှာ အစိုးရအမှုထမ်းဆောင်ရန်အတွက်ဖြစ်ကြောင်း ထင်ရှားသည်။ သို့ရာတွင် အလုပ်ဌာနများ၌ ခန့်ထားသည့်အလုပ်မှာ အနည်းငယ်မျှသာဖြစ်သည်။ ယင်းတို့အနက် ရာထူးဟောင်းများကို အနည်းစုကသာ ရရှိနိုင်မည်ဟု မျှော်လင့်ရပေသည်။ အစိုးရအမှုထမ်းခွင့်မရသော အခြားသူများမှာ မည်သို့မည်သို့လုပ်ရမည်နည်း'*

ဟု ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

တစ်နည်းအားဖြင့် ဗြိတိသျှတို့၏ပညာရေးစနစ်မှာ ကျွန်ပညာရေးသို့ ဦး တည်နေသည်ကို ဖော်ထုတ်လိုက်ခြင်းပင်ဖြစ်ပါသည်။

## ပညာရေးစနစ်ဖျက်သိမ်းပစ်

ဗြိတိသျှနယ်ချဲ့သမားတို့ ချမှတ်ကျင့်သုံးသော မြန်မာနိုင်ငံပညာရေးစနစ်မှာ အံချော်နေသော ပညာရေးစနစ်ဖြစ်ပါသည်။ ယင်းစနစ်ကို မလိုလားဖျက်သိမ်းရန် သာဖြစ်ပါသည်။ ယင်းအံလွှော်နေမှုကို မိမိကိုင်ဆောင်ထားသော ကလောင်ဖြင့် ဖော်ထုတ်ပြီး ဖျက်သိမ်းရန်တောင်းဆိုဝံ့သည့် ဆောင်းပါးရှင်ဦးစံဦးခိုင်အား ချီး ကျူးရမည်ဖြစ်ပါသည်။ ယင်းပုဂ္ဂိုလ်၏လိုလားသော ပညာရေးမှာ ဘက်စုံပညာရေး ကို ဖော်ကျူးတောင်းဆိုထားပါသည်။

'ပညာသင်ကြားနေသည့် မြန်မာနိုင်ငံရှိကျောင်းများတွင် ဘုရင်ခံချုပ်မျှော်လင့်သော သင်ရိုးညွှန်းတမ်းဖြစ်သည့် ကျယ်ပြန့်၍ ဘက်စုံပညာရေးလည်းမဟုတ်၊ လုပ်ငန်းဆန်ပြီး လက်တွေ့ကျသော သင်ရိုးညွှန်း

တမ်းလည်း ဖြစ်မလာပေ။ လက်ရှိ မြန်မာနိုင်ငံပညာရေးစနစ်ကို အဘယ်ကြောင့် မဖျက်သိမ်းရသေးသနည်း။ ဘုရင်ခံချုပ် မိန့်ကြားထားသည့်အတိုင်း အဘယ်အတွက်ကြောင့် လက်မခံနိုင်သနည်း'

ဟု လက်တွေ့ဆန်ပြီး ဘက်စုံအကျိုးပြုနိုင်သော ပညာရေးစနစ်ကို ဆောင်းပါးရှင်က အုပ်ချုပ်သူဗြိတိသျှတို့ထံမှ တောင်းဆိုလိုက်ခြင်းဖြစ်ပါသည်။ ကျင့်သုံးနေသော ပညာရေးစနစ်၏ အားနည်းချက်များကိုလည်း မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူဘက်တော်သား ပညာရေးမျက်နှာစာမှ တိုက်စစ်မှူးကြီးတစ်ဦးမှာ ဦးစံဦးခိုင်ပင် ဖြစ်ပါတော့သည်။

## ပြည်သူအကျိုးသက်ရောက်မှုမရှိသည့် ပညာရေး

အိန္ဒိယတွင်ကျင့်သုံးနေသော ပညာရေးစနစ်အတိုင်း မြန်မာနိုင်ငံတွင် ဗြိတိသျှနယ်ချဲ့သမားများက ကျင့်သုံးနေသည့် အိန္ဒိယရှိ အကျိုးခံစားခွင့်ရမှုလောက် မြန်မာနိုင်ငံပညာရေးမှာ ထိရောက်မှုနှင့် ပြည်သူတို့အကျိုးသက်ရောက်မှု မရှိသေး။ ကျောင်းများတွင် စိတ်ဓာတ်နှင့်ဘာသာရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားမှုမရှိ။ ရာစုတစ်စုနီးပါး ရောက်ရှိနေပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်စေခြင်း မရှိသည်များကို ပညာရေးမျက်နှာစာ တိုက်စစ်မှူးကြီး ဦးစံဦးခိုင်က ဖွင့်ချထားသည်မှာ

*'ဗြိတိသျှအစိုးရလက်အောက်တွင် ရာစုနှစ်တစ်ခုနီးပါး မြန်မာနိုင်ငံရောက်ရှိပြီဖြစ်သော်လည်း တက္ကသိုလ်တစ်ခု ပိုင်ဆိုင်မှုမရှိသေး။ မြန်မာနိုင်ငံတွင် ခေတ်စားနေသည့် ပညာရေးစီမံကိန်းမှာ အိန္ဒိယတွင်ကျင့်သုံးနေသည့် ပညာရေးစီမံကိန်းဖြစ်သည်။ ယင်းကြောင့် မြန်မာနိုင်ငံမှာ အိန္ဒိယရရှိသော အောင်မြင်မှုထက် သာလွန်ကောင်းမွန်သည့် အကျိုးသက်ရောက်မှုကို ရရှိနိုင်မည်ဟု ကျွန်ုပ်မမျှော်လင့်ပါ။ တိုင်းရင်းသားလူမျိုး ယောက်ျားကလေး၊မိန်းကလေးများကို လက်ခံရန်ရည်ရွယ်၍ တည်ထောင်ဖွင့်လှစ်ထားသော ကျောင်းများနှင့်ကောလိပ်များမှာ စိတ်ဓာတ်နှင့်ဘာသာရေးဆိုင်ရာပညာကို ပေးနိုင်မည်မဟုတ်ပေ'*

ဟု ဆောင်းပါးရှင်က ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

## ရိုးစင်းသည့်ပညာရေး

ပညာရေးတိုးတက်မှုအတွက် ဗြိတိသျှအာဏာပိုင်တို့က ညွှန်ကြားချက်များရှိသည်ဟု ဆိုသော်လည်း လက်တွေ့မှာ ထူးမခြားနားသင်ရိုးညွှန်းတမ်းကို ပြု

ပြင်ပြောင်းလဲမှု မရှိသေးသည်ကို တွေ့ရပါသည်။ ရပ်ပိုင်းဆိုင်ရာပြုပြင်ပေးမည်မှာ အမည်သာရှိနေပါသည်။ ယင်းတို့ကို တိုက်စစ်မှူးကြီး ဦးစံဦးခိုင်က ပညာရေး အာဏာပိုင်များ၏ တာဝန်မဲ့ပုံများကို ဖော်ထုတ်ပေးသည်ကို တွေ့ရပါသည်။

> *'ပညာရေးအာဏာပိုင်များသည် ရပ်ပိုင်းဆိုင်ရာပညာရေးနှင့် ဆက်စပ်ပေးရန် အမြဲတိုက်တွန်းခဲ့သည်။ သို့ရာတွင် သင်ကြားရေးအတွက် သင်ရိုးညွှန်းတမ်းမာတိကာများကို ဖွဲ့စည်းပြုပြင်ခြင်း မရှိသေးပါ။ ရပ်ပိုင်းဆိုင်ရာပညာရေးကို ပေးသည်ဆိုရာမှာလည်း အမည်သာရှိသည်။ ယခုပညာရေးသိပ္ပံများတွင် သင်ကြားပေးနေသည်မှာ ရိုးစင်းသောစိတ်ပိုင်းဆိုင်ရာ ပညာရေးသာဖြစ်သည်။ အဘယ်ကဲ့သို့ ကောင်းသည့်အကျိုးဆက်များကို လက်ရှိတည်ရှိနေသော ကျောင်းများ၊ကောလိပ်များမှ ရရှိနိုင်မည်နည်း'*

ဟု ဆောင်းပါးရှင် ဦးစံဦးခိုင်က သက်ဆိုင်ရာများကို မေးမြန်းလိုက်သည်ကို သူ၏ဆောင်းပါးတွင် ဖတ်ရှုရပါသည်။

## အနှစ်မပါသောပညာရေး

နှံ့စပ်သောဗဟုသုတမရရှိဘဲ ဟိုစပ်စပ်ဒီစပ်စပ် ဗဟုသုတကိုသာ ကျောင်းများမှ ရရှိပါသည်။ ယင်းမှာ ဘဝတိုက်ပွဲအောင်မြင်ရေးအတွက် မမျှော်လင့်နိုင်ပေ။ ဂွာရ်လာကဲ့သို့ သေးငယ်သောဒေသမှာ ပညာရေးဆိုင်ရာတိုးတက်မှုများကို ဆောင်းပါးရှင်က အားကျမိသည်။ မိမိတို့နိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုများ မရှိသေးသည်များကို မကျေမချမ်းနှင့် ရေးသားတင်ပြထားသည်ကို တွေ့ရှိရပါသည်။

> *'ယင်းသို့ကျောင်းများတွင် တက်ရောက်သင်ယူနေသူများမှာ ဟိုစပ်စပ်ဒီစပ်စပ် အပေါ်ယံအင်္ဂလိပ်-မြန်မာ ဗဟုသုတများကိုသာ ရရှိနိုင်ပေမည်။ ယင်းဗဟုသုတဖြင့် တစ်စုံတစ်ယောက်သောသူမှာ ဘဝတိုက်ပွဲ အောင်မြင်နိုင်မည်ဟု မမျှော်လင့်နိုင်ပါ'*

ဟု ဆောင်းပါးတွင်ဖော်ပြပြီး ဆက်လက်၍ ဂွာရ်လာကဲ့သို့ သေးငယ်သည့်ဒေသမှာ ပညာရေးလုပ်ရပ်များ တိုးတက်နေပုံကို ဖော်ပြထားသည်မှာ

> *'ဂွာရ်လာကဲ့သို့ သေးငယ်သောပြည်နယ်မှာပင် ပညာရေးဆိုင်ရာသိပ္ပံကျောင်းများစွာ တည်ထောင်ထားသည်။ လူငယ်များအား ပြုစုပျိုးထောင်ပေးသည်။ နိုင်ငံအကျိုးပြု ဝန်ဆောင်မှုကျောင်းများဖြစ်သော စစ်ရေးနှင့် ဥပဒေဆိုင်ရာပညာ နှစ်ရပ်ကိုသင်ကြားပေးသည့် သိပ္ပံကျောင်းနှင့် ဂွာရ်လာ၏ သားကောင်းရတနာများအတွက် ဆာဒကျောင်းမျိုးရှိ*

*သည်’*

ဟု ပညာရေးဘက်တွင် တိုးတက်နေသော ဂွာရိလာအား အားကျပုံများကို လည်းကောင်း၊ မိမိနိုင်ငံ၏ပညာရေးမှာ လက်တွေ့မဆန်မှုများကို ဆောင်းပါးရှင်၏ မကျေမချမ်းခံစားချက်အဖြစ် ပွင့်ထွက်သည့်လက်ရာများကို တွေ့မြင်ရပါသည်။

## လူထုအလင်းအရ

သင်ကြားမှုဆိုင်ရာ သင်ရိုးမာတိကာများမှာ လက်တွေ့ဆန်သော သင်ရိုးမာတိကာများဖြစ်ရန် လိုပါသည်။ မြန်မာနိုင်ငံမှာ လက်တွေ့ဆန်သောပညာရေးကို ပေးသည့်ကျောင်းများမရှိပုံ၊ မြန်မာများမှာ ပညာအလင်းမရသဖြင့် အသိဉာဏ်ကင်းပြီး၊ အယူသည်းမှုနွံမှာ ရှိနေပုံများကို မရှိတင်ကဲ ဆောင်းပါးရှင်က ခံစားရပေသည်။ ယင်းခံစားချက်များ ပေါ်ထွက်လာသည့်လက်ရာမှာ

> *‘သင်ကြားမှုဆိုင်ရာ သင်ရိုးမာတိကာမှာ ကျယ်ပြန့်ရမည်ဖြစ်ပေသည်။ လုပ်ငန်းဆန်ပြီး လက်တွေ့ကျရန်လိုအပ်ပါသည်။ လုပ်ငန်းဆန်ပြီး လက်တွေ့ကျသည့်ပညာရေးကို သင်ကြားပေးသည့်ကျောင်းနှင့် ကောလိပ်များတစ်ကျောင်းမျှပင် မြန်မာနိုင်ငံတွင် မရှိသေးပါ။ လက်ရှိပညာရေးစနစ်မှာ အသိဉာဏ်ကင်းမဲ့ခြင်းနှင့် အယူသည်းမှုများရှိနေသော လူထုအားအလင်းရောင်နှင့် တိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည် မဟုတ်ပေ။ အသိဉာဏ်ကင်းမဲ့မှုနှင့် အယူသည်းမှုများကို မြန်မာနိုင်ငံတွင် အစဉ်အမြဲရှိနေရမည်’*

ဟု မကျေမချမ်းနှင့် ပြည်သူအကျိုးဆောင် ဦးစံဦးခိုင်က မေးခွန်းထုတ်လိုက်ပါသည်။ ‘တစ်ဘက်တည်းမှာ ဆောင်းပါးရှင်က ယင်းအကြောင်းရင်းများ ဆွဲထုတ်မည့်သူ တစ်ဦးတစ်ယောက်မျှပင် မရှိတော့ပြီလား။ အသိဉာဏ်ခေါင်းပါးမှုနှင့် အယူသည်းမှုများတွင်နစ်မွန်းနေသည့် မြန်မာနိုင်ငံအား ဆွဲထုတ်မည့်သူများကို မျှော်မှန်းတောင့်တခဲ့သည်။

> *‘တခြားနိုင်ငံများကဲ့သို့ မြန်မာလူမျိုးများမှာလည်း ခေါင်းဆောင်များရှိသည်။ သို့ရာတွင် ယင်းတာဝန်များမှာ သူတို့၏တာဝန်များဖြစ်သည်ဟု မှတ်ယူသဘောပေါက်သော မြန်မာ့ခေါင်းဆောင်များ မပေါ်ထွက်သေးပါ။ ခေါင်းဆောင်များမှာ ကံတရားပေါ်မှာ သဘောပေါက်ယိုးစွပ်နေသူများသာဖြစ်သည်။ လူတစ်ဦး ဘုရင်ဖြစ်လာမည်၊ မြင့်မြတ်သောသူ၊ သန်းကြွယ်သူဌေး၊ ပါမောက္ခ သို့မဟုတ် အသိဉာဏ်ခေါင်းပါးသော သူဆင်းရဲ*

*ဖြစ်လာသည်တို့မှာ ကံတရားအတိုင်းဖြစ်သည်'*

စသည်ဖြင့် ဖော်ပြထားသည့် ဆောင်းပါးကို လေ့လာဖတ်ရှုရပါသည်။

ယင်းကဲ့သို့ တာဝန်သိခေါင်းဆောင်များ ပေါ်ထွန်းမှုမရှိသေးခြင်းနှင့် ခေါင်းဆောင်များ တာဝန်ရှောင်မှု၊ ကံတရားကိုချည်းပုံချပြီး လူသားများအား မျောစေသည့် ခေါင်းဆောင်များအပေါ် မကျေနပ်မှုများကို ကလောင်ဖြင့်ဖော်ထုတ်ခဲ့သည်။ ခေါင်းဆောင်များ၏ပျော့ညံ့မှု၊ တာဝန်မဲ့မှုများကိုလည်း မညှာမတာ အပြတ်အသတ် ဝေဖန်ရှုပ်ချထားသည်မှာ မျက်မှောက်ခေတ်ကို အကျိုးသက်ရောက်မှုရှိနေပါသည်။

## အကွန်ဆောင်သူမလိုလား

ဦးစံဦးခိုင်သည် ပညာရေးနှင့်ဆက်နွယ်သည့် လူမှုရေးလုပ်ငန်းကို လုပ်ကိုင်တာဝန်ယူခဲ့သူဖြစ်သည်။ ပညာရည်ချွန်ဆုပေးရေးကိစ္စများ၊ လုပ်ဆောင်ချက်များက သက်သေထူခဲ့ပါသည်။ လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်ရင်း မိမိကိုယ်ကို အထင်ကြီးသူများကိုလည်း ကြုံခဲ့ရမည်ဖြစ်သည်။ တစ်ကိုယ်ကောင်းသမားများနှင့်လည်းတွေ့ခဲ့ရမည်။ အကွန်ဆောင်သူ ပညာရှိများကိုလည်း မြင်ခဲ့ရမည်။ အကွန်ဆောင်ပညာရှိက တစ်ကိုယ်ကောင်းများ၏ ဟန်တစ်လုံးနှင့်ပြောစကားများကိုလည်း ပွဲတင်ထပ်မျှကြားခဲ့ရပေမည်။ ယင်းသို့ ကြုံခဲ့၊ ကြားခဲ့၊ မြင်ခဲ့ရဖန်များသဖြင့် မြင်ပြင်းကတ်၊ ကြားပြင်းကတ်ပုံများကို သူ၏ကလောင်ဖြင့် ဖွင့်ချခဲ့သည်များကို အားပါးတရ ဖတ်ရှုရပါသည်။ ယင်းတို့မှာ

> *'မြန်မာများမှာ အတန်းအစားသုံးမျိုးရှိသည်။ တစ်ကိုယ်ကောင်းသမားများဖြစ်ပြီး နိုင်ငံ၏အကျိုးစီးပွားကို အရေးမကြီးသကဲ့သို့ သဘောထားသူများဖြစ်သည်။ နောက်တစ်မျိုးမှာ ပညာမဲ့၍ ရိုးအမှုများဖြင့် တင်းကျပ်ဖွဲ့နှောင်ခြင်း ခံရသူများဖြစ်သည်။ တတိယအမျိုးမှာ 'ကိုယ်ကျိုးကိုသာသိသောသူသည် လူ့ပြည်၌မနေထိုက်' ဟူသောဆောင်ပုဒ်ကို ကိုင်ဆောင်ထားသော သူများဖြစ်သည်။ ယင်းအတန်းအစားသုံးမျိုးသည် နိုင်ငံတိုင်းမှာရှိသည်။ သို့ရာတွင် အိန္ဒိယနှင့်မြန်မာနိုင်ငံတို့မှာ အခြားနိုင်ငံများထက် ထူးခြားမှုရှိသည်။ ယင်းသုံးမျိုးအနက် ပထမနှစ်မျိုးမှာ ထင်ရှားပြီး အားကြီးသည်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ကာဇွန်သည် အခြားရက်များက ပြောကြားသကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို အထက်တန်းလွှာများမှ စတင်ရမည်ဖြစ်သည်။ သို့ရာတွင် ယင်းအတန်းအစားများဖြစ်သော မြန်မာအမျိုးသားများမှာ ပညာဗဟုသုတရှိသူများမဟုတ်၊ စွမ်းရည်ရှိသူများ၊ ပိုင်ဆိုင်သူများ မဟုတ်ကြချေ။ ယင်းအထက်တန်းလွှာများသည်*

*ပြုပြင်ပြောင်းလဲရေးအတွက် ဆန္ဒရှိမှုကို ဖော်ထုတ်ပြသခြင်း မရှိချေ။ ပြည်သူလူထု၏ လက်ရှိအခြေအနေမှ သက်သာတိုးတက်လာစေရန် လုပ်ဆောင်သူများ မဟုတ်ကြပေ'*

ဤအထက်တန်းလွှာများ၏ တစ်ကိုယ်ကောင်းဆန်မှု၊ အများအကျိုးကို ရှောင်ကွင်းလွှဲရှောင်နေမှုများကို ပြတ်ပြတ်ထင်ထင် ရေးသားထားသည်ကို လေ့လာဖတ်ရှုရပေသည်။ အများနှင့်ပတ်သက်၍ တစ်ကိုယ်ကောင်းသမားများ၏ ခံယူချက်ကိုလည်း ဖော်ထုတ်ထားသည်မှာ

*'ပြည်သူလူထု၏ဖြစ်ပေါ်တိုးတက်ရေးမှာ သူတို့အကျိုးစီးပွားနှင့် ဆန့်ကျင်ဘက်များဖြစ်သည်ဟု မှတ်ယူထားဟန်ရှိသည်။ အကယ်၍ တစ်စုံတစ်ဦးသည် စေတနာကောင်းဖြင့် ပြုပြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့လျှင် ယင်းသူကို အားနှင့်မာန်နှင့် ထိုသူများက ဆန့်ကျင်ကန့်ကွက်ကြမည်ဖြစ်သည်။ သူတို့၏နောက် အများရှေ့တွင် ကဝိတစ်ဆူပုံပန်းဖြင့် သူတို့အပေါ် ထင်ပေါ်ကျော်ကြားမှု၊ အကွန်ဆောင်မှုများကို ဖုံးထားတတ်ကြသည်။ မြန်မာပြည်ကဲ့သို့နိုင်ငံမှာ အထက်တန်းလွှာများသည် အလွန်ရှေးဆန်သူများဖြစ်သည်။ သူတို့သည် မည်သို့သောပြုပြင်ပြောင်းလဲမှုကိုဖြစ်စေ ဆန့်ကျင်မည့် ထင်ရှားသည့်လက္ခဏာများရှိသည်။ တိုးတက်ဖြစ်ပေါ်မှုများကို လူထုအနေဖြင့် ယင်းတို့ထဲမှ မျှော်လင့်နိုင်မည်မှာ ခဲယဉ်းမည် ဖြစ်ပေသည်'*

စသည်ဖြင့် ခေတ်ရှေ့ဆောင် ဆောင်းပါးရှင် ဦးစံဦးခိုင်က ကလောင်ဖြင့် တစ်ကိုယ်ကောင်းသမား၊ အကွန်ဆောင်ပညာရှိများအား တိုက်ဖျက်ဆန့်ကျင်ခဲ့သည်။ ယင်းမှာ ဦးစံဦးခိုင်၏ ပြောင်မြောက်သောအတွေးအခေါ်များမှ ထင်ဟပ်လာခြင်းဖြစ်သည်မှာ ယုံမှားနိုင်စရာမရှိပါ။

## အမျိုးပျောက်မှာ စိုးကြောက်သူ

မိမိတို့မြန်မာများမှာ အသိဉာဏ်နည်းသူများ၊ အယူသည်းသူများနှင့် ပျင်းရိသူများအဖြစ် တွေ့မြင်နေရသည်။ ပညာရေးနှင့်ပတ်သက်၍ လူနေမှုများပြုပြင်ပြောင်းလဲမှုများ လိုအပ်သည်။ ယင်းကိုပြုပြင်ရန်အတွက် ဗြိတိသျှအစိုးရ၏ တာဝန်ဖြစ်သည်။ ယင်းပြုပြင်ပြောင်းလဲမှုများမရှိလျှင် နောင်အနာဂါတ်မှာ လူမျိုးပျောက်ကွယ်သွားနိုင်သည်။ မိမိတို့နိုင်ငံသားများ ဤကဲ့သို့ ဆက်လက်ရှိနေလျှင် များမကြာမီ လူမျိုးပင်ပျောက်ကွယ်သွားမည်ဟု မကွယ်မဝှက် တာဝန်ရှိစွာဖြင့် ဦးစံဦးခိုင်က ဖော်ထုတ်ခဲ့ပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်းတွေ့ရမည် ဖြစ်ပါသည်။

*'မြန်မာများမှာ ယခုတိုင်အောင် အသိဉာဏ်နည်းပါးသော အယူသည်းသော၊ ပျင်းရိသောသူများဖြစ်သည်။ သူတို့သည် ယင်းကဲ့သို့ အနေအထားအတိုင်း ရှိနေမည်ဆိုလျှင် နောင်နှစ်ဆယ်ငါးနှစ်တွင် လူမျိုးတစ်ခုလုံး ပျောက်ကွယ်သွားလိမ့်မည်။ မြန်မာလူမျိုးများမှာ ပညာသင်ကြားချက်များ လိုအပ်နေသည်သာမက သက်မွေးဝမ်းကျောင်းအတွက် ကြံဆောင်ချက်နှင့် ဘယ်ကဲ့သို့နေထိုင်ရမည်ကိုလည်း သင်ကြားပေးရန်လိုအပ်ပါသည်။ ပညာရေးကိုမြင့်ရန်မှာ နိုင်ငံတော်၏ တာဝန်တစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံအစိုးရသည် မည်ကဲ့သို့သော ပညာရေးစနစ်ကို လိုက်နာဆောင်ရွက်နေသည်။ ယင်းပညာရေးစနစ်သည် ဖော်ပြပါ ရည်ရွယ်ချက်နှစ်ရပ်ကို ထမ်းဆောင်နေခြင်းဟုတ်၊မဟုတ် ရှာဖွေလေ့လာရန် လိုအပ်ပေသည်'*

ဟု ရေးသားထားပါသည်။ ယင်းတို့မှာ ဦးစံဦးခိုင်၏ အမျိုးသားရေးအမြင်ကို ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်ပါသည်။

မြထွန်းအောင်

***မှတ်ချက်*** *– စာရေးသူ၏သားကြီးဖြစ်သူ စောထွန်းအောင်က လိုအပ်သည့် အထောက်အထားများကို ရှာဖွေကူညီကူးရေးမှုမပါလျှင် ဤစာတမ်းဖြစ်မြောက်မည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။ ဆောင်းပါး၏ ကျန်အပိုင်းများကို နောက်မဂ္ဂဇင်းများတွင် ဆက်လက်ဖော်ပြပါမည်။*

# ရခိုင်အက္ခရာ၊ ရခိုင်သင်ပုန်းကြီး

ယဉ်ကျေးမှု အဆင့်အတန်းမြင့်သော လူမျိုးတိုင်းတွင် ကိုယ်ပိုင်အက္ခရာနှင့် ကိုယ်ပိုင်စာ ဟိကတ်မြဲဖြစ်သည်။ ရခိုင်ယဉ်ကျေးမှုသည် တိုးတက် အဆင့်မြင့်ခပါသည်။ ရခိုင်တိုင်းအနှံ့မှာ ယခုတိုင် တည်ဟိနီသီးသော ရှိခေတ်အဆောက်အအုံ၊ ရုပ်ထု၊ ကျောက်စာ၊ ကမ္ဗည်းစာစသည့် ရုပ်ဝတ္ထုအထောက်အထားတိကို ကြည့်ရှုလောက်နန့် ရခိုင်ယဉ်ကျေးမှု အဆင့်အတန်းမနိမ့်ကြောင်း၊ ရခိုင်မှာ ကိုယ်ပိုင်အက္ခရာနန့် စာအရီးအသားဟိခကြောင်း သိသာနိုင်သည်။

ယင်းတိုးတက်အဆင့်မြင့်သော ယဉ်ကျေးမှုအထွီထွီရို့ကို ရခိုင်အမျိုးသားရို့ မထိန်းသိမ်းနိုင်ခကြတ်ပေ။ မျက်မှောက်ကာလတွင်ကား စာပီအပါအဝင် ယဉ်ကျေးမှုအရပ်ရပ်ရို့မှာ ဆုတ်ယုတ်ပျောက်ကွယ်လုနီး ဖြစ်နီပြီကိုတွိရမည်ဖြစ်သည်။ များစွာသော ရခိုင်အမျိုးသားရို့သည် မိမိရို့၌ ကိုယ်ပိုင်အက္ခရာ၊ စာအရီးအသားဟိစွာကိုတောင် မသိသောအခြီသို့ ရောက်နီကြတ်ပြီဖြစ်၏။ ရခိုင်စာပီကို ရခိုင်တိမသိ၍ ဆက်ပျာမသုံးကြတ်ကေ ယင်းစာပီ မကြာခင် လုံးဝပျက်သုဉ်းလားမည် အမှန်ဖြစ်သည်။

စာပီသည် ယဉ်ကျေးမှုအပေါင်း၏ အခရာဖြစ်သောကြောင့် စာပီပျောက်ကေ တခြားယဉ်ကျေးမှုရို့လည်း မတည်တံ့နိုင်ပေ။ ယဉ်ကျေးမှုပျောက်ကေ လူမျိုးရပ်တည် တိုးတက်ရီးလမ်းလည်း ဆုံးပြီဖြစ်သည်။


လူမျိုးတည်တံ့တိုးတက်ရီးတွင် စာပီကောင်းကောင်းအရာရောက်စွာကို သတိပြုမိကြတ်သော ရခိုင်ပညာသျှင်ရို့သည် ရခိုင်စာပီဖေါ်ထုတ်ဖို့ အားထုတ်ခကြတ်သည်။ ရခိုင့်တန်ဆောင်မဂ္ဂဇိန်းများက ‘ရက္ခိုင်စာပီကဏ္ဍ’တိကား ယင်းအားထုတ်မှု၏ ရလာဒ်များပင်ဖြစ်သည်။ ယင်းကဏ္ဍများသည် ရခိုင်စာပီဖေါ်ထုတ်မှု၏

မှတ်တိုင်ကြီးတစ်ခုလည်း ဖြစ်ပေ၏။

ရခိုင့်တန်ဆောင် မဂ္ဂဇိန်းတွင် 'ရက္ခိုင်စာပိကဏ္ဍ'ကို ၁၉၅၇–၅၈ ခုနှစ်ကစ၍ (၁၉၆၂–၆၃)ရခိုင့်တန်ဆောင် နိဂုံးချုပ်ရသောနှစ်ထိ သီးခြားကဏ္ဍအဖြစ် ဖော်ပြဖူးပါသည်။ အေဆောင်းပါးသည် 'ရက္ခိုင်စာပိကဏ္ဍ'တိက အရီးကြီးသည်ဟု ယူဆသောအချက်တိကို ထုတ်ယူတင်ပြထားစွာ ဖြစ်ပါသည်။ 'ရက္ခိုင်စာပိကဏ္ဍ'တိကို ဖတ်ဖူးသူရို့အတွက် ထူးဆန်းမှု ဟိမည်မဟုတ်သော်လည်း၊ မဖတ်ဖူးသူရို့အတွက်ကား ရခိုင်စာပီလေ့လာမှုတွင် မုချအထောက်အကူပြုလိမ့်မည်ဟု ယုံပါသည်။ ရခိုင်စာပီဖော်ထုတ်ရီး ရည်ရွယ်ချက်နန့် တင်ပြလိုက်ခြင်းဖြစ်၏။

"ရက္ခိုင်စာပီကဏ္ဍ"၏ ပွဲဦးထွက်နှစ်ဖြစ်တေ "(၁၉၅၇-၅၈)နှစ်မာ ဝေသာလီခေတ်က အသုံးပြုခသော ရက္ခဝဏ္ဏအက္ခရာနန့် အရီးအသားရွတ်ဘတ်ပုံအချို့"အပြင် ရခိုင်သင်ပုန်းကြီးကိုလည်း ဆိုနည်းနန့်တကွ အောက်ပါအတိုင်း တင်ပြခပါသည်။

**<u>သရ ကပ်ပုံ</u>**





ရခိုင်အက္ခရာပုံစံ (၁)

## ရခိုင်ဗျည်း ၃၃ လုံးရို့၏အခေါ်အဝေါ်မှာ

ကကြီး၊ ခငေ၊ ဂငွေ၊ ခကျောက်ရှေ၊ င၊ စလုံး၊ ဆလိမ်၊ ဇငွေး၊ စမြီးဆွဲ၊ ည၊ ဋသီချိပ်၊ ဌဝမ်းခွေး၊ ဍသံကောက်၊ ဎရီမှုတ်၊ ဏကြီး၊ တဝမ်းတက်၊ ထဝမ်းစေ့၊ ဒဓွယ်၊ ဓဝမ်းယိုပ်၊ နငေ၊ ပဦးစောက်၊ ဖဖေါက်လိပ်၊ ဗလုံး၊ ဘဖုံးယိုပ်၊ မ၊ ယပက်လက်၊ ရကောက်၊ လ၊ ဝ၊ သ္သျ၊ ဟ၊ ဠကြီး၊ အ ရို့ဖြစ်၏။

## ရခိုင်သင်ပုန်းကြီးဆိုနည်း

| | |
|---|---|
| က | ကရီးရာ က ရရေ။ |
| ကာ | ကချ၊ ကာရရေ။ |
| ကိ | ကဘင်၊ ကိ ရရေ။ |
| ကီ | တင်လို့ပွတ်တာ၊ ကီ ရရေ။ |
| ကု | တချက်ငင်၊ ကု ရရေ။ |
| ကူ | နှစ်ချက်ငင်၊ ကူ ရရေ။ |
| ကေ | သဝီခြား၊ ကေ ရရေ။ |
| ကဲ | နောက်ပင်၊ ကဲ ရရေ။ |
| ကော | သဝီလဲ့ခြား၊ ကာလဲ့ချနန့် ကော ရရေ။ |
| ကော် | ရှိထိုး၊ ကော် ရရေ။ |
| ကံ | တချက်ပွတ်တာ၊ ကံ ရရေ။ |
| ကား | ချလို့နှစ်ချက်ပွတ်၊ ကား ရရေ။ |
| ကျ | ကပင့်ရီးရာ၊ ကျ ရရေ။ |
| ကျာ | ကျချကျာ ရရေ။ |
| ကျိ | ကျတင်ကျိ ရရေ။ |
| ကျီ | တင်လို့ပွတ်တာ၊ ကျီ ရရေ။ |
| ကျု | တချက်ငင်၊ ကျု ရရေ။ |
| ကျူ | နှစ်ချက်ငင်၊ ကျူ ရရေ။ |
| ကျေ | သဝီခြား၊ ကျေ ရရေ။ |
| ကျဲ | နောက်ပစ် ကျဲ ရရေ။ |
| ကျော | သဝီလဲ့ခြား ကျလဲ့ ချနန့် ကျော ရရေ။ |
| ကျော် | ရှိထိုးကျော် ရရေ။ |
| ကျံ | တချပွတ်တာ ကျံ ရရေ။ |
| ကျား | ချလို့နှစ်ချက်ပွတ်တာ ကျား ရရေ။ |

ချ၊ ဂျ၊ ပျ၊ ဖျ၊ ဗျ၊ မျ၊ လျ ရို့ကို အထက်ပါနည်းအတိုင်း ဆိုရသည်။

ကြ ကရစ်ရီးရာ ကြ ရရေ။

ကြာ ကြချ ကြာ ရရေ။

ကြိ ကြတင် ကြိ ရရေ။

ကြီ တင်လို့ပွတ်တာ ကြီရရေ။

ကြု တချက်ငင် ကြု ရရေ။

ကြူ နှစ်ချက်ငင် ကြူ ရရေ။

ကြေ သဝီခြား ကြေ ရရေ။

ကြဲ နောက်ပစ် ကြဲ ရရေ။

ကြော သဝီလဲ့ခြား ကြလဲ့ချနန့် ကြော ရရေ။

ကြော် ရှိထိုး ကြော် ရရေ။

ကြံ တချက်ပွတ်တာ ကြံ ရရေ။

ကြား ချလို့ နှစ်ချက်ပွတ်တာ ကြား ရရေ။

ခြ၊ ဂြ၊ ငြ၊ ပြ၊ ဖြ၊ ဗြ၊ မြ၊ ရို့ကို အထက်ပါနည်းအတိုင်း ဆိုရသည်။

ငှ ငဟာဆွဲရီးရာ ငှရရေ။

ငှါ ငှချ ငှါ ရရေ။

ငှိ ငှတင် ငှိ ရရေ။

ငှီ တင်လို့ပွတ်တာ ငှီ ရရေ။

ငှု တချက်ငင် ငှု ရရေ။

ငှူ နှစ်ချက်ငင် ငှူ ရရေ။

ငှေ သဝီခြား ငှေ ရရေ။

ငှဲ နောက်ပစ် ငှဲ ရရေ။

ငှေါ သဝီလဲ့ခြား ငှလဲ့ချနန့် ငှေါ ရရေ။

ငှေါ် ရှိထိုး ငှေါ် ရရေ။

ငှံ တချက်ပွတ်တာ ငှံ ရရေ။

ငှါး ချလို့နှစ်ချက်ပွတ်တာ ငှါး ရရေ။

ညှ၊ ဏှ၊နှ၊ မှ၊ ယှ၊ ရှ၊ လှ၊ ရို့ကိုအထက်ပါနည်းအတိုင်းဆိုရသည်။

ကွ ကဝဆွဲရီးရာ ကွ ရရေ။
ကွာ ကွချ ကွာ ရရေ။
ကွိ ကွတင် ကွိ ရရေ။
ကွီ တင်လို့ ပွတ်တာ ကွီ ရရေ။
ကွေ သဝီခြား ကွေ ရရေ။
ကွဲ့ နောက်ပစ် ကွဲ ရရေ။
ကွံ တချက်ပွတ်တာ ကွံ ရရေ။
ကွား ချလို့နှစ်ချက်ပွတ်တာ ကွား ရရေ။
ဝ ကိုချန်လှပ်ပြီး ခွမှအွ ထိ အထက်ပါနည်းအတိုင်းဆိုရသည်။

ကျွ ကပင့်ဝဆွဲရီးရာ ကျွ ရရေ။
ကျွာ ကျွချ ကျွာ ရရေ။
ကျွိ ကျွတင် ကျွိ ရရေ။
ကျွီ တင်လို့ပွတ်တာ ကျွီ ရရေ။
ကျွေ သဝီခြား ကျွေ ရရေ။
ကျွဲ နောက်ပစ် ကျွဲ ရရေ။
ကျွံ တချက်ပွတ်တာ ကျွံ ရရေ။
ကျွား ချလို့နှစ်ချက်ပွတ်တာ ကျွား ရရေ။
ချွ၊ ဂျွ၊ ငျွ၊ ဖျွ၊ ဗျွ၊ မျွ၊ လျွ ရို့ကို အထက်ပါအတိုင်းဆိုရသည်။

ကြွ ကရစ်ဝဆွဲရီးရာ ကြွ ရရေ။
ကြွာ ကြွချ ကြွာ ရရေ။
ကြွိ ကြွတင် ကြွိ ရရေ။
ကြွီ တင်လို့ပွတ်တာ ကြွီ ရရေ။
ကြွေ သဝီခြား ကြွေ ရရေ။
ကြွဲ နောက်ပစ် ကြွဲ ရရေ။
ကြွံ တချက်ပွတ်တာ ကြွံ ရရေ။
ကြွား ချလို့နှစ်ချက်ပွတ်တာ ကြွား ရရေ။
ခြွ၊ ဂြွ၊ ငြွ၊ ပြွ၊ ဖြွ၊ ဗြွ၊ မြွ ရို့ကိုအထက်ပါနည်းအတိုင်းဆိုရသည်။

| | |
|---|---|
| ငွ | ငဟဆွဲ၊ ရီးရာ ငွ ရရေ။ |
| ငွါ | ငွချ ငွါ ရရေ။ |
| ငွိ | ငွတင် ငွိ ရရေ။ |
| ငွီ | တင်လို့ပွတ်တာ ငွီ ရရေ။ |
| ငွေ | သဝီခြား ငွေ ရရေ။ |
| ငွဲ | နောက်ပစ် ငွဲ ရရေ။ |
| ငွံ | တချက်ပွတ်တာ ငွံ ရရေ။ |
| ငွါး | ချလို့နှစ်ချက်ပွတ်တာ ငွါး ရရေ။ |
| | ညွ၊ ဏွ၊ နွ၊ မွ၊ ယွ၊ ရွ၊ လွ၊ သွ ရို့ကိုအထက်ပါနည်းအတိုင်းဆို ရသည်။ ယွနှင့်သွ အသံထွက်တူ၏။ |

## <u>ရခိုင်အသတ်သျှေဆိုနည်း</u>

| | |
|---|---|
| ကက် | က၊ ကက်ကသတ်။ |
| ကင် | ကင်ငသတ်၊ ကင့်ငသတ်၊ ကင်းငသတ်။ |
| ကိုက် ကစ် | ကစ်စသတ်။ |
| ကိုင်၊ ကည် | ကည်ညသတ်၊ ကည့်ညသတ်၊ ကည်းညသတ်။ |
| ကတ် | ကတ်တသတ်။ |
| ကန် | ကန်နသတ်၊ ကန့်နသတ်၊ ကန်းနသတ်။ |
| ကပ် | ကပ်ပသတ်။ ၇ |
| ကမ် | ကမ်မသတ်၊ ကမ့်မသတ်၊ ကမ်းမသတ်။ |
| ကယ် | ကယ်ယသတ်။ |
| ကဝ် | ကဝ်ဝသတ်။ |
| ကိုဝ် | ကတင်ငင်ဝသတ်ကိုဝ်လဲ့ရ၊ ကိုဝ့်လဲ့ရ၊ ကိုဝ်းလဲရ။ ခမှအစ အ–အဆုံးထိ အထက်ပါနည်းအတိုင်းဆိုရသည်။ |
| ကျက် | ကပင့်ကျက်ကသတ်။ |
| ကျင် | ကျင်ငသတ်၊ ကျင့်ငသတ်၊ ကျင်းငသတ်။ |
| ကျစ် | ကျစ်စသတ်။ |
| ကျည် | ကျည်ညသတ်၊ ကျည့်ညသတ်၊ ကျည်းညသတ်။ |
| ကျတ် | ကျတ်တသတ်။ |
| ကျန် | ကျန်နသတ်၊ ကျန့်နသတ်၊ ကျန်းနသတ်။ |
| ကျပ် | ကျပ်ပသတ်။ |

| | |
|---|---|
| ကျမ် | ကျမ်မသတ်၊ ကျမ့်မသတ်၊ ကျမ်းမသတ်။ |
| ကျယ် | ကျယ်ယသတ်။ |
| ကျဝ် | ကျင်ဝသတ်။ |
| ကျိုဝ် | ကျတင်ငင်ဝသတ်ကျိုဝ်လဲ့ရ၊ ကျိုဝ့်လဲ့ရ၊ ကျိုဝ်းလဲ့ရ။ |
| | ချ၊ ဂျ၊ ပျ၊ ဖျ၊ ဗျ၊ မျ၊ လျ၊ ရို့ကို အထက်ပါအတိုင်းဆို ရသည်။ |
| ကြက် | ကရစ်ကြက်ကသတ်။ |
| ကြင် | ကြင်ငသတ်၊ ကြင့်ငသတ်၊ ကြင်းငသတ်။ |
| ကြစ် | ကြစ်စသတ်။ |
| ကြည် | ကြည်ညသတ်၊ ကြည့်ညသတ်၊ ကြည်းညသတ်။ |
| ကြတ် | ကြတ်တသတ်။ |
| ကြန် | ကြန်နသတ်၊ ကြန့်နသတ်၊ ကြန်းနသတ်။ |
| ကြပ် | ကြပ်ပသတ်။ |
| ကြမ် | ကြမ်ပသတ်၊ ကြမ့်မသတ်၊ ကြမ်းမသတ်။ |
| ကြယ် | ကြယ်ယသတ်။ |
| ကြဝ် | ကြဝ်ဝသတ်။ |
| ကြိုဝ် | ကြတင်ငင်ငသတ်ကြိုဝ်လဲ့ရ၊ ကြိုဝ့်လဲ့ရ၊ ကြိုဝ်းလဲ့ရ။ |
| | ခြ၊ ဂြ၊ ငြ၊ ပြ၊ ဖြ၊ ဗြ၊ မြ၊ ရို့ကိုအထက်ပါနည်းအတိုင်း ဆိုရသည်။ |
| ငက် | ငဟဆွဲငက်ကသတ်။ |
| ငင် | ငင်ငသတ်၊ ငင့်ငသတ်၊ ငင်းငသတ်။ |
| ငစ် | ငစ်စသတ်။ |
| ငည် | ငည်ညသတ်၊ ငည့်ညသတ်၊ ငည်းညသတ်။ |
| ငတ် | ငတ်တတတ်။ |
| ငန် | ငန်နသတ်၊ ငန့်နသတ်၊ ငန်းနသတ်။ |
| ငပ် | ငပ်ပသတ်။ |
| ငမ် | ငမ်မသတ်၊ ငမ့်မသတ်၊ ငမ်းမသတ်။ |
| ငယ် | ငယ်ယသတ်။ |
| ငဝ် | ငဝ်ဝသတ်။ |
| ငိုဝ် | ငတင်ငင်ဝသတ်ငိုဝ်လဲ့ရ၊ ငိုဝ့်လဲ့ရ၊ ငိုဝ်းလဲ့ရ။ |

| | |
|---|---|
| | ညှ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ရှ၊ လှ၊ ရို့ကို အထက်ပါအတိုင်း ဆိုရသည်။ |
| ကွက် | ကဝဆွဲ ကွက်ကသတ်။ |
| ကွင် | ကွင်ငသတ်၊ ကွင့်ငသတ်၊ ကွင်းငသတ်။ |
| ကွစ် | ကွစ်စသတ်။ |
| ကွည် | ကွည်ညသတ်၊ ကွည့်ညသတ်၊ ကွည်းညသတ်။ |
| ကွတ် | ကွတ်တသတ်။ |
| ကွန် | ကွန်နသတ်၊ ကွန့်နသတ်၊ ကွန်းနသတ်။ |
| ကွပ် | ကွပ်ပသတ်။ |
| ကွမ် | ကွမ်မသတ်၊ ကွမ့်မသတ်၊ ကွမ်းမသတ်။ |
| ကွယ် | ကွယ်ယသတ်။ |
| | ဝ–ကို ချန်လှပ်ပြီး ခ–မှ အ–အထိ အထက်ပါနည်းအတိုင်း ဆိုရသည်။ |
| ကျွက် | ယပင့်ဝဆွဲကျွက်ကသက်။ |
| ကျွင် | ကျွင်ငသတ်၊ ကျွင့်ငသတ်၊ ကျွင်းငသတ်။ |
| ကျွစ် | ကျွစ်စသတ်။ |
| ကျွည် | ကျွည်ညသတ်၊ ကျွည့်ညသတ်၊ ကျွည်းညသတ်။ |
| ကျွတ် | ကျွတ်တသတ်။ |
| ကျွန် | ကျွန်နသတ်၊ ကျွန့်နသတ်၊ ကျွန်းနသတ်။ |
| ကျွပ် | ကျွပ်နသတ်။ |
| ကျွမ် | ကျွမ်မသတ်၊ ကျွမ့်မသတ်၊ ကျွမ်းမသတ်။ |
| ကျွယ် | ကျွယ်ယသတ်။ |
| | ချွ၊ ဂျွ၊ ပျွ၊ ဖျွ၊ ဗျွ၊ မျွ၊ လျွ ရို့ကိုအထက်ပါနည်းအတိုင်း ဆိုရသည်။ |
| ကြွက် | ကရစ်ဝဆွဲကြွက်ကသတ်။ |
| ကြွင် | ကြွင်ငသတ်၊ ကြွင့်ငသတ်၊ ကြွင်းငသတ်။ |
| ကြွစ် | ကြွစ်စသတ်။ |
| ကြွည် | ကြွည်ညသတ်၊ ကြွည့်ညသတ်၊ ကြွည်းညသတ်။ |
| ကြွတ် | ကြွတ်တသတ်။ |
| ကြွန် | ကြွန်နသတ်၊ ကြွန့်နသတ်၊ ကြွန်းနသတ်။ |
| ကြွပ် | ကြွပ်ပသတ်။ |

ကြွမ် ကြွမ်မသတ်။
ခြွ၊ ဂြွ၊ ပြွ၊ ဖြွ၊ ဗြွ၊ မြွ ရို့ကိုအထက်ပါနည်းအတိုင်းဆိုရသည်။
ငွက် ဟေဆွဲဝဆွဲငွက်ကသတ်။
ငွင် ငွင်ငသတ်၊ ငွင့်ငသတ်၊ ငွင်းငသတ်။
ငွစ် ငွစ်စသတ်။
ငွည် ငွည်ညသတ်၊ ငွည့်ညသတ်၊ ငွည်းညသတ်။
ငွတ် ငွတ်တသတ်။
ငွန် ငွန်နသတ်၊ ငွန့်နသတ်၊ ငွန်းနသတ်။
ငွဝ် ငွဝ်ဝသတ်။
ငွမ် ငွမ်မသတ်၊ ငွမ့်မသတ်၊ ငွမ်းမသတ်။
ငွယ် ငွယ်ယသတ်။
ညွ၊ ဏွ၊ နွ၊ မွ၊ ယွ၊ ရွ၊ လွ၊ သွ၊ ရို့ကိုအထက်ပါနည်းအတိုင်းဆိုရသည်။

## ရခိုင်အသတ်ကြီးဆိုနည်း

ကိတ် ကတင်ကိတ်တသတ်။
ကိန် ကိန်နသတ်၊ ကိန့်နသတ်၊ ကိန်းနသတ်။
ကိပ် ကိပ်ပသတ်။
ကိမ် ကိမ်မသတ်၊ ကိမ့်မသတ်၊ ကိမ်းမသတ်။
ကုတ် ကုတ်တသတ်။
ကုန် ကုန်နသတ်၊ ကုန့်နသတ်၊ ကုန်းနသတ်။
ကုပ် ကုပ်ပသတ်။
ကုမ် ကုမ်မသတ်။
ကောက် ကောက်ကသတ်။
ကောင် ကောင်ငသတ်၊ ကောင့်ငသတ်၊ ကောင်းငသတ်။
ကိုက် ကတင်ငင်ကိုက် ကသတ်။
ကိုင် ကိုင်ငသတ်၊ ကိုင့်ငသတ်၊ ကိုင်းငသတ်။
ခ မှ အ–အထိ အထက်ပါနည်းအတိုင်းဆိုရသည်။
ကျိတ် ကပင့်ကျိတ်တသတ်။
ကျိန် ကျိန်နသတ်၊ ကျိန့်နသတ်၊ ကျိန်းနသတ်။

| | |
|---|---|
| ကျိပ် | ကျိပ်ပသတ်။ |
| ကျိမ် | ကျိမ်မသတ်၊ ကျိမ့်မသတ်၊ ကျိမ်းမသတ်။ |
| ကျုတ် | ကျုတ်တသတ်။ |
| ကျုန် | ကျုန်နသတ်၊ ကျုန့်နသတ်၊ ကျုန်းနသတ်။ |
| ကျုပ် | ကျုပ်ပသတ်။ |
| ကျုမ် | ကျုမ်မသတ်၊ ကျုမ့်မသတ်၊ ကျုမ်းမသတ်။ |
| ကျောက် | ကချာကချာကျောက်ကသတ်။ |
| ကျောင် | ကျောင်ငသတ်၊ ကျောင့်ငသတ်၊ ကျောင်းငသတ်။ |
| ကျိုက် | ကတင်ကျိုင်ကျိုက် ကသတ်။ |
| | ချ၊ ဂျ၊ ပျ၊ ဖျ၊ ဗျ၊ မျ၊ ရို့ ကိုအထက်ပါအတိုင်းဆိုရသည်။ |
| ကြိတ် | ကရစ်ကြိတ်တသတ်။ |
| ကြိန် | ကြိန်နသတ်၊ ကြိန့်နသတ်၊ ကြိန်းနသတ်။ |
| ကြိပ် | ကြိပ်ပသတ်။ |
| ကြိမ် | ကြိမ်မသတ်၊ ကြိမ့်မသတ်၊ ကြိမ်းမသတ်။ |
| ကြုတ် | ကြုတ်တသတ်။ |
| ကြုန် | ကြုန်နသတ်၊ ကြုန့်နသတ်၊ ကြုန်းနသတ်။ |
| ကြုပ် | ကြုပ်ပသတ်။ |
| ကြုမ် | ကြုမ်မသတ်၊ ကြုမ့်မသတ်၊ ကြုမ်းမသတ်။ |
| ကြောက် | ကချာကချာကြောက်ကသတ်။ |
| ကြိုက် | ကြတင်ကြုင်ကြိုက်ကသတ်။ |
| ကြိုင် | ကြိုင်ငသတ်၊ ကြိုင့်ငသတ်၊ ကြိုင်းငသတ်။ |
| | ခြ၊ ဂြ၊ ငြ၊ ပြ၊ ဖြ၊ ဗြ၊ မြ ရို့ကိုအထက်ပါနည်းအတိုင်း ဆိုရသည်။ |
| ငိုက် | ငေဟဆွဲငိုတ်တသတ်။ |
| ငိုန် | ငိုန်နသတ်၊ ငိုန့်နသတ်၊ ငိုန်းနသတ်။ |
| ငိုပ် | ငိုပ်ပသတ်။ |
| ငိုမ် | ငိုမ်မသတ်။ |
| ငူတ် | ငူတ်တသတ်။ |
| ငူန် | ငူန်နသတ်၊ ငူန့်နသတ်၊ ငူန်းနသတ်။ |
| ငူပ် | ငူပ်ပသတ်။ |
| ငူမ် | ငူမ်မသတ်၊ ငူမ့်မသတ်၊ ငူမ်းမသတ်။ |


| | |
|---|---|
| ငေါက် | ငေါ ငေါ ငေါကသတ်။ |
| ငေါင် | ငေါင်ငသတ်၊ ငေါင့်ငသတ်၊ ငေါင်းငသတ်။ |
| ငှိုက် | ငှတင်ငှုင်ငှိုက်ကသတ်။ |
| ငှိုင် | ငှိုင်ငသတ်၊ ငှိုင့်ငသတ်၊ ငှိုင်းငသတ်။ |
| | ညှ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ရှ၊ လှ ရို့ကိုအထက်ပါနည်းအတိုင်းဆိုရသည်။ |
| ကွိတ် | ကဝဆွဲကွိတ်ကသတ်။ |
| ကွိန် | ကွိန်နသတ်၊ ကွိန့်နသတ်၊ ကွိန်းနသတ်။ |
| ကွိပ် | ကွိပ်ပသတ်။ |
| ကွိမ် | ကွိမ်မသတ်။ |
| ကွိုက် | ကတင်ကုငင်ကွိုက်ကသတ်။ |
| ကွိုင် | ကွိုင်ငသတ်၊ ကွိုင့်ငသတ်၊ ကွိုင်းငသတ်။ |
| | ဝ–ကိုချန်လှပ်ပြီး ခ–မှအ–အထိအထက်ပါအတိုင်းဆိုရသည်။ |
| ကျွိတ် | ကပင့်ဝဆွဲကျွိတ်တသတ်။ |
| ကျွိန် | ကျွိန်နသတ်၊ ကျွန့်နသတ်၊ ကျွန်းနသတ်။ |
| ကျွိပ် | ကျွိပ်ပသတ်။ |
| ကျွိမ် | ကျွိမ်မသတ်၊ ကျွိမ့်မသတ်၊ ကျွိမ်းမသတ်။ |
| ကျွိုက် | ကတင်ကုငင်ကျွိုက်ကသတ်။ |
| ကျွိုင် | ကျွိုင်ငသတ်၊ ကျွိုင့်ငသတ်၊ ကျွိုင်းငသတ်။ |
| | ချွ၊ ဂျွ၊ ပျွ၊ ဖျွ၊ ဗျွ၊ မျွ၊ လျွ ရို့ကိုအထက်ပါအအတိုင်းဆိုရသည်။ |
| ကြွိတ် | ကရစ်ဝဆွဲကြွိတ်တသတ်။ |
| ကြွိန် | ကြွိန်နသတ်၊ ကြွိန့်နသတ်၊ ကြွိန်းနသတ်။ |
| ကြွိပ် | ကြွိပ်ပသတ်။ |
| ကြွိမ် | ကြွိမ်မသတ်၊ ကြွိမ့်မသတ်၊ ကြွိမ်းမသတ်။ |
| ကြွိက် | ကတင်ကုငင်ကြွိက်ကသတ်။ |
| ကြွိုင် | ကြွိုင်ငသတ်၊ ကြွိုင့်ငသတ်၊ ကြွိုင်းငသတ်။ |
| | ခြွ၊ ဂြွ၊ ငြွ၊ ပြွ၊ ဖြွ၊ ဗြွ၊ မြွ ရို့ကိုအထက်ပါအတိုင်းဆိုရသည်။ |
| ငွှိတ် | ဟဆွဲဝဆွဲငွှိတ်တသတ်။ |

| | |
|---|---|
| ငွိန် | ငွိန်နသတ်၊ ငွိန့်နသတ်၊ ငွိန်းနသတ်။ |
| ငွိပ် | ငွိပ်ပသတ်။ |
| ငွိမ် | ငွိမ်မသတ်။ |
| ငွိုက် | တေင်ငူငင်ငွိုက်ကသတ်။ |
| ငွိုင် | ငိုင်ငသတ်၊ ငွိုင့်ငသတ်၊ ငွိုင်းငသတ်။ |
| | ညွ၊ ဏွ၊ နွ၊ မွ၊ ယွ၊ ရွ၊ လွ၊ သွ ရို့ကိုအထက်ပါနည်းအတိုင်းဆိုရသည်။ |

၁၉၅၇-၅၈ ရခိုင့်တန်ဆောင်မဂ္ဂဇိန်းမှ "ရက္ခိုင်စာပီကလျှာ"တွင် အထက်မာ တင်ပြထားရေအတိုင်း ဝေသာလီခေတ်က အသုံးပြုသော ရခိုင်အက္ခရာအမြွက် လောက်နန့် ရခိုင်သင်ပုန်းကြီးလောက်ကိုရာ ဖေါ်ပြထားပါသည်။

၁၉၅၈-၅၉ ရခိုင့်တန်ဆောင် ရက္ခိုင်စာပီကလျှာတွင်လည်း ဝေသာလီခေတ် တွင်တွိရသော ရခိုင်အက္ခရာမျှားကို ပထမဖေါ်ပြပါသည်။ ယင်းနောက် လောင်း ကြတ်ခေတ်နန့် မြောက်ဦးခေတ်တွင်တွိရသော ရခိုင်အက္ခရာမျှားကို ဆက်လို့တင်ပြ ပါသည်။

"ဦးစွာ ခရစ်တော်ဝ် ၈-ရာစုခန့် ဝေသာလီခေတ်နောက်ပိုင်းမာ သုံးခသည်ထင် ရသော ရက္ခဝဏ္ဏအက္ခရာအမြွက်လောက်ကို" အောက်ပါအတိုင်း တင်ပြထားပါ သည်။



**ရခိုင်အက္ခရာပုံစံ(၂) သရကပ်ပုံ**


## ရခိုင်အက္ခရာပုံစံ (၂)



"ယင်းနောက် စမ္ဘဝက်၊ ပထမလောင်းကြက်၊ ပုရိန်၊ ခြိပ်၊ နေရဥ္စရာစသည့် မြို့တော်များကို ချန်လှပ်ပြီးကော၊ ဒုတိယလောင်းကြက်ခေတ်မှာ ၁၅-ရာစုနန့် တတိယမြောက်ဦးခေတ်လယ် ၁၈-ရာစုခန့်မှာ တွိရသည့် ရခိုင်အက္ခရာ"များမှာ အောက်ပါအတိုင်း တင်ပြထားပါသည်။




ရခိုင်အက္ခရာပုံစံ (၃)



သရကပ်ပုံ၊ အရစ်အပင့်စသည်နှင့် ဝေါဟာရသုံးအက္ခရာများ

ယင်းနောက် ''ခရစ်သက္ကရာဇ် ၁၅-ရာစုနှင့် ၁၈-ရာစုအတွင်း ရခိုင်စာပီအက္ခရာများမှ ကောင်းနိုးရာရာ ရွီးယူပြီးကေ ရခိုင်ပညာသျှင်၊ လူပညာတိ ပုဂ္ဂိုလ်အပေါင်းရှိနှန့် ညှိနှိုင်းခပြီးနောက် အကြံကောင်းတောင်းခံရယူကာ'' အောက်ပါအက္ခရာရို့ကို နောက်ဆုံးတင်ပြထားပါသည်။



သရကပ်ပုံ၊ အရစ်အပင့်စသည်နှင့် ဝေါဟာရသုံးအက္ခရာများ



ရခိုင်အက္ခရာပုံစံ (၄)

အထက်ဖော်ပြပါ အက္ခရာပုံစံတိနန့် သင်ပုန်းကြီးရို့ကို (၁၉၅၇–၅၈) မှ (၁၉၅၉–၆၀)အထိ (၃)နှစ်အတွင်းထုတ်ခသော ရခိုင့်တန်ဆောင်မဂ္ဂဇိန်းများမှ ရက္ခိုင်စာပိကဏ္ဍတိမာ ထည့်သွင်းဖော်ပြထားပါသည်။ ယင်းပိုင်ဖော်ပြစွာမာ အက္ခရာအကြောင်းနန့်ပတ်သက်လို့ မူလဆင်းလာရာဒေသကို ယှင်းမပြခပါ။ ယင်းလိုအပ်ချက်ကို ရခိုင်ပညာသျှင်များ ရှာဖွီတင်ပြထားစွာတိက ထုတ်နှုတ်တင်ပြလိုက်ပါသည်။

ရခိုင်အက္ခရာဆင်းလာသော မူလဒေသမာ အိန္ဒိယပြည်ဟု ဆိုကြတ်ပါသည်။ ယင်းအကြောင်းကို ရခိုင်ပညာဟိဆရာဦးဦးသာထွန်းက 'အိန္ဒိယပြည်ကြီး၌ ရှေးနှစ်ပေါင်းများစွာက (ရာစုနှစ်လွန်ကို ဆိုလိုသည်) 'ဧရ မေဏ္ဍကာ'ခေါ်သော အက္ခရာပေါ်ပေါက်လာသည်။ ယင်းနောက်ပိုင်းတွင် တဆင့်တဆင့် ကူးပြောင်းလာကာ 'ခရသျှာတီ'အက္ခရာ ပေါ်ပေါက်လာသည်။ ယင်းမှတဆင့် ဗြဟ္မီ၊ ယင်းမှတဆင့် 'ကုသျှံအက္ခရာ'၊ ယင်းမှတဆင့် 'ဂုတ္တအက္ခရာ'၊ ယင်းမှတဆင့် 'ဂြန္တအက္ခရာ'၊ 'ရက္ခဝဏ္ဏအက္ခရာ'၊ ကုဋိလ၊ နာဂရီ၊ သျှာရဒါ၊ ဘင်္ဂလား၊ ပါဆင်ကျိမီ၊ မယေ၊ ပြဒေသျှိ၊ တေလဂူ အစယှိသော များစွာသော စာပေအက္ခရာဝဏ္ဏတို့သည် ဆင်းသက်ပေါ်ပေါက်လာလေသည်။ ထို့ကြောင့် ဂုတ္တအက္ခရာမှ ဂြန္တအက္ခရာ၊ ရက္ခဝဏ္ဏအက္ခရာတို့ ဆင်းသက်လာသည်။ အရေးကြီးသော စာပေတရပ်မှာ ဂြန္တခပ်ဆန်ဆန်တူသော သက္ကဋစာပေမျိုးသည် ပေသျှဝါမြောက်ပိုင်း မောရိယမင်းဆက်မှ ရက္ခိုင် ဝေသာလီမြို့တော်ဟောင်းသို့ ဆင်းသက်လာသည်။ ယင်းစာသည်လည်း တဆင့်ဆင့်လွှဲပြောင်းကာ ရက္ခဝဏ္ဏဖြစ်လာသည်တရပ်၊ ဇတ္တအက္ခရာမှ ဂြန္တနှင့်အဆင်တူကာ တဆင့်တဆင့်လွဲပြီးလျှင် ရက္ခဝဏ္ဏဖြစ်လာသည်တရပ်၊ နှစ်ရပ်သော ပြောင်းလဲခြင်းတို့ဖြင့် စီးဆင်းလာသော မြစ်ငယ်နှစ်ခုတို့မှာ သမုဒ္ဒရာထဲသို့ စီးဝင်သကဲ့သို့ ရက္ခဏ္ဏအက္ခရာထဲသို့ ဆင်းသက်လာလေသည်။ ထို့ကြောင့် ယင်းအချိန်ကပင် ရက္ခဝဏ္ဏအက္ခရာဟူ၍ ထင်ရှားလာသည်' စသည်ဖြင့် မိန့်ဆိုပါသည်။

ရခိုင်ရာဇဝင်သုတေသီတစ်ဦးဖြစ်သော ဆရာကြီးဦးအောင်သာဦးကလည်း ရခိုင်လူမျိုးဆင်းသက်လာပုံ အမြွက်လောက်နန့် ရခိုင်အက္ခရာပေါ်ပေါက်လာပုံအကျဉ်းကို အောက်ပါသဘောအတိုင်း မိန့်ဆိုဖူးပါသည်။

> *'အာသျှတိုက်အလယ်ပိုင်းဟိ ပမီယာကုန်းပြင်မြင့် (PAMIR PLATEAU) မှ လူတစ်စုသည် အိန္ဒိယပြည်မြောက်ပိုင်း အိန္ဒုမြစ်ဝှမ်းဒေသသို့ တစ်သုတ်ပြီးတစ်သုတ်၊ တစ်ချိန်ပြီးတစ်ချိန် ဝင်ရောက်လာကြတ်ကြောင်း၊ ယင်းမြစ်ဝှမ်းကတခါ ဂင်္ဂါမြစ်ဝှမ်းဒေသနန့် ဘင်္ဂါနယ်ဟု ခေါ်တွင်သော ရှိခေတ်ရခိုင်နယ်ထဲသို့ ဝင်ရောက်လာကြတ်ကြောင်း။ ယင်းဒေသတိ*

*တွင်နီသော လူမျိုးရို့ကို အိန်ဒိုအရိယံ (INDO ARYAN) ဟု ခေါ်ကြောင်း။ အိန်ဒိုအရိယံတို့၏ ကိုယ်ပိုင်အက္ခရာသည် ဗြဟ္မီ(BRAHMI)ဖြစ်ကြောင်း။ ခရစ်မပေါ်မီ သက္ကရာဇ်(၆)ရာစုက ရခိုင်ကိုအုပ်စိုးတော်မူခဲ့သော စန္ဒသူရိယမင်း နန်းစိုက်တော်မူသည့် ဓညဝတီမြို့တော်ဟောင်းနေရာမှ တူးဖော်ရဟိသော ကျောက်စာများက ထိုအခါကပင် ဓညဝတီတွင် ဗြဟ္မီအက္ခရာနန့် ပါဠိဘာသာ (PALI LANGUAGE IN BRAHMI SCRIPTS)ရို့ သုံးခစွာကို သက်သေခံနီကြောင်း။ ဝေသာလီ (ခရစ် ၃၂၀–၉၅၇)အစပိုင်းလောက်တွင် ရီးထွင်းခသောကျောက်စာများမာ*

*ဓညဝတီခေတ်တွင်သုံးခသော မြောက်ပိုင်းဗြဟ္မီပင် ဖြစ်သော်လည်း အရီးအသားအက္ခရာ ပုံသဏ္ဍာန် အသင့်အတင့် ပြောင်းလာပြီဖြစ်ကြောင်း၊ ဝေသာလီခေတ် ဒုတိယပိုင်း ခရစ်(၈)ရာစုသို့ ရောက်သောအခါ ရခိုင်၌ တွိရသော ကျောက်စာအက္ခရာများ၏ ပုံသဏ္ဍာန်သည် ဝေသာလီခေတ် ပထမပိုင်းအက္ခရာများ၏ ပုံသဏ္ဍာန်နှင့် သိသိသာသာ ကွဲလာလတ်ကြောင်း၊ ယင်းအက္ခရာများသည် လေးမြို့နန့်မြောက်ဦးခေတ်၏ ရှိတော်ပြီးအက္ခရာ ပုံသဏ္ဍာန်ပင် ဖြစ်ကြောင်း'*

တင်ပြမိန့်ဆိုပါသည်။

အေမျှကား (၁၉၅၇) မှ (၁၉၆၀) အထိ သုံးနှစ်အတွင်း ရခိုင့်တန်ဆောင်မဂ္ဂဇိန်း(၃)စောင်တွင် ဖေါ်ပြထားသော ရခိုင်အက္ခရာ၊ ရခိုင်သင်ပုန်းကြီးနန့် ရခိုင်ပညာသျှင်များမိန့်ဆိုသော ရခိုင်အက္ခရာအကြောင်း အကျဉ်းဖြစ်ပါသည်။ အေတင်ပြချက်တိ၏နောက်တွင် ခိုင်လုံသော အထောက်အထား အများကြီးဟိပါသည်။ (၁၉၅၇) မှ (၁၉၆၀)ထိ (၃)နှစ်အတွင်း ရခိုင့်တန်ဆောင် ရက္ခိုင်စာပီကဋ္ဌာအတွက် ကိုးကားစွာတိကို အောက်မာ ဖေါ်ပြလိုက်ပါသည်။

## ရခိုင်စာပီကဋ္ဌာအတွက်ကိုးကားသော ကျောက်စာ၊ ကမ္ပည်းစာနန့် ပီစာများ

၁။ သျှစ်သောင်းဘုရားဟိ ဝေသာလီကျောက်စာ အနောက်မျက်နှာမှာ ၇ ရာစု
၂။ မြောက် ၆ ရာစုခန့်
၃။ တောင် ။ ခန့်
၄။ အထက် ၇ ရာစခန့်
၅။ ဝေသာလီခေါင်းလောင်းကျောက်စာ ၇ ရာစု
၆။ တေဇရာမဟိ ဝေသာလီကျောက်စာ ။

၇။ ဝေသာလီ ဥဏ္ဍိုသကတောင်ကျောက်စာများ ၆ ရာစု
၈။ သံတွဲငလွန်မော်ကျောက်စာ ၂ ချပ် ၇ ရာစု
၉။ မဟာဗောဓိဟိရခိုင်ကျောက်စာဟောင်း ၁၂ ရာစု
၁၀။ ဝေသာလီ ရွှေသားဒင်္ဂါးများ ၇၊ ၈ ရာစု
၁၁။ ဝေသာလီ(အာယနာကောင်ဇလတ်)ဆီမီးခွက်စာ။ ၇–၈–ရာစု
၁၂။ လောင်းကြက်ခေတ်အလောမာဖြူ ဘုရားစမ္ပခံကမ္ပည်းစာ ရခိုင် ၆၁၂–၆၁၈
၁၃။ မြောက်ဦးခေတ် ရွှေငွေဒင်္ဂါးများ ၁၁ မှ ၁၈ ရာစု
၁၄။ ပန်းမော်တောင်ကြီးကျောက်စာ။
၁၅။ နေရဥ္စရာမြို့တော်ဟောင်းကျောက်စာ။
၁၆။ သံတွဲဇာတီပြင်ကျောက်စာဟောင်း။
၁၇။ မဟာထီးဘုရားနန့် မီးကျောင်းရုပ်ကျောက်စာ။
၁၈။ တောင်ကုတ်မြို့ သိမ်တော်ဘုရားကျောက်စာ။
၁၉။ မာန်အောင်ဗေဒင်ဆရာကြီး ဦးထွီးအောင်ထံမှ ရသောပီစာမူ။
၂၀။ မြို့ဟောင်းမြို့ ဆရာဦးဦးသာထွန်း ထံမှရသော ရက္ခဝဏ္ဏအက္ခရာတေးဖေါက်
ပီစာ ၃ တွဲနန့် ရှိဟောင်းပုရပိုက်စာများ၊ ကျောက်စာများ၊ ဒင်္ဂါးစာများ။
၂၁။ သီဟိုဠ်ပြန် ဦးကေသာရထံမှ ရသော ရက္ခရဝဏ္ဏအက္ခရာ။
၂၂။ ရမ်းဗြဲမြို့ သိမ်တောင်ဟိသိမ်သမုတ်တိုင်ကျောက်စာများ။
၂၃။ တောင်ကုတ်မြို့ တန်းလွှဲချောင်း ရွာမရွာ သိမ်သမုတ် ကျောက်စာ။
၂၄။ ကျောက်တော်မဟာမြတ်မုနိဘုရားယတ္တရာခေါင်းလောင်းကမ္ပည်းစာ။
၂၅။ စနဲမြို့ မင်းစောမွန်တည် ဘုရားကြီးပုရပိုက်စာ။
၂၆။ လေးထောင်နယ်ဟိ ကျောက်စာများ။
၂၇။ လောင်းထီးနတ်ကွန်းလောင်းကြက်ခေတ်ထိုးကျောက်စာ။
၂၈။ ကုလားကာဘုရား ကျောက်စာ။
၂၉။ ပန်းကုံးသိမ်ဘုရား ကျောက်စာ။
၃၀။ ပုရိမ်ပြင်အဆုံး တောင်ဘုရားကျောက်စာ။
၃၁။ လောင်းကြက်တောင်မော်ကျောက်စာ။
၃၂။ နန်းကျကြီးဘုရားကျောက်စာ။
၃၃။ ဝေသာလီ၊ လောင်းကြက်၊ ပုရိမ်၊ မဟာထီးနန်းမြို့ဟောင်းတဝိုက်မှရဟိသော
မြောက်များလှသော ကျောက်စာများနန့်ကမ္ပည်းစာများ။

အထက်ဖေါ်ပြပါ ရခိုင်အက္ခရာ၊ ရခိုင်သင်ပုန်းကြီးနန့် အက္ခရာဆင်းသက်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းရို့ကား ရခိုင်စာပီတီထွင်ပြုစုရီးတွင် အခြီခံကျောက်

မြစ်ပင် ဖြစ်ပါသည်။ ယင်းကျောက်မြစ်ကို ရခိုင်အနဲ့မှာ အေနိတိုင် တည်ဟိနီသီး သော ကျောက်စာ၊ ကမ္ပည်းစာ၊ ပီစာစသည့် ရုပ်ဝတ္ထုအထောက်အထားတိနန့် တည်ဆောက်ထားစွာ ဖြစ်တေအတွက် ခိုင်ခံ့စိတ်ချရပါသည်။ ယင်းကျောက် မြစ်ထက်တွင် ကိုယ်ရို့သဘောကျသော စာပီအဆောက်အအုံသစ်ကို တည်ဆောက် ရပါမည်။ အဆောက်အအုံတခုဆောက်ဖို့ ပစ္စည်းကိရိယာတိ လိုအပ်တေပိုင်၊ ရ ခိုင်စာပီသစ် တီထွင်ပြုစုရီးအတွက်လည်း တိမ်မြုပ်နီသော ရခိုင်စာပီများကို ရှာ ယူဖေါ်ထုတ်ဖို့ ရခိုင်ပြည်နယ်ဒေသအရပ်ရပ်က ရခိုင်စကား အသုံးအနှုန်းအားလုံး ကို မှတ်တမ်းတင်ထိန်းသိမ်းဖို့ လိုအပ်ပါသည်။ တချိန်တည်းမှာ စာပီတရပ်တွင် မဟိမဖြစ်လိုအပ်သော အဘိဓာန်ကျမ်း၊ သတ်ပုံကျမ်း၊ သဒ္ဒါကျမ်း စသည်ရို့ကို ပြုစုဖို့အတွက်လည်း အားထုတ်ရပါမည်။

အခုကား စရုံရာ ဟိပါသီးသည်။ ကမ္ဘာ့စာပီအဆင့်အတန်းကို လိုက်မီဖို့ အများကြီး လိုပါသီး၏။ အချိန်မနှောင်းခင် တက်ညီလက်ညီ ဝိုင်းဝန်းအားထုတ် ကြတ်မည်ဆိုသော်ကား မဖြစ်နိုင်စရာ အကြောင်းမဟိပေ။

**မောင်ဗသိန်း**

**၁၃–၁၂–၁၉၆၇**

**<u>အညွှန်းမှတ်ချက်များ</u>**

၁။ ရခိုင်အက္ခရာပုံစံ(၁)သည် ကွယ်လွန်သူ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဆရာဦးကျော်ရင်၏ 'ရခိုင်အက္ခရာနှင့်ရခိုင်သင်ပုန်းကြီး' (၁၉၅၇၊ ဒီဇင်ဘာ၊ မြဝတီ)ဆောင်းပါးမှ အက္ခရာပုံစံနန့် အတူတူဖြစ်သည်။

၂။ ရခိုင့်တန်ဆောင်မဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၇ (၁၉၅၈–၅၉) ရက္ခိုင်စာပီကဏ္ဍ စာမျက်နှာ(၃)ကြည့်။

၃။ ရခိုင်အက္ခရာပုံစံ–၂၊ ၃၊ ၄ ရို့ကို ရခိုင့်တန်ဆောင် အတွဲ ၁၊ အမှတ် ၇ ပါရက္ခိုင်စာပီကဏ္ဍတွင်၎င်း၊ ရခိုင့်တန်ဆောင် အတွဲ ၁၊ အမှတ် ၈၊ (၁၉၅၉–၆၀) ရက္ခိုင်စာပီကဏ္ဍတွင်၎င်း ထည့်သွင်းဖေါ်ပြထားပါသည်။

၄။ ရခိုင့်တန်ဆောင်မဂ္ဂဇိန်း အတွဲ ၁၊ အမှတ် ၇၊ ရက္ခိုင်စာပီကဏ္ဍစာမျက်နှာ၃ကြည့်။

၅။ ရခိုင့်တန်ဆောင်မဂ္ဂဇိန်း အတွဲ ၁၊ အမှတ် ၇၊ ရက္ခိုင်စာပီကဏ္ဍစာမျက်နှာ၇ကြည့်။

၆။ ဦးသာထွန်း 'ရက္ခိုင်ဝေသာလီမြို့ဟောင်းမှ ဂုပ္ပတစာ' ရခိုင့်တန်ဆောင်မဂ္ဂဇိန်း အတွဲ ၁၊ အမှတ် ၈ စာမျက်နှာ ၅၊ ၇ ကြည့်။

၇။ ဦးသာထွန်း 'အကျွန်သိသမျှ ရက္ခဝဏ္ဏအက္ခရာ' ရခိုင့်တန်ဆောင်မဂ္ဂဇိန်း အတွဲ ၁၊ အမှတ် ၇ စာမျက်နှာ ၃၉၊ ၄၂ ကြည့်။

၈။ U AUNG THA U ARAKANESE SCRIPT-ITS ORIGIN AND EVOLUTION, THE WORKING PEOPLES' DAILY SUPPLEMENT ON THE UNION DAY 1965.

ထို့ပြင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဂျဒ်ဆင်ခန်းမတွင် (၂၂–၁–၁၉၆၆)နိ က ဦးအောင်သာဦးဟောပြောချက်ကိုရိုက်နှိပ်၍ ရန်ကုန်တက္ကသိုလ်များ၊ ရခိုင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မီတီမှ ယင်းနိတွင်ဖြန့်သော 'ရှေးခေတ် ရခိုင်စာပေအက္ခရာ၊ ဂီတနှင့်တေးသံ'ကိုလည်း ကြည့်ပါ။

၉။ ရခိုင့်တန်ဆောင် မဂ္ဂဇိန်း အတွဲ ၁၊ အမှတ် ၇၊ ရက္ခိုင်စာပီကဋ္ဌာ၊ စာမျက်နှာ ၁၀ ကြည့်။

# ရတနာရွှေပြည်

ကျောက်တုံးကျောက်နံရံများ ထူထပ်ပေါ်များ၍ မတ်စောက်လှသောတောင်ကြီးများသည် ဓညဝတီတိုင်းပြည်၏နေပြည်တော် မြောက်ဦးမြို့တည်ရှိရာ စတုရန်း လေးဆယ့်ငါးမိုင်ခန့်ကျယ်ပြန့်သော တောင်ကြားမြေအား ဝိုင်းရံကာဆီးလျက်ရှိ၏။ နေပြည်တော်သို့ ကျူးကျော်ဝင်ရောက်လာရန် လွယ်ကူသောတောင်ကြားဟူသရွေ့ကိုလည်း ခိုင်ခံ့စွာဆောက်လုပ်ထားသော ထူထဲမြင့်မားလှသည့် ကျောက်တံတိုင်းကြီးများနှင့် ပိတ်ဆို့ထားသဖြင့် ပတ်ချာဝိုင်းလျက်ရှိသော တောင်စဉ်တန်းကြီးသည် ညို့ညို့မှိုင်းမှိုင်းနှင့် ပကတိပိန်းပိတ်လျက်ရှိ၏။

တိုင်းတပါးမှ တိုက်ခိုက်ရန်လာရောက်ကြသော ရန်သူဟူသမျှကို ခုခံကာကွယ်ရန်အတွက်လည်း တောင်စဉ်တလျှောက် အချက်အချာကျသော နေရာတိုင်း၌ ထုထည်ကြီးမားသောခံတပ်များကို ကျောက်တုံးကြီးများဖြင့် ခိုင်ခံ့စွာဆောက်လုပ်ထား၏။ ညိုမှောင်သောအရောင်ရှိ၍ ရှည်လျားလေးလံသော အမြောက်ကြီးများကိုလည်း ထိုခံတပ်များ၏ရှေ့၌ အစီအရီတပ်ဆင်ထားသည်။ အချို့သောတောင်ထိပ်များမှ ထိုအမြောက်ကြီးများသည် ပြာလဲ့သောမိုးကောင်းကင်ထက်ဆီသို့ ငွားငွားစွင့်စွင့် ထောင်တက်လျက်ရှိ၏။ ဤမျှကြီးကျယ်လှသော လက်နက်ကရိယာများကို မြင့်မားလှသော တောင်စဉ်တန်းတလျှောက်၌ ကြိုးကြိုးစားစားတပ်ဆင်ထားသည်ကို မြင်ရခြင်းအားဖြင့် ရခိုင်တိုင်းသားတို့သည် စစ်ရေးစစ်မာန်နှင့်ပြည့်စုံသော လူမျိုးတစ်မျိုးဖြစ်ကြောင်း ထင်ရှားလှသည်။

ဥစ္စာခနေ ကုံလုံပြည့်စုံသော အချိန်အခါဖြစ်သည့်အလျောက် ပေါ်တူဂီ၊ ပဲခူး၊ မြန်မာ၊ မဂို၊ ဘင်္ဂလီ၊ ခရစ်ယာန်ဘာသာကိုးကွယ်ကြသော ဂျပန်လူမျိုးများနှင့် တခြားတိုင်းတပါးမှ လူမျိုးအသီးသီးတို့အားလည်း ဘုရင့်ကြေးစားစစ်

သားများအဖြစ် အမှုထမ်းစေလျက် တိုင်းပြည်၏စစ်အင်အားကို ဖြည့်ဆီးထားသည်။

တဖက်ကလည်း တိုင်းပြည်၏စည်ပင်သာယာရေးကို မျက်ခြေပြတ်မခံဘဲ အစဉ်တစိုက် အထူးလုံ့လဥဿုပြု၍ ပြုစုပျိုးထောင်လျက်ရှိ၏။ တိုင်းသူပြည်သားများအတွက် မှန်ကန်မွန်မြတ်သော ဗုဒ္ဓဘာသာသာသနာထွန်းကားနေ၍ ဘုရား၊ စေတီ၊ ဂူ၊ ကျောင်း၊ ပြဿဒ်တို့ဖြင့် တင့်တယ်လျက်ရှိ၏။ ကန်၊ ချောင်း၊ ဆည်မြောင်းများစွာကိုလည်း တူးဖေါ်ထား၏။ လယ်ကွင်းများ၌ စပါးနှံတို့ဖြင့် ပြည့်ဖြိုးဝင်းမှည့်လျက်ရှိ၏။

ရခိုင်တိုင်းသားတို့သည် လင်္ကာဆိုမှုအတတ်၊ ခုနစ်သင်္ကရာဇ်၊ ဂဏန်းသင်္ချာအတတ်၊ နက္ခတ်ဗေဒင်အတတ်၊ အင်္ဂရတ်အတတ်၊ ပန်းပု၊ ပန်းချီ၊ ပန်းရံ၊ ပန်းတော့၊ ပန်းထိမ်၊ ပန်းဘဲ၊ ပန်းတဉ်းစသော အတတ်ပညာများကို လေ့လာကျွမ်းကျင်ကြ၏။

ရေလမ်းဆုံလျက် အရောင်းအဝယ် စည်ကားဖွံ့ဖြိုး၏။ မြောက်ဦးဆိပ်ကမ်း၌ အာသံ၊ တနသ်္ာရီ၊ မုတ္တမ၊ ဂျာကာတာ၊ မာစူလီပါတန်နှင့် ဘင်္ဂလားပြည်နယ်တို့မှ မြောက်မြားစွာသော ကုန်သင်္ဘောကြီးငယ်တို့ ဆိုက်ကပ်ထား၍ အရောင်းအဝယ် စည်ကားလျက်ရှိ၏။ မြို့တော်၏ အပြင်နယ်နိမိတ်နှင့် အတွင်းနယ်နိမိတ်တို့ကိုဖြတ်၍ ကွေ့ကွေ့ကောက်ကောက် စီးဆင်းလျက်ရှိသော မြစ်ရိုးတလျှောက်၌ ဘုရင့်တံဆိပ်တော် ရိုက်နှိပ်တပ်ဆင်ထားသော အစိုးရလှေများနှင့် မြောက်မြားစွာသော ပုဂ္ဂလိကပိုင် လှေသမ္ဗာန်ကြီးငယ်တို့သည် အစုန်အဆန် လှော်ခတ်သွားလာလျက်ရှိ၏။ ထိုမြစ်ရိုးသည် မြို့တော်နယ်နိမိတ်အတွင်းရှိ နေရာအနှံ့အပြားသို့ သွားလာနိုင်သော အဓိကအချက်အချာလမ်းကြီးတည်း။ ဈေးသည်များသည် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ သားစိမ်းငါးစိမ်းများ၊ ငါးပိ၊ ငါးခြောက်များနှင့် တခြားစားသုံးကုန်များကို လှေများဖြင့်တင်ဆောင်၍ တမြို့လုံး လှည့်လည်ရောင်းချလျက်ရှိ၏။ ဈေးနှုန်းများမှာလည်း ချိုလှသည်။ ထိုပစ္စည်းများကို မြို့တွင်းနေရာအနှံ့အပြားရှိ ဈေးများ၌လည်း ဝယ်ယူရရှိနိုင်သေးသည်။

နိုင်ငံခြားကုန်သည်များအပါအဝင် တစ်သိန်းခြောက်သောင်းခန့်မျှသော လူထုပရိသတ်နေထိုင်ရာ ရခိုင်တိုင်း၏ မြောက်ဦးမြို့တော်ကြီးသည် အခါမလပ် အုတ်ဩသောင်းနင်း စည်ကားလျက်ရှိ၏။

မြို့တွင်းရှိ နေအိမ်အမြောက်အမြားကို ကြိမ်၊ ဝါး၊ ဓနိတို့ဖြင့် ခိုင်ခံ့သေသပ်စွာ ဆောက်လုပ်ထား၏။ ဓနကြေးငွေချမ်းသာသူများ၏ နေအိမ်ကိုမူကား သစ်ကြီး၊ဝါးကြီးတို့ဖြင့် ဆောက်လုပ်ထားသည်။ ရာထူးဌာနန္တရရှိသူများနှင့် မင်းညီမင်း

သားများ၏နေအိမ်များကိုမူ သစ်သားများဖြင့်ဆောက်လုပ်ထား၍ ပန်းပုလက်ရာများထွင်းထားပြီး ရွှေဆိုင်းများဖြင့် မွမ်းမံထားသည်။ ဘုရင့်နန်းတော်ကြီးများဆောက်လုပ်ထားသော တိုင်ကြီးများမှာ အချိုးအစားကျပြီး ချောမောပြေပြစ်လှ၏။ ရှည်လျားဖြောင့်စင်း၍ ပြာသာဒ်ဘုံဖျားဆီသို့ ထောင်တက်နေသော ရွှေနန်းတိုင်ကြီးများမှာလည်း အံ့မခန်းစရာပင်။ ရွှေနန်းတော်၏ တိုက်ခန်းအများအပြားကို နံ့သာဖြူနံ့သာနီများဖြင့် ဆောက်လုပ်ထား၏။

အဖိုးတန်ကျောက်မျက်ရတနာများကိုထားရှိသော ရွှေတိုက်ခန်းလည်းတစ်ခန်းရှိ၏။ ထိုအခန်း၏ အမိုးမျက်နှာကြက်မှကြမ်းပြင်ထိ ပြောင်မြောက်သော အနုပညာလက်ရာဖြင့် ရွှေသားကို ထွင်းထုပြုလုပ်ထားသော ခြူးပန်းခြူးနွယ်အသွယ်သွယ်တို့ဖြင့် မွမ်းမံထား၏။ တစ်လုံးစီသည် ဆယ်ပိဿာခန့်အချိန်စီးသော ရွှေဘူးသီးတစ်ရာခန့်မှာ ရွှေပင်ရွှေနွယ်များတွင် အိတတွဲတွဲသီးလျှက်ရှိ၏။ အထူလက်နှစ်လုံးခန့်ရှိ၍ လူအရွယ်ပမာဏခန့်ရှိသော ရွှေဆင်းတုတော်ခုနစ်ဆူမှာလည်း ရွှေဗမာရာသနပလင်ခုနစ်ခုတွင် တင့်တယ်စွာ စံပယ်တော်မူလျက်ရှိသည်။ နဖူးသင်းကျစ်တော်၊ လက်တော်၊ ရင်ဘတ်တော်နှင့်ခါးဝတ်တော်တို့တွင် စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းများဖြင့်မွမ်းမံထား၍ ကိုယ်ရောင်ကိုယ်ဝါကို ထွန်းတောက်စေတော်မူ၏။ အထူလက်တစ်လုံးခန့်ရှိ၍ အမြင့်လက်ဝါးလေးပြန်မျှရှိပြီး ထိပ်ဝစက်ဝန်း လက်ဝါးခုနစ်ပြန်မျှရှိသော ရွှေအိုးရှစ်လုံးကိုလည်း အခန်းတစ်နေရာ၌ အစီအရီချထားသည်။ ဝါဝင်းပြောင်လက်နေသော ရွှေပုဂံပြားကြီးကိုးခုလည်း ရှိ၏။

ရွှေတိုက်ခန်း၏ အလယ်ဗဟို အရောင်အသွေးတောက်ပြောင်လှသော ကျောက်မျက်ရတနာများဖြင့် စီချယ်ထားသည့် စတုရန်းပုံသဏ္ဌာန်ရှိ စားပွဲခုံတစ်လုံးရှိ၏။ ထိုရွှေစားပွဲအပေါ်၌ ရွှေစများ၊ ဖြူညိုရောင်တလဲ့လဲ့ပြေးနေသော ပုလဲလုံးများဖြင့် စီခြယ်ထားသော အလွန်တရာနူးညံ့လှသည့် အဖြူရောင်ကတ္တီပါအဝတ်ကို ခပ်ရွရွခင်းထား၏။ လက်ဝါးနှစ်ပြန်အလျားရှိ၍ အချိုးအစားကျပြီး တညီးညီး တောက်ပြောင်နေသော ရွှေသေတ္တာငယ်တစ်လုံးကို ကတ္တီပါအခင်းပေါ်၌ တည်ထား၏။ ထိုရွှေသေတ္တာငယ်အား ငှက်ရုပ်၊ ပန်းရုပ်၊ သစ်ပင်ရုပ်စသည့် ရုပ်လုံးများဖေါ်ထားပြီး အဖုံး၌ အရောင်အသွေးတောက်ပြောင်လှသော စိန်၊ အရွယ်အစားကြီးမားသောပုလဲလုံးများ၊ ရဲရဲနီနေသော ပတ္တမြားလုံးကြီးများကို မြှုပ်ထားသည်။

နန်းတော်၏ ရွှေတိုက်ခန်းတခန်းလုံး၌ ရှိရှိသမျှသောရတနာများအနက် ရှေးအကျဆုံး၊ အဖိုးအထိုက်တန်ဆုံး၊ အရောင်အသွေးအကောင်းမွန်ဆုံး၊ အံ့သြဘွယ်

ရာ အကောင်းဆုံးသော ပတ္တမြားနားကပ်တော်တစ်စုံကို ထိုရွှေသေတ္တာငယ်ထဲ၌ ထည့်ထား၏။ ထိုပတ္တမြားနှစ်လုံးမှာ ကမ္ဘာပေါ်၌ပြိုင်စံရှားအောင် အရည်အသွေးကောင်းမွန်လှ၍ ပိုးစုန်းကြူး၏အရောင်အဆင်းကဲ့သို့ ထိန်ထိန်လင်းလျက်ရှိသော ရွှေဝါရည်သည် ပတ္တမြားကြီးနှစ်လုံးမှ ယိုစီးနေ၏။ ထိုအံ့ဘွယ်ရာ ရတနာမြတ်သည် ကား ဘုရင်မင်းမြတ်သည် ဘိသိက်ခံယူပွဲနှင့် တခြားမင်းခမ်းမင်းနားများ၌သာ ဝတ်ဆင်လေ့ရှိသော နားဝတ်တန်ဆာဖြစ်သည်။

ဤရွှေတိုက်ခန်းရှိရာ ရွှေနန်းတော်မနီးမဝေး၌ အပြောကျယ်လှ၍ သစ်ပင်ကြီးများပေါက်ရောက်လျက်ရှိသော ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့ပေါ်ထွန်းလျက်ရှိသော ရေမရေကန်ကြီးတစ်ကန်ရှိ၏။ မြေကြည်လင်သောရေသည် ထိုကန်ကြီး၌ အခါခပ်သိမ်းဖြိုးမောက်နေ၍ သာယာလှဘိ၏။ ကန်၊ ချောင်း၊ ဆည်မြောင်းတူးဖေါ်ခြင်းသည် သူခပ်သိမ်းတို့အား ရှင်သန်ဖွံ့ဖြိုးစေ၍ မြို့ရွာခရိုင်သာယာ၏ ။

မြေသြဇာရှိသော ပြန့်ပြောပွားများသော ရွာနိဂုံးတို့နှင့်ယှဉ်သော ရခိုင်တိုင်းကြီးသည် လယ်ယာမိုးမြေအထွေထွေဖြင့် ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံလျက်ရှိ၏။ တည်ထားအပ်သောဂူပုထိုးကား မြတ်နိုးဘွယ်ရာ ကြည်ညိုဘွယ်ရာရှိ၏။

မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့ဖြင့် ရေလမ်းဆုံလျက် အရောင်းအဝယ်စည်ကားဖွံ့ဖြိုးလျက်ရှိ၏။ ထိုထိုသော အဖြစ်အပျက်သနစ်စုံကို ရာဇဝင်အဆက်ဆက်၌ အတိုးတက်ဆုံးသောလူမျိုးအဖြစ် မှတ်တမ်းတင်ခဲ့သည် မဟုတ်ပါလော။

**ညီညီထွန်း**

*(မောရစ်ကောလစ် M.COLLIS ' THE LAND OF THE GREAT IMAGE စာအုပ်နှင့် ပါမောက္ခဦးမျိုးမင်း၏ OLD BURMA စာအုပ်တို့ကို မှီငြမ်းပြုပါသည်။)*

# ရခိုင်တိုင်း စာပေထုတ်လုပ်မှု

ယနေ့ရခိုင်တိုင်းတွင် အမျိုးသားစာပေထုတ်လုပ်မှုသည် လိုအပ်သည်ဟု ခံယူလာသော စာပေလေ့လာသူလူငယ်တိုင်းသည် စာပေထုတ်လုပ်မှုပြဿနာကို အလေးအနက်ထားကာ စဉ်းစားသည်။ တူညီသောလူငယ်များကို စုစည်းကြသည်။ စာပေထုတ်လုပ်နိုင်မှုအားကို ညီမျှစွာခွဲဝေပြီး စုစည်းကျစ်လစ်စွာဖြင့် 'စုပေါင်းခေါင်းဆောင်မှု' မူအတိုင်း ကျင့်သုံးကြချေသည်။ ဤကဲ့သို့သော စုပေါင်းတာစူမှုအင်အားယူမှုသည်ပင် ညီညွတ်မှုလက္ခဏာကိုပြကာ အမျိုးသားစာပေ ပွင့်လန်းစိုပြေမှု၏ အလားအလာကို ဖော်ပြပေသည်။

အမျိုးသားစာပေ ထုတ်လုပ်မှုတာဝန်ကို ပခုံးထက်တွင်တင်ကာ ထမ်းဆောင်လာသော လူငယ်စာပေဝါသနာရှင်များကို ကြည့်ပြန်လျှင်လည်း ကိုယ်နှင့်မမျှသောဝန်ကို ထမ်းဆောင်နေရသည်ဟု မြင်သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့စာပေထုတ်လုပ်သော လူငယ်ကလောင်ရှင်များသည် စာပေလေ့လာမှုနည်းပါးသေးခြင်း၊ ဘဝအသိ မရင့်ကျက်သေးခြင်း၊ အတွေးအခေါ်အနေနှင့် နုနယ်သေးခြင်း၊ ယင်းအပေါ်လေ့လာရန် အချိန်များများ လိုနေသေးသောကြောင့်ဖြစ်ပေသည်။ တနည်းအားဖြင့် စာပေထုတ်လုပ်မှုပြဿနာကို ယနေ့လူငယ်ကလောင်ရှင်များ တာဝန်မယူဘဲ စာပေပညာရပ်နှင့်ဘဝပညာရပ်ကို ဖောက်ချပြီးလေ့လာနေရမည့် အချိန်အခါဖြစ်သည်။ ဤသို့မဟုတ်ဘဲ စာပေထုတ်လုပ်မှုပြဿနာကို နေ့မအား ညမအား ကြံစည်ကြိုးစား အနှမ်းအနယ်ခံနေကြရသောအခါ စာပေလေ့လာမှုတို့သည် လျော့ရဲလာကာ အနာဂါတ်အတွက် စာပေပြုစုပျိုးထောင်မှုတွင် ထိခိုက်စရာများရှိသည်ကို တွေ့မြင်ရပေသည်။ စင်စစ်မှာကား ယနေ့စာပေ ထုတ်လုပ်မှု

တာဝန်ကို အဓိကအနေနှင့် တာဝန်ယူရမည့်ပုဂ္ဂိုလ်ကား လူကြီးပိုင်းမှ စာပေဝါသနာပါသူ ပုဂ္ဂိုလ်များဖြစ်ပေသည်။ ဤလူကြီးများ ကစာပေထုတ်လုပ်မှု တာဝန်ရပ်များကိုလုပ်ဆောင်ကာ လူငယ်ကလောင်ရှင်များက ကြိုးစားပမ်းစား ပါဝင်ရေးသားနေရမည်။ ဤသည်ကား သဘာဝအတိုင်းပင် ဖြစ်သည်။

သို့သော် 'ယနေ့ကျွန်ုပ်တို့ ရခိုင်တိုင်းတွင်ကား အထက်ပါအတိုင်း မဟုတ်ချေ' ဆိုသည့်သဘောကို တိုးတက်သစ်လွင်သော လူငယ်ကလောင်ရှင်များ မြင်လာသောအခါ ထိုင်နေ၍မဖြစ်တော့ဘဲ ရှိသမျှစွမ်းအားများကို စုပေါင်းကာ စာစောင်၊ ဂျာနယ်များကို ကိုယ်ဖိရင်ဖိ အနွမ်းနယ်ခံ ထုတ်လုပ်လာကြသည်။ ဤသို့ထုတ်လုပ်မှုလောက် သဘာဝကျမှုသည်မရှိဟု ထင်သည်။ တနည်းအားဖြင့် ရခိုင်တိုင်းစာပေရာဇဝင်၏ တောင်းဆိုလိုလားချက်နှင့် အထိမိဆုံး၊အကိုက်ညီဆုံး ဖြစ်နေချေပေသည်။

လူငယ်စာပေဝါသနာရှင်များသည် ကြိုးစားပမ်းစား စာပေကုန်ပစ္စည်းကို ထုတ်လုပ်ကြသည့်နေရာတွင် အမှန်ရှိသလို အမှားများလည်းရှိသည်။ ချို့ယွင်းချက်များ၊ အမှားများတွေ့ရခြင်းမှာ ရှောင်လွှဲ၍မရသောသူသည် လည်းကောင်း၊ နုနယ်သေးသူသည်လည်းကောင်း၊ အမှားများချို့ယွင်းချက်များနှင့် လွတ်ကင်းသည်ဟူ၍မရှိစဘူး။ သို့သော် လူငယ်များအနေနှင့် အဓိကလိုအပ်သည်မှာကား ချို့ယွင်းချက်များအမှားများကို မှားပြီးသည်နောက်ပိုင်း မြင်တတ်ဘို့ အရေးကြီးလှပေသည်။ အမှားကိုတွေ့ပြီး ချက်ချင်းပြုပြင်နိုင်ရပေမည်။

ဤနေရာတွင် စာပေထုတ်လုပ်မှု၊ စာပေလှုပ်ရှားမှု၊ စာပေရပ်တည်မှု၏ အဓိကလက္ခဏာရပ်များကို စာရေးသူ၏ လက်တွေ့သဘောများဖြင့် လေ့လာပြီး တင်ပြဆွေးနွေးလိုပေသည်။

စာပေထုတ်လုပ်မှုနှင့်ရပ်တည်မှုတွင် အဓိကအရေးကြီးဆုံးအနေနှင့် အချက်သုံးချက်ကို တွေ့ရသည်။

(၁) စာပေထုတ်လုပ်မှု။

(၂) စာပေအနေအထား။

(၃) စာပေဖြန့်ချိမှု။

ဤသုံးချက်ကို ရခိုင်မြေအတိုင်းအတာနှင့် ဆွေးနွေးလိုသည်။ စာပေထုတ်လုပ်မှုသည် လွယ်ကူသောအရာမဟုတ်ကြောင်း၊ ယနေ့ စာပေထုတ်လုပ်ခဲ့ထုတ်လုပ်ဆဲသူများ လက်တွေ့ပင်ဖြစ်သည်။ စာပေထုတ်လုပ်မှုတွင် ကွင်းဆက်ဖြစ်

နေသော စာပုံနှိပ်တိုက်သည်လည်း အရေးကြီးပေသည်။ စာအုပ်တအုပ်ဖြစ်မြောက်ဘို့ရန် စာအုပ်ကိုတာဝန်ခံရသည်။ ပုံနှိပ်တိုက်တွင်အမြဲတန်းနေပြီး အစစအရာရာစီမံရပေသည်။ ဤတာဝန်ယူခြင်းခံရသူ၌ ကြိုးစားခြင်း ကိုယ်ဘိရင်ဘိ အနွမ်းနယ်ခံနိုင်ခြင်း၊ သည်းခံနိုင်ခြင်းမည်သော အရည်အချင်းများနှင့် ပြည့်စုံရပေသည်။ ပုံနှိပ်တိုက်လုပ်ငန်းရပ်ဟူသမျှမှာလည်း အတတ်နိုင်ဆုံး(အမြန်ပြီးစေချင်လျှင်) ကူညီနိုင်ရပေသည်။ ဥပမာ အလုပ်သမားများ မအားလပ်လျှင် စက်လည်းရိုက် နိုင်စွမ်းရှိရမည်၊ စာအုပ်လည်းချုပ်ရမည်၊ တနေကုန်တနေခမ်း စာရွက်များလည်း ကောက်ရမည်၊ စာအုပ်တွင် စာလုံးပေါင်း အမှားနည်းနိုင်သမျှနည်းအောင် စာပြင်(**PROOF**) လုပ်ရသည်။ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာအထားအသိုများလည်း စဉ်းစားရပေသည်။ ဤလုပ်ရပ်များသည် မလွယ်ကူလှချေ။ မလွယ်ကူသော်လည်း စမ်းတဝါးဝါး ကြိုးစား၍ လုပ်ကိုင်ကြရပေသည်။ စာအုပ်တအုပ်ဖြစ်လာဘို့အတွက် ပုံနှိပ်တိုက်ရှင်များနှင့်လည်း စကားများရသည်။ အလုပ်သမားများနှင့်လည်း စကားများရသည်။ ယင်းကြောင့် ယနေ့စာပေထုတ်လုပ်မှုကိုကြည့်လျှင် လွယ်ကူလှသည်ကို မတွေ့ရပေ။

စာပေအနေအထားဟာန်နှင့်ဆွေးနွေးရလျှင် စာပေအနေအထားသည် တသမတ်တည်း ရပ်တည်မနေသင့်။ ဆိုလိုသည်မှာ မိမိတို့၏ အယူအဆတစ်ရပ်ကိုချည်း မဖေါ်ပြသင့်ပေ။ မိမိတို့၏အယူအဆများနှင့် စာဖတ်ပရိသတ်ကြိုက် စာပေများကိုလည်း ပြုစုရပေမည်။ စာဖတ်ပရိသတ်တွင် အတန်းအစားအမျိုးမျိုးရှိသည်။ ၎င်းအတန်းအစားများအပေါ် စာပေရေးသားဟာန်သည် ရပ်တည်ရပေမည်။ တဘက်စောင်းနင်း အလျဉ်းမဖြစ်သင့်လှချေ။ တဘက်စောင်းနင်းဖြစ်လာသော စာအုပ်သည် ကျဆုံးသွားဘို့ လက္ခဏာရှိသည်။ ဥပမာအားဖြင့်ဖေါ်ပြရလျှင် အချစ်ဝတ္ထုကြိုက်သော စာဖတ်ပရိသတ်ကို အချစ်ဝတ္ထုဖြင့် လည်းကောင်း၊ ဆောင်းပါးကြိုက်သော ပရိတ်သတ်ကို ဆောင်းပါးဖြင့်လည်းကောင်း၊ ကဗျာကြိုက်၊ ရယ်စရာကြိုက်၊ ကလေးကြိုက်စသည်များဖြင့် ဖြည့်ပေးရပေမည်။ နောက်တခုကား စာပေအနေအထားဟာန်သည် စာဘတ်ပရိသတ်အသိထက် မလွန်ကျော်နိုင်ချေ။ စာဘတ်ပရိသတ်အသိ၏အဆင့်ကို မြင့်တတ်ဘို့လိုသည်။ ဤနေရာတွင် အလျဉ်းသင့်၍ စာပေရပ်တည်မှုအတွက် ကြိုးစားနေရသောအဆင့်တွင် စာပေပုံသဏ္ဌာန် မည်သို့ဖြစ်သင့်သည်၊ မည်သို့မဖြစ်သင့်ဟူသော တချိန်တခါက ယူဆခဲ့ကြချက်ကို ဆွေးနွေးလိုပေသည်။

ငှင်းယူဆ ယုံကြည်ခံယူရေးသားဟန်များကား 'ပြည်သူ့စာပေ'ဟူ၍လည်းကောင်း၊ ပြည်သူ့ကဗျာဟူ၍လည်းကောင်း၊ 'ကဗျာသစ်–စာပေသစ်'ဟူ၍လည်းကောင်း၊ တွင်တွင်ကြီး ရေးသားခဲ့ကြသည်။ စာပေမျိုးစေ့ခိုင်မာမှုမရှိဘဲ၊ စာပေပုံသဏ္ဌာန်ဟန်ကို အတင်းရိုက်သွင်းခဲ့သည်။ ယင်းခါစာဖတ်ပရိသတ်သည် ယင်းအတွေးအခေါ်နောက်သို့ အတူမလိုက်နိုင်ချေ။ ယင်းအတွေးခေါ်သို့ လိုက်နိုင်စွမ်းရည်သည် ရခိုင်တိုင်းသူများတွင် မရှိသေးချေ။ စင်စစ်သော် ယနေ့ကမ္ဘာ့စာပေ အဆောက်အအုံကြီးသည်ကား အလွန့်အလွန်မြင့်မားနေရကား ငှင်းမြင့်မားမှု၏ ရောင်ပြန်ဟပ်မှုကို စာပေကလောင်ရှင်များက ခံရသောကြောင့် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ယနေ့ကမ္ဘာတွင် နယ်ချဲ့ဆန့်ကျင်ရေးကြွေးကြော်သံများ၊ ကမ္ဘာစစ်ထိန်းသိမ်းရေးများ၊ လူမှုဘဝဖူလုံမှုနှင့် လူတန်းစား အကျိုးတူခံစားမှုအပေါ် လူတန်းစားတိုက်ပွဲများဖြင့် ရောပြွမ်းနေရကား ယင်း၏အသွင်အပြင်များသည် ကျွန်ုပ်တို့ထံသို့ တိုက်ရိုက်အရောင်ဟပ်လာသောကြောင့် ငြိမ်းချမ်းရေးစာပေများ၊ ကဗျာသစ်များကို သီကုံးဖွဲ့နွဲ့လျက်သား ဖြစ်နေခဲ့ကြရသည်။

ဤအချက်ကို ယနေ့ပြန်လည်သုံးသပ်လျှင် စောနေသေးသည်ကို တွေ့ရပေသည်။ အကြောင်းက စာပေရပ်တည်မှုအတွက် ကြိုးစားနေရသည့်နေရာတွင် ငှင်းစာပေသည် မည်သို့သောစာပေဖြစ်သင့်သည်၊ မည်သို့သောစာပေ မဖြစ်သင့်ဟူ၍ကား မခွဲယူသင့်လှချေ။ ကျွန်ုပ်တို့ရခိုင်တွင် အမျိုးသားစာပေ ဟန်အနေနှင့် မတိုးတက်ရသေးကား၊ စာပေပွင့်လန်းမှုသည် မရှိသေး။ တဘက်တွင် စာဖတ်ပရိသတ်အင်အားလည်း နည်းပါးသေးခြင်းတို့ကြောင့် စာပေအသိ ခေါင်းပါးနေကြသေးချေသည်။ စာပေအသိမရှိဘဲ စာပေခံယူယုံကြည်ချက်မရှိနိုင်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် စာပေတည်ထွင်လာချက်သည် စောနေသေးသည်ကို တွေ့ရပေမည်။ ဤနေရာတွင် စာရေးသူအနေနှင့် စာပေသစ်၊ကဗျာသစ် မည်သောအကြောင်းအရာကို ရှင်းပြရန်မရည်ရွယ်ပါ။ ရှင်းပြနေခြင်းဖြင့်လည်း အခြေအနေနှင့်မကိုက်ညီ၍ အဓိပ္ပါယ်မရှိချေ။ ကောင်းပြီ၊ ဤသို့ဆိုလျှင် ယနေ့ရခိုင်မြေတွင် မည်သို့သောစာပေဟန်မျိုးကို ပြုစုသင့်သလဲဟု စာရေးသူအားမေး ငြားအံ့ ယနေ့အခြေအနေအရ စာရေးသူ မဖြေကြားလိုပါချေ။ သို့သော် တစ်ခုတော့ ပြောလိုသည်။ ငှင်းကား စာပေပြုစုသူများသည် မိမိတို့ယုံကြည်ချက်များကို ဇွတ်အတင်း မရေးသားဘို့ပင်ဖြစ်သည်။ အကြောင်းက စာဖတ်ပရိသတ်နှင့် ကင်းကွာသွားနိုင်သောကြောင့်ဖြစ်သည်။ ယင်းအပေါ်အတွက်ချပြီး စာဘတ်ပရိသတ်အ

ပေါ် တိုင်းတာကာ စာပေဟန်ကို ထားရပေမည်။ ဤကားစာရေးသူ၏အမြင်ကို အကြမ်းဖျဉ်း တင်ပြခြင်းဖြစ်ပေသည်။

စာပေဖြန့်ချိမှုကို ဆွေးနွေးရလျှင် ရခိုင်စာပေဖြန်ချိမှုသည် ယခင်ကလည်း စနစ်မကျ၊ ယခုလည်း စနစ်မကျသည်ကို တွေ့ရပေသည်။ ဤသို့ချည်း စခန်းသွားနေခြင်းဖြင့် စာပေရပ်တည်မှုကို မရနိုင်ဟု တွက်ချက်ရပေသည်။ ခေတ်တစ်ခေတ်ကို ဖြန့်ကြည့်လျှင် ထင်ရှားပေသည်။

ယခုကဲ့သို့ စာတစောင်ထုတ်ပြီးလျှင်၊ ရုံးကိုလိုက်ရောင်း၊ အိမ်ကိုလိုက်ရောင်း၊ မရောင်းနိုင်လျှင် ငွေမရဖြစ်နေပါက နောက်ဆုံးအဆင့်သည် 'ပိတ်ရသောအဆင့်' ဖြစ်လာပေမည်။ ထို့ပြင် စာစောင်တစ်ထောင်ထုတ်လျှင် ၄င်းတစ်ထောင်စောင်သည်ပင်စွံမည်၊ ငါးရာသာ စွံမည်လောဟူ၍လည်း မပြောနိုင်။ လုပ်အားအပေါ် အခြေခံသွားပေသည်။ ဆိုလိုသည်မှာ ပုံသေစာဘတ်ပရိတ်သတ် မရရှိလေသမျှ ကာလပတ်လုံး ထုတ်လုပ်သူများသည်ပင်လည်း ပင်ပန်း၊အကျိုးလည်း ရရှိနိုင်မည် မဟုတ်ချေ။ ယင်းကြောင့် ရခိုင်စာပေရပ်တည်မှုအတွက် ကိုယ်ဖိရင်ဖိ ကြိုးစားနေကြသော ယနေ့စာပေထုတ်လုပ်သူများသည် စာပေဈေးကွက်ကြီးများ ဖြစ်ပေါ်လာဘို့အတွက် နည်းလမ်းကောင်းများ ရှာသင့်လှသည်ဟု မြင်ပေသည်။ ရခိုင်များအနေနှင့်လည်း အခက်အခဲအမျိုးမျိုးဖြင့် ကိုယ်ဖိရင်ဖိ အနွမ်းနယ်ခံကာ ရခိုင်စာပေရပ်တည်မှုအတွက် ကြိုးစားလာကြသော လူငယ်ကလောင်ရှင်များကို အားပေးသင့်လှသည်။ ယင်းသို့အားပေးမှလည်း အမျိုးသားစာပေပွင့်လန်းလာကာ 'ကမ္ဘာ့မှတ်ကျောက်တင်ခံ လူမျိုးတစ်မျိုး'အဖြစ် ဝင့်ကြွားနိုင်ပေမည်။ အမျိုးသားရေးရာမျဉ်းကြောင်း တည့်မတ်စေမှုနှင့် ရခိုင်စာပေရပ်တည်မှုအတွက် အားပေးရန် တာဝန်သည် ရခိုင်အမျိုးသားတိုင်းတွင် ရှိပေသတည်း။

**စစ်တွေနောင်လတ်**

*မှတ်ချက်။ ။ ဤဆောင်းပါးကို ခေတ်ရှေ့ဆောင်စာစောင် (အတွဲ-၁ အမှတ် -၃၊ ၁၉၆၁-ခု၊ ဇွန်လတွင်) ဖေါ်ပြဘူးသည်။*

# တောင်ရင်းကျွန်း

*'အဘာကြီး ဝါဝါ*
*တောင်ရင်းကျွန်းက မြင်းစီးလို့လာ*
*နမသန္တာ၊ ငွီဖလားနန့် ကွမ်းယာလို့လာ'*

*(ရခိုင်ယိုင်းသာခြင်း)*

ရခိုင်ယိုင်းသာခြင်းဝင် တောင်ရင်းကျွန်းသည် ရခိုင်တို့ကလေးဘဝကပင် သိကျွမ်းခဲ့ရသော အရပ်ဒေသတစ်ခုဖြစ်သည်။ ယခုပေါက်တောမြို့နယ်တွင် တည်ရှိသည်။ ကုလားတန်မြစ်ဝအနီး အရှေ့ဘက်ကမ်းတွင် မေးတင်ရှိသော(၄၅၂)ပေမြင့်သည့် တပ်တောင်တန်း၊ ယင်းအရှေ့ဘက်သို့ ထိုးထွက်သွားသည့် တန်းတင်တောင်တန်းကြီးတို့ကို ဗဟိုပြု၍တည်ရှိသောအရပ်ဖြစ်သည်။ တောင်ဘက်တွင် ကျွဲကူးမြစ်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် မဟိန်ချောင်းကြီးတို့က ရံပတ်ထားသည်။ ရွာပေါင်း(၃၂)ရွာ ပါဝင်ပတ်သက်သည်။ ပေါက်တောမြို့သည်ပင်လျှင် တောင်ရင်းကျွန်းကြီး၌ပါဝင်နေပါသည် တောင်မြောက်(၁၁)မိုင်၊ အရှေ့အနောက်(၈)မိုင်မျှ ကျယ်ဝန်းသည်။

'တောင်ရင်း'ဆိုသောစကားသည် 'ခါရောက်'ဆိုသည့် မူလ'ဝါရဏ'မှ ဆင်းသက်လာသည်ဟု ဆိုကြသည်။ အကာလ၊မရဏမှ လွတ်ကင်းစေနိုင်သော ဝါရဏပရိတ်တော်ကိုရည်ညွှန်း၍ တည်ထားကိုးကွယ်ခဲ့သော ဆင်းတုတော်တစ်ဆူကို ယနေ့တိုင် ဖူးတွေ့နိုင်ပါသေးသည်။ ထိုဆင်းတုတော်ကြီး၏ဆံစုတော်၌ ဗုဒ္ဓ၏အဝေဏိကဂုဏ်တော်(၁၈)ပါးကို ရည်ညွှန်းသော လက်ျာရစ် ဖောင်းကြွအရစ်(၁၈)ခုပါရှိသည်။ ကြိမ်ခွေမော်ရွာ တောကျောင်းတွင် ယခု ကိန်းဝပ်တော်မူသည်။

အချို့ကလည်း 'တောင်ရင်း'ဆိုသည့်စကားသည် 'တုရင်ဂ'ဆိုသည့် ပါဠိစကားမှ ဆင်းသက်လာပြီး 'မြင်း'ဟု အဓိပ္ပါယ်ရရှိသည်။ 'တူရဂိန်'သည် 'မြင်းစီးသူ၊ မြင်းထိန်း'စသည်ဖြင့် အဓိပ္ပါယ်ရရှိသည်။ ဤအချက်ကိုစစ်ရေးအရ အရေးကြီးခဲ့သော ဤအရပ်သမိုင်းက ထောက်ခံပြန်သည်။ ဘာသာစကားဆင်းသက်မှုတွင်လည်း 'တု'မှ'တောင်'သည် အသံလွယ်၍၊ သက္ကတ'တုံဂ'(တောင်)မှ ရခိုင်တို့က 'တောင်'ဟု မွေးစားခဲ့ကြသည်။ တောင်ရင်းမြောက်တစ်ခိုတွင်လည်း 'အောင့်'ကို 'အုန့်'၊ 'ဒေါင့်'ကို 'ဒုန့်' စသည်ဖြင့် ရွတ်ဆိုနေကြဆဲဖြစ်သည်။ ထို့ကြောင့် 'တူရင်ဂ'မှ 'တောင်ရင်း'ဟု ဖြစ်လာသည်ဟု ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရှိနေပေသည်။

တောင်ရင်းကျွန်းကြီးသည် ကုလားတန်မြစ်ဝ မြေနုလွင်ပြင်၏အစပိုင်းတွင် တည်ရှိပြီး ကုလားတန်လွင်ပြင်၏မြေနုများ အနည်ကျပို့ချလာမှုအတွက် အမာခံရာ အရပ်တစ်ခုလည်းဖြစ်သည်။ မေကံယုံဒဏ္ဍာရီပုံပြင်အရ ဤအရပ်သည် ဓညဝတီနှောင်းပိုင်းတွင်မှ လူနေထိုင်မှု စတင်ခဲ့ဟန်ရှိပေသည်။ ကြိမ်ခွေမော်ကျေးရွာ အရှေ့မြောက်ဘက်တွင်တွေ့ရှိရသော ကျောက်စတူပါ ရပ်ကြွင်းလက်ရာများက ဤအရပ်ဒေသများသည် ဝေသာလီခေတ်ကပင် ဗုဒ္ဓဘာသာကိုးကွယ်မှုများနှင့်အတူ စည်ပင်ခဲ့ပြီးဖြစ်ကြောင်း သက်သေဆိုနေပေသည်။ လေးမြို့ခေတ်(အေဒီ ၈၁၈–၁၄၃၀)တွင် ဒသရာဇာမင်းကြီး(နန်းစံ ၁၁၂၃–၁၁၃၉)သည် တောင်ရင်းကျွန်းမှ နေပြည်တော်ပုရိန်ကိုဖြတ်၍ မဟာမုနိအရောက် မင်းလမ်းမကြီး ဖောက်လုပ်ခဲ့ကြောင်းအဆိုရှိရာ ထိုခေတ်တောင်ရင်းကျွန်း၏ အရေးပါမှုများ ထင်ရှားလှပေသည်။

ရခိုင်သမိုင်းတွင် တောင်ရင်းကျွန်း၏အရေးပါမှုသည် မြောက်ဦးခေတ်(၁၄၃၀–၁၇၈၅)တွင်မှသာ ပိုမိုထင်ရှားခဲ့ကြောင်း မြောက်ဦးခေတ်သမိုင်း အထောက်အထားများကြောင့် ဆိုနိုင်ပါသည်။

တောင်ရင်းကျွန်းတွင် မြောက်ဦးခေတ်သမိုင်း ရပ်ကြွင်းအဖြစ် 'ဂူသုံးဂူ'၊ တပ်မော်ဓာတ်တောင် (တစ်တောင်)စေတီ၊ ပြည်ရွာ၊ တပ်မော်ရွာ၊ ဓားကိုင်ရွာ၊ မင်းပါရွာစသည်ဖြင့် ကျန်ရှိနေပေသည်။ အေဒီ(၁၄၃၀)ပြည့်နှစ်တွက် မြောက်ဦးမြို့တော်ကို တည်ထောင်ရာ၌ မြို့တော်၏လုံခြုံရေး၊ ချမ်းသာလာရေးတို့အတွက် အကာအကွယ်များ၊ လုပ်ငန်းဆောင်တာများ ပြုလုပ်ခဲ့ရာတွင် တောင်ရင်းကျွန်းသည်လည်း ပါဝင်ပတ်သက်ခဲ့ပေသည်။ ပထဝီအနေအထားအရ တောင်ရင်းကျွန်းသည် ကုလားတန်မြစ်ဝ မြေနုကျွန်းပေါ်လုံခြုံရေးအတွက် များစွာအရေးပါခဲ့သည်။ ထို့ကြောင့် တပ်မြို့တစ်မြို့ကိုလည်း ချထားခဲ့ရာ ထိုအရပ်ကို ယခုတိုင် 'တပ်မော်ရွာ' ဟု ခေါ်တွင်ဆဲဖြစ်ပါသည်။ ဤတပ်သည် ဦးရာဇ်တောင်တပ်ပြီးလျှင် ဒုတိယအရေးကြီးဆုံးဖြစ်ခဲ့သည်။ စစ်သူကြီးမျိုးရိုးမှဆင်းသက်သော မင်းရာဇာ(နန်းစံ–

၁၅၀၁–၁၅၁၃)၏သားတော် မင်းဘာကြီးသည် အိမ်နိမ့်ဘ၀ စစ်သူကြီးရာထူးဖြင့် တောင်ရင်းကျွန်းတပ်မြို့တွင် နေထိုင်ခဲ့ပေသည်။ ၁၅၁၃–ခု၊ နောင်တော် သဇာတာ မင်းအား ပုရိန်ရှိတပ်တို့က ပုန်ကန်ရာတွင် နောင်တော်ဦးရာဇ်တောင်စားနှင့်အတူ မင်းပါကြီးသည် သွားရောက်နှိမ်နင်းခဲ့ရသေးသည်။ မင်းပါနေခဲ့သောအရပ်ကို ယခု တိုင် 'မင်းပါရွာ'ဟု ခေါ်တွင်ခဲ့သည်။ မင်းပါ၏ထင်ရှားမှုကြောင့် တောင်ရင်း ကျွန်းကိုပင် 'မင်းပါကျွန်း'ဟု အချို့ရာဇဝင်တို့က သုံးနှုန်းထားသေးသည်။ 'ရ ခိုင် မဟာရာဇဝင်တော်ကြီး၌' တိုင်းတစ်ပါးမှ ဆိုက်ရောက်လာသော လှေသင်္ဘော တို့ကို စောင့်ရှောက်ထိန်းသိမ်းစေရန် တပ်တော်ချ၍လျက် သားတော်မင်းပါကို လည်းကောင်း တပ်တော်၌ ရှေးဦးစွာထိန်းသိမ်းရန် ထားလေသောကြောင့် ယခု ထက်တိုင် 'တပ်မော်မင်းပါ'ကျွန်းဟု ခေါ်ဝေါ်လျက်ရှိလေသည်ဟု ပါဝင်လေသည်။ ထို့ကြောင့် 'အဘာကြီးဝါဝါ' ယိုင်းသားခြင်းသည် ထိုခေတ်အခါကပင် ပေါ်ပေါက်ခဲ့ ကြောင်း ဆိုနိုင်ပေသည်။ မင်းပါကြီးတွင် သားတော်၊သမီးတော် များစွာရှိသည်။ သန္တာမှာ သမီးတော်တစ်ပါးပင်ဖြစ်သည်။

မင်းသမီးသန္တာသည် နောင်အခါ စောသန္တာအဖြစ် ထင်ရှားလာခဲ့သည်။ စစ်ရေးကျွမ်းကျင်သည့် မင်သမီးတစ်ပါးဖြစ်ပြီး ခမည်းတော်မင်းဘာကြီးနန်းစံစဉ် အတွင်း (၁၅၄၆)ခုနှစ်တွင် မြို့တော်ကို တောင်ငူတပ်တို့ ဝန်းရံစဉ်အခါက 'ငွေနု ဖြူ'အမည်ဖြင့် မာယာဗျူဟာ၊ပရိယာယ်ဗျူဟာတို့ကို အသုံးပြုကာ ပါဝင်ဆင်နွှဲခဲ့ သည်။ စောသန္တာသည် အကိုတော်မင်းတိက္ခာ၏ဇနီးအဖြစ် နောင်တွင် ထင်ရှားလာ ခဲ့သည်။ နောင်တော် မင်းတိက္ခာ (နောင်တွင် ကိုးသောင်းပုထိုး ကုသိုလ်တော်ရှင်) သည်လည်း စစ်ရေးအရကျွမ်းကျင်သည့် မင်းသားကြီးဖြစ်ပြီး ခမည်းတော်တာဝန် ကျရာ တောင်ရင်းကျွန်းတခိုသည်ပင် စစ်ရေးလေ့ကျင့်ရာအရပ် ဖြစ်ခဲ့ဟန်တူပေ သည်။

စင်စစ်လျှင် စစ်ရေးအရအရေးကြီးသည့် တောင်ရင်းကျွန်းတွင် စစ်ရေးနှင့် ပတ်သက်သည့်ဒေဝတာကို ရှေးအခါက စီမံထားရှိခဲ့သည်။ ထိုနတ်မှာ 'တန်းတင် ရှင်မနတ်'ဟု ယခု ထင်ရှားသည်။ ဤတန်းတင်ရှင်မရှိရာအရပ်တွင် မင်းပါရွာ ဟောင်းရှိခဲ့သည်။ ထိုအရပ်တောင်တစ်ခုမှရရှိသော ကျောက်ဆင်းတုတော်မှာ ဉာဏ်တော်(၆၅)လက်မမြင့်ပြီး ယခုမင်းပါရွာ(သစ်)တွင် ကိန်းဝပ်သည့် တန်းတင် ရှင်မသည် ရခိုင်တို့၏ စစ်နတ်ဒေဝီတစ်ပါးပင်ဖြစ်သည်။ ရိုးချောင်းအဖျား၌ 'စစ် တန်းတင်'ဟူ၍ရှိသည်။ စစ်ရေးလေ့ကျင့်ရာ ဒေသဖြစ်သည်။ တန်းတင်နတ်သည် ကျားရေဝတ်ပြီး နွားပေါင်ကိုသာစားသုံးကြောင်း ရခိုင်နတ်သာခြင်းတို့က ဆိုသည်။ မြောက်ဦးအနီးတွင်လည်း 'တန်းတင်ရွာ'ဟု ရှိသေးသည်။ အမ်းချောင်းဝတွင်

လည်း တစ်ဘက်ရန်ကို ကာကွယ်ဟန့်တားမည့် အနေအထားအတွက် ကာကွယ်ရေးတပ် ထားခဲ့သောအရပ်ကို တန်းတင်ရွာဟု ခေါ်တွင်လျက်ရှိသေးသည်။

တေဇရာမကျောက်စာအရ တောင်ရင်းအရပ်သည် စစ်ရေးအရ 'ခွင်'တစ်ခု သတ်မှတ်ခံရသည်။ ယခုခေတ်အခေါ် ဗျူဟာဒေသဖြစ်သည်။ ထိုကျောက်စာအရ တောင်ရင်းတပ်သည် ဟင်းခရော်အထိအပိုင်ရှိခဲ့ရာ ပြားကျွန်း၊ ဂင်းကျွန်း၊ ပြည်စိုးကြီးကျွန်းတို့သည်တွင် ဤတပ်အပိုင်တွင် ပါရှိနိုင်ခဲ့ပေသည်။ စစ်ရေးအရ အရေးကြီးသည့် တောင်ရင်းကျွန်းတွင် အုပ်ချုပ်ရသူ မင်းဘာကြီး(ထိုစဉ်အမည်မှာ ဖစောသီရိ)သည် နောင်တော် မင်းခေါင်ရာဇာ(နန်းစံ ၁၅၂၁–၁၅၃၁)လက်ထက်တွင် အချို့သောမှုးမတ်တို့၏ မနှစ်မြို့ခြင်းကို ခံရလေသည်။ ထို့ကြောင့် မနာလိုသူတို့က အကြောင်းဖန်တီးကြသဖြင့် နေပြည်တော်နှင့်အလှမ်းဝေးကွာသော သံတွဲနယ်သို့ သွားရောက်ရလေသည်။ သို့ရာတွင် မင်းဘာကြီးသည် ရောက်လေရာအရပ်၌ လူချစ်လူခင် ပေါမြဲပေါလာခဲ့သည်။ နောက်ဆုံး သံတွဲမှပင်ချီတက်လာကာ မြောက်ဦးထီးနန်းကို ရယူခဲ့လေသည်။ ချီတက်လာစဉ်က ကျွန်းလှေသုံးဆယ်သာပါခဲ့သည်။ သို့ရာတွင် တောင်ရင်းကျွန်းခံတပ်သည် မင်းဘာအလိုသို့ ပါခဲ့သည်။ ထို့ကြောင့် မင်းဘာကြီးသည် ရခိုင်ထီးနန်းကိုရယူရန် များစွာမခက်ခဲခြင်းဖြစ်သည်။ ပထဝီအရကြည့်လျှင် ရခိုင်တောင်ပိုင်းမှလာသော လောင်းလှေ၊ သင်္ဘောတို့သည် မြောက်ဦးမြို့တော်သို့ တောင်ရင်းကျွန်းအနီး ယခု ဆင်ခုံတိုင်မြစ်မှတစ်ဆင့်ဖြတ်၍ သွားရစမြဲဖြစ်သည်။ ဆင်ခုံတိုင်မြစ်၏ မြောက်ဘက်အဆုံးမြစ်ဝတွင် ဟင်းခရော်ရွာရှိသည်။ ဤအရပ်ကို တောင်ရင်းခွင်ကပင် ပိုင်လေသည်။ ထို့ကြောင့် တောင်ရင်းခွင်၏အလိုမရပဲ မင်းဘာသည် မြောက်ဦးမြို့သို့ ချီတက်၍မရနိုင်ပေ။

မင်းဘာကြီးနန်းရသည်နှင့် ပထမဆုံးပြုလုပ်သောအရာမှာ နယ်မြေစည်းရုံးခိုင်မာရေး၊ ပြုလုပ်သည့်အနေဖြင့် မြို့တော်၏ပြင်ပရှိ အရေးကြီးသောအရပ်ဌာနကိုးခုတို့၌ ဂူကိုးလုံးတည်ထားခဲ့လေသည်။ ထိုဂူကိုးလုံးကို တောင်ရင်းကျွန်းတခိုတွင် ယခုတိုင် တွေ့မြင်နိုင်ပေသည်။ ထိုဂူတို့မှာ တောင်ညိုဂူ၊ ကြိမ်ချွေမော်ဂူနှင့် နတ်တောင်ကြိုင်ဂူတို့ဖြစ်ကြပြီး ဖိုခနောင့်ဆိုင်တည်ရှိကြသည်။ မင်းဘာကြီးသည် ဤဂူသုံးလုံးကို တစ်နယ်တည်းတွင်တည်ထားခြင်းက ဤအရပ်သည် အရေးကြီးမှု အတိုင်းအတာကို ပေါ်လွင်စေသည်။ တိုင်းပြည်လုံခြုံရေးအတွက် မင်းဘာကြီး၏စီမံမှုကြောင့် တောင်ရင်းကျွန်း တပ်မော်ရွာရှိ တပ်တောင်(ဓာတ်တောင်)သည် အရေးကြီးသည့် အချက်ပြစခန်းတစ်ခု ဖြစ်လာခဲ့သည်။ တောင်ရင်းကျွန်းမြောက်ဘက် ဘောဒါချောင်း၊ မဟိန်ချောင်းတို့သည် ရေတပ်စခန်းကောင်းဖြစ်လာခဲ့သည်။ စင်စစ် ရခိုင်ပြည်ထဲတွင် ထိုစဉ်က ဦးရာဇ်တောင်ရေတပ်သည် အင်အားအကြီးဆုံး

ဖြစ်သည်။ သို့သော်လည်း စစ်ရေယာဉ်များ ချထားခဲ့ရာအရပ်မှာ ဘောဒါချောင်း၊ မဟိန်ချောင်းတို့သာဖြစ်ခဲ့သည်။ ၁၇-ရာစုတွင် မြောက်ဦးမြို့တော်သို့ရောက်ရှိခဲ့သော ပေါ်တူဂီဘုန်းကြီးမန်နရာဇ်သည် ဦးရာဇ်တောင်တွင် ရပ်နားခဲ့စဉ်က ဦးရာဇ်တောင်စား ရေတပ်ဗိုလ်ချုပ်သည် ဦးရာဇ်တောင်မြို့မှ သုံးမိုင်အကွာတွင်ရေတပ်နှင့် အတူရောက်ရှိနေကြောင်းနှင့် ထိုအရပ်သို့ သွားရောက်တွေ့ဆုံခဲ့ကြောင်း ဆိုထားသည်။ ဤအဆိုအရ တစ်ခုတည်းသော ဖြစ်နိုင်သည့်အရပ်မှာလည်း ဤအရပ်ဝန်းကျင်သာဖြစ်သည်။ ယခု ဆားပြင်ရွာအနီးတွင် ဇမ္ဗူကုန်းဟူ၍ ကုန်းတစ်ကုန်းရှိပြီး ထိုကုန်း၏အရေးပါမှုမှာ ယခုအခါ ပြောမကုန်အောင်ရှိနေဆဲ ဖြစ်သည်။ တဖန် တောင်ရင်းကျွန်းမြောက်ဘက်တစ်ခု၌ အရေးကြီးသည့်နတ်မှာ မဟိန်ချောင်းတွင်ရှိသည့် လက်ပံပြားရှင်မပင်ဖြစ်သည်။ ရှေးရခိုင်တွင် အရေးကြီးသည့်အရပ်၌ တန်ခိုးကြီးသည့်နတ်တို့ကို ကိုးကွယ်ခဲ့သည့်ဓလေ့ရှိခဲ့သည်။ ဤအချက်ကလည်း စစ်ရေယာဉ်စခန်းကောင်းဖြစ်ခဲ့ကြောင်းများ သက်သေတစ်ခုပင်ဖြစ်သည်။ မင်းဘာကြီး၏မြေးတော် မင်းရာဇာကြီး (နန်းစံ ၁၅၉၃-၁၆၁၂)လက်ထက် ဟံသာဝတီကို စစ်အောင်ခဲ့၍အပြန်တွင် မွန်စစ်သည်များကို ယူဆောင်ခဲ့သည်။ ၎င်းတို့ကား ရခိုင်အနှံ့ချထားခဲ့ရာ တောင်ရင်းကျွန်းဒေသတစ်ခုသည်လည်း အပါအဝင်ဖြစ်ခဲ့သည်။ ၎င်းအရပ်ကို ယခုတိုင် 'တလိုင်းချောင်း'ဟု ခေါ်သေးသည်။

မြောက်ဦးခေတ်လယ်တွင် မြောက်ဦးမြို့တခွင်(ထိုစဉ်က ဓညဝတီနယ်ဟုခေါ်သည်)ကို စစ်ရေး၊ စီးပွားရေးအရ စီမံခန့်ခွဲရာတွင် တစ်နယ်လုံးကို (၄၄)ပိုင်းပိုင်းခဲ့သည်။ တစ်ပိုင်းစီကို တစ်ကျွန်းဟုခေါ်သည်။ တစ်ကျွန်းစီမှ အရန်စစ်အင်အား တစ်ထောင်စီရရှိအောင် စီမံထားခဲ့သည်။ တောင်ဘက်တွင် မြေပုံ၊ အနောက်ဘက်တွင် မယူမြစ်ဝ၊ မြောက်ဘက်တွင် ပီချောင်း၊ အရှေ့ဘက်တွင် တောင်ငူနေရဥ္စာမြို့ဟောင်း(ယခု ပန်းမြောင်း)အထိ ကျယ်ပြန့်ခဲ့သည်။ ထိုသို့(၄၄)ကျွန်းချခဲ့ရာ၌ ယခု ပေါက်တောနယ်တွင် (၁၁)ကျွန်းပါဝင်ခဲ့ရာ တောင်ရင်းကျွန်းသည် အရေးကြီးဆုံးဖြစ်သည်။ တောင်ရင်းကျွန်းကို သုံးဘက်၌(အနောက်ဘက်မှာ ကုလားတန်မြစ်ပင်လယ်ရှိသည်) ကျန်ကျွန်း(၁၀)ကျွန်းက ဝိုင်းထားသည်။

ထိုသို့စီမံရာတွင် ကျွန်းတစ်ကျွန်းစီ၌ လူဝင်၊ လူထွက်၊ ဖွားသေစာရင်းကို ရပ်အခြေအနေ၊ ရွာအခြေအနေတို့ကိုစောင့်ကြပ်ရန် နတ်ကောင်းတစ်ဦးနှင့် နတ်တစ်ပါး၊ သာသနာရေးအတွက် နည်းပေးလမ်းညွှန်ပြုရန် သံဃဝန်ဆောင်ကျောင်းတစ်ကျောင်း(သို့မဟုတ်) စေတီတစ်ဆူ၊ စီမံကွပ်ကဲရန်ကျွန်းအုတ်(ကျွန်းစား)တို့ကို အသီးသီးချမှတ်ပေးရသည်။ တစ်ကျွန်းစီတွင် အနည်းဆုံးအိမ်ထောင်ပေါင်း (၁၀၀၀)ကျော် ပါဝင်ရလေသည်။ တောင်ရင်းကျွန်းတွင်လည်း ဤသို့သော အစီအမံ

များရှိခဲ့ကြောင်း အထောက်အထားများကို တွေ့ရပေသည်။ တန်းတင်နတ်ကြီး၊ ကြိမ်ချွေမော်အနီးရှိ ဓာရဏာမုနိ၊ မြို့တောင်အရပ်တို့သည် သမိုင်းရုပ်ကြွင်းများဖြစ်ကြသည်။

ဘုရားပုထိုးများအား ပူဇော်ကိုးကွယ်မှုနှင့်ပတ်သက်၍ မြောက်ဦးခေတ်၏ ထူးခြားမှုတစ်ခုရှိပါသည်။ တိုင်းပြည်အန္တရာယ် ကာကွယ်ရေး၊တိုးတက်ရေးတို့အတွက် အချို့သောဘုရားပုထိုးတို့အား အမြဲမပြတ် ပူဇော်ပသစေရန်ရည်ရွယ်၍ တည်ထားခဲ့ကြပါသည်။ ကပ်သုံးပါးမှကင်းဝေးစေနိုင်သော ရတနာသုတ်ကိုရည်ညွှန်း၍ 'ရတနာပုညစေတီ'ကို တည်ထားခဲ့ကြသည်။ ထိုစေတီရှိခဲ့ရာအရပ်ကို ယခုတိုင် 'ရတနာပုံရွာ'ဟု ကျောက်တော်နယ်တွင်ရှိသေးသည်။ ရန်သူဘေးမှ လွတ်ကင်းစေသည့် မောရသုတ်ကိုရည်ညွှန်း၍ မောရစေတီ(ယခုလည်း ရှုးတော်စေတီ)ကို မယူကမ်း၊ လောင်းချောင်းတွင် တည်ထားခဲ့ကြသည်။ မိုးလေကောင်းမွန်စေသည့် ငရုံ့မင်းပရိတ်ကိုရည်ညွှန်း၍ ငရုံ့မင်းစေတီကို မင်းပြားမြို့နယ် ကျောက်ခုတ်စတွင် တည်ထားခဲ့ကြသည်။ အကာလမရဏာမှလွတ်ကင်းအောင် ဓာရဏာဘုရားကို တည်ခဲ့သည်။ တန်ခိုးကျော်ဇောကြီးမားလာအောင် ပဋ္ဌာန်းစေတီကို မြောက်ဦးမြို့တော်အရှေ့ဘက် မကျားတောင်တန်းတွင် တည်ထားခဲ့ကြသည်။ ဤစေတီတော်တို့မှာ မြို့တော်ကို အဝေးအနီးမှရံ၍ တည်ထားခြင်းဖြစ်သည်။

ဂါရဏာမုနိတည်ရှိရာ တောင်ရင်းကျွန်းရှိ မြို့တော်အရပ်မှာ တပ်တော်တင်တောင်၏ အရှေ့မြောက်တွင် တည်ရှိသည်။ မြောက်အရပ်သို့ မျက်နှာမူထားသည့် မြို့ဟောင်းတစ်မြို့ဖြစ်သည်။ မြောက်ဘက်ရှိ ဘောဒါချောင်းမှာ ဆိပ်ခံဖြစ်ပြီး ယင်းအရပ်၌ မောလိပ်ရွာရှိခဲ့သည်။ မိန်းမတို့တာဝန်ကိုယူရသော မောစလိပ်ခေါ် မောလိပ်အစုအသင်းတို့ နေထိုင်ရာဖြစ်သည်။ အရှေ့ဘက်တွင် ဓားကိုင်ရွာရှိသည်။ မြို့ပြအုပ်ချုပ်ရေး၌ ရာဇဝတ်သားတို့ကို ဖမ်းဆီးအရေးယူရသူများ နေထိုင်ခဲ့ရာ အရပ်ဖြစ်သည်။ မြို့တောင်အရပ်၏အနောက်ဘက်သည် တပ်မော်တောင်တန်းဖြစ်ပြီး တောင်မြောက်တန်းနေသည့် မြို့ရိုးတမျှတည်ရှိသည်။ ဤတောင်ကိုကျော်သောတောင်ခြေ၌ ပြည်ရွာဟောင်းရှိသည်။ မြို့ပြပြည်ရွာဖြင့် စည်ကားခဲ့သည့်အရပ်ဖြစ်ကြောင်း သက်သေထူသည့် သမိုင်းရုပ်ကြွင်းတစ်ခုဖြစ်သည်။ မြောက်ဦးခေတ်လယ်တွင် ရွှေရောင်လွှမ်းမိုးသောကာလများကို အသက်သွင်းခဲ့သူမင်း၊ အမတ်နှင့် ပညာရှင်တို့အနက် ပညာရှင်ဖြစ်သည့် ဦးမြဝါ၏ အရပ်ဌာနီသည် ပြည်ရွာပင်ဖြစ်သည်။ ပြည်ရွာ၏အမည်သည် ပါဠိသက္ကတအမည် ပူရ၊ပူရမ်တို့နှင့် တူသည်။ ဝေသာလီခေတ်ရခိုင်ပြည်တွင် 'ပူရမ်ပူရ'ဟူ၍ အရပ်တစ်ခု ရှိခဲ့သည်။ ထိုအရပ်မှ နယ်စားမဟာဝီရသည် ဝေသာလီထီးနန်းကို ၁၂–နှစ်စိုးစံခဲ့ကြောင်း၊ ကျောက်စာ

အထောက်အထားအရ သိရသည်။ ဝေသာလီထီးနန်းကို ရယူနိုင်အောင် အင်အားရှိပြီး မြို့တော်နှင့်အနီးကပ်တည်ရှိနိုင်သည့်အရပ်မှာ ဤအရပ်၊ဤဒေသမျိုးသာ ဖြစ်နိုင်သည်။ မင်းဘာကြီး၏နန်းရပ်ရုံရနည်းသည် ဤအချက်ကို အားပေးထောက်ခံသမျှပြုနေသည်။ ဝေသာလီခေတ်၌ တောင်ရင်းကျွန်းကြီးသည် စည်ပင်ဝပြောခဲ့သည်မှာ ယုံမှားသံသယမရှိချေ။ ကျောက်စတူပါများက သက်သေခံနေကြ၍ဖြစ်သည်။ ဝေသာလီခေတ်ထက် ရှေးကျသောကာလတွင်လည်း ဤအရပ်သည် စည်ပင်ဝပြောခဲ့ဟန်တူပေသည်။ မေကံယုံသချိုင်းဒဏ္ဍာရီသမိုင်း၌ ဓညဝတီပြည်ရှင်တစ်ဦး၏ သမီးတော်တစ်ပါးဖြစ်သူ မနော်ဟာရီ (နောင်တွင် ကံကိုယုံကြည်သဖြင့် မေကံယုံဟုတွင်လာသူ ကံကိုယုံကြည်သူ)က ပြုစုပျိုးထောင်သဖြင့် ဤအရပ်သည် ကျောက်မျက်ရတနာတို့ဖြင့် ပြည်လျှံခဲ့ကြောင်း ဆိုထားသည်။ မနော်ဟာရီ၏ကြင်ယာကို 'ဒန္ဒြမန္ဒီ'ဟုဖော်ပြထားရာ ဝေသာလီမင်းတစ်ပါးဖြစ်သော စန္ဒြဗန္ဓုနှင့် အမည်ချင်းထပ်တူနေပေသည်။ မေကံယုံ၏အရပ်မှာ မြို့တောင်အရပ်ပင်ဖြစ်ကြောင်း ဆိုကြသည်။ တဖန်ဓညဝတီခေတ်ကုန်ချိန်လောက်တွင် ရခိုင်ကမ်းခြေ၌ 'စင်ဖြူ'ဆိုသည့် ဆိပ်ကမ်းမြို့တစ်မြို့ရှိခဲ့ကြောင်း ခေတ်ပြိုင်မှတ်တမ်းတို့က ဆိုထားသည်။ ဤ'စင်ဖြူ'သည် ယခုခေတ် ဆားပြင်နှင့် အသံနီးစပ်သဖြင့် ဆားပြင်အရပ်သည်ပင် စင်ဖြူဖြစ်သည်ဟု သုတေသီတို့က ကောက်ချက်ချထားကြသည်။ သုတေတီပင်မလာက စင်ဖြူမြို့ဖြစ်နိုင်ရာ ဆားပြင်အရပ်ကို မယူမြစ်ဝရှိ ဆားပြင်ကြီးအရပ်ဟု တင်ပြထားသည်။ တောင်ရင်းကျွန်းမြောက်ဘက် အနီးတွင်လည်း ဆားပြင်ရွာဆားပြင်ကွင်းဟူ၍ရှိရာ ဤအရပ်သည်လည်း စစ်ဖြူဖြစ်နိုင်ဖွယ်ရှိသည်။ တိုးတက်စည်ပင်ခဲ့ကြောင်း ဒဏ္ဍာရီအထောက်အထားတွင် မယူမြစ်ဝရှိ ဆားပြင်ကြီးအရပ်သည် တောင်ရင်းကျွန်းရှိ ဆားပြင်အရပ်လောက် အင်အားမရှိချေ။ ဆားပြင်ရွာအနီးရှိ 'ဇမ္ဗူရွာ'ကုန်းသည် 'စင်ဖြူ'အသံနှင့် များစွာတူညီနေပေသည်။ ဘာသာစကားဗစ်မြစ်ကို ခြေရာကောက်၍ သမိုင်းရပ်ကွင်းတို့နှင့် ဆက်စပ်လေ့လာနိုင်လျှင် များစွာအကျိုးရှိလာနိုင်ပေမည်။

ဆားပြင်ရွာတွင် 'ဂူတာအရပ်'ဟူ၍ရှိသည်။ မြောက်ဦးခေတ်တွင် 'လက်ျာမြန်ဂူတာ'ဟု ထင်ရှားသည့်အမတ်ကြီးတစ်ဦးရှိခဲ့သည်။ အမတ်ကြီးဂူတာသည် ပြည်တွင်းပုန်ကန်မှုတို့ကို ဘုရင့်ကိုယ်စား စေ့စပ်ဆွေးနွေးရန် တာဝန်ယူရသည့် လက်ျာမြန်အမတ်ကြီးဖြစ်သည်။ ဂူတာရပ်တစ်ရပ်သည် တပ်စွဲခဲ့ရာအရပ်တစ်ခုဟု ဆိုနိုင်သည်။ ဆားပြင်ရွာ၏အရှေ့ဘက်တွင် စပါးထားချောင်းဟူ၍ ရှိသည်။ မြောက်ဦးခေတ်တွင် နိုင်ငံရပ်ခြားအတွက် ဆန်စပါးကိုမတင်ပို့မီ ယာယီသိုလှောင်ထားခဲ့ရာအရပ်သို့ကို 'စပါးထားအရပ်'ဟု ယနေ့တိုင် အမည်တွင်လျက်ရှိသည်။

ထိုခေတ်က ဆန်စပါးရောင်းဝယ်ရေးမှာ ဘုရင်ပိုင်လုပ်ငန်းဖြစ်ရာ ဆာပြင်ရွာရှိ စပါးထားအရပ်သည် မြောက်ဦးခေတ်စီးပွားရေးအတွက် အရေးပါခဲ့ကြောင်း ထင်ရှားလှပါသည်။ စပါးထားကဲ့သို့ အရေးကြီးခဲ့သည့် အရပ်တစ်ခုမှာ ယင်းအနီးရှိ 'သာစည်'အရပ်ဖြစ်သည်။ 'သာစည်'ဆိုသည်မှာ 'ပါဠိ' 'သဇ္ဇန'မှ ဆင်းသက်လာပြီး အရပ်လုံခြုံရေးအတွက် ခေတ်အခေါ်'ကင်းစခန်း'၊ (ယခင် ကင်းဆိုသည်မှာ အကောက်ခွန်ကိုသာ ခေါ်သည်)ဟု အဓိပ္ပါယ်ရရှိသည်။ မြောက်ဦးခေတ်တွင် လုံခြုံရေးစခန်းကို မြို့စားများရှိသည့်အရပ်တွင် ထားရှိခဲ့သည်။ ဥပမာ ဦးရာဇ်တောင်စား (ယခု–ပုဏ္ဏားကျွန်းအရပ်ကို စားသူ)အတွက် ယင်းအရပ်မြောက်ဘက်အနီးတွင် သာစည်(ယခုသာစည်ရွာ)တစ်ခု၊ မုစည်စားအတွက် သာစည်ထောင့်ဟူသော အရပ်ဖြစ်ကြသည်။ သာစည်အရပ်တို့သည် များသောအားဖြင့် လုံခြုံရေးအရ အချက်အချာကျသည့်နေရာတွင်သာ ထားရှိတတ်သည်။ ဆားပြင်ရှိ သာစည်အရပ်သည် ဆက်သွယ်ရေးအရ အရေးကြီးလှသော မဟိန်ချောင်းတွင် တည်ရှိသည်။ သာစည်ကွင်း အရှေ့ဘက်တွင် 'လုပ်တိုင်းချောင်း'ဟူ၍ရှိသည်။ လုပ်တိုင်းသည် ရှေးပေါရဏစကားတွင် 'သချိုင်း'ဟုအဓိပ္ပါယ်ရရှိသဖြင့် ဤစကားရပ်က ဤအရပ်၏ရှေ့ခေတ်အခြေအနေကို တစေ့တစောင်း ဖွင့်လှစ်ပြနေပါသည်။ သက္ကရာဇ်(၁၀၇၁)ခုထိုး တေဇာရာမကျောက်စာတွင် တောင်ရင်းတစ်ခွင်၌ လုတ္တိချောင်းအနီး အလှူမှတ်တမ်းတစ်ခုကို ဖော်ပြထားသည်။ လုတ္တိချောင်းအရပ်သည် လုတိုင်းချောင်းအရပ်ပင် ဖြစ်ဖွယ်ရှိသည်။ သာစည်ကွင်း၏အနောက်ဘက်ချောင်းတစ်ဘက်တွင် လိပ်ကျောက်စွယ်တန်း၊ လိပ်ကျောက်စွယ်နတ်ဟူ၍ရှိသည်။ အနီးတစ်ဝိုက်တွင် သာစည်နတ်ကဲ့သို့ တန်ခိုးကြီးသည်။ ရှေးအခါက အကောက်စခန်းဖြစ်တန်ရာသည်။ မန်နရိတ်မှတ်တမ်း၌ အကောက်စခန်းကို 'ကျောက်ကီဒါရာ'ဟု ခေါ်ရှိကြောင်း ပါရှိသည်။ ကျောက်ကီဒါရာမှ ကျောက်ဆည်(စွယ်စုံ)သို့ ဆင်းသက်တန်ရာသည်။

ရှေးအခါက နတ်ကိုးကွယ်မှုဓလေ့တွင်လည်း ကျွန်းတစ်ကျွန်းစီတွင် ပင်မနတ်ကြီးတစ်ဦး ထားရှိသည်။ တောင်ရင်းကျွန်းရှိ ပင်မနတ်ကြီးမှာ တန်းတင်ရှင်မ ဖြစ်သည်။ ရှေးယခင်က လူတိုးလူလျော့ အခြေအနေကို နတ်ကတော်များမှတဆင့် နတ်ထံ ပသတင်ပြကြရသည်။ ရပ်ရေးရွာရေး မကျေနပ်စရာများကိုလည်း နတ်ပွဲများတွင် ပွင့်ပွင့်လင်းလင်း တင်ပြခွင့်ရှိခဲ့သည်။ ကျွန်းပိုင်နတ်ကတော်တို့သည် မြောက်ဦးတွင် တစ်နှစ်တစ်ခါ နတ်ညီလာခံတက်ရောက်ရပြီး ရပ်ရွာအခြေအနေတို့ကို ဘုရင့်နားတော်သို့ ဖောက်ကြရသည်။ နတ်ရေးနတ်ရာကိစ္စကို ကိုင်တွယ်ရသောဝန်ကြီးကို 'နတ်စကြာဝတီ'ဟုခေါ်ခဲ့သည်။ နတ်ကတော်(နတ်

ကောင်းဟု ရခိုင်ကခေါ်သည်)တို့၏ စားသောက်နေထိုင်မှုအဖြစ် နတ်လယ်ဟူ၍ အခွန်လွတ်မြေများ ပိုင်းခြားပေးရသည်။ ဤနတ်လယ်မျိုးကို တောင်ရင်းကျွန်းတွင်လည်း တွေ့ရပေသည်။ ဆားပြင်အရပ်ရှိ နတ်လယ်သည် ဝါး-၁၂၀၀ (လယ်-၁၀-ဧကခန့်)ရှိသေးသည်။ နတ်လယ်ကိုလုပ်ကိုင်သူသည် ထွက်ရှိသီးနှံအပေါ် အချိုးကျ အခွန်ပေးဆောင်ရသည်။

တောင်ရင်းကျွန်းတခို၏ အတိတ်ယဉ်ကျေးမှု အကြောင်းအရာတချို့ကို လက်လှမ်းမီ တင်ပြခြင်းသာဖြစ်ပါသည်။ ပိုက်စိတ်တိုက် ကွင်းဆင်းလေ့လာပြီး မြေပေါ်သမိုင်းရုပ်ကြွင်းများ၊ ပေထက်မဝင် စာမတင်ရသေးဘဲ ပါးစပ်ပြောအဖြစ် ကျန်ရှိနေသေးသည်များကို ဆက်စပ်သိကုံးဖော်ထုတ်ကာ ဤထက်ပို၍ ရခိုင်သုတ တိုးပွားလာစရာရှိပါသည်။

## အောင်လှသိန်း

**၁၉၉၁-ခုနှစ်၊ဒီဇင်ဘာလ**

**ကိုးကားချက်**

၁။ စန္ဒမာလာ လင်္ကာရ(ဦး)- ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယတွဲ)-၁၂၉၃-ခု

၂။ သာထွန်းအောင်(ဦး)- ရခိုင်မဟာရာဇဝင်တော်ကြီး-(၁၂၈၈)ခု

၃။ ဦးကျော်ဇော- အသက်(၅၀)ဆေးဆရာ သဝင်ချောင်းရွာ၊ ပေါက်တောမြို့နယ်၏လေ့လာမှုမှတ်တမ်း ၎င်းက မေကံယုံသမိုင်းပေစာကို လွန်ခဲ့သော(၃၅)နှစ်ခန့်က ကိုရင်ဘဝဖြင့် စာချောင်းဘုန်းကြီးကျောင်း၌ ကိုယ်တိုင်ဖတ်ရှုခဲ့ရပြီး ပုံနှိပ်ထုတ်ဝေခဲ့သော 'မေကံယုံသမိုင်းသစ်'နှင့် အချို့အချက်များ ကွာခြားကြောင်း ဆိုထားပါသည်။ (၇-၁၂-၉၁)နေ့တွေ့ဆုံမှုမှတ်တမ်း။

၄။ ကိုယ်တိုင်ကွင်းဆင်း လေ့လာမှုမှတ်တမ်းများ။

၅။ ကြိမ်ချွေမော်၊ ဒါးထိုင်၊ ဆားပြင်၊ မင်းဘာ၊ သဝင်ချောင်းရွာများ။

၆။ သုတေသီဦးဦးသာထွန်း၏ လေ့လာမှုမှတ်တမ်းများ။